

ပုဂံစာအုပ်

# ရေမင်းတက်တောင်

[တတိယတွဲ]

ဆင်ဖြူကျွန်းအောင်သိန်း

ပုဂံစာအုပ် အမှတ် ၂၇၇

# နေမင်းတစ်တောင်

(တတိယတွဲ)

ဆင်ဖြူကျွန်းအောင်သိန်း

# နေမင်းတစ်ထောင် (တတိယတွဲ)


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၃၃၂၀၅၀၃ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၃၈၄၀၅၀၄ |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် (ဇွန်၊ ၂၀၀၅) |
| အုပ်ရေ | - | ၁၀၀၀ |
| မျက်နှာဖုံးပန်းချီ | - | မောင်မောင်သိုက် |

ဒေါ်နီနီခိုင် (၀၇၁၃၅)၊ သီရိမေ ရောင်စုံပုံနှိပ်တိုက်၊ အမှတ် ၁၉၊ လမ်း ၉၀၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့တွင် ရိုက်နှိပ်ပြီး ဒေါ်ခိုင်ခိုင်ဦး (ယာယီ ၈၇၉)၊ ပုဂံစာအုပ်တိုက်၊ အမှတ် ၈၀၉ (A)၊ ဇေယျာသုခလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ (ဖုန်း - ၇၂၁၁၂၄) မှ ထုတ်ဝေဖြန့်ချိသည်။

တန်ဖိုး

၁၀၀၀ ကျပ်

# နေမင်းတစ်ကောင်

ဆင်ဖြူကျွန်းအောင်သိန်း

(တတိယတွဲ)

# ၅

"ဟဲ့သား၊ ဟဲ့ လူလေး။ ညီလေးကို ဒီလို မလုပ်ပါလင့်"

မယ်မင်းဘော်သည် စိုးရိမ်တကြီး လှမ်းအော်၏။

သူ့မြင်ကွင်းထဲဝယ် သားကြီးငလှိုင်းက သားငယ်ငသိုင်းကို လက်လှန်ချိုးလျက် ဖမ်းချုပ်ထားသောကြောင့်ဖြစ်သည်။

မိခင်ဖြစ်သူ စိုးရိမ်တကြီးဖြစ်နေသည့်ဘက်သို့ လိပ်ကျောကြောင်ကော် မျက်နှာဖြင့် ငသိုင်း လှမ်းကြည့်သည်။ ထိုစဉ်တွင် ငလှိုင်းက ညီကို လွှတ်ပေးလိုက်သည်။ ညီသည် လွှတ်လျှင်လွှတ်ချင်း ညာတစ်လှမ်းဆုတ် ဘယ်နှစ်လှမ်းတက်ကာ အစ်ကို၏လည်မျိုကို ဖမ်းချုပ်ပြန်သည်။

သို့သော် အစ်ကိုက ဘယ်တိမ်းပြီး ဖမ်းချုပ်ပြန်သဖြင့် မိသွားပြန်သည်။ ထိုသို့ လွှတ်ပေးလိုက် ပြန်တက်လိုက် လုပ်နေရာ၊ တတိယအချီကျမှ ငသိုင်း အောင်မြင်သည်။

မယ်မင်းဘော်မှာမူ သူ့သားနှစ်ယောက် ဗန်တို၊ ဗန်ရှည် လေ့ကျင့်

သည်ကို မကြာခဏ မြင်နေရငြား၊ စိုးရိမ်စိတ်ကို မဖျောက်နိုင်။ ထိတ်ခနဲ ဖြစ်ကာ ဟဲ့ခနဲ အော်မိဆဲဖြစ်၏။ သို့ကြောင့် မိအိုးက ရွံ့အိုးဖုတ်လုပ်နေရာက လှမ်းပြော၏။

"အမေ တက်သွားအောင် လိမ်ချိုးလိုက်ပါဗျို့"

ငသိုင်းသည် သူ့အစ်ကိုကို လွှတ်လိုက်ပြီး မြေကြီးခဲကို ပြေးကောက်၏။

"အမေရေ၊ ခဲနဲ့ပစ်နေသတော့"

မိအိုးအော်၍ မဆုံးမီ၊ လောက်စာလုံးရွယ် မြေကြီးခဲကလေးသည် ပြေးလာ၏။ မိအိုး ထိုင်လျက်က ခုန်ရှောင်သည်။

"အမေရေ၊ မပြောတော့ဖူးလား"

မယ်မင်းဘော်သည် သူတို့ကို မကြည့်အားသေး။ ရင်ခွင်ထဲမှ ကလေးက ထွန်ရေးကြားရှိ ပိုးကောင်တစ်ကောင်ကို လှမ်းဖမ်းနေသောကြောင့် အာရုံပြောင်းအောင် ချိမြှောက်လျက် ဟိုဟိုသည်သည် လက်ညှိုးထိုးပြနေရသောကြောင့် ဖြစ်၏။

ထွန်ရေးပြင်၏အလယ်တွင် ငမိုးကောင်းသည် တောင်းတစ်လုံးကို နံငယ်ပိုင်းဖြင့် စလွယ်သိုင်းလျက်၊ သစ်စေ့များကို ကြဲပက်နေ၏။ သူ့နောက် မလှမ်းမကမ်းတွင် ထွန်နှစ်ရှဉ်းက မျိုးစေ့များကို အလျင်အမြန် လိုက်လံဖုံးအုပ်ပေးနေ၏။ မျိုးကြဲသူနှင့် 'တုံး' ရိုက်သူ၏ကြားတွင် ကွာလှမှ ဝါးနှစ်ပြန်။ သည်မျှ အကွာအဝေးကြားသို့ ခိုနှင့်ချိုးများ၊ ဆက်ရက်များက ကျဖြစ်အောင်ကျကာ ရအောင်ကောက်ယူနေကြ၏။

ငမိုးကောင်းသည်လည်းကောင်း၊ သူ့နောက်မှ ထွန်နှစ်ရှဉ်းသည်လည်းကောင်း၊ ဆီးပင်ရိပ်တွင် လေ့ကျင့်နေသော ညီအစ်ကိုအား မြင်နေကြသည်။ ညီအစ်ကိုကိုကြည့်ကာ သူတို့ အထင်ကြီး၏။ မိအိုး ထိုင်ရာမှ ထခုန်သောအခါ ရယ်မောကြရသည်။

ဆောင်းဦးပေါက်ကာလဖြစ်သည်။

ဧရာဝတီမြစ်ရေက ပေးသွားသော မြေသြဇာများပေါ်တွင် ကိုင်းသမားများ အပြေးအလွှား ထွန်ယက် စိုက်ပျိုးနေကြရ၏။ ကြဲသူကကြဲ စိုက်သူကစိုက်ဖြင့်၊ ကြည့်လေရာရာတွင် မြေပြင်ကို လူဖုံးနေသည်။

သည်ကိုင်းမြေတွင် စိုက်သောအပင်၊ ကြဲသောအပင်များကို ရေလောင်းရန်မလိုပေ။ သို့ရာတွင် အစိုဆုတ်ချိန်နှင့် အပင်ကျချိန် မိအောင်ကား စိုက်ကြရသည်။ သို့ကြောင့် ပဲသမားများ အပြေးအလွှား ကြဲသည့်နည်းတူ၊ ငရုတ်နှင့် ကြက်သွန်၊ ဆေး၊ မြေပဲသမားများလည်း ထမင်းစားအပြီး၌ ကျောသော်မျှ မခင်းအားဘဲ လုပ်ကိုင်နေကြခြင်း ဖြစ်၏။

နေလုံးကြီးသည် ဧရာဝတီမြစ်ထဲသို့ လျှင်မြန်စွာ ပြေးဆင်းနေသည်။

မယ်မင်းဘော်သည် နေလုံးကြီးကိုတစ်ချက်မျှော်ကြည့်ရာက 'မိရိုး'ကို မိအိုး ကဗားသည့်ဘေး၌ ချထားခဲ့ပြီး၊ ဆီးပင်အောက်သို့ ဝင်သည်။ တောင်းပက်လက် 'ခံတောင်း'ထဲသို့ ပန်းကန်ခွက်ယောက်၊ ရေဘူးများ ထည့်သည်။

"သားကြီးရေ၊ အမေ့ကို လာပင့်ပေးပါဦး"

မယ်မင်းဘော်လှမ်းကြည့်သည့်နေရာ၌ သားကြီး၊သားငယ် မရှိတော့။ သူတို့သည် တစ်နေရာသို့ ချောင်မြိတ်တယမ်းယမ်းဖြင့် ပြေးသွားနေကြသည်။ အခင်းထဲသို့ မြင်းညိုကြီးတစ်စီး ဝင်လာသည်။ မြင်းပေါ်မှ လူ၏ ခေါင်းပေါင်းစသည် လေပြည်တွင် လွင့်ဝဲနေ၏။ ငချွဲ၊ ငဝဲတို့၏ အစ်ကို 'မြင်းစီးကြီးငချွဲ' ပေတည်း။

မြင်းစီးကြီးသည် ကလေးတွေပြေးလာသည်ကို မြင်ပါလျက်နှင့် ရပ်တန့် မပေးပေ။ ခါးကုန်းပြီး လက်လှမ်းပေးသည်။ သေိုင်းသည် သံချောင်းလက်ကြီးကိုဆွဲပြီး မြင်းပေါ်သို့တက်၏။ ငလှိုင်းလည်း ထိုနည်းငင်းပင်၊ မြင်းပေါ်သို့ရောက်သွားကာ မြင်းစီးကြီး၏ နောက်တွင်ထိုင်လျက် လိုက်ပါလာသည်။

ပုဂံစာအုပ်တိုက်

သေိုင်းမှာ မြင်းစီးကြီး၏ ရင်ခွင်ထဲတွင်ထိုင်လျက် ပါလာရာက ဇက်ကြိုးကို ကိုင်ထားသည်။

"ဟ သားကြီး၊ ဘာလုပ်နေသာတုန်း"

ခုန်ဆွခုန်ဆွလုပ်ပြီး အော်သဖြင့် မြင်းစီးကြီးက တားမြစ်ရသည်။

"သားငယ် မလုပ်နဲ့လေ။ ဒုန်းစိုင်းမှဖြင့် မောင်ရို့လိမ့်ကျကုန်မှာပ"

သေိုင်းသည် နှုတ်ဖြင့်မဖြေ။ မြင်းစီးကြီး၏ ရင်ခွင်ထဲမှ ထရပ်ပြသည်။ လက်ကားပြီး သူ့ကိုယ်ကို ထိန်းသည်။ မြင်းစီးကြီး အလွန်သဘောကျသဖြင့် တဟားဟား ရယ်မောေ၏။

ဆီးပင်ရိပ်အစပ်သို့ မြင်းညိုကြီး ရောက်သွားချိန်၌ ညီအစ်ကိုနှစ်ယောက်သည် မြင်းပေါ်မှ ခုန်ချသွားကြငြား၊ မြင်းစီးကြီး မဆင်းနိုင်သေး။ မိအိုးသည် မိရိုးကို မနိုင်မနင်း ပွေ့ချီလျက် ပြေးလာသောကြောင့် မြင်းပေါ်သို့ ဆွဲတင်ပေးရပြန်၏။ မိအိုးက မြင်းစီးကြီး၏ရင်ခွင်ထဲတွင် ငြိမ်သက်စွာ ထိုင်နေ၏။ မိရိုးကသော် မငြိမ်။ "ဟဲ့မင်း၊ ဟဲ့မင်း" အော်၏။ သူအော်၍ မြင်းမလှုပ်သောအခါ မြင်းစီးကြီးအား ငိုမဲ့မဲ့လှည့်ကြည့်သည်။

"ရှင်မင်းဘော်၊ ကျန်းခံ့သာလို့ မာပါစ"

"မာပါ့ရှင်။ ဘယ်ကလှည့်လာသတုန်း မြင်းစီးကြီး"

"မရောက်သာကြာလို့၊ ဝင်လာသာပါ။ ကဲကဲ၊ အငယ်မက မဲ့နေသဗျာ့။ တစ်ခေါက်လောက် ပတ်လိုက်ဦးမှ"

မြင်းစီးကြီးသည် ပြောပြောဆိုဆို လှည့်ထွက်သည်။ မိရိုး ကျေနပ်စေရန် အသားကျတစ်ခေါက်စီးပြီးမှ ပြန်လှည့်လာရ၏။ ဆီးပင်ရိပ်သို့ မြင်းညိုကြီး ပြန်ရောက်ချိန်၌ မယ်မင်းဘော်သည် ခံတောင်းရွက်လျက် သားနှစ်ယောက်သည် ထင်းစည်းထမ်း အထုပ်ရွက်လျက် အိမ်ပြန်ရန် အသင့်ဖြစ်နေကြပြီ။

"သမီးတို့ရေ ပြန်ကြရအောင်ဟေ့"

## ပုဂံစာအုပ်တိုက်

မိအိုးသည် မြင်းစီးကြီးလက်ထဲမှ အလိုက်သင့် လျှောဆင်း၏။ အထုပ်ငယ်တစ်ထုပ်ကိုလွယ်ကာ အိမ်ပြန်ရန် လုပ်၏။ မိရိုးသော်ကား မြင်းစီးကြီးလက်ထဲတွင် ပေကတ်နေသဖြင့် မယ်မင်းဘော်က လှမ်းယူရ၏။

"ချက်ရေးပြုတ်ရေး ရှိသေးလို့ ခွင့်ပြုပါဦး မြင်းစီးကြီး"

"ကောင်းပါပြီဗျာ၊ ကြွပါ ကြွပါ။ အင်း၊ သားတွေ သမီးတွေနဲ့ မြိုင်ဆိုင်ပါ့ဗျား"

အားကျသံဖြင့် မြင်းပေါ်မှ ဆင်းရင်း ငလှိုင်းခေါင်းကို လက်ဝါးဖြင့် အုပ်၏။ "ဆိုင်းသမားကြီး ဘာစာရောက်ပတုန်း" မေး၏။

"လောကနီတိ ရောက်ပါပြီခင်ဗျာ"

"အတော်ရောက်ပြီပ့ါ။ အနို့ သားငယ်ကကော"

"မင်္ဂလသုတ်ခင်ဗျာ"

"အလွန်တော်သဲ့ လူစွမ်းကောင်းပါကလား"

မြင်းစီးကြီးသည် တဟားဟား ရယ်မောလျက် သားအမိထံမှ ခွာသည်။ ထွန်သမားနှစ်ယောက်နှင့် ငမိုးကောင်းသည် ကန်သင်းပေါ် လျှောက်လျက် သူ့ထံသို့ဦးတည်လာနေကြ၏။

ထွန်သမားနှစ်ယောက်မှာ ငချွဲနှင့် သူ့ညီ ငဝဲဖြစ်၏။

ငချွဲ မောင်းသောထွန်မှာ ကိုယ်ပိုင်ဖြစ်၍ ငဝဲ မောင်းသော ထွန်မှာ ငမိုးကောင်း၏ ထွန်ဖြစ်သည်။ တစ်ဦးပိုင်မြေကို တစ်ယောက်အားဖြင့် လုပ်နေပါက 'အစို' ဆုတ်သည်ကို မမီမည်စိုးရိမ်သဖြင့် လက်စားလိုက်ကြခြင်း ဖြစ်၏။ သို့သော် ငဝဲမှာ ထွန်နှင့် လှည်းနွားမရှိ။ မှဆိုးအလုပ်ဖြင့် အသက်မွေးသူဖြစ်ရာ ငမိုးကောင်း အလုပ်ပူသည့်အတွက် တောမလည်ဘဲ ကိုင်းမြေထဲသို့ ရောက်လာခြင်းဖြစ်၏။

"မြင်းစီးကြီး ကျန်းခံ့သာလို့ မာပါစဗျား"

"သွေးသောက်ကြီး ပို့သသောမေတ္တာကြောင့် မာပါသဗျား"

သူတို့သည် ကန်သင်းခုံ မြေပြောင်တွင် ထိုင်ကြသည်။ သူတို့ စကား မကောင်းမီ ငဝဲက ဦးအောင်မေး၏။

"အမေတို့၊ အဖေတို့ နေကောင်းကြလား အစ်ကိုကြီး"

"အရေးတော်ပေါ်နေလို့၊ အစ်ကို နေပြည်တော်ကို တက်သွားရသာ တမြန်နေ့ကမှ ပြန်ရောက်သကွာ။ သာပေမယ့် လူကြုံရှိလို့ မာကြောင်း သာကြောင်း သိရသယ်။ ပြီးတော့ မင်းတုန်းမှာ မနေချင်ဘူးတဲ့"

"ဘဇာကြောင့်ဆိုသာ ပြောသေးလား အစ်ကို"

"သူကြီးနဲ့ မသင့်မြတ်သာပေါ့ညီရာ။ ငရွှေ ဘယ်မှာနေသတုန်း လာ မေးသဲ့အတွက် 'မြင်းစီးကြီးဦးရွှေလို့ခေါ်ပါ။ ငါ့သားက ဘုရင်မင်းမြတ် အမှုတော်ထမ်း။ အမောင်ရို့လို ကလေကဝ မဟုတ်ဘူး' ပြန်ပြောရာကစပြီး မသင့်မြတ်ကြသာပေါ့"

ထိုအခါတွင် ငရွှေက "အကျွန် သွားခေါ်ထားမယ်ပေါ့" ဟုဆိုသဖြင့် နီရဲသော သွားကြီးတွေပေါ်အောင် မြင်းစီးကြီး ပြုံး၏။

"ရွှံ့ထဲရေထဲမှာ နေကြမှာ မဟုတ်ပါဘူးမောင်ရာ"

"ရွှံ့နဲ့ရေက၊ လေးငါးလပါ အစ်ကိုရာ"

"နေပေ့စေ။ ငါ့လူတွေလွှတ်ပြီး ငါ့ရွာမှာထားမယ်။ ခြောက်သွေ့သဲ့ သည်လိုအချိန်မျိုးမှာ တစ်လှည့်တစ်ကျော့ ခေါ်ထားလိုသပေါ့ဆို ခေါ်ထား သာပေါ့"

ငမိုးကောင်းသည် ညီအစ်ကိုတစ်တွေ စကားပြတ်သည်အထိ စောင့်ဆိုင်း နေပြီးမှ "အရေးတော်ဆိုသာ သိပါရစေ မြင်းစီးကြီး" ဟု စကားစ၏။

"ဒီနယ် (နှောင်နှစ်ပေါင်း ၇၀ တွင် ကယားပြည်နယ်ဖြစ်လာ) ထဲကို ကုလားဖြူဝင်ရှုပ်နေသယ် သွေးသောက်မင်း"

ငမိုးကောင်း၏ မေးကြောတွေ ချက်ချင်းထောင်လာ၏။

"အကျွန် သေချင်သေပါစေ။ သင်းရို့ကို တိုက်ထုတ်ပစ်ချင်သယ်"

ပုဂံစာအုပ်တိုက်

"အဲသာပေါ့။ အကျွန်ုပ်ရို့လည်း တိုက်ဖို့ခိုက်ဖို့ သွားရသာပဲပါ့။ သို့သော်လည်း သံခင်းတမန်ခင်းနဲ့ ဆွေးနွေးကြသဲ့အခါ ပြေငြိမ်းသွားပါပြီ"

"ကုလားဖြူတွေ ဆုတ်သွားပြီလား မြင်းစီးကြီး"

မြင်းစီးကြီး၏ ရွှင်သောမျက်နှာသည် ပြုံမည့်မိုးနှယ် ညို့မှိုင်းလာ၏။ "အကျွန်ုပ်ရို့ လက်လွှတ်လိုက်ရသယ် သွေးသောက်မင်း" ဟု နာကျည်းသံဖြင့် ဆို၏။

"ရေမြေ့ရှင် ဘုရင်မင်းမြတ်အပေါ်မှာ သစ္စာရှိမြဲရှိသဲ့ အပိုင်းရော၊ ကုလားဖြူဘက်ကို နားယောင်ဝင်စားသဲ့အပိုင်းကိုပါ၊ အကျွန်ုပ်ရို့ ဩဇာ မရှိတော့ဘူး"

"ကုလားကို ပေးလိုက်ရသာလား"

"ကုလားကို မပေးလိုက်ရပေမယ့်၊ မိမိပိုင်နက်နယ်မြေကို မအုပ်ချုပ်တော့ပါဘူးလို့ ကုလားအလိုကျ လိုက်လျောရသာဟာ ဆုံးရှုံးသာပဲပေါ့"

ငမိုးကောင်း တက်ခေါက်ရပြန်လေပြီ။

"ကုလားကို မျက်နှာချိုသွေးသဲ့ သည်ဘုရင်ကို"

မင်းတုန်းမင်းအား မကြည်ညိုသမျှ မုန်းတီးသမျှတို့၊ ငမိုးကောင်း၏ ရင်ထဲမှ တရဟော သွန်ကျတော့မည်။ သို့သော် မြင်းစီးကြီးမှာ ထိုမင်း၏ သစ္စာတော်ခံ မင်းမှုထမ်းပါတကားဟု သတိရသဖြင့် စကားကိုမျိုချ၏။

"အကျွန်ုပ်ကို အားမနာပါနဲ့ သွေးသောက်မင်း။ အကျွန်ုပ်လည်း အသည်းဆတ်ဆတ်တုန်အောင် နာကျည်းခဲ့ရပါသယ်။ သာပေမယ့်"

မြင်းစီးကြီးသည် တင်ပျဉ်ခွေထိုင်နေသော ငမိုးကောင်း၏ မည်းမှောင်နေသော ဒူးခေါင်းကို လက်ဝါးကြမ်းကြီးဖြင့် ဆုပ်၏။

"သာပေမယ့် ခဏတစ်ဖြုတ် သည်းခံပါ သွေးသောက်မင်း။ အကျွန်ုပ်တို့ သခင် အိမ်ရှေ့စံကိုယ်တော်ကြီးဟာ သိုးဆောင်းနိုင်ငံ အီတာလီယံ၊ ဖရန်စစ် စသည်တို့ကို ပညာသင်လူငယ်တွေ လွှတ်နေသယ်။ သူရို့ပြန်လာရင်

လက်နက်လုပ်သဲ့ စက်ရုံတွေ ဆောက်မယ်။ ကုလားသေနတ်တွေ၊ သင်္ဘောတွေ၊ ဗုံးတွေလုပ်မယ်။ သည်အခါကျရင် ကုလားကို အကျွန်ုပ်ရို့ မောင်းထုတ်နိုင်ပြီပေါ့"

"ပညာတော်သင်တွေ ကျန်းမာချမ်းသာကြပါစေဗျာ။ ဘေးမသီ ရန်မခဘဲ ပြန်လာနိုင်ကြပါစေ။ လက်နက်စက်ရုံတော်တွေ အမြန်ဆောက်ပြီး၊ ကုလားယုတ်ကို အမြန်နှင်ထုတ်နိုင်ပါစေဗျာ"

အားတက်သရောဖြင့် ဆုတောင်းမေတ္တာပို့ရာက၊ ငမိုးကောင်းသည် သံသယဝင်လာ၏။ သို့ကြောင့် မြင်းစီးကြီးအား မေးကြည့်၏။

"မြင်းစီးကြီးတို့ရဲ့ ဘဝရှင်မင်းတရားကြီးက ကုလားကို တကယ်ကော တိုက်ပါ့မလားဗျာ။ အကျွန်ုပ်သိသရွေ့ကဖြင့် ရွှေနန်းစည်းစိမ်ကို ရသာ တောင်မှ ညီတော်ရဲ့အစွမ်း ဆိုပါကလား။ သူကဖြင့် ဘုရင်မလုပ်ဘဲ ဘုန်းကြီးဝတ်ဖို့ ကောင်းသပေါ့"

မြင်းစီးကြီး ခေါင်းတညိတ်ညိတ်ဖြင့် ပြုံးသည်။

"အကျွန်ုပ်ရို့ ဘဝရှင်မင်းတရားကြီးဟာ ကုလားဖြူကို မနိုင်နိုင်မှန်း သိလို့ သည်းခံလိုက်လျှောနေပေသည့်၊ ယိုးဒယား...."

ယိုးဒယားဟူသည် နောင်နှစ်ပေါင်းတစ်ရာကျော်တွင် ထိုင်းဟု အမည်သစ်ခေါ်တွင်မည့် ဒေသဖြစ်သည်။

"ယိုးဒယားပြည်က ဘန်ကောက်စားညီနဲ့ ဇင်းမယ်စား၊ လပုန်းစား လကွန်းမိုင်းလား ပြဲအနန်းစားတို့ ၁၂၁၄ ခုနှစ်တုန်းက နိုင်ငံတော်အစွန် အဖျား ကျိုင်းတုံနယ်ကို လာရောက်ထိပါး နှောင့်ယှက်သဲ့အတွက် တိုက်ခိုက် ချေမှုန်းပစ်သာ ထောင်းလမောင်းကျေပါရောလား"

"သာဟာ ကုလား မြှောက်ထိုးပင့်ကော် လုပ်ပေးသာပဲဖြစ်ရမပေါ့"

ငမိုးကောင်းက ထိုသို့မြင်သော်လည်း ငချဲကမူ တစ်မျိုးမြင်၏။

"ကုလားဖြူကို ရှုံးသဲ့အတွက် အထင်သေးသာနဲ့ ကုလားက

အောက်ပိုင်းကို ဖဲ့ယူသလို သင်းရို့ကလည်း အရှေ့ပိုင်းကို ဖဲ့ယူမယ်ကြံပြီး ထိပါးသာဖြစ်မယ် ထင်သပ""

မြင်းစီးကြီးသည် ပုဆိုးထောင့်မှ လက်သီးဆုပ်ရွယ် ကြေးကွမ်းအစ်ကို ထုတ်ပြီး၊ ကွမ်းယာ ယာနေရာက ကွမ်းယာကို ပါးစပ်တွင်း ထိုးထည့်ပြီးနောက် ကွမ်းအစ်ကို ပြန်ဖုံးရင်း ပြော၏။

"ပသို့ဖြစ်စေ၊ ထောင်းလမောင်းကျေသွားသာ မမှတ်သေးဘဲ ၁၂၁၆ ခုနယုန်လမှာ နောက်တစ်ကြိမ်လာပြီးထိပါးပြန်သယ်။ ဘန်ကောက်စားရဲ့ ညီနဲ့၊ ဇင်းမယ်၊ လပုန်း၊ လကွန်း ဗြဲအနန်း မိုင်းလားစားတို့ပဲ ဖြစ်သပ""

"ကျိုင်းတုံကို ထိပါးသာပဲလား"

ငဝဲ၏ အမေး။

"ဟုတ်သပ။ ကျိုင်းရုံးကြီးနဲ့ ကျိုင်းတုံအစွန်အဖျားကို လာရောက်ထိပါးသဲ့အတွက် ကျိုင်းတုံစော်ဘွားတပ်၊ မိုင်းပုမြို့စားတပ်နဲ့ မြေလတ်စော်ဘွားတွေ၊ မြို့စားတွေကို မိုးနည်းတပ်က စစ်ကဲမင်းကြီး၊ မဟာနော်ရထာ ကွပ်ကဲပြီး ချီတက်နှိမ်နင်းသာပ"

မြင်းစီးကြီး၏စကားကို ထောက်မည့်သူမရှိ။ စကားအဆက်ကို မျက်တောင်မခတ်ဘဲ နားစွင့်နေကြ၏။

"သည်တစ်ပွဲလည်း ထောင်းလမောင်း ကျေရုံမကဘူး သွေးသောက်မင်းရေ့။ ညက်ညက်ကျေသာပ။ ယိုးဒယား တစ်ထောင်ကျော်သေပြီး၊ ရှမ်းတပ်၊ မြန်မာတပ်၊ ကရင်တပ်တွေက ဆင်တွေ၊ အမြောက်တွေ၊ ဗုံးတွေ၊ သို့ပန်းတွေ အများကြီး ရလိုက်သယ်။ သို့ပန်းထဲမှာ အနန်းမြို့စား အမတ်၊ မိုင်းတိုင်မြို့စား အမတ်တို့ပါသယ်"

ငမိုးကောင်းမှာ မျက်နှာကြည်လင် ရွှင်ပျလာ၏။

"အဲသည်ကောင်တွေကို နိုင်သလို၊ ကုလားကို နိုင်ဖို့လိုသယ် မြင်းစီးကြီး။ အခုကိုပဲ သရက်ဆိပ်က တက်တက်လာသဲ့ သင်္ဘောထည်တွေ

ကုလားဖျင်တွေ အများကြီးပဲ။ ကြာရင် အကျွန်ုပ်ရို့ နမတွေ၊ သမီးတွေ ယက်ကန်း မခတ်တတ်ဘဲ ဖြစ်ကုန်ရော့မယ်"

မြင်းစီးကြီးသည် ကွမ်းတံတွေးထွေးကာ နှုတ်ခမ်းကို လက်ဝါး သပ်ကာ လုပ်လိုက်ပြီးနောက် ငမိုးကောင်းအား ကြည့်ပြော၏။

"အကျွန်ုပ်ရို့ ဘဝရှင်မင်းတရားကြီးရဲ့ ရွှေလက်ထက်တော်မှာ အထက် ကျော်ကာရီ မင်းများထက် နိုင်ငံတော် ပိုလို့ အေးချမ်းပါသယ်"

"ကုလားကို အလိုလိုက် အကြိုက်ဆောင်ပြီး အေးချမ်းသာထက် မီးဟုန်းဟုန်းတောက်အောင်တိုက်ရင်း သေရသာကောင်းပါသဗျာ"

မြင်းစီးကြီးအား အသည်းခိုက်သော ညည်းတွားသံဖြစ်၏။ သူသည် မရယ်မောနိုင်။ ငမိုးကောင်းအား စိန်းစိန်းကြည့်ကာ ဆောင့်ကြောင့်ထိုင်ပြီး ရှိခိုး၏။

"အကျွန်ု ရှိသေစွာ ရှိခိုးပါသယ် သွေးသောက်မင်း"

"အရို အရို၊ သလိုမလုပ်ပါလင့်၊ မြင်းစီးကြီး။ အကျွန်ုပ် သွေးသောက် ကြီးက တောထဲတောင်ထဲမှာ နေရသာပါ။ မြင်းစီးကြီးက ဘဝရှင်မင်းတရားရဲ့ အမှုတော်ထမ်းပါဗျာ၊ သည်းခံပါ"

ငမိုးကောင်းသည် ခုန်ထကာ တောင်းပန်သည်။ ချီထားသော မြင်းစီးကြီး၏ လက်အုပ်ကို ဒူးထောက်ပြီး ဖြေသည်။

"အကျွန်ု ကြည်ညိုလွန်းလို့ပါ သွေးသောက်မင်း"

ထိုအခါ ငချွဲက ဝင်ပြော၏။

"အစ်ကိုက သူ့အကြောင်းကို မသိလို့။ သိရင် ခေါင်းပေါ်တောင် တင်ထားလိမ့်ဦး။ မယားမီးနေသာ ထားပစ်ခဲ့ပြီး၊ ဗိုလ်ချုပ်ဦးခေါင်းကြီးတို့ကို စစ်ကူဖို့ ထွက်သွားသာ။ အဲ ဘယ်သူပါလိမ့်.... အဲ ငသိုင်း၊ ငသိုင်း မွေးသဲ့ ညမှာပေါ့"

"ရောင်းရင်း ပသို့ သိသတုန်း"

ပုဂံစာအုပ်တိုက်

"ငချိပ် ပြောသာပါ့နောင်ကြီးရာ။ သူရို့က ငှက်ဖျားမိပြီး၊ ဝမ်း ကိုက်ပြီး ပြန်လာကြပေမယ့် နောင်ကြီးက ခံတပ်တစ်ခုလုံးမှာ တစ်ယောက်မှ မကျန် ခါမှ ပြန်လာသယ်ဆိုပါကလား"

ငမိုးကောင်း ငြိမ်သက်သွား၏။ သူသည် အအိပ်ပျက် အစားပျက် ဘဝဖြင့် ကုလားဖြူ ကုလားနက်များကို မနားမနေ တွန်းလှန်တိုက်ခိုက်သည့် ဘဝဟောင်းကို ပြန်ပြောင်းမြင်ယောင်နေသည်။

ငြိမ်တိတ်ခြင်းကို မြင်းစီးကြီး၏အသံက ဖောက်ထွင်းသည်။

"သွေးသောက်မင်းကို ရှိသေလေးစားစွာနဲ့ အကျွန် အစီရင်ခံပါရစေ"

ငမိုးကောင်းက မကြားတစ်ချက် ကြားတစ်ချက်ဖြင့် ငုံစောင်း ကြည့်၏။

"အကျွန်ရို့ အရှင်သခင် ရတနာပုမ် မြို့တည်နန်းတည် ဘဝရှင် မင်းတရားကြီးရဲ့ လက်ထက်တော်မှာ ရှေးအထက်ကျော်ကာရီများထက် အေးချမ်းသယ်ဆိုသာ၊ ကိုယ့်အရှင်မို့ ချီးမွမ်းသာ မဟုတ်ပါဘူး"

ငမိုးကောင်း မျက်နှာချင်းဆိုင်လှည့်ထိုင်၏။

"ဟောကြည့်။ ဘကြီးတော် စစ်ကိုင်းမင်းလက်ထက်တော်မှာ ဖလံခံသူမောင်နှမကြောင့် တိုင်းနိုင်ငံ စနောင့်စနင်းဖြစ်ရသယ်။ ဟော၊ ရွှေဘို ဘုန်းပွင့် သာယာဝတီမင်းရဲ့ လက်ထက်တော်မှာလည်း အစကောင်းသော်လည်း ရွှေစိတ်တော် ကယောက်ကယက်ဖြစ်သွဲ့အတွက် သေကြကြေကြ။ တစ်ခါ နန်းကျဘုရင် ပုဂံမင်း ရွှေလက်ထက်တော်မှာ ခါတိုက်၊ လိပ်တိုက်၊ ဆိတ်တိုက်၊ ကြက်တိုက်၊ သေရည်ယစ်ပြီး နေသွဲ့အတွက် တိုင်းပြည်ကြီး အိုးလိုဆူရသပ"

ငမိုးကောင်း ခေါင်းညိတ်နေရသည်။

"အကျွန်ရို့ ဘဝရှင်မင်းတရားကြီးဟာ အမရပူရ ရွှေမြို့တော်ရဲ့ မြောက်အရပ် မန္တလေးတောင်ခြေမှာ ရတနာပုမ်ရွှေမြို့တော်ကို တည်ထောင်

ဖန်ဆင်းတော်မူခဲ့ပါသယ်။ နတ်ဘုံနတ်နန်းတမျှ"

"ကျေးတော်မျိုး ကျွန်တော်မျိုးတို့ကို အဓမ္မ စေခိုင်းသာ မဟုတ်လား"

မြင်းစီးကြီး နောက်ဆုတ်ရင်း လက်ဝါးတခါခါ ကာပြကာ "အို အို၊ မဟုတ်ပါဘူး သွေးသောက်မင်း။ ဘယ်သူ့ကိုမှ အလကားမခိုင်းရဘူး အမိန့်တော် ထုတ်ပြန်ထားပါသယ်ဗျာ" ဟု ပျာပျာသလဲ ရှင်းပြပြီးမှ စကား ထောက်သူ မပေါ်လာသဖြင့် ဆက်လက်ပြော၏။

"ဘဝရှင်မင်းတရားကြီး သက်တော် ၄၂ နှစ်။ ၁၂၁၈ ခုနှစ် တန်ခူးလမှာ ရှေးရှေးတုန်းကမင်းတွေ မလုပ်နိုင်သဲ့ ကောင်းမှုတော်ကြီး ကိုလည်း လုပ်ဆောင်တော်မူသဗျာ့"

"ဘဇာများပါလိမ့် မြင်းစီးကြီးဗျား"

"သင်္ဂါယနာ တင်တာပ! သွေးသောက်မင်း"

လူသုံးနည်းသော ဝေါဟာရဖြစ်သည့်အတွက် ငချွဲ၊ ငဝဲသာမက ငမိုးကောင်းလည်း နားမရှင်းပေ။

"အဲသဟာက ဘဇာကိုခေါ်သတုန်း အစ်ကို"

ငဝဲက မသိသည့်အလျောက်၊ ပွင့်လင်းစွာမေးသည်။

"ငါရို့ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သဲ့ သုတ္တန်၊ ဝိနည်း၊ ပိဋကတ်တော်များကို ပုဒ်၊ ပါဠိ၊ အက္ခရာ သေချာမှန်ကန်အောင် 'ပေထက်' အက္ခရာ တင်သာလေ"

"ဘဇာကြောင့် သလိုလုပ်ရသာတုန်း"

ငဝဲက မသိမှုမှာ ကျယ်ပွားလာ၏။

"ပိဋကတ်တော်တွေဟာ ကြာလာသဲ့အခါမှာ အရွတ်၊ အဖတ်၊ အရေး၊ အကူး ချွတ်ချော်မှားယွင်းလာသယ်။ အမှားကို ထပ်ပြီး ကူးယူ ပြန်သယ်။ အမှားတွေ များလာသယ်။ အဲသည်အမှားတွေ ပပျောက်အောင်၊ ရွှေနန်းတော်ရှေ့မှာ ပြာသာဒ် မဏ္ဍပ်ကြီးတွေဆောက်ပြီး သာသနာပြု

ဆရာတော်ဘုရားကြီးတွေ၊ ကျမ်းတတ်ဆရာတော်ဘုရားကြီးတွေ ကြပ်မတ်ပြီး ရေးရသာ"

"ကြည်ညိုစရာ ဝမ်းသာစရာပါပဲ မြင်းစီးမင်းရယ်"

ငမိုးကောင်း ဝမ်းသာစကားဆိုသဖြင့် မြင်းစီးကြီး အားတက်၏။

"ပေထက်အက္ခရာတင်မယ့် စာရေးတွေ၊ ကြပ်မတ်သုတ်သင်မယ့် ဆရာတော်ကြီးတွေ အသင့်ရှိနေချိန်မှာ အရှင်နှစ်ပါး ထွက်စံတော်မူပြီး ဖူးမြော်ကြည်ညိုကြသာပေါ့"

"ထွက်စည်မတီးဖူးလား နောင်တော်"

"စည်ကြီး၊ စည်လတ်၊ မောင်းခရသင်း အစုံပေါ့ တီးကြသယ်။ သာပေမယ့် ဘာမှ မရေးရသေးဘူး။ အခါတော်ကြား အမြောက်ကြီးက ဒိန်းခနဲ ပစ်လိုက်တော့မှ စာရေးတွေက စပြီး ရေးကြသာ"

"သာဓုဗျာ၊ သာဓု သာဓု"

ငမိုးကောင်း ကြည်နူးစွာ ရင့်ကျူးသည်။

"သူတစ်မျိုး ငါတစ်ဖုံ အကွဲကွဲအပြားပြား ထင်ရာရွတ်ဖတ်ကြရာက ကြာလာရင် သူမှန်သယ် ငါမှန်သယ် အငြင်းအခုံလည်း ဖြစ်ဦးမှာဗျ သွေးသောက်မင်းရ"

"မှန်ပါသယ်။ ဆရာကွဲရင် ဒကာပါလိုက်ကွဲပြီး ဒုက္ခရောက်ကြမှာပေါ့။ ရန်သူ ကုလားဖြူ အင်္ဂလိပ်ကို မေ့ပြီး အချင်းချင်း သတ်ဖို့ကိုပဲ သဲကြီးမဲကြီး လုပ်ကြမှာ"

မြင်းစီးကြီးမှာ ခေါင်းတညိတ်ညိတ်ဖြင့် ရှင်မြူးသွား၏။

"အကျွန်ုပ်ရို့ အရှင်သခင် ဘဝရှင်မင်းတရားကြီးဟာ ရှေးရှေးမင်းတွေ မလုပ်ခဲ့ဖူးသဲ့ ကောင်းမှုတစ်ခုကိုလည်း လုပ်သေးသဗျာ့"

ငမိုးကောင်းတို့ သုံးယောက်မှာ ပါးစပ်အဟောင်းသားဖြင့် ထပ်မံ ငေးစိုက်နေကြရ၏။

ပုဂံစာအုပ်တိုက်

"သူနာတိုက် ဆယ်တိုက်နဲ့ သူအိုတိုက်တွေ ဆောက်လုပ်ပြီး အိုမင်းမစွမ်း သားထောက်သမီးခံ မရှိသူတွေကို လက်ခံပြုစုကျွေးမွေး စောင့်ရှောက်သယ်။ ဆေးဝါးမကုသနိုင်သဲ့ လူနာတွေကို သမားတော်သုံးဆယ်နဲ့ ကုသစောင့်ရှောက်သဲ့အပြင် သေရင်လည်း မင်းတရားကြီးကပဲ သင်္ဂြိုဟ်တော်မူသယ်"

ခိုကိုးရာမဲ့ သက်ကြီးရွယ်အိုများ၊ ကူညီပြုစုမည့်သူ မရှိသောလူမမာများကို ငမိုးကောင်းသည် သွားရင်းလာရင်း တွေ့ဖူးမြင်ဖူး၏။ သားထောက်သမီးခံရှိငြား။ ထိုသူများကိုယ်တိုင် မွဲတေနေသည့် ဇရာဒုက္ခလများ၊ သားထောက်သမီးခံ မရှိသူများကိုတွေ့တိုင်း ငမိုးကောင်း စိတ်မချမ်းသာ။ တတ်နိုင်သမျှ ကျွေးမွေးလှူဒါန်းပြီး ကျောခိုင်းခဲ့ရသဖြင့် စိတ်ဆင်းရဲလှသည်။

ငွေကြေးပြည့်စုံသော စေတနာရှင်များကလည်း အဝတ်အထည်နှင့် အစားအစာ ပေးကမ်းကြပါလိမ့်မည်။ ပိုပြီး သဒ္ဓါတရား ကြီးမားပါမူ ရွှေငွေဆင်၊ မြင်း၊ လယ်၊ ယာ၊ ကျွဲ၊ နွားများပါ လှူဒါန်းလိမ့်မည်။ ဤကဲ့သို့ကားမှီခိုနေထိုင်ရန် သူအိုတိုက်ဆောက်လုပ်ကာ ကျွေးမွေးစောင့်ရှောက်မည်မဟုတ်။

သူနာများမှာလည်း ထိုနည်းတူ ဖြစ်သည်။

သားထောက်သမီးခံမရှိသော သူနာများမှာ အလွန်သနားစရာကောင်းသည်။ ပျိုရွယ်စဉ်က ဇာတာစန်းလာဘ်တက်ခိုက်၌ ထောင်လွှားဝင့်ကြွားမည်။ မာန်မာန ခေါင်ခိုက်မည်။ သို့သော် ဗျာဓိတရား နှိပ်စက်ခံရချိန်ဝယ်၊ ကူကယ်မည့်သူကို တောင့်တသည်။

ထိုကဲ့သို့ ကူကယ်မည့်သူရှိမှ ရေတစ်ပေါက်သောက်ရမည့် သူနာ၊ ကူကယ်မည့်သူရှိပါမှ ယက်မန်းရည်တစ်ဇွန်း သောက်ခွင့်ရမည့်သူနာသည် ကူညီစောင့်ရှောက်မည့်သူ ကင်းမဲ့သောအခါ ကိုယ်ရောစိတ်ပါ ဆင်းရဲပြီး

သေရ၏။ မည်ကဲ့သို့ ဘဝကူးကောင်းပါမည်နည်း။

မင်းတုန်းမင်းသည် ထိုဒုက္ခများကို ကိုယ်တိုင်မကြုံရပါဘဲလျက် မြင်တတ်ပါပေသည်။ သိတတ်ပါပေသည်။

ထိုမင်းတုန်းမင်းအပေါ်၌ ကာလကြာမြင့်စွာ ထားသို ညိုးဝှက်ခဲ့သည့် ငမိုးကောင်း၏ မုန်းတီးမှု၊ မကျေနပ်မှုမှာ တစ်စချင်းကျေပျက်ခဲ့ပြီ။

"ကုလားဖြူ အင်္ဂလိပ်လက်အောက်ကို မသွားချင်ဘဲ သွားနေပြီး၊ ရေကြည်ရာ မြက်နုရာ လုပ်ကိုင်စားသောက် နေထိုင်သူတွေအရေးကိုလည်း အကျွန်ုပ်ရို့ အရှင်သခင် မင်းတရားကြီးက ဖြေရှင်းပေးသေးသဗျာ့"

မြန်မာမင်းပိုင်နက်ထဲမှ လူများသည် မိုးလေဝသကောင်းမွန်သော ကုလားပိုင်နက် အောက်မြန်မာပြည်တွင် မြေတွေ အလကားရမည်၊ သုံးနှစ်အခွန်လွတ်မည် သတင်းကြားသဖြင့် အစုလိုက် အပြုံလိုက် စုန်ဆင်းပြောင်းရွှေ့ကြကြောင်းကို ငမိုးကောင်းသည် စိတ်မချမ်းမြေ့စွာ ကြားခဲ့ပြီးဖြစ်၏။

သည်အကြောင်းကို မြင်းစီးကြီးက ပြောလာသောအခါ "ကြားပါရစေဗျား" ဟု ဝမ်းသာအယ်လဲ တောင်းပန်၏။

"အကျွန်ုပ်ရို့သခင် ဘဝရှင်မင်းတရားကြီးက ကုလားနယ် ရောက်သွားသဲ့ ကျေးတော်မျိုးကျွန်တော်မျိုးတွေ ပြန်လာကြရင် လုပ်ကိုင်စားသောက်စရာ မြေပေးမယ်။ အရင်းအနှီးထုတ်ပေးမယ်လို့ ကုလားပိုင်နက်ထဲက လူတွေကြားအောင် သတင်းလွှင့်ပေးသယ်"

"ပြန်ပြီးကော လာကြပါစ"

"လာပါသဗျား။ ပြန်လာသူတွေကို ဆီးကြိုစိစစ် လက်ခံဖို့အတွက် မင်းလှမှာ အသင့်ထားသဗျာ့။ ကြိုဆိုလက်ခံရေးအဖွဲ့မှာ မှူးမတ်တွေရော ဆရာတော်၊ သံဃာတော်တွေလည်း ပါသယ်"

ငမိုးကောင်း သာဓုခေါ်ပြန်၏။ "အမြော်အမြင် ကြီးတော်မူပါပေသယ်ဗျာ" ဟူ၍လည်း ချီးမွမ်းသည်။

## ပုဂံစာအုပ်တိုက်

မြင်းစီးကြီးသည် ထရပ်ရင်း ဖုတ်ဖက်ခါရာက "အဲသာကြောင့် သွေးသောက်မင်းရေ့။ အကျွန်ုပ်ရို့သခင်၊ ရတနာပုမ် မြို့တည်၊ နန်းတည် ပဉ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီးဟာ ကြည်ညိုစရာကောင်းသဲ့ ရှင်ဘုရင်ပါဗျာ"ဟု နိဂုံးချုပ်၏။ ငမိုးကောင်းလည်း မြင်းစီးကြီးနှင့်အတူ ထရပ်ပြေး ရှုတ်ချစကား၊ ပုတ်ခတ်စကားဆိုရန် တွန့်ဆုတ်နေ၏။

"ခွင့်ပြုပါဦး သွေးသောက်မင်း"

"ကောင်းပါပြီ မြင်းစီးကြီးဗျား။ မကြာမကြာ ကြွခဲ့ပါဦး။ သို့မှသာ ရွှေမြို့တော်သတင်းကို အကျွန်ုပ်ရို့ ကြားခွင့်၊ နာခွင့်ရပါသယ်"

မြင်းစီးကြီးသည် ခေါင်းညိတ်ရင်း မြင်းညိုကြီးပေါ်သို့ တက်ရောက် စိုင်းနှင်သွားလေ၏။ငမိုးကောင်းတို့ သုံးဦးသားသည် လုပ်ငန်းခွင်သို့ ပြိုင်တူ မျက်နှာမူကြ၏။ ဆူညံစွာ ရန်ဖြစ်မြဲ ဆက်ရက်များ မရှိတော့ပြီ။ ချိုးနှင့် ခို၊ ထိစပ်ငှက်များလည်း မရှိတော့ပါ။ သို့ကြောင့် အနောက်မိုးကုပ် စက်ဝိုင်းသို့ မျှော်ကြည့်ကြ၏။ နေလုံးကြီးသည် သစ်ပင်များကြားသို့ လျှိုးဝင်သွားခဲ့ကာ၊ တိမ်ရောင်စုံများကို ထားပစ်ခဲ့သည်။

★

# ၆

ကျောင်းသားများ စာအံသည်မှာ မကြာသေးချေ။ ရောက်လာသော ဒါယကာမှာ သူတစ်စိမ်းမဟုတ်၊ ကျောင်းသားဖအေ ဖြစ်နေသည်။ သို့အတွက် ဦးဇဝနမှာ စာအံမဖြုတ်နိုင်။ သို့သော် စာတက်စရာများကိုကား ပြီးစီးအောင် တက်ပေးပြီးမှ ထလာခဲ့သည်။

"ဘဇာအကြောင်း ရှိသတုန်း ဒကာ"

"တပည့်တော် ကိုရင်လှိုင်းရဲ့ ခမည်းတော်ပါဘုရား"

"သိသပ။ ကိစ္စကို ဆိုပါဘိ"

"တပည့်တော်က အညာရပ် တပယင်းသား၊ ဒကာမက အောက်အရပ် ခနဲဖြူသူဘုရား။ အခု နှစ်ဖက်မိဘဆွေမျိုးတွေ တိုက်တိုက်ဆိုင်ဆိုင် ရောက်လာကြသဲ့အတွက် ကိုရင့်ကို"

သည်မျှဆိုလျှင် ဦးဇဝန သဘောပေါက်ပြီ။

"ဟဲ့သာဂရ လာစမ်း။ ရှင်လာဘကို သွားပင့်ချေ"

ရှေ့ဆုံးတန်းတွင် စာကုန်းအံနေသော သာမဏေတစ်ပါးအား လှမ်း၍ အမိန့်ပေးလိုက်ပြီးနောက် ငမိုးကောင်းအား လှည့်၍ မိန့်ကြားသည်။

"ဒကာကောင်းရဲ့သားက၊ နေ့စာဝါရော ညစာဝါပါ လိုက်နေရပြီ"

"တင်ပါ့ဘုရား"

"အညာက ဆွေမျိုးသားချင်းတွေထဲမှာ မင်းပေါက်စိုးပေါက်များ မရှိရော့သလား"

"တပည့်တော်လည်း ကိုင်းထဲက ပြေးလာရသာမို့၊ ဘယ်သူတွေပါသယ် မသိသေးပါဘူးဘုရား"

မှန်ပေသည်။

သည်နေ့ ကိုင်းထဲသို့ ထွက်အလာတွင် မိအိုးသည် မြင်းကျောင်းရန်အတွက် ဖအေနှင့်အတူ ပါလာသည်။ သေိုင်းမှ လမ်းဆုံအထိသာ ပါလာပြီးနောက် ကျောင်းဘက်သို့ ခွဲထွက်သွားခဲ့သည်။

အိမ်တွင် နို့ညှာမိရိုးနှင့် အငယ်ဆုံးနို့စို့ ငကျိုင်းသာ ကျန်ခဲ့သည်။ မိရိုးလည်း ဖအေနှင့် အစ်မနှင့် လိုက်လိုသည်။ ကိုင်းထဲတွင် နေပူသည်ထက် အားလပ်ချိန်တွင် မြင်းစီးခွင့်ရသောကြောင့် ဖြစ်သည်။

သူတို့အထက်မှ အစ်ကိုများမှာ မြင်းသမား၊ ဓားသမား၊ သိုင်းသမား၊ ဆိုင်းသမားများ ဖြစ်နေသောအခါ မိန်းကလေးတွေမှာလည်း မလွှဲမရှောင်သာ မြင်းသမားနှင့် သိုင်းသမားတွေ ဖြစ်လာကြရသည်။ သို့ကြောင့် မြင်းစီးရန် နှစ်သက်ကြသည်။

သို့ရာတွင် မိရိုးမှာ ငိုမဲ့မဲ့နှင့် မကြည်မသာကျန်ခဲ့သည်။ ထမင်းပို့ချိန်တွင် အမေနှင့် အတူသွားမည်ဟု ဖအေကနှစ်သိမ့်သည်။ ချက်ရပြုတ်ရ လျှော်ရဖွပ်ရနှင့် ကလေးကို တစ်ထောင့်တစ်နားမှာ ကူညီကြည့်မည့်သူ လိုအပ်သည်။

နို့စို့ကလေးသည် နို့ဝသဖြင့် သူ့လက်သီးကိုသူစားလျက် ငြိမ်နေသည်။

ပုဂံစာအုပ်တိုက်

မိရိုးလည်း ကလေးဘေးတွင် စောင်းလိုက် ထိုင်လိုက်ဖြင့် ကလေးကို စကား ပြောနေပေသည်။

"ဒီအိမ်၊ ဦးမိုးကောင်းအိမ် ဟုတ်စ"

သည်လေသံမျိုး၊သည်အမေးမျိုးကို မကြားဖူးသဖြင့် မိရိုးနားမလည်။ ဒူးထောက်၊ ခါးဆန့်လျက် အိမ်ရှေ့သို့ မျှော်ကြည့်၏။ မေးသူ၏ နောက်တွင် လူအုပ်ကြီးပါလာသည်။ ခေါင်းပေါင်း ပေါင်းထားသူ ပါ၏။ ခေါင်းပေါင်း တဘက်ကို ပခုံးပေါ်တင်ထားသူလည်း ပါဝင်၏။ ဆွဲထားသော အထုပ်များ၊ ထမ်းထား ရွက်ထားသော တောင်းပလုံးနှင့် အထုပ်အပိုးများကိုလည်း မိရိုး မြင်ရ၏။

"အမေရေ၊ အမေရေ"

မိရိုးသည် မေးသူကိုမဖြေဘဲ အိမ်နောက်သို့သာ အားကိုးတကြီး လှမ်းအော်၏။

"သမီးရေ၊ ခဏလေး နေပါဦး။ အမေ လာခဲ့မယ်"

မယ်မင်းဘော်၏ တုံ့ပြန်သံပေါ်လာစဉ်၊ ဘုန်းတော်ကြီးတစ်ပါးသည် လှေကားရင်းအထိ ရောက်လာ၏။

"သည်အိမ် ငမိုးကောင်းတို့အိမ် ဟုတ်သလား"

"ဟုတ်ပါသဘုရား။ အမေရေ"

မိရိုးသည် ထိုစကားကိုကား နားလည်သဖြင့် နောက်ဖေးဘက်သို့ ပြေးခေါ်၏။ မယ်မင်းဘော်သည် "အေး အေး၊ အမေလာပြီ" အသံပေး၏။ အိမ်ပေါ်သို့ နောက်ဖေးလှေကားမှ မတက်တော့ဘဲ အိမ်အောက်သို့ ဝင်လာသည်။

အိမ်ရှေ့ရှိ လူအုပ်ကြီးမှာ မနည်းလှ။

အိမ်ပေါ်သို့မော့ကြည့်နေသော ဘုန်းတော်ကြီးအား မြင်ဖူးသယောင် ယောင်။ သို့ရာတွင် မည်သည့်နေရာ၌ မည်သည့်အချိန်က ဖူးတွေ့ဖူးသည်ကို မမှတ်မိ။

•

ပုဂံစာအုပ်တိုက်

"အစ်မကြီးရေ၊ အဖေရော အမေရော ပါသကော။ အညာက အမျိုးတွေလည်း ပါသပ"

သည်အသံကိုကား မယ်မင်းဘော် မှတ်မိသေးသည်။

"မိသော်၊ ညီမ"

ဝမ်းသာအားရ အိမ်ရှေ့သို့ပြေးထွက်သည်။ မျက်နှာစိမ်းများကြားတွင် အဖေ၊ အမေ၊ ငချိပ်။ ထို့ပြင် ဒွေးတော်ဒေါ်အေးလှ။ ထိုအခါ ဝမ်းသာအားရ လမ်းပေါ်သို့ ပြေးထွက်လာရင်း စဉ်းစားသည်မှာ 'ငါမသိတဲ့ မျက်နှာတွေဟာ မောင်ကြီးမိဘ ဖြစ်ရမယ်။ ကိုယ်တော်ကလည်း မောင်ကြီး မရှိတုန်း ကြွလာဖူးတဲ့ ဘထွေးဘုန်းကြီး ဖြစ်နိုင်တယ်' ဟူ၍ ပေတည်း။

"သမီးကြီးမင်းဘော်"

ဒေါ်ပန်းအိသည် မယ်မင်းဘော်အား ဆီးဖက်၏။

"အမေ နေကောင်းသနော်"

"ငါ့သမီးလည်း အညာသံ ပေါက်နေပါပေါ့လား။ အေးအေး.... သွားမကောင်းတာက လွဲရင် နေကောင်းသပ"

"ကဲ၊ အမေ။ အိမ်ပေါ်ကျမှ အေးအေးဆေးဆေး ပြောတာပေါ့။ ဧည့်သည်တွေလည်း အိမ်ပေါ်ကြွကြပါ"

ထိုအခါ ဦးရဲတင်းသည် ခြေတံရှည်အိမ်ကြီးကို မော့ကြည့်၏။

"သမီးတို့အိမ်ကကွယ်၊ မြင့်လှပါဘိ။ ကလေးမြေးငယ်တွေ လိမ့်ကျမှဖြင့်"

"မိုးတွင်းမှာ ရေကြီးသယ်အဖေရဲ့"

"မယ်ပန်းအိရေ။တက်ရဆင်းရလွယ်အောင် အိမ်အောက်ပဲဝင်ကြစို့ဟေ့"

အိမ်အောက်တွင်လည်း ကျယ်ဝန်းသော ကွပ်ပျစ်စင် ရှိသည်။ ဆေးပုတ်၊ ပဲတောင်း၊ ပြောင်းဖူးတောင့်များ၊ ပြောင်းဖူးဖက်စည်းများကို မယ်မင်းဘော်သည် အပြေးအလွှား ရှင်းလင်းသည်။ ငချိပ်နှင့် မိသော်အပြင် လူစိမ်းများပါ ဝင်ရောက် ရှင်းလင်း ရွှေ့ပြောင်းစဉ် "ညီမရေ၊ အိမ်ပေါ်မှာ

ဖျာကြမ်းရော၊ သင်ဖျူးရော ရှိသကော၊ ယူချေကွယ်” ဟု မိသော့အား ပြောသည်။

မိသော့ ပြေးတက်သွားသည်။

လှေကားဆံ (လှေကားထစ်) များ၏အောက်တွင် ပျဉ်ချပ်များဖြင့် ပိတ်ထားသည့်အတွက် အိမ်အောက်မှလူများသည် တက်သွားသူ၏ ခြေသလုံး၊ ပေါင် စသည်များကို မမြင်နိုင်ပေ။

မိသော့ ဆင်းလာသောအခါ ဖျာတစ်ချပ်မျှ ပါမလာ။ ကလေး နှစ်ယောက်သာ ဝဲယာချီလျက် ပါလာသည်။

“အမေရေ၊ အမေ့မြေးတွေ”

“ဖျာယူချေပါ ခိုင်းသာ၊ ကလေး အချီခိုင်းသာ ကျနေတာပဲ”

“လာပါလိမ့်မယ် အမရဲ့”

မိသော့ ပြောနေဆဲတွင် ငချိပ်သည် ဖျာတွေကို ထမ်းလျက် ဆင်းလာသည်။ နီးကြောဖျာများပေါ်တွင် သင်ဖျူးကိုခင်းသည်။

ဦးရဲတင်းသည် ဒေါ်ပန်းအိ၏လက်ထဲ၌ မျက်လုံးကလေး ကလယ်ကလယ် ဖြစ်နေသည့် မိရိုးအား မျက်မှောင်ကြုတ်လျက်ကြည့်သည်။ “ဟဲ့ သမီး။ ဒီကလေးနှစ်ယောက်ဟာ ငါ့မြေး ငလှိုင်းနဲ့ ငသိုင်း မဟုတ်ပါဘူး”ဟု ပြောသည်။

ထိုအခါတွင် ဘုန်းတော်ကြီးကလည်း ဝင်ရောက်မိန့်ကြားသည်။

“ဟုတ်သယ် ဒကာကြီး။ သာကြောင့် ဘုန်းကြီးလည်းကြည့်နေသာ။ ငါတွေ့ခဲ့သဲ့ ကလေးနှစ်ယောက်ကလည်း မကြီးပါကလားလို့”

မယ်မင်းဘော် မသိသော်ငြား ရင်ထဲက ရင်းနှီးခင်မင်နေသော မျက်နှာစိမ်းများလည်း ဝေါခနဲ ဝိုင်းဝန်းရယ်မောကြ၏။

“ကိုရဲတင်းကဖြင့် လုပ်ကရော့မယ်။ ရှင့်မြေး ငလှိုင်းနဲ့ ငသိုင်းက လူပျိုပေါက်တွေ ဖြစ်နေလောက်ပြီပ”

ဒွေးတော်ဒေါ်အေးလှက ဝင်ပြောပြီးမှ သူ့တူမအား လှမ်းမေး၏။

"သမီး ရှင်မင်းဘော်၊ အခု ကလေး ဘယ်နှစ်ယောက် ရှိသတုန်း"

မယ်မင်းဘော်၏ ကြည်နူးရွှင်ပျမျက်နှာသည် ငုံ့သွား၏။ ကွပ်ပျစ်ဘောင်ရှိ ခုံတန်းလျားလက်တင်ကို ရက်ရွံ့စွာ ပွတ်သပ်နေပြီးမှ "ငါးယောက်ပါ ထွေးတော်"ဟု မပွင့်တပွင့်ဖြေ၏။သူသည် ကလေးငါးယောက်ရှိသောကြောင့် ကလေးငါးယောက် ရှိပါသည် ပြောရန်ကိုပင် ရှက်ကြောက်နေရှာပေ၏။

"ဟုတ်ပါသယ်၊ ငလှိုင်းနဲ့ ငသိုင်းအောက်မှာ ဟောဒီနှစ်ယောက်။ အနို့ သူတို့အထက်မှာ တစ်ယောက် ရှိရဦးမှာပဲ"

"ယောက်ျားလေးလား၊ မိန်းကလေးလား"

"အခု အဘယ်မှာတုန်း"

ဒေါ်အေးလှ၊ ဒေါ်ပန်းအိ၊ မိသော့တို့၏ မေးခွန်းသုံးခုကို မယ်မင်းဘော်သည် မတိုးမကျယ်ဖြေ၏။

"မိန်းကလေးလေ။ သူ့အဖေနဲ့ ကိုင်းထဲလိုက်သွားသကော"

ဦးရဲတင်းသည် မိန်းမများ၏ စကားဝိုင်းသို့ ဝင်မစွက်ပေ။ အိမ်အောက်တွင် ပြည့်နေသော ဆေးပုတ်များနှင့် ငရုတ်ပုတ်၊ ပဲပုတ်များကိုလည်းကောင်း၊ ခြေရင်းရှိ နွားတင်းကုပ်နှင့် ခေါင်းရင်းရှိ မြင်းဇောင်းကိုလည်းကောင်း၊ အိမ်ရှေ့ရှိ လှည်းဘီးအဟောင်းများ လှည်းဝင်ရိုးများနှင့် ထွန်တုံးထယ်တုံးများကိုလည်းကောင်း ကြည့်ရှုအကဲခတ်ကာ သူ့သမီး၏ အခြေအနေ မနိမ့်ကျကြောင်း သဘောပေါက်ကျေနပ်နေ၏။

"ကျောင်းသားနှစ်ယောက်နဲ့ ကိုင်းထဲက ကလေးကို အခေါ်လွှတ်ချေလဟဲ့"

ဘုန်းတော်ကြီး၏ စကားဖြစ်သည်။

"အချိန်တန်ရင် ပြန်ရောက်လာကြမှာပဲဘုရား။ အေးအေးဆေးဆေး နေကြပါဦး၊ အဲ နေတောင် ဘယ်အချိန်ရှိပါလိမ့်"

မယ်မင်းဘော်သည် အိမ်ပြင်သို့ ပြေးထွက်မော့ကြည့်ရာက "စောသေး ပေမယ့်၊ အေးအေးလူလူ ဆွမ်းဘုဉ်းပေးပါဦးဘုရား" လျှောက်ထားသည်။

"ဟဲ့ ဒကာမလေးရဲ့၊ ငါက အရေးမကြီးဘူး။ သည်မှာ နင့်ယောက္ခမနဲ့ အမျိုးတွေက သူတို့သားကို မြင်ချင်လှရော့မယ်။ ဟစ်ခါမှ မတွေ့ဖူးသဲ့ မြေး တွေကို တွေ့ချင်လှရော့မယ်"

ဘုန်းတော်ကြီးသည် ယိုယိုကလေးထိုင်နေသော လူများကို အလိုက် တသိ လက်ညှိုးထိုးပြ၏။ ထိုအခါတွင်မှ ဒေါ်ပန်းအိမှာ လက်ညှိုးထိုးပြရန် သတိရ၏။

"ဟုတ်သကော၊ မေ့နေလိုက်ပါဘိ။ ဘုန်းကြီးနောက်နား ကပ်နေ သူက ဦးထိန်းတဲ့။ သမီး ယောက္ခမပေါ့"

'အို' ဟူသော အသံသည် မယ်မင်းဘော့နှုတ်မှ ထွက်ရုံကလေး ထွက်သွားပြီး၊ ရှင်မြူးမျက်နှာဖြင့် နှစ်ထောင်းအားရ ကြည့်မိသည်။

"ဦးထိန်းဘေးက ရှင်မယ်ရွက်တဲ့၊ သမီးယောက္ခမပဲ။ သူ့ဘေးက သူငယ်က သမီးရဲ့မတ်လေ၊ နာမည်က အဲ ဘယ်သူ"

ထိုအခါ ဒေါ်ရွက်ကပင် "ငမိုးနှောင်းပါ" ဟု ထောက်ပေးပြီးနောက် အိမ်နီးချင်း ဒန်းလှ၊ ငမိုးနှောင်း၏မယား မယ်သတို့ကို ညွှန်ပြသည်။

"အိမ်ပေါ်တက် အဝတ်အစားလဲကြပါဦးလား။ ဒန်းလှရို့၊ မယ်သရို့၊ အမေရို့"

"ဖြည်းဖြည်းပေါ့အေ။ ကလေးတွေ မြင်ချင်လှပြီအေ့"

မယ်ရွက်ကား တုတ်ထိုးအိုးပေါက်ကြီး ဖြစ်ဟန်ရှိ၏။ ယခုမှ တွေ့သော ချွေးမကို ရင်းနှီးစွာပြော၏။

မယ်မင်းဘော်မှာ ပျာပျာသလဲ ဖြစ်သွားကာ မိရိုးကို ရှာဖွေရ၏။

"သမီး ဒွေးလေးကို ကိုင်းထဲခေါ်သွားပြီး အဖေ့ကိုပြော။ အိမ်မှာ ဆွေမျိုးတွေရောက်နေလို့ ကိုရင်နဲ့ မောင်ငယ် ခေါ်ချေပါလို့ ဟုတ်လား"

ထိုသို့မှာပြီးမှ မိသော့ကို သတိရ၏။

"ညီမလေး ကြားသပ"

"ကြားသပ အစ်မ။ လာ သမီးလေး။ ကိုင်းထဲလိုက်ပို့ပါဘိ"

ကျောင်းကို အချိမပျက်၊ မိရိုးလက်ကို မိသော့လာဆွဲသဖြင့် ချိုပ်က ကောက်ချီ၏။

"ညီမ ထားခဲ့ပါဘိ၊ လမ်းမှာ ငိုမှဖြင့် ချော့မရ ချောက်မရ။ သား၊ လာလာ"

ကျောင်းသည် မအော့ထံသို့ကား လာပါ၏။ သို့ရာတွင် ချက်ချင်းပင် ဘုန်းတော်ကြီးထံသို့ လက်လှမ်းသဖြင့် ဦးပဏ္ဍိတ ဦးပြားမှာ ကလေးကို လှမ်းယူပြီး မယ်ရွက်ထံ လက်လွှဲပေးလိုက်လေ၏။

မယ်ရွက်သည် "လူမိုက်ကြီးရဲ့သား၊ လာစမ်းဟဲ့" ဆိုရင်း ဆီးပွေ့သည်တွင် "ကလေးက ကိုရင်ကောင်းနဲ့မတူဘဲ အရိုးနဲ့ လာတူနေသယ် နော" ဟူသည့် အသံကြည်ကြည်ကလေး ထွက်ပေါ်လာ၏။ အသံရှင်ကား ဒန်းလှတည်း။

ဒန်းလှအား မယ်မင်းဘော်က စူးစမ်းသောမျက်လုံး မသင်္ကာသော မျက်လုံးများဖြင့် လှမ်းကြည့်လိုက်စဉ် ဘုန်းတော်ကြီးက "သလို ဒကာမ ကလေးရဲ့" ဟု အစချီသဖြင့် မျက်လုံးလွှဲလိုက်ရ၏။

"လွန်ခဲ့သဲ့ ရှစ်နှစ်၊ ကိုးနှစ်လောက်တုန်းက ငါ့တူ ငမိုးကောင်း ခရီးသွားနေတုန်းမှာ ကပ္ပိယတစ်ယောက်နဲ့ ရောက်လာသဲ့ ဘုန်းကြီးဦးပြားကို မှတ်မိမှာပေါ့"

"မှန်ပါဘုရား။ တပည့်တော်မ မြင်ဖူးပါတယ် ထင်နေသာဘုရာ့။ မောင်ကြီး အဖေ၊ အမေနဲ့ တစ်ပါတည်း တွေ့ရတော့မှ ဘထွေးဘုန်းကြီး ဖြစ်ရမယ်လို့ စဉ်းစားမိတော့တာဘုရား"

မယ်မင်းဘော် ဝမ်းသာအားရ တုံ့ပြန်လျှောက်ထား၏။

ပုဂံစာအုပ်တိုက်

"အေး၊ ငါလည်း ရွှေတိဂုံ၊ ရွှေမော်ဓော မကဘူး၊ ကျိုက်ထီးရိုးပါ သွားဖူးနေသဲ့အတွက် အပြန်မဝင်နိုင်ဘူး။ အဲသာနဲ့ သည်နှစ်ကျတော့ကမှ ယောက်ဖနဲ့ အစ်မက သွားချင်လှချည်ရဲ့ ပူဆာကြလို့ ခေါ်လာရသာ"

"တင်ပါ့ဘုရား"

"ခေါ်လာရမှာလည်း ငါသိသာက အုန်းပင်စုပဲ သိသာကလား။ သိသဲ့ဆီသွားတော့ အညာပြောင်းသွားကြသာ ကြာပြီတဲ့။ သို့သော်လည်း ဦးရဲတင်းတို့၊ ဒေါ်ပန်းအိတို့ တော်ရာကြပါသယ်။ တပည့်တော်တို့လည်း သွားချင်နေသာ အတော်ပဲဆိုပြီး မြန်အောင်က အမျိုးလှေတစ်စင်း တောင်းပြီး လိုက်လာကြသာ"

ဘုန်းတော်ကြီး၏ စကားမဆုံးမီပင်၊ အိမ်အောက်ရှိလူများသည် လည်ပင်းရှည်ကြည့်မိကြ၏။ မြင်းသုံးကောင် အိမ်အောက်သို့ ဝင်လာသောကြောင့် ဖြစ်၏။ မြင်းများပေါ်တွင် မိအိုးနှင့် မိရိုး။

"အမေရေ၊ ချပေးပါဦး"

ပါးချပ်မပါ၊ နင်းကွင်းမပါဘဲ လည်ဆံမွေးဆွဲပြီး စီးလာခြင်း ဖြစ်ရာ ငါးနှစ်ရွယ်နှင့် ခုနစ်နှစ်ရွယ် ကလေးမများ မဆင်းတတ်။ သို့ကြောင့် မယ်မင်းဘော် ပြေးသွားပြီး ချပေးစဉ် ဒေါ်ပန်းအိမှာ ရင်ကို ဖိနေ၏။ ဒေါ်မယ်ရွက်လည်း တအံ့တသြဖြစ်နေရှာပေသည်။

မြင်းသုံးကောင် ဓောင်းထဲသို့ ဝင်သွားလျှင် ဒေါ်ပန်းအိက အပြစ်ဆိုတော့သည်။

"ဘဇာကြောင့် မိန်းကလေးတွေ မြင်းစီးစေရသတုန်း သမီး"

"ရှေ့ကနှစ်ယောက်က မြင်းစီး၊ ဓားခုတ်၊ လှံထိုးနဲ့ သိုင်းနင်းသကော အမေ"

ထိုသို့ဖြေရာက "သမီးတို့ ထွေးလေးနဲ့ ဦးကြီးချိပ် ဘဇာမှာ ကျန်ခဲ့သတုန်း" လှမ်းမေးရပြန်၏။

"မြင်းစာမြက်နဲ့နွားစာတင်ပြီး၊လှည်းနဲ့ လိုက်လာကြသယ် အမေရေ့"

မိအိုးသည် မအေ့အမေးကိုဖြေရင်း လမ်းဘက်သို့ ထွက်ကြည့်၏။ ကျန်လူများလည်း ငချိပ်နှင့် မိသော့ကို မျှော်ကြ၏။ သို့တစေ မယ်မင်းဘော်၏ အမေးကြောင့် မျှော်ရန် မလိုတော့ပေ။

မယ်မင်းဘော်က "သမီးရို့အဖေ အဘယ်မှာ ကျန်ခဲ့သတုန်း" မေးသဖြင့် "ကိုရင်နဲ့ မောင်လတ် ခေါ်ချေမယ်ဆိုပြီး ကျောင်းကို သွားသယ် အမေ" ဖြေသောကြောင့် ဖြစ်သည်။

အိမ်တွင် ဆွေမျိုးအုပ်ကြီးက သူတို့သားအဖတစ်တွေကို လည် တဆန့်ဆန့်ဖြစ်နေဆဲဝယ်၊ ငမိုးကောင်းမှာ ဦးဇဝနရှေ့တွင်သာ ရှိသေးသည်။

"အညာက ဆွေမျိုးတွေထဲမှာ မင်းပေါက်စိုးပေါက်များ မရှိဖူးလား မေးရသာက၊ ဒကာ့သား ရှင်လာဘရဲ့ ပညာလိုလားမှု၊ ထက်မြက်မှုကြောင့် မေးရသာဖြစ်သယ် ဒကာကြီး"

"မှန်ပါဘုရား။ ဘယ်သို့ဆိုသာ မိန့်တော်မူပါဦးဘုရား"

"သည်ဇနပုဒ်မှာနေရင် ဘဇာဖြစ်မတုန်း။ စာဟောပုဂ္ဂိုလ်၊ ဗေဒင် ပညာရှိပဲဖြစ်မှာပါ့။ မစားရ တစ်ချက် စားရ တစ်ချက်၊ မိုးကောင်း တစ်စလောင်း၊ မိုးခေါင် တစ်စလောင်းပေါ့။သဟာပေသည့် မင်းပါးစိုးခွင် ဝင်နိုင်ရင် စာရေးတော်ကြီး၊ နာခံ၊ သံတော်ဆင့်၊ ဝန်ထောက်၊ ဝန်ကြီး၊ အတွင်းဝန် ဖြစ်နိုင်လို့ မေးသာ"

"တင်ပါဘုရား။ အမေ့မောင် ဦးပဋ္ဌင်းတစ်ပါးဖြင့် အမရပူရမှာ စာ သင်နေသာ ရှိထင်ပါ့ဘုရား"

ငချိပ်နှင့် မိသော့တို့ ဝမ်းသာအားရ ပလုံးပထွေး ပြောသွား၍ တစ်ချက်၊ သူကလည်း ငချိပ်နှင့် မိသော့ ဖူးစာဆုံသည်ကိုသာ အရေးထား နေခဲ့မိ၍ တစ်ကြောင်းတို့ကြောင့် ဧည့်သည်များထဲ၌ ဘုန်းကြီးဦးပြား ပါလာ သည်ကို မကြားလိုက်ခြင်း ဖြစ်သည်။ သို့ကြောင့် မရေမရာသာ လျှောက်

ထားနိုင်သည်။

"အမရပူရမှာ ရှိနေခါမှဖြင့် မပြီးသေး၊ ဝန်ကြီးမှူးကြီး တစ်ဦးဦးထံမှာ အပ်ပေးနိုင်မှ ဖြစ်မှာပဲ"

ကိုရင်လာဘသည် ကေသီသိမ်းလျက်ရောက်လာသည်။ဦးဇဝနအား လက်အုပ်ချီလျက် ဆောင့်ကြောင့်ထိုင်သည်။

"ရှင်လာဘ ရောက်ပါပြီဘုရား"

"အေး လက်အုပ်ဖြေပြီး လွတ်လွတ်လပ်လပ်ထိုင်။ အခု ကိုရင့် ဆွေမျိုးတွေ ရောက်နေလို့တဲ့ လာခေါ်သာ လိုက်သွားဦး။ စာဝါတစ်ဝါ လွတ်သွားသာ နောက်ဆံတင်းမနေနဲ့"

"တင်ပါ့ဘုရား"

"အခု ကိုရင့် ကဗျာညဏ်ကို ကိုရင့်ဒကာကြီး သိသွားအောင် လက်တန်း စာစပ်ကြရအောင်။ ငါက ခံပေးမယ်၊ ကိုရင်က အုပ်"

"တင်ပါ့ဘုရား"

ငမိုးကောင်းမှာ ဦးဇဝန အရေးတယူပြုရသည်အထိ သူ့သား ချွန်မွန် နေကြောင်း ယခုမှသိရသဖြင့် ပြုံးပြုံးကြီးကြည့်နေ၏။

"ဒကာကောင်း ကျောင်းကိုလာ၊ ခေါင်းပေါင်းက ဗလာပါတကား"

ငမိုးကောင်းမှာ ခေါင်းပေါင်းတဘက်ပင် မပါ။ အမှျင်ဖွာနေသော သျှောင်ကြီးသာ ချိုစောင်းပေါ်၌ တင်နေ၏။

"သူ့ခမျာ ကပျာကယာ ပြေးလာပြန်၊ မေ့ကျန်ခဲ့ဟန် တူကြောင်းပါ ဘုရား"

"မကြိုက်သေးဘူး။ ပြန်ပြီး အုပ်စမ်း၊ ဒကာကောင်း ကျောင်းကိုလာ ခေါင်းကဗလာ"

ကိုရင်လာဘသည် သူ့အဖေရှေ့တွင် အစွမ်းပြချင်၏။ သို့ရာတွင် စာဘက်၌ အားစိုက်နေရသဖြင့် ကဗျာညဏ် မှိန်နေသည်။ မှိန်နေငြား သူ

ကြိုးစား၍ အုပ်ကြည့်သည်။

"ဝမ်းသာအားရနဲ့ ပြေးလွှားလာ သျှောင်ထုံးချည်းသာ။ အဲသာ ဟို ဂရုသံနဲ့ချပြီးခံမှ ဂရုသံနဲ့"

ကိုရင်သည် မဝံ့တဝံ့ စောဒကတက်သည်။

"အေးအေး။ ရှိစေတော့၊ သေိုင်းပါ ခေါ်သွား။ ည ဝါတက်ချိန်အမီ ပြန်လာခဲ့ပေတော့"

သားအဖနှစ်ယောက်မှာ ဦးဇဝနအား ဝမ်းသာအားရ ဝတ်ချပြီး နောက် သေိုင်းကိုခေါ်ပြီး ထွက်လာခဲ့ကြလေ၏။

သေိုင်းကား သေိုင်းအဖြစ် လွတ်လပ်စွာရှိသဖြင့် နှစ်ဖက် အဘိုး အဘွားများမှာ သေိုင်းကို ထင်ရှားစွာမြင်ကြရ၏။ လူပုံက နွဲ့နှောင်းငြား၊ မြင်းရေး၊ ဓားရေး အားသန်သူ။

ကိုရင်လှိုင်းကိုမူ၊ နှစ်ဖက်မိဘများသည် ရှင်လာဘအဖြစ်သာ မြင် ကြရ၏။ မဲမဲသဲသဲ လှိုင်းအဖြစ် အရင်းတိုင်း မမြင်ကြရ။ မည်သို့ဖြစ်စေ၊ မိုးကောင်း လင်မယားမှာ နှစ်ဖက်သော မိဘများနှင့် ရင်ဆိုင်ရပြီ။

"သမီး ရှည်ရှည်ဝေးဝေး ပြောနေရင် အမှားပါနိုင်သပ။ အမေတို့ အားလုံး ကိုယ်ချင်းစာကြည့်ကြပါဘိ။ အမေရို့ သားသမီးတွေကို အမေရို့ ဘယ်သူ့ကိုများ ပေးခဲ့ဖူးသတုန်း"

"ဟဲ့ မိမင်းဘော်ရဲ့။ ညည်းလည်း ကိုယ်ချင်းစာကြည့်ပါ။ ငါ့မှာ ညည်းနဲ့လည်း အဝေးကြီး နေရသကော။ အဲသဟာကြောင့် ညည့်ကိုယ်စား အလွမ်းဖြေဖို့ သေိုင်းကို ပေးပါပြောတာ လွန်သလား"

သူ့ကို လွန်သည် အထင်မခံရစေရန် ဒေါပန်းအိသည် မယ်မင်း ဘော်အား ငေါက်ငမ်းသည်။ မယ်မင်းဘော်မှာ မျက်ရည်တဝဲဝဲ နပ်တရွှဲရွှဲ ဖြင့်သာ နေရသည်။ ပြန်မပြောနိုင်ပြီ။ မအေကိုပြောလျှင် ယောက္ခမက သူ့ကို စောင်းမြောင်းသည် ထင်ကောင်းထင်နိုင်သည်။ ယောက္ခမနှင့် ချွေးမ ဟူသည်

မိန်းမအချင်းချင်း အကောင်းမြင်ရန် ဝန်လေးလေ့ရှိသည် မဟုတ်သလော။

"ဟဲ့ ဒကာမရဲ့။ ဘယ်မိဘမှ သားသမီးကို ရင်ခွင်ထဲမှာတစ်သက်လုံး သိမ်းမထားနိုင်ဘူး။ သိမ်းထားလည်း ထွက်သွားသာပဲ။ အခု ကိုရင်လာဘကို ခေါ်သွားမယ်ဆိုသာက သူ့ရှေ့ရေး ကောင်းစားဖို့ဟဲ့"

ဒေါ်အေးလှသည် တူမကိုကြည့်ကာ သနားလာသဖြင့် လေအေးနှင့် ချော့၏။

"အုန်းပင်စုနဲ့ ဆင်သေရှာ ဝေးသဟာမှ မဟုတ်သကောအေ။ ညည်းသား သွားချေလာလည့် လုပ်နေလည်း ဖြစ်သပါ့။ ပြီးတော့ ညည်းမှာ ကလေးငါးယောက်များတောင်"

ထိုစကားကို ပြောခြင်းသည် ဒေါ်အေးလှ၏ အမှားဖြစ်၏။ မယ်မင်းသော် ကြုံကြုံပါအောင် ငိုသောကြောင့် ဖြစ်သည်။ ငို၍ အားရတော့မှ ထပြီး ရန်တွေ့သည်။

"ဒွေးလေးအိမ်မှာ ရေအိုးငါးလုံးတောင်ရှိသဟာ တစ်လုံးပေးပါ တောင်းရင် ဒွေးလေးပေးမလား။ သက်မဲ့ပစ္စည်းတောင် ဒွေးလေး တွန့်တိုရင် အခုဥစ္စာက လူ။ အကျွန့်ရင်နဲ့လွယ်ပြီး မွေးထားရတာ"

အငိုမရပ်သေး။ တိုးမြင့်ပြီး ကျယ်လောင်စွာ ငိုလေ၏။

ထိုအခါတွင် ဘုန်းတော်ကြီး၏ စကားဦးသည် ငမိုးကောင်းဘက်သို့ လှည့်လာလေတော့၏။

"ငမိုးကောင်း၊ နင်စဉ်းစား"

"ကိုရင့်ဆရာ ဘုန်းကြီးကလည်း ဇနပုဒ်မှာနေရင် စာဟောပုဂ္ဂိုလ်၊ ဗေဒင်ပညာရှိ၊ သာထက်မပိုသဲ့ပြင် ကြီးပွားချမ်းသာလမ်း မမြင်လို့၊ မင်းပေါက် စိုးပေါက် ပုဂ္ဂိုလ်များ ဒကာတို့သားချင်းထဲမှာ မရှိဖူးလား မေးလိုက်သယ် ဘထွေး"

သူ့ဆန္ဒကို ဖြည့်စွမ်းသော စကားဖြစ်သဖြင့် ဦးပဏ္ဍိတသည် သူ့ဒူးကို

သူ အားရပါးရပုတ်၏။

"ဟုတ်သယ်။ အဲသာကြောင့် ခေါ်သွားချင်သယ် ပြောသာ။ သင့်ဆရာဘုန်းကြီးက သူ့တပည့်ဝါသနာနဲ့ သဟဇာတဖြစ်အောင် ကဗျာပါဒ်တန်း သင်ပေးထားပြီပဲ"

သို့ရာတွင် ဘုန်းတော်ကြီးသည် သူ့စကားကိုလျှော့ချ၏။

"အေးလေ။ မအေဆိုသာလည်း ပသို့ရှိစေ သားသမီးနဲ့ ရင်အုပ်မကွာ နေချင်သာပဲ။ ငါ အတင်းမခေါ်ပါဘူး"

ဒေါ်ရွက်သည် ငြိမ်ပြီး နားထောင်နေရာမှ မယ်မင်းဘော်အား လေအေးကလေးဖြင့် ဝင်ပြောသည်။

"အမေ ကိုယ်ချင်းစာပါသယ် သမီးရယ်။ သမီးမထည့်ချင်လဲ မထည့်လိုက်ပါနဲ့။ သာပေသည့် ထည့်လိုက်ရင်တော့ အမေတို့နဲ့ နီးသွားသာပဲ့။ မြေးအကုန်လုံး မတွေ့ရပေသည့် ရွှေမြို့တော်ကိုသွားရင် တစ်ယောက်တော့ အမေတို့ တွေ့ခွင့်ရနိုင်သယ် သမီး"

"ဖြည်းဖြည်းပေါ့ အမေရာ။ အမေတို့လည်း အေးအေးဆေးဆေး နေပါဦး။ မယ်မင်းဘော်လည်း ရှေ့ရေးနောက်ရေးကို စိတ်အေးအေးနဲ့ စဉ်းစားပါလိမ့်မယ်အမေ"

မီးဖိုထဲသို့ မိသော့နှင့် မယ်သ၊ဒန်းလုတို့ဝင်နေသဖြင့် မယ်မင်းဘော်မှာ ချက်ပြုတ်ရေးအတွက် မပူရတော့ပေ။ ပူရသည်မှာ သားနှစ်ယောက်နှင့် ခွဲခွာရေး ဖြစ်ချေသည်။

မအေကသာ မျက်ရည်သွန်းဖြိုး ရင်ကျိုးမတတ် ခံစားနေရငြား၊ ကိုရင်လှိုင်းမှာမူ ဖိုးအေဦးထိန်းနှင့် ဘထွေး ငမိုးနှောင်းတို့ အလယ်တွင် နေပြည်တော်သို့လိုက်ပါရေးအတွက် စိတ်အားထက်သန်နေ၏။

"မန္တလေးတောင်ပေါ်တက်ပြီး ဘုရားဖူးရင်း ရွှေမြို့တော်ကြီးကို လှမ်းကြည့်လိုက်ရင် နတ်သားနတ်သမီးတွေနေသဲ့ နန်းဘုံနတ်နန်းဆိုသာ၊

သဟာများလား မှတ်ရသယ်ကိုရင်ရေ့။ ရွှေရောင်ကတဝင်းဝင်း၊ ဖန်ရောင်က တလင်းလင်း၊ မှန်ရောင်က တလက်လက်ကိုး"

"ဟိုသင်းလိုများ ဖြစ်နေမလားဒကာကြီး"

"ပသို့ပါလိမ့် ကိုရင်"

မေးလိုက်သူမှာ ဦးထိန်းနှင့် ငမိုးနှောင်းကြားသို့ တရွေ့ရွေ့ ချဉ်းကပ်လာသော ဦးရဲတင်းဖြစ်၏။

"ဆရာတော် အရှင်အဂ္ဂသမာဓိ ရေးဖွဲ့တော်မူသဲ့ နေမိဘုံခန်းပျို့မှာ နေမိမင်းကြီးက ဖလိကဝိမာနဘုံကို မြင်တော်မူပုံပါ ဒကာကြီးရဲ့"

သူ့လက်ပေါ်တွင် ကြီးခဲ့သော မြေးကြီး၏စကားသည် ဦးရဲတင်း၏ ရင်တွင်း၌ ရေကြည်အေးနှယ် စီးဆင်း၏။ "ကြားပါရစေကိုရင်" ဟု တောင်းပန်၏။

"နတ်ဘုံနတ်နန်းကို ဖွဲ့ဆိုထားသာပါ"

"ဟုတ်ပါပြီ။ အဲဒါပဲ ကြားပါရစေ ကိုယ်တော်လေးရဲ့"

"ရှုဖွယ်ရှုဖွယ်၊ ရောင်ခြည်သွယ်သား၊ ကြယ်လည်းမပြုး၊ မည်းညစ်ဖုံးလျက် ပတ်ကုံးမိုက်မှောင် တိမ်တိုက်ချောင်ဝယ်၊ တန်ဆောင်ညီးညီး၊ မိုးကြယ်ကြီးဖြင့်၊ ရှားကျိုးသဇ္ဈာန်၊ ရွှေရည်သွန်သို့၊ ခြေသန်မြင်းခြေ၊ နှင်တုံ့ လေသော်တဲ့'။ကြိမထွက်သာကို ရိုးရိုးမရေးဘူး၊ 'ကြယ်လည်းမပြုး မည်းညစ်ဖုံးလျက်' တဲ့ဗျာ့"

"တင်ပါ့ဘုရား"

" 'တစ်ထွေထွန်းဝါ၊ ဆန်းကြယ်စွာလျှင်၊ ရောသွန်းသွန်း၊ မိုးတိမ်စွန်းတွင်၊ နတ်နန်းတစ်သီး၊ ဖန်သားပြီးလျက်၊ ညီးညီးညက်ညက်၊ ပြက်ပြက်ပြွံပြွံ၊ နှစ်ဆဲ့ငါးယူဇနာ၊ သချာပြည့်အောင် အစောက်ဆောင်သား၊ မိုးခေါင်မြင့်ဝှန်၊ ဘုံဗိမာန်ကို' နေမိမင်းကြီး မြင်တော်မူသာကလား"

"ဆက်တော်မူပါဦးဘုရား"

"မြင်သဲ့အတွက် မာတာလိနတ်သားကိုမေးတော်မူပုံက 'မိုးသိကြားစင်၊ ချစ်ကျွမ်းဝင်သည်၊ လွန်ကြင်လေးမြတ်၊ ခင်ပွန်းနတ်' တဲ့ဗျာ့"

"မှန်ပါ ကိုယ်တော်လေးဘုရား"

"ပြာသာဒ်တွင်ကား၊ စောင်းတန်းဖျားက၊ တံခါးပြင်ကွေ့ မြင်သရွေ့ဝယ်၊ ရွှေငွေ့ထက်သည်၊ ထူးစိမ့်မည်ဟု၊ ကြံစည်တစ်မျိုး၊ ဖန်သာမိုးသား။ ရွှေရိုးရွှေခြင်၊ ရွှေစင်ရွှေတိုင်၊ ရွှေလိုင်ရွှေခေါင်း၊ သိန်းနှစ်သောင်းနှင့် လက်စောင်းကိုးထောင်၊ မိုးထိအောင်လျှင်၊ နန်းဆောင်ထုပ်သန်း၊ ကွန်းစဉ်ခန်းလည်း၊ ကျယ်ဝန်းလှဘိ၊ ကြန်ရည်ညှိလျက်၊ လက်ထိခပ်ရွံ၊ ပုဇွန်ခွံကို၊ တရံမဖြစ်၊ ဇမ္ဗူရာဇ်စတော၊ ရွှေသတိဖြင့်၊ မီးကျီ့အရှိန်၊ တောက်ထိန်ရှန်းရှန်း၊ ရေဖျန်းမသတ်၊ ဖိုနှင့်ချွတ်သို့၊ မတ်မတ်အလယ်၊ ခပ်မြှောင်သွယ်မှ၊ ရိပ်ကျယ်ဝှမ်းချိုင်း၊ ပျိုင်းရရိုင်းလျှင်တဲ့။ ထုပ်လျှောက်ကွန်းစင်ဆိုသာတွေ ရွှေအတိနဲ့ လုပ်ထားပုံ ဖွဲ့ထားတော်မူသာ"

"မှန်ပါ့ ကိုယ်တော်လေးဘုရား"

"အင်း ပျိုင်းရရိုင်းလျှင်၊ ပန်းတိုင်းဆပ်သွား၊ ကျီးရန်းတားလျက်၊ ရင်အားပျို့ပျို့၊ လည်ခပ်ကို့နှင့်၊ ဆို့ဆို့ရပ်ကြီး၊ သန်းလျက်ချီးက၊ လည်သီးပတ်ကုံး၊ မိုးချုန်းမိုးသောက် တောက်လိနိုးနိုး၊ မညိုးမပိန် ရွှေရည်မှိန်သား၊ စိန်ကားဖြာဖြာ၊ သန္တာရဲရဲ၊ ပုလဲပျစ်ယှက်၊ ပြွန်အမျက်တိ၊ လျောက်ဆက်လိုင်ဦး၊ အထူးထူးလျှင်၊ သောက်ရှူးကြယ်ကို၊ ဖယ်လော့ဆိုလျက်၊ သည် ဘုံဆောင် ဘုံနန်းကြီး အလွန်တောက်ပ ရှန်းလက်သယ် မပြောဘဲ၊ ဝက်ဝုတ္တိနည်းနဲ့ 'သောက်ရှူးကြယ်ကို ဖယ်လော့ဆိုလျက်' တဲ့ ဒကာကြီးရဲ့"

ကိုရင်က တစ်စုံတစ်ရာ ရွတ်ပြနေပြီး၊ ကျန်လူများက ရှိသေစွာ နားထောင်နေသည်ကို မြင်ရသည့် အခြားလူများလည်း ချဉ်းကပ်ဝပ်လျှိုးလျက် နာကြားလာကြ၏။

"ဖယ်လော့ဆိုလျက်၊ တိမ်ညိုလုစ်ဖည်၊ လျှပ်စစ်ခြည်လည်း၊ နှိုင်းရည်

မတူ၊ မှန်ကင်းလူမျှ၊ ရွှေချူကွန်ယက်၊ ခြူးညွန့်ရှက်သား၊ ရိုးခက်ပွင့်ကြာ၊ အဖြာဖြာနှင့်၊ ရတနာခုနစ်လွန်ကျစ်လျစ်လျက်၊ အသစ်စက်စက်၊ ပြိန်းကာ ဖက်သို့ တဲ့ဗျ။ နောက်တစ်ပိုဒ်မှာလည်း လာသေးသဗျာ့"

"မှန်လှပါ ကိုယ်တော်လေးဘုရား"

"ရဝေစွန်းစွန်း၊ ညွန့်ညွန့်သွန်းမျှ၊ ခိုနန်းထုတ်မြဲ၊ ကြာသင်းတွဲလည်း၊ ရဲရဲလှတင့်၊ ယခုပွင့်သို့၊ ဆင့်ရင့်စုလစ်၊ သနစ်သနာ၊ ပျော်ဖွယ်သာတိ၊ နီလာကြောင်မြ၊ ပြောင်ပြောင်ပလျက်၊ ပေါ်စထွန်းထင်၊ ရွှန်းရွှန်းရွှင်သား၊ ကောင်းကင်တမ်းခွန်၊ နေမင်းဟန်သို့၊ ရောင်ဝှန်တပြီး၊ ကျူလောင်မီးဖြင့်၊ ရွှေရောင်၊ ပတ္တမြားရောင်၊ တောက်ပြောင်တာကိုလည်း၊ ကျူတောကို လောင်သဲ့မီးနဲ့ နှိုင်းသယ်ဒကာကြီး"

"သင့်မြတ်ပါပေသယ် ကိုယ်တော်လေးဘုရား"

"ကျူလောင်မီးဖြင့်၊ ကြီးသည်အဝှန့်၊ မြင်လျှင်လန့်မျှ၊ ဗိမာန့် ထက်ဝယ်၊ ထွက်သားကြွယ်သို့၊ အင်း.... သာက နတ်တွေကို ဖွဲ့တော်မူသာ ပါလေ။ ရတနာပုမ် ရွှေမြို့တော်ကြီးဆိုသာ သလိုပဲ ရိုးရိုးရဲရဲ ညီးညီး ပြောင်ပြောင် နေတန်ရာရဲ့၊ အာရုံနဲ့ ခံစားကြည့်မိသယ် ဒကာကြီး"

သို့စဉ်တွင် ဦးပဏ္ဍိတက လှမ်းမေး၏။

"မောင်ရှင်၊ အဲသာ ဘာစာတုန်း"

"ဆရာတော် အရှင်အဂ္ဂသမာဓိ ရေးစီတော်မူသဲ့ နေမိဘုံခန်းပျို့ပါ ဘုရား"

ဘုန်းတော်ကြီးအား လက်အုပ်ချီ ဖြေကြားပြီးမှ ဘိုးအေနှစ်ယောက်ကို ငုံ့ငဲ့ပြောပြန်၏။

"သုမေ္မာ သဘာယခန်းမှာလည်း ရှစ်မြှောင့်ပိပိ၊ ပဥ္စမိနှင့်၊ မျက်စိ ခြယ်လျက်၊ ကိုးယောက်ဖက်သား၊ အထက်လိုင်ခေါင်း၊ ရွှေတိုင်ပေါင်းကို၊ သိန်းသောင်းခန့် တွက်ရေသော် ခက်၏။ ဝန်းရှက်ဆင်ဖွယ်၊ ရနယ်ခြင်ကြား၊

မြရှင်တွားလျက်၊ ကိုးပါးမျက်မြတ်၊ နဝရတ်တွင်၊ စွတ်စွတ်ရည်ညို၊ သိန်းခိုပဲဝတ်၊ ကိတ္တပတ်ကို၊ စိခတ်ရုံလည်၊ မြှောင်ကာချိုလျက် တဲ့ အများကြီးပဲ။ အခုတော့ ရသာရ၊ မေ့သာမေ့ ဖြစ်ကုန်ပြီ”

ထိုသို့ သားမောင်ရှင်က စာတွေရွတ်ပြလေလေ မယ်မင်းဘော်မှာ သားကြီးကို တန်ဖိုးထားလေဖြစ်ကာ၊ မလွှတ်ရက်ဘဲ ရှိ၏။ ဦးပဏ္ဍိတမှာလည်း ထိုကဲ့သို့သော ငယ်ရွယ်သည့် စာပေသမားကို ‘နေပြည်တော်ရှိ ဆရာကောင်းထံပို့ရလျှင်’ ဟူသည့် အခန့်အမှန်းဖြင့် ပိုမိုပြီး သဘောတွေ့နေလေ၏။

ငမိုးကောင်းမှာကား မည်သို့မျှ မဆုံးဖြတ်တတ်အောင် ဖြစ်မနေကာ သားကို တစ်လှည့် ဇနီးကိုတစ်လှည့် ကြည့်လျက် သက်ပြင်းချနေမိတော့သည်။

★

# ၇

"သည်မန္တလေးတောင်ကို ရှေးရှေးတုန်းက ဘီလူးမတောင်လို့ ခေါ်သယ်။ ပုဂံပြည်က မင်းရှင်စော၊ သည်အရပ်ကို ရောက်လာပြီး အောင်ပင်လယ်ကန်ကို ဆည်ဖို့ရင်း ကွန်းထောက် စခန်းချသွားခဲ့သဲ့အတွက် မင်းရှင်စောတောင်လည်း ခေါ်သယ် ကိုရင်"

ကိုရင်လှိုင်းနှင့်အတူ ဦးထိန်း၊ မယ်ရွက်နှင့် ငမိုးနှောင်း၊ မယ်သ၊ ဒန်းလှတို့လည်း ပါလာသည်။ ပါလာသော်ငြား ဦးပဏ္ဍိတ အဓိကထားသူမှာ ကိုရင်ငလှိုင်းသာ ဖြစ်သည့်အတွက် သူ့ကို ဦးတည်ပြောပြနေခြင်းဖြစ်သည်။

သူတို့သည် စကားတပြောပြောနှင့် တက်လာလိုက်၊ အမော်ဖြေရင်း ဦးပဏ္ဍိတက ငါးရုံ့မင်းတောင်၊ ဖားမင်းတောင်၊ ရန်ကင်းတောင်များကို ညွှန်ပြလိုက်၊ ရွှေတစ်ချောင်း၊ ရတနာနဒီ၊ သင်္ဂဇာချောင်းများကို ညွှန်ပြလိုက်ဖြင့် တဖြည်းဖြည်း တောင်ထိပ်သို့ ရောက်လာကြသည်။

"သဟာဖြင့်၊ ဘဇာကြောင့် မန္တလေးတောင် ခေါ်သတုန်း ဘုရား"

"ဟန်လင်းသမိုင်းထဲမှာပါသဲ့ ဥဂ္ဂါသေနရာဇာနေထိုင်ခဲ့ဖူးသဲ့အတွက် မင်းကလေးတောင်လည်း ခေါ်သယ်။ သလို မင်းကလေးကနေ ကာလ ရွေ့လျောလာတော့မှ မင်းကလေးဂ၁ မန်းတလေး ဖြစ်လာသာ ကိုရင်ရဲ့"

"ယုတ္တိမရှိလှသကော ဘုရား"

"ဆရာကောင်း သမားကောင်း ပညာရှိတွေကို ဆည်းပူးရသဲ့အခါ ကျတော့မှ ကိုရင့်ဘာသာ မေးပေတော့"

ဦးပဏ္ဍိတလည်း သည်မျှသာပြောတတ်သဖြင့် ရယ်မောချေ၏။

"တပည့်တော်တို့ကို သင်္ဘောပေါ်မှာ ဦးဇင်းပြောပြဖူးသဲ့ ဘုရင် မင်းမြတ် အလောင်းအလျာ ဗျာဒိပ်ပေးခံရပုံကိုလည်း ကိုရင့်ကို မိန့်ကြားပါဦး ဘုရား"

ရွှေမြို့တော် တည်ပြီးစကပင် တည်ထားပြီးစီးခဲ့သည့် မတ်ရပ်တော် ဘက်သို့ ကိုရင်လှိုင်း ကုန်းချေကွချေ လည် ရှည်ချေ တိုချေ လုပ်ကြည့်နေ သဖြင့် မယ်ရွက်က တိုက်တွန်းသည်။

"အင်း.... အဝမြို့က ခုံတော် ငကြဲဖမ်းလို လူစားများ ဖြစ်လာမလား မသိဘူး။ အစ်မမြေးကို ပြောရသာ ခပ်ခက်ခက်"

မယ်ရွက် အမောပြေသွားသဖြင့် ပြုံးနေ၏။ ကိုရင် ပြန်တက်လာ သဖြင့် "ပြောသာပြောလိုက်ပါ ဦးဇင်းရယ်" ဟု ကိုရင့်ကို ဆီးကြည့်ရင်း တိုက်တွန်းသည်။

"သာသနာ့ဒါယကာ ဘဝရှင်မင်းတရားကြီးဟာ မြတ်စွာဘုရား ရှေလက်ထက်တော်မှာ သည်တောင်ပေါ်မှာ ဘီလူးမဖြစ်ခဲ့သတဲ့"

ကိုရင်လှိုင်းသည် စိတ်ဝင်စားစွာဖြင့် ဦးထိန်းဘောင်တွင် ကပ်ထိုင်၏။

"တစ်နေ့သောအခါမှာ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးဟာ အရှင်အာနန္ဒာနဲ့အတူ ဒေသစာရီ ကြွချီတော်မူလာရင်း၊ သည်တောင်ပေါ်ကို

ရောက်လာသတဲ့။ သည်အခါ လပြည့်ဝန်းနဲ့တူသဲ့ မျက်နှာရှိလို့ စန္ဒမုခီခေါ်သဲ့ ဘီလူးမဟာ မြတ်စွာဘုရားကို ကြည်ညိုလွန်းလို့ သစ်သီးဆွမ်းတွေနဲ့ ကပ်လှူသတဲ့။ သာပေမယ့်၊ အားမရသဲ့အတွက် သူ့ရင်သားအစုံကို လှီးဖြတ်ပြီး ရေ့ဖော်မှာ ချပုံလှူဒါန်းသယ်"

ထိုသမိုင်းစကား၊ ရှေးစကားကို တစ်ကြိမ်ကြားဖူးဖြစ်သော မယ်သနင့်ဒန်းလှတို့မှာ မျက်နှာသာမက နားရွက်တွေပါနီလျက် မျက်နှာ အောက်ငုံ့သွားကြလေ၏။နားရွက်စရာကောင်းခြင်းသည် လူရှက်စရာနှင့် မခြားနားပေ။

ငယ်ရွယ်သူနှင့် အပျိုကလေးတို့သာ ရှက်သည်မဟုတ်။ ၅၀ ရွယ် အမယ်ကြီးအိုဖြစ်သော မယ်ရွှက်လည်း၊ ဟီရိဩတ္တပ္ပတရား လက်ကိုင်ထားသူပီပီ၊ ခေါင်းငုံ့လျက် မျက်နှာလွှဲ၏။

သို့ဖြစ်သဖြင့် ဦးပဏ္ဍိတလည်း ရှက်ရယ်ရယ်၏။

"သမိုင်းစကားမို့ ပြောရပေသည့်၊ အစ်မနဲ့ တူမတွေကို အားတော့ အနာသားဗျ" ဆိုပြီးမှ ရှေးစကားကိုဆက်၏။

"အဲသလို ဘီလူးမရဲ့ သဒ္ဒါထူးကဲကြည်ညိုမှုရဲပုံကို တွေ့မြင်တော်မူရတဲ့အတွက် ရှင်တော်မြတ်ဘုရား ပြုံးတော်မူသဲ့အခါမှာ နောက်တော်ပါးက ရှင်အာနန္ဒာမထေရ်က သွားတော်အရောင်လက်သာကိုမြင်ပြီး မေးတော်မူသတဲ့"

"အရှင်အာနန္ဒာက ပသို့ မေးလျှောက်တော်မူပါလိမ့်ဘုရား"

ကိုရင်က စိတ်ဝင်တစား အမေးစကားဖြင့် ထောက်၏။

"သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရား၊ ဘယ်အကြောင်း ဘယ်အကျိုးကို မြင်တော်မူလို့ ပြုံးတော်မူပါသတုန်း ဘုရားပေါ့။" သည်အခါမှာ လူ နတ်တို့၏ ဆရာ ဘုဂဝါမြတ်စွာဘုရားက 'ချစ်သား အာနန္ဒာ၊ ငါ၏ သာသနာတော် ၂၄၀၀ ပြည့်သောအခါ ဤမန္တလေး ရွှေတောင် အရပ်၌ ....'

"အနို့ ဘုန်းဘုရား ခုနတုန်းက မိန့်တော်မူသာက ဘီလူးမတောင်ဆို ဘုရား"

ကိုရင်လှိုင်းက ဝင်ထောက်သည်။ "မြတ်စွာဘုရား လက်ထက်တော် တုန်းက ဘယ်လိုခေါ်မှန်းမသိလို့ နင် နားလည်အောင် အလွယ်ပြောရသာ ဟဲ့" ငေါက်သဖြင့် အဘိုးအဘွားနှင့် ဘထွေးတို့ ဝိုင်းဝန်းရယ်မောကြ၏။

"မဟာရာဇဝင်ဒွာနိ မင်းနေပြည်ကြီး တည်ထောင်ဖန်ဆင်းပြီးလျှင် ငါဘုရား၏ သာသနာတော်ကို လွန်ကဲစွာ ချီးမြှောက်သဲ့ သာသနာပြုမင်း ဖြစ်လတ္တံ့လို့ ဗျာဒိတ်ပေးတော်မူခဲ့သယ်။ အဲသာကြောင့် ရတနာပုံ မြို့တည် နန်းတည် ဘဝရှင်မင်းတရားကြီးဟာ ဘဝဟောင်းက ဘီလူးမတဲ့"

"ဘုန်းဘုရား ဘုရား၊ သည်တောင်ပေါ်ကို မြတ်စွာဘုရား ကြွလာ တော်မူသာ ဘယ်နှစ်ဝါ အရမှာတုန်း ဘုရား"

ရှေ့ဆက်မည့်စကားကို တန့်သွားအောင်လုပ်သော ကိုရင့်အမေး။

"အေးကွ။ ငါလည်း မင်းလို ကတ်ကတ်သပ်သပ် မေးမယ့်သူနဲ့ တွေ့မယ် မှန်းသိ မှတ်ထားမိသား"

တက်နေခြည်၏ ကန်တော့ပန်းဆင်မှုကို ရွှေရောင်တဝင်းဝင်း စိန် ရောင်တလက်လက်ဖြင့် ခံယူနေသော ရွှေမြို့တော်ကြီးဘက်သို့ ပီတိ တစိမ့်စိမ့်ဖြင့် မျှော်ကြည့်နေသူများမှာ ဝါးခနဲ ရယ်မောမိကြပြန်၏။

"အဲဟို ဗျာဒိတ်ပေး ရပ်ပွားတော်မြတ်ရဲ့ လက်ညှိုးကို သေသေ ချာချာကြည့် ကိုရင်။ အရှေ့ဘက်မြို့ရိုးနဲ့ တစ်ဖြောင့်တည်းပဲ"

"မှန်ပါ။ ဟောဟိုက ထီးဖြူလို အုပ်အုပ်ကြီးကကော ဘုရား"

"သုဓမ္မာဇရပ်တော်ကြီးနဲ့၊ ပဋ္ဌာန်း မဟာ ရွှေသိမ်တော်ကြီးလေ။ အဲသည်ဘေးက ကျောက်တော်ကြီးဘုရားပေါ့။ ဘုရားရဲ့ မဟာရံတံတိုင်း အပြင်ဘက်မှာ စမြင်လေးဖက်ချ အမိုးသုံးထပ်နဲ့ဟာကို ကိုရင် မြင်သာပဲ"

ကိုရင်မှာလည်း ကျန်လူများနည်းတူပင် ကျုံးရေပြင်အတွင်း၌ လှုပ်ရှား

ရွှေ့သွားနေသည့် လှေတော်များ၊ကျုံးဘေးမြို့ရိုးကြီးပေါ်ရှိ မုခ်ပြာသာဒ်များနှင့် ရွှေနန်းတော်ကြီးထံ အာရုံရောက်နေသဖြင့် အမေးထွက်မလာတော့ချေ။

သို့စဉ်တွင် ဘုန်းတော်ကြီးသည် အရှေ့ဘက်သို့ လက်ညှိုးထိုးပြ၏။

"ရွှေနန်းတော်ကြီးကို ကာရံထားသဲ့ မြို့ရိုးကြီးရဲ့ ဟစ်မျက်နှာမှာ တံခါးသုံးပေါက်ကျ ရှိသယ်။ တံခါးနာမည်ကို သိချင်ရင် တံခါးရှေ့က မော်ကွန်းတိုင်မှာ ရေးထားသယ်။မော်ကွန်းတိုင်တစ်တိုင်လုံးဟာ နီရဲနေသာပဲ"

"ဘဇာကြောင့် ရဲနေသာတုန်း ဘုန်းဘုရား"

"ဟသ်ာပြဒါး သုတ်လိမ်းထားလို့ပေါ့။ အဲဟို ပြာသာဒ်အောက်မှာ ရှိသဲ့ ဦးထိပ်တံခါးအတိုင်း ဝင်သွားရင် အတော်လှမ်းလှမ်းမှာ မြေနန်း ပြာသာဒ်တော်ကို ရွှေရောင်တဝင်းဝင်းနဲ့ မြင်ရမယ်။ ဝင်ဝင်ချင်း ဝဲယာမှာ စပါးကျီတော်တွေ၊ မွှာရုံတွေ၊ ထောင်ဘွေ၊ ရုံးတွေ၊ ဈေးဆိုင်တွေ ရှိသယ်။ လမ်းလေးခွဆုံတိုင်းမှာလည်း ကင်းရုံတွေရှိသယ်"

"ကင်းရုံဆိုသာ ကင်းတဲလားဘုရာ့"

"အေးပေါ့။ သို့သော် ငါတို့ကျေးရွာများမှာလို ညကျမှ ကင်းစောင့်သာ မဟုတ်ဘူး။ အမြဲတမ်းစောင့်ရသာ ကိုရင်ရဲ့။ ကင်းသား ရဲမက်တွေက အင်္ကျီအနီဝတ် မောက်တိုဆောင်းပြီး ဓား၊ လှံ ကိုင်ဆောင်ထားကြသယ်"

ရဲမက်ဟူသည့်အသုံးကို ကြားရသောအခါ အဖေ့ကို ကိုရင် သတိရသည်။ 'ငါရို့ရဲမက်တွေ' ဟူ၍ မကြာခဏပြောတတ်သော အဖေ။

"သစ်ပင်ရိပ်တွေအောက်က ပေါ်လာလိုက်၊ ပျောက်သွားလိုက်နဲ့ ပြေးနေသာတွေ မြင်ရသဘုရား"

လက်ညှိုးတထိုးထိုးဖြင့် မေးသူမှာ ငမိုးနှောင်း။

"မြင်းရထားတွေ၊ လှည်းယာဉ်ကလေးတွေ ဖြစ်ပါလိမ့်မယ်"

ဘုန်းတော်ကြီးသည် လည်ပင်းရှည်ကာ လှမ်းကြည့်ရင်းက "ခုန ဈေးဆိုင်တွေရဲ့ ဟိုဘက်ရောက်သဲ့အခါ၊ မင်းညီမင်းသား အိမ်တော်တွေ၊

ဝန်စု မှူးစုအိမ်တွေ၊ သူဌေးသူကြွယ်အိမ်တွေ၊ အမှုတော်ထမ်းအိမ်တွေ ရှိသယ်" ဟု ဆက်ပြောသည်။

"နေပါဦးကိုယ်တော်၊ အတွင်းမြို့ရိုး ရှိသေးသယ်ဆို"

ဦးထိန်း၏အမေး ဖြစ်သည်။

"ရှိသေးသယ်လေ။ ကျုံးမြို့ရိုးကြီးနဲ့ အတောင် ထောင့်လေးငါး ခြောက်ရာကွာမှာ နန်းမြို့ဆိုသာရှိသယ်။ သစ်လုံးကြီးတွေ စေ့နေအောင် စိုက်ထောင်ထားသဲ့ သစ်တပ်က တစ်ထပ်၊ အုတ်မြို့ရိုးတစ်ထပ် ရှိသေးသယ်"

"ဦးပဥ္စင်း အဲသည်ရောက်ဖူးသလား ဘုရား"

"တံခါးနီအထိပဲ ဘုန်းကြီးရောက်ဖူးသယ်"

"ဘယ်လို တံခါးနီခေါ်သတုန်းဘုရား"

"သည်လို သည်လို။ အခုပြောနေသဲ့ အတွင်းမြို့ရိုးရဲ့ အရှေ့ မျက်နှာ ရွှေတော်ယူတံခါးအတိုင်း ဝင်သွားရင်၊ လမ်းရဲ့မြောက်ဘက်မှာ ပဟိုရ်စင် ရှိသယ်။ လေးထောင့်အုတ်ခုံပေါ်မှာ လေးတိုင်စင်နဲ့ဆောက်ထားသာ"

ကိုရင်လှိုင်းသည် ပဟိုရ်စင်ဟု ကြားသဖြင့် မျက်နှာလှည့်လာ၏။ ဦးပဏ္ဍိတ ဆက်မပြောသေးဘဲ သူ့မြေးအား ပြုံးစေ့စေ့ကြည့်၏။

"မေး။ ဘာမေးမလို့တုန်း"

"ပဟိုရ်စင်ဆိုသာ ဘဇာပါလိမ့်ဘုရား"

"ကိုရင် လက်ရိုးလေး အဌလက်ဟောကိန်းလေးလောက်ဖြင့် သင်ခဲ့ရ တန်ရာရဲ့"

"တင်ပါ့ဘုရား။ အနည်းအပါး သင်ခဲ့ရပါသ ဘုရား"

"သည်လိုဆိုရင်၊ တစ်ရက် နာရီ ၆၀။ အဲသည် ၆၀ ကို ဘာ ဘယ်လောက်ဆိုသာ သိမှာပေါ့ ဆိုပြစမ်း"

အားလုံးသည် ကိုရင်လှိုင်းအား တပြုံးပြုံး ဝိုင်းကြည့်ကြ၏။

"တစ်နာရီ ၄ ပါဒ်ပါ ဘုရား။ တစ်ပါဒ် ၁၅ ဗိဇနာ။ တစ်ဗိဇနာမှာ

၆ ပြန်။ တစ်ပြန်မှာ ၁၀ ခရာ ရှိပါသဘုရား"

"အေး။ တစ်ရက်မှာ အဲသည်ပဟိုရ်စင်ပေါ်မှာရှိသဲ့ ပဟိုရ်စည်ကြီးနဲ့ ခေါင်းလောင်းတော်ကြီးကို ခုနစ်နာရီနဲ့ ဗိဇနာ ၃၀ တစ်ကြိမ်ကျ တီးသကွယ့်"

"မှန်ပါဘုရား"

ဘုန်းတော်ကြီးသည် လျှောကျနေသည့် ကေသီကို ဆွဲတင်ကာ နေရာပြင်ထိုင်ရင်း "သည်လိုကွယ်၊ အစက စပြောမှ ဖြစ်မှာပါ" ဆိုသည်။

"ကြေးနီ ၁၆ ကျပ်သားနဲ့ လုပ်ထားသဲ့ ဖလားတစ်လုံးကွ။ အဝ ၉ သစ်၊ အစောက် ၇ သစ်ရှိသယ်။ ဖင်မှာ အပေါက်ဖောက်ထားပြီး၊ ရေအပြည့်ရှိသဲ့ ရတနာအင်တုံထဲ ထည့်ထားသယ်"

"ဖလားဖင်က အပေါက်က ဘဇာလောက် ကျယ်သတုန်းဘုရား"

ဦးပဏ္ဍိတ ပြုံးလိုက်ကာ "တမင်ချန်ထားခဲ့သာကွ" ဟုဆိုပြီးမှ ပြော၏။

"ဆယ်နှစ်ရွယ် သတို့သမီးငယ်ရဲ့ ဆံပင် ၁၆ ပင် ဝင်သာရုံရှိသဲ့ အပေါက်ကို ဖလားဖင်ရဲ့ အလယ်တည့်တည့်မှာ ဖောက်ထားသကွ"

အရေးထဲတွင် အရာပေါ်သူမှာ ငမိုးနှောင်း။ သူက "ဘထွေး၊ မွန်းတည့်သွားလို့ ဆွမ်းလွတ်သွားဦးမယ်။ ဆွမ်းဘုဉ်းပေးရင်း ပြောပါလား" သတိပေးသဖြင့် ဖြစ်၏။

"စောပါသေးသယ်ကွာ"

"နေဦး ဘထွေး၊ နေဦး"

ကိုရင်သည် မြေညီသောနေရာသို့သွားပြီး သူ့အရိပ်ကို သူ့ခြေဖဝါးဖြင့် တိုင်းတာသည်။ အရိပ်သည် များစွာ ရှည်လျားသေးသည်။

"ဘယ်နှစ်ဖဝါး ရှိသတုန်းကွ"

ကိုရင် ပြန်အလာတွင် ဦးထိန်းက ဆီးမေး၏။

"၂၁ ဖဝါးရှိသယ်ဘ"

## ပုဂံစာအုပ်တိုက်

"အခုလက ပြာသိုလ။ ၆ ဖ၀ါးမှ မွန်းတည့်သာ။ စောပါသေး သယ်လေ။ ဦးဇင်း အေးအေးဆေးဆေးပြောပါ"

သို့အတွက် အရှင်ပဏ္ဍိတ ဆက်လက်မိန့်ကြား၏။

"အဲသည် ဖလားထဲကို ရေတွေ တဖြည်းဖြည်း ဝင်လာလိုက်သာ၊ ရေပြည့်ပြီး ဖလားမြုပ်မြုပ်ချင်း ဆယ်ယူ၊ ရေသွန်ပစ်၊ ပြန်တည်ထားပြီးမှ 'မှောင်' ဆိုပြီး ငွေမောင်းတီးရသယ်။ ဖလားတစ်ခါမြုပ်သာကို ၁ နာရီ ခေါ်သယ်"

"ပဟိုရ်စည် မပါသေးဘူးဘုရား"

"လာမယ်ကွာ၊ ဖြည်းဖြည်းပေါ့"

တိတ်ဆိတ် စိတ်ပါဝင်စားစွာ နားထောင်နေသူများ ရယ်မောကြ ပြန်၏။

"ညသန်းခေါင်အချိန်မှာ ခေါင်းလောင်းတစ်ချက် ပဟိုရ်တစ်ချက် နှောင်ဒိုင်းနှောင်ဒိုင်းဆိုပြီး ၂ ကြိမ်တီးသာကို 'ည၌ ၂ ချက်တီး' ခေါ်သယ်ကွ"

"တင်ပါ့ဘုရား"

"ပဟိုရ်စည်ရဲ့အောက်က ရတနာအင်တုံမှာ ဖလား တစ်ခါမြုပ်သွား သယ်။ ငွေမောင်း တစ်ချက်ခေါက်သယ်။ နောက်တစ်ကြိမ်မြုပ်သယ်။ နှစ်ချက် ခေါက်သယ်။ အဲသည်လို တစ်နာရီတစ်ခါခေါက်၊ခေါက်သဲ့ အချက်ရေလည်း တိုးတိုးလာလိုက်သာ၊ ၇ ချက်ခေါက်အပြီး၊ ၇ နာရီ ထိုးအပြီးမှာ နာရီမှူးကို သွားပြီး လျှောက်ထားရသယ်။ ၇ နာရီထိုးပြီး သွားပါပြီ ဘုရားပေါ့"

မြေးအဖိုးတို့ စကားကောင်းနေဆဲရှိငြား၊ ဒန်းလုလင်မယားက ယွန်းအုပ်၊ ပခြုပ်များဖွင့်ကာ ဆွမ်းကပ်ရန် ပြင်ဆင်ကြပြီ။

"နာရီမှူးက ဗိဇနာသုံးဆယ်စောင့်အပြီး ၇ နာရီ ဗိဇနာ ၃၀ အပြည့်မှာ 'ဟဲ့ ပဟိုရ်စည်' လို့ အမိန့်ပေးတော့မှ နန်းတော်ဘက်လှည့် သုံးကြိမ်ဦးချပြီးမှ နှောင်ဒိုင်းသုံးကြိမ်တီးသယ်။ အဲသာကို သုံးချက်တီးသယ် ခေါ်သယ်ကွယ့်"

"ဘုန်းဘုရား၊ ဆွမ်းဘုဉ်းပေးရင်း ဆက်ပြောဘုရား။ မွန်းတည့်မှာစိုးလို့"

သို့သော် ဦးပဏ္ဍိတ လှည့်မလာသေး။

"နောက်ထပ် ရေဖလားတစ်ခါပြည့်တိုင်း တစ်နာရီထိုးလိုက်။ နောက် နှစ်နာရီငွေမောင်းခေါက်လိုက် လုပ်လာလိုက်သော ၇ နာရီ ထိုးသွား ပြန်ရော။ ၇ နာရီနဲ့ ဗိဇနာ ၃၀ အပြည့်မှာ နောင်ဒိုင်းဆိုပြီး လေးခါတီးပြန်ရော။ အဲသာကို ၄ ချက်တီးခေါ်သယ်"

ဤသို့ဖြင့် မြေးအဖိုးနှစ်ပါး ဆွမ်းတစ်ပွဲစီ ဘုဉ်းပေးရင်း ပြောလာရာ၊ ညဥ့်တစ်ချက်တီး။ ၅၂ နာရီ ဗိဇနာ ၃၀ အကြောင်းသို့ ရောက်တော့မှ ပဟိုရ်စည်အကြောင်း ပြီးဆုံးလေ၏။

သို့သော် ဦးပဏ္ဍိတ၏ စကားမှု မဆုံးသေး။

"ငါရို့ မြန်မာက တစ်ရက်မှာ နာရီ ၆၀ ရှိပေမယ့် ကုလားမှာ ၂၄ နာရီပဲ ရှိသယ်"

"တင်ပါဘုရား"

"ငါရို့ ဘ၀ရှင်မင်းတရားကြီးရဲ့ ရွှေနန်းတော်ထဲမှာ ကုလားနာရီတွေ ရှိသယ်တဲ့ဟ ကိုရင်ရ"

"သူက ပသို့တီးသတဲ့တုန်း အရှင်ဘုရား"

"တိုင်မှာဖြစ်ဖြစ်၊ ထရံမှာဖြစ်ဖြစ် ချိတ်ထားသာတဲ့။ စက်နာရီ ခေါ်သယ်။ အဲသာက မွန်းတည့်မှာ ၁၂ ချက် ဒင်ဒင်နဲ့ မြည်ပြီးရင် ပြီးသွားရော။ မွန်းလွဲမှာ တစ်ချက်မြည်ပြီး သန်းခေါင်အထိ ချက်ရေတိုးသွား။ သန်းခေါင် ၁၂ နာရီထိုးအပြီးမှာ တစ်ချက်က ပြန်စပြန်ရော"

ကိုရင်လှိုင်းသည် လက်ဆေးနေရာက ခေါင်းစောင်း နားထောင် နေပြီး "တပည့်တော်တို့က နေ့ လေးပဟိုရ် ညဲ လေးပဟိုရ်၊ နေ့နာရီ ၃၀၊ ညနာရီ ၃၀ ရှိသလို ကုလားက ၁၂ နာရီရှိသာပေါ့ဘုရား" ဟု ပြောသည်။

"မှန်သယ်ကိုရင်။ ကုလားဆက်သသဲ့ နာရီတွေရှိပေမယ့် ငါရို့

ပဟိုရ်စည်ကိုပဲ ဘုရင်မင်းမြတ် သုံးတော်မူသယ်"

"တပည့်တော် မသိလို့ မေးပါရစေ ဘုန်းဘုရား"

"မေးလကွယ်" ဆိုစဉ် ကိုရင်သည် ဦးပဏ္ဍိတအနီးသို့ ရွေ့ပြောင်းလာခဲ့သည်။ ထိုနေရာမှာ နန်းမြို့တော်ကြီးကို အမြင်သင့်သောကြောင့် ဖြစ်သည်။

"ကုလားရဲ့ စက်နာရီဆိုသာက လူမတီးဘဲ မြည်သာလားဘုရား့"

"အေးကွယ့်၊ လူမတီးရဘူး။ ဒကာဖေကို ငါ မေးကြည့်ဖူးသယ်၊ သူက လူစုံမဟုတ်လား။ သံပြားပါးပါးပျော့ပျော့ကို ခွေထားသာတဲ့။ အဲသည် သံပြားက အလွန်မာကြောသဲ့အတွက် အခွေမခံဘူး ပြေထွက်သယ်။ သလိုပြေထွက်သဲ့ အားနဲ့ ခွေးသွားစိတ်ပါသဲ့ ဘီးတွေလည်သတဲ့။ လည်သဲ့ အလျောက် နာရီမျက်နှာပြင်ပေါ်က လက်တံက ဂဏန်းကွက်တွေပေါ်မှာ တရွေ့ရွေ့သွားသာလို့ ရှင်းပြသယ်"

"မှန်ပါဘုရား။ သဟာဖြင့် ပသို့မို့ အသံမြည်သတုန်းဘုရား"

"တစ်ဆယ့်နှစ်ဂဏန်းပေါ်ကို လက်တံရှည်အရောက်မှာ မောင်းတံကျပြီး အသံမြည်သယ်ဆိုသကွယ့်"

"ဘဘုန်း မိန့်သဲ့အထဲမှာ လက်တံရှည်ဆိုသာ ပါပါသယ်။ သလိုဆိုရင် လက်တံတိုရှိသေးသလားဘုရား"

အတော်စေ့စပ်သော သာမဏေပေပဲဟူသည့် သဘောဖြင့် ဦးပဏ္ဍိတ ကျေနပ်စွာ ပြုံးသည်။ ခေါင်းညိတ်သည်။

"လက်တံတိုက ဖြည်းဖြည်းရွေ့ပြီး နာရီကိုပြပြီး လက်တံရှည်က မြန်မြန်ရွေ့ပြီး မိနစ်ကို ပြ ဆိုလားပဲ"

ကိုရင် များစွာ စိတ်ဝင်စားငြား၊ ဘဘုန်းကြီးမှာ သည်မျှသာ ရှင်းပြနိုင်၏။ သို့စဉ်တွင် ဒန်းလှ အသံပေါ်လာသည်။

"ဘဘုန်း စကားဆက်ပါဦးဘုရား"

"ဘာဆက်ရမှာတုန်းဟဲ့။ အရင်းမရှိ အဖျားမရှိ"

"ဟိုသင်းလေ၊ အတွင်းမြို့ရိုးကို ဝင်လာပြီးတော့ ပဟိုရ်စင်ကို တွေ့သယ်လေ။ အဲသည်မှာ စကားပြတ်သွားသာ"

"ဩော် အင်း၊ ဟုတ်ပါ့ရဲ့" ဆိုကာ ဦးပဏ္ဍိတသည် ကွမ်းယာကို ညက်အောင် ဝါးသည်။ ကွမ်းတံတွေး ထွေးသည်။

"လမ်းမြောက်ဘက်မှာ ပဟိုရ်စင်၊ လမ်းတောင်ဘက်မှာ မြေနန်း၊ အဲသည် မြေနန်းပြာသာဒ်တော်ရဲ့ အနောက်ဘက်ကိုမျက်နှာပြုပြီး စွယ်တော်စင်ကို မုခ်ဦးလှေကားတပ်ထားသယ်။ စွယ်တော်စင်ပေါ်မှာ ရှေးရှေး မင်းစဉ် မင်းဆက် ကိုးကွယ်ခဲ့သဲ့ နန်းစဉ်ဘုရားတွေ ရှိသယ်လေ"

ကိုရင်သည် နားဖြင့် မှတ်သည့်နည်းတူ မျက်စိဖြင့်လည်း လည်ပင်း တရှည်ရှည် မျှော်ကြည့်စဉ် တူရိယာသံများ၊ လေသင့်၍ထင့် သဲ့သဲ့ကြားရ၏။ သို့အတွက် မယ်သက ထမင်းပေသော လက်ကြီးဖြင့် ထိုးပြ၏။

"ရွှေတက်တွေနဲ့ လော်သွားသဲ့ အဲ ဟိုလှေပေါ်က ဘုရာ့"

မောင်းကြီးသံ၊ ပုံတောင်သံနှင့် နှဲသံ၊ လင်းကွင်းသံများသည် ကြားရ တစ်ချက် မကြားရတစ်ချက်ရှိငြား၊ ကြည်နူးဖွယ်ကောင်း၏။

"ရေကင်းလှည့်သယ်ဆိုသာ ဒါထင်ပါရဲ့ဟယ်"

ဘဘုန်းကြီး မသိသောအရာတွေ၊ ရွှေမြို့တော်ကြီးတွင် များစွာ ရှိသည်ဟု ကိုရင် နားလည်သည်။ ထိုသို့ နားလည်ခြင်းသည် ဦးပဏ္ဍိတ၏ စိတ်ကူး အောင်မြင်ရေးအစပင်ဖြစ်သည်။ ဘဘုန်းကြီးက သူ့မြေးတူကို အဝတ်လဲခိုင်းပြီး၊ ဝန်ကြီးဝန်ထောက်၊ အတွင်းဝန်တစ်ယောက်ယောက်ထံ အပ်နှံခြင်းဖြင့် မင်းမှုထမ်းဘဝသို့ ပို့ဆောင်လိုစိတ် ပြင်းပြနေသည်။

"သူပြောသာနဲ့ ဘဘုန်း စကားပြတ်သွားပြီ"

"ဘွာတေးအေ ဘွာတေး။ ငါလည်း ဝမ်းသာအားရ ပြောမိသယ်။ နားထောင်လို့ ကောင်းသာကိုးအေ့"

ဒန်းလှနှင့် မယ်သတို့ ရန်ဖြစ်သဖြင့် ဘဘုန်းမှာ လက်ညှိုးတညွှန်ညွှန်ဖြင့် ဆက်ပြောရပြန်သည်။

"ကဲ ကဲ၊ ရန်မဖြစ်ကြနဲ့။ သစ်တပ်ရဲ့ အနောက်ဘက်ကို တာ သုံးဆယ်ကျော် လေးဆယ် မရှိတရှိ ထပ်သွားလိုက်ရင် အုတ်မြို့ရိုးတစ်ထပ် တွေ့ရသယ်။ သည်မြို့ရိုးထဲကို တံခါးနီက ဝင်ရသယ်"

"ဘဘုန်း ခုနက အမိန့်ရှိသဲ့အထဲမှာ စွယ်တော်စင်ပါပါသယ်။ အဲသာနားမှာ ဘာမှမရှိတော့ဖူးလား"

"တောင်ဘက်မှာ လက်နက်တိုက်ရှိသာပေါ့ ကိုရင်"

"တင်ပါ့ဘုရား"

"တံခါးနီကို တော်ရုံတန်ရုံလူ မဝင်ရဘူး။ မှူးကြီးမတ်ကြီးတွေနဲ့ မင်းမိဖုရားကလွဲရင် လက်မှတ်နဲ့ ဝင်ရသယ်။ အေး အဲသာတောင် မလွယ် ပေါက်က ဝင်ရသာဟဲ့"

ကိုရင်သည် တံခါးနီကို မြင်ရနိုးလှမ်းမျှော်၏။ မမြင်ရလေ။

"တံခါးနီရဲ့ တောင်ဘက်နားမှာ လွှတ်တော်ရှိသယ်။ ကွန်းတိုင် ၁၂ လုံးနဲ့ စမြင်ခံ လည်ပေါ်နှစ်ဆောင်တွဲပေါ့။ ဝန်ကြီးဦးကြာဥတို့၊ ဝန်ကြီး ဦးရန်ဝေးတို့၊ ဦးမှိုတို့ အင်္ကျီလက်ကျယ် ရွှေစလွယ်ဆင်ပြီး ခေါင်းပေါင်းဖြူ ဖော့လုံးပေါင်းတွေနဲ့ တရားစီရင်ကြသယ်"

"မြေနန်းတော် ဆိုသဟာကကောဘုရား"

ကိုရင့်အမေး ဖြစ်သည်။

"မြေနန်းတော်က ဘုံခုနစ်ဆင့်ရှိသယ်။ သီဟာသနပလ္လင်ထားသယ်။ ယမနေသားနဲ့လုပ်သဲ့ ပလ္လင်အောက်မှာ ခြင်္သေ့ရုပ်ခံထားလို့ သီဟာသန ခေါ်သာ။ မင်းတရားကြီးနဲ့ မိဖုရားခေါင်ကြီးတို့ ထွက်ပြီး ကန်တော့ခံသာ ပေါ့"

"ဘယ်သူတွေက ကန်တော့ပါလိမ့် ဘဘုန်း"

သည်အမေးရှင်မှာလည်း ကိုရင်လှိုင်းသာ ဖြစ်၏။

"နှစ်သစ်ကူးတစ်ကြိမ်နဲ့ ဝါဝင်တစ်ကြိမ်၊ ဝါထွက်တစ်ကြိမ်၊ စုစု ပေါင်း သုံးကြိမ်။ စော်ဘွား၊ မြို့စား၊ ဝန်စု၊ မှူးစု၊ ရှင်ဘုရင်ရဲ့ သားတော် သမီးတော်တွေ၊ ရှင်ဘုရင်ရဲ့ ညီတော်တွေ နှမတော်တွေက ကန်တော့ကြသာ ကိုရင်ရဲ့"

"မြေနန်းရဲ့နောက်မှာ ဇေတဝန်ဆောင် ရှိသယ်။ သည်အဆောင် ထဲမှာ သံတမန်တွေကို လက်ခံတွေ့ဆုံသယ်။ ဦးအောင်ဇေယျက စတင်ခဲ့သဲ့ ကုန်းဘောင်ဆက်မင်းတွေ၊ မိဖုရားတွေရဲ့ အရုပ်တွေကို သည်အဆောင်မှာ ပူဇော်ကန်တော့သယ်"

"ပလ္လင်လည်း ရှိသမှတ်လား ဘဘုန်း"

"ရှိသာပေါ့။ ရွှေနန်းတော်ဦး ဇေတဝန်ဆောင်မှာထားသဲ့ ပလ္လင်ကို သက်န်းသားနဲ့ လုပ်သယ်။ ပလ္လင်အောက်မှာ ဟင်္သာရုပ်ခံထားသဲ့အတွက် ဟံသာသနပလ္လင်"

"ပြတိုက်ဆိုသာကြားဖူးပါသယ်" ဟု ရေရွတ်သူမှာ ဦးထိန်းဖြစ်၏။

"ကြားဖူးပေါင်တော်၊ ပြတယော်ပဲ ကြားဖူးပါသယ်"

မယ်ရွက် ဝင်ပြောသဖြင့် ဦးပဏ္ဍိတမှာ ရယ်မောနေရ၏။

"ပြတိုက်တော်ဆိုသာက အတွင်းဝန်တွေ ရုံးထိုင်သဲ့နေရာကိုခေါ်သာ ယောက်ဖကြီးရ။ ဇေတဝန်ဆောင်ရဲ့ မြောက်ဖက်မှာ။ ပြတိုက်နဲ့ တစ်ဆက် တည်းပဲ ဆင်ဖြူတော်ထားသဲ့ ဆင်မင်းနန်းတော်လည်း ရှိသေး"

"ဆင်ဖြူတော် ရောက်လေရာအရပ်မှာ မိုးလေဝသ မှန်ကန်သယ် ဆိုသာ ဝေဿန္တရာဇာတ်တော်မှာ နာရဖူးသယ် ကိုယ်တော်။ အဲသာ ဟုတ် သလား"

ဦးထိန်းက တုံ့ပြန်မေးသဖြင့် ကျန်လူများသည် ဦးပဏ္ဍိတအား ဝိုင်းပြီး ကြည့်နေကြ၏။

"ဘုန်းကြီးလည်း သာမဏေဘဝမှာ ဇာတ်ကြီးဆယ်ဖွဲ့သင်တုန်းက ကျက်ခဲ့ မှတ်ခဲ့ရသယ်"

"ဟုတ်ပါပြီ။ နောက်ထပ် ဘာများ ကျန်သေးသတုန်း"

မယ်ရွက်ဂ စကားဆက်စေချင်သဖြင့် ဝင်ပြောသည်တွင်ဘုန်းတော်ကြီးသည် လက်ကန်တော့ပြင်ထိုးသည်။ "ကျန်သေးသာကတော့ အများကြီးပေါ့" ဆိုကာ၊ စနုဆောင်ရှိလောက်မည့်နေရာဘက်သို့ လက်ညှိုးညွှန်၏။

"ညီလာခံစနုဆောင်၊ ဇောင်းတော်ဆောင်၊ လက်ဖက်ရည်ဆောင်၊ ရွှေတိုက်၊ တောင်ပန်းခုံအုတ်တိုက်၊ မှန်နန်းဆောင်။ အဲသာရဲ့ မြောက်ဘက်မှာလည်း မြောက်စမုတ်၊ တောင်စမုတ် အနောက်ပိုင်း။ အေး၊ အရေးကြီးဆုံးကတော့ ဖန်တွေ မှန်တွေစီခြယ်ပြီး ရွှေပိန်းချထားသဲ့ မှန်နန်းတော်ပဲ"

"ဘာဇာကြောင့် အရေးကြီးဆုံး ဖြစ်ရပါသတုန်းဘုရား"

ကိုရင့်အမေးဖြစ်သည်။

"ဘုရင်မင်းမြတ် အမြဲစံစားတော်မူရာ နန်းတော်ဖြစ်သယ်။ အတာပွဲတော်ကို မိဖုရားခေါင်ကြီးနဲ့ အတူ တည်ရာလည်း ဖြစ်လို့ပဲကိုရင်။ တခြားအဆောင်တွေထက် ခမ်းနားသယ်၊ ကြီးကျယ်သယ်"

"ဘုရင်စံရာဖြစ်ရင် ပလ္လင်ရှိရမှာပေါ့ဘုရာ့"

"ဟုတ်သယ်ကိုရင် ဟုတ်သယ်။ အဲသည်မှာထားသဲ့ ပလ္လင်တော်က ဘမရာသနပလ္လင်တဲ့။ ကရဝေးသားနဲ့ လုပ်ရသယ်"

"ပိတုန်းရုပ် ခံသလားဘုရား"

"ဟုတ်သယ်ကိုရင် ဟုတ်သယ်"

ကိုရင်လှိုင်းက ပလ္လင်အကြောင်း မေးမြန်းလာသည့်အတွက် ဘုန်းတော်ကြီးမှာ ကျန်နေခဲ့သည့် ပလ္လင်များကို သတိရလာဟန်ရှိ၏။

"ဆင်ကောင်း၊ မြင်းကောင်း သမီးကညာဆိုသာတွေ ဆက်သလာသဲ့အခါ မြောက်စမုတ်ကို ထွက်တော်မူပြီး သိမ်းပိုက်သကွယ့်။ အဲသာကြောင့်

ပုဂံစာအုပ်တိုက်

အဲသည်မှာ ပေါက်သားနဲ့လုပ်သဲ့ မယူရာသနပလ္လင်ရှိသယ်။ ဥဒေါင်းရုပ်ခံသာပေါ့"

"တင်ပါ့ဘုရား"

"တောင်စမုတ်မှာလည်း ရေသဖန်းသားနဲ့လုပ်သဲ့ မိဂါသနပလ္လင်ဆိုသာ ရှိသေးသယ်။ ပလ္လင်အောက်မှာ သားရဲ ရုပ်ခံသကွ။ ရှင်ပြုပွဲ၊ ပဒ္ဓင်းခံပွဲတွေကို အဲသည်မှာ ကျင်းပလေ့ရှိသာပေါ့"

ကိုရင်နှင့် ဘုန်းတော်ကြီးတို့ စကားအပြတ်တွင် မယ်ရွက်က ဝင်မေး၏။

"မိန်းမတွေချည်းနေသဲ့ နန်းတော်လည်း ရှိသေးဆို ဦးပဒ္ဓင်း"

"အနောက်ပိုင်းဆိုသာ အဲသာပေါ့ ဒကာမကြီးရ။ အဲသည်မှာ အဆောင်ရမိဖုရားတွေရဲ့ အဆောင်တွေ။ ဘုရင့်အမှုကိစ္စတွေ လုပ်ကိုင်ပေးရလို့ ကိုယ်လုပ်တော်ခေါ်သဲ့ မောင်းမတွေရဲ့ တန်းလျား၊ မင်းသမီးအဆောင်။ အဲသည် မိန်းမတွေရဲ့ အမှုကိစ္စတွေကို စီရင်ပေးရသဲ့ အနောက်ဝန်ရုံး အများကြီးပဲ"

ဦးပဏ္ဍိတသည် နေကိုမျှော်ကြည့်ရင်း ထရပ်သည်။ နေလုံးကြီးနိမ့်ဆင်းနေပြီ။

"ပြောရင် နက်ဖြန်တစ်နေ့ ဆက်ပြောဦး၊ ဆုံးမှာမဟုတ်ဘူး။ ကဲ ကဲ နေချိုပြီ၊ ဆင်းကြဦးစို့"

ဘုန်းတော်ကြီးထံမှ ပြန်ရန် စကား စမှ ပစ္စည်းများသိမ်းဆည်းရန်သတိရကြသည်။ ကိုရင်လှိုင်းမှာလည်း ထသာ ထရသည်။ ရွှေရောင်၊ မှန်ရောင်၊ စိန်ရောင်၊ ဖန်ရောင်တို့ ဝင်းပြောင်ထိန်လျှပ်နေသည့် ရွှေမြို့တော်ကြီးကို ကြည့်၍ မျှော်၍ အားမရပေ။ ကြည့်လေ ကြည့်လေ နှစ်သက်စရာကောင်းလေ၊ ကြည့်လေ ကြည့်လေ ကြည်နူးစရာကောင်းလေ ဖြစ်နေသောကြောင့်ပေတည်း။

★

ပုဂံစာအုပ်တိုက်

## ၈

“ထီးဖြူရုံပြာသာဒ်နဲ့ မအပ်တဲ့အရာ၊ လဒ်ဆိုတဲ့မိစ္ဆာ ပိတ်ရှာပြီ ဓိဝိ၊ ဘုန်းမတန် ဘုန်းတန်ကြဲ၊ ဆုံးရပ်နာမ်လားရဝိစိ။ မင်းတု တု ခွေးသေ သေတယ်၊ သွေး တွေတွေယိုဘိ။ လဒ်ရန်ကို ဆဒ္ဒါန်ဖိ နတ်ဖန်သည့် ဘုန်းတော်၊ ကျွန်းစကြာပူတစ်လွှားမှာ ရွှေဓားသွား သတ်ရလိမ့်နော်။ လှေကားဆက် အပေါ်မှာ ထီးဖြူတော်နှစ်လက်ကြောင့် သင်းအသက် ထွက်လွယ်စေ ဓားနှစ်ချက်မွှေ၊ လေးလက်ဖြင့် လေးချက်မွှေမယ် ဘေးသက်သေ လက်ငင်းပါ့လေး”

သည်တေးထပ်ကို ငလှိုင်း ဖတ်နေသည်မှာ ငါးခေါက်ရှိပြီ။ အလွတ်လည်း ရနေပါပြီ။ ရနေပါလျက်က ပုရပိုက်ကို မချရက်။ စာလုံးတွေကို ဖတ်နေရသည်မှာ အလွတ်ရွတ်ဆိုရသည်ထက် အသက်ပါသည် ထင်၏။

စာလုံးတွေသည် အသက်ရှိ၏။ မီးရောင်ထိန်လက်လျက် ပန်းဆိုင်းတွေဆွဲထားသော ထီးဖြူရုံအောက်တွင် ထိုင်နေသူများ၊ ဘေးဘီတွင်

လှုပ်ရှားသွားလာနေသူများ၊ မျက်နှာလို မျက်နှာရ အရောဝင်သော မျက်နှာများ၊ ဆံပင်နီကြောင်၊မျက်လုံးပြာတောက်၊ အသားနီစပ်စပ်တွင် မှည့်ခြောက်တွေပြည့်နေသော မျောက်ဖြူ၊ ဆလံတပေးပေးဖြင့် ချဉ်းကပ်လာသော အကျဉ်းသား၊ ဓားတန်းလန်းဖြင့် အဲ့အားသင့်နေသော မျောက်ဖြူ၊ သွေးတုံး သွေးခဲ သွေးတစ်တွေ။

ငလှိုင်းမှာ ကုလားဖြူကို သူကိုယ်တိုင် ဓားဖြင့် ထိုးရဘိသို့ အားရလှသည်။ ကျေနပ်လှသည်။

"ဟဲ့ ငလှိုင်း"

ဆရာ့အသံ ပေါ်လာသည်နှင့် ငလှိုင်းမှာ ပုရပိုက်ကို ပစ်ချပြီး၊ အနားသို့ ပြေးလွှားရောက်ရှိ ဒူးတုပ်ပြီး ဖြစ်နေတော့သည်။

"အကျွန် ရောက်ပါပြီဆရာ"

"အမောင့်ကို ခိုင်းစေ စရာရှိလို့ ခေါ်သာမဟုတ်။ ဒူးတန့်နဲ့ လုပ်နေလို့ သတိပေးသာ၊ စာလုံးတွေ ရွဲ့ကုန်ပြီကွ"

"ကန်တော့ဆရာ၊ ကန်တော့"

ငလှိုင်းသည် ပါးစပ်ဖြင့်သာ ကန်တော့သည်မဟုတ်။ လက်ကပါ လက်အုပ်ချီသည်။ သူ့ဆရာ ကံ့ကူတံကိုချပြီး သူ့ဘက်လှည့်လိုက်သည်နှင့် ဆေးလိပ်ခွက်နှင့် မီးခတ် အသင့်ကမ်းလိုက်သည်။

ဆရာသည် သနပ်ဖက်ဆေးလိပ်ကို ဆီးယူပြီး မညီညာသော ထိပ်ကို ဖွဲ့ခြေနေသည်။ သို့စဉ်တွင် သူက အလိုက်တသိ မီးခတ် ခတ်သည်။ အင်ကြင်းကျောက်မှ ဖွားခနဲ ဖွားခနဲ မီးပွင့်ဖြူကလေးတွေ ညှော်နံ့ တထောင်းထောင်းဖြင့် ထွက်လာကြ၊ မှို့တွင် မီးမစွဲ။

"သည့်ပြင်နေရာတွေမှာ တော်သလောက်၊ မီးခတ် ခတ်ရာမှာတော့ ညံ့သကိုးကွယ့်။ ပေးစမ်း ပေးစမ်း"

ဆရာသည် မှို့တင်ထားသော ကျောက်ခဲစကလေးနှင့် သံတုံးကို

လှမ်းယူသည်။ လက်သည်းခွံသာသာ အင်ကြင်းကျောက်ကလေး၏ ပါးလွှာသော ဖွယ်ပေါ်ရှိ မီးလောင်လက်စမှို့ကို ပိရိအောင် သံတုံးဖြင့် ဖိသိပ်သည်။ ထို့နောက် ဖွယ်ကလေးပေါ်တွင် သံတုံးဖြင့်ဖိလျက် ပွတ်ဆွဲလိုက်သည်။ ဖွားခနဲ ထွက်လာသည့် မီးပွင့်မီးပွားများအနက် မီးပွားတစ်ခုသည် မှို့ပေါ် ကျသည်။ ချက်ချင်း မီးခိုးအူလာသဖြင့် ပါးစပ်ဖြင့် အသာကလေး မှုတ်ပေးလိုက်ရာ၊ မီးစွဲသောနေရာကြီး ကျယ်ပြန့်လာ၏။

မီးလောင်မှို့ကို ဆေးလိပ်ထိပ်တွင်တင်ကာ၊ ဆရာသည် လေးငါးခြောက်ဖွာ ဖွာ၏။ မီးစွဲကြောင်း သေချာပြီးနောက်၊ ဆေးလိပ်အရသာကို ရရှိတော့မှ အသံထွက်လာ၏။

"ဘာစာမို့ တန့်နှံ့ ဖြစ်နေရသာတုန်းဟဲ့"

"ထီးဖြူရုံ ပြာသာဒ်ပါဆရာ။ ကျွန်တော်ကိုယ်တိုင် ထောင်သားဖြစ်သွားပြီး၊ ကုလားဖြူကို ဓားနဲ့ ထိုးရသလို၊ အရသာ ရှိလိုက်ပါဘိ တော့သယ်"

"အေးကွာ။ ခွေးကုလား ပွဲချင်းပြီးသေသာ၊ အသေတောင် နည်းသေး"

ဦးဖေသည် ခွေးသေ သေသော ကုလားဖြူ၏ မင်းတု တုပုံမြင်ကွင်းကို ယခုပင် မြင်ရဘိသို့ မျက်နှာထား ခက်ထန်လာ၏။

"မင်းတရားကြီး ကောင်းမှုတော် ရွှေထီးတော်ကြီး တင်လှူတုန်းက ဆရာ မြင်ခဲ့ရသာလား"

"အေးပေါ့ကွ။ မိစ္ဆာဒိဋ္ဌိက မိစ္ဆာဒိဋ္ဌိလို မနေဘူး၊ ရာရာသသ ထီးဖြူရုံနဲ့။ အမယ် သူအလာမှာ ထီးဖြူနှစ်လက်လည်း မိုးပေးကြသေး။ အဲသာလည်း အမြီးပေါက်နေသဲ့ ငါရို့ မြန်မာတွေ မျက်နှာလုပ်သာပါ"

ပြောရင်း ပြောရင်း ဒေါသထွက်လာသဖြင့် ဦးဖေမှာ မေးကြောကြီးတွေ ထောင်လာသည်။ တောက်ခေါက်လိုက်ပြီး "ခွေးတွေ" ဟု ရေရွတ်

ပြန်သည်။

"ထီးဖြူဆိုသာ သာသနာ့ဒါယကာဘုရင်မင်းမြတ်များသာ ဆောင်းရသာကလား။ ဘုရားလည်း မသိ၊ တရားလည်းမရှိ၊ သံဃာလည်း မသိ၊ မသိရုံမကဘူး၊ သာသနာတော်ကို ဖျက်ဆီးနေသဲ့ မိစ္ဆာဒိဋ္ဌိက ထီးဖြူဆောင်းသတဲ့၊ ထွီ။ မတန်မရာလုပ်တော့ ခွေးသေ သေသာပဲ"

ရတနာပုမ် ရွှေမြို့တော်ကြီး တည်ထောင်ဖန်ဆင်းပြီးနောက် ၁၂ နှစ်အကြာတွင် ဦးဖေ ပါဝင်သော နန်းတွင်းဓာတ်အဖွဲ့သည် ရန်ကုန်သို့ရောက်ရန် အကြောင်းဖန်လာ၏။

အင်္ဂလိပ်စစ်တပ်သည် ရွှေတိဂုံ ကုန်းဟော်ပေါ်တွင် ကျင်ကြီးကျင်ငယ် စွန့်၊ ဥာပနာတိုက်တွေကို ဖောက်၊ သစ်သားဆင်းတုတော်များ၊ တံခွန်တိုင်များကို ခွဲစိတ်ပြီး ထင်းဆိုက်ပစ်နေကြရာ၊ စေတီတော်ကြီးမှာ တစ်နေ့တခြား အခြေအနေဆိုးလာသည်။ အထူးသဖြင့် ထီးတော်မှာ အလွန်ယိုယွင်းလာပြီ။

သည်အခြေအနေကို သိသော မြင်သော မျိုးချစ်မြန်မာများသည် နိုင်တန်သမျှ အင်အားဖြင့် စုပေါင်းပြင်ဆင်ရန် စုဝေးတိုင်ပင်ကြ၏။ သို့ရာတွင် မိမိတို့သည် အညွန့်မတုံးသေး အရှင်သခင်ရှိသေးကြောင်း ပြသလိုစိတ်သည် စည်းဝေးစဉ်တွင်ပေါ်လာ၏။

"ငါရို့သခင် ဘဝရှင်မင်းတရားကြီးထံ လျှောက်ကြားရရင် မကောင်းဖူးလား"

ဤသို့ဖြင့် ရွှေထီးတော်အသစ် တင်ပေးပါရန် လျှောက်ထားလွှာသည် ပဉ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီးထံ ရောက်သွားလေ၏။

မင်းတရားကြီးမှာ တံဆိပ်တော်ရ ဆရာတော်များ၊ တံဆိပ်မရ ဆရာသော်များကို မကြာခဏ ပင့်ဖိတ်ဆွမ်းကပ်၊ လှူဖွယ်ဝတ္ထုများကို ဆက်ကပ်

နေသူ။ ဆင်းရဲမွဲတေသူများကို ရှာဖွေပြီး ပေးကမ်းနေသူ။ ယုတ်စွအဆုံး ထောင်သားတွေကိုပင် စားကောင်းသောက်ဖွယ်များ ကျွေးမွေးလှူဒါန်းနေသူ ဖြစ်ရာ စဉ်းစား၍ပင် မနေတော့ချေ။

"ထီးတော်အသစ် တင်ခွင့်ပြုဖို့၊ ရန်ကုန်အရေးပိုင်ထံ လူလွှတ် ခွင့်တောင်းချေ"

ချက်ချင်း စီမံတော်မူသည်။

ရန်ကုန်အရေးပိုင်သည် မင်းတရားကြီး၏ ရှေ့တော်သို့ သံအဖွဲ့ဝင်အဖြစ် ဝင်ရောက်ခစားစဉ်က၊ ရွှေစလွယ်ဖြင့်ပင် သနားတော်မြတ် ခံထားရကား၊ မငြင်းဆန် မကန့်ကွက်ပေ။ ကန့်ကွက်သူများမှာ ကျွန်ဆီတက်နေသော မြန်မာယုတ်များဖြစ်သည်။

"ဒီထီးတင်တာ၊ မြန်မာဘုရင်မှ မဟုတ်ပါဘူး။ ကျွန်တော်တို့လည်း တင်နိုင်သပ"

သို့ရာတွင် အပါးမှ မျက်နှာလိုမျက်နှာရ ပြောသူများ၏ စကားကို ရန်ကုန်အရေးပိုင် နားမဝင်ပါ။ ထီးတော်အသစ်ကို မြန်မာဘုရင်မင်းမြတ်၏ ကောင်းမှုတော်အဖြစ် လှူဒါန်းတင်ဆက်ရန် ခွင့်ပြုလိုက်သည်။

"ငါတို့သခင် ဘုရင်မင်းမြတ်က ရွှေတိဂုံစေတီတော်မြတ်ကြီးမှာ ထီးတော်အသစ် တင်လှူတော်မူမလို့တဲ့"

သတင်းသည် ချက်ချင်းပြန့်ပွား၏။

ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ဆွမ်းတော်တင် ရေချမ်းကပ်ရန် ရဲရဲမသွားဝံ့သူများ၊ အပျက်အစီးများကိုကြည့်ပြီး ဟင်းချနေရသူများမှာ တက်ကြွလာကြသည်။ အားသစ်မာန်သစ် ဝင်လာကြသည်။

"ထီးဆိုတာ မင်းဖွယ်စိုးရပစ္စည်း။ ထီးအသစ် တင်တယ်ဆိုတာ အင်္ဂလိပ်ရဲ့နေရာမှာ မြန်မာဘုရင်မင်းမြတ် ပြန်လာမယ့် အတိတ်နိမိတ်"

အတိတ်တွေ နိမိတ်တွေ တဘောင်စနည်းတွေကို ကုလားဖြူ မသိပါ။

မသိသော်ငြား မျက်နှာလိုမျက်နှာရ မြန်မာယုတ်များက သိသည်။ သိသည့်အလျောက် ထီးတော်တင်ပွဲပျက်အောင် လုပ်ကြသည်။ ထီးတော်ကို အင်္ဂလိပ်ပိုင်နက်ရှိ ဘုရားတွင် တင်လှူမည်ဖြစ်သည့်အတွက် မြန်မာဘုရင့် အလိုကျ မတင်လှူရ။ ကော်မရှင်နာမင်းကြီး ခွင့်ပြုသောရက်တွင်သာ တင်ရမည်ဟု ဖျက်လိုဖျက်ဆီးလုပ်၏။

ဦးဖေမှာ ထိုသတင်းကို ကြားကတည်းက အံတကြိတ်ကြိတ် ဖြစ်နေ၏။

သို့ရာတွင် ဦးဖေ မတတ်နိုင်ပါ။ သူသည် ထီးတော်တင်ပွဲတွင် ကပြရန် စုန်ဆင်းလာသော နန်းတွင်းဇာတ်အဖွဲ့ ခေါင်းဆောင်ပင် မဟုတ်ပါ။ တေးချင်းရေးသူ တစ်ယောက်သာဖြစ်၏။

ထီးတော်တင်ပွဲရက် နီးလာလေလေ ရန်ကုန်သည် စည်ကားလာလေလေဖြစ်၏။ အနယ်နယ်အရပ်ရပ်မှ ရောက်လာသည့် ကရင်၊ မွန်၊ ရခိုင်၊ တောင်သူ၊ ရှမ်း၊ မြန်မာများသည် သိင်္ဂုတ္တရကုန်းတော် အခြေရှိ ဇရပ်၊ တန်ဆောင်း၊ ကျောင်းကန်များတွင် ပြည့်နှက်နေ၏။ ဇရပ်နှင့် ကျောင်းများ၊ တန်ဆောင်းများတွင် နေရာမရသူများသည် ရရာသစ်ပင်ရိပ်များတွင် စခန်းချနေကြ၏။

'မြန်မာဘုရင်သည် မိုင်တစ်ထောင်ဝေးသည့် မန္တလေးတွင် ရှိနေငြား၊ အောက်မြန်မာပြည် ပဲခူးတိုင်းတွင် ဘုန်းတန်ခိုးအာဏာ ဖြန့်ကျက်နေဆဲပါတကား'

ကုလားဖြူသည် ထိုသို့သဘောပေါက်သောအခါထီးတော်တင်ပွဲတွင် အာရုံစိုက်မှု လျော့ပါးစေရန်၊ မြန်မာဘုရင် အသရေ ယုတ်လျော့စေရန် မျိုးဖျက်များ၏ အကူအညီဖြင့် ကြံစည်တော့သည်။

ဤသည်မှာ ဘင်္ဂလား (အိန္ဒိယ) ရှိ မျက်နှာဖြူဘုရင်ခံချုပ် လော့ဒ်မေရိုးကို ရန်ကုန်သို့လာရန် စီစဉ်ခြင်းဖြစ်၏။ လော့မေရိုးသည် အခမ်းအနားသို့

လွတ်လပ်သော သခင်မြန်မာနိုင်ငံမှ သံအရာရှိများ ဇာတ်သူဇာတ်သားများကို ဖိတ်ကြား၏။ ချစ်ခင်လေးစားသောကြောင့် ဖိတ်ကြားခြင်းမဟုတ်။ စော်ကားလို၍ ဖိတ်ကြားခြင်းဖြစ်ကြောင်းကို ညှော်ခံပွဲသို့ရောက်ခါမှ မြန်မာများ သိသည်။

ခွေးရူးကို မကိုင်ရဲဆောင်းပေးဘိသို့၊ ထီးဖြူနှစ်လက် ဆောင်းပေးသူများမှာ မြန်မာယုတ်တွေဖြစ်၏။ လက်အုပ်တချီချီ ဘုရားတထူးထူးနှင့် အရှက်မဲ့စွာ ပြုမူနေကြ၏။ မဟာဒါန်ဝန်သည် သဘင်ဝန်ကို လှမ်းကြည့်၏။ သဘင်ဝန်သည် ဇာတ်အုပ်ကိုလှမ်းကြည့်၏။ ဇာတ်အုပ် လှမ်းကြည့်သည်ကို ခံရသူမှာ ဦးဖေ။

ဦးဖေ ထဆဲမည်လော၊ တွေ့ရာဖြင့် ကောက်ပေါက်မည်လော။ ဇာတ်အုပ် တထိတ်ထိတ် ဖြစ်နေ၏။ အားလုံးသည် ကုလားဖြူအင်္ဂလိပ်အား စက်ဆုတ်ရွံရှာ မုန်းတီးကြငြား၊ ဦးဖေမှာ သူတို့ထက် လွန်ကဲ၏။ ကုလားပြည်မှလာသော ပစ္စည်းဟူသမျှ ရှောင်ကြဉ်၏။ ကုလားစက္ကူကို မသုံး။ ပုရပိုက်ကို သုံးသည်။ စက္ကူမသုံး၍ မဖြစ်သည့်အဆုံး၌ ရှမ်းရှာရှမ်းမြေမှလာသော မိုင်းကိုင်စက္ကူကို သုံးသည်။ ကုလားမျက်နှာကို ကြည့်မည်လော၊ မစင်ပုံကို ကြည့်နေမည်လော မေးလျှင် အညစ်အကြေးပုံကို မျက်နှာအပ်ထားမည့်သူ။

သူသည် ဒေါသကို မျို၍ မျို၍ ချနေရသဖြင့် ညှော်ခံအစာများ ငန်သလော၊ ဖန်သလော မသိပါ။ ထီးဖြူရုံပြာသာဒ်နှင့် လဒ်ဆိုသဲ့မိစ္ဆာ အစရှိသော တေးထပ်အစကို စိတ်ထဲ၌ ကုံးဖွဲ့ပြီးနေပြီ။

ကုလားဖြူအင်္ဂလိပ်နှင့် မြန်မာယုတ်များ ပူးပေါင်းယုတ်မာငြား၊ ရွှေထီးတော်တင်ပွဲကို မထိခိုက်ပါ။ ရာသီဥတု အခြေအနေက မြန်မာဘုရင့်အလိုတော်ကျဖြစ်အောင် ဖန်တီးပေးသည်။ ပေးပုံမှာ ကုလားဖြူ သတ်မှတ်သောရက်တွင် မုန်တိုင်းကြီးကျရောက်လာသည့်အတွက် ထီးတော်မတင်နိုင်။

ပုဂံစာအုပ်တိုက်

နောက်တစ်နေ့ကား၊ ထီးတော်တင်ရန် မြန်မာတို့ သတ်မှတ်ခဲ့သော မှူလရက်ဖြစ်သည်။ ထိုနေ့တွင်ကား မုန်တိုင်းဝေးစွ၊ တိမ်မည်းမည်းပင် မဆိုင်းဖွဲ့။ ထီးတော်အသစ် တင်လှူပွဲကြီးသည် ကြီးကျယ်ခမ်းနားစွာဖြင့် အောင်မြင်သွားလေ၏။

ထီးတင်ပွဲ အောင်မြင်သွားပြီး၊ ထီးဖြူရုံအောက်၌ မြန်မာယုတ်တွေ ဝန်းရံနေသည့် မျောက်ဖြူသည် ဦးဖေ၏ မှတ်ဉာဏ်ထဲမှ မထွက်။ လှော်ကို လဒ်ဟု ကြားထားသည့်အလျောက် 'ထီးဖြူရုံပြာသာဒ်နှင့် လဒ်ဆိုသဲ့ မိစ္ဆာ' တေးထပ်အချိုးသည်လည်း၊ အဆက်စာသားကို စောင့်မျှော်ငံ့စားနေကြသည်။

ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီးသည် ကျေနပ်ဝမ်းမြောက်တော်မူရကား၊ အောက်ပြည်စုန်အဖွဲ့များကို ဆုတော်လာဘ်တော်များ ပေးသနားတော်မူသည်။ မက္ခရာမင်းသားကြီး၏ အမအစဖြင့် မင်းတရားကြီး၏ ရွှေနားတော်တွင်းသို့ အမည်နာမ ရောက်နေပြီးဖြစ်သော ဦးဖေမှာ လေသာဆောင် အမှုထမ်းအဖြစ် မြှောက်စားခံရသည်။

မြှောက်စားခံရပြီး 'ထီးဖြူရုံပြာသာဒ်နဲ့ မအပ်တဲ့အရာ။ လဒ် ဆိုသဲ့ မိစ္ဆာ' ကား သူ့အာရုံတွင်းမှ ပျောက်ပြယ်မသွားလေ။

'သည်မျောက်ဖြူဟာ ဘယ်နေ့သေမတုန်း။ မင်းတု တုသဲ့ အကောင်၊ ခွေးသေ သေမှာ'

သည်နှယ်လည်း ဦးဖေ ယုံကြည်၏။ သို့ကြောင့် သူ့တပည့်တွေ သူ့အပေါင်းအသင်းတွေနှင့် စကားစပ်မိတိုင်း "နားထောင်နေကြ။ သည် မျက်လုံးတိမ်ကပ်နေသဲ့ ကုလား၊ မင်းတု တုသာ၊ မုချ ခွေးသေ သေရမယ်" ကြိတ်မနိုင်ခဲမရ ပြောသည်။

မင်းတရားကြီးမှာလည်း သည်သတင်းကို ကြားတော်မူပြီးပြီ။

"မက္ခရာမင်းသားကြီးရဲ့လူ လေသာဆောင်က ငဖေကဖြင့် လှော်မရှိးကို ခွေးသေ သေလိမ့်မယ်ချည်း ပြောနေပါသဘုရား၊ ကုလားဖြူ

ထိုးဖြူနှစ်လက်ဆောင်းသာကို သူ အံ တကြိတ်ကြိတ်ဖြစ်နေခဲ့သည် ဘုရား"

ကနောင်ကိုယ်တော် အိမ်ရှေ့စံကြီးနှင့် မကွေးရာမင်းသားတို့ အားရကျေနပ်သည့်နည်းတူ ဘုရင်မင်းမြတ်လည်း နှစ်သက်တော်မူ၏။ သို့ကြောင့်လည်း နာမည်ကိုခေါ်ရန် အကြောင်းပေါ်လာချိန်၌ငဖေဟုမခေါ်၊ မောင်ဖေဟု ခေါ်တော်မူ၏။

ဦးဖေ၏တွက်ကိန်း မှန်သည်။ သွေးထွက်အောင်မှန်သည်။

မကြာမီမှာပင် ရန်ကုန်မှ လာသော သတင်းစာများတွင် ဦးဖေ လက်ပန်းပေါက်ခတ်စရာ သတင်းကောင်းတစ်ရပ် ပါလာ၏။

'အိန္ဒိယဘုရင်ခံချုပ်၊ ဓားထိုးခံရခြင်း'

'အိန္ဒိယပြည်ကြီးကို အစိုးရတော်မူသော တိုင်းကြီး ပြည်ကြီး သခင် အရှင်ကေရီမကြီး၏ ကိုယ်စား၊ အိန္ဒိယ တိုင်းနိုင်ငံကြီးကို အုပ်ချုပ်ရသော ဘုရင်ခံချုပ် လော့မေရိုးသည် အောက်မြန်မာနိုင်ငံ ပဲခူးတိုင်းသို့ ရွှေစကြာ ဖြန့်ချိတော်မူရာမှ အပြန်တွင် ၂၄၊ ၁၊ ၁၈၇၂ ၌ အင်ဒမင်ကျွန်းသို့ ဆိုက်ရောက်တော်မူရာ၊ လက်အုပ်တင်မိုး ရှိခိုးကြည်ညို ကမ်းလုံးညွတ်မျှ ကြိုဆိုနေသော ကျွန်းသူ ကျွန်းသားများ ထဲမှ မကောင်းယုတ်မာ ကျွန်းကျအကျဉ်းသား တစ်ယောက် သည် ဘုရင်ခံချုပ်မင်းမြတ်အား ရုတ်တရက် ထပြီး၊ အသင့် ပါလာသောဓားဖြင့် နှစ်ချက်ဆင့်ထိုးလိုက်ရာ ဘုရင်ခံချုပ် မင်းမြတ်မှာ ကာလကတ္တားဆေးရုံသို့ မရောက်မီ လမ်းခရီး တွင် ကွယ်လွန်သွားရှာကြောင်း'

ဦးဖေ၏ရင်ထဲ၌ လပေါင်းများစွာ ကလလရေကြည်ဘဝမှ မတက်နိုင်ဘဲ နေခဲ့ရသော တေးထပ်ကြီးသည် ဘွားခနဲ ဖွားမြင်လာလေတော့၏။

"ငလှိုင်း၊ သော်က၊ ငစိန် ကံ့ကူဆံ ကိုင်ကြစမ်း။ တစ်ယောက်မမိ

တစ်ယောက်မိပေါ့ကွာ။ ရေးရေး၊ ထီးဖြူရုံပြာသာဒ်နဲ့ မအပ်တဲ့မရာ။ လဒ် ဆိုတဲ့မိစ္ဆာ ပိတ်ရှာပြီဇိဝိ။ ဘုန်းမတန် ဘုန်းတန်ကြံ ဆုံးရပ်နာမ်လား ရဝိစိ"

အလွန်ကျေနပ်၊ အလွန်ဝမ်းသာသဖြင့် ဦးဖေ ရယ်မောနေသည်။ တပြုံးပြုံးဖြင့် လက်ဖက်မြုံ့ရာက "မင်းတု တု ခွေးသေ သေဟယ်၊ သွေးတွေ တွေယိုဘိ" ဟု ဆက်ဆိုရာက "မင်္ဂလာသတင်းပဲဟေ့။ ဟဲ့ကောင် အဲသာ ထည့်မရေးနဲ့" ပြောလည်း ပြောသည်။ သော်ကကို ခြေဖြင့် မနာကျင်အောင် လှမ်းကန်သည်။

ဆရာကလည်း တပြုံးပြုံး၊ တပည့်တွေကလည်း တပြုံးပြုံးဖြင့် ရေးစီသောတေးထပ်ကြီးမှာ ကွမ်းတစ်ယာညက် မကြာမီ ပြီးစီးသွားလေ၏။ တပည့်များသည် ပုရပိုက်ဖြူ ပုရပိုက်မည်းများဖြင့် ပီတိဖြစ်လျက် ကူးပွား ကြသည်။ ဆက်ရန်ရှိသည့်နေရာများ၊ ပို့ရန်ရှိသည့် နေရာများသို့ အလျင် အမြန် ပို့ကြသည်။

ရတနာပုမ်ရွှေမြို့တော်ကြီးအတွင်း၌ ထီးဖြူရုံပြာသာဒ် တေးထပ် သည် ရက်ပိုင်းအတွင်း၌ ပြန့်နှံ့သွားတော့သည်။ ဦးဖေ၏ တပည့်များသာ မက သည်တေးထပ်ကို ကြားသူတိုင်း အရကျက်ကြသည်။

အရကျက်သူများထဲတွင် ငလှိုင်းလည်း ပါဝင်ရာ သူသည် ဆို ကောင်းသောကြောင့် သိဆိုသော ဆိုကာမတ္တသမား မဟုတ်လေ။ တစိမ့်စိမ့် အရသာခံတတ်သူဖြစ်သည်။

"အမောင်ကတော့ ပြဇာတ်ဆရာကြီး ဦးကြင်ဥနယ်ကလာသဲ့ အကောင်မို့လား မသိပါဘူးကွယ်။ စာ့အရသာကို လက်ဖက်မြုံ့သလို ခံစား တတ်သာပါကလား"

"စလေဦးပုည ဦးပုည်နဲ့ နာမည်သာ ကြီးသာပါဆရာရယ်။ ဆရာ့လို ကိုယ့်အရှင်သခင်အတွက် တစ်ပုဒ်မှ မရေးပါဘူး"

"ဟဲ့ဟဲ့" ဆိုကာ ဦးဖေ ခြေဖြင့် လှမ်းကန်သည်။ မထိသော်ငြား

အထိတ်တလန့်ဖြင့် ငလှိုင်း ခါးမတ်သည်။ လက်အုပ်ချီသည်။

"သလိုမပြောနဲ့ဟဲ့၊ အရှင်သခင်ကို ချီးမြှောက် ကြည်ညိုရာမှာ ဦးပုညက ငါ့ထက်အများကြီးသာသဟဲ့။ ရော့ ဖတ်စမ်း"

ဦးဖေ ပစ်ပေးသော ပရပိုက်ငယ်ကို ငလှိုင်း အသာဖွင့်၏။

"ရတနာနဒီဘွဲ့ မော်ကွန်း"

"နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

"ချီးလှော့ကျက်သရေ၊ တက်ဖြိုးဝေဆိမ့်၊ ရေဇ္ဇကနှိ၊ သိန်တညီလျှင်၊ ခုနစ်လီဆင့်၊ ဝန်း၍ မြင့်သည်၊ မြေပြင်ဗိမာန်၊ သဏ္ဍာဃန်ထက်၊ ဝေယန် သာစွ၊ ဓာဝရလည်း၊ မာဃကုသိုလ်၊ ကံနဂိုရ်ဖြင့်၊ အလိုပြီးမြှောက်၊ ဘုံကြီး ပေါက်သို့၊ မိုးအောက်မျက်နှာ၊ စက္ကဝါကို၊ လက်ယာတို့ခတ်၊ တန်ခိုးလွှတ် သား၊ ရန်ဖြတ်လွှင့်မှုန်း၊ တို့ရှင့်ဘုန်းကြောင့်၊ အနှုန်းမစံ၊ သပြေယံဝယ်၊ ဝေလျှံညီးလျက်၊ ရာထီးချက်တို့၊ စုံထက်ရှိပန်း၊ လက်မုံသွန်းသား၊ မန္တလေး ညွှန့်၊ မြေအဝှန့်ထက်၊ ရွှေခွန့်အလာ၊ ဗျာဒိတ်မှာနှင့် မဟာပနာဒ၊ သမ္မာရ ကြောင့်၊ မြေမှထွားမြှောက်၊ ဘွားဘွားပေါက်သား၊ များထောက်တစ်ထောင်၊ နန်းရွှေတောင်သို့၊ ပြောင်ပြောင်ဝင်းဝါ၊ လင်းလင်းဖြာမျှ၊ ရတနာပုမ်၊ နန်းနိတုံ ကို၊ အမုံရင့်သန်၊ ရွှေဘုန်းဖန်သော၊ ဘုမ္မဏ္ဍလာ၊ ဒေဝါရွှေညီ၊ ဧကဝီနှင့်၊ မြေမဟီဆုံး၊ သစ်သစ်ကြုံး၍၊ ခေတ်လုံးညွှတ်ယိုင်၊ ခြိမ့်ခြိမ့်အိုင်သည်၊ သံပြိုင်ဇေယျတု ကောင်းချီးတည်း"

"တစ်ကမ္ဘာလျှင်၊ မဟာဗြဟ္မ၊ လျှာကုဋေဖြင့်၊ ဆန်းနေဂိုဏ်းညီ၊ ဂါထာစီ၍၊ ကြူးချီမြွက်ဖော်၊ ဆိုလှည့်သော်လည်း၊ ဘုန်းတော်ကဲလွန်၊ အနေကန်ကို၊ ဝေဖန်ချီးမြှောက်၊ ပြီးမရောက်လိမ့်...."

ထိုနေရာအရောက်တွင် ငလှိုင်း တန့်နားသည်။ ဒုတိယစာပိုဒ်၏ အဓိပ္ပာယ်ကို စိတ်ဖြင့် ဖွင့်ဆိုခံစားကြည့်သည်။

'ဘုရင်မင်းမြတ်ရဲ့ ဘုန်းတော် ဘယ်လောက်ကြီးမားသယ်ဆိုသာကို

သက်တမ်းကိုးဆယ်တစ်ရာလောက်သာရှည်လျားသဲ့ လူသားတွေ ထုတ်ဖော်တင်လျှောက်ဖို့ မဆိုထားနဲ့၊ သက်တမ်းအလွန်ရှည်သဲ့ ဗြဟ္မာကြီးတွေ၊ သည် ဗြဟ္မာကြီး တစ်ယောက်တစ်ယောက်မှာလည်း လျှာအချောင်းပေါင်း ကုဋေကုဋာရှိသယ်။ အဲဒီလျှာတွေက ဘုန်းတော်တောက်ပပုံကို ထုတ်ဖော်တင်လျှောက်ကြမယ်။ လျှာကုဋေကုဋာရှိသဲ့ ဗြဟ္မာကလည်း တစ်ယောက်တည်းမဟုတ်ဘူး၊ ကုဋေကုဋာပဲ။ အဲသာလောက်ကြီး များပြားသဲ့ လျှာတွေနဲ့ ကမ္ဘာပေါင်းများစွာ ထုတ်ဖော်ချီးကျူးသာတောင် နေရာတကျ မရှိသေးဘူးတဲ့။ ကောင်းလည်းကောင်း အလွန်ကြီးကျယ်သဲ့ စိတ်ကူးပါကလား'

ဦးဖေသည် ပုရပိုက်တစ်ဆူတွင် ကုန်းရေးနေရာက မီးမသေသေးသည့် သနပ်ဖက်ဆေးလိပ်တိုကို ကောက်ဖွာရင်း လှမ်းမေး၏။

"ဘယ့်နှယ်ရှိစ ငါ့တပည့်"

" 'မဟာဗြဟ္မေ၊ လျှာကုဋေဖြင့်၊ ဆန်းနေဂိုဏ်းညီ၊ ဂါထာစီ၍' တဲ့ ဆရာရယ်။ စိတ်ကူးနှယ် ကူးမှကူးတတ်ပလေ"

"အေး ဟောဟိုကြွက်လျှောက်ပေါ်က ကြဲဆစ်ပေကို ယူဖတ်ဦး။ ရှည်ရှည်ဝေးဝေး ဖတ်မနေနဲ့ကွ။ မော်ကွန်း အပိုဒ် ၁၀ နဲ့ ၄၅ – ၄၈ ပဲဖတ်"

ပြောပြောဆိုဆို ဆေးလိပ်တိုကို ချထားကာ စာရေးခုံဘက်သို့ မျက်နှာလှည့်သွားသဖြင့် ငလှိုင်းမှာ ဆရာညွှန်သောပေထုပ်ကို ထယူရ၏။

" × × × နိုင်မော်ကွန်း"

ငလှိုင်းသည် ဆရာညွှန်ကြားသော အပိုဒ်သို့ ရောက်သည်အထိ ပေချပ်များကို တရိတသေ တယုတယ လှန်ပြီး ချထား၏။ တွေ့ပြီ အပိုဒ် ၁၀။

"ကသစ်သခင်၊ စိတ်ရွှင်ဝမ်းသာ၊ သောင်းခွင်မျက်နှာ၌၊ ဗြဟ္မာ နတ်ကောင်း၊ ဘော်ညီပေါင်း၍၊ ဆယ်ချောင်းဦးညွတ်၊ ဗောဓိသတ်ကို၊ နတ်တုသိတာ၊ ဘုံဝိမာမှ၊ လူ့ရွာသက်ခွင့်၊ သင့်ပြီသြမွန်၊ လျှောက်တောင်းပန်သို့၊

စက္ကန္တရ၊ လောကတစ်လွှား၊ လူနတ်များလျှင်၊ ဘုရားဘုန်းကြီး၊ တို့စောထီးကို မြှောက်ချီးရိုဝန် ခွင့်တောင်းဟန်ကား၊ နောင်တန်သာသနာ၊ နှစ်ထောင်သာ၍၊ လေးရာတိုင်းရှည့်၊ အလှိုင်းပြည့်သော်....”

မန္တလေးတောင်ပေါ်တွင် အဘိုးအဘွား၊ ဘဘွေးများနှင့် ရောက်ရှိစဉ်က ဘုန်းတော်ကြီးပြောခဲ့သည့် မန္တလေးအတိတ်သမိုင်းကို ငလှိုင်း သတိရသည်။ သို့ကြောင့် အနည်းငယ် ကျော်လွှားသည်။ ဆရာ အဖတ်ခိုင်းသော အပိုဒ် ၄၅။

“ပြဇ္ဇဒိသာ၊ ရှေ့မျက်နှာက၊ သိတာမြစ်လောင်း၊ မိုင်းလင်းချောင်းသို့၊ ခြောင်းခြောင်းမာန်ပါ၊ သူ့တပ်လာ၍၊ ညီညာဝန်းလျား၊ အုံသည့်ပျားသို့၊ ဘုရားကုန်းထိပ်၊ ကျိုင်းလိပ်ကမ်းကော်၊ ရပ်သုံးဆော်၍၊ တီးဆော်စည်မောင်း၊ ရံတုံရောင်းသော်၊ မျက်စောင်းထိုးလှည့်၊ နဂါးကြည့်သို့၊ မြည့်မြည့်ကြွေကွဲ၊ ရန်မျိုးရှဲသည်၊ လဲချားကျမိုင်း၊ စွဲတိုင်းကိုယ်ယုံ၊ အရေးကုံသည်၊ ကျိုင်းတုံဥပရာ၊ ကြေညာထင်ရှား၊ မိုင်းလိပ်စားဟု၊ ယောကျ်ားရန်ငူး၊ ဗိုလ်သုံးဦးတို့၊ စူးစူးရှေးရှု၊ စစ်ရေးမြှုမှ၊ လူခုနစ်ထောင်၊ ဘောင်ဘောင်နင်းချိုး၊ ဖိ၍ထိုးသော်၊ ယိုးဒယားတပ်၊ သိသိရှုပ်မှု၊ တောင်ညှပ်သော့လား ပြိုပျက်ပြား၏၊ ဘယားမည်သီး၊ စစ်ချုပ်ကြီးလည်း၊ ထန်းသီးညှာကြွေ၊ ဦးခေါင်းမြေသို့၊ ကျလေချွံချွံ၊ နတ်မြင်းပျံလည်း၊ လုံထုတ်ချင်းလျှို၊ အောင်လံကိုလည်း၊ ဗိုလ်နှင့်တကွ၊ ဘမ်းယူရသည်၊ ပြောပဇမ္ဗူတစ်လွှားတည်း”

မော်ကွန်းပါစာနှင့် အကြောင်းအရာက ငလှိုင်းကို ဖမ်းစားပြီ။ ဆရာ ညွှန်းသည့် အပိုဒ် ၄၈ သို့ ကျော်လွှားရန် သတိမရ။ အပိုဒ် ၄၆ ကို ဆက်ဖတ်မိသည်။ ဆုံးသွားပြန်သော် ခါးလယ်မှ တစ်ခေါက် ထပ်ကြော့သည်။

“လေးကျွန်းထိပ်မှူး၊ တို့ဘုန်းထူးကို၊ ကျေးဇူးသိတွေ၊ ကျွန်ခံလေ၍၊ သူစေခိုင်းရာ၊ အာဏာမန္တ၊ အသံမခြောက်၊ မီးမပေါက်တည့်၊ ဦးစောက်

နိပ်ဝပ်၊ ငါတို့တပ်သို့၊ လျှပ်လျှပ်ရှေ့ရှည်၊ ခင်ထိပ်လည်၍၊ သာကြည်ဝင်လာ၊ ထိုခြင်းရာလည်း၊ ကမ္ဘာမဆုံ၊ မိုးမြေနှံ့မျှ၊ အုံမပြီးလတ်၊ တိတ်နာဂတ်ဝယ်၊ လိပ်မှတ်ရွှေမင်၊ ဘယ်ခေတ်တွင်မျှ၊ ရာဇဝင်စုံ၊ အရေးပုံဖြင့်၊ မကြဲစဖူး၊ သည်သာထူးသည်၊ ကျေးဇူးရွှေဘုန်းတော်အားတည်း။ အင်း.... ရန်သူတွေ လက်နက်ချသာတောင် ဘုန်းတော်ကြောင့်ဆိုပါကလား"

ဦးပုညှ၏မော်ကွန်းသည် ငလှိုင်းအား နိုင်နိုင်ကြီး ဖမ်းစားတော့ ပြီ။ အပိုဒ် ၄၇ ကို ကျော်လွှားပြီး အပြေးအဖြန်းဖတ်ရာက ထပ်မံဖတ်မိ ပြန်၏။

"ဒွါရာပြည်သား၊ × × × တို့၊ အားမတန်လျက်၊ မာန်ကိုမည့်၊ သုံးရက်ငံ့ပြီး၊ တံ့တံ့စစ်အင်၊ ခံရိပ်မြင်သော်၊ ဘုရင်စစ်ကွပ်၊ ရှမ်းရပ်သနင်း၊ ဥဒည်မင်းလည်း၊ ရပ်တင်းမချိန်၊ မိုင်းနောင်ဟိန်နှင့် ထိန်ထိန်အောင်လံ၊ တိမ်ယံလျှပ်လျှပ်၊ ခုနစ်တပ်ကို၊ ကိုယ်ကြပ်ကဲမှူး၊ ရဲဆေးဖြူးလျက်၊ ဟူးဟူး လွှင့်ရိုက်၊ အပြင်းတိုက်သော်"

'ကိုယ်ကြပ်ကဲမှူး၊ ရဲဆေးဖြူး၍တဲ့။ သာကြောင့် ဆရာက သည် မော်ကွန်းကို အဖတ်ခိုင်းသာကိုး'

ငလှိုင်းသည် နားပြီးတွေး၏။ စာအရသာကို စားမြုံ့ပြန်၏။

"ဆောက်စိုက်တံခွန်၊ လူရည်ချွန်သည်၊ ကျိုင်းလွန်မြို့စား၊ ယိုး ဒယားက၊ စော်ဘွားတရိပ်ံသာ၊ ဗိုလ်များစွာနှင့်၊ မညာမရွံ၊ ကြိုး၍ခံလည်း၊ "ရွှေရံထောင်သောင်း၊ ကြွက်ဂယ်လောင်းကို၊ မိန်ညောင်းမလေး၊ လုပ်ပြည့် လွေးသို့၊ လက်ရွေးရန်ဖြို"

ယခုတစ်ကြိမ် ရပ်နားသောအခါ ငလှိုင်းမှာ အသံထွက်မတတ် ရယ်မော ရသည်။ တိုင်းတစ်ပါးမှ ကျူးကျော်လာသူများ ထောင်သောင်းရှိငြား၊ ခြောင်တစ်လုပ်စာရှိသည့် ကြွက်ထောင်သောင်းနှင့် နှိုင်းထားပုံမှာ ထိလည်း ထိ၊ ငြိလည်းငြိသဖြင့် ရယ်မောနေမိခြင်း ဖြစ်ချေသည်။

"လက်ရွေးရန်ဖြို၊ နောက်မယိုသည်၊ ဗိုလ်ငဆံဟဲ့၊ အံ့ဖွယ်ခွန်အား၊

ဇာနည်သားသို့၊ လဲချားကြမိုင်း ပွဲတိုင်းကျော်ရှိန်၊ မိုင်းနောင်ဟိန်တို့၊ လက်ချိန်မိမိ၊ လွတ်လိုက်ဘိက၊ တရိဂုံသာ၊ ဒဏ်ချက်ရာနှင့်၊ သေစာဖွေးဖွေး၊ ထိပ်ထက်ရေး၍၊ ထွက်ပြေးရှောင်ရှား၊ ကျိုင်းယဉ်စားမူ၊ ငါးပါးလည်း မှောက်၊ ခန္ဓာပျောက်၏၊ တစ်လျှောက်မြေအုံး၊ တုံးလုံးမှောက်ခုံ၊ သူကောင်ပုံ လည်း၊ ပြောဟုံပြည့်နှက်၊ လက်နက်မြင်းဆင်၊ ထင်းနယ်ဖြစ်မျှ၊ ဘမ်းငင် လက်မြန်၊ မတော်လှန်သည်၊ သုံ့ကျွန်လူ × × × တည်း"

မြန်မာ့နယ်မြေ ကျိုင်းတုံအစွန်အဖျားကို ထိပါးလာသော ဇင်းမယ် သားတို့ အရေးနိမ့်ပုံမှာ စာပန်းချီမြင်ကွင်း၌ ထင်းထင်းကြီးရှိ၏။ 'သာမှ မြန်မာကွ' ဟု ငလှိုင်း ရင်ထဲက ဟစ်ကြွေး၏။

ဆရာညွှန်းဆိုသည့် အပိုဒ် ၄၈ မှာ မည်သို့ရှိမည်နည်း။ မည်သည့် အချက်တွေ ပါသောကြောင့် ညွှန်းသနည်း။

ငလှိုင်းသည် ရှေ့သို့ ဆက်၏။

"သာရသနာ၊ ဓိဂင်္ဂါဟု၊ ရတနာစိခတ်၊ သင်တိုင်းဝတ်လျက်၊ စွတ်စွတ်လှည့်ဂုတ်၊ ဝင်ကာခုတ်သည်၊ သုရတ္တမ၊ ပေါက်ပြကျော်ရှိန်၊ မိုင်းနောင်ဟိန်နှင့်၊ မုခိန္ဒြေ၊ မသွေမသုန်၊ ဓိတိဂုဏ်ဖြင့်၊ အဟုန်မြန်လျင်၊ ရှေးရှု ဝင်၍၊ ဝန်းကျင်လှည့်ရစ်၊ ရန်ကိုလှစ်သည်၊ ဇေတြယောက်ျား၊ ထိုအလားသို့၊ လဲချားကြမိုင်း၊ လိုတိုင်းလျင်မြန်၊ အားရှိသွန်၍၊ အလွန်လိုက်ဖမ်း၊ သတ်နိုင် စွမ်းသား၊ ကိုယ်အားကြီးထု၊ အနုဂါမိ၊ သတ္တိနဂို၊ မိုင်းစိတ်မိုလ်တို့၊ တောင်ညို တနှန်း၊ ကျိုင်းလိပ်ကုန်း၌၊ စုန်းကြူးပိုးငယ်၊ နေကိုပြယ်သို့၊ သူနယ်ယွန်းသား၊ ငြမြို့စားနှင့်၊ ယောက်ျားရည်စွမ်း၊ တစ်ကြိမ်စမ်းသော် 'သော့သွမ်း ညစ်ကြေး၊ တောင်ထိပ်ခွေးကို၊ မလေးစားလောက်၊ ခြသေ့်ဟောက်သို့၊ လန့်ကြောက် ဝမ်းထဲ၊ အသည်းကွဲမျှ၊ ငြမြို့တပ်ချုပ်၊ ထီးစည်ရုပ်၍၊ တိမ်မြုပ်ထွက်ခွာ၊ ပြေးလာရာတွင်၊ ရှက်နာဝမ်းတွင်း၊ သူ့သျှင်မင်းလျှင်၊ ချက်ချင်းလတ်လတ်၊ ဆီး၍သတ်၏၊ ချပ်ဝတ်စစ်သူ၊ တစ်ထောင်လူလည်း၊ မြူသို့ ကြေညက်၊

ဖြုန်းဖြုန်းပျက်သည်၊ လက်ဆက်နောင် မဝံ့စားတည်း"

လှိုင်းသည် ကြည်နူးစွာဖြင့် ငေးမောနေ၏။

"ဖတ်ပြီးရင် သပ်သပ်ရပ်ရပ် သေသေချာချာ ပြန်ထုပ်လကွယ့်။ ဆုံးအောင် ဖတ်ချင်သပ၊ဆို အားမှ ဖတ်ပေါ့ကွယ်"

ဦးဖေသည် လှည့်မကြည့်ဘဲ ပြောသည်။ သို့ရာတွင် ပေထုပ်ကို နေရာတကျထားပြီးချိန်တွင်ကား ဆရာသည် ဆေးလိပ်ကို ကောက်ဖွာရင်း လှိုင်းဘက်သို့ လှည့်၏။

"အရှင်သခင်ရဲ့ ဘုန်းတော်ကို ဦးပုည ဘယ်လို ချီးမွမ်းထားသယ်၊ မြန်မာတွေ မည်မျှ စွမ်းအင်ကြီးမားသယ်ဆိုသာ ဦးပုည ဘယ်ပုံရေးထားသယ်ဆိုသာ တွေ့ပြီလား"

"တွေ့ပါပြီဆရာ။ အကျွန်က 'ခါးတောင်းကျိုက် ပိတုံးပိတ်' တေးထပ်ကြောင့် သူ့ကို မုန်းနေမိလို့ပါဆရာ"

ဦးဖေ ရယ်မောသည်။ "အဲသာ၊ဆရာကြီးဦးပုည ရေးသာ မဟုတ်ဘူး တပည့်ရ" ဟု ညင်သာစွာဆိုပြီး၊ ဆက်လက်ရယ်မောသည်။ လှိုင်းမှာ ပါးစပ်ဟလျက် ငေးကြည့်နေရ၏။

"စင်တော်ကြီး ဦးသာပြောနဲ့ ဦးသာစံတို့က အပြိုင်ကွယ့်။ ပညာသည်ဆိုသာ မိမိက သာလွန်အောင် ကြိုးစားရသာ ဓမ္မတာပဲကွယ့်"

"မှန်ပါသယ်ဆရာ"

သို့စဉ်တွင် ငစိန်နှင့် ငသော်ကတို့ အပြင်မှ ပြန်လာကြ၏။ ပါလာသောပစ္စည်းများကို ရှေ့တွင်ချပြီး၊ ဆရာ့စကား အပြတ်ကို စောင့်ဆိုင်းရင်း ကျုံ့ကျုံ့ထိုင်၏။

"ကိုသာ ပြောဆိုဖို့ စာတွေကို ဦးပုညကရေးပေးသလို၊ ဦးသာစံအတွက် စာတွေကို ငါက ရေးပေးသယ်။ သာကြောင့် ငါနဲ့ ဆရာကြီး ဦးပုညလည်း အလိုအလျောက် ပြိုင်ဖက်ဖြစ်သွားကြသပ၊။ အေး၊ စာအရာ

မှာတော့ ပြိုင်သဲ့အခါရှိသာပေါ့ကွယ်။ သို့သော် ငါဟာ ဆရာကြီး စေ
ဦးပုညကို တစ်ကြိမ်မျှ စိတ်နဲ့တောင် မပစ်မှားမိဘူး"

လှိုင်းမှာ မယုံနိုင်အောင် ဖြစ်ရသည့်နည်းတူ၊ ငစိန်နှင့် သော်ကလ
အံ့သြ၍ မဆုံးဘဲရှိကြ၏။ သို့အတွက် လှိုင်း စာဒက တက်၏။

"သဟာဖြင့် 'စလေညာဏ်တောပါးစပ်' ချီတေးထပ်"

ဦးဖေ လက်ကာပြ၏။ "ငါ မရေးဘူး ပြောပြီးပြီကော တပည့်
ရယ်" ဆိုပြီးမှ သတိရဟန်ဖြင့် ခိုင်းစေသည်။

"သည်တေးထပ်ပေါ်လာစတုန်းက ဘယ်သူပါလိမ့် တစ်ကြိမ် လ
ဆိုပြသာ ကြားဖူးသယ်။ အမောင်တို့ အသူရသတုန်း၊ ဆိုစမ်း"

"စလေညာဏ်တောပါးစပ်က ပြောစမှတ်နန်းမှူ လောကဓာတ် ဘလ
ဆူပြီး မန်းပြည်သူအများ၊နဘောက ခြေမပါတယ်၊စလေစာ ကြိုက်ကြလေ

"ဆန်းအနယဉ်ရာတွင်၊ ပညာရှင်အများ၊ လင်္ကာယဉ် စာ
မတော့ မညာအားနိုပ်နယ်၊ စာကောင်းလျှင် မအေပေးတွေက စလေရေးခ
ပြန်တယ်"

" တို့များဖြင့် မှန်တကယ်၊ ညာဏ်မငယ်ကံစောင်းလို့၊ ပြန်ပြော
မပြောချင်၊ ဟောခုခေတ်တွင်၊ တောပါးစပ် ရိုင်းမယဉ်ကို၊ မနှိုင်းချင်
ကွဲ့လေး ဆိုတာပါပဲ ဆရာ"

"အေးကွယ့် 'ဘလန်း' ဆိုတဲ့ ဆိုင်းသမားအသုံးပါသာနဲ့ပဲ
စွပ်စွဲကြသာပဲ။ အေးလေ...."

အေးလေမှ မဆက်သေးဘဲ ဆေးလိပ်ကို ချထားသည်။ လက်
ရည်တစ်ကျိုက် သောက်သည်။ ပြီးမှ စကားဆက်၏။

"စလေဆရာကြီးရဲ့ စာတွေက ရေပက်မဝင်အောင် ကောင်း
ကွယ့်။ ထင်ရှားသာပေါ့၊ ကျော်ကြားသာပေါ့။ လောကသဘာဝအရ သ
မြင့်ရင် လေတိုးခံရစမြဲ မဟုတ်လား။ ကျော်ကြားသာကို နည်းမှီး

ယူရမယ့်အစား မနာလိုစိတ်နဲ့ ပုတ်ခတ်ကြ၊ ဆဲရေးကြသယ်။ အကျိုးမဲ့သဲ့အလုပ်ပဲ"

"သဟာဖြင့် ခါးတောင်းကျိုက် ပိတုံးပိတ်နဲ့ ဘဇာကြောင့် ဆရာကြီးဦးပုညက ပြန်ရေးရသတုန်း ဆရာရဲ့"

ငလှိုင်း၏ စောဒက။

ဦးဖေက သဘောပေါက်ကြောင်း ခေါင်းညိတ်ပြ၏။

"ဆရာကြီးကို ပုတ်ခတ်သူဟာ အမည်မထင်ရှားသူဖြစ်နေရင် ဘယ်သူမှ အရေးထားမှာ မဟုတ်သဲ့အတွက် စင်တော်ကြီးမှာ တစ်ကြိမ်တစ်ခါ စာပြိုင်ဖြစ်ခဲ့ဖူးသဲ့ ငါ ရေးလေဟန် သတင်းလွှင့်မှ အာရုံစိုက်ကြမှာပေါ့တပည့်ရ"

"သူလည်း ပညာရှိတစ်ဆူပဲ ဆရာရဲ့။ သည်တေးထပ် ဆရာရေးမရေး သူ စူးစမ်းပါဦးလား။ အခုတော့ စပ်ဖဲနဲ့အတွင်းခံတို့၊ ခါးတောင်းကျိုက် ပိတုံးပိတ်တို့ ရေးလိုက်သာ မိုးမွှန်နေသကော"

ဦးဖေ ဖျောင်းဖျပြောား၊ ငလှိုင်း မပြေ။ သို့အတွက် သူ့ဆရာမှာ ရယ်ကာမောကာဖြင့် စိတ်ရှည်စွာ ရှင်းပြရပြန်၏။

"တပည့်ရ၊ တစ်ထွာပြရင် တစ်တောင်မြင်မှပေါ့ကွယ်။ ဆရာကြီးကို ပုတ်ခတ်သဲ့စာကို ငါမရေးသလို၊ ငါ့ဆဲသဲ့စာလည်း ဆရာကြီး ရေးပါ့ မလား။ သူ့မှာ လက်ဖက်ရည်တော်မှာလည်း အမှုထမ်းရ။ မင်းတရား အမိန့် တော်နဲ့ စာတွေရေးရ။ ဟိုက သည်က တောင်းပန်လို့ မေတ္တာစာတွေရေးရနဲ့၊ သေးသိမ်သဲ့စာတွေ ရေးချိန်ရပါ့မလားကွယ်"

ဦးဖေသည် ထိုစကားကိုထိုမျှဖြင့် ဖြတ်လိုသည့်အတွက် သော်ကနှင့် ငစိန်ကို လှမ်းကြည့်သည်။

"ဝန်မင်းက ဘာများ မိန့်လိုက်သတုန်း၊ ငစိန်ပိန်"

"ဝန်ကတော်ပဲ တွေ့ခဲ့သဲ့အတွက် ဆရာက အပို့လွှတ်ကြောင်း

ပြောပြီး ပေးခဲ့ပါသယ် ဆရာခင်ဗျား"

"ဒေါ်က ကကော၊ ကိုယ်တော်ကြီးကို ဖူးခဲ့ရလား"

"ဖူးခဲ့ရပါသယ်ခင်ဗျား။ ဆရာရေးသဲ့ တေးထပ်ကြောင့် နေပြည်တော် တစ်ခုလုံး ကောင်းချီးပေးသံ ညံနေသလို၊ အင်္ဂလိပ်ကိုယ်စားလှယ်က မခံမရပ်နိုင်ဖြစ်ပြီး ဘ၀ရှင်မင်းတရားကြီး ရွှေမှောက်တော်ရောက် ကန့်ကွက်စာ ဆက်သမယ်လုပ်နေပြီ မိန့်ကြားလိုက်ကြောင်းပါခင်ဗျား"

ဦးဖေ ကျယ်လောင်စွာ ရယ်မောသည်။ ၀ှန်းခနဲခုန်ထကာ၊တဖြောင်းဖြောင်း အသံမြည်အောင် လက်ပမ်းပေါက်ခတ်သည်။

"သင်းတို့ရဲ့ အသည်းနှလုံးကို ထိသွားသလား ကျေနပ်သယ်။ အင်္ဂလိပ်တွေ ထိုင်ပြီး ငိုသလား၊ ဝမ်းသာသယ်။ မင်းတု တုလို့၊ ခွေးသေသေသယ်။ ခွေးကို ခွေးလို့ရေးသာ ဘာမခံမရပ်နိုင်ဖြစ်ရသတုန်း။ ထွီ၊ ခွေး အယုတ်တမာ မိစ္ဆာတွေ"

သို့တစေ ဦးဖေမှာ ဆက်လက်ပြီး ဒေါသမထွက်နိုင်။ လမ်းပေါ်မှ အိမ်ဘက်သို့ ဆင်းလာသော လူများကို မြင်လိုက်ရသောကြောင့်ဖြစ်၏။

ငလှိုင်းတို့မှာ ဆရာ၏ စေခိုင်းမှုကို စောင့်ဆိုင်းမနေပေ။ အလျင်အမြန်ထကာ သင်ဖျူးများ ခင်းကြသည်။ ပတ္တလားကို ထုတ်သူထုတ်၊ ဗုံများ သယ်သူသယ်လာဖြင့် တက်ညီလက်ညီ ဆောင်ရွက်ကြသည်။

ဧည့်သည်များမှာ မြေဝိုင်းကချေသည် မိန်းမ၊ ယောက်ျား စုစုပေါင်း လေးဦးဖြစ်သည်။ သူတို့သည် လက်ဖက်ထုပ်များ၊ သားရေစာများနှင့် ဖျင်တစ်အုပ်ကို ဦးဖေ၏ရှေ့တွင် ချပြီး ရှိခိုးကန်တော့ကြသည်။

"တမြန်နေ့က တေးထပ်ကလေး ဆက်ပြီး တက်ပေးတော်မူပါဦး ဆရာ"

"အေး။ သို့သော် တမြန်နေ့က၊ အင်း.... အစကဘာပါလိမ့်"

"ညဥ့်ရုံတော် အခြေပျက်စေဖို့ ရွှေလက်နဲ့ဆွဲကာ ချီပါ ဆရာရှင့်"

ပုဂံစာအုပ်တိုက်

ဦးဖေ ခေါင်းညိတ်သော်လည်း ရေးရေးမျှသာ မှတ်မိသဖြင့် ငလှိုင်းအား လှမ်းကြည့်ရ၏။

"ဦးကြင်ဥရဲ့မြစ်။ ငလှိုင်း။ ရေးမှတ်ထားသာ ရှိသလား"

"ရှိပါသယ်ဆရာ"

"ပြန်ပြီး တစ်ခေါက်လောက် ကျောင်းပေးပါဦး တပည့်ရာ။ ငါရေးသာပေမယ့် မမှတ်မိတော့ဘူးဟ"

ငလှိုင်းသည် လက်နှစ်ဝါးစာ ပုရပိုက်တစ်ဆူကို လှမ်းယူကာ သံနေသံထားဖြင့် ဖတ်ပြ၏။

"ညဥ့်ရုံတော် အခြေပျက်စေဖို့၊ ရွှေလက်နဲ့ဆွဲကာ၊ ပွေရက်ပေ့ ပုလဲညာရယ် ရဲပါပေ့ဘုရား။

"မှတ်မိပြီ။ သံမှန်နဲ့ ပြန်ဆိုစမ်း"

"ညဥ့်ရုံတော် အခြေပျက်စေဖို့ ရွှေလက်နဲ့ ဆွဲကာ၊ ပွေရက်ပေ့ ပုလဲညာရယ် ရဲပါပေ့ဘုရား။ အပါးက ရံရွှေတော်ငယ် ပျော့်တပျော် နိုးခိုက်လေလား။ နေနွယ်ညွှန့်သတိုးမှန်ရယ် လူဆိုးဉာဏ်ဝင်စား၊ မြတ်မယ်တော်ဘုရားနှင့်၊ အများတို့သိမည်၊ မြသလွန်ဗွေအုံး၊ ရွှေနှလုံး တုန်လှုပါတော့သည်။ ငိုလိုက်လိမ့်ဘုန်းစည်ရယ်၊ ကြာရှည်ရှည် မစံမြန်းပါနှင့်၊ မှန်နန်းကရွှေနာရီဆော် လင်းလုပေါ့နော်၊ နှစ်ပါးလုံးအရှက်ခြော်လျှင် ထွက်တော်မူဦးဘုရာ့လေး"

ဦးဖေ ခေါင်းညိတ်သည်။

"စည်ဝါး ပါခဲ့ကြရဲ့လား"

"ပါပါသယ် ဆရာကြီးရှင့်"

ကချေသည်မသည် ရိုက်စည်းတစ်စုံထုတ်ကာ တီးပြသည်။

"ငလှိုင်းက ပတ္တလားကိုင်၊ ငစိန်က ပလွေနဲ့လိုက်၊ သော်က ကဗုံနဲ့မေးပေး။ အဲ ဟုတ်ပြီ။ လုပ်"

ခုနက ဒေါသသံဟိန်းနေခဲ့သော သက်ကယ်မိုး အိမ်ကလေးထဲတွင် ယခုအခါ၌ ညင်းညုံ့သောတေးသံနှင့် တူရိယာသံများ အေးချိုကြိုင်လှိုင်နေသည်။ တေးသံနှင့် တူရိယာသံသည် လမ်းကို ဖြတ်ကျော်လျက် ကျုံးရေပြင်ကို လွှမ်းမိုးနေချေသည်။

ထိုအခိုက်တွင် ခြေကျင်လိုက်သည့် အခြံအရံများပါသော လှည်းယာဉ်ကလေးတစ်စီး အိမ်ရှေ့တွင် ထိုးရပ်၏။ ငလှိုင်းသည် လက်ခတ်ကို ချကာ ထပြေးသည်တွင် ဦးဖေ လက်ကာပြ၏။

"တပည့် နေဟဲ့၊ ငါသွားလိုက်မယ်"

ပေါင်းမိုးထဲမှ ပြူလာသောမျက်နှာမှာ ဝန်ကတော်၏ အထိန်းတော်ဖြစ်နေသဖြင့် ဦးဖေ ကိုယ်တိုင် ပြေးဆင်းသွားခြင်း ဖြစ်၏။ ထိုလှည်းယာဉ်သည် ရွှေနန်းတော်ကြီး၌ ခစားရာမှပြန်လာသော ဝန်ကတော်၏ လှည်းဖြစ်၏။

လှည်းထွက်သွားပြီးနောက် အိမ်ဘက်သို့ပြန်လှည့်လာသော ဦးဖေ၏ မျက်နှာမှာ ညှိုသည်များ ရောက်မလာမီကကဲ့သို့ပင် ခက်ထန်တင်းမာလွန်းလှစွာ၏။

★

# ၉

ရတနာပုမ်ရွှေမြို့တော်ကြီးတွင် အိမ်ရှေ့စံ ကနောင်ကိုယ်တော်ကြီး ဦးဆောင်စီမံခဲ့သည့်အတွက် မီးခိုးညွှန့်များ သွယ်မြိုင်နေသည့် စက်ရုံခေါင်းတိုင်များ တိမ်ယံခြား၌ ငွားငွားစွင့်လျက်ရှိ၏။

ရွှေမြို့တော်၏ အနောက်မျက်နှာ ပုဏ္ဏားကုန်းသုသာန်၏ အနောက်မြောက်ယွန်းယွန်းရှိ သင်္ဃဇာချောင်း အရှေ့ဘက်ကမ်းတွင် လွှစက်ရုံတော်ကြီး တည်ရှိသည်။ သစ်ဆွဲဆင်များ အော်ဟစ်သံ၊ ဆင်ဦးစီးများ၏ ဆဲရေးငေါက်ငမ်းသံများသည် လွှကြီးများ တိုက်ဖြတ်သံကို ကျော်မိုးနေတော့သည်။

အနောက်မျက်နှာ မြို့ကြီးပြင် စက်ပန်းတံခါးအတွက် ဧရာဝတီမြစ်ဘက်သို့ မျှော်လိုက်ပါဦး။ အရှေ့ဘက် ကမ်းနဖူးတွင် ကြီးမားကျယ်ဝန်းသော ဝင်းကြီးအတွင်း၌ ဧရာမရေနွေးအိုးကြီးတွေနှင့် မီးခိုးသွယ်မြိုင်နေသော အရာကား သင်္ဘောစက်ရုံတော်ကြီးဖြစ်သည်။ မြစ်တွင်းသွား သင်္ဘောများကိုလည်း ပြင်ဆင်ပေးသည်။ သင်္ဘော လေးငါးဆယ်စင်းကိုလည်း ပြိုင်တူ

တည်ဆောက်နေသည်။

မြို့ကြီးပြင် ပိုက်ကျုံးတံခါးအတွက် လက်ဝဲဘက်ရှိ တိမ်ညွှန့်ထဲသို့ မီးခိုးလမ်းဖောက်နေသော ရုံကြီးမှာ မည်သည့် စက်ရုံပါနည်း။ သကြား စက်ရုံတော်ကြီး ဖြစ်ချေသည်။ စက်သံတညံညံနှင့် စက်ခုတ်သံလား မိုးသံ လား ဟူသည်မှာ ဤအရာကို မြင်ပြီး သံချပ်တိုင်ကြခြင်း ဖြစ်ဖွယ်ရှိသည်။

ထိုမှတစ်ဖန် မျှော်မော့ပြန်သော်၊ သံခွန်ထမ်းမြို့ရွာများက ဆက် သွင်းသည့် သံများ၊ သံကျောက်များကို ကျိုချက်သည့် စက်ရုံတော်ကြီး ဖြစ်၏။ မီးလျှံတရဲရဲ ထုသံရိုက်သံ တညံညံဖြင့်ရှိ၏။

ဝေါဝိန်တံခါးအဝင်၌လည်း ကြီးမားသောရုံတော်ကြီးတစ်ခု ရှိသေး၏။ ဂွမ်းကြိတ်ရုံတော်ကြီး ဖြစ်ပေ၏။ အရာတော်မြေများမှ ထွက်ရှိသော ဝါဂွမ်းများ၊ ငွေပေးဝယ်ယူရရှိသော ဝါဂွမ်းများကို ကြိတ်သော စက်ရုံတော်ကြီးဖြစ်၏။

ရွှေမြို့တော်မြောက်ပြင်ဘက်သို့ မျှော်လိုက်လျှင်၊ ရက်ကန်းစက်ရုံ တော်ကြီးကို မြင်ရပေလိမ့်မည်။

အမရစံခေါင်ရပ် ရွှေကချောင်းဆားတွင် အံ့သြစရာတွေကို တစ်ခုပြီး တစ်ခု ဇယ်စက်ဘီသို့ လုပ်နေ၏။ ဝါကြိတ်စက်မှ ကြိတ်ထုတ်လိုက်သော ဂွမ်းများကို ဂွမ်းဖတ်စက်က ဖတ်၏။ ဖတ်ပြီးဂွမ်းကို မိုင်းတောင့်ကြီးဖြစ်အောင် လုပ်သောစက်။ ညှိဆိုင်အရွယ်ရှိ ထိုမိုင်းတောင့်ကြီးကို တဖြည်းဖြည်းသေးပြီး ချည်မျှင်ဖြစ်အောင်လုပ်သောစက်များမှာ ထူးဆန်းလှသည်။

ချည်များ အဆင့်ဆင့်သွားပုံကိုလည်း ကြည့်ပါဦး။

ဖြစ်လာသောချည်ကို စက်ဖြင့်ဝင့်သည်။ စက်ဖြင့်ချောသည်။ ချည်ချ ရာ၊ ချည်ခင်ခေါက်ရာမှာလည်း စက်ဖြင့်ပင်။ ချည်စာယူသည့် တိုက်ခန်း၊ ယက်ကန်းရှယ်သည့်တိုက်ခန်း၊ နှတ်ကောက်သည့် တိုက်ခန်းများတွင်ကား လုပ်သားများ သွားလာဝင်ထွက် လုပ်ကိုင်နေကြသည်။

ထို့နောက် စင်တင်လိုက်သည့် အဆင်များကို စက်ဖြြင့် ရက်လုပ်

ပြန်သည်။ ရက်လုပ်ပြီးသည့် အထည်များကို စက်ဖြင့်ပင်ခေါက်ပြန်သည်။ ယခုအခါတွင် အဖြူထည်သာ ရှိသေးငြား၊ မကြာမီ အရောင်အသွေးစုံသည့် အဆင်များ ထွက်ရှိနိုင်အောင် စီမံနေ၏။

ယက်ကန်း စက်ရုံတော်ကြီး၏ အရှေ့မြောက်ဘက်တွင်ကား အမြောက်လုပ်သည့် စက်ရုံတော်ဖြစ်၏။ အမှုထမ်း ၁၅၀ ကျော်တို့သည် ကိရိယာများပုံသွင်းရန် မြေပုံ လုပ်နေကြသည်။ ပွတ်စက်နှင့် ရွှေပေါ်စက်၊ ဖောက်စူးစက်များဖြင့် အမြောက်အစိတ်အပိုင်းများကို စိတ်ဝင်စားစွာ လုပ်နေကြ၏။

မီးတံခါးတပ်ဆင်ထားသော မီးအိုးကြီး၊ ကြီးမားသော ဟန်ဘီးတွေ။ သည်မှုမက သံရည်ကျိုစက်ပါ တွဲဖက်ရှိသည်။ ရေမြုပ်ဗုံး အမျိုးမျိုးနှင့် ယမ်းတောင့်ထိုး အမြောက်တွေ သည်စက်ရုံတော်မှာလုပ်သည်။

သည်စက်ရုံတော်နှင့်ကပ်လျက် စက်ရုံတော်ကား သေနတ်လက်နက် စက်ရုံတော်ကြီးဖြစ်သည်။ ပကတိသံမဏိတုံးကို လုံးစွပ်ဖြစ်အောင် အဆင့်ဆင့်လုပ်သည့်စက်များ၊ ပုံလောင်းပြီး သေနတ်အိမ်တုံးကို လိုသလိုရွှေသော၊ ဖြတ်သော စက်များ၊ ရွှေဖြတ်ပြီးသော သေနတ်အိမ်တုံးကို ဆုံစက်နှင့်တကွ ပြောင်းထားရန် မြောင်းထွင်းသည့်စက်၊ ထိုမှတစ်ဆင့် ဝက်အူမီးပေါက် ပြင်သော 'တောကာ' ထားရန်၊ နောက်ပိတ်တပ်သောစက်၊ ပြောင်းလုံးနှင့် သေနတ်အိမ် တွယ်စပ်ပြီးနောက် ချောမွေ့သည့်ပွတ်စက်၊ သေနတ်တပ်ဆင်သည့်စက်များသည် တိုက်ခန်းအသီးသီး၌ တည်ရှိ၏။

ကျန်ပါသေးသည်။ သည်စက်ရုံတော်ကြီးအတွင်းမှာပင် သေနတ်ပြောင်း အကြမ်းထည်ကို အပေါက်ဖောက်သောစက်၊ ထိုဖောက်ပြီး ပြောင်းကို 'ရိုက်ဘတ်မြောင့်' ဖြစ်အောင် ထပ်မံဖောက်လုပ်သည့်တွင်စက်။ ထို ပြောင်းများကို အထူအပါးညီအောင် ညှိသည့်စက်။ ပြောင်းဆုံစက်၊ ဝက်အူလိမ်မှ ခပြီး လိုအပ်ရာများ လုပ်ဆောင်တပ်ဆင်သည့်စက်။ ဗာလီကွေးထိုးတံမှအစ

သေနတ်နှင့်ဆိုင်ရာ အစိတ်အပိုင်းကြီးငယ်များလုပ်သည့်စက် စသည်များလည်း၊ သူ့တိုက်ခန်းနှင့်သူ ရှိပေသေးသည်။ စက်ရုံတော် လုပ်သားများ တက်ကြွစွာဆောင်ရွက်နေကြပုံမှာလည်း ကြည့်မငြီးစရာပါပေ။

သည်စက်ရုံတော်မှ ခုနစ်ရက်လျှင် သေနတ်အလက်နှစ်ထောင် ထွက်သည်။ ဗထက်ချိုင့်နောက်ထိုး သေနတ်များလည်း အစမ်းသဘော ထွက်နေပြီ။

သည်မှ လှမ်းမျှော်ပြန်သော် ဆန်ကြိတ်စက်ရုံတော်နှင့် မဲနယ်စက်ရုံတော်များကို မြင်ရသည်။ စက်သံတညံညံ မီးခိုးတလျှံလျှံဖြင့် ခုတ်မောင်းလည်ပတ်နေ၏။ သွယ်တန်းပြီးသည်မှာ မကြာသေးသော ကြေးနန်းကြိုးများမှာလည်း ခေါင်းပေါင်းကျွတ်ကျအောင် တမော့မော့ဖြင့် မော့ကြည့်စရာဖြစ်နေ၏။

စက်ရုံများကား သည်မျှဖြင့် မကုန်စင်သေးချေ။ နန်းမြို့အတွင်း၌လည်း ပဟိုရ်စင်အနီး၌ ဒင်္ဂါးစက်ရုံတော်ကြီး ရှိသည်။ ခေတ်မီလက်နက် စက်ရုံတော်များလည်း ရှိသေးရာ၊ ရှေ့တိုးနောက်တိုး ကျည်မွေးအမြောက်များ၊ သေနတ်များ၊ ကျည်ဆန်များလုပ်သည်။

ဒင်္ဂါးစက်ရုံတော်ကြီးမှာ ငွေတုံးအရိုင်းမှ ကျပ်သုံးဒင်္ဂါးအစ ငါးမူးစေ့၊ မတ်စေ့အထိဖြစ်အောင် လုပ်နိုင်သော စက်ရုံကြီးဖြစ်၏။

အုတ်၊ အင်္ဂတေတို့ဖြင့် ကြီးကျယ်ခိုင်ခံ့စွာ တည်ဆောက်ထားသော ထိုစက်ရုံတော်ကြီး၌ ငွေရည်ကျိုသည့် ဖိုကြီးရှိသည်။ ငွေပြားကြီး ကြိတ်စက်ရှိသည်။ ကြိတ်ပြီးငွေပြားကြီးကို ဆေးရည်စိမ်သည့်တိုက်ခန်း၊ ဆေးရည်စိမ်ပြီး ငွေပြားကို ထပ်မံကြိတ်ညှိသည့်စက်ခန်း စသဖြင့် အဆင့်ဆင့် တည်ရှိ၏။

ငွေပြားကြီးကို ဖောက်ထုတ်လိုက်သောအခါ လိုရာအရွယ်များ ထွက်လာသည်။ ကျပ်သုံးဒင်္ဂါးပြား၊ ငါးမူးပြား၊ မတ်စေ့ပြား၊ မူးစေ့ပြားများဖြစ်၏။ ယင်းတို့ကို ထောင့်ဖိစက်ဖြင့်ဖိပြီးနောက် ဖြူစင်အောင်ချွတ်ရပြန်၏။

## ပုဂံစာအုပ်တိုက်

ချွတ်ပြီးသော ငွေဒင်္ဂါး ငါးမူးစေ့၊ မတ်စေ့၊ မူးစေ့များကို အရုပ်ပန်းထောင့်စိတ်ဖြစ်အောင် စက်ဖြင့် ရိုက်သည်။ ချိန်မှတ်သည်။ ချိန်မှတ်မှာ အလေးချိန်ဖြစ်သည်။

ထိုငွေတော်များ၏ မျက်နှာတစ်ဖက်တွင် ဥဒေါင်းရုပ်နှင့် ရတနာပုံမြို့တော်ပြည်တော် စာများပါသည်။ အခြားတစ်ဖက်တွင် တစ်ကျပ်သုံးဒင်္ဂါးဟူသော စာနှင့် မင်းတရားကြီး နန်းတက်တော်မူသော ၁၂၁၄ ခုနှစ်ကို ပန်းခက်ပန်းနွယ်များ ရံထားသည်။

လူဆိုးလူသွမ်းများသည် ခေတ်မီနည်းပညာဖြင့် လုပ်ကိုင်ထားသော ဒေါင်းတံဆိပ်ဒင်္ဂါးများ တုပလုပ်ကိုင်ပြီး ရပ်သူရွာသားများထံတွင် လိမ်လည်သုံးစွဲကြ၏။ သို့သော် ထိုဒင်္ဂါးမှာ မင်းတရားငွေတော်ကဲ့သို့ ငွေအစစ်မဟုတ်ရကား၊ ကြေးနီရောင် တဖြည်းဖြည်း ပေါ်လာ၏။

ကြေးနီရောင် စတင်ပြီး ပေါ်လာတတ်သောနေရာမှာ၊ ဒေါင်းရုပ်၏ တောင်ပံဖြစ်သည်။ ဤသည်ကို အစွဲပြု၍ ဆိုးသွမ်းလုယက်သူများကို 'တောင်ပံနီ' ဟု ခေါ်တွင်စမှတ်ပြု၏။

သည်အရာများကိုကွပ်ကဲသူမှာ မက္ကရာမင်းသားနှင့် ယောအတွင်းဝန် ဦးဖိုးလှိုင်၊ ဖန်ချက်ဝန်ဦးရွှေအိုး၊ ပခန်းဝန်ဦးရန်ဆေး၊ ပန်းတဉ်းဝန် ဦးရွှေဘင်တို့ ဖြစ်ကြ၏။ ထိုပုဂ္ဂိုလ်များသည် မြန်မာဘာသာစာဖြင့်သာ အရာအားလုံးကို ခေါ်တွင်သုံးစွဲသည်။ အမြောက်ပစ်ခတ်ရန် မာသေမာတိတ် တွက်ချက်နည်းအစ၊ ကြေးနန်းရိုက်နည်း လိပိဒိ ပိကာအဆုံး မြန်မာ ဘာသာချည်း ဖြစ်သည်။

နန်းမြို့တွင်းရှိ လက်နက်စက်ရုံတော်မှ လူအချို့သည် မကြာခဏ အပြင်သို့ထွက်ပြီး လှမ်းမျှော်ကြည့်ကြ၏။ သူတို့ကြည့်သောအရာမှာ 'ဖွားဖက်ကျော်တန်း' ဖြစ်သည်။ အဆောက်အအုံ၏ တစ်စိတ်တစ်ပိုင်းသာ မြင်ရပြီး၊ အတွင်းရှိလူများကို မမြင်ရပါ။ မမြင်ရပါဘဲလျက် ထွက်ထွက် ကြည့်နေကြ

ခြင်းမှာ ထူးဆန်းသော လူတစ်ယောက် ရောက်နေသောကြောင့် ဖြစ်သဉ

ဘဝရှင်မင်းတရားကြီးသည် အင်္ဂလိပ်တို့ ပါးစပ်က ပြုံးနေသေ လည်း၊ အတွင်းစိတ်ကား အလွန်ယုတ်မာကြောင်း၊ ကောက်ကျစ်ကြော ကျေးဇူးမသိတတ်ကြောင်း၊အောက်တန်းကျလှကြောင်း သိထားတော်မူသဉ နိုင်ငံခြားမှ ဝယ်လာသော ကုန်သေတ္တာများကို ရစရာမရှိအောင် ဖျက်ဆ စစ်ဆေးပြီးမှ တောင်းပန်ခြင်း၊ မြန်မာသံအဖွဲ့ကို နယ်စပ်၌ လနှင့်ချီ တားဆီးထားခြင်း၊ မြင်ကွန်းမြင်းခုန်တိုင် ညီနောင်တို့အား သွေးထိုးမြှောက် ပေးခြင်း၊ နိုင့်ထက်စီးနင်း ဝင်ရှုပ်ခြင်း၊ စောလှဖော်အား စလေဒင် ဖြားယော ခြင်း စသည်တို့ကို မင်းတရားကြီး သိတော်မူသည်။ သိသည့်အလျော သူယုတ်မာအင်္ဂလိပ်များနှင့် စကားမပြောလိုချေ။

သို့စဉ်တွင် ကန့်ကွက်လွှာရောက်ရှိလာ၏။

ကန့်ကွက်လွှာမှာ မင်းတရားကြီး ကြိုတင်ကြားတော်မူပြီးဖြစ်သဉ အချုပ်တန်းရပ်မှ ဦးဖေ ရေးသည့် တေးထပ်အကြောင်းဖြစ်၏။ ထိုတေးထ ကြောင့် သူတို့မှာ ထိခိုက်နစ်နာသဖြင့် တေးထပ်ရေးသူ အချုပ်တန်း ဦး အား အရေးယူပေးပါရန် စသည်ဖြင့် ဖြစ်ပေ၏။

"မောင်ဖေ ရေးသာ မှန်သားပဲဘုရား့။ မင်းတု တုလို့၊ ခွေးသေ သေသ

အတွင်းတော်သို့ အခစားဝင်နေသည့် ယောအတွင်းဝန်က တရား ဘက်မှ ရှေ့နေလိုက်သည်။

"မကြီးကျယ်သင့်သည့် ကိစ္စဖြစ်သည် မောင်လှိုင်။ ဟဲ့ မောင်ဖေ ဖွားဖက်ကျော်တန်းမှာ ထားလိုက်ပါဘိ"

အပြစ်ပေးခံရမည့်သူသည် အထက်တန်းမှဖြစ်ပါက အမည်နော တွင် 'ငယ်' တပ်ရသည်။ အပြစ်ပေးခံရသူသည် အောက်တန်းမှ ဖြစ်ပါ အမည်ရှေ့တွင် 'င' တပ်ရိုးတပ်စဉ်အပြင်၊ အဖျား၌ ငယ်ကိုလည်း ထည့်သွ သုံးစွဲ၏။

## ပုဂံစာအုပ်တိုက်

ယခုသော်မူ င လည်းမခေါ်၊ ငယ်လည်း မတပ်။ မောင်ဖေ ဟူ၏။

'ဖွားဖက်ကျော်တန်း' မှာ ကောင်ဟန်တန်း၊ လက်မထောက်တန်းတို့နှယ် ကြီးလေးဆင်းရဲသော နေရာမျိုးမဟုတ်ပေ။ ရွှေနန်းတော်လက်ဝဲဘက် မာရဘင်တံခါးအနီးတွင် ခိုင်းတော်တန်းနှင့် ဖွားဖက်ကျော်တန်းရှိသည်။ မြဲတိုက်တော်မှ အလိုရှိသူများကို သွားရောက်ခေါ်ငင်ကာ ချုပ်နှောင်ထားရာ နေရာဖြစ်ငြား၊ ခြေကျင်းစွဲရိုက်ခြင်း မရှိ။

သို့သော်ဦးဖေ၏တပည့်များ မကျေနပ်။ လေးပြင်လေးရပ်မှ တပည့်များသည် အချုပ်တန်းသို့ ရောက်လာကြသည်။အိမ်အိပ်၊ အိမ်စား တပည့် သုံးယောက်နှင့်ဟေ့သောအခါမာရဘင်တံခါးအနီးသို့ စုရုံးရောက်ရှိလာကြ၏။

မာရဘင်တံခါး အမှုထမ်းများသည် ငလှိုင်းနှင့် ငစိန်၊ သော်က တို့ကိုသာ သိသဖြင့် ဝင်ခွင့်ပေးသည်။ ငလှိုင်းမှာ ဦးဖေ၏နောက်မှ အပါးများသဖြင့် ပိုပြီးသိကြသည်။ ဖွားဖက်ကျော်တန်းကို အုပ်ချုပ်သူမှာ သွေးသောက်ကြီးဖြစ်၍ သူ့လက်အောက်တွင် တန်းခေါင်းတစ်ယောက်၊ တန်းထိန်း နှစ်ယောက်နှင့် အမှုထမ်းသုံးကျိပ်ကျော်ရှိ၏။

နှိပ်စက်ညှဉ်းပမ်းသော နေရာမဟုတ်ငြား၊ လက်အောက်ငယ်သား ကအစ မောက်မာ၏။ သို့ရာတွင် ဘုရင်မင်းမြတ်က 'မောင်' တပ်ပြီး ခေါ်ထားသူ၊ အမှုမှာလည်း အင်္ဂလိပ်ကို ဆဲရေးသောစာ ရေးသားသောအမှု။ အမိန့်တော်မြတ်အရ ချုပ်နှောင်ထားရငြား အမှုဟု မထင်ကြပေ။

သို့အတွက် ဦးဖေမှာ တန်းခေါင်း၏နေရာတွင် တင်ပျဉ်ချိတ်လျက် သနပ်ဖက်ဆေးလိပ်ကြီးကို သံဖိုရုံခေါင်းတိုင်နှင့် အပြိုင်ဖွာရင်း၊ ကုလားဖြူကို အမြှုပ်ထွက်အောင် ထိုင်ဆဲနေ၏။

"ငါ့တပည့်တွေ လာကြဟေ့"

"မာရဘင်အပြင်ဘက်မှာ သုံးကျိပ်လောက် ကျန်ခဲ့သေးသယ် ဆရာ"

"ဟေ့ တန်းထိန်းတွေ၊ မာရဘင်အပြင်ဘက်မှာ ငါ့တပည့်တွေ ကျန်ခဲ့

သေးသကွ၊ သွားခေါ်ချေကြ"

ထိုအသံကြောင့် သွေးသောက်ကြီး ပြေးလာ၏။

"သာတော့ဖြင့် သည်းခံပါဆရာဖေ။ အကျွန်တို့ သုံးတန်း အပေး ခံရပါလိမ့်မယ်ဆရာရယ်"

ဆရာဖေ ရယ်မောသည်။ သို့သော် ကြုံးဝါးမှုကား ပြုသေး၏။

"ဟေ့ သွေးသောက်ကြီး။ ပတိမ်းစားငယ် အရေးတုန်းက မင်းနဲ့ ငါနဲ့ တစ်တပ်တည်း အမှုတော်ထမ်းခဲ့သဲ့ ရဲမက်ချင်း မဟုတ်လား"

"ဟုတ်ပါသယ်ဆရာဖေ။ သာကြောင့်လည်း ကိုယ့်အိမ်ကိုယ့်ယာလို ဆရာဖေ နေခွင့်ရသာပေါ့ဗျာ"

"သလိုဆို၊ ငါ့တပည့်တွေကို ခဏ မျက်နှာ သွားပြပါရစေကွာ"

"ဆရာဖေ။ အကျွန်တို့ကို လက်မထောက်တန်းသာ ပို့လိုက်ပါ တော့ဗျာ"

သွေးသောက်ကြီးမှာ ညည်းလည်းညည်း၊ ရယ်လည်း ရယ်နေသည့် အတွက် ဆရာဖေသည် သူ့တပည့်များကို ငုံ့ကြည့်၏။ လက်ဖက်၊ဆေးလိပ်၊ ထန်းလျက်၊ ဇေယျာဆုပ်စသည်ဖြင့် စုံလင်စွာပါလာကြ၏။

"သွေးသောက်ကြီး၊ ဟောသည်မှာ သားရေစာတွေဟေ့။ ဟေ့ တန်းခေါင်း တန်းထိန်းတွေ လာယူကြ။ အေး ငါ့ဟာ ကုန်သွားရင် မင်းတို့က ကျွေးဖို့ပြင်ကြ"

ထိုသို့ပြောရာက သော်ကအား လှမ်းမေး၏။

"သည်လ ဘာလတုန်း ငသော်က"

"တန်ဆောင်မုန်းပါဆရာခင်ဗျာ့"

"ဘာနက္ခတ်ထွန်း၊ ဘာပန်းပွင့်သတုန်း"

ငသော်က ခေါင်းကုတ်၏။ "ကြတ်... ကြတ္တိကာနက္ခတ်နဲ့ ခဝဲပန်း... ပန်းပါခင်ဗျာ့" ဟု အထစ်အထစ် ဖြေသည်။

ပုဂံစာအုပ်တိုက်

"ရာသီရုပ်နဲ့ ယှဉ်တာရာကကောကွယ်"

သည်အခါတွင်လည်း ငသော်ကသည် တွန့်ဆုတ်တွန့်ဆုတ် ဖြေ၏။

"ကင်းမလက်မည်းနဲ့ ကျိုးတာရာပါခင်ဗျာ့"

ထိုအချိန်တွင် ငလှိုင်းသည် တစ်စုံတစ်ရာပြောရန် အားယူနေ၏။ သို့ရာတွင် သူ့ဆရာက စကားမပြတ်သဖြင့် မပြောသာ။

"ကဲ အဲသာတွေပါအောင် စာစပ်စမ်းကွာ"

"လဗြိဿာ တန်ဆောင်ပွဲငယ်နဲ့ ဖက်တွဲပါတဲ့ ရွှေကထိန်၊ ကြတ္တိကာ ပြောင်လက်ရှန်း ထွန်းတဲ့ခါချိန်"

"ငါခြေနဲ့ကျောက်လိုက်ရ သေတော့မှာပဲ။ ဟဲ့ ဟိုကောင် ငစိန် စာဆိုစမ်း"

"ဘာကို ဆိုရမှာပါလိမ့်ဆရာခင်ဗျား"

"ခုနက ငသော်ကနဲ့ ပြောဆိုနေသံ နင်မကြားဖူးလား"

"ကြားပါသယ် ဆရာခင်ဗျာ့"

ငသော်ကအား ကန်ရန် ရွယ်ထားသည့် ခြေထောက်ကို ပြန်သိမ်းရာက "လက်စသတ်တော့၊ အချိန်ဆွဲနေသာပါကလား" ပြောကာ ကျယ်လောင်စွာ ရယ်မောသည်။

"ငသော်ကကို စာအဆိုခိုင်းသာ ဟန်မကျလို့၊ နင့်ကို အဆိုခိုင်းသာ။ ကဲ ဆို"

"တန်ဆောင်မုန်း ဗြိဿာ ကြတ္တိကာ ရောင်ဝါရှိန်လို့ဖြိုး။

"ခဝဲပွင့်ချိန် ခင်းကထိန် ရွှေအိမ်ပိုင်လည်စိုး"

ငစိန် ဆို၍အပြီးတွင် ဆရာဖေသည် "ကောင်းပ၊ ကောင်းပ" ဟု ချီးမွမ်းပြီးမှ ငစိန့်ခေါင်းကို ဖနောင့်ဖြင့် မနာမကျင်ပေါက်၏။

"ကောင်းမှာပေါ့။ လယ်ကိုင်းဝန် သေနတ်ဝန်ရဲ့သံပေါက်ကို အလွတ် ဆိုသာကိုး"

ပုဂံစာအုပ်တိုက်

ဆရာ ရယ်မောသောအခါ တပည့်များလည်း ဝိုင်းဝန်းရယ်မောကြ၏။ ငလှိုင်းမှာ ရယ်သံမစဲမီ စကားစဖြစ်အောင် လုပြီး စရ၏။

"အကြံတစ်ခုပေးပါရစေ ဆရာ"

"သွေးသောက်ကြီးကို ရိုက်ပြီး ထွက်ပြေးလည်း မာရဘင်တံခါး အရောက်မှာ အဖမ်းခံရမှာပါ ငလှိုင်းရာ"

တပည့်များမှာ ဆရာနှင့် ရောနှောပြီး ရယ်မောရပြန်ငြား၊ ငလှိုင်းသည် အားမလျှော့ပေ။

"ကျွန်တော်ပေးမယ့်အကြံက၊ ဆရာ မတ္တရာကြောင်းချို တပ်မတော် ကြီးမှာ လိုက်ပါ အမှုတော်ထမ်းခဲ့သဲ့အကြောင်း စာဆိုဖို့ပါဆရာ။ မင်းတရား ကြီးထံ အသနားခံသဲ့သဘောပေါ့"

"အေးကွ၊ ကိုယ့်အရှင် ကိုယ့်သခင် ကိုယ့်ဘုရင်ဆီမှာ အသနားခံသာ၊ ကုလားရှေ့မှာ ဒူးထောက်ပြီး 'ဆပ်၊ ဆပ်' နဲ့ ဆလံပေးသာထက် ဂုဏ် ရှိပါသယ်နော"

"ရှိပါသယ်ဆရာ။ အကျွန် ကံ့ကူဆံနဲ့ ပုရပိုက် ယူလာပါသယ်"

ငလှိုင်းသည် သူ့ခါးပုံအိတ်ထဲမှ အဝတ်ထုပ်တစ်ထုပ်ကို ထုတ် ပေး၏။ ဆရာဖေသည် ကံ့ကူဆံကို ပုရပိုက်ပေါ်တင်ထားပြီး မာရဘင် ဘက်သို့ မျှော်ကြည့်၏။ အကျိုးနီ ပုဆိုးအောက်ပိုးကျိုက်ဖြင့် ရဲမက်များကို မြင်ရသည်။ နေပြည်တော်မှ ဓားလှံဖွေးဖွေး သေနတ်တထောင်ထောင်ဖြင့် အောင်စည်အောင်မောင်းတီးလျက် ချီတက်သွားသည့် တပ်မတော်သား များကို မြင်ယောင်သည်။

ထိုအခါ အင်္ဂလိပ်တို့ မြှောက်ပေးသဖြင့် ဘီလူးသဘက်စိတ် ပေါက်နေသော အာဏာမက် မင်းသားနှစ်ယောက်၏မျက်နှာသည် ဘွားခနဲ ပေါ်လာလေ၏။

* * *

ပုဂံစာအုပ်တိုက်

မြင်ကွန်းစားမင်းသားနှင့် မြင်းခုန်တိုင်စား မင်းသား။ သူတို့သည် တောင်ရွှေရေးဆောင်မိဖုရားမှ ဖွားသော နောင်တော်ညီတော်များ ဖြစ်သည်။

မင်းတရားကြီးတွင် မိဖုရား များပြားသည့်အတွက် သားတော်၊ သမီးတော်လည်း များပြား၏။ ထိုသားတော်များကို စားကျေးစားလက် မြို့ရွာများသို့ စေလွှတ်ကာ၊ အင်္ဂလိပ်ကို တိုက်နိုင်ရန်အတွက် အင်အားကြီးမားအောင် ကြံဆောင်ခိုင်းနိုင်းလျှင် အလွန်ပင်ကောင်းပေလိမ့်မည်။

သို့ရာတွင် ဘုရင်မင်းမြတ်မှာ သားတော်များကို ရွှေမြို့တော်မှ ခွာခွင့်မပေးရဲချေ။ အကြောင်းသော်ကား၊ ရှင်ဘုရင်လုပ်လိုစိတ်ဖြင့် ထကြွပုန်ကန်မည် စိုးရိမ်ရသောကြောင့်ပေတည်း။

ထိုသားတော်များကို ဘထွေးတော် အိမ်ရှေ့မင်းက ကွပ်ကဲထားရသည်။ ဤသည်ကို ထိုမင်းသားနှစ်ယောက် မကျေနပ်ကြချေ။ အင်္ဂလိပ်ကုလားဖြူတို့က ထိုသဘောကိုသိသည်။ သိသည့်အလျောက် သူတို့သံအဖွဲ့ရုံး၊ သံအဖွဲ့ဝင်များ၏အိမ်သို့ မင်းသားတွေကို ဖိတ်ကြားသည်။ သေရည်နှင့် စားဖွယ်စားရာများ တည်ခင်းဧည့်ခံသည်။ သိလို၍ မေးလိုဟန်ဖြင့် သွေးထိုး ပေးသည်။ ဆွပေးသည်။

"အကျွန်ုပ်တို့ ကြားဖူးသည်မှာ ငါ၏အရိုက်အရာကို သားတော်များအစဉ်လိုက် ဆက်ခံစိုးစံရမည် ဟူ၍ ဖြစ်ပါသည်။ ဤစကား မှန်ပါသလား။ ယခု လက်ရှိအခြေအနေတွင် မည်သည့်သားတော်မျှ အိမ်ရှေ့မဖြစ်ဘဲ ညီတော်က အိမ်ရှေ့မင်းဖြစ်နေသည်မှာ မည်ကဲ့သို့ပါနည်း"

ကုလားဖြူများကား ရန်သူပေတည်း။

မည်သည့်အခါမျှ အဆွေခင်ပွန်းဖြစ်လာရန် အကြောင်းမရှိသော ရန်သူစစ်စစ်ကြီးများပေတည်း။

ပြောသူမရှိဘဲ သိနေရမည့်အချက်။

သင်ကြားသူ မရှိပါဘဲလျက်၊ အရိုးစွဲနေရမည့်အချက်။

သို့အတွက် ကုလားဖြူအင်္ဂလိပ်များ ပြောသောစကားတွင် မည်သည့်အခါမျှ မြန်မာ့အကျိုးမပါဝင်ဟူ၍သာ တရားသေမှတ်စွဲရမည်။ သို့သော် မင်းသားများ မသိ။

သေရည်ယစ်ယစ်ဖြင့် "ဟုတ်သပ။ ဘောတော်အလောင်းမင်းတရားကြီးရဲ့ အမှာအထားနဲ့ နည်းနည်းမှမညီဘူး" ဟု အာလေးလျှာလေးဖြင့် ပြောသည်။

"သြော် သြော်၊မသိလို့မေးခြင်းဖြစ်ပါသည် မင်းသားတို့။ မင်းတရားကြီးနတ်ရွာစံရင် ညီတော်အိမ်ရှေ့မင်းသာ ဘုရင်ဖြစ်ရမှာပေါ့နော်။ မင်းသားတို့မှာ ဘုရင်ဖြစ်လမ်း မရှိတော့ဘူး ထင်ပါသည်"

"ဘာကြောင့် မဖြစ်ရမည်တုန်း။ သည် အိမ်ရှေ့မင်းကို လုပ်ကြံပစ်မှာပေါ့"

"သွေးထွက်သံယိုဖြစ်မည်ကို ကျွန်ုပ်တို့ မလိုလားပါ မင်းသားတို့။ သို့ရာတွင် မင်းသားတို့ကိုကား အားကြီးစေတနာထားပါသည်"

ကုလားဖြူ အင်္ဂလိပ်တို့သည် သည်စကားကို သည်မင်းသားညီနောင်အား ရွေးပြီးပြောခြင်းမှာ အကြောင်းရှိ၏။

မင်းသားနှစ်ပါးအနက်၊ အကြီးသည် စရိုက်ကြမ်း၏။ ခမည်းတော်ဘုရင်မင်းမြတ်ကိုပင်လျှင် ရိုသေလေးစားရန် သိသူ မဟုတ်။ မဟုတ်ပုံမှာ၊

"တစ်ရံခါသော်၊ ပဉ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီးသည် သားတော်များစုံညီ အခစားဝင်သည့်အခိုက် ချစ်ခင်ရင်းနှီးသည့် သဘောဖြင့် 'ငါ့သားတော်တွေ ချက်ပြီးဆက်တဲ့ ဟင်းများကို ခမည်းတော် ပွဲတော်တည်လိုသည်။ ဘာဟင်းများ ချက်တတ်ကြသတုန်း' ဟု မေးတော်မူရာ 'သားတော်က သမင်သားကို မည်သူမျှ လိုက်မမီအောင် ချက်တတ်ပါသဘုရား။ သားတော် အကျွမ်းကျင်ဆုံးကတော့ ဝက်သားပါဘုရား' အသီးသီး အသက အသက ရိုးသားရှိသေစွာ တင်လျှောက်ကြငြား၊ မြင်ကွန်းမင်းသား

အလှည့်တွင်မူ 'သားတော်လည်း အမဲသားကို ကောင်းစွာချက်တတ်ပါသည် ဘုရား' ဟု နိုင်ငံတော်တွင် အမဲသားမပေါ်ရ အမိန့်ထုတ်ထားသည့် ခမည်းတော်အား ပမာမခန့် တင်လျှောက်" ဖူးခြင်း ဖြစ်ပေသည်။

မြင်ကွန်းမင်းသားထက် အဆ ရာထောင် ပညာရှိသော ရွှေပြည်ဝန်ကြီး ယောအတွင်းဝန် ဦးဖိုးလှိုင်ကိုပင်လျှင် 'ဘီယာသည် အရက်မဟုတ်၊ ဆေးခါးကြီးသာ ဖြစ်သည်' ဟူ၍ပြောသည်ဟု သတင်းကြားခါမျှဖြင့် စေလွှတ်သောအရပ်သို့ မရောက်မီ ပြန်ခေါ်ပြီး အရာမှချသည်အထိ သာသနာရေးစိတ် ပြင်းထန်ခဲ့သော မင်းတရားကြီးသည် ထိုဒုဋ္ဌကုမာရအား မသုတ်သင်ခဲ့မိပေ။

မရှိသင့်သူ ဆက်လက်ရှိနေသောအခါ သူသည် လူသူစုဆောင်း၏။ ယောက္ခမလည်းတော်စပ်သော ဘထွေးတော်ကို လုပ်ကြံအပြီး၌ ဖအေကို သတ်ပြီး ဘုရင်လုပ်မည်။ သူ၏ အကြံအစည်ကိုသိသည့် မိဖုရား တောင်ညိုမင်းသမီးက အိမ်ရှေ့မင်းထံ သတိပေးစာပို့သည်။ ထိုသို့ ပို့ကြောင်း သိသွားသည့် ဒုဋ္ဌကုမာရအကြီးသည် တောင်ညိုမင်းသမီးအား ရက်စက်စွာ သတ်ဖြတ်ပစ်သည်။

အချိန်မှာ မြန်မာနှစ် ၁၂၂၈ ခုနှစ် ဖြစ်သည်။

အညာနေ၏ နှိပ်စက်ကန်ကျောက်မှုကို ကျောကော့ခံနေရသော ကဆုန်လဆန်း ၂ ရက်နေ့။ နောင်ဒိုင်း ၃ ချက်တီးသံပေါ်လာပြီး မကြာမီတွင် အနောက်ဘက်မှ မီးခိုးလုံးကြီးတွေ အူတက်လာသည်။

ရှေ့တော်ပြေးစုကို မီးလောင်ခြင်း ဖြစ်သည်။

အိမ်ခြေလေးထောင်နီးပါး ပြာဖြစ်သွား၏။ ဝါးတန်းနှင့် သံတန်း၊ ဆန်တန်း၊ ခွက်တန်း၊ အုတ်တန်း၊ ညောင်ပင်ဈေးရပ်၊ စကိုင်းတန်း၊ ဘရင်ဂျီဘန်း၊ မန်ကျည်းပင်ဈေးရပ်၊ သူဌေးတန်း၊ ထီးတန်း၊ ကျုံးထိပ်တန်းတို့ပါသွားသည်။

## ပုဂံစာအုပ်တိုက်

ရွှေမြို့တော်ဝန်၊ ထောင်မှူး အစရှိသူတို့သည် မီးကို ကြိုးစားပမ်းစား ကွပ်ကဲငြိမ်းသတ်ကြ၏။ မက္ခရာမင်းသား၊ သုံးဆယ်မင်းသား၊ ပတိမ်း မင်းသားတို့သည် ဆော်ဖန်ကြပ်မတ်နေသော စက်ရုံတော်များမှ လက် အောက်ငယ်သားများနှင့် အပြေးအလွှားရောက်ရှိ မီးငြိမ်းသတ်ငြား၊ ဒုဋ္ဌ ကုမာရမင်းသားနှင့် ငယ်သားများမူ သောက်စားမူးယစ်လျက် မကောင်း ကြဲနေရသဖြင့် ရောက်မလာနိုင်ကြ။

အနည်းဆုံး လူနှစ်သောင်းနီးပါးတို့ နေစရာမရှိ စားစရာမရှိသော အရေးအတွက် အိမ်ရှေ့မင်းသည် နေ့ညမပြတ် စီစဉ်နေရသဖြင့် သမီးတော်၏ သတိပေးစာကို မဖတ်မိ။

ဤသို့ဖြင့် ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက်နေ့သို့ ဆိုက်ရောက် လာ၏။

ပြည့်ရှင်မင်းသည် ရွှေမြို့တော်မှထွက်ကာ နန်းမြေဘုံသာ စံနန်း တော်တွင် စံမြန်းနေသည်။ အိမ်ရှေ့မင်းသည် လွှတ်တော်အနီးရှိ တဲကြီးတွင် မှူးမတ်များနှင့် သဿမေဓမှုများကို တိုင်ပင်တော်မူနေသည်။

နှောင်ဒိုင်း၊ နှောင်ဒိုင်း။

'နေ့ ၂ ချက်တောင် တီးပါပြီကော'

အိမ်ရှေ့မင်းသည် နန်းမြို့ပဟိုရ်စင်ဘက်သို့ လှမ်းကြည့်စဉ် အသံ များ သဲ့သဲ့ကြားရ၏။

"ဘထွေးတော်ဘုရား၊ ကယ်တော်မူပါဘုရား။ ဘထွေးတော်ဘုရား"

အိမ်ရှေ့မင်း လည်ဆန့်ကြည့်၏။ ရှေ့မှ ကြောက်လန့်တကြား ပြေးလာသူမှာ မြင်းခုံတိုင်မင်းသား။နောက်မှ ဓားမြှောက်လျက် ဒေါသတကြီး ပြေးလိုက်လာသူကား မြင်းကွန်းမင်းသား။

"အရေးထဲမှာ အရာပေါ်၊ ဘာဖြစ်လာကြပါလိမ့်"

အိမ်ရှေ့မင်းသည် အတွင်းဝန်များနှင့် ဝန်ထောက်များ၊ ဝန်ကြီးများ

ကြားမှ ထလာပြီး ဆင်းလာသည်။ အိမ်ရှေ့မင်းနောက်မှ မြတောင် မြို့စား သေနတ်ဝန်ကြီး၊ လောင်းရှည်မြို့စားဝန်ကြီး၊ လက်ဝါဝင်းမှူး၊ မြေဒူး မြို့စားလယ်ဝန် သံတော်ဆင့်၊ နာခံပြော့ကြီးမှူး၊ ငရနဲ့ ခေါသန္တိမြို့အုပ်၊ ဝန်ထောက်မြို့သစ်မြို့စား၊ မိုးနဲဗိုလ်မှူး၊ ဝန်ထောက် ပုပ္ပါးမြို့စား၊ ကျောက် ရဲမြို့စား၊ သစ်တော်မြို့ဝန်၊ မြို့ဝန်မြို့သာမြို့စား၊ ကျီဝန်၊ ဆင်ဝန်၊ ပင်း တလဲဝန်၊ တောင်ငူရမည်းသင်း နှစ်မြို့ဝန်တို့လည်း ထလာကြသည်။

သည်အထဲမှ မျက်စိလျင်သူမှာ မြတောင်မြို့စား သေနတ်ဝန်ကြီး ဖြစ်သည်။

“ညီတော်နောင်ရင်း နှစ်ပါးမင်းတို့ အချင်းပွားသဖြင့် ဓားနှင့် လိုက်ခြင်း အမှန်ပေလော”

သေနတ်ဝန်ကြီး လှမ်းကြည့်သည်။

ဓားလွတ်ကိုကိုင်မြှောက်ပြီး ဒေါသတကြီး ပြေးလိုက်လာသော ဒုဋ္ဌ ကုမာရကြီး၏နောက် မလှမ်းမကမ်းတွင် လူလေးကျိပ်ခန့်ပါလာသည်။ သေရည်ယစ်ပြီး သိုင်းကွက်နင်းနေသည်။ အော်ဟစ်ဆဲဆိုပြီး မြင်မြင်သမျှကို တိုးခုတ်လျက် ပါလာကြသည်။

‘အိမ်ရှေ့မင်း ရှိသောအရပ်သို့ သာမန်အားဖြင့် လာရဲပါမည်လော’

မြတောင်ဝန်ကြီး အတင်းပြေးဆင်းသည်။

“ရန်သူပါဘုရား၊ ရန်သူပါ ကိုယ်တော်ကြီး”

ဒုဋ္ဌကုမာရကြီးနှင့် အိမ်ရှေ့မင်းကြားတွင် ဝန်ကြီး ဝင်ရပ်သည်။

“အရှင့်သား သတိထားတော်မူပါဘုရား”

“သွားစမ်းဟယ်၊ သည်ဝန်ကြီး”

လက်နက်မပါသူ။ ရှိခိုးတောင်းပန်နေသူ။ ထိုသူအား ဒုဋ္ဌကုမာရ အကြီးသည် ဓားဖြင့် ရမ်းပစ်သည်။ ဝန်ကြီးခမျာ ပုံကျသွားကာ၊ သွေးအိုင် ဆဲ၌ အသက်ပျောက်သွားရှာသည်။

ပုဂံစာအုပ်တိုက်

ဘုရင်မင်းတရားကြီးက "ငါကလွဲရင် ညီတော်အိမ်ရှေ့မင်းကို သစ္စာစောင့်ကြ" ဟု မိန့်တော်မူဖူးသည် မဟုတ်သလော။ သို့အတွက် မြဲတောင်ဝန်ကြီး သေနတ်ဝန်သည် အသက်ပေးကာ ကာကွယ်သွား၏။

အခြား ဝန်ကြီး၊ နာခံ့ ဝန်ထောက်များလည်း ပြေးရင်းလွှားရင်းက "အရှင့်သား သတိထားတော်မူပါဘုရား" အော်ဟစ်ကြ တားဆီးကြ၏။ သို့သော် ဓားတစ်ကမ်းအပြင်မှာသာ နေရဲကြ၏။

ဒုဋ္ဌကုမာရသည် အတားအရံများကို ဓားဖြင့်ယမ်းသည်။ လွှတ်တော်ဘက်သို့ လျှောက်သွားနေသော ယောက္ခမ ဘထွေးတော်နောက်သို့ ပြေးလိုက်ကာ၊ တစ်အားပိုင်းချလိုက်တော့သည်။

သူ့နောက်မှ ပါလာသော ဒုဋ္ဌသူရာ လေးကျိပ်ခန့်သည် အော်ဟစ်ဆဲဆိုကာ ဝန်ကြီးမှူးကြီးများကို ရိုက်နှက်ထိုးခုတ်ကြသည်။ ဝန်ထောက်မြို့သစ်မြို့စားနှင့် မိုးနဲဗိုလ်မှူး၊ ဝန်ထောက်ပုပ္ပါးမြို့စား၊ ကျောက်ရဲမြို့စား၊ သစ်တောမြို့ဝန်၊ ပင်းတလဲဝန်၊ မြို့သာမြို့စား၊ ကျီဝန်၊ ဆင်ဝန်တို့ ထွက်ပြေးလွတ်မြောက်ငြား၊ ကျန်ပုဂ္ဂိုလ်များ ဒဏ်ရာရကြသည်။

လွှတ်တော်ကို ဒုဋ္ဌကုမာရနှင့် သေရည်ယစ်သူများ စီးနင်းမိပြီ။ မင်းတရားကြီး မရှိ။ ဒုဋ္ဌကုမာရ မင်းသားကြီး တက်တခေါက်ခေါက်ဖြစ်နေစဉ် မသိနိုးနား သနားစဖွယ်ရောက်လာသူများမှာ မလွန်မင်းသားနှင့် ပြင်စည်မင်းသား၊ စကုမင်းသားတို့ ဖြစ်ကြ၏။

သူတို့အား အိမ်ရှေ့မင်း အမိန့်တော်ဟု ဒုဋ္ဌကုမာရညီနောင်က လိမ်လည်ခေါ်ငင်ခြင်းဖြစ်ရာ၊ ဘုမသိ ဘမသိ အသတ်ခံကြရရှာသည်။

"မင်းတရားကြီး လွတ်သွားပြီဘုရား၊ လိုက်ဦးမှ"

ဇော်ဂျီဗိုလ်အမည်ခံ ဒုဋ္ဌသူရာက သတိပေးသည်။

"မပူနဲ့မောင်မင်း။ ခမည်းတော် ဝင်တော်မူမည့်လမ်းမှာ ခမည်းတော်ကို လုပ်ကြံဖို့ ငပိုက်ကြီးကို ထားသည်မဟုတ်လား။ မောင်မင်း မပူလင့်"

မပူလင့်ဆိုသော်လည်း ခမည်းတော်အလောင်းကို တွေ့ရမှသာ အရေးတော်ပြီးသည် ခေါ်ရချိမ့်မည်။ သို့ကြောင့် ငပိုက်ကြီးကို ထားခဲ့သည့် အနောက်တံခါးသို့ ပြေးလာကြသည်။

"ဟဲ့ ငပိုက်ကြီး၊ ခမည်းတော် ဘယ်လမ်းက ကြွသတုန်း"

"သည်လမ်းကကြွရာမှာ၊ ကျွန်တော်မျိုး ကုန်းပိုးပြီးပို့လိုက်ရကြောင်း ပါဘုရား။ မင်းကေရာဇ်ကို"

"သွားစမ်း ငမိုက်သား"

ငပိုက်ကြီးခမျာ ခေါင်းနှင့်ကိုယ် အိုးစားကွဲရရှာ၏။ မင်းကေရာဇ်အား လုပ်ကြံသူ အသက်မရှည်ကြောင်း ရာဇဝင်လာ စကားကိုပင် ပြီးဆုံးအောင် ပြောမသွားရ။

"ဘာငေးနေကြသတုန်း။ တံခါးနီကိုတိုက်ပြီး နန်းမြေဘုံသာကို စီးမယ်"

သာမန်အေးဆေးသော အချိန်တွင် ထားလေ့ထားထရှိသော တံခါးနီ အစောင့်အကြပ်များသည် ဘုရင့်သားကို မတိုက်ဝံ့ကြ။ တားဆီးမရသော အခါ ဒူးတုပ်လိုက်ကြသည်တွင် သူရာယစ်ဝနေသူများသည် နန်းမြေဘုံသာ ကို ဝင်ရောက်စီးနင်းကြ၏။ ဓားလှံဖွေးဖွေးဖြင့် ပြေးလာသူများမှာ မိမိ တို့ထက် လူများမှန်းသိပါလျက် ရှေ့ဝင်းမှူး တောင်ထားဝယ်မိုလ်၊ ကင်းဝန်တို့ ဆီးဆို့ခုခံရာ၊ ရက်စက်စွာ သတ်ဖြတ်ခံကြရ၏။

ဒုဋ္ဌကုမာရမင်းသား ညီနောင်တို့သည် တစ်ခဏအတွင်း၌ လူများ ဘှာကို သတ်ပြီးပြီ။ ငမ်းငမ်းတက်လိုချင်သော ထီးနန်းစည်းစိမ်ကို ရပြီလော၊ မရပါ။

ဖအေ့ညီသည် ဖအေကလွဲလျှင် ဖအေဖြစ်၏။ သို့ကြောင့် 'အဖထွေး' ဘထွေးခေါ်သည်။ ယောက္ခမသည်လည်း ဖအေရင်း ကွယ်လွန်သူအဖို့ ၁အေပင်ဖြစ်၏။ ထိုကဲ့သို့ ဖအေနှစ်ထပ်တော်သူအား ရက်စက် ယုတ်မာစွာ

သတ်ပြီးပါလျက် မြင်ကွန်းစားမှာ ဘုရင်မဖြစ်သေး။

အိမ်ရှေ့မင်းသည် လုပ်ကြံခံရရာသို့ နောက်လိုက်နောက်ပါများကို ခေါ်မလာမိပေ။ ယခု အိမ်ရှေ့နောက်လိုက်တို့သည် အိမ်ရှေ့မင်း နတ်ရွာစံသည်ကို မသိသောကြောင့် လူစုကာ ချီတက်လာကြပြီ။ ထိုကဲ့သို့ တန်းတူရည်တူ ဓားလှံကိုင်ပြီး လာသူများကို မြင်ရသောအခါ ဒုဋ္ဌကုမာရညီနောင်တို့ ယောက်ျားပီပီ မတိုက်ရဲကြ။ နန်းမြေဘုံသာမှ ဆင်းပြေးပြီး လွှတ်တော်တွင်း ဝင်ပုန်းနေကြသည်။

ဘဝရှင်မင်းတရားကြီးသည် မြေနန်းတော်အထိဆင်းပြီး ကိုယ်တော်တိုင် စည်းကြပ်ခန့်ခွဲနေပြီ။

သို့အတွက် ဘုန်းတော်ပြည့်ဗိုလ်နှင့် ရဲမက်သုံးကျိပ်သည် အိမ်ရှေ့တော် အမှုထမ်းလူတစ်ရာနှင့် ပူးပေါင်းကာ လွှတ်တော်ပေါ်သို့ တက်ရောက်စီးနင်းတိုက်ခိုက်တော့သည်။ လက်နက်မပါသူများကိုသာ သတ်ရဲသော ဒုဋ္ဌကုမာရနှင့် သူတို့လူများသည် လွှတ်တော်တောင်လှေကားမှ ဆင်းပြေးသည်။

ပြေးသူများသည် အကျိုးအကြောင်းမသိ၍ မတိမ်းရှောင်သူများကို ဓားမိုး၍လည်းကောင်း၊ ဆဲဆို၍လည်းကောင်း၊ မစားရဝခမန်း မုသားပြော၍ လည်းကောင်း၊ လက်ယာဝင်းတံခါးမှထွက်ပြီး အနောက်သို့အသွား လမ်းတစ်လျှောက်ခေါ်ဆောင်သွားသည်။ ထို့နောက် အနောက်ရုံးတွင် ရပ်နေကာ၊ အနောက်တံခါးကို တိုက်ခိုက်ပြန်သည်။

ဒုဋ္ဌကုမာရညီနောင်တို့ အရေးမလှပါ။ ရွှေနန်းတော်ဘက်မှ အပြင်းအထန် ပြန်လှန်ပစ်ခတ်သဖြင့် ရှေ့သို့မတိုးနိုင်ကြ။ သို့စဉ်တွင် ကျောဘက်သို့ ရန်စစ်ရောက်လာ၏။ ပခန်းငယ်ပြို့စား ရဲဘက်မြင်းဝန်နှင့် ဘုန်းတော်ဖြစ်ဗိုလ်တို့၏ တပ်များဖြစ်သည်။ နန်းမြို့တော်သစ်တပ်၏အပြင် လက်ဝဲဘက်မှ နှစ်ဖက်ညှပ်တိုက်သည်။ ဒုဋ္ဌကုမာရညီနောင်တို့ တွန်းလှန်ရန်ဝေးစွ၊ ခုခံရန် သော်မျှ မစွမ်း။ ညဥ့်သုံးချက်တီးကျော် ခြောက်မောင်းခန့်တွင် တောင်မျက်နှာ

ရန်နည်းတံခါးသို့ဆုတ်သည်။ ထို့နောက် ရွှေမြို့တော်၏ အနောက်မျက်နှာ မြစ်ဆိပ်သို့ ဖရိုဖရဲ ထွက်ပြေးကြလေ၏။

လက်နက်မရှိသူအား သတ္တိပြမှုသည် မရပ်စဲသေးပါ။

ရေနန်းစကြာ မီးသင်္ဘောတော်ပေါ်သို့ ဝရန်းသုန်းကား ပြေးတက်ကြသည်။ သင်္ဘောကပ္ပတိန်၊ ခရာသိ စသူတို့မှာ ပြေးတက်လာသူများ ရာဇဝတ်သားဖြစ်ကြောင်း မသိပါ။ ဘုရင်မင်းမြတ်၏ သားတော်ကို ကြောက်ရွံ့ရိုသေစွာ ရှိခိုးကြိုဆို၏။

"ကျောက်ဖြုတ်၊ မီးထိုးပြီး အခုချက်ချင်း စုန်ဆင်းစမ်း"

"မှန်လှပါ။ အမိန့်တော်ပါမှသာ"

"ဟောသာ အမိန့်တော်ပဲဟေ့"

သွေးစေးတွေ မခြောက်သွေ့သေးသော မြင်းခုံတိုင်မင်းသား၏ ဓား။ တစ်ပြိုင်နက်တည်းပင်၊ ဇော်ဂျီပိုလ်နှင့် နောက်ပါများကလည်း သင်္ဘောသားများကို ဆင်းမပြေးနိုင်စေရန် ပိတ်ဆို့ထားသည်။

ဤသို့ဖြင့် ရေနန်းစကြာ မီးသင်္ဘောတော်သည် ကုန်းပေါင်တင်ကာ ကျောက်နုတ်ပြီးလျှင် ရေလယ်သို့ ထွက်လာခဲ့ရာက နေပြည်တော်မှ စုန်ဆင်းသွားလေ၏။

လွတ်လပ်သော မြန်မာနိုင်ငံကြီး၏ ဒုက္ခသည် ယခုမှ စတင်ခါစသာ ရှိသေး၏။ ပြည့်မှန်ကင်း ပြည့်မာန်စွယ်ကို ဘုရင်လုပ်လိုသူများ ချိုးဖဲ့ ဖျက်ဆီးလိုက်သော သတင်းသည် ရွှေမြို့တော်အတွင်း၌ ပျံ့နှံ့သွား၏။ လူအများ ကျိုးလန့်စာစား ပြေးလွှားကြသည်။

ပြေးလွှားကြပြား၊ သတင်းမှန်သည် မပေါ်လွင်။ ထင်ကြေးနှင့် ပေါင်းစပ်သော မမှန်တစ်ဝက် မှန်တစ်ပြက်သာပါသော ထင်ကြေးများသာ ပေါ်လွင်၏။

လက်ဖက်ရည်တော်သား စလေမောင်ပုညသည် ဘဝရှင်မင်းတရား

ကြီး၏ အမိန့်တော်အရ ရေသည်ပြဇာတ်ကို ရေးခဲ့သည်။ ထိုသို့ အရေးခိုင်းခြင်းမှာ ညီတော်အိမ်ရှေ့မင်းအား သွယ်ဝိုက်ဆုံးမလို၍ ဖြစ်သည့်။ ဆုံးမလိုရခြင်းမှာ အိမ်ရှေ့မင်းသည် "သည်ထီးနန်းစည်းစိမ်ကို ငါယူပေးလို့ရသာ" ဆိုကာ နောင်တော် ဘုရင်မင်းမြတ်အား မထီမဲ့မြင်ပြုလေ့ရှိသည် ဟူ၏။

ရေသည်ပြဇာတ်ကို ကြည့်ရှုဖတ်နာပြီးနောက်တွင် အိမ်ရှေ့မင်းသည် နောင်တော်အား ကန်တော့တောင်းပန်သည်ဟူ၍လည်း အရပ်စကား ရှိ၏။ ထိုအကြောင်းအချက်များပေါ်တွင် တည်မှီလျက်၊ ထင်ကြေးပေးကြခြင်း ဖြစ်ပေ၏။

အိမ်ရှေ့မင်း၏ သားတော်များဖြစ်ကြသော ကြေးမြင့်မင်းသား၊ တိုင်တားမင်းသားနှင့် တောင်ဆင်းမင်းသား၊ တူးရွှင်းတိုင်မင်းသား၊ တောင်ပုံမင်းသား၊ ရွာသာမင်းသားတို့သည်လည်း ထင်ကြေး၏ လွှမ်းမိုးမှုကို မတွန်းလှန်နိုင်ကြ။

"ငါရို့ခမည်းတော်ကို ဘကြီးတော်က ဖမ်းဆီးရာမှာ ခုခံတဲ့အတွက် ဒဏ်ရာရပြီးမှ အဖမ်းခံရတယ်" ဟူ၍ သဘောပေါက်ကြသည်။ ထင်မှတ်ကြသည်။ ထိုအရာ မှန်မမှန် ကျနသေချာစွာ စုံစမ်းရန် လိုအပ်သည်။

သို့သော် စုံစမ်းရန် အချိန်မရှိပြီ။

"ငါရို့ခမည်းတော်ကို ဖမ်းဆီးရင် ငါတို့ကိုလည်း ဖမ်းမှာ မုချပဲ။ သူ့လက် အဦးမခံဘူး။ ငါတို့က ခြေမြန်လက်မြန် လုပ်မှဖြစ်မယ်"

ထိုအချိန်တွင် လမ်းမှန်သို့ရောက်အောင် ဖျောင်းဖျသူ မပေါ်လာ။

"သည်အချက်ဟာ ဘဝရှင်မင်းတရားကြီးရဲ့ အလိုတော်မဟုတ်ဘူး အရှင့်သားတို့။ မိဖုရားခေါင်ကြီးရဲ့ ကုန်းချောမှု ဖြစ်ရမယ်။ မိဖုရားခေါင်ကြီးရဲ့ ခမည်းတော်ကို နန်းကျအောင် အမှန်လုပ်သူဟာ အိမ်ရှေ့ကိုယ်တော်ကြီး မဟုတ်လား။ အဲသာကြောင့် မိဖုရားခေါင်ကြီးက လက်စားချေသာဖြစ်ရမယ်"

မီးလောင်ရာတွင် လေပင့်ပေးသူသာ ပေါ်ပေါက်လာ၏။ ထိုသူမှာ

အိမ်ရှေ့မင်း၏အတွင်းဝန် ဦးသင်ဖြစ်သည်။

ကိုယ်လိုရာဆွဲပြီး လုပ်ကြံဖန်တီးသော သတင်းများကို မင်းသားငယ်လေးပါး နားယောင်နေစဉ်၊ ခမည်းတော် ယုံမှတ်သော အတွင်းဝန်ကပါ ထပ်မံလိုရာဆွဲသောအခါ မင်းသားလေးပါးသည် သူတို့ ဘကြီးတော်အား ပုန်ကန်တော့သည်။

ဘကြီးတော်အား ပုန်ကန်ရာတွင် ရတနာပုမ် ရွှေမြို့တော်အတွင်း၌ ပုန်ကန်၍မဖြစ်။ ဘကြီးတော်၌ စစ်သည်အင်အား များပြားစွာရှိခြား၊ မိမိတို့၌ နောက်ပါကျွန်ယုံ အနည်းငယ်သာရှိသည်။ သို့အတွက် သားမယားကျေးကျွန်များကို အလျင်အမြန်စုရုံးသည်။ ရွှေမြို့တော်မှ အမြန်ဆုံး ထွက်ခွာခဲ့ကြသည်။

မင်းသားငယ်တွေ မည်သည့်အရပ်သို့ သွားမည်နည်း။ မည်သည့်အရပ်ကို အားပြုကြမည်နည်း။

ရတနာသိဃ်နှင့် ပဉ္စလ၊ တပယင်းတို့သည် ခမည်းတော် အိမ်ရှေ့မင်း၏ ကံကျေးခံမြို့များဖြစ်ကြသည်။ ခမည်းတော်၏ သစ္စာတော်ခံများ အစုလိုက်အပြုံလိုက် ရရှိနိုင်သော သည်အရပ်တွင် အခြေခံမည်။ မင်းသားများသည် ရတနာသိဃ်သို့ အပြင်းချီတက်သွားကာ၊ လမ်းခရီးတစ်လျှောက် လူသူ စုရုံး စည်းကြပ်သည်။

မင်းသားလေးပါးတွင် အကြီးဆုံး နောင်တော်ရှိသေး၏။

သူကား ပန်းထိမ်းမင်းသားပေတည်း။

သူ၏ညီတော်များသည် အနောက်ပြင်ရှိ စက်ရုံတော်များတွင် ဆော်ဖန်ကြီးကြပ်ကြရ၏။ သူကား အရှေ့ပြင်တွင် တာဝန်ကျ၏။

သို့အတွက် သူသည်လည်း လုပ်ကြံဖန်တီးသော လိုရာဆွဲ လှိုင်းလုံးကြီးက မတွန်းလှန်နိုင်။ ခမည်းတော်ဘုရား လုပ်ကြံခံရခြင်းလော၊ အဖမ်းခံရခြင်းလော သဲကွဲစွာမသိ။ညီတော်လေးပါးလုံး အနောက်ပြင်ရှိ စက်ရုံတော်များမှ သဘောညီသော အလုပ်သမားများကိုပါ ခေါ်ဆောင် ထွက်ခွာ

သွားကြပြီ ဟူ၍သာ ရေရာစွာသိ၏။

အရပ်သူအရပ်သားများ ကြောက်လန့်တကြား ပြေးလွှားနေချိန်ဝယ် ဒုဋ္ဌကုမာရညီနောင်နှင့် နောက်ပါ သေရည်သမားများ ပြေးလွှားပစ်ခတ် တိုက်ခိုက်နေကြစဉ်၊ ပန်းထိမ်းမင်းသားလည်း သားမယားကျေးကျွန်နှင့် စုရုံးရမိသမျှ သဘောညီသူများကိုခေါ်လျက် ညီတော်လေးပါး၏ နောက်သို့ လိုက်ပါလာခဲ့လေ၏။

သူသည် ရောက်လျှင်ရောက်ချင်း ဘကြီးတော်စံရာ ရတနာပုမ် ရွှေမြို့တော်ကြီးကို တိုက်ခိုက်ရန် စီစဉ်တော့၏။ သို့ဖြင့် တပယင်းဝန် ဦးမှန်းသည် သူပုန်တပ်၏ ဗိုလ်ချုပ်ဝန်ကြီး ဖြစ်လာလေတော့၏။ ပဉ္စလဝန် ဦးအောင်မြတ်နှင့် တပယင်းစစ်ကဲ ဦးအုန်း၊ စည်ပုတ္တရာ ဗိုလ်ဟောင်း ဦးဖိုးမောင်တို့လည်း စစ်မှူးတပ်မှူးများ ဖြစ်လာကြ၏။

သတင်းမှန်သည် ရတနာသိဃ်သို့ရောက်လာပြီ။

“အိမ်ရှေ့စံကိုယ်တော်ကြီး လုပ်ကြံခံရခြင်းဖြစ်သည်။”

ဘဝရှင်မင်းတရားကြီး၏ တူတော်များမှာ ဆုတ်လမ်းမရှိတော့ပေ။ နောင်တော်မြင်ကွန်းမင်းသားနှင့် မြင်းခုံတိုင်မင်းသားတို့က လုပ်ကြံခြင်း သည်ပင် ဘကြီးတော်၏ တစ်ဖက်လှည့်အစီအမံသာ ဖြစ်ရမည်။

မယုံသင်္ကာမှုကို စောစီးစွာ မချေဖျက်နိုင်ခဲ့သဖြင့် အဟုတ်အမှန်သည် ဘေးရောက်နေကာ သံသယတွင် သံသယထပ်ဆင့်လာ၏။

သို့ဖြင့် ဗိုလ်ချုပ်ဦးမှန်း၏ တပ်မကြီးသည် ရှိန်းမကားတွင် ချရပ် တပ်စွဲလေတော့၏။ သူသည် ထိုမှတစ်ဆင့် ဦးအောင်မြတ်၏တပ်ကို မတ္တရာအပိုင်မှတစ်ဆင့် တောင်ပြုန်းသို့ စေလွှတ်၏။ အလယ်ကြောင်းချီ စစ်ကဲဦးအုန်း၏တပ်ကလည်း မင်းကွန်း၊ ဦးဖိုးမောင်၏ စစ်ကိုင်းကြောင်းချီ တပ်ကလည်း စစ်ကိုင်းသို့ရောက်ရှိ တပ်စွဲထားလေ၏။

ထို့ပြင် တောင်ဘက် တစ်ခွင်တစ်ပြင်ရှိ လူများကလည်း တပ်ကြီး

ဖွဲ့ကာ၊ အမရပူရနှင့် ပလိပ်ရွာအထိ ချီတက်လာရှာ တပ်စွဲလာကြ၏။ တောင်တွင်းနှင့် စလေ၊ ပုဂံရှိ အိမ်ရှေ့မင်း ဩဇာခံများဖြစ်သည်။

လွတ်လပ်သော မြန်မာနိုင်ငံ၏ ထီးစည်ကို တူတော်ငါးပါးက ခြိမ်းခြောက်နေချိန်၌ ဒုဋ္ဌကုမာရ သားတော်နှစ်ပါး၏ အရေးကလည်း မငြိမ်းသေးချေ။ သူတို့သည် မီးသင်္ဘောတော်ကြီးကို လုယက်ယူငင် ထွက်ပြေးသွားပြီး၊ အပြီးပြေးခြင်း မဟုတ်။ ထက်ကြပ်မကွာ လိုက်လံနှိမ်နင်းသော တပ်များ ပါမလာကြောင်း သိသောအခါ မြင်းခြံဘက်သို့ ဆန်တက်သည်။ မြစ်ကမ်းနှင့်နီးသော ကျေးရွာများကို တက်ရောက်လုယက်သည်။ ရိက္ခာ၊ ရွှေငွေ၊ ဘဏ္ဍာများသာမက လူများကိုပါ အတင်းဓားမိုးပြီး သစ္စာပေးကာ ဆွဲခေါ်ကြသည်။ ထိုလူဆိုးလူသွမ်း သေရည်သမားများကို လိုက်လံနှိမ်နင်းရသူမှာ ရေနံချောင်း အတွင်းဝန် ဦးရွှေစိုး ဖြစ်သည်။ လှေတင်များသာမက အမြောက်တင် သင်္ဘောများဖြင့်ပင် တိုက်ခိုက်နှိမ်နင်းသည်။ ကုန်းပေါ်တက်မပြေးနိုင်စေရန် ကြည်းတပ်များလည်း ရံထားသောအခါ သေရည်ဒုဋ္ဌများသည် အမှန်ပင် ကုလားဖြူ နယ်မြေထဲသို့ ဝင်ပြေးကြလေတော့၏။

ထိုအချိန်တွင် အလွန်ကျေနပ်စွာပြုံးနေသူမှာ အင်္ဂလိပ်ကိုယ်စားလှယ်မျောက်ဖြူဖြစ်သည်။ သေရည် လေးငါးပုလင်း အရင်းတည်ကာ စကားအနည်းငယ်ကို မထိတထိ ပြောလိုက်ကာမျှဖြင့် မြန်မာပြည်ကြီး ဖြောင်းဆန်နေပြီ မဟုတ်သလော။

ပင်မတရားခံ ဒုဋ္ဌကုမာရညီနောင်တို့ ကျောက်တိုင်တောင်ဘက်သို့ လက်လွတ်ထွက်ပြေးသွားကြပြီး၊ မီး မငြိမ်းပါ။ သူတို့ကြောင့် ဖြစ်ပေါ်လာသော မင်းသားငါးပါး၏ ပုန်ကန်မှုမှာ ကြီးထွားလာ၏။

သူပုန်တပ်များကို လက်ဝဲဝင်းမှူး၏တပ်က ရွှေကြက်ယက်မှ ဟန့်တားသည်။ ရှေ့ဝင်းမှူးဗိုလ်ပြင်၏တပ်သည် မတ္တရာကြောင်း ချီတက်သည်။ မက္ခရာမင်းသား၏တပ်ကား ပလိပ်ရွာအနီးသို့ ရောက်ရှိတပ်စွဲထားသည်။

## ပုဂံစာအုပ်တိုက်

အဝမြို့တွင် သုံးဆယ်မင်းသား၏တပ်၊ ရွှေမြို့တော်၏ အနောက်အရပ် ချမ်းသာရ ဘုရားအနီးတွင် ညောင်ရမ်းမင်းသား၏တပ်များ ရံဝန်းထား ရသည်။ ထိုသို့ ရံဝန်းထားရခြင်းမှာ တပ်အများစုမှာ တိုက်တိုင်းရှုံးကာ ဟစ်ဆုတ်တည်း ဆုတ်ခွာလာခဲ့ကြရသည့်အတွက် ဖြစ်သည်။

ဘဝရှင်မင်းတရားကြီးသည် ကျေးဇူးကြီးသော ညီတော်အိမ်ရှေ့ မင်း၏ သားတော်များကို မတိုက်ခိုက်လိုပေ။ မတိုက်လိုသောကြောင့် မင်း သားများ ရှိသေလေးစားသည့် ရဟန်းတော်များ၊ လူများကို ရတနာသိဃ်သို့ စေလွှတ်သည်။ "ပြန်သာလာခဲ့ကြ၊ လွန်သမျှ ရှိစေ၊ အရေးမယူ။ ရှေးနည်း ဆက်လက် မြှောက်စားမည်"

သို့တစ်ခုစေ မင်းသားများသည် မိဖုရားခေါင်ကြီးအား အထင်လွဲနေ ကြပြီ။ ဘကြီးတော်၏စကားကိုလည်း မယုံကြည်ကြပေ။ သို့ကြောင့် ဘဝ ရှင်မင်းတရားကြီးသည် လက်နက်ကောင်းများ ကိုင်ဆောင်ထားသည့် တပ် သစ်များကို ထပ်မံအားဖြည့် နှိမ်နင်းရတော့သည်။

တူတော်များ အရေးနိမ့်သွားငြား၊ ဒုဋ္ဌကုမာရညီနောင်ကား ကုလား ဖြူ၏ အကူအညီဖြင့် ကယားပြည်နယ်ထဲတွင် နေထိုင်ပြီး၊ မြန်မာ့မြေကို ထိပါးနှောင့်ယှက်နေပြန်သည်။

* * *

ဦးဖေ၏အာရုံထဲသို့ ပလိပ်ကြောင်းချီ မက္ခရာမင်းသား၏ တပ်တော်ကြီး သည် တရေးရေးပေါ်လာ၏။

သူသည် အရေးတော်ပေါ်လာပြီ ကြားလျှင်ကြားချင်း၊ ညောင်ရမ်း မင်းသား၏တပ်သို့ ပြေးဝင်အမှုထမ်းသည်။ ထိုတပ်တွင် ရောက်နေပြီးမှ မက္ခရာမင်းသားလည်း ပလိပ်ကြောင်းချီလိမ့်မည် မောင်ဖေ လိုက်သွားဟု အမိန့်ရှိသဖြင့် တပ်ပြောင်းခဲ့ရသည်။

ပုဂံစာအုပ်တိုက်

ဘဝရှင်မင်းတရားကြီးသည် တူတော်များအား အေးဆေးစွာ ပြန်ခေါ်၍ မရတော့သည့်အဆုံးတွင် တပ်အသီးသီးသို့ တိုက်ခိုက်ချေမှုန်းရန် အမိန့် ထုတ်ပြန်သည်။ မက္ခရာမင်းသား၏တပ်သည် ပလိပ်ရွာတွင် ချရပ်လာသော တောင်ဘက်တစ်ခွင်တစ်ပြင်မှ တပ်များကို တိုက်ခိုက်ချေမှုန်းပြီးနောက် ရတနာသိင်္ဃအရောက် ချီတက်သိမ်းပိုက်ရာ ပန်းထိမ်းမင်းသားကို လမ်းခရီး သင်ခတောရွာ၌ ဖမ်းဆီးရမိသည်။

"သည်စဉ်က ညောင်ရမ်းကိုယ်တော်ကြီးက ဗိုလ်ချုပ်ကွ"

"ဟုတ်ပါသယ်ဆရာ။ အဲသာကြောင့် အဲသာတွေ ထောက်ထားပြီး မင်းတရားကြီး ရွှေစိတ်တော်ပြေအောင်"

ငလှိုင်း အားတက်သရောပြောကြား၊ ခံပြင်းစိတ်သည် ဦးဖေ၏အာရုံကို နာကျင်အောင် ထိုးဆွ၏။

"အရှင်သခင်အတွက် ငါ့ကျွန်ဟာ နာကျည်းလွန်းလို့ ရေးသာပါ ကလား ဆိုသဲ့ အသိကလေးတောင် မဝင်စားနိုင်တော့ဘူး ထင်ပါရဲ့"

ဦးဖေသည် ရေရွတ်မြည်တမ်းရာက ငလှိုင်းလက်ထဲသို့ ပုရပိုက်နှင့် ကံ့ကူဆံ လှမ်းပေးသည်။

"ရေးစမ်းဟေ့။ သမ္ဗုတိအတွက် ဝေက်က ဒဏ်ခံ"

"သမ္ဗုတိအတွက် ဝေက်က ဒဏ်ခံ၊ ဟုတ်ကဲ့ဆရာ ပြီးပါပြီ"

"အထက်က အတန်တန်ကို ရွှေနန်းစံ မသိ"

ငလှိုင်း လိုက်ရေးသည်။ သော်ကနှင့် ငစိန်ကလည်း ဝိုင်းဝန်းရွတ် ပေးသည်။ ဦးဖေသည် အတန်ကြာအောင် လက်ချိုးရေတွက်နေသည်။

"ရှစ်ခုနှစ် တောင်မျက်နှာတွင် မက္ခရာမင်းနှင့် ပါရှိ။ ပလိပ်ကြောင်း အောင်ပန်းခြွေ မောင်ထမ်းချေစေဘိ"

တောင်တွင်း၊ တူးရှင်းတိုင်၊ သယောက်၊ ပုပ္ပါးနှင့် စလေ၊ ပခန်းငယ်၊ စဥ့်ကူ၊ ပုဂံမှ တက်လာသော တပ်ကြီးသည် အားကြီးပါးကြီး ခုခံ

တိုက်ခိုက်သည်။ မက္ခရာမင်းသား၏ တပ်သား၊ ရဲမက်၊ အိုးစား၊ အကြပ်များသည် ထွေးခနဲ ထွေးခနဲ ကျဆုံးသည်။

သို့ရာတွင် "တိုးလဟ တက်လဟ" သွေးသောက်တို့၏အမိန့်သံများ၊ ပေါက်ပေါက်လော်ဘိသို့ တရစပ် ထွက်ပေါ်လာသော သေနတ်သံများ၊ တက်ကြွဖွယ်ရာ စစ်စည်နှင့် စစ်မောင်း စစ်ခရာသံများကြောင့် မင်းသားအပါးမှ ငဖေပင်လျှင် ဓားတနတ်နတ်ဖြင့် ရှေ့သို့ မျှော်ကြည့်မိ၏။

ပြည့်ရှင်မင်းဘက်မှ သေနတ်အလက် အရေအတွက် သာလွန်သောအခါ မင်းသားညီနောင်တို့၏ ဘက်တော်သားများ အရေးနိမ့်စပြုသည်။ ရန်သူ အရေးနိမ့်လျှင် ပိုမိုအားတက်စမြဲဖြစ်ရာ၊ "တိုးလဟ တက်လဟ" သံများတွင် မပြီးတော့ဘဲ၊ "ဖမ်းလဟ သတ်လဟ၊ မပြေးစေနဲ့" ခြိမ်းမောင်းသံများပါ ပါလာတော့သည်။

"အောင်ပြီ ကိုယ်တော်။ ကျွန်တော်တို့ အရှင်သခင် ဘုရင်မင်းတရားကြီး အောင်တော်မူပြီဘုရား"

တစ်ဖက်စစ်သည်များ စစ်မျက်နှာညိုလျှင် ညိုချင်း ငဖေ ဝမ်းသာအားရ အော်ခဲ့မိသည့် အခြင်းအရာများသည် တစ်မုဟုတ်ချင်း ပြန်လည်ထကြွလာသဖြင့် "ပြန်ဖတ်စမ်းကွယ့်" ပြောသည်။

ငလှိုင်း သံနေသံထားဖြင့် ဖတ်သည်။

"သမ္မုတိအတွက် ဝေက်က ဒဏ်ခံ။ အထက်က အတန်တန်ကို ရွှေနန်းစံ မသိ။ ရှစ်ခုနှစ် တောင်မျက်နှာတွင် မက္ခရာမင်းနှင့် ပါရှိ။ ပလိပ်ကြောင်း အောင်ပန်းခွေ မောင်ထမ်းချေစေဘိ"

"ညောင်ရမ်းဆွေ ရဝိက ပကတိသက်သေ။ ရန်သူတော် ရွှေဘိုဘွား၊ ဖေကိုယ်စား တိုက်ခဲ့ရပေ"

"ဟုတ်ကဲ့ဆရာ၊ ပြီးပါပြီခင်ဗျာ"

"သုံးခုနှစ် ကုလားပြည်မှာ ဧယားကြေဇာတ်ကြီးနှင့် တစ်သီးပသင်း

နိုင်ငံ ကူးခဲ့ရပြန်"

ဦးဖေ ငေးမောရပြန်ပြီ။ ရွှေထီးတော်တင်ပွဲမတိုင်မီ ထီးနှစ်လက်မိုးပြီး တက်လာသည့် မျောက်ဖြူအား မျက်နှာလိုမျက်နှာရ မြန်မာယုတ်များ ပလူးပလဲ လုပ်ကြသည်ကို မြင်ရသဖြင့် အံတကြိတ်ကြိတ် လက်သီး တဆုပ်ဆုပ် ဖြစ်ခဲ့ရပုံများ။

သို့သော် ထိုဒေါသများသည် ပြန်လည်ရှင်သန်လာခြင်း မရှိတော့ပါ။ သောက်လက်စ သနပ်ဖက် ဆေးလိပ်ကို လွှင့်ပစ်မိသည်။

"ညောင်ရမ်းဆွေရဝိက ပကတိသက်သေ။ ရန်သူတော်ရွှေဘိုဘွားဖေကိုယ်စား တိုက်ခဲ့ရပေ။ သုံးခုနှစ် ကုလားမြေမှာ ဇယားကြေဇာတ်ကြီးနှင့် တစ်သီးပသှင်းနိုင်ငံ ကူးခဲ့ရပြန်"

"အခုတော့ဖြင့် ကောင်းမွေလန်တယ်၊ ဆိုးမွေခံ ထိတ်တုံးနဲ့လေး"

ဦးဖေ ခေါင်းငိုက်စိုက်ကျသွားသည်။

လှိုင်းမှာ တေးထပ်ကို ပြန်လှန်ဖတ်မပြရက်။ ဆရာ့အား ကြေကွဲမျက်လုံးဖြင့် တိတ်ဆိတ်စွာ ကြည့်နေမိသည်။ အရှင့်အမှုကို သည်မျှထမ်းဆောင်ခဲ့ပါလျက် အကောင်းကို မခံစားရဘဲ၊ အကျဉ်းကျခံနေရပါ တကားဟု ဝမ်းပမ်းတနည်း ကြည့်နေမိခြင်းဖြစ်သည်။

ဆရာတပည့် တစ်တွေ၏ တိတ်ဆိတ်ခြင်းကို အမှုထမ်းတစ်ဦး၏ အလန့်တကြားအော်သံက ဖျက်ခွဲသည်။

"ရွှေတိုက်ဝန်မင်း ကြွလာပြီ။ ရွှေတိုက်ဝန်မင်း"

သွေးသောက်ကြီးလည်း ချက်ချင်းထပြေးလာသည်။

"ဆရာဖေ၊ ထိတ်တုံးထဲ ခဏဝင်ပေးပါနော"

ဦးဖေသည် အလိုက်တသိ ထရပ်ပြီးမှ ပြန်ထိုင်သည်။

"အကျွန် တောင်းပန်ပါသယ် ဆရာဖေရာ။ ဝန်မင်း မျက်မာန်တော်ရှရင် ကျွန်တော် ဒုက္ခရောက်မှာမို့ပါ"

"ကိုရင် ဘာမှမပူပန်နဲ့။ ပခန်းမင်းကြီးကိုယ်တိုင်က 'မောင်ဖေကို ချမ်းသာစွာထားပါဘိ' အမိန့်ရှိထားသာ။ အခု ကျုပ် ချမ်းသာစွာနေသာကို မနေစေချင်လို့ ထိပ်တုံးထဲ အဝင်ခိုင်းသာလား"

သွေးသောက်ကြီးမှာ ခြေမကိုင်မိ လက်မကိုင်မိဖြစ်သွားကာ "သလို မဟုတ်ပါဘူး" အထပ်ထပ်ဆိုသည်။

"ရွှေတိုက်ဝန်မင်း ကြွလာသယ်"

ရှေ့မှပြေးလာသော အဆောင်ကိုင်က အော်သည်။ ဖွားဖက်ကျော် တန်းရှိ အမှုထမ်းအားလုံး ဒူးတုပ်လက်ယှက်ကာ အသင့်ကြိုဆိုကြသည်။ သွေးသောက်ကြီးလည်း ပြေးထွက်သွားပြီး ရှိခိုး ကြိုဆိုသည်။ ဦးဖေကား မတုန်မလှုပ်။

သို့သော် "ငဖေကောဟဲ့" မေးသံနှင့်အတူ ရွှေတိုက်ဝန်မင်း ရောက် လာချိန်တွင်ကား ကွပ်ပျစ်ပေါ်မှဆင်းပြီး ဒူးတုပ်သည်။

"နေရထိုင်ရသာ သက်သာရဲ့လား ငဖေ"

"ထောင်ထဲမှာနေရသာ ဘယ်လို သက်သောင့်သက်သာ ရှိပါ့မတုန်း ဝန်မင်းဘုရာ့"

ရွှေတိုက်ဝန် ပြုံးရ ရယ်ရသည်။

"ဟဲ့ အဲသာ ထောင်မဟုတ်ဘူးဟဲ့၊ အကျဉ်းခေါ်သယ်။ အကျဉ်း တိုက်မှာ မောင်မင်း ကျဉ်းကျဉ်းကြပ်ကြပ် မနေရသာဟာ ကံကောင်းသယ်"

သို့စဉ်တွင် ကျောဘက်တွင်ကပ်နေသော ငလှိုင်းက ဦးဖေ၏ ကျောကို ပုရပိုက်နှင့်ထိုး၏။ သို့ဖြင့် သူ့တေးထပ်ကို ဦးဖေ သတိရပြီး နောက်ပြန် လှမ်းယူသည်။

"ဝန်မင်းဘုရား။ ကျွန်တော် တေးထပ်တစ်ပုဒ်ရေးထားသာ ရှိပါသယ်။ ဝန်မင်းနှစ်သက်ရင် မင်းတရားကြီး ရွှေလက်တော်ကို ဆက်သပေးပါ ဘုရား"

ရွှေတိုက်ဝန်မင်း ဆွဲယူဖတ်ကြည့်သည်။

"အေး၊ အခွင့်သင့်ရင် ငါဆက်သလိုက်မယ်"

"မစတော်မူပါ ဝန်မင်းရယ်။ အိမ်ကို လွမ်းလှပြီ"

"အေး အေး။ အမှုထမ်းတွေ စိတ်ညစ်အောင် မလုပ်နဲ့ ငဖေ။ ကောင်းကောင်းနေ"

★

မြင်းခွာသံသည် တိတ်ဆိတ်စွာ အိပ်မောကျနေသော ဆင်သေရွာကို လှုပ်နှိုးဘိသို့ ရှိတော့သည်။

မြင်းနှင့်ပတ်သက်လာကတည်းက မင်းမှုရေးရာနှင့် သက်ဆိုင်ပြီဖြစ်ကြောင်း လူတိုင်းသိသည်။ သို့အတွက် အိမ်ထဲမှသာ ချောင်းကြည့်ကြသည်။ မည်ကဲ့သို့သော အရေးတကြီးကိစ္စ ပေါ်ပေါက်လာပြီနည်း။

မြင်းစီးလာသူသည် ရွာစွန်ရှိ ငမိုးကောင်း၏အိမ်ရှေ့တွင် ရပ်၏။ မြင်းပေါ်မှ လူတစ်ယောက် အပြေးအလွှားဆင်းလာသည်။

"ဦးမိုးကောင်း၊ ဦးမိုးကောင်း" .

အိမ်ပေါ်မှ ချိုးချိုးချွတ်ချွတ်အသံများ ပေါ်လာငြား၊ မြင်းလျင်သမားမကြား။ အလောတကြီး ထပ်မံခေါ်ပြန်သည်။

"ဦးမိုးကောင်း၊ သွေးသောက်ကြီး"

ခေါ်သူက အိမ်ရှေ့လှေကားကိုသာ မော့ကြည့်ပြီး ခေါ်နေ၏။ နောက်ဖေး ဝါးလှေကားမှ လူတစ်ယောက်ဆင်းလာပြီး အိမ်အောက်သို့

ဝင်လာ၏။ ယင်းမှတစ်ဆင့် အိမ်ရှေ့သို့ ထွက်လာ၏။

"အမောင် အသူတုန်း။ ဘဇာကိစ္စ ရှိသတုန်း"

အသံပေါ်လာတော့မှ မြင်းလျှင်မှာ နောက်သို့ ခုန်ဆုတ်မိ၏။ အိမ်အောက်မှထွက်လာသူမှာ ကိုမိုးကောင်းဖြစ်၏။

"ငါ ငမိုးကောင်းပဲ အမောင်"

"မြင်းစီးကြီးက စာအပို့ခိုင်းလိုက်သည်ခင်ဗျာ"

မြင်းလျှင်သည် ပြောပြောဆိုဆို ခမောက်ကိုဖြုတ်၏။ နီးခမောက်တွင်း၌ ခွေထည့်လာသော ပေရွက်ကို တရိုတသေကမ်း၏။ ကိုမိုးကောင်းလှမ်းယူရင်း "ဘာမှာသေးသတုန်း" မေး၏။

"မမှာပါဘူး သွေးသောက်မင်း"

ပြောပြောဆိုဆိုပင် မြင်းလျှင်သမားသည် မြင်းပေါ်သို့ ခုန်တက်ကာလာစဉ်ကနည်းတူပင် မြင်းကို စိုင်းနှင်ထွက်ခွာသွားလေ၏။

ကိုမိုးကောင်းသည် တစ်ထွာသာသာ ပေလွှာကို ငုံ့ကြည့်၏။ မမြင်ရပါ။ မြင်းစီးကြီးထံမှဟု ဆိုသောကြောင့် ဦးရွှဲထံမှဖြစ်ကြောင်း ရှင်းလင်းသည်။ သို့ရာတွင် မည်သည့်ကိစ္စနည်း။ ညဥ့်ကြီးသန်းခေါင်တွင် အပို့ခိုင်းပုံကို ထောက်ရှုပါက အရေးတကြီးဖြစ်ရမည်။

ထိုသို့တွေးမိငြား ကိုမိုးကောင်း မလှုပ်ရှေ့သေး။

'...မြင်းစီးကြီးသည် လွန်ခဲ့သော ၁၅ရက်က လာသွားသော ဇော်ဂျီဗိုလ်၏တပ်မှ သွေးသောက်ကြီးနှင့် ပတ်သက်သလော.....'

ကိုမိုးကောင်းသည် အိမ်ပေါ်သို့ နောက်ဖေးဝါးလှေကားမှပင် ပြန်တက်သည်။ မီးဖိုထဲရှိ ထင်းစတွင် အမှိုက်အုံကာ မီးတောက်ရအောင်လုပ်သည်။ ရသောမီးတောက်ကို ရေနံခွက်တွင် ထွန်းညှိသည်။

"ရောင်းရင်း၊အရေးအရာ ရှုပ်ထွေးနေသည်။ကျုပ်အလာကို စောင့်ပါ"

ငရွှဲ။

ပုဂံစာအုပ်တိုက်

ဆင်သေရွာသည် မင်းခွင်စိုးပါးနှင့် ဝေးလှစွာ၏။ နေပြည်တော်တွင် ဖြစ်ပျက်နေသည့် အရေးအရာများကို မဆိုထားဘိ၊ တောင်အရပ် သုံးတိုင်ခန့် အကွာတွင်ရှိသည့် နယ်ခြားကျောက်တိုင်တွင် မည်သို့ဖြစ်နေသည်ကိုပင် မသိ။ မျက်စိသူငယ် နားသူငယ် ရှိလွန်းစွ။

မီးခွက်မှုတ်ရန် သူ သတိမရ။ ဒူးနှစ်လုံးပူးကာ လက်နှစ်ဖက်ဖြင့် ပိုက်ပြီး ပေလွှာကို လက်ကြားညှပ်လျက် ငေးမောနေမိသည်။

'....မြင်းစီးကြီး ဘာကို ရည်ရွယ်ပါလိမ့်။ လွန်ခဲ့တဲ့ ၁၅ရက်တုန်းက လာသဲ့လူတွေနဲ့များ ပတ်သက်ရှော့သလား....'

လွန်ခဲ့တဲ့ ၁၅ရက်ခန့်က ကိုမိုးကောင်းတို့ သားအဖတစ်တွေသည် ယာထဲသို့ ရောက်နေခဲ့ကြ၏။ အိမ်တွင် မယ်မင်းဘော်တစ်ယောက်တည်း ချက်ရေးပြုတ်ရေးဖြင့် ကျန်ခဲ့သည်။ သူလည်း ဆွမ်းလောင်းပြီးလျှင် ထမင်း ထုပ်ရွက်လျက် ငကျိုင်းနှင့် လိုက်လာလိမ့်မည်။

ကိုမိုးကောင်းနှင့် သမီးနှစ်ယောက်သည် ကိုင်းအလုပ်နီးပြီဖြစ်သဖြင့် ယာထဲရှိ နှမ်းနှင့် ငရုတ်၊ ပဲ၊ ပြောင်းများကို လက်စသတ်နေကြ၏။ ကိုင်းမြေ တွင် နွားနင်းခံသောအနေသို့ ရောက်ပြီဆိုလျှင် ထွန်ချရတော့မည်။ ထွန် ဝင်သည်နှင့် တစ်ပြိုင်နက်တည်း အချိန်မီ ကြဲရစိုက်ရတော့မည်။ ထိုအခါတွင် ယာကို ပြန်စောင်းကြည့်ရန်ဝေးစွ။ ယား၍သော်မျှ မကုတ်အား။

ဆွမ်းခံပြန်ချိန်ခန့်တွင် ယာထဲသို့ မြင်းတစ်စီးဝင်လာ၏။ နောက်ပါ လူသုံးယောက်ခြံရံလျက် မြင်းစီးလာသူမှာ ပိုးပဝါကို အစထောင်ပြီး ပေါင်း ထား၏။ ဓားအိမ်နှင့်ဓားကို မြင်းကုန်းနှီးတွင် ချိတ်ဆွဲထား၏။ မင်းဖွယ်စိုးရ ပုဂ္ဂိုလ်ပေတည်းဟု ကိုမိုးကောင်း ဝမ်းသာအားရထ၏။ သို့ရာတွင် ချက်ချင်း ပြန်ထိုင်၏။ အကြောင်းသော် မြင်းရှေ့မှပါသူနှင့် မြင်းဘေးမြင်းနောက်မှ လိုက်ပါလာသူများ၏ ခြေလှမ်းပုံ မမှန်သောကြောင့်တည်း။

သူတို့သည် ငမိုးကောင်းကိုမြင်ငြား ချဉ်းကပ်မလာသေး။ ပဲနှုတ်

နေသော ကလေးမနှစ်ယောက်ကိုလည်းကောင်း၊ တလှုပ်လှုပ် ရွေ့သွားရင်း အစာစားနေသည့် မြင်းလေးစီးကိုလည်းကောင်း မျှော်ကြည့်နေပြီးမှ၊ ငမိုးကောင်းကို လှမ်းကြည့်၏။

"သည်မြင်းတွေ ဘယ်သူ့မြင်းတုန်းဟ"

ခြေလှမ်းသိုင်းကွက်နင်းနေငြား၊ မင်းသံစိုးသံမှ အပြည့်။

"အကျွန့်မြင်းတွေပါ"

ကိုမိုးကောင်း ထရပ်ရင်း ဖြေသည်။

"သည်မြင်းတွေ တောင်ဘက်မြင်းသင်းက မြင်းမဟုတ်လား"

"မဟုတ်ပါဘူး။ အကျွန့်မြင်းတွေပါ"

"မင်းမှုထမ်းမဟုတ်ရင် မြင်းမမွေးရ။ မောင်မင်း မသိဖူးလား"

ထိုသူများသည် မည်သူမည်ဝါနည်း။ ကိုမိုးကောင်း မသိပါ။ မသိငြား မင်းမှုထမ်းအထင်ဖြင့် လှမ်းလာသည်။

"ဗိုလ်မှူးတို့ တဲထဲကို ကြွကြပါခင်ဗျား"

ထိုအခါတွင်မှ မြင်းပေါ်မှ ပိုးပဝါခေါင်းပေါင်းနှင့်လူ လှုပ်ရှား၏။

"ငါ ဗိုလ်မှူး မဟုတ်။ ဇော်ဂျီဗိုလ်ရဲ့တပ်က သွေးသောက်ကြီး"

သူတို့ တခုတ်တရ ကြေငြာသော ဇော်ဂျီဗိုလ်ကို ကိုမိုးကောင်း မသိပါ။ သို့အတွက် ထူးခြားမှု ဖြစ်မလာပါ။

"သည်လိုပါ သွေးသောက်ကြီး။ အကျွန့်အိမ်နီးချင်းက မြင်းစီးကြီး ငရွှဲရဲ့ညီတွေ ဖြစ်ပါသယ်။ သို့အတွက် သူရို့မွေးသဲ့မြင်းတွေကို အကျွန့်ဆီမှာ လာပြီး အပ်နံ့ထားသာပါ။ အကျွန်လည်း မိမိကြည့်ရှုစောင့်ရှောက်ရသဲ့ အတွက်၊ အကျွန့်မြင်းလို့ ပြောမိသာပါ"

"အေး၊ မောင်မင်းမြင်းတွေကို မြင်ကွန်းမြင်းခုံတိုင် ကိုယ်တော်နှစ်ပါး ခြေတော်တင်ဖို့အတွက် သိမ်းပိုက်သယ်"

"မြင်ကွန်းမြင်းခုံတိုင်"

ထိုအမည်များအား ကိုမိုးကောင်း ကြားဖူးသလော၊မကြားဖူးသလော မရေရာလှ။ နှုတ်မှ မြည်ရွတ်ကြည့်ငြား အသိတိုးမလာ။

အရပ်လေးတောင်ခန့် ထိုးကွင်းမြေစိုက်နှင့် ရင်ဘတ်တွင် ဆေးနီတွေ 'ရဲပဒေါင်း' ခတ်နေသည့် ကိုမိုးကောင်း၊ တောင့်တောင့်ကြီး ရပ်နေသည်ကို တစ်ချက်စောင်းကြည့်ကာ၊ မြင်းပေါ်မှ သွေးသောက်ကြီးက ဆက်ပြော၏။

"မြင်းမွေးခွင့်မရှိဘဲ မြင်းမွေးသာဟာ ရာဇဝတ်မှုပဲ။ သို့သော် ရှိစေတော့ မောင်မင်း။ ငါတို့အရှင် မြင်ကွန်းကိုယ်တော်ကြီး၊ မြင်ကွန်းကိုယ်တော် လေးတို့ ဆင်ပေါင်ဝဲမှာ ဗိုလ်ဝင်ခံနေသယ်။ မောင်မင်း ဝင်ရောက်ခစား အမှုတော်ထမ်းရင် ကောင်းစားမှာ မုချပဲ"

"မင်းသားနှစ်ပါးက ဘဇာကြောင့် ဗိုလ်ဝင်ခံရသတုန်း သွေးသောက်မင်း"

ဗိုလ်ဝင်ခံခြင်းသည် လက်နက်လူသူ စုဆောင်းခြင်းဖြစ်ရာ ပဋ္ဌမ သင်္ဂါယနာတင် မင်းတရားကြီးရှိပါလျက် မည်သည့်အတွက် ဗိုလ်ဝင်ခံရ သနည်း။ လက်ရှိဘုရင်အား ထောင်ထားခြားနားခြင်းလော။

သို့အတွက် ကွဲကွဲပြားပြားသိရစေရန် ကိုမိုးကောင်း မေးခြင်းဖြစ်ငြား၊ သွေးသောက်ကြီးက မထိမဲ့မြင်ကြည့်၏။

"မင်းမှုရေးရာ ဘာမှနားမလည်သဲ့ ငအနွ။ လျှာမရှည်နဲ့။ မြင်း သုံးကောင်ဖမ်းပြီး ကုန်းနှီးအပြည့်တင်ပေး"

"ကုန်းနှီးမရှိပါ သွေးသောက်မင်း။ ရှိသယ်ထားဦး။ သွေးသောက် မင်းရဲ့ အရှင်နှစ်ပါး ဘဇာလုပ်သယ်ဆိုတာ ရှင်းရှင်းလင်းလင်း မသိရတဲ့ အတွက် မြင်းတစ်ကောင်မှ မပေးနိုင်ဘူး"

"ဘာကွ" ဟူသည့် အော်သံသုံးခု ပြိုင်တူထွက်လာသည်။ မြင်း အောက်မှ လူသုံးယောက်သည် ကျောပေါ်ရှိဓားအိမ်ထဲမှ ဓားများကိုချွတ်ရင်း "ပစ္စန္တရာဇ်သား ငအနွ၊ ကုပ်ကောင်းလို့ ဓားတောင်းသလား" အော်ဟစ် ဆဲရေး၏။

သေရည်နှံ့ ထောင်းထောင်းထနေသော မျက်ထောင့်နီ သုံးယောက်သည် ဓားသုံးစင်းကိုခင်းလျက် ကိုမိုးကောင်းဘက်သို့ တရွေ့ရွေ့ ချဉ်းကပ်လာ၏။ ဆူးခုတ်ရာ၊ သစ်ပင်ခုတ်ရာတွင်သာ ဓားကိုသုံးတတ်သော တောသား ငဖျင်း ဟူ၍ သူတို့သည် ကိုမိုးကောင်းအား အထင်သေး၏။ ဓားဖြင့် တော့လိုက်လျှင် မြင်းပျိုသုံးကောင်အပြင် မြင်းအိုမကြီးပါ ဖမ်းပေးလိမ့်မည် ယုံကြည်ကြ၏။

သို့အတွက် ကားကားကြီး ရပ်နေသည့် ကိုမိုးကောင်း၏ဝမ်းကို ပြိုင်တူ တော့လိုက်ကြ၏။ သူတို့တော့ချိန်တွင် ကိုမိုးကောင်းက တိမ်းပေးပြီးပြီ။ ဘယ်အစွန်လူ၏ လက်ကောက်ဝတ်ကို ဖမ်းကိုင် လိမ်ချိုးပြီးပြီ။

"အလိုလေး မွေးမေရို့"

အော်သံအဆုံး၌ ဘယ်စွန်လူမှာ ထူပူသွားသောပါးကြီး သုံးလေးပတ် လည်လျက် ပြောင်းရိုးငုတ်တိုများပေါ်သို့ တုံးလုံးလဲကျ၏။ ထိုသူ၏ ယာဘက်မှ နှစ်ယောက်သည် ချက်ချင်း ပြေးဝင်ခုတ်၏။ ဓားတစ်စင်းမှာ မြေတွင် စိုက်၏။ ကျန်တစ်စင်းမှာသော် လွင့်ထွက်သွား၏။

ကိုမိုးကောင်း ပက်ထုတ်သောကြောင့်မဟုတ်။ ခုန်ရှောင်သဖြင့် ဓား တစ်စင်း မြေကိုနမ်း၏။

ကျန်တစ်စင်းမှာမူ ဓားကိုလေထဲ၌ မြှောက်ဝင့်ခိုက်၌ ဓားကိုင်သူ ပြောင်းငုတ်ကို တိုက်ပြီး ဝမ်းလျားထိုးလဲသည့်အတွက် လွင့်သွားခြင်းဖြစ်သည်။ မင်းရိပ်ခိုပြီး မောက်မာရုံမှအပ၊ ဓားကို ဟုတ်ဟုတ်ဟတ်ဟတ် ကစားတတ်ဟန် မတူသော သူရာဒုဋ္ဌများအား ကိုမိုးကောင်းမတိုက်ခိုက်ပါ။ သို့သော် မြေကြီးကို ခုတ်သောသူကိုမူ နံကြားသို့ ခြေဖျားဖြင့် တစ်ချက် ကန်ထားလိုက်သည်။

မှောက်သူမှောက်၊ လိမ့်သူလိမ့်၊ ရှုံ့မဲ့ကုန်းထသူ ထနေစဉ်၊ မြင်းပေါ်မှ ပိုးပဝါပေါင်းသည် မြင်းကုန်းတွင် ချိတ်ထားသည့် ဓားကို အရိုးမှ ဆွဲယူလိုက်သည်။ နေရောင်တွင် ဓားရောင်လက်သည်။ မြင်းကြီးသည် တစ်ဟုန်ထိုး ပြေးလာသည်။ ဓားဦးသည် အလျင်ပြင်းစွာ ပြေးလာသည်။

ပုဂံစာအုပ်တိုက်

ကိုမိုးကောင်း မတုံ့ပြန်ပါ။ တိမ်းငဲ့ကာ ဒူးညွှတ်ပေးသည်။

ဝါးတစ်ရိုက်ကျော်ပြေးသွားပြီးမှ မြင်းပြန်လှည့်လာ၏။ သည်အကြိမ်တွင်လည်း ရှေးနည်းတူသာဖြစ်၏။ ဆယ်ခေါက်ခန့် လူးလာခေါက်တုံ့တိုက်ခိုက်ပြီးချိန်တွင် မြင်းပေါ်ကလူ အတိုက်ရပ်၏။သူ့လူတွေကို ငုံ့ကြည့်၏။ ထရပ်နေကြပြီ။

"ဟိုကလေးနှစ်ယောက်ကို ဖမ်းချေကြစမ်း"

ဖအေကိုမနိုင်လျှင် ရင်သွေးတွေကိုဖမ်းပြီး ဓားစာခံလုပ်မည့် ဓားပြအကြံ။

ထိုလူသုံးယောက်ကို ငမိုးကောင်း ပိတ်ပင်တားဆီးရန် လှုပ်ရှား၏။ မြင်းဖြင့် ပိတ်ထားသည်။ မြင်းပေါ်မှ ဓားဖြင့် ခြိမ်းခြောက်သည်။

ဒုဋ္ဌသူရာသုံးယောက်သည် မိရိုးနှင့် မိအိုးထံ ပြေးသွားကြသည်။ ရှစ်နှစ်ရွယ်နှင့် ငါးနှစ်ရွယ် သူငယ်မနှစ်ယောက်သည် ထိတ်လန့်ဟကြား မပြေးပါ။ သူတို့သည် သူတို့အဖေနှင့် ထိုလူစု ဖြစ်ကြပျက်ကြသည်ကို မြင်ပြီးဖြစ်သည်။

မြင်ပြီးဖြစ်သဖြင့် ပြေးလာသူများမှာ မိတ်ဆွေမဟုတ်ဟု သိသည်။ ထိုင်ရာမှမထဘဲ သတိဖြင့်နေကြသည်။

"မပြေးကြနဲ့ လာခဲ့"

ရှေ့ဆုံးမှလူသည် ရှစ်နှစ်သမီးအား ပေါ့ပေါ့တန်တန် ကုန်းဆွဲသည်။ ကြွပ်ရွနေသော နှမ်းစည်း၏ အသီးခြောက်များ၊ အရိုးခြောက်များက လည်ပင်းကို ဆီးကြိုဆောင့်ထိုးရာ ပက်ခနဲလန်ကျ၏။

မိအိုးအား ကုန်းဆွဲသူ မချိမဆံ့ အော်လိုက်ချိန်တွင် ကျန်လူနှစ်ယောက်မှာ အရှိန်မသတ်နိုင်ကြတော့ပါ။ မိရိုးက ဆီးကြိုပြီး မျက်နှာကို သဲဖြင့် ပက်သည်။ မှုးယစ်နေသဖြင့် မရှောင်နိုင်ချေ။ မျက်လုံး မမှိတ်မိ။ နှမ်းခါသော ရှားကိုင်းသွင်သွင်ကျိုးသည်အထိ အရိုက်ခံကြရသည်။

**ပုဂံစာအုပ်တိုက်**

ညီအစ်မနှစ်ယောက်သည် သွေးအလိမ်းလိမ်းဖြင့် လဲကျကျန်ရစ်သူများအား ပြန်စောင့်ကြည့်မနေနိုင်။ ဖအေ့ထံ ပြေးကြသည်။

သို့သော် ကိုမိုးကောင်းမှာ မြင်းဖြင့် အနင်းခံနေရသည်။

မြင်းပေါ်မှလူသည် ကိုမိုးကောင်းအား ဓားဖြင့်လည်းခုတ်သည်။ မြင်းဖြင့်လည်း နင်းနေသည်။ ကိုမိုးကောင်းမှာ ဓားကိုလည်း ရှောင်ရ၊ မြင်းခြေထောက်ကိုလည်း တိမ်းရဖြင့် ဖေယ်ပျံသည်သို့ လိမ့်နေသည်။

ကိုမိုးကောင်းသည် မတ်တတ်ထရပ်နိုင်ရန် အရေးတကြီးကြိုးစား၏။ ကြိုးစားငြား မြင်းသည် ခုနကကဲ့သို့ မပြေးပေ။ ခုန်၍ခုန်၍ နင်းနေ၏။ သို့အတွက် မိအိုးသည် တုတ်တစ်ချောင်းကောက်ယူပြီး ပြေးလာ၏။

"သမီး မလာနဲ့၊ သူ့မှာ ဓားပါသယ်"

မြင်းပေါ်ကလူ လှည့်ကြည့်သည်။ ကိုမိုးကောင်း ခုန်ထနိုင်ပြီ။ ဓားကို ကျစ်ကျစ်ဆုပ်လျက် မားမားကြီးရပ်ပြီ။

မြင်းသမား တွေဝေသည်။

လူမမယ် သူငယ်မကိုတည်း တိုက်ခိုက်မည်လော။ 'ကိုယ်ရင့်တတူ' ယောကျ်ားကြီးကိုတည်း တိုက်ခိုက်မည်လော။

ဤသည်မှာ အခွင့်ကောင်းဖြစ်သည်။ ကိုမိုးကောင်းသည် ရှားစောင်းပင် ယာခရိုးသို့ ပြေးသွားသည်။ အရွက်များ ကြွေကျသွားပြီဖြစ်သော ဇီးခက်တစ်ခက်ကိုတွေ့သည်။ အသီးခြောက်များ တဖြောဖြော ကြွေကျလျက် ကိုမိုးကောင်း ပြေးလာသည်။

မြင်းပေါ်ကလူမှာ ပြေးရုံသာ ရှိတော့၏။

သို့တစေ၊ သူပြေး၍ မလွတ်ပါ။

မြင်းဇက်ကိုလှုပ်စဉ်တွင် မိအိုးက တုတ်ဖြင့် လှမ်းပစ်သည်။ ရှပ်(ချပ်)ပစ်နေကျလက်မို့ လက်မှန်းတည့်ဟန်တူသည်။မြင်းသမား၏ ဦးဇက်ကို 'ငါးပိုင်း'ဖြင့် ထိသည်။ ဆတ်ခနဲ မြင်းသမား ငိုက်သွားစဉ်၊ ဇီးခက်ကြီးသည်

မြင်းသမားအား မြင်းပေါ်မှ တွန်းချလိုက်လေ၏။

ထိုသူတွေ ပြောဆိုဆက်ဆံမှု ကောင်းမွန်ခဲ့လျှင် သည်နှယ်ဖြစ်ရန် အကြောင်းမရှိချေ။ ယခုသော်ကား၊ ထိုသူလေးယောက်ကို ဆူးချုံများထဲတွင် လည်ကြိုး၊ ခြေကြိုး၊ လက်ကြိုးတုပ်လျက် ငုတ်ရိုက်ချည်နှောင်ထားရသည်။ နေ့စဉ် ထမင်းကျွေးနေရသဖြင့် အလုပ်ပိုသည်။

မြင်းစီးကြီးသည် ဤသတင်းကို ကြားသလော။

သို့မဟုတ် မည်သည်ကို ရည်ရွယ်ပြီး ´ယခုကဲ့သို့ အရေးတကြီး ပေလွှာဖြင့် သတိပေးရသနည်း။

ကိုမိုးကောင်းသည် ရှည်ရှည်ဝေးဝေး တွေးနေပြီးမှ မီးခွက်ကို မှုတ်ရန် သတိရသည်။ သို့ရာတွင် မမှုတ်ဖြစ်။ ခြေသံမထွက်အောင် ဖော့နင်း လာသော ဝါးကြမ်းပေါ်မှ ခြေသံကြောင့် ဖြစ်သည်။

"ညဥ့်ကြီးသန်းခေါင်မှာ ဘဇာက စာပါလိမ့် မောင်ကြီး"

"မြင်းစီးကြီးဆီကစာပါ နမသယ်"

မယ်မင်းဘော်သည် မီးခွက်တစ်ဖက်တွင် မျက်နှာချင်းဆိုင်ထိုင်၏။ ဆေးလိပ်တိုကိုယူပြီး မီးခွက်တွင် မီးညှိမည်ပြုပြီးမှ မညှိသေးဘဲ ပါးစပ်တွင် ကိုက်၏။ တံမြက်စည်းတံ အကျိုးတစ်ချောင်းဖြင့် မီးစာတွင် သီးနေသည့် 'မှိုင်းသီး' များကို ခြွေချ၏။

မှိုင်းသီးများ ကြွေကျသွားသောအခါ ပိုမိုလင်းချင်းလာ၏။ ထို အလင်းရောင်အောက်တွင် မယ်မင်းဘော်၏အလှသည် ထွန်းတောက် ဝင့် ကြွား၏။ ကိုမိုးကောင်းသည် ကလေးငါးယောက်မိခင်အား မျက်နှာစိမ်း မိန်းမယဉ်ကို ကာလသားကြည့်သကဲ့သို့ ကြည့်နေမိ၏။

မယ်မင်းဘော်မှာ ဆေးလိပ်မီးညှိနေရသဖြင့် သူ့လင်၏အကြည့်ကို သတိမထားမိပါသေး။ သုံးလေးဖွာ ဖွာအပြီးတွင်မှ သတိထားမိပါသည်။ ရင်ထဲတွင် နွေးခနဲဖြစ်လျက် မျက်လွှာချသည်။ မိမိကိုယ်တွင် မလုံမလဲဖရိုဖရဲ

ဖြစ်နေသလော သုံးသပ်သည်။ ကိုယ့်တာလုံကြောင်း သေချာခါမှ မျက်လုံး ဝင့်သည်။

"မြင်းစီးကြီးရဲ့စာထဲမှာ အကျွန့်အကြောင်း ပါလို့လားမောင်ကြီး"

"မပါပါဘူးဗျာ။ စာက တိုတိုကလေးပါ။ အရေးအရာ ရှုပ်ထွေးနေသည်။ ကျုပ်အလာကို စောင့်ပါလို့ပဲ ပါသပ"

"သဟာနဲ့များ၊ မမြင်ဖူးသဟာကျနေသကော။ မောင်ကြီးကြည့်ပုံက"

မျက်စောင်းတစ်ချက် ဝင့်ပြား၊ မျက်လွှာပြန်ချသည်။

"ဩော် နမသယ်ရယ်။ မြတ်နိုးစိတ်၊ ကြင်နာစိတ်တွေ ယိုဖိတ်လို့ပါ။ အိမ်မှုဝန်တာ ဆောင်ရွက်ရသဲ့အထဲ ငမိုက်သား လေးကောင်အဟွက်ပါ ပိုချက်နေရရှာပါကလား တွေးမိလို့ပါ"

"အကျွန်ဖြင့် မောင်ကြီးလုပ်နေသဟာ သဘောမပေါက်သကော"

"ဘာပါလိမ့် နမသယ်"

"လူကိုဝှက်ထားပြီး မြင်းကိုမဝှက်ဘဲ ထားသကော"

"နွားချေးတွေ လိမ်းလိုလိမ်း၊ အိုးမည်းတွေ သုတ်လိုသုတ် လုပ်သာဟာ ဝှက်သာပဲပဲ့ နမယ်"

မယ်မင်းဘော်သည် ပါးစပ်ကိုလက်ဝါးဖြင့်အုပ်လျက် ရယ်မောသည်။

"ကြဲကြဲဖန်ဖန် မောင်ကြီးရယ်"

"နမသယ်ပဲစဉ်းစားကြည့်လေ။ သင်းရို့လူတွေ ပြန်မလာလို့ လိုက်ရှာသဲ့အခါမှာ ရပ်ပျက်နေသဲ့မြင်းကို သူရို့ မြင်ပေမယ့် မမှတ်မိဘူး။ မမှတ်မိရင် လူတွေနောက်ကို ဆက်ပြီး ခြေရာမခံတတ်တော့ဘူးပဲ့။ သလိုမဟုတ်ဘဲ မြင်းကို ဝှက်ထားရရင် ကျုပ်သမီးတွေ မြင်းစာရှာရသာနဲ့ပဲ ကစားချိန် ရတော့မှာ မဟုတ်ဘူး"

မယ်မင်းဘော်သည် တစ်အောင့်မျှ စဉ်းစားတွေးတောနေပြီးမှ မျက်လုံး လှန်ကြည့်ကာ အသံနိမ့်ပြီးမေး၏။

"အနို့ လူတွေကို ပသို့လုပ်မယ်ပါ့မောင်ကြီး"

"နမသယ်လည်း ပင်ပန်းလှပြီ။ ကျုပ်သမီးတွေလည်း ထမင်း သွား သွား ကျွေးရတာ တာဝန်ကြီးတစ်ခု။ အဲသာကြောင့် လွှတ်လိုက်ရ ကောင်း မလား စိတ်ကူးနေတုန်းမှာ မြင်းစီးကြီးဆီက စာရောက်လာလို့ ဆိုင်းထား ရဦးမပါ့"

"သူရို့ကို လွှတ်လိုက်ရင်၊ အစုအဝေးနဲ့ ပြန်လာပြီး ရန်ရှာမှာကော"

ကိုမိုးကောင်းသည် ခေါင်းကို လေးတွဲ့စွာ ခါယမ်း၏။

"သည်အတွက် မကြောင့်ကြနဲ့ နမသယ်။ ဆင်ပေါင်ဝဲမှာ ဗိုလ်ဝင်ခဲ့ သယ်ဆိုတဲ့ သင်းရို့မင်းသားတွေသတင်းကို လူလွှတ်စုံစမ်းပြီးပြီ"

"စုံစမ်းရော့၊ ပသို့ရှိသတုန်းဟင်"

"မင်းသားနှစ်ပါးဆိုသာ အမှန်ပဲ။ နို့ပြီး မီးသင်္ဘောကြီးတစ်စင်းလည်း ပါသယ်။ သဟာပေသည့် ဘဇာအကြောင်းရယ် မသိဘူး။ ကျောက်တိုင်ရဲ့ တောင်ဘက်အရောက် စုန်ဆင်းသွားပြီတဲ့"

"သည်လူတွေ အပြန်ခက်ပြီကော"

ကိုမိုးကောင်း ခေါင်းညိတ်လိုက်ကာ "ဟုတ်သယ်။ အဲသာကြောင့် လူစုလူဝေးနဲ့ ရန်မူနိုင်တော့မှာ မဟုတ်ဘူး" ပြောသည်။ တစ်ချက် နားစွင့် လိုက်ပြီးမှ သူ့စကားကို ဆက်သည်။

"သဟာကြောင့် လွှတ်လိုက်ရ ကောင်းမလား စဉ်းစားနေသာ။ မြင်းစီးကြီး ရောက်လာရင် သမင်လား၊ ရှဉ့်လား သိရမှာပေါ့လေ။ ဆက်ပြီး ထားရဦးမှာပါ့"

"အဲ့စရာပဲနော် မောင်ကြီး"

"ဘဇာများပါလိမ့် နမသယ်"

မယ်မင်းဘော် ရုတ်ချည်း မတုံ့ပြန်သေး။ ရွာလယ်မှ ပေါ်လာသော ကြက်တွန်သံကို နားစွင့်သည်။ ကြက်တွန်သံများ တစ်ရွာလုံးသို့ ပျံ့နှံ့သွား

ရာက တိတ်ဆိတ်မြဲ ပြန်လည်တိတ်ဆိတ်သွားခါမှ "လင်းကြက်ထင်ပ!" ပြောသည်။

"မဟုတ်ပါဘူးကွယ်၊ ကြက်ဉီးတွန်ပါ"

"အကျွန် အံ့ဩသဟာက"

ကြက်တွန်သံကြောင့် ပြတ်သွားခဲ့သောစကားကို မယ်မင်းဘော် ပြန်ဆက်ခြင်းဖြစ်၏။

"သူ့ရို့လေးယောက် သည်ရွာဘက်ကို သွားရာက ပြန်မလာရင် ဘဇာကြောင့် လိုက်လံ မရှာဖွေကြသတုန်း။ သဟာကို အံ့ဩရသကော"

ကိုမိုးကောင်းသည် ခေါင်းတဆတ်ဆတ်ဖြင့် စဉ်းစား၏။ အတန်ကြာမှ တစ်လုံးချင်းထင်မြင်ချက်ပေး၏။

"နှမသယ်တွေးသာ မှန်သယ်။ ကိုယ့်လူပျောက်သွားသာကို လိုက်မရှာကတည်းက မှုမမှန်သာပေါ်လာပြီ။ သာကြောင့် မိုလ်ဝင်ခံသယ်ဆိုသဲ့ မင်းသားနှစ်ပါးဟာ အတုအယောင်သော်လည်းကောင်း၊ သူပုန်သူကန်သော်လည်းကောင်း ဖြစ်ရမယ် နှမသယ်"

"သဟာဖြင့်"

အဲ့ခနဲ ကလေးငိုသံက မယ်မင်းဘော်၏ နှုတ်ကို ပိတ်သည်။ဆေးလိပ်တိုကို ခွက်ထဲထည့်ကာ "သားရေ၊ အမေရှိသယ်"အသံပေးလျက် မပြေးရုံတမည် ထသွားသဖြင့် ခြေတံရှည်အိမ်ကြီးမှာ သိမ့်သိမ့်ခါသွားလေ၏။

★

# ၁၁

ချိုးကူသံသည် သစ်တောက်ငှက်၏ သစ်ပင်ဖောက်သံနှင့်ပြိုင်လျက် ညည်းတွဲ့နေ၏။ ယာစပ်ရှိ သစ်ပင်အခြောက်ကြီး၏ ပင်စည်ကို ကုပ်တွယ်လျက် သစ်တောက်ငှက်သည် တဒေါက်ဒေါက်အသံဖြင့် ဝီရိယကြီးစွာ နှုတ်သီးဖြင့် ဖောက်နေ၏။ ချိုးကူသံရပ်စဲသွားငြား သူ့အသံ မဆိတ်စဲ။

သို့သော် စည်လွင်သော ရယ်မောသံကလေးတွေ ပေါ်လာသောအခါတွင်ကား သစ်တောက်ငှက် လန့်ဖျပ်ပျံပြေး၏။ ငှက်ပျံပြေးငြား၊ ယာစပ်လမ်းသည် ပျင်းရိဖွယ် မတိတ်ဆိတ်။ ရှပ် (ချပ်) ပစ်သံများ ညံနေ၏။

မိအိုးနှင့် မိရိုးပါဝင်သော ကလေးမခြောက်ယောက်သည် ပြေကျသည့် ဆံမြိတ်ကို ပြန်ရစ်လိုက်၊ နပ်ရှုံ့လိုက်ဖြင့် သဲကြီးမဲကြီး ကစားကြပြီ။

မိအိုးနှင့် မိရိုး၊ မိစောက တစ်ဖက်၊ မိချောနှင့် အေးမိ၊ မယ်စကတစ်ဖက် ဖြစ်သည်။

"နောက်ဆွဲ"

မိအိုးနှင့် မိရိုး၊ မိစောတို့ နောက်စည်းပေါ်ရပ်ကာ ရွှင်ရွှင်ကြီး အော်လိုက်၏။ မိအိုးက သစ်သားပြားအဝိုင်း၊ မိရိုးနှင့် မိစောက ဝိုင်းစက် နေအောင် အနားသတ်ဖဲ့ခြွေထားသည့် စဥ့်အိုးကွဲ။ သည်အရာများကို ခြေ ဖနောင့်ကြားတွင် ညှပ်လိုက်ချိန်ဝယ်၊ ရှေ့စည်းမှ "ဘွာတေး.... ဘွာတေး" အော်၍ မိချော ထပြေးလာ၏။

"နောက်ဆွဲဆိုသာ နောက်မှာဆွဲရမယ်"

"သည်မှာ မမြင်ဖူးလားဟဲ့။ နောက်မှာ ဆွဲထားသာ"

မိရိုးက ခုန်အံ့ဆဲဆဲ အနေအထားမှ နှုတ်ခမ်းစူလျက် တုံ့ပြန်သည်။

"ဖနောင့်နှစ်ခုကြားမှာ မညှပ်ရဘူး။ ချပ်က ဖနောင့်ရဲ့နောက်မှာ ပေါ်နေရသယ် ရှင်မိရိုးရဲ့"

မိချောသည် ပြောလည်းပြော၏။ဖနောင့်၏နောက်သို့ ထွက်မနေသော ချပ်များကိုလည်း ဆွဲထုတ်ကာ မိရုံ တည်းတည်းကလေး ညှပ်ပေးထား၏။

"အဲသာမှ နောက်ဆွဲဟဲ့၊ မှတ်ထား"

မိချောမှာ မိအိုးနှင့်မှ ရွယ်တူဖြစ်သဖြင့် ပြောပြောဆိုဆို မိရိုး၏ ခေါင်းကို လက်ဆစ်ဖြင့် ခေါက်မည့်ဟန်ရွယ်သည်။ မိချောအောက် တစ်ထွာ ကျော်နိမ့်သော မိရိုးသည် ချပ်ကို ချက်ချင်းချွတ်ကာ ကောက်ယူသည်။ မိချောကို ပစ်ခတ်ရန် ရွယ်သည်။

"မိအိုးရေ ညည်းညီမက မကောင်းဘူးအေ့"

"သူငယ်ချင်းတွေနဲ့ ရန်မဖြစ်ရဘူး အမေမှာလိုက်သာ မေ့သွားပြီလား ညီမ။ ပြောသာမရရင် ပြန်တိုင်မှာတော"

"တူက ခေါင်းခေါက်တာကိုးလို့"

မိချောက ဟန်ကောင်းသည်။ မိရိုး၏ ဆင်ခြေပေးသံအဆုံးတွင် ပက်လက်လန်သွားတော့မည်သို့ ဖြစ်သွားလျက် "အလိုလေးတော် ရွယ်ရုံ ရွယ်သာကို ခေါက်သတဲ့ အရပ်ကရို့ရေ" ဟု အော်သည်။

"ကဲကဲ လုပ်မယ်။ နောက်ဆွဲ"

မိအိုးသည် ဖျန်ဖြေသည့်သဘောဖြင့် ကစားမှုဘက်သို့ ပြန်လည်ဦးတည်ကာ အော်လည်းအော်၊ ချပ်ကိုလည်း ဖနောင့်ဖြင့်ညှပ်ကာ ခုန်သည်။ ဝါးခနဲ ရယ်မောသံများ ပေါ်လာသည်။

'နောက်ဆွဲ' သည်၊ ခုန်အပြီးတွင် ရောက်သည့်နေရာမှ ချပ်ကို ကောက်ယူပြီး ရှေ့စည်း၌ စုထားသော သက်ဆိုင်ရာချပ်ကို ထိမှန်အောင် ပစ်ခတ်ရန် ဖြစ်သည်။ ယခု မိအိုး၏ချပ်သည် လူနောက်သို့ ပါမလာ။ နောက်စည်း၌ ကျန်နေခဲ့သည်။ ဤသည်ကိုမသိသော မိအိုးသည် သူ့ခြေထောက်အောက်၌ ချပ်ကိုရှာသည်။

"ဟောတော်၊ ဘယ်ရောက်သွားပါလိမ့်"

ကုန်းကုန်းကုန်းကုန်းနှင့် မိအိုးရှာလေလေ၊ ကစားဖော်တွေ ရယ်မောလေလေ။ "ညည်းနဲ့ကစားရသာ ပျော်သတော" ဟု မယ်စက ပြောသည်။ မိချောက ကျန်နေခဲ့သည့်ချပ်ကို ကောက်ယူပြီးပေး၏။

အများရယ်မောမှုနှင့် လိုက်လျောညီထွေ မရှိသူမှာ မိရိုး။

သူ့အား မိချောက လက်ဖြင့်ရွယ်သည်ကို စိတ်ဆိုး၏။ သူ့အစ်မက သူ့ဘက်သို့ မပင်းသည့်အတွက် မကျေနပ်။ နှုတ်ခမ်းထော်ထားကာ ချပ်ကို တစ်အားညှပ်ပြီး ခုန်၏။ သူ၏ဘက်တော်သား မိစောလည်း ပြိုင်တူခုန်၏။ ချပ်များသည် လူရောက်သည့်နေရာသို့ ထပ်ကြပ်ပါလာ၏။

မိစောသည် ချပ်ကိုကောက်ယူကာ မယ်စ၏ချပ်ကိုပစ်၏။ လွဲသွား၏။

"သာလေးတောင် မထိဘူး။ အနာမ"

တစ်ဖက်လျှင် သုံးယောက်ကစားရာ မိအိုးမှာ နောက်စည်းတွင် ချပ်ကျန်ခဲ့သဖြင့် မပစ်ရဘဲသေသည်။ မိစောကား ပစ်ခွင့်ရပါလျက် လွဲချော်သဖြင့် သေသည်။ မိရိုးသာကျန်သဖြင့် တစ်ဖက်လူများ အားတက်နေပြီ။

သို့အတွက် မျက်စိဆယ်လုံးသည် မိရိုးထံတွင် စုပြုံကျရောက်လာ၏။

မိရိုး လွဲချော်လျှင် သွားပြီ။ စုထားသူများ၏ အလှည့်သို့ ရောက်ပြီ။ သို့သော် မိရိုး နှုတ်ခမ်းပိုစူပြီး အားရပါးရပစ်သည်။ အေးမိ၏ချပ် တစ်တောင်ခန့် လွင့်ထွက်သည်။ မိရိုး နှုတ်ခမ်းအစူလျှော့၏။ တစ်ဖက်သား၏ ချပ်ကို လွင့်သွားအောင် လုပ်လိုက်ရပြီ မဟုတ်လော။

"မိရိုးရေ၊ ငါ့ကို အရင် ကလူပါအေ"

"ညီမ၊ အစ်မကို အရင် ကလူနော်"

သေသူနှစ်ယောက်က သူတို့အား ပြန်ရှင်အောင် ကူညီပါရန် ပြိုင်တူ တောင်းပန်ကြ၏။ မပြောသော်လည်း ကူရမည်သာဖြစ်၏။ သို့သော် အလျင် ရှင်လို၏။ 'ငါရှင်ပြီဟေ့' ဟု ဦးစွာ အော်လို၏။

"အစ်မကို ကလူမယ်"

"မိရိုး မကောင်းဘူးဟေ့၊ မျက်နှာလိုက်သယ်"

မိစော မကျေနပ်။

"အစ်မက အလျင်သေသာကိုးအေ့"

မိအိုးနှင့် ကစားဖက်မှာ မိချောဖြစ်သည်။ အညိုးကြီးစွာဖြင့် မိချော၏ ချပ်ကိုပစ်ရာ တစ်လံခန့် လွင့်သွား၏။

"ကွဲသွားရင်တော့ လျော်ရမှာတော"

"ချပ်ကွဲချပ်ပျောက် မလျော်တမ်း"

မိချော မကျေမချမ်းပြောသဖြင့် မိရိုးက မျက်စောင်းထိုးပြီး ချေပ၏။ မိချော၏ချပ်ကို တစ်လံခန့်လွင့်သွားအောင် အညိုးတကြီးပစ်သော မိရိုး သည် မယ်စ၏ချပ်ကိုကား လဲရုံမျှသာ အသာကလေးပစ်သည်။ သို့ကြောင့် မိချော မကျေ။

မိချောမကျေငြား မိရိုးမှ သေသူနှစ်ယောက်ကို ရှင်အောင်လုပ်နိုင် သဖြင့် နောက်စည်းဘက်သို့ မော့မော့မော့မော့နှင့် သွားပြီ။ နောက်တစ်မျိုး ဖြစ်သည့် ခြေခလယ်လုပ်ရန် ဖြစ်သည်။

## ပုဂံစာအုပ်တိုက်

"ခြေခလယ်"

အသံစာစာကလေးတွေဖြင့် ပြိုင်တူအော်လျက် ပြိုင်တူခုန်ကြသည်။ ခြေဖဝါးစောင်း၏ အချိုင့်ဆုံး အခွက်ဆုံးနေရာနှစ်ခုကြား၌ ချပ်ကိုညှပ်ပြီး ခုန်ရရာ မိရိုး၏ချပ် ပါမလာ။ နောက်စည်းတွင် ကျန်နေခဲ့သည်။ ပြိုင်ဖက်ဖြစ်သော မိချောနှင့် အေးမိ၊ မယ်စတို့ သောသောညံအောင် ရယ်၏။ ရယ်သူများတွင် မိချော အကဲဆုံး။ ပက်လက်လန်အောင် ရယ်၏။

သို့သော် နောက်စည်းတွင် ချပ်ကျန်ခဲ့ကာမျှဖြင့် မသေ။ 'မိုးကျူး'မှ ထိအောင်မပစ်နိုင်မှသာ သေသည်။ သို့ကြောင့် မိရိုးအံကြိတ်ကာ ထဘီပြင်ဝတ်သည်။ ချပ်ကိုကောက်သည်။ နှာခေါင်းဖြင့် ထိယောင်ပြုသည်။ ရှေ့စည်းတွင် စူထား(စိုက်ထောင်ထား)သော အေးမိ၏ချပ်ကို လှမ်းပစ်သည်။

ခွမ်းခံနဲ အသံအဆုံးတွင် မိချောတို့ ရယ်သံဆိတ်၏။ မဲ့၏။ "ခြေလှမ်း စားသာကိုးလို့"ဟု ရမယ်ဖွဲ့စရာမရှိ ကြံဖန်ပြော၏။ မိရိုး ပြန်မချေပ။ သူ့ချပ်ကို သူလာကောက်သည်။ ထဘီစွန်တောင်ဆွဲလျက် နောက်စည်းသို့ ပြန်၏။

"ခြေဖျားထိပ်"

လွင်ကြည်သော အသံကလေးသုံးသံ ပြိုင်တူပေါ်လာသည့်နည်းတူ ချပ်များကလည်း စုံရပ်နေသော ခြေမများ၏ကြားသို့ ရောက်လာ၏။ ခြေမနှစ်ချောင်း၏ ညှပ်အားတွင် ချပ်ကိုထားကာ ခုန်သည်။ မိအိုး၏ချပ်သည် မိချော၏ ချပ်ရှေ့သို့ ထောင်လိုက်ကျသွားပြီး လိမ့်သွား၏။

"ရပ်ဟဲ့ ရပ်ဟဲ့ ရပ်"

ကာယကံရှင် မိအိုးက လိမ့်သောချပ်ကို အရပ်ခိုင်းငြား မိချောက "လာဟဲ့ လာလာ"အော်ရင်း မြေပေါ်တွင် စည်းကြောင်းကလေး ဆွဲပေး၏။ ချပ်ကအလိုက်သိစွာ စည်းကြောင်းအတိုင်း လိုက်ပြီး လိမ့်ရာ ရှေ့စည်းကို ကျော်သွားပြီးမှ ခွေခနဲ လဲကျသွားလေ၏။

## ပုဂံစာအုပ်တိုက်

"ဟေး" ခနဲ မိချောတို့ ပြိုင်တူအော်သည်။ သည်ပုံကို မိုးကျူးသည် ခေါ်၏။ မိုးကျူးလျှင် သေသည့်အတွက် ပြိုင်ဖက်များ ဝမ်းသာအားရ အော်ခြင်းဖြစ်၏။ မိအိုးမှာလည်း "သူခေါ်တိုင်း လိုက်ရသလားဟဲ့" အော်ရင်း ချပ်ကို လက်သီးဖြင့်ထု၏။

မိအိုး သေစေကာမူ မိရိုးနှင့် မိစော ကျန်သေးသည်။ မိရိုး၏ ချပ်မှာ စူထားသော အေးမိ၏ချပ်နှင့် တစ်တောင်ကွာတွင် ကျနေ၏။ ချပ်ကျသော နေရာ၌ လူထိုင်လိုက်သောအခါ တစ်ထွာမျှသာ ဝေးတော့သည်။ ထို့ကြောင့် မိရိုး နမော်နမဲ့ပစ်ရာ ဘေးက ချော်ထွက်သွားလေ၏။

မိရိုး စိတ်ဆိုးလွန်းသဖြင့် ကိုယ့်ခေါင်းကိုထု၏။ သို့သော် မိစော မသေပါ။ မယ်စ၏ချပ်ကို လှဲနိုင်သည်။ သို့ကြောင့် သေသူနှစ်ယောက်ကို ကူသည်။ မိရိုး ပြန်ရှင်ပြီး၊ မိအိုးကိုအကူတွင် မိစောသေလေ၏။

မိရိုးမှာ စိတ်ဆိုးလွန်းသဖြင့် မြေကြီးပေါက်ထွက်မတတ် ဆောင့်နင်းကာ ရှေ့စည်းသို့သွားသည်။ ထောင်ထားဆဲရှိသော အေးမိ၏ချပ်ကို ချပ်စောင်းခုတ်၍ ဖယ်ရှားပြီး သူ့ချပ်ကို ထောင်သည်။ "သာလေးတောင် မရဘူး" ဟု စူပွစူပွပြော၏။ အစ်မနှင့် မိစောကို မျက်စောင်းထိုး၏။

"ခြေဖျားထိပ်"

မိချောတို့မှာ ဗွေသမားတွေမို့ ခြေဖျားထိပ် ကစားကွက်သို့ ရောက်နှင့်နေပြီး၊ ရှေ့သို့ မတက်နိုင်။ သုံးယောက်လုံး လွဲချော်သည်။ လွဲချော်ပြီး ဒေါသမဖြစ်။ မျက်စောင်းမထိုး။ တသောသောရယ်မောလျက် ရှေ့စည်းသို့ ပြန်လာကြသည်။ "နီးနီးကလေးမို့ သတိလစ်သွားသာအေ့"စသည်၊ "ညည်း သေသာမြင်လို့ စိုးရိမ်ပြီးပစ်သာနဲ့ ချော်သွားသာ" စသည်ဖြင့် ပြောမဆုံးကြပေ။

"ဒူးခေါင်း"

"ဟောတော် ခြေဖျားထိပ် ဘယ်အချိန်ပြီးသွားကြပါလိမ့်"

ပုဂံစာအုပ်တိုက်

မိချောနှင့် အေးမိ၊ မယ်စတို့ တသောသော ဖြစ်မဆုံးမီပင် မိအိုးတို့ သုံးယောက်က ဒူးခေါင်းချင်းပူးပြီး ခုန်ကြ၏။ ခုန်၍ကျသောနေရာအထိ ချပ်ပါလာသူရှိ၏။ ကျကျန်သူလည်း ရှိ၏။

ဒူးခေါင်းထက် ခက်သောကစားကွက်ကား 'ပေါင်လိန်'

ပြားချပ်နေသဖြင့် 'ချပ်'ဟုခေါ်သော ချပ်ကို ပေါင်ကြားတွင်ညှပ်၍ မရပါ။ သို့အတွက် ချပ်လျှောမကျစေရန် ပေါင်တစ်လုံးပေါ်သို့ ပေါင်တစ်လုံးကို ထပ်ရ၏။ မိရိုးမှလွဲ၍ မည်သူမျှ ခုန်ရာသို့ ချပ်ပါမလာ။ နောက်စည်းတွင် ကျကျန်ခဲ့၏။ သို့သော်၊ သေသူ မရှိပါ။

"ပုခက်လွှဲ"

ငြူစူကွက် မပေါ်သောကြောင့် အသံကလေးတွေကြည်၏။ ခြေဖမိုးပေါ်တွင် ချပ်ကိုတင်ကာ ခြေတစ်ပေါင်ကျိုးသွားရင်း ချပ်ပါသောခြေကို လွှဲယမ်းရ၏။

"လွှဲနော် လွှဲနော်။ မလွှဲရင် မရဘူး"

ချပ်သေးလျှင် ခြေဖျားနှင့်ခြေကျင်းဝတ်၏ ညှပ်အားမမီ။ ထိုအခါ ခြေရမ်းလျှင် ချပ်ကျသည်။ ချပ်သေးကလေးနှင့် ကစားစဉ်က မိရိုး ပုခက်မလွှဲတတ်သည်ကို မိချောသိသဖြင့် ထပြေးလာငြား၊ မိရိုး၏မျက်စောင်းထိုးခံရခြင်းသာ အဖတ်တင်၏။ ခြေတစ်ဖက်ကို သွက်သွက်ကြီးလွှဲယမ်းပြီး ခြေပေါ်မှ ချပ်ဖြင့်ပင် စူထားသောချပ်ကို လဲအောင်ပစ်သည်။ မိမိချပ်ကို ကောက်ယူပြီး ခြေတစ်ပေါင်ကျိုးပြန်လာပြီ။

"တစ်လက်ပစ် နှစ်လက်ပစ်"

"တစ်ခုန် နှစ်ခုန်ပါအေ့"

"သေပြီ သေပြီ"

မိချောသည် သူ၏ချပ်ကိုကောက်ယူကာ ပြောပြောဆိုဆို ထလာ၏။

"ဘာသေတာတုန်း။ ဘာသေတာတုန်း"

ပုဂံစာအုပ်တိုက်

မိရိုးက ရင်ကော့မေးထိုးလျက် ဆီးမေး၏။

"တစ်ခုန် နှစ်ခုန် လုပ်ရာမှာကို တစ်လက်ပစ် နှစ်လက်ပစ်လို့ ညည်း အော်သယ်"

"ချုပ်ချုပ်ပြီလား၊ လုပ်ပြီလား"

"အို.... လုပ်လုပ် မလုပ်လုပ်"

"ချုပ်မှ မချုသေးသာဘဲ မိချောရာ။ မညစ်ပါနဲ့"

မိရိုးအသံက ရန်လိုသည်နှင့်အမျှ မိအိုးအသံမူ အေးဆေး၏။

ယာတစ်ကွက်ကျော်မှ တောကြက်ဖတွန်ကျူးသံသည် ချိုချို ကြည် ကြည်ကလေး ပေါ်လာ၏။ ချိုမြိန်သော ထိုအသံကို မိန်းကလေးတို့ မကြား။ လုယက်ပြောဆို ငြင်းခုံနေကြ၏။

"ချုပ် ချုချု မချုချု၊ အော်ရင်သေသာပဲ"

ထိုအခါ မိစောသည် အေးမိနှင့် မယ်စဘက်လှည့်ကာ "ညည်းတို့ လူကို ညည်းတို့ပြောကြဦးမှပေါ့ အေရို့ရဲ့" သိမ်းသွင်းသည်။ သူတို့ ပြောချင် ဟန်မတူ။ တစ်ဖက်လူက မိမိထက် 'ကြော' သွားချိန်တွင် ငြင်းခုံချင်၊ ရန်ဖြစ်ချင်သည်မှာ ဓမ္မတာ။

"ပြောပါဟဲ့ မိမယ်စရဲ့"

ပြောပြောဆိုဆို ဆွဲအလိမ်ခံရတော့မှ မယ်စ အသံထွက်၏။

"မိချော လာပါအေ၊ ငြင်းမနေပါနဲ့"

ငွေးသီး၊ တယ်သီး အမြဲပေးသော မယ်စအား မိချော မလွန်ဆန်သာ။ ရှေ့စည်းသို့ မျက်နှာမူလိုက်ရငြား၊ ရန်လိုသောစကားကို ပြောဖြစ်အောင် ပြောသေး၏။

"ချုပ်ချုချု မချုချု၊ လုပ်လုပ် မလုပ်လုပ်၊ နောက်တစ်ခါ မရဘူး။ အော် သာမှားရင် သေသာပဲ"

ထို့ကြောင့် တစ်ခုန် နှစ်ခုန် စတင်သည်။ နောက်စည်းတွင် ခြေစုံရပ်

ပြီးမှ လွှားခနဲလွှားခနဲခုန်ရရာ၊ မိရိုးမှာ အကောင်ငယ်သောကြောင့် အားစိုက်ခုန်ရသည်။ ဒုတိယတစ်ခုန်တွင် ခြေဖျားဖြင့်မကျ၊ ဖနောင့်ဖြင့်ကျသည်။ ရှေ့သို့ လျှောထွက်သွားရာ မထိန်းနိုင်တော့ဘဲ မိုးကျုံးသွားတော့သည်။

မိရိုး ဝမ်းမနည်းပါ။

အစ်မနှင့် မိစောေ ကျန်သေးသည်။ သူတို့ ကူညီလိမ့်မည်။ သို့ရာတွင် မိအိုးနှင့်မိစောတို့ တစ်ဖက်ချပ်များကို ထိမှန်အောင် မပစ်နိုင်သဖြင့် သေသည်။ ထိုအခါတွင်မှ မိရိုး နှုတ်ခမ်းစူတော့သည်။

“သာကလေးမှထိအောင်မပစ်နိုင်ဘူး။ ဘာစိတ်ကူးနေမှန်းမှမသိသာ”

ဒုတိယစကားပိုဒ်ကို မိရိုး မသိပါ။ မျက်နှာချင်းဆိုင်အိမ်မှ မိန်းမကြီးက သူ့သမီးအပျိုရွယ်တွေကို မြည်တွန်တောက်တီးသံ ကြားရဖန်များသဖြင့် ထည့်သွင်းပြောခြင်းဖြစ်သည်။

“ခြေဖျားထိပ်”

မိချောတို့ ရွှင်ပျစွာအော်၏။

အော်သံအဆုံးတွင် မိစော၏ “မရဘူး မရဘူး။ ခြေစားသယ်ပြန်ခုန်” အော်သံပေါ်လာသည်။ ခြေစားသည် စွပ်စွဲခံရသူမှာ မိချော။

မိချောခုန်သည်မှာ ဝေးလှမ်းလှမ်းရောက်လာသောကြောင့် စွပ်စွဲခြင်းလော၊ အမှန်ပင် စည်းပေါ်မှမခုန်ဘဲ စည်းရှေ့မှခုန်သလော မိရိုးမသိပါ။ ထပြေးပြီး မိချော၏ စည်းကိုကြည့်သည်။

“ဘယ်မှာ ခြေစားလို့တုန်း”

“သည်မှာ အမယ့်ခြေရာမဟုတ်လို့ ဘယ်သူ့ခြေရာတုန်း”

စည်းရှေ့တွင် တစ်ဖဝါးစာ စားကျူးနေသော ခြေရာအစုံကို မိစောက လက်ညှိုးထိုးပြ၏။

“မဟုတ်ဘူး။ ငါ့ခြေရာက သည်ဟာ”

သည်ဥသျှစ်ပင်ရိပ်ရှိ သည်တလင်းပြောင်မှာ သည်ယာနီးချင်း

ကလေးတွေ ကစားနေကျနေရာဖြစ်သည်။ ရှေ့စည်း နောက်စည်းများမှာ ထပ်ပြန်တလဲလဲ တုတ်ဖြင့်ခြစ်သဖြင့် မြောင်းဖြစ်နေပြီ။ ခြေဖြင့်ပွတ်လိုက် ခုန်လိုက် လုပ်ဖန်များသဖြင့် အချို့နေရာတွင် မာပြောင်၍ အချို့နေရာ၌ ဖုန်ထနေသည်။

ဖုန်ထဲတွင် ခြေရာသေးသေးကလေးတွေ ပွနေ၏။ သည်ခြေရာများသည် စည်းနောက်၌လည်းရှိ၏။ စည်းပေါ် စည်းရှေ့မှာလည်း ရှိသည်သာပင်။ ရှိသည့်အထဲမှ ကိုယ်လိုရာကိုယ်ဆွဲပြီး လက်ညှိုးထိုးပြနေကြခြင်း ဖြစ်ချေ၏။

"သူကျေနပ်အောင် ပြန်လုပ်လိုက်ပါအေ"

မိအိုးဖျောင်းဖျသော်လည်း မိချောလက်မခံ။ ပြန်လုပ်လျှင် ယခုနှယ် ဝေးဝေးရောက်ကောင်းမှ ရောက်မည်။ နောက်စည်းတွင် ချပ်ကျွတ်ကျန်ခဲ့လျှင် မည်သို့လုပ်မည်နည်း။ စူထားသော ချပ်ကိုနုတ်ယူရန် မိရိုးလှည့်လိုက်သည်။ ချပ်ကို ခွထားသော မြင်းခွာနှစ်လုံး။

မိရိုး ဝမ်းသာအားရ မော့ကြည့်သည်။ ပြောင်းဖူးဖက်ဆေးလိပ်သေးသေးကို အံတွင်ခဲထားသည့် မြင်းစီးကြီးငွေ့နှင့် မြင်းလိမ္မာကြီး။ မိရိုးသည် "ဘကြီး" ဟုအော်ကာ မြင်းလက်ကြားမှ ချပ်ကို ပြေးကောက်သည်။ မိအိုးလည်း ဖျန်ဖြေမှုကို ရပ်ဆိုင်းပြီး ပြေးလာသည်။

"သမီးတို့အိမ်မှာ တံခါးပိတ်ထားလို့ လိုက်လာသာ။ အခု သမီးတို့ အဖေ သည်ယာထဲမှာလား။ ကိုင်းထဲမှာလား"

"အဖေ"ဆိုပြီးမှ မိရိုး ပါးစပ်ပိတ်သွား၏။ မိအိုးကား "အမေ့မေးမှ သိမယ်ဘကြီး"ဆိုကာ မြင်းဆောသို့ပြေးကပ်သဖြင့် မြင်းစီးကြီးက ဆွဲတင်၏။ အခြားတစ်ဖက်မှာလည်း မိရိုး ပြေးကပ်သဖြင့် ဆွဲတင်ပေးရပြန်သည်။

မိရိုးသည် မြင်းပေါ်ရောက်လျှင်ရောက်ချင်း ခုန်ဆွခုန်ဆွလုပ်ကာ "ဟဲ့မြင်း" အော်၏။ မိအိုးမူ မြင်းစီးကြီး၏ ပခုံးကိုကိုင်လျက် ကျောဘက်တွင်

ရပ်နေသည်။ မကျေမချမ်း မျက်စောင်းခဲနေသော မိချောအား ပြန်လှန်မျက်စောင်းထိုးရန်၊ နှုတ်ခမ်းစူပြရန် သတိမရပါ။ ပြုံးရွှင်စွာ ငုံ့ကြည့်ရင်း မြင်းရွှေ့ရာသို့ လိုက်ပါလာ၏။

"မြင်းစီးကြီးပါကလား။ မျှော်နေသာ အတော်ပဲဗျို့။ ကြွပါဗျား· ကြွပါ"

နံ့စားပြောင်းရိုးအထုံးများ စေ့ပိတ်အောင် ပစ်တင်ခြင်းဖြင့် မိုးထားသော တဲထဲမှ ကိုမိုးကောင်း အော်ဟစ်ကြိုဆို၏။

"နေ့ချင်းညချင်း မြင်းတစ်ကောင် တိုးလာပါကလား"

ကိုမိုးကောင်းသည် တဲထဲမှထွက်လာကာ "သမီးတို့လည်း ဘကြီးမြင်းကို မစီးရရင် မနေနိုင်ဘူး" ပြောရင်း မိရိုးကိုချပေးသည်။ ပြီးမှ မြင်းအုပ်ကို လှမ်းကြည့်ကာ တို့ဖြေ၏။

"မြင်းစီးကြီးကိုမျှော်သာမှာ၊ အဲသဟာလည်း တစ်ကြောင်းပါသပ့်"

ကိုရွှဲသည် မြင်းပေါ်မှခုန်ချပြီးနောက် ခေါင်းပေါင်းပဝါကို လည်မှာ 'ယောက်'ပြီး ပုဆိုးဖြင့် ယပ်ခတ်ရင်း တဲထဲသို့ဝင်လာ၏။ "စားရက်ကြုံလို့ မုတ်ဆိတ်ပျားစွဲဆိုသာ သာထင်ပ့်" ဆိုကာ တဟဲဟဲရယ်၏။

"ပျားစွဲမဟုတ်သကော မြင်းစီးကြီး၊ ချုံခုတ်ရင်းရသဲ့ 'ထန်းစေ့မှုတ်' ပျားပါဗျာ။ သုံးဆောင်ပါဘိ"

ပျားစွဲသည် နဘူးကိုင်းတွင် တန်းလန်းရှိ၏။ ပျားသေနှင့် ပျားအရှင် သုံးလေးကောင်ပင် ရှိနေသေးသည်။

"ရောင်းရင်းရဲ့ သမီးတွေပဲ ကျွေးပါဘိ"

ပြောပြောဆိုဆို ဝင်ထိုင်သည်။ ခဲထားသော ဆေးလိပ်ကို ချွတ်ပြီး ရေသောက်ရာက "စာလွှာရသမှုတ်လား" မေးသည်။

"ရသပ့်။ ရောင်းရင်းရဲ့ စာလွှာရသဲ့အတွက်၊ လူလေးယောက်ကို ပြောင်းထမင်း သုံးရက် ပိုကျွေးရသကော"

"ပသို့ပါလိမ့်ဗျာ"

ကိုရွှဲသည် မေးအပြီး၌ နားစွင့်မနေသေး။ မီးဖိုသို့ဆင်းပြီး ဆေးလိပ်တိုကို မီးညှိနေ၏။

"ရောင်းရင်းသိချင်တဲ့နောက် တိုးမြင်းတစ်ကောင်လည်း ပါသပေါ့ဗျာ"

"ဟုတ်ကဲ့၊ ကြားပါရစေ"

တဲပေါ်တွင် ကိုရွှဲ ကျကျနနထိုင်မိပြီ။ ထိုအခါတွင်မှ ကိုမိုးကောင်းသည် မြင်ကွန်းမြင်းခုံတိုင် မင်းသားတို့၏ လူများဟုဆိုသော လူမောက်လူမာ လေးယောက်အကြောင်းကို ပြောပြလိုက်လေ၏။

"အကျွန်ုပ်ရို့သော်မှ ဘုန်းကြီးဆွမ်းလောင်းဖို့သာ ဆန်ထမင်းချက်ပြီး၊ ကိုယ်စားဖို့ကို ပြောင်းဆန်ပဲချက်စားကြသာကလား။ ပြောင်းဆန်ပေသည့် သင်းရို့ကို တစ်နေ့တစ်နပ်ပဲ ချက်ကျွေးသာတောင် ခုနစ်ရက်ဆိုတော့ လွှတ်ပစ်ဖို့ စိတ်ကူးရပြီပေါ့" ဟု သူ့စကားကို အဆုံးသတ်သည်။ သို့ရာတွင် မြင်းစီးကြီးထံမှ အသံထွက်မလာသေးသဖြင့် ကိုမိုးကောင်း ဆက်ပြော၏။

"လွှတ်ပစ်ရကောင်းမလား စဉ်းစားနေတုန်းမှာ ရောင်းရင်းထံက စာလွှာလာသဲ့အတွက် ဆက်ဖမ်းထားရသယ်။ သို့မို့ကြောင့် သုံးရက်စာ ပိုကုန်သွားသယ် ပြောခြင်းဖြစ်ပါသဗျား"

"သင်းရို့ကို ဘယ်မှာထားသတုန်း"

"ချုံထဲမှာ တစ်ယောက်စီခွဲပြီး ခြေကြိုး၊ လက်ကြိုး၊ လည်ကြိုးတည်းပြီး ငုတ်ရိုက်ထားရသပ"

"အနို့၊ မြင်ကွန်းမြင်းခုံတိုင်လူကော ဟုတ်သလား"

"ဟုတ်ဟန်တူသကော" အစချီလျက်၊ ငဝဲအား ဆင်ပေါင်ဝဲဘက်သို့ အစုံစမ်းခိုင်းပုံများ ဖြည့်စွက်ရှင်းလင်းအပြီးတွင် အမေးဖြင့် အဆုံးသတ်၏။

"အနို့ မြင်းစီးကြီးရဲ့စာလွှာနဲ့ သူရို့နဲ့ ပတ်သက်သလား"

"သည်လိုရောင်းရင်းရေ့။ ကောဇာသက္ကရာဇ် ၁၂၂၈ ခုနှစ်၊ ဒုတိယ

ဝါဆိုလပြည့်ကျော် ၇ ရက်နေ့၊ နေ့ ၂ ချက်တီးကျော်မှာ အကျွန်ုပ်ရှိ့ ဘဝရှင်မင်းတရားကြီးရဲ့ ညီတော်အိမ်ရှေ့မင်းဟာ တူတော်မြင်ကွန်းစား လုပ်ကြံလို့ ကံကုန်တော်မူရှာသယ်"

"လေးလတောင် ကြာပါပြီကော။ ဖြစ်ရလေ ရောင်းရင်းရာ"

ကိုမိုးကောင်းမှာ နှမြောလွန်းသဖြင့် စုတ်တသပ်သပ် ရင်တမမ ဖြစ်နေလေ၏။

"ကုလားလက်က ကျုပ်တို့မြေကို ပြန်ယူမယ့်ပုဂ္ဂိုလ်ကြီး ဆုံးရှာပါပြီကော"

အိမ်ရှေ့မင်းကို လုပ်ကြံအပြီးမှာ မင်းတရားကြီးကိုပါ လုပ်ကြံဖို့ပဲ။ သို့သော်လည်း မင်းတရားကြီးကလည်း လွတ်မြောက်သွား၊ ရဲမက်တော်တွေ၊ မှူးမတ်တွေလည်း ရောက်လာသယ်။ အတိုချုပ်ရရင် မီးသဘော်တော်တစ်စင်းကို လုယူပြီး စုန်ဆင်းပြေးသယ်"

"ဗိုလ်ဝင်ခံသယ်ဆိုသာ ဟုတ်ပြီပေါ့"

"မဟုတ်သေးဘူး ရောင်းရင်း။ ဖြစ်စဉ်တစ်လျှောက် မြို့ရွာတွေက လူတွေကို လျှောက်သွေးဆောင်ခေါ်ငင်လို့ တစ်မျိုး၊ ခြိမ်းခြောက်လို့တစ်ဖုံ လူစုပြီး ပြန်ဆန်တက်လာသေးသယ်။ မြင်းခြံတစ်ဝိုက်ကို လုယက် တိုက်ခိုက်လို့ နေပြည်တော်က လိုက်လံနှိမ်နင်းမှ ထွက်ပြေးသွားသာ"

"သဟာဖြင့် အကျွန်ုပ်ရှိ့ဆင်ပေါင်ဝဲမှာ ဗိုလ်ဝင်ခံသယ်ဆိုသာ မြင်းခြံက ထွက်ပြေးအလာမှာ တစ်ကြော့ပြန် လူစုသာ ဖြစ်ရမပေါ့"

"အဲသာဖြစ်နိုင်သယ်။ သူတို့လေးယောက် ပြန်မရောက်သာကို လိုက်မရှာပုံထောက်ရင်၊ နေပြည်တော်ကတပ်တွေ နီးလာလို့ဖြစ်ရမယ်"

"ဩ.... ဟုတ်ပြီ"ဆိုလျက် ကိုမိုးကောင်းမှာ ခေါင်းတညိတ်ညိတ်ဖြင့် နားလည်သဘောပေါက်စ ရှိလာလေ၏။

"သည်ဟာနဲ့ ရောင်းရင်းပေလွှာနဲ့ ပသို့ဆက်စပ်သတုန်း"

ပုဂံစာအုပ်တိုက်

"နန်းကျာဘုရင်ပုဂံမင်း အင်္ဂလိပ်ကို စစ်ရှုံးရသာကို အကျွန်ုပ်ရို့အရှင် မင်းတရားကြီးရဲ့ ပယောဂမကင်းဘူးဆိုပြီး ရောင်းရင်းက မင်းတရားကြီးကို မုန်းတီးနေခဲ့သူမှတ်လား"

"ရောင်းရင်းကို အသူပြောသတုန်း"

ကိုရွှဲ တဟဲဟဲလုပ်နေပြီးမှ "မင်းနားတစ်ထောင် ဆိုသဲ့စကား ရှိသားပဲဗျာ" ဟု ရယ်ကျဲကျဲဆိုပြီးမှ စကားဆက်၏။

"သည်သတင်းကို ကြားကြားချင်း ရောင်းရင်းကို သတိရသာနဲ့ ညည့်ကြီးသန်းခေါင်မှာ စာလွှာပို့ရသာ။ မင်းတရားကြီးကို ပုန်ကန်သယ် ဆိုသာနဲ့ပဲ ငါ့ရောင်းရင်း ထလိုက်သွားမှဖြင့် ဒုက္ခပဲဆိုပြီး"

ကိုမိုးကောင်းသည် တင်ပျဉ်ခွေကို ပြင်ထိုင်ပြီး ယာစပ်ဆီသို့ လည်ဆန့်ကြည့်ရင်းဖြေ၏။

"ချုံထဲမှာ အကျွန်ုပ်ချုပ်နှောင်ထားသဲ့အကောင်တွေက ဗယီးဗယား ပြောသာရောင်းရင်း။ ရှင်းရှင်းလင်းလင်းပြောရင် ရွာအုပ်လက်ထဲ အပ်လိုက်ပြီ"

"ဘဇာကြောင့်ပါလိမ့်"

"ရောင်းရင်းရဲ့ အရှင်သခင် မင်းတရားကြီးကို အရင်တုန်းကသာ အကျွန်ုပ် မုန်းခဲ့သာကလား။ သို့ပေသည့် ကုလားနဲ့ တန်းတူရည်တူရှိအောင် လက်နက်စက်ရုံတော်ကြီးတွေ တည်သယ်ကြားတော့ အကျွန်ုပ် ကြည်ညို သွားပြီဗျာ"

"ဝမ်းသာလိုက်ပါဘိ ရောင်းရင်းရာ"

"အကျွန်ုပ်ရို့အထက် မလှမ်းမကမ်းက မြစ်ကမ်းနဖူးမှာ တက်လာသမျှ ကုလားသင်္ဘောကို ဆီးကြိုပစ်ခတ် နှစ်မြှုပ်ပစ်မယ့် အမြောက်တွေ ချထားသဲ့ ခံတပ်နှစ်ခု ဟိုဘက်သည်ဘက် ညှပ်ပြီးဆောက်ထားသာ သိရပြန်တော့ အကျွန်ုပ် ဆက်ပြီးမုန်းဖို့ မကောင်းတော့ဘူးပ၊"

ကိုရွှဲသည် ကိုမိုးကောင်း၏ ဒူးခေါင်းကို သူ့လက်ကြမ်းကြီး နှစ်ဖက်ဖြင့်

ဝမ်းသာအားရ ဆုပ်နယ်၏။ ဝမ်းသာအားရ ရယ်မောရ၏။

"နောက်ပြီး ရှိသေးသယ် မြင်းစီးကြီး"

"အမိန့်ရှိပါ သွေးသောက်မင်း"

"အကျွန်ုပ်ရဲ့ ရန်သူအစစ်ဟာ အင်္ဂလိပ်ကုလားဖြူဗျာ။ ရန်သူအစစ်ကို အကျွန်ုပ်မြေ၊ အကျွန်ုပ်ရေက နှင်ထုတ်ဖို့ကလွဲလို့ တခြား တိုက်စရာ ခိုက်စရာ ရန်သူရယ်လို့ မရှိစကောင်းဘူး"

"မှန်လိုက်လေ သွေးသောက်မင်းရာ" ဆိုကာ ကိုရွှေသည် ကိုမိုးကောင်း၏ ဒူးကို နှိပ်နယ်ပေးနေပြန်လေ၏။ ကိုရွှေ၏လက် သူ့ဒူးပေါ်က ရုပ်သိမ်းသွားမှ ကိုမိုးကောင်းသည် 'ဆင့်' ပေါ်မှ လျှောဆင်း၏။

"သဟာဖြင့် အဲသည်လူလေးယောက်ကိုရောင်းရင်း ခေါ်သွားပေရော့"

"နီးရာစားကိုကြောက်လို့ လိုက်ပါလာရသူတွေဆိုရင် လွှတ်လိုက်မယ် ရောင်းရင်း။ စိတ်ရောကိုယ်ပါ လိုက်ပါအမှုထမ်းသာဖြစ်ရင် မြို့ဝန်မင်းထံ အပ်နှံရမှာပဲ"

သူတို့နှစ်ယောက် တဲထဲမှထွက်လာစဉ်၊ မိအိုးနှင့် မိရိုးတို့၏ အသံများကို ဆူညံစွာကြားရ၏။ ယာဝင်ပေါက်မှ ချေ (ဂျီ)ပိုက်များ ထမ်းလျက်၊ ချွေးသံတစီစီဖြင့် ဝင်လာသော ငဝဲဖြစ်၏။ သူ့ပခုံးပေါ်တွင် ကျွန်းရွက်များဖြင့် ထုပ်ထားသည့် အထုပ်ကြီးနှစ်ထုပ်ပါလာသည်။

"နောင်ကြီးရောက်နေမှကိုး" ဟု နှုတ်ဆက်ရင်း၊ ငဝဲသည် အထုပ် သုံးထုပ်ကို တဲတိုင်တွင်ချိတ်သည်။ "အဖေတို့ အမေတို့ နေကောင်းကြလား" မေးသည်။

"အေးကွ၊ ကောင်းကြပါသယ်" ဖြေအပြီး၌ ကိုရွှေသည် စိတ်ဝင်တစား လှမ်းကြည့်ပြီးမေးသည်။

"ဘာကောင်တွေ ရခဲ့သတုန်း"

"ချေတစ်ကောင်နဲ့ ဖွတ်နှစ်ကောင်၊ ယုန်တစ်ကောင်ပါ အစ်ကို"

သူသည် သုံးခွမိုန်းနှင့် ဓား၊ ပိုက်များကို တဲတိုင်တွင် မှီထောင် သည်။ ပြီးလျှင် "နောင်ကြီးကောင်းကို ပြောစရာရှိလို့ ဝင်လာသာ။ အခု နောင်တော်ရောက်နေသာနဲ့ အဆင်သင့်သယ်"ဆို၏။ ကိုရွှဲနှင့် ကိုမိုးကောင်းတို့၏ လှမ်းအုံ့ဆဲဆဲခြေများ ပြန်လည်ရုပ်သိမ်း၏။ ငပဲ ရေသောက်ပြီးအောင် ငုံ့စားနေကြ၏။

ငဝဲသည် ရေမှုတ်ကို နောက်ပြန်ထည့်ထားခဲ့ပြီး ကိုရွှဲတို့ရှေ့သို့ လာရပ်၏။

"နို့မို့ရင် အစောကြီးပြန်ရောက်သယ်။ ကျွန်းပင်ပေါက်တွေကြားမှာ ပုန်းနေရလို့ ကြာသွားသာ"

ကိုရွှဲသည် နီးရာသစ်တုံးပေါ် ဝင်ထိုင်သည်။ "ဆိုစမ်းပါဦးဟ ညီရ။ မောင့်ဟာက မထိတ်သာ မလန့်ပါကလား" ဆိုသည်။

"သည်က အရှေ့ဘက်ကို နှစ်ဘိုင်လောက်သွားရင် 'နလန်' တောင် ရှိသယ် နောင်တော်။ နလန်တောင်ရဲ့ ဟိုဘက်မှာ စေးပျစ်တောကြီး၊ ချေ ပေါသယ်။ အဲသည်မှာ ချေတစ်ကောင်ရလို့ ထမ်းပြန်လာသာ။ တောင်ခြေရဲ့ သည်ဘက်ကျွန်းတောအရောက်မှာ လူတွေကိုမြင်ရသယ်"

"မောင့်လိုမုဆိုးတွေ၊ အင်တွဲရှာသူတွေ မဖြစ်နိုင်ဖူးလား"

ကိုရွှဲ ဝင်မေးသဖြင့် ငဝဲ ခေါင်းယမ်းပြ၏။

"ဘောင်းဘီတွေနဲ့ နောင်တော်ရ။ အကျွန်ုပ်ရို့လို နံငယ်ပိုင်းဝတ်ထား သူဆိုလို့ တစ်ယောက်ပဲပါသယ်"

"ဘောင်းဘီဝတ်တွေက" ကိုမိုးကောင်းအမေး။

"အသားနီစပ်၊ မျက်လုံးပြာပြာဟောက်နဲ့ မျောက်ဖြူတွေပါ့ဗျာ"

"နံငယ်ပိုင်းဝတ်သူဟာ အသားထဲက လောက်ထွက်သဲ့ လမ်းပြ ဖြစ်ရမယ်"

ကိုမိုးကောင်း၏ ထင်မြင်ချက်ကို ကိုရွှဲက ခေါင်းညိတ်ထောက်ခံရင်း

"ကဲ ကဲ.... ဆက်ပါဦး" ပြောသည်။ ငဝဲ မပြောနိုင်သေး။ ကိုရွှဲ လက်ကြား ညှပ်ထားသည့် ပြောင်းဖူးဖက်ဆေးလိပ်ကို လက်လှမ်းသဖြင့် ပေးလိုက်ရ၏။

ငဝဲသည် မီးဖိုသို့ပြေးပြီး ဆေးလိပ်မီးညှိရင်းက "အကျွန်လည်း ခွေးတွေ အဝပ်ခိုင်းပြီး၊ ကျွန်းပင်ပေါက်တွေထဲ ဝင်ပုန်းနေရသာပေါ့" ပြောရင်း ထလာသည်။

"အကျွန်ရောက်နေသဲ့နေရာဟာ ကုလားပိုင် နယ်ခြားကျောက်တိုင်ရဲ့ သည်ဘက် လေးငါးတိုင် ရောက်နေပါလျက်နဲ့ သင်းရို့ ဘဇာကြောင့် ရောက်လာ ရသတုန်းဆိုပြီး ပုန်းကြည့်နေသာပဲ။ သူရို့ဟာ ကျွန်းပင်ကြီးတွေကို မော့မော့ ကြည့်ပြီး ဓားနဲ့ လျှောက်ထစ်သွားသယ်။ သင်းရို့ ကြာနေသာနဲ့ အကျွန့် သားကောင်တောင် အနံ့ထွက်လာနဲ့ သူရို့သွားမှ မီးဖိုပြီး ကင်ခဲ့ရသယ်။

"တောခေါင်း တောအုပ်"

"မပါပါဘူးဗျာ"

ကိုရွှဲသည် ကိုမိုးကောင်း၏ မျက်နှာရိပ်မျက်နှာကဲကို မျက်တောင် မခတ်ဘဲကြည့်၏။ ကိုမိုးကောင်း၏မျက်နှာသည် ခံပြင်းဒေါသများအောက်သို့ ကျရောက်နေ၏။

"သာ၊ သာ၊ သူခိုးပဲ မြင်းစီးကြီးရဲ့။ ခိုးဖို့ လာပြီးမှတ်သာ ဖြစ်ရမယ်"

"ဟုတ်သပေါ့ဗျာ။ သင်းရို့ဟာ ကျွန်းကို အသေအလဲ ကြိုက်သာ ကလား။ အဲသာကြောင့် အခွန်အခပေးဆောင်ပြီး ကျွန်းတွေ ခုတ်ယူခွင့် ပေးထားသားကပဲ"

"သဟာဖြင့် ဘဇာကြောင့် ခိုးရသတုန်း"

မြင်းစီးကြီး ဟဲခနဲရယ်သံပြုကာ "ရောင်းရင်းနှယ်။ ဝေးလံသဲ့ ပင်လယ်ရပ်ခြားကတောင် အသေခံပြီး ဓားပြလာတိုက်သေးတာ။ ခိုးဖို့ ဆိုသာ ဘာအပန်းကြီးလို့တုန်း။ သင်းရို့ဝါသနာပဲ"ဟု ဖြေသည်။

"ပသို့လုပ်ရင် သင့်မတုန်းဗျ၊ ဟင်။ မှတ်လောက်သားလောက် ဖြစ်

သွားအောင် ဆုံးမမှ တော်ရော့မယ်"

"အကျွန့်မှာ မင်းမှုထမ်းပဲ့ ရောင်းရင်းရာ။ မြို့ဝန်မင်းထံ အစီရင်ခံရင် ဘုရင်မင်းမြတ်ထံ တစ်ဆင့် သံတော်ဦးတင်မယ်။ ဘုရင်မင်းမြတ်က နေပြည်တော်မှာရှိသဲ့ အင်္ဂလိပ်ကိုယ်စားလှယ်ကိုပြောမယ်။ ကိုယ်စားလှယ်က အရက်မရှိ ငြင်းမယ်။ လက်တွေ့မှာ အကျွန်ရို့ပစ္စည်းတွေ ပါသွားပြီ"

ကိုမိုးကောင်း၏ဦးခေါင်း ချာခနဲလည်၏။

"ဟင် သံခင်းတမန်ခင်းဆိုသာ အဲသဟာပဲလား"

"ဟုတ်ပဲ့ဗျာ၊ ဟုတ်ပဲ့"

ကိုမိုးကောင်း၏ ဦးခေါင်းသည် ငဝဲဘက်သို့ လည်သွားပြန်၏။

"ရောင်းရင်းပဲ၊ အဲသည်တောကိုပဲ ဆက်ပြီးသွားပါ။ သင်းရို့ ကျွန်းပင်တွေ ခိုးမယ့်ရက်ကျရင် ငါ့ကိုပြောပါ"

"သည်ကိစ္စမှာ သွေးသောက်ကြီးစိမ်သမျှကို ကျုပ်လိုက်နာပဲ့မယ်။ လူလိုသလောက်ပြောပါ"

"များလေကောင်းလေပေါ့ မြင်းစီးကြီးရာ။ ကဲ.... ဟိုကောင်တွေကိစ္စကလည်း ရှိသေးသယ်။ အချိန်ရှိတုန်း"

ကိုမိုးကောင်းသည် ဆင့်ပေါ်မှ လျှောဆင်း၏။

"အကျွန့်မှာ သင်းရို့ကြောင့် ကိုင်းထဲမှာ နေကုန် မနေနိုင်ဘူး။ မြင်းစီးကြီး ခေါ်သွားမှပဲ တာဝန်အေးတော့မှာ။ ကြိုက်သလိုသာ စီရင်ပေတော့ဗျာ"

သူတို့သည် လူရမ်းကားများကို သိဝှက်ချုပ်နှောင်ထားရာ နဘူးချုံဘက်သို့ ထွက်သွားကြလေသည်။ ငဝဲလည်း သူ့သားကောင်များကို ဆက်လက် မီးကင်ရင်း ကျန်နေခဲ့သည်။

★

ပုဂံစာအုပ်တိုက်

## ၁၂

နလန်တောင်သည် မှိုင်းဝေသော သစ်ကြီးဝါးကြီးများအောက်တွင် ငြိမ်သက်နေ၏။ တောင်ဆင်ခြေလျှောတွင် ဝါးတောကြီးများသည် ကျေးငှက်တို့၏ တွန်ကျူးသံဖြင့် ဝေ့လှုပ်မြူးရွှင်နေ၏။

တောင်ခြေ၏ အရှေ့ဘက်တွင်ကား ကြီးမားသော တစ်မျှော်တစ်ခေါ် တောကြီးများ နေပြောက်မထိုးချေ။ မိုးယံသို့လုနေသော သစ်ပင်ကြီးများသည် နေရောင်ကို အလုအယက် ခံယူနေကြ၏။ မြေပြင်ရှိ နွယ်ပင်များမှာလည်း အပင်ကြီးများကို တွဲခိုလျက် တွဲရရွဲဆွဲလျက် တစ်နည်း၊ ရစ်ခွေပတ်ယှက်လျက် တစ်ဖုံ လုတက်နေကြ၏။

ယောက်ျားကြီးကိုယ်လုံးခန့်တုတ်သော နွယ်တန်းကြီးများသည် စမ်းချောင်းပေါ်တွင် တံတားခင်းနေကြ၏။ နှစ်ချောင်းပြိုင် သုံးချောင်းပြိုင် နွယ်တန်းကြီးများတွင် နွယ်ပင်ငယ်များ ယက်ဖောက်ထားသည့်အတွက် မျောက်များ ဆော့ကစားစရာ နေရာကောင်းတစ်ခု ဖြစ်နေတော့သည်။

ငေါက်ဆတ်ဆတ်မြည်သော ငှက်၊ အသံဆိုးဖြင့်အော်သော ငှက်၊ အသံသာကလေးဖြင့် သနားစဖွယ် ဖွဲ့နွဲ့ရင့်ကျူးသော ငှက် စသည့် ငှက်ပေါင်းစုံ၏ မြည်ကြွေးသံကလည်း တောကြီးမျက်မည်း၏ အလှတစ်မျိုးဖြစ်သည်။

သမင်တစ်အုပ်သည် ကျွန်းရွက်ခြောက်ကြီးများပေါ်တွင် ဖြိုးဖြိုးဖျောက်ဖျောက်မြည်အောင် ပြေးလွှားလာကြပြီး စမ်းချောင်းထိပ်တွင် တုံ့ရပ်သည်။ ပုန်းအောင်းနေသည့် လူသားများ၏ အနံ့ရသောကြောင့် ဖြစ်တန်ရာသည်။ ဝါးတစ်ရိုက်ခန့်ကျယ်သော စမ်းချောင်းကို မတ်စောက်သော ကမ်းပါးများသာ ရံနေခဲ့ရာ၊ သည်နေရာ တစ်နေရာသာ ဆင်း၍ရအောင် ပြေလျှောက်၏။ သမင်များသည် ရေသောက်ရန် ပြေးလာခဲ့ကြဟန်တူ၏။

ငဝဲသည် လေးကို အသာအယာ ဆွဲတင်၏။ သို့စဉ်တွင် တောင်အရပ်မှ သစ်ရွက်မှုတ်သံ ပေါ်လာသဖြင့် မပစ်ဖြစ်။ နားစွင့်သည်။ စွင့်ဆဲမှာပင် ပို၍နီးသော နေရာမှ သစ်ရွက်မှုတ်သံ ပေါ်လာပြန်သည်။

သမင်ကလေးတွေ လန့်ဖျပ်ပြီး စမ်းချောင်းထဲသို့ ဆင်းပြေးသည်။

"လာနေကြပြီ နောင်ကြီးကောင်းရေ့"

ကိုမိုးကောင်းသည် သစ်ရွက်ပီပီ မှုတ်သံပေါ်လာသည့်ဘက်သို့သာ မျှော်ကြည့်ရင်းက ခေါင်းဆတ်သည်။ နံကြားကို ပုရွက်ဆိတ်ကိုက်သည်ထင်သောကြောင့် ငုံ့မကြည့်ဘဲ လက်များဖြင့်ရိုက်ပွတ် ပွတ်သည်။ ဖြာခနဲသွေးတွေ ငဝဲ၏မျက်နှာကိုစင်၏။ သွေးဝပါလျက် ထမပျံသေးသော မှက်ကို ရိုက်မိခြင်းဖြစ်သည်။

သူတို့ဝင်နေသည့် ချုံပေါ်တွင် ကျဉ်နီကောင်အုံကြီးရှိသည်ကို သူတို့မသိ။ ကျဉ်ကောင်များသည် လူနံ့ရကတည်းက ဖင်တထောင်ထောင်ဖြင့် မာန်သွေးနေကြပြီ။ ချုံအနှံ့ ကျဉ်ကောင်များ တပ်ဖြန့်နေကြသည်။ သို့သော် လူနှစ်ယောက်၏ ကိုယ်ပေါ်သို့ တက်ရန် လမ်းမတွေ့။ သစ်ရွက်ကလေး

တစ်ရွက်၊ အမျှင်ကလေးတစ်မျှင်သော်မျှ လှုနှင့်ထိမနေ။

ကိုမိုးကောင်း မှက်ကိုရိုက်ချိန်တွင်မှ ကျဉ်ကောင်များ ကူးခွင့်ရသည်။ သို့သော် ချက်ချင်းကွာသွားသဖြင့် ငါးကောင်သာ ချွေးစေးကျောပြင်ကြီးပေါ်သို့ရောက်ကာ ဖင်ထောင်ပြီး ခဲကြသည်။

အသားအရေက မာကြောတင်းရင်းနေသည်က တစ်ကြောင်း၊ တရွေ့ရွေ့ တလှုပ်လှုပ် တက်လာသည့် ဘောင်းဘီတို၊ အင်္ကျီတိုနှင့် ဦးထုပ်ဆောင်း ကုလားဖြူများထံတွင် အာရုံရောက်လွန်းနေ၍ တစ်ကြောင်းတို့ကြောင့် ကျဉ်နီကောင်တို့၏ ကြိုးပမ်းမှု အရာမထင်။

တရွေ့ရွေ့တက်လာသော လမ်းပြနှင့် ကုလားဖြူများ၏နောက်တွင် ဓား၊ ပုဆိန်၊ လွှများ ထမ်းထားသူတွေ၊ ကြိုးခွေကြီးတွေ တကားကားနှင့် လူတွေ။

"ဖြုတ်ရတော့မလား"

ငဝဲ၏ လေသံဖြင့်အမေး။

"နေဦး၊ ဟိုးနောက်မှာ ရှိသေးသယ်"

စမ်းချောင်းအတိုင်း တက်လာသော မည်းမည်းရိပ်ရိပ်များသည် ကိုမိုးကောင်း၏ အမြင်၌ မသဲကွဲသေး။ သို့ကြောင့် စောင့်ဆိုင်းသည်။ မကြာမီ တဟဲ့ဟဲ့ မောင်းနှင်သံများ ကြားရသည်။ ထမ်းပိုးတုံးနှင့် သံကြိုး ရိုက်ခတ်သံများ မသဲမကွဲကြားရသည်။ ဟုတ်ပြီ၊ ကျွဲရှဉ်းတွေပါတကား။

အင်္ဂလိပ်ကုလားဖြူသူခိုးများသည် ကျွန်းပင်တွေကို ချက်ချင်း ခုတ်လှဲပြီး ချက်ချင်းဆွဲထုတ်သွားရန် အပြည့်အစုံ စီမံလာခြင်းဖြစ်သည်။

'သာကြီးတွေ အားလုံးကို ကျွဲနဲ့ နိုင်ပါ့မလား....'

ကိုမိုးကောင်းတွေးဆရင်း မော့ကြည့်မိသော ကျွန်းပင်ကြီးမှာ ပုဆိုးနှစ်ပတ်ရစ်ခန့်တုတ်သည်။

မှန်ပါသည်။ ကျွဲများ၏နောက်တွင် ဝေါက်ငမ်းသံများ ပါလာသည်။

ဝေးသော်လည်း၊ မှေးမှေးပျပျသာ မြင်ရသော်လည်း ဆင်ဟုမြင်သာသည်။ ကျွဲအရှင်းနှစ်ဆယ်၊ ဆင်လေးစီးဖြင့် ပိုင်ပိုင်နိုင်နိုင်ကြီး ခိုးမည့်သူခိုးများ ပေတည်း။

လမ်းပြ၏နောက်မှ ကပ်ပါလာသည့် မျောက်ဖြူသည် လမ်းပြကို တွန်းဖယ်ပြီး သစ်တုံးတစ်တုံးပေါ်သို့ ခုန်တက်လိုက်သည်။ ထိုခဏဝယ် အုံ့ညြထိတ်လန့်စွာ အော်ဟစ်သံများ တောလုံးညံသွားတော့သည်။

ကိုမိုးကောင်း၏ အမိန့်ကိုမစောင့်ဘဲ ထောင်ချောက်ကို ငဝဲ ဖြုတ်ချ လိုက်ခြင်းဖြစ်သည်။

မဖြုတ်၍လည်း မဖြစ်တော့ပေ။ မျောက်ဖြူသည် သူခိုးမျက်လုံးဖြင့် ဂနာမငြိမ်၊ ဟိုကြည့်သည်ကြည့် ကြည့်ရာက သူ့ခေါင်းပေါ်တည့်တည့်ရှိ ကျီးပေါင်းခြောက်များ၊ ခါချဉ်အုံများ ပန်းဆိုင်းဆွဲထားသည့် အဝန်းအဝိုင်း ကြီးကို လက်ညှိုးတထိုးထိုးလုပ်နေသဖြင့်ဖြစ်၏။

တစ်ပြိုင်နက်တည်းပင် ငချွဲဘက်မှ မြားတွေ၊ လှံတွေ ပလူပျံသည်။ မြင်းစီးကြီးပို့လိုက်သော လူတစ်ရာအုပ်၊ ငမဲကြီး၏ အော်ဟစ်ဆဲဆိုသံနှင့် အတူ ဆင်များပေါ်မှ သေနတ်တကားကားဖြင့် လိုက်ပါလာသည့် မျောက် ဖြူများမှာ မြားတွေသီလျက်၊ လှံတွေလျှိုလျက် ထိုးကျကုန်သည်။

ငချွဲတို့သည် ရုန်းရင်းဆန်ခတ်ဖြစ်နေသော ကျွဲရှဉ်းများကို ဝင်ထိန်းပြီး၊ လူတွေကို ဆဲဆိုရိုက်နှက်သည်။ ငမဲကြီးတို့ကလည်း ဆင်များပေါ်မှ လူများကို ကန်ချသည်။ အောက်သို့ ကျလာသူများမှာလည်း ကျိုးပဲ့နာကျင်ခြင်းကို သတိမရနိုင်။ ရိုက်လာသောတုတ်များ၊ ကန်လာသောခြေများကို ထိုင်၍ ရှိခိုးကြ၏။

သပ်ထည့်သည့် သားရေအိတ်ကြီးတွေ လွယ်ထားသူများ၊ ဓား၊ လွှနှင့် ပုဆိန်၊ ပဲခွပ်၊ ရဲတင်း၊ ကြိုး ဆောင်လာသူများလည်း ရှိဦးတဖျားဖျားဖြင့် ရှိခိုးနေကြပြီ။

ပုဂံစာအုပ်တိုက်

ငဝဲ ဖြုတ်ချလိုက်သော ထောင်ချောက်မှာ ဘိမဟုတ်ပေ။ သစ်တုံးလှောင်အိမ်ကြီးဖြစ်သည်။ရက်ပေါင်းများစွာ သစ်တုံးကြီးများဖြင့် ဆောက်လုပ်ပြီး လူအင်အားဖြင့် ချိတ်ဆွဲထားရခြင်းဖြစ်သည်။

သစ်တုံးလှောင်အိမ်ကို သိသာမည်စိုးသဖြင့် ကျိုးပေါင်းတွေ ခါချဉ်အုံတွေ ဖုံးထားခါမှ မျောက်ဖြူက မြင်ဖြစ်အောင် မြင်သည်။ ကိုမိုးကောင်းမှာ ရိက္ခာတင်လာပြီး၊သစ်ကြီးများလည်းဆွဲမည့် ဆင်များပေါ်ရှိ သေနတ်များကို အာရုံရောက်နေသည်။ သူမမြင်ဖူးသော သေနတ်ဆန်းတစ်လက် ပါလာသောကြောင့်ဖြစ်သည်။

'.... ကြည့်စမ်း။ တော်ရုံတန်ရုံ တောကဲတောအုပ်ဆိုရင် လာဘ်ပေးမယ်။ လူသူအမြောက်အမြားနဲ့ ဖမ်းဟယ်ဆီးဟယ်လုပ်ရင် သည်သေနတ်တွေနဲ့ အနိုင်ကျင့်မယ်ဆိုသဲ့အကြံနဲ့....'

သည်အတွေးဝင်လာသဖြင့် အနီးဆုံးနေရာသို့ ရောက်လာနေသည့် မျောက်ဖြူကို ကိုမိုးကောင်း သတိလွတ်၏။ သို့ကြောင့် ငဝဲ ဖြုတ်ချရခြင်းဖြစ်သည်။

သစ်တုံးပေါ်ရှိ မျောက်ဖြူမှာ အချိန်မီခုန်ချနိုင်သဖြင့် ထောင်ချောက်အမိုးနှင့် မဆောင့်မိပြေး မထနိုင်တော့။ ထောင်ချောက်ထဲတွင် ခွေနေ၏။ လမ်းပြနှင့်တူသူမှာ ပုနေသည်။ ကျန်မျောက်ဖြူနှစ်ကောင်မှာ ပွန်းပဲ့ရုံ ခေါင်းကွဲရုံသာ ဒဏ်ရာရ၏။ လမ်းပြမှ လွဲ၍ မည်သူ့တွင်မျှ သေနတ်မပါ။

နံငယ်ပိုင်းကို အောက်ပိုးကျိုက်ထားသဖြင့် ခြေမျက်စိမှ ခါးအထိ မည်းမှောင်နေကာ ရင်ဘတ်တစ်ခုလုံး နီရဲနေသော၊အရပ်လေးတောင်ကျော်ခန့်ရှိမည့် သျှောင်တွဲကြီးနှင့် ကိုမိုးကောင်းသည် ဓားကို ဓားအိမ်ဖြင့် လွယ်လျက်၊ လက်ကောက်ဝတ်ရှယ် ဝါးသည်းတုတ်ကြီး တရှယ်ရှယ်ဖြင့် ချဉ်းကပ်လာစဉ် ထောင်ချောက်ကြွတက်၏။

"မင်းတို့ ဘာတွေတုန်း"

"ချွန်နုပ်တို့ သစ်ခုန်းသယ်တွေဖြစ်တယ် လူကလေး"

"လူကလေး ဟုတ်စ"

ဝါးသည်းတုတ်ကြီးမှာ လေထဲ၌ ဝှိုးခနဲ လေကိုဖြတ်သန်း၏။ လူကလေးဟု ခေါ်သောမျောက်ဖြူမှာ အော်သော်မှုမအော်နိုင်ဘဲ ပုံကျသွားလေ၏။ သို့တစေ ကိုမိုးကောင်း၏ မျက်လုံးထဲမှ မီးတောက်မီးလျှံများ လျော့ပါးမသွားပေ။

သို့အတွက် သွေးစက်စက်ယိုနေသော ဦးခေါင်းကို အဝတ်ဖြင့် စည်းနေသည့် မျောက်ဖြူက လေပြေသွေး၏။

"ချွန်နုပ် တောင်းပန်ပါတယ် လူကြီးမင်း"

'လူ'အရောက်တွင် မြောက်တက်သွားသော ဝါးသည်းတုတ်သည် နောက်ဆက်တွဲ 'ကြီးမင်း'ကြောင့် လေထဲတွင် တန့်နား၏။ သည်အခိုက်တွင် ကျောပေါ်ရောက်အောင် ကျဉ်နီကောင်က နားရွက်ဖျားကို လာကိုက်သဖြင့် လက်ဖြင့်ပုတ်ချသည်။

သတိတစ်ချက်ကလေး လစ်အသွား၌ မျောက်ဖြူသည် နောက်သို့ ခုန်ဆုတ်၏။ ခုန်ဆုတ်ချိန်တွင် ဘောင်းဘီအိတ်ထဲသို့ လက်နှိုက်၏။ ခုန်ဆုတ်ပြီးချိန်တွင်ကား၊ သူ့လက်ထဲသို့ ပြောင်းတို သေနတ်တစ်လက် ပါလာသည်။

မြားတစ်စင်းက လျှပ်တစ်ပြက်အတွင်း လက်ကောက်ဝတ်တွင် လာစိုက်သည်။ တစ်ဆွေ့ခုန် ဆိပ်လူးမြား ဖြစ်ဟန်ရှိသည်။ ကိုမိုးကောင်း ခုန်ဆုတ်အပြီး၊ မျောက်ဖြူသေနတ်ကို မမြှောက်နိုင်မီ မျောက်ဖြူမှာ ဘိုင်းခနဲ ပစ်လဲ၏။

"ငဝဲ ပစ်တော့မယ်"

အာရုံအားလုံး သည်မှာဘက်၌ စုပြုံရောက်ရှိနေချိန်တွင် စောစောက ခွေလဲနေခဲ့သော မျောက်ဖြူထထိုင်သည်။ သူသည် ခွေလဲနေစဉ်ကပင်

ဘောင်းဘီအိတ်ထဲမှ ပြောင်းတိုသေနတ်ကို ထုတ်ယူခဲ့ပြီးဖြစ်သည်။ ထိုင်မိချိန်တွင် သူသည် ကိုမိုးကောင်းဘက်သို့ ထိုးချိန်သည်။

သို့သော်၊ ထိုးပြီးချိန်ရန် အချိန်မရလိုက်။ လက်ဖျစ်တစ်တွက်နောက်ကျသွားသည်။ ကိုမိုးကောင်း အော်ချိန်၊ ငဝဲ၏ဓား လွင့်သွားချိန်နှင့် သစ်ပင်ပေါ်မှ မြားပြေးဝင်စိုက်ချိန်တို့ ဆုံသည်။ မျောက်ဖြူ၏ သေနတ်ကျည်ဆန်သည် မြေကြီးထဲသို့ အညှိုးတကြီး ပြေးဝင်သွားလေ၏။

ဆင်လေးစီးပေါ်မှ ထိုးကျလာသော သေနတ်ကိုင်လေးဦးမှာ သစ္စာဖောက် မြန်မာများဖြစ်ကြသည်။ ငမဲကြီး၏လူများ ထုထောင်းရိုက်ပုတ်ထားသဖြင့် ထူထူထောင်ထောင်မကျန်တော့ပါ။ သွေးအိုင်ထဲတွင် လဲနေကြသည်။ ကျန်လူလေးကျိပ်ကား မြေတွင် ဒူးတုပ်လျက် လက်နှစ်ဖက်ပူးကာ ရှေ့ထုတ်ပြီး ဝပ်နေကြသည်။

"နင်ရို့တစ်တွေ ကုလားနဲ့ အလိုတူအလိုပါ သစ်ခိုးသဲ့ သူခိုးတွေပဲ။ ငါရို့ဟာ မင်းမှုထမ်း မဟုတ်ဘူး။ နင်ရို့ကို ထောင်ချသာ၊ ဒဏ်တပ်သာမလုပ်ဘူး။ အားလုံးသတ်ပစ်မယ်"

"အရှင့်သား ချမ်းသာပေးတော်မူပါ"

"အကျွန်ရို့မသိလို့ လိုက်လာသာပါ"

"ပိုက်ဆံရလို့ လိုက်လာမိသာပါ။ ခိုးမယ်ဝှက်မယ်ဆိုသာ မသိရိုးအမှန်ပါ"

ကျွက်ကျွက်ဆူအောင် တောင်းပန်သံများကြားမှ ထူးဆန်းသောဝေါဟာရကို ကိုမိုးကောင်း သတိထားမိ၏။ ထိုစကားလုံး သုံးစွဲသူ၏ မျက်နှာကို ခြေဖျားဖြင့်ကော်၏။ ထိုသူမော့ကြည့်၏။ မျက်ရည်တွေတွေစီးလျက် နှုတ်ခမ်းဆတ်ဆတ်တုန်၏။

"ပြန်ပြောစမ်း။ ပိုက်ဘာဖြစ်"

"ပိုက်ဆံရလို့ လိုက်လာမိသာပါ ဗိုလ်မင်း"

ပုဂံစာအုပ်တိုက်

"ပိုက်ဆံဟုတ်စ"

"မှန်လှကြောင်းပါ ဗိုလ်မင်းခင်ဗျား"

"ပိုက်ဆံဆိုတာ ဘဇာတုန်း"

"အင်္ဂလိပ်မင်း"

စကားမဆုံးမီ သူ့သျှောင်ကို ကိုမိုးကောင်း ဆောင့်ဆွဲ၏။ ရှုံ့မဲ့ ညည်းတွားလျက် တန်းလန်းကြီး မြောက်တက်၏။

"ကုလားဖြူ၊ မျောက်ဖြူ၊ ခွေးစားပြေလို့ ပြင်ပြောစမ်း"

ဆောင့်တွန်းပစ်လိုက်ရာ အင်္ဂလိပ်မင်းဟု သုံးနှုန်းမိသူမှာ နှစ်လိမ့် သုံးလိမ့် လိမ့်သွား၏။ လိမ့်သွားပြီး၊ ချက်ချင်း ဒူးတုပ်ထိုင်ရ၏။

"ကုလားဖြူ၊ မျောက်ဖြူ၊ ခွေးစားပြေ အင်္ဂလိပ်ငွေကို ပိုက်ဆံလို့ ခေါ်တာပါ"

"အေး၊ အဲသည်ပိုက်ဆံရရင် နင့်အမေ၊ နင့်သမီးကို ကုလားလက်ထဲ ပေးမလားဟင်"

မြတ်နိုးရိုသေရသော မအေကို 'ခိုက်' သောကြောင့် ထိုသူမှာ ကြောက်ရွံ့တုန်လှုပ်နေပါလျက်က မီးဝင်းဝင်းတောက်သော မျက်လုံးများဖြင့် ပြန်ကြည့်၏။ ဤအကြည့်ကို ကိုမိုးကောင်း နားလည်၏။

"နင် ယောကျ်ားကောင်းလား။ ကြိုက်ရာလက်နက်ယူပြီး ထစမ်း"

ဝါးသည်းတုတ်နှင့် ဓား၊ လှံ တစ်ချောင်းစီ သူ့ရှေ့သို့ ချပေး၏။ ထိုအရာများကို သူ ကျွမ်းကျင်ဟန်မတူ။ စိုက်ကြည့်ရုံသာ ကြည့်နေ၏။

"နင့်နာမည် အသူတုန်း"

"ငထင်ကျော်"

"အသပြာရတိုင်းမလုပ်နဲ့။ ကုလားရဲ့အသုံးတော်ခံ မလုပ်နဲ့။ ကုလားဖြူဟာ ငါရို့ရန်သူ၊ ရန်သူကို အားမပေးနဲ့။ နောက်နောင် ငါရို့မြေပေါ်ကို ကုလားဖြူရဲ့အသုံးတော်ခံ ကျေးကျွန်အဖြစ်ရောက်လာရင် အသတ်ပဲ"

· ပုဂံစာအုပ်တိုက်

ကိုမိုးကောင်းသည် ထိုပြားပြားဝပ်နေသူများအား ပိုမိုကြောက်ရွံ့စေရန် သည်အတိုင်း ထားခဲ့ကာ ဆင်လေးစီးကို သွားကြည့်၏။ ဆင်မသုံးကောင်နှင့် စွယ်စုံဆင်တစ်ကောင်ဖြစ်သဖြင့် ဝမ်းသာ၏။

"ရောင်းရင်းဝဲ၊ သည်ဆင်တွေ မြင်းစီးကြီးဆီ ပို့ရအောင်။ ငမဲကြီး လူတွေထဲမှာ ဆင်တတ်သူပါလား"

"ပါပါ့ဗျာ။ အနည်းဆုံး တစ်ကျိပ်ပေါ့"

ဆင်ဦးစီးနှင့် လှံကိုင်များမှာ မြားဒဏ်ရာနှင့် လှံချက်မိသူချည်း ဖြစ်သည်။ အချို့လည်း ထထိုင်နေကာ၊ အချို့လည်း သွေးအိုင်ထဲတွင် မှေ့လဲနေသည်။ သည်လူတွေကို ကိုမိုးကောင်း မသနား။ 'အဖြစ်တောင် နည်းသေးတယ်' ဟု ထင်သည်။

သည်အထဲမှ တစ်ယောက်သည် လှံတန်းလန်းဖြင့် ထထိုင်ကာ၊ ကျောတွင် စူးဝင်သည့်လှံကို လက်ပြန်ဆွဲချွတ်နေ၏။ ထိုသူကိုမြင်လျှင်မြင်ချင်း ကိုမိုးကောင်း မှတ်မိ၏။ နားရွက်နောက်တွင် နငယ်ကင်းပိတ်နှင့်၊ ပါးတွင် ဆေးနီတွေနှင့် ရင်ဘတ်တွင် သန်လျက်ထမ်း ဘီလူးနှစ်ကောင် ထိုးနှံထားသော ငမိုးရိပ်။

"အနော်င ငမိုးရိပ်"

သေရောင်သေရိပ် ပိတ်ခြုံနေသော ငမိုးရိပ်၏ မျက်နှာသည် ဝင်းထိန်၏။ အားတက်သရော မော့ကြည့်၏။

ကိုမိုးကောင်းသည် လှံကိုဆွဲချွတ်ပစ်၏။ ပန်းထွက်လာသည့် သွေးကို လက်ဝါးဖြင့်ပိတ်ရင်း ပိုက်ဖက်လိုက်ရာက "အနော်ရှိ့ သားမိတစ်တွေ ဗဟန်းဘက်ချောက်ထဲက ကယ်ခဲ့သဲ့ ငမိုးကောင်းလေ" ဟု ကြားသာရုံ ပြော၏။

"ဟား.... အနော်င၊ သွေးသောက်နော်င"

အားရပါးရ အော်လိုက်သော စကားလုံးများသည် အသက်မပါ။

ငမိုးရိပ်၏ နှုတ်ဖျားမှ သဲ့သဲ့ကလေးသာ ထွက်လာ၏။

"အနာကျက်သဲ့ လဲကထူရှက် ရှာကြစမ်းပါ၊ မြန်မြန်"

ကိုမိုးကောင်း ခေါင်းထောင်အော်ဟစ်ပြီးမှ "ရန်သူကုလားရဲ့အကျိုးကို ဘယ်တော့မှမဆောင်ဘူးဆို အနောင်ရဲ့။ အခုတော့ ပသို့ဖြစ်ရသတုန်း" မေးသည်။ သူ့အသံ တစ်စတစ်စ ငိုသံပါလာသည်။ စကားဆုံးလျှင် ပခုံးပေါ် မျက်နှာအပ်ထားမိသည်။

"မိတ်ဆွေတစ်ယောက်က ရိုးမဘက်မှာ သစ်လုပ်ငန်းလုပ်မယ်။ ဆင်လိုက်စီးပေးပါဆိုပြီး ငွေတစ်ရာ ပေးသကော"

ငမိုးရိပ် တစ်အောင့်နားပြီးမှ အားယူပြောသည်။

"အကျွန်ရို့ ရခိုင်ရိုးမဘက်မှာ သစ်ဆွဲနေသကော။ ကုလားနဲ့ ပသို့မှ မပတ်သက်။ ကနေ့လည်း ခါတိုင်းလိုပဲထင်ပြီး လိုက်လာရာက...."

ငမိုးရိပ် အသံမထွက်တော့ပါ။ သူ့မျက်လုံးတွင် ကိုမိုးကောင်း၏ ရုပ်ပုံ မထင်ဟပ်တော့ပြီ။

"အမေရို့၊ အဖေရို့နဲ့ နှမလေးရှင်ပန်းလှတို့ ကျန်းမာပါစေ အနောင်"

ငမိုးရိပ် ဖြေရန် ကြိုးစား၏။ သို့ရာတွင် ခါးကော့ခေါင်းမော့ပြီးနောက် ဇက်ကျိုးကျသွားလေတော့၏။

"အနောင် ငမိုးရိပ်"

သူ အားပါးတရ ပစ်ခတ်ငိုချင်ငြား၊ မငိုနိုင်။ ယောကျ်ားသည် ငိုယိုသူ မဟုတ်ဟု သူသဘောပိုက်သည်။ သို့သော် ရင်ထဲမှာ ဆို့နင့်နေသည်။ သို့အတွက် လက်သီးကိုဆုပ် အံကိုကြိတ်လျက် ထရပ်သည်။

"နောင်ကြီး လဲကထူရှက်"

ရွာသားထံမှ သစ်ရွက်တစ်ဆုပ် လှမ်းယူပြီး ငချွဲ ပြေးလာ၏။ ကိုမိုးကောင်းက လှမ်းယူသည်။ လက်မောင်း သွေးဖောက်ပြီး သောက်ထားသော သွေးသောက်နောင်ရင်း ငမိုးရိပ်၏အလောင်းကို တွေတွေကြီး စိုက်

ကြည့်နေရာက အလောင်းပေါ်သို့ လဲကထူရှက်တွေပစ်ချသည်။ ထို့နောက် ကျယ်လောင်စွာ တောက်ခေါက်သည်။

"ဖြစ်ရလေချင်း အနှောင်ရာ။ သာလိုဖြစ်ရသာ ကုလားယုတ်ကြောင့်"

ကုလားယုတ်နောက်သို့ ခါတိုင်းဆောင်ရှက်နေကျ တိုင်းရင်းသား သစ်ကုန်သည်၏ အလုပ်ထင်ကာ လိုက်လာမိသော သူ့သွေးသောက် နှောင်ရင်း သေရခြင်းအတွက်၊ ကုလားဖြူကို တိုးပြီး ဒေါသဖြစ်ရသည်။ ဒေါသဖြစ်ဖြစ်နှင့် အညိုးတကြီး ရိုက်ပုတ်စရာ မျှောက်ဖြူလည်းကုန်ပြီ။

ကိုမိုးကောင်းသည် မြေပေါ်တွင် ယခုထက်တိုင် ပြားပြားဝပ်နေဆဲ ရှိသူများထံ ဆတ်ခနဲကြည့်သည်။ ခြေတစ်လှမ်းယှမ်းပြီးမှ ငမိုးရိပ်ဘက် ပြန်လှည့်သည်။ ဒူးထောက်ပြီး ရင်ဘတ်နှင့် နားရှက်ကပ်ပြီး ရင်ဘတ် လှုပ် မလှုပ်၊ အသက်ရှူသေးခြင်း ရှိမရှိ နားထောင်သည်။

ဖုန်မှုန့်ကလေး အနည်းငယ် လက်ညှိုးပေါ်တင်ပြီး နှာခေါင်းဝ၌ထား သည်။ လက်ညှိုးပေါ်မှ ဖုန်မှုန့်များ မလှုပ်ပါ။

'.... အဘထော်ခဲ၊ အမေရှင်ဖူးတို့၊ နှမကလေးရှင်ပန်းလှတို့ရေ၊ သား ပယောဂကြောင့် အနှောင်သေရသာ ခွင့်လွှတ်ကြပါဘိ....'

ကြိတ်ပြီး ကိုမိုးကောင်း တောင်းပန်ရာက၊ ငမိုးရိပ်၏အလောင်းကို ပွေ့သည်။ တလင်းပြောင်ရှိသည့်နေရာသို့ သယ်ယူချထားပြီး တူရှင်း တစ်ချောင်းဖြင့် မြေကို တူးဆွသည်။ ထိုအခါ ငမဲကြီး၏လူများ ဝင်ရောက် တူးဆွပေးကြသဖြင့် ပြားပြားဝပ်နေသူများထံ ပြန်လာသည်။

"ဟောဟိုမှာ သေသဲ့ ဆင်ဦးစီးကို နင်တို့အထဲက အသူသိသတုန်း"

မျက်နှာပြားပြားလူသည် လည်ပြန်ကြည့်ရာက "အကျွန်သိသပ့်။ သူ ဦးပေါ်လိန်းရဲ့ ဆင်ဦးစီးကော"ဟု အဖြေပေးသည်။

"ဦးပေါ်လိန်းဆိုသာ ဘာဇာလုပ်သတုန်း"

"သစ်ပင်တွေ လှူငှားပြီး လှဲသကော။ ဆင်တွေ၊ ကျွဲတွေနဲ့ ချောင်းထဲ

ဆွဲချသလေ"

ငမိုးရိပ်သည် မှန်သောစကားကို ပြောသွားခဲ့ကြောင်း သူသည် တိုင်းရင်းသား သစ်ကုန်သည်ထံတွင် ဆင်ဦးစီးလုပ်နေရာက ဘုမသိ ဘမသိ ပါလာကြောင်း သေချာသွားပြီ။ မလိမ့်တပတ်ဖြင့် ကုလားဖြူထံ ထည့်လိုက်သူမှာ ဦးပေါ်လိန်းဖြစ်ရမည်။

ကျင်းအနက် လူ့လည်ပင်းခန့်ရှိသွားပြီဖြစ်သဖြင့် ကိုမိုးကောင်းပြေးသွားကာ ကျင်းထဲခုန်ဆင်းသည်။ အလောင်းကိုပွေ့ပြီး ကျင်းထဲတွင် ချပြီးမှ မြေဖို့သည်။ မြေပေါ်တွင် ကျောက်ခဲတွေပုံသည်။ ထပ်ပြီး မြေဖို့သည်။

"ဟိုကောင်တွေအတွက် ဘယ်မှာတူးရမတုန်း နောင်ကြီးကောင်း"

"မတူးနဲ့"

ညှိုးနေသော ကိုမိုးကောင်း၏ မျက်နှာထား ရုတ်ခြည်း ခက်ထန်၏။ ကုလားဖြူအလောင်းများကို စက်ဆုပ်စွာကြည့်သည်။လုံ့တန်းလန်း၊ ဆိပ်လူးမြားတန်းလန်းဖြင့် အသက်ပျောက်နေသည့် ကျွဲသမားများနှင့် ဆင်သမားများကို မကျေမချမ်းကြည့်သည်။

"သူယုတ်မာအလောင်းတွေ ငါရို့မြေပေါ်မှာ မထားဘူး။သူယုတ်မာရဲ့ အသုံးတော်ခံတွေလည်း ငါရို့မြေပေါ်မှာ မမြှုပ်ရဘူး။ အားလုံး မီးရှို့ ပစ်ကြ"

သစ်ကိုင်းခြောက်များ၊ သစ်တုံးများ တစ်ခဏအတွင်း စုပုံသွားကာ မီးရှို့ပြီးဖြစ်သွားလေ၏။ လူသေညှော်နံ့များ ထလာသောအခါ ကိုမိုးကောင်းသည် လွန်းပြန်တောင်၊ ရင်ကွဲတောင် ခံတပ်ရှေ့ရှိ အလောင်းပင်လယ်ပြင်ကြီးနှင့် မီးရှို့ခန်းကို သတိရ၏။

'.... ဘာဆိုင်သတုန်း။ ဟိုဟာက မြင့်မြတ်သဲ့ သားကောင်းရတနာတွေကို ဖုတ်ကြည်းသင်္ဂြိုဟ်သာ။ သည်ဟာက သူခိုးဓားပြနောက်လိုက်နဲ့ မိစ္ဆာဒိဋ္ဌိ သူခိုးဓားပြတွေကို ပျောက်ဖျက်ပစ်သာ။ ဘာမှမဆိုင်ဘူး.... ထွီ'

ရင်ထဲကရွတ်ချသံသည် ထွီခနဲ အသံထွက်လာ၏။ ပြားပြားဝပ်နေ

သူများမှာ ထွိသံကြောင့် ထိတ်ထိတ်ပျာပျာ မော့ကြည့်ကြ၏။

"ထပြီး ဆောင့်ကြောင့်ထိုင်ကြစမ်းဟေ့"

အမိန့်ကိုနာခံရငြား 'ဘာများလုပ်မှာပါလိမ့်' အတွေးဖြင့် ကျိုးကြည့်ကြောင်ကြည့် ကြည့်ကြ၏။

"အမောင်တို့ သေသေချာချာ နားထောင်ကြပါ။ လောကမှာ လူဖြစ်လာရင် အသက်မွေးဝမ်းကျောင်း ပြုကြရသာချည်းပဲ။ မိစ္ဆာအာဇီဝနဲ့ သမ္မာအာဇီဝဆိုပြီးရှိသယ်။ ကြားဖူးကြပါစ"

"ဟုတ်ကဲ့ ကြားဖူးပါသယ်"

လူနှစ်ကျိပ်ခန့်တွင် အသံတစ်သံသာထွက်၏။ ထွက်လာသူမှာ ငထင်ကျော်ဖြစ်၏။

"ကောင်းသော အသက်မွေးခြင်းနဲ့ မကောင်းသော အသက်မွေးခြင်းပါ။ အေး အခုလို ကုလားဖြူရဲ့ အသုံးတော်ခံလုပ်သာဟာ မကောင်းသဲ့ အလုပ် မိစ္ဆာအာဇီဝပဲ။ ဘာကြောင့်တုန်းဆိုရင် ကုလားဖြူဟာ၊ ငါရို့မြန်မာတွေရဲ့ ရန်သူဖြစ်လို့ပဲ။ ကုလားဖြူဟာ ငါရို့နိုင်ငံကို လုယက်တိုက်ခိုက်ပြီး ငါရို့ မြို့ရွာ၊ အိုးအိမ်တွေကို မီးနဲ့ တိုက်သယ်။ လူတွေသတ်သယ်။ ရန်ကုန်မြို့မှာ ရှိသဲ့ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးကို ဖြိုဖျက်ပြီး ဌာပနာ တိုက်တွေ ဖောက်သယ်။ ဘုရားကုန်းတော်ပေါ်မှာ ချေးယို၊သေးပေါက်သယ်။ ဘုန်းကြီးတွေသတ်၊ မယ်သူတော်တွေကို စော်ကားသယ်။ သည်လို ရန်သူ အယုတ်ကောင်ကို ဝိုင်းဝန်းတိုက်ခိုက်ရမယ့်အစား၊ အမောင်ရို့က ကူညီ လုပ်ကိုင်ပေးသဲ့အတွက် မိစ္ဆာအာဇီဝဖြစ်သယ်"

"အကျွန်ရို့ မသိလို့ မှားမိပါသယ် ဗိုလ်မင်း"

"ငါ ဗိုလ်မင်းမဟုတ်။ မင်းမှုထမ်းမဟုတ်။ အမောင်ရို့လို ကျေးရွာသား တစ်ဦးသာပါ။ မျောက်ဖြူတွေ မထီမဲ့မြင် စော်ကားသာ ခံပြင်းလွန်းလို့ ထလုပ်သာပဲ။ အဲသာကြောင့် ငါရို့ရန်သူ မိစ္ဆာဒိဋ္ဌိမျောက်ဖြူကို အကူအညီ

အထောက်အပံ့ မပေးကြပါနဲ့။ သည်တစ်ကြိမ် အသက်ချမ်းသာပေးသယ်။ ကိုယ့်ပစ္စည်းယူပြီး ချမ်းသာစွာပြန်နိုင်ပြီ။ သွားကြရော့"

သစ်ခုတ်သမားတွေ ဝမ်းသာအားရထကြ၏။ လွှတွေ၊ တူတွေ၊ သံတူးရွင်းတွေ၊ ရဲတင်း၊ ပုဆိန်၊ ဓားတွေ၊ သားရေအိတ်ကြီးတွေနှင့် စားအိုးစားခွက်များကို ရှာဖွေကောက်ယူသယ်ပိုးသည်။ တောင်အရပ်သို့ အသော့နှင်ကြသည်။

မြန်မာနာရီ တစ်နာရီခန့်အကြာတွင် ကိုမိုးကောင်းတို့တစ်တွေသာ ကျောက်ရုပ်ကြီးတွေအလား ရပ်လျက်ကျန်ခဲ့သည်။ ကျွဲအရှဉ်းနှစ်ဆယ် အနက် ၁၂ ရှဉ်း ကျန်ခဲ့သည်။ ဆင်လေးစီးမှာ ငမဲကြီး၏လူများ တက်စီးနေကြပြီ။

"ရောင်းရင်းဝဲ၊ ဆင်လေးစီးနဲ့ ကျွဲနှစ်ရှဉ်းကို မြင်းစီးကြီးထံ ပေးလိုက်။ ကျန်သဲ့ ကျွဲရှဉ်းတွေကို ရောင်းရင်းဝဲလူတွေ ခွဲဝေယူကြပေစေ။ သည်ကိစ္စ၊ သည်သတင်းကို သည်မှာပဲ ပြီးပေစေ။ ကိုင်း ပြန်ကြစို့"

ကိုမိုးကောင်းသည် ချာခနဲ လှည့်ထွက်ပြီးမှ ငမိုးရိပ်၏ သင်္ချိုင်းမြေပုံသို့ လှမ်းလာခဲ့သည်။ ကျွန်းပင်ကလေးတစ်ပင်ကို တူးယူလာပြီး မြေပုံပေါ်တွင် စိုက်ပြီးနောက်တွင်ကား ရွာဘက်သို့ ဦးတည်လှမ်းတော့သည်။

ထိုအခါတွင် အိမ်သူမယား၊ သားသမီးများနှင့် ထွန်ယက်ဆဲကိုင်းပြင်ကြီးသည် ကိုမိုးကောင်း၏အာရုံတွင် ပေါ်လာလေ၏။

ကိုင်းသည် ရေလောင်း၍စိုက်ပျိုးရသော နေရာမဟုတ်။ ဆည် မြောင်း ချောင်းကန်မှရေကို သွယ်ယူသော ရေသွယ်မြောင်းလည်း မရှိ။ ဆုတ်သော မြစ်ရေနှင့် မြေအစိုကို တွက်ဆထွန်ယက်ကြပက်ရသော မြေ ဖြစ်၏။ ယခုထွန်လျက်တန်းလန်းကြီးကို ပစ်ထားခဲ့ပြီး တောကြီးမျက်မည်းတွင် မျောက်နှင့် ပြိုင်ပြီး ခုနစ်ရက်လုံးလုံး တောအောင်းကာ အင်္ဂလိပ် ကုလားဖြူ သူခိုးကို စောင့်ဆိုင်းခဲ့ရသည်။

ပုဂံစာအုပ်တိုက်

"မယ်မင်းဘော် ပသို့ရှိပါလိမ့်။ ကျောင်း ကိုယ်ပူမှ ကျပါစ"

ကိုမိုးကောင်း၏ ခြေလှမ်းများသည် ပိုပြီး သွက်လက်မြန်ဆန်နေချေ၏။

★

# ၁၃

“ဝါရက်သာ ယွန်းတော့တယ်၊ နွေစွန်းငယ်ချိန်မိမှာ တူရိသီခါနယ်နှင့်
သာစဖွယ်တိမ်ယံက စိန်ဗိတာန် ပုံသစ်မတဲ့၊ ရွှေရစ်ဆင်။
“ထက်နန်းငယ်ဝေဟာ ဗွေအာကာဝယ်၊ စန္ဒာလမြတ် ငွေမင်းနတ်နှင့် တည့်
မတ်ကယ်စံညီ သဝဏီလည်း၊ ယှဉ်မှီပြိုင်တူ ပုဏ္ဏာမိမူဆဲမှ ကျွန်းဇမ္ဗူ မြန်နိုမြေမှာ
သာစွတွေယှဉ်နယ်လျှိုင်းပြန်ခဲ့ ရှုတိုင်းရွှေဘွင်နူးပါဘိ ထူးတဲ့ဗျာအင်။
“ရာဇသိန်မူ၊ နရိန္ဒာနတ် စောဥက္ကာဌ်လည်း ရက်မြတ်ကယ်ဇေယျာ စံညီလာနှင့်
လွှတ်ညာသဘင် ပွဲကြီးယင်၍ ရွှေဆင်ငွေမြင်း စုံခပင်းဖြင့် လေ့သင်း တိုက်ကျီ
သုန္ဒရိဝယ်၊ မဟီမြေနေ မိနတ်ဆွေကို မြကေပန်ကြာ ရေမန္ဒာလည်း ဆယ်ဖြာ
စီးဟုန် မေဒနီတုန် ကောင်းငဲ့၊ ဘုံတစ်ခွင်မူ ကုန်စင်ဆိုရေးခု မပိုင်ခဲ့။
“ထိန်ထိန်ငယ်ပြောင်သည်၊ မှောင်နဘေထိ လင်းရောင်ညီနှင့် အဂ္ဂိမာလာ
ရွှေဥပါလည်း၊ အာကာနန်းနှယ် လောင်လိဖွယ်တိ။ လျှပ်နှယ်လိုလို မြေ
ဗဟိုလည်း မြင်းမိုရ်သာခေါင် ရာဇတောင်က ထောင်ဆီမီးဝါ ခါပွဲတော်

သာတုန်းမို့ ငါးကြာပွင့်မှုံလျှံဝယ် ကုက္ကိုမံ ကြိုင်လှိုင်လဝယ်မှ လွမ်းစတွေဖွဲ့။ ။

ရတနာပုမ်ရွှေမြို့တော်ကြီးမှာ နေအထောင် လအသိန်း ထွန်းလင်းသောနယ် လင်းကြည်ဝင်းထိန်လျက် ကြည့်လေရာရာတွင် ရွှေတောင်ငွေတောင်ကြီးတွေ ပေါက်နေလေ၏။ နေရာတိုင်းတွင် လူဖြင့် ပြည့်ညပ်စည်ကားနေ၏။ သောသောရုတ်ရုတ် ပြောဆိုရယ်မောသံများနှင့် အိုးစည်သံ၊ ဒိုးပတ်သံများ ယှက်လိမ်နေပေ၏။

ရတနာပုမ် မြို့တည်နန်းတည် ဘဝရှင်မင်းတရားကြီး၏ ဝါကျွတ်သဘင် ဆီမီးမြင်းမိုရ် ပွဲတော်ကြီးပေတည်း။

ကျော်သဲအုတ်အော် ပူဇော်ဆီမီး၊ ညီးညီးဝင်းဝင်း ထွန်းလင်းရောင်ရှိန် အာလိန်ငါးဆင့် ရွှန်းရွှန်းတင့်သား၊နတ်မင်းစံရာ ဝတီသာသို့ လေးဖြာရောင်စို မြင်းမိုရ်ပွဲကြီး ကျင်းပနိုင်ရန်အတွက် ဝင်းတော်သားတို့သည် လပြည့်မတိုင်မီ ၇ ရက်ကြိုပြီး လွှတ်တော်ရှေ့တွင် ဆီမီးမြင်းမိုရ်ဝင်း ဆောက်လုပ်ကြရသည်။ သူရဲဝန်သားတို့မှ လွှတ်တော်ရှေ့လက်ျာတွင် သဘင်တော် တဲ ၅ တဲ နှင့် လက်ဝဲဘက်တွင် ၄ တဲ ဆောက်လုပ်ကြသည်။

ဆီမီးထွန်းမှုူး ကြီးကြပ်၍လည်း၊ ခမည်းတော် မင်းတရားကြီး၏ ကုသိုလ်တော်ဇောင်းကလောကနံဦး လောကမဏိစူဠာ စေတီတော်အရောက် ရွှေနန်းတော်မှ မီးစောင်းတန်းကြီး ထွန်းညှိပူဇော်နိုင်ရန် စီစဉ်ထားကြသည်။ တောင်ဆောင်တော်၊ မြောက်ဆောင်တော် စသည့် မိဖုရားများကလည်း သူတို့၏ အစေအပါးများအား မီးစောင်းတန်းကြီးလေးသွယ် အသင့်စီစဉ်ခိုင်းထားကြသည်။ သည်မီးစောင်းတန်းကြီး ငါးသွယ်ဖြင့်ပင် နေ့နှင့်မခြားလင်းထိန်နေသည်။

ရွှေမြို့တော်၏ ထောင့်လေးထောင့်ရှိ ရွှေကွန်အုပ်ဘုရားနှင့် ရွှေစံကားဘုရား၊ ရွှေလင်းပင်ဘုရား၊ ဆင်ကြုံးရွှေဂူဘုရားတို့သို့ သွယ်တန်းထားသည့်

မီးစောင်းတန်းကြီးအောက်၌ အသွားအပြန် လူသူများဖြင့် ပြည့်နေသည့်နည်းတူ၊ လက်ညှိုးတထိုးထိုး ပြောသံဆိုသံ၊ ရယ်မောသံများ ညံသည်။

နန်းမြို့တော်အတွင်းမှာမူ ပို၍လင်းကြည်စည်ကား၏။ လွှတ်တော်မြောက်၌ ပတ်မသံတထိထိဖြင့် ရုပ်စုံစင်နှင့် အရှေ့မီးမြင်းမိုရ်။ အနောက်စမုတ် ဆောင်တော်ရှေ့ ယာဘက်မှာလည်း အနောက်မီးမြင်းမိုရ်နှင့် ရုပ်စုံစင်ရှိသေးသည်။

ရုပ်စုံစင်များ မကုန်သေးပါ။ ဝင်းတော်လေးမျက်နှာတွင် ရွှေဆင်းတော်ရုပ်များ ထားရှိသည့် တန်ဆောင်းလေးဆောင်နှင့် ရုပ်စုံစင်တော် လေးစင်ရှိသေးသည်။ တစ်ဆယ့်ခြောက်ဌာန ဘုရားများတွင်ပ‌ဘား၊ မှူးတော်မတ်တော်များ၏ ရုပ်စုံစင်များ ခြိမ့်ညံနေပေ၏။

ရှိသေး၏။ ဝက်ပါတော်များ။

မြေနန်းတော်၏ ညာဘက်တွင် ယာယီစံနန်းတော်နှင့် အရှေ့ဝက်ပါတော်။ အနောက်စမုတ်တော်ဝဲယာ၌ လေးကျွန်းမြင်းမိုရ် ဝက်ပါတော်များမှာ တဝဲလည်လည် ဖြစ်နေသူများကိုကြည့်ကာ တသောသော ရယ်မောနေကြသည်။

စက်ယန္တရားများပါသည့် ပါရသိဇာတ်ရုံလည်း ရှိသေး၏။ ယင်းမှာ တောင်နန်းတော်ဦး ပွဲကြည့်ဆောင်ရှေ့တွင်ရှိ၏။

ဆင်ဝန်၊ ဆင်အရာရှိတို့၏ လက်ရာများမှာလည်း ကြည့်မဝစရာ လှုဖွယ်ပစ္စည်းများဖြစ်၏။ ဆင်ဖြူတော်ရုပ်၊ ဆင်နီတော်ရုပ်နှင့် ရွှေဆင်းတော် လေးရုပ်ဖြစ်ပေ၏။ ရွှေဆင်တော်များမှာ အထွတ်ထုပိကာတင်ပြီး တန်ဆောင်းတွင် ရွှေထီးစိုက်ထား၏။

စီးတော်မြင်းဝန်နှင့် မြင်းတပ်သားများက ရွှေမြင်းနှင့် မြင်းဖြူ၊ မြင်းနီရုပ်များဖြင့်ပူဇော်ရန် လုပ်ထားကြရသည့်နည်းတူ ဖောင်တော်၊ လှေတော်၊ သဘော်တော်အစုသားများကလည်း ရေယာဉ်အရုပ်များကို လှူဒါန်းစရာအဖြစ် လုပ်ဆောင်ပြသထားကြသေး၏။

## ပုဂံစာအုပ်တိုက်

တရုတ်၊ ယိုးဒယား၊ လင်းဇင်း အရာရှိများကမူ မီးပဒေသာနှင့် မီးကျိ၊ မီးပန်း၊ မီးဥပါများ လုပ်ဆောင်ပူဇော်ကြ၏။ ရွှေပွဲလာပရိသတ်များက ယန္တရားတတ် ပါရသီ ဇာတ်ရုံထက် အံ့သြထူးဆန်းနေကြ၏။ မီးစောင်းတန်းများ တစ်လျှောက်တွင် ဗုံရှည်သံများ ညံနေသည်။

ဗုံရှည်သံများ၏နောက် ခပ်လှမ်းလှမ်းတွင် ဒိုးပတ်ဝိုင်း။ သည့်နောက်တွင် အိုးစည်ဝိုင်း။ သည်မှသွားသော ဝိုင်းအဖွဲ့များ မြူးပျော်ကခုန် တီးမှုတ်သွားသကဲ့သို့ ဟိုမှလာသော အတီးအကများလည်း မြူးမြိုင်နေပေ၏။

"မိုးမိုး မိုးလားမောင်ရို့"

"လေလေ လေပဲမောင်ရို့"

"မိုးနဲ့ လေနဲ့ နှစ်ပါးပြိုင် သိကြားကိုယ်တိုင် မ မယ့် ဝိုင်းသ်ား"

တစ်ညလျှင် ကျပ်သုံး ဒင်္ဂါးနှစ်ပြားစီနှင့် ပုဆိုး၊ ပဝါ၊ အင်္ကျီများ အသနားတော်မြတ်ခံရသဖြင့် မြူးထူးနေကြ၏။ ဝတ်ကျေဝတ်ကုန်တီးခြင်း၊ ဆိုခြင်း မဟုတ်။ နတ်သားခေါင်းဆောင်းဖြင့် အကသမားသည် မီးပွဲကြည့် ပရိသတ်အား လိုက်လံပြောင်လှောင်နေ၏။

မြင်ရသူတိုင်း ရယ်မောနိုင်ပြား၊လူသုံးယောက်မှာ ခပ်လှမ်းလှမ်းကပင် မီးစောင်းတန်းအပြင် သစ်ပင်ရိပ်မှောင်ထဲသို့ ပြေးဝင်ကြ၏။

"မောင်လှိုင်း ဘာပြုလို့ပုန်းရသတုန်း"

မိန်းမကြီးက အိုးစည်ဝိုင်းဘက်သို့ မျှော်ကြည့်ရင်း မေး၏။ သူသည် ကချေသည်မ မယ်ဒေါင်းလှနှင့် အဖော်ပါလာသူဖြစ်၏။ မယ်ဒေါင်းလှမူ သဘောပေါက်ဟန်ရှိသဖြင့် "မကြီးအေးနယ်၊ အသိပါလို့ ဖြစ်မှာပ"ဟု ထင်မြင်ချက်ပေး၏။

ငလှိုင်းသည် ဝင်းညက်သော မျက်နှာပြင်ကလေးကို ကြည်နူးစွာ ကြည့်လျက် ခေါင်းညိတ်၏။

"ဟုတ်သယ်မကြီးအေး။ အဲသည်ဝိုင်းမှာ ငစိန်နဲ့ ငသောက ပါသဗျာ့။

အကျွန်ုပ်ကို အခုလိုတွေ့ရင်ဖြင့် ပြောင်လှောင်လိုက်ကြမယ့်ဖြစ်ခြင်း"

တီးမျိုးမှုတ်မျိုး ငါးဆယ်ကျော်ဖြင့် စည်ကားအောင် ဆောင်ရွက်ထားရာ၊ ငလှိုင်းတို့မှာ ဖြောင့်ဖြောင့်မလျှောက်ရပေ။ ကိုယ့်အသိကို ရှောင်၍ အပြီးတွင် သူ့အသိကို ကွင်းရပြန်သည်။

"သလိုဖြင့် စကားတောင် ဖြောင့်ဖြောင့်ပြောခွင့် သာမှာမဟုတ်သပါ့။ သည်မှာနားနေရင်း ပြောကြစို့"

သမီးရည်းစားတွေ့ဆုံရာတွင် အမြင်တင့်တယ်စေရန် လိုက်ပါလာသော မယ်အေးသည် ကျုံးစပ်အရောက်တွင် သစ်ပင်တစ်ပင်အောက်၌ ဝင်ထိုင်သည်။ မှောင်လည်း မမှောင်လွန်း၊ အလွန်လည်း မလင်းကျင်းသည့်အတွက် သင်္ကာမကင်း ဖြစ်ဖွယ်လည်း မရှိချေ။

"မကြီးအေး လူကို မေးကြည့်ပါဦး။ သည်က ဖက်ခွက်စားဇာတ်သူမကို အပျော်ကြံလား။ တကယ် မေတ္တာရှိသလားလို့"

မယ်အေး စကားပြန်လုပ်ချိန်မရလိုက်ပါ။ ငလှိုင်းက ခေါင်းငဲ့ပြီး မမြင့်တမြင့် မထင့်တထင် မျက်နှာကလေးကို ကြည့်ပြောသည်။

"ပြောရက်လေ နမရယ်။ သည်စကားဟာဖြင့် သည်ကကောင် ငလှိုင်းရဲ့ ဖြူစင်သန့်ရှင်းသဲ့မေတ္တာကို နင်းချေပစ်ရာ ရောက်ပါသယ်။ မောင့်မေတ္တာကို မြင်းမိုရ်တောင်နဲ့နှိုင်းရင်၊ မြင်းမိုရ်တောင်က သေးနေသဲ့အတွက် ဒေါသ သင့်ပါဦးမယ်"

"အပြောကဖြင့် ရွှန်းပါ့"

ကာယကံရှင်က ပြောခြင်းမဟုတ်။ ကြားလူ မယ်အေးက ဝင်ပြောခြင်းဖြစ်ရာ "အမောင်တို့ယောကျာ်းတွေဟာ သလိုချည်းပဲ။ မရခင် ဖျာလို လိပ်ပြီး ထိပ်ပေါ်တင်ပြီး၊ ရလည်းရရော ဖျာခင်းသလိုခင်းပြီး ရင်ဘတ်ရော၊ လည်ပင်းရော တက်နင်းတော့သာပဲ" နှောင့်ယှက်စကားဖြင့် အဆုံးသတ်၏။

မယ်ဒေါင်းလှမှာ သဘောကျလွန်းသဖြင့် ပါးစပ်ကို လက်ဝါးအုပ်လျက်

တခစ်ခစ်ရယ်မောနေ၏။ "ဆက်ပြော မကြီးအေး။ မကြီးအေးလင် နိပ်စက်ပုံတွေ" ဟု တို့ပေး၏။ ထိုအခါတွင်မှ မယ်အေး သတိရဟန်တူ၏။

"မောင်လှိုင်း ငါ့မောင်၊ စိတ်မရှိနဲ့နော်။ အစ်မ သတိလစ်သွားလို့ပါနော်"

"မကြီးအေးက သတိလစ်ရုံရယ်။ အကျွန့်မှာ ဟောသည်ကျုံးထဲကို ခုန်ချချင်စိတ် ပေါ်လာတော့သယ်။ သို့ပေတည့် 'ရွှေပဒုံ ကြာချပ်ကိုလ လေအဟုန် လာ၍ခတ်စဉ်က ကညာနတ်ထွက်ခဲ့သယ်' စာဖွဲ့လောက်သဲ့ လုပဂေးကို မခွဲနိုင်လို့ ခုန်မချဖြစ်သာ"

"မကြီးအေးရဲ့လူက စာရေးဆရာရဲ့တပည့်ပီပီ စကားတတ်သယ်။ မာယာအပလီတွေ နှောလာမှဖြင့်၊ သည်ကတောသူမ ရူးတူးတူးအတတပါလို့"

"မာယာအပလီ မနှောပါဘူး အလုပဂေး နမကာလေးရယ်။ 'သန္ဓေဖွားဟာမို့၊ ရွှေသားကိုပန်းချီပြင်၍ ထည်ခင်လို စုတ်တံဖြင့်ရေးသော်လဲ ဆေးရနိုင်ဖွယ်' လို့ စာသရအောင် လှလွန်းလို့ မောင့်မှာဖြင့် စားလည်း သည်စိတ်၊ အိပ်လည်းသည်စိတ်"

"ဟော ဆိုင်းသံတိတ်သွားပြီ"

မရှိသောကြောင့် သုံးရသောမယ်အေးသည် အလွန်အလိုက်ကန်းဆိုးမသိသူဖြစ်၏။ ငလှိုင်း၏ စကားအတိမ်အနက်ကို သူတန်ဖိုးမထား။ ထင်ရာဝင်ပြော၏။

"အရှင်နှစ်ပါး ရှုစားတော်မူဖို့ ကြွလာပြီထင်သယ်"

"မဟုတ်ပါဘူး" ဟု ငလှိုင်းမှာ စိတ်ညစ်ညစ်ဖြင့် ဖြည့်စွက်ပေးမိ၏။ "ဝက်ပါတော်တွေထဲကို ထွက်စံကြည်ညိုတော်မူကြသာပါ။ အဲသည်မှာ လျှုဒါန်းစရာတွေလည်းရှိသယ်။ မှူးတော်မတ်တော်တွေကို သနားတော်မူဖို့ ဆုတော်လာဘ်တော်တွေပါထားသယ်"ဟု သိထားသမျှပြော၏။

"ကိုလှိုင်း ဘယ်လိုဘယ်လို၊ မယ်လှ မသိလို့ ပြောပါဦး"

ကြားလူကိုဖယ်ရှားပြီး မယ်ဒေါင်းလှမေးသည်။ ငလှိုင်းဝမ်းသာပုံမှာ ပြောမကုန်။ ကြည်နူးလိုက်ပုံမှာ ဆုံးနိုင်ဖွယ်မရှိ။

"သည်လိုပါနမရယ်။ လေးကျွန်းမြင်းမိုရ် ဝက်ပါတော်တွေထဲမှာ ကျွန်းတွေဖွဲ့ထားပြီး၊ သစ်သီးတွေ၊ မုန့်တွေ၊ ယိုတွေ၊ ထည်မျိုးအုပ်မျိုးတွေ ပုံထားသာကို နောက်တော်ကပါသဲ့ မှူးမတ်တွေ၊ ကတော်မယားတွေ၊ မောင်းမတွေ ကြိုက်သလောက်ယူကြလို့ အခွင့်ပေးတော်မူသယ်"

ဤသည်တို့မှာ ငလှိုင်း၏ ကြားဖူးနားဝ ဖြစ်စဉ်ဖြစ်သည်။ သို့ရာတွင် ယခုနှစ်ပွဲတော်၌ ဘုရင်မင်းမြတ်သည် ပစ္စည်းအသစ်အဆန်းများ ဖြည့်စွက်ထားတော်မူ၏။ ဤသည်တို့မှာ လုပ်ပိုးထားသော ဘူးများနှင့် အိတ်များဖြစ်၏။

အဝေးမှကြားရသော ဆိုင်းသံများတိတ်သွားခြင်းမှာ အမှန်ပင် ဘုရင်မင်းတရားကြီးနှင့် မိဖုရားခေါင်ကြီးတို့၊ ဝက်ပါတော်လေးရပ်သို့ လှည့်လည်ကြည့်ရှု ကြည်ညိုတော်မူကြသောကြောင့် ဖြစ်ပေ၏။

အရှင်နှစ်ပါး၏ နောက်တော်တွင် မှူးမတ်များပါသည်။ ကတော်မယားတွေ မောင်းမ၊ကိုယ်လုပ်တွေပါသည်။ပထမ ကျွန်းဌာန အရောက်တွင် အရှင်နှစ်ပါးရပ်တန့်ကာ၊ လှည့်ပြီး အမိန့်တော်မူ၏။

"သစ်သီးတွေကို ကြိုက်သလောက် ယူကြလဟဲ့။ သို့သော် လမ်းမှာ ချမထားခဲ့ရဘူး။ နိုင်သလောက်သာယူ"

ဝန်ထောက်တစ်ယောက်သည် နောက်ဆုံးမှလူများ ကြားနိုင်လောက်အောင် လှည့်ပြီး အော်ပြောပေးသည်။

သစ်သီးတွေကလည်း စုံပါဘိသည်။ ဥယျာဉ်တော်များမှ ထွက်သည့် သစ်သီးများကို ဘုရားပုထိုးများသို့ နေ့စဉ်ဆက်ကပ်သည်။ ဆရာတော်ကြီးများကိုလည်း တစ်နေ့မပြတ် လှူဒါန်းသည်။ မင်းမိန်းမ ပိုင်ဆိုင်ရာတွင်လည်း အလျှံပယ်ဖြစ်သည်။ သို့ပါလျက်နှင့် ယခု တောင်ပုံကန်သင်း မြင်ရ

သောအခါ ရင်သပ်ရှုမောကြ၏။

ဝန်ကြီး၊ အတွင်းဝန်၊ ဝန်ထောက်၊ နာခံ၊ သံတော်ဆင့်များသည် ကြိုက်ရာငှက်ပျောတစ်ဖီးစီသာ ယူကြပြီး၊ ကတော်မယားများနှင့် မောင်းမ၊ ကိုယ်လုပ်များမှာမူ ငှက်ပျောသီးလည်း ယူ၏။နာနတ်သီးလည်း ယူ၏။ ရှောက်ချို၊ မာလကာလည်း မချန်ပေ။

"မနိုင်လို့ ချထားခဲ့ရင် နန်းတော်ကြီးတစ်ပတ်ပတ်ပြီး အိုးစည်ဝိုင်းနဲ့ ကနေရမယ်နော"

သတိပေးသူက ပေးပါလျက် ပြန်ချထားသူ မရှိ။

မကြာမီ ဒုတိယကျွန်းဌာနသို့ရောက်ပြီ။ မုန့်မျိုးစုံကို တည်ခင်းထား သည်။ အရှင်နှစ်ပါး ခွင့်ပြုတော်မူသဖြင့်စားလည်းစား၏။ယူလည်းယူကြ၏။ နောက်တစ်ကျွန်းကား အုန်းယို၊ ချဉ်ပေါင်ယို၊ နာနတ်ယို၊ ဒူးရင်းယို စသည့် ယိုမျိုးစုံ တည်ခင်းထားရာဌာနဖြစ်သဖြင့် မင်းသမီးအပျိုတော်ကြီး၊ အတွင်းဝန်၊ သံတော်ဆင့်၊ လက်သုံးတော်ကြီး စသည်တို့အပြင် ဝန်စုဗိုလ်စု အမှုထမ်းများ စားသောက်ယူငင်ကြရပြန်သည်။

ဖျော်ရည်အမျိုးမျိုးရှိသည့် ကျွန်းကိုလွန်ပြီးနောက်တွင် ကွမ်းအစ်များ၊ လက်ဖက်ပွဲများနှင့် ဆေးလိပ်ပုံကြီးကို တွေ့ကြရသည်။

"အလိုရှိသလောက် စားကြ.... စားကြ။ ဆေးလိပ်များလည်း သောက်ခွင့်ရှိသယ်"

လေးကျွန်းတစ်မြင်းမိုရ် စီစဉ်ကာ ဝက်ပါကွက်များ ရိုက်ထားရာ အရှင် နှစ်ပါးသည် ဝဲဘက်ဝက်ပါတွင်းသို့ ကြွမြန်းတော်မူလာကြ၏။ သို့စဉ်တွင် နောက်ပိုင်းမှ ပေါက်ကွဲသံများနှင့် အထိတ်တလန့် အော်ဟစ်သံများ၊ ရယ်မောသံများ ပေါ်လာချေတော့သည်။

မင်းတရားကြီး ရပ်တန့်ပြီး ဝန်ကြီးများကို ကြည့်တော်မူသည်။

"ဆေးလိပ်တွေဘုရား၊ ဆေးလိပ်တွေ"

ပုဂံစာအုပ်တိုက်

သို့ဆိုလျှင် ဘုရင်မင်းမြတ် သိတော်မူပြီ။ အချို့သော ဆေးလိပ်များ ထဲတွင် ဗျောက်အိုးထည့်ထားရန် ကိုယ်တော်တိုင်စီမံခဲ့သည်။ သို့ကြောင့် တပြုံးပြုံးဖြင့် ဆက်လက်ကြွမြန်းငြား၊ ဆေးလိပ်များ ယူငင်သောက်မိသူများမှာ လွှင့်လည်းမပစ်ရဲ၊ ဆက်လည်းမသောက်ဝံ့ဖြင့် တထိတ်ထိတ် လိုက်ပါလာ ကြရလေ၏။

သည်ဝဲဘက်ဝင်္ကပါအတွင်းရှိ ကျွန်းများတွင်ကား၊ ယာဘက်ဝင်္ကပါ ထက် အဖိုးတန်သောပစ္စည်းတွေ စုပုံနေသည်။ မုန့်သေတ္တာဘူးတွေ၊ ရေမွှေးဘူး၊ ရေမွှေးပုလင်းတွေ။ လောဘတကြီးယူလာမိသူများ တောက် တခေါက်ခေါက်။

ဒုတိယကျွန်းတွင် ပိတ်အုပ်အမျိုးမျိုး၊ ရောင်စုံသက္ကလတ်ထည်တွေ။ ယူလာပြီး ပစ္စည်းကိုလည်း ချမထားခဲ့ရ။ လက်ကလည်း နှစ်ဖက်သာပါသည်။ လိုကလည်း လိုချင်နှင့် ဒုက္ခ။

တတိယကျွန်းတွင်ကား စက္ကူသေတ္တာ ပုံစံအမျိုးမျိုး၊ အရောင်အစားစား၊ အရွယ်စုံ။

သယ်လာပြီးပစ္စည်းများကြောင့်၊ ကိုယ့်ပုဆိုးစ၊ ကိုယ့်ထဘီစကို တက် မနင်းမိအောင် မနည်းသတိထားလျက် လိုက်ပါလာရသူများ ကသိကအောက် ဖြစ်အောင်၊ အတွင်းဝန်တစ်ဦးက လှည့်ပြောသေး၏။

"ပဝါတွေဗျား။ ချည်ပဝါ၊ ပိုးပဝါ၊ ဖဲပဝါတွေနေမှာ"

မနိုင်မနင်း ရှိနေပါလျက်က လောဘတကြီး ယူငင်ဆင့်ပိုးသူများ ရှိသေးရာ ရယ်မောသံများ သောသောညံ၏။

စတုတ္ထကျွန်းတွင်ကား၊ သေတ္တာတွေကို စုပုံထားသည်။ "ဘာတွေ ပါလိမ့်။ အဖိုးတန်သာတွေနေမှာပဲ။ သည်နှာနတ်သီးကြီးက ပါးစပ်ထဲ ငုံလို့ လည်းမရ"ဟု စစ်ကဲကြီးတစ်ဦး ရယ်မောညည်းတွားနေစဉ်၊ အထက်ပါ ဝန်ပင် လှည့်ပြီး ပြောပြန်၏။

"မယူကြတော့ဖူးလား၊ ပုဆိုးတွေ၊ ထဘီတွေနေမှာ။ ကျုပ်ထင်သာ

တော့ သဘော်ချည်ထဘီ၊ ချည်ကြမ်း ချည်ထဘီသာ မကဘူး။ လွန်းများ ထဘီ၊ တလာထဘီတွေပါ ထည့်ထားထင်ပဲ့"

သူတစ်ပါး ကြိတ်မနိုင်ခဲမရဖြစ်အောင်၊ သူပင် ဆက်ပြောသေး၏။

"ပုဆိုးဆိုလို့ ချည်ကြမ်းပုဆိုးချည်း မထင်နဲ့နော။ စက်ပုဆိုး၊ ဖဲပုဆိုး၊ ပိုးပုဆိုးတွေ နေမှာဗျနော"

မိုလ်စုမှလူများသည် မေးစေ့ကျော်အောင် ဆင့်ထပ်ပွေ့ပိုက်ထားသော ပစ္စည်းများပေါ်သို့ မျက်နှာကွယ်အောင် သေတ္တာတွေ ထပ်ဆင့်ကြပြန်လေ၏။

စတုတ္ထကျွန်းဌာနမှ ထွက်ခဲ့သောအခါ၊ ပဥ္စမကျွန်းဌာနဖြစ်သော မြင်းမိုရ်တောင်ကြီးသို့ ဆိုက်ရောက်တော့သည်။ ဤကျွန်းတွင်မူ ကျောက်ဖယောင်းတိုင် သေတ္တာတွေ စုပုံထားသည်။

ပါပြီးပစ္စည်းများဖြင့်ပင် မနိုင်မနင်းဖြစ်နေသော မောင်းမတစ်ယောက် သွားဆွဲရာ၊ ဟပ်ထိုးလဲကျ၏။

"လေးလိုက်သာ ဘာတွေရယ်မသိဘူး"

ထိုလူများကိုကလိရန် မလှမ်းမကမ်းမှ တမင်သွားနေသော အတွင်းဝန်သည် လှည့်ကြည့်ပြီး တအံ့တသြပြော၏။

"ဟင် ဘာပြုလို့ မယူကြတာတုန်း။ ငွေတော်တွေ နေမှာပေါ့။ သာလောက် လေးလံနေမှဟာကို"

သူသည် ရေမွှေးတစ်ဘူးနှင့် သက္ကလတ်ရောင်စုံ သုံးထည်သာယူသူဖြစ်ရာ၊ ကျောက်ဖယောင်းတိုင်သေတ္တာကို ယူနိုင်ခြေရှိသည်။ သို့သော် မနည်းပင့်ရသည်။ ပခုံးပေါ်အပင့်တွင် အသံထွက်အောင် တမင် ဆောင့်ချ၏။ ငွေဒင်္ဂါးသံတွေ ကြားရသောအခါ ကျန်လူများ ကြံရာမရကြတော့ပေ။

ဘဝရှင်မင်းတရားကြီးနှင့် မိဖုရားခေါင်ကြီးသည် ဆောက်လုပ်ထားသော ယာယီစံနန်းတော်အတွင်း၌ စံမြန်းတော်မူနှင့်ပြီ။ ဝန်ကြီး၊ ဝန်ထောက်

အတွင်းဝန်များ ကိုယ့်နေရာ၌ကိုယ် ခစားနေကြပြီ။ ကျန်လူများလည်း သင့်ရာနေရာသို့ ပြေးဝင်ခစားနေကြ၏။

"ဟဲ့ နာခံတော်မောင်မင်း။ ဘာသေတ္တာပါလိမ့်။ ဖွင့်စမ်းပါဦးဟဲ့"

နာခံတော်မင်းသည် စတုတ္တကျွန်းရောက်မှ ကောက်ယူခဲ့သည့် သေတ္တာကို ဖွင့်လိုက်လေသည်။ ထွက်လာသောအရာမှာ လွန်းများထဘီ။

အရှင်နှစ်ပါး ပြုံးတော်မူသဖြင့် မှူးမတ်များ အသံထွက်အောင် ရယ်မောကြသည်။

မိန်းမများတွင် ယောက်ျားအသုံးအဆောင်၊ ယောက်ျားများတွင် မိန်းမ အသုံးအဆောင်များ ပါလာတိုင်း ရယ်မောကြသည်။

"ဟဲ့ မြင်းစုအတွင်းဝန်၊ မောင်မင်းရှေ့က ကျောက်ဖယောင်းတိုင် သေတ္တာထဲမှာ ဘာတွေပါသတုန်း။ ဖွင့်စမ်းလဟဲ့"

သူတစ်ပါးအား သရော်ခဲ့သော အတွင်းဝန်သည် သေတ္တာထဲမှ ငွေအိတ်ကို ဝမ်းသာအားရဆွဲထုတ်ပြီး သွန်ချလိုက်ရာ၊ ဝါးခနဲ ရယ်မောကြ၏။ တစ်ပြားသုံးကြေးပြားတွေထဲက တစ်ကျပ်သုံးဒေါင်းဒင်္ဂါး ဖြူဖြူလွလွဟူ၍ ဆယ်ပြားတည်းသာ ပါလာသောကြောင့်ပေတည်း။

ဘုရင်မင်းမြတ် ယခုနစ်တွင် စီစဉ်တော်မူသည့် ရွှင်မြူးဖွယ်ရာ အစီအစဉ်ကို ငလှိုင်း မသိသေးပေ။ ယခုမူ သူသည် လေးကျွန်းတစ်မြင်းမိုရ် ဝက်ပါ အစီအစဉ်များကို သူကြားဖူးသမျှ ပြောပြပြီးနောက်၊ မယ်ဒေါင်းလှ၏ မျက်နှာဝင်းကလေးကို ကြည့်မဝတိုင်း ကြည့်နေမိလေ၏။

"ဘုရင့်ပုဆိုး ပိုးချည်းပါပေ့။ လှူဖွယ်ပစ္စည်းတွေ၊ ပဒေသာပင် တွေကို ကြည့်ရသူတိုင်း ဝမ်းမြောက်ကြည်နူးပြီး သာစုခေါ်မိကြသယ်"

မြို့တော်သူမြို့တော်သားများ၏ မီးပဒေသာ၊ မီးပန်းဆိုင်း၊ မီးစောင်း တန်းများကလည်း အနောက်ပြင်တစ်ခွင်လုံး ထိန်ညီးနေသည်။ မန္တလေး တောင်ပေါ်မှ မီးပဒေသာ၊ မီးစောင်းတန်းများကလည်း နန်းမြို့အတွင်းရှိ

မိုးအလှကိုပြိုင်ကာ နေ့ကာလဖြစ်နေသည်။ ပြည့်ဝန်းသော ငွေလမင်းကလည်း ကြယ်များကို တောက်ပခွင့်မပေး သူချည်းအစွမ်းပြနေသည်။

သည်အလင်း၊သည်အလှ၊သည်အရွှန်းအမြိုင်များကို ကျူးရေပြင်က ပုံတူကူးယူ ရေးခြယ်ပြနေသည်။

မယ်ဒေါင်းလှ၏ ကြည့်မဝသော အလှသည် ထိုရွှန်းမြိုင်သော အလှများထက် သာလွန်ကဲသည်ဟု ငလှိုင်း ထင်မြင်နေသည်။ သူ့ရင်တွင် မယ်ဒေါင်းလှ၏အလှသည် ကြည့်လေကြည့်လေ တိုးပိုလာလေဟု ရင်တွင်းလှုပ်ခတ် ခံစားနေရပေသည်။ ထို့ကြောင့် သူ့ရင်တွင်းမှစကားများ လျှံစီးလာ၏။

"ခုနကပြောသဲ့ ရွှေပဒုံကြာအချပ်ကိုလ လေအဟုန် လာ၍ခတ်စဉ်က ကညာနတ် ထွက်ခဲ့သယ်ဆိုသဲ့ ကြာပွင့်ထဲက မွေးဖွားသဲ့ အာသကာ်မင်းသမီးလို ယဉ်ကျေးနုနယ်သဲ့ ကျုပ်နှမအလှကလေးများ မောင်မောင်ဘနောက် ပါသွားမှဖြင့် ကျုပ် ရှုံးရချေရဲ့ဗျာ"

"မကြီးအေးလှက သိပ်စကားတတ်သာပဲ။ ယုံဖို့တောင် ခပ်ခက်ခက်ပဲ။ သည်က မိန်းမတွေဝိုင်းဝိုင်းလည်နေသဲ့ ကိုမောင်မောင်ဘကို စိတ်တောင် မကူးဘူး။ သူကသာ စကားတတ်တိုင်း ချွဲနွဲ့ပြီး၊အိုင်တွေ့တိုင်း ခြေဆေးနေမှာ။ အိုင်တွေ့လို့မှ မလူး၊ ကျွဲရှုးလို့တောင် ယောကျ်ားတွေ ပြောကြသေး"

ရင်ထဲကြည်နူးလျက်က မယ်ဒေါင်းလှသည် အကွန့်ကလေးဖြင့် တုံ့ပြန်သည်။

"မယုံရင် သီတင်းဝါလလည်း ကျွတ်ပြီပဲ။ လူကြီးစုံရာနဲ့ ခွင့်တောင်းပြီး ထိမ်းမြားမင်္ဂလာ ဆောင်နှင်းကြပါစို့"

"အမယ်လေး၊ သူ့ကိုဖြင့် ဘယ်သူကများ မေတ္တာမျှသယ် ပြောသေးလို့တုန်း"

မယ်ဒေါင်းလှက မဲ့ကာရွဲ့ကာ ပြောသဖြင့်၊ ငလှိုင်းမှာ ရင်ကိုဖိဟန်

ပြ၏။

"မကြီးအေး၊ ပြောပါဦးဗျာ"

"ပြောနိုင်ပါဘူး။ ကိုယ့်ဘာသာကိုယ် ပြောပါလား"

"အဏ္ဏဝါကုန်ပျောက်လို့ ယုန်ထောက်ကာ မိစေ၊ ဘုံအောက်လွှာ မဟီဖွေဝယ်၊ ကြယ်လနေပေါ်ဦး။ အာကာသ ထက်ဖွေမှာ မြက်မြေစာ ပေါက်တော့ မမုန်း' ဆိုသာလို သမုဒ္ဒရာကြီးခန်းခြောက်ပြီး ရေတွေ ယုန် တစ်ထောက်ပဲ ကျန်ကာမှကျန်ရော့။ မောင်မောင့်မေတ္တာကဖြင့် မခန်းခြောက် ပါဘူးဗျာ"

"သူ့ဆရာရေးသဲ့ စာတွေနဲ့ လူပျိုလှည့်နေသာ မကြီးအေးရ"

မယ်အေး ထရယ်သည်။ "နောက်ကို ငါမလိုက်တော့ဘူး" ဟု ကောက်ကာငင်ကာပြောသဖြင့် အံ့အားသင့်ကာ ပြိုင်တူမော့ကြည့်ကြပြီး "ဟင်၊ ဘောက်မဲ့ကြောင့်" "အို၊ ဘာပြုလို့တုန်း"ရှေ့ဆင့်နောက်ဆင့် မေးကြ၏။

မယ်အေး ပြန်ထိုင်ပြန်သည်။

"ညည်းမကြိုက်ဘဲ၊ ကြာရင် မောင်လှိုင်းကို ငါကြိုက်မိမှာစိုးလို့"

"အို"ဆိုကာ မယ်ဒေါင်းလှ ပါးစပ်ကိုလက်ဝါးအုပ်ပြီး ရယ်မောရင်း မယ်အေးကို ထုရိုက်နေလေ၏။

"နားဆင်ပါဦး နမလေးရယ်။ 'မြမြင်းမိုရ် ငှူစွန်ဝယ်၊ ရှုဝံကြယ်ကြွေဦး။ တူညွန်မယ် သွေမမုန်းပါဘူး။ ရွှေနှစ်ဘုန်းသစ္စာ။ အလောင်းတော် ငှက်ရွှေ ငုံးလိုနှင့် သက်သေထုံးနည်းနှင့် မကွာ' တဲ့။ ကပ္ပဋ္ဌိတိလေးရပ်မှာ အလောင်း တော်ငုံးမင်းကို မီးကွင်းသာဟာ သစ္စာစကားကြောင့် မဟုတ် လား။ အကျွန့် မေတ္တာကဖြင့် အဲသည်သစ္စာလို မှန်ကန်သဲ့အပြင်၊ ဟိုမြင်းမိုရ်စွန်းက ရှုဝံ ကြယ်ကြီး ကြွေပျောက်သွားဦးတော့ မှန်ကန်သဲ့သစ္စာမို့ မဖောက်ပြန်ပါဘူးဗျာ"

မယ်အေးကြီး ထရယ်ပြန်သည်။ မယ်ဒေါင်းလှ မော့ကြည့်ကာ "ဂနာ

မငြိမ်ဖြစ်လှချည်လား မကြီးအေး”ဟု မေးသည်။ ငလှိုင်းကမူ “ဟိုသစ်ပင်အောက်က ငါးပေါင်းကြော်ဖိုမှာ ငါးပေါင်းကြော်ဝယ်စားချေဗျာ မကြီးအေး။ အကျွန်ုပ်ရို့ သည်ကပဲစောင့်မယ်” ပြောသည်။

မယ်အေး ကပျာကယာထိုင်ချ၏။

“အလိုလေး မလုပ်လိုက်ပါနဲ့ မောင်မောင်လှိုင်းရယ်”

“အကျွန့်မှာ ဒင်္ဂါးပါပါသယ်ဗျာ့”

ခါးပိုက်ထောင့်ကို တချွင်ချွင်မြည်အောင် လှုပ်ပြရာက၊ ငလှိုင်းသည် တစ်ကျပ်သုံး ဒေါင်းဒင်္ဂါးတစ်ပြားထုတ်ပေး၏။ မယ်အေးမှာ လှမ်းယူမိမည်သို့ ဖြစ်၏။

“သူ့အမေက ငါ့ကိုယုံလို့ ငါနဲ့ထည့်လိုက်သာပါ မောင်လှိုင်းရာ”

“အကျွန်ုပ်က စေတနာနဲ့ ပေးသာပါဗျာ။ မကြီးအေး ဆာလောင်နေပြီထင်လို့ပါ။ အကျွန်ုပ် ဟော့ရမ်းသော့သွမ်းလိုစိတ်နဲ့ နှင်သာမဟုတ်ပါဘူး”

ငလှိုင်း မည်သို့ပြောစေကာမူ မယ်အေး မယုံ။

“ဇာတ်သမဆိုပြီး အထင်မသေးပါနဲ့ မောင်လှိုင်းရယ်။ မျိုးကောင်း ရိုးကောင်း၊ မိကောင်းဖခင် သမီးပါကွယ်”

ငလှိုင်းမှာ “ခက်လိုက်တာနော်” မြည်တမ်းကာ ခေါင်းပေါင်းမပျက်အောင် ခေါင်းကုတ်သည်။ မယ်ခေါင်းလှမှာမူ မျက်နှာ အောက်ချထားမိသည်။

“ငါလည်းထသွားရော၊ မောင်က ကလေးမကို ပွေ့ဟယ် ဖက်ဟယ် နမ်းဟယ် ရှုပ်ဟယ်လုပ်ရင် မခက်ပါကလား။ အပျိုစင်သိက္ခာ မညှိုးနွမ်းပေ ဖူးလား”

“ဟာဗျာ၊ မကြီးအေးကလည်း မကြီးအေးထင်သလို မဟုတ်ပါဘူး ဗျ။ အကျွန်ုပ် အဲသာလောက် အကြံမရိုင်းပါဘူးဗျာ”

“ဟင်း၊ မောင်ရို့ယောကျာ်းတွေအကြောင်း မသိဘူးမှတ်လို့လား”

ပုဂံစာအုပ်တိုက်

ငလှိုင်းမှာ ဆက်လက်ရှင်းပြရန် အားမထုတ်တော့ဘဲ၊ မည်သို့လုပ်ရပါမည်နည်း ဟူသည်ကိုသာ ကြံစည်ရလေတော့၏။

"အဖိုဓာတ်နဲ့ အမဓာတ်ဟာ မတည့်ဘူး မောင်မောင်လှိုင်းရဲ့။ ချဉ်သီးနဲ့ ဆား အတူထားရင် အလိုလိုနေရင်းက သွားကြားက သွားရည်ယိုလာသလို၊ မောင်တို့ နှစ်ယောက်တည်းကျန်ရင် အမောင်လား မတို့မထိဘဲနေမှာ။ အနည်းဆုံး လက်ကိုတော့ အမောင်ကိုင်မှာ"

ငလှိုင်း မငြင်းနိုင်ပြီ။ ဒေါင်းဒင်္ဂါးတစ်ပြားကို ရက်ရက်ရောရောထုတ်ပေးခြင်းမှာ သည်ယုန်ကိုလို၍ သည်ချုံကို ခုတ်ခြင်းဖြစ်၏။ သူ့ ရင်တွင်းအကြံကို သိဘိသည့်အလား၊ ပြောလာသည့်အခါတွင် သူ သဂင်ပြင်းရှိုက်မိ၏။

"အဲသလို မတည့်ပါဘူးဆိုသဲ့ ဖိုနဲ့ မဓာတ်ကို၊ လက်ဖျားကလေးပဲကိုင်ကိုင်၊ ပခုံးကလေးပဲထိထိ စိတ်ရိုင်းတွေ ဝင်လာတတ်သယ်မောင်။ မတွေ့ခင် မထိခင်က သိနှင့်သဲ့ အသိတွေ၊ ဆင်ခြင်တုံတရားတွေလည်း အတွေ့ထူးကြောင့် မှေးမှိန်ပြီး ပျောက်ကုန်တော့သာကလား"

"သွားကြစို့ မကြီးအေး"

ချစ်သူ၏ လက်ဖျားကလေးကိုဖြင့် ယနေ့ည ကိုင်ခွင့်ရတန်ရဲ့ ဟူသည့် စိတ်ကူးပျက်သွားသဖြင့် ငလှိုင်းကပင်စတင်ပြီး ပြန်စကားပြောသည်။ သို့အတွက် မယ်အေးလည်း "အေးလေ၊ ပွဲမထွက်ခင် ပြန်ရောက်ရင်ကောင်းသပ၊" ဆိုကာ ဖင်ခုထိုင်ထားသော ခုံဖိနပ်ကိုဆွဲထုတ်သည်။

"ဓာတ်ထဲမှာ နမလေးကို သူတစ်ပါးအထင်သေးမှာစိုးလို့ ဣန္ဒြေနဲ့နေရသဲ့အတွက် စကားပြောဖြစ်မှာ မဟုတ်ဘူးနော်"

"ဟုတ်ပါသယ်။ ကိုလှိုင်းကို မိဒေါင်း ရိုသေအားကိုးပါသယ်။ ကြည်ညိုပါသယ်"

"အဲသာကြောင့် လူချင်းမခွဲခင် မှာလိုက်ပါရစေ။ 'ဒေါင်းမော်လျှင်ခေါင်းပေါ်ကြွစေတော့' ဆိုသာလိုပဲ မောင်မောင်ကတော့"

"တော်စမ်းပါ မောင်မောင်လှိုင်းရယ်။ အဲသာက ဒေါင်းဒင်္ဂါးအကြောင်း ဖွဲ့ထားသဲ့ မောင့်ဆရာရဲ့တေးထပ်ပါ။ ဟိုတစ်စ သည်တစ်စ ဆွဲမစပ်ပါနဲ့"

မယ်အေးကြီး ဝင်တောသဖြင့် ငလှိုင်း ရယ်မောသည်။

"စကားဆိုသာမျိုးမှာ ကြားဖူးနားဝ ရှိသာတွေကို ဆီလျော်အောင် ဖွဲ့နွဲ့ပြောဆိုရသာပဲ မဟုတ်လား မကြီးအေးရဲ့"

"မောင့်လို စကားမတတ်ပေါင်တော်"

"အဲသည်တေးထပ် မကြီးအေးရလား။ ကြားပါရစေ"

"အလိုတော်" ဆိုကာ မယ်အေးသည် မယ်ဒေါင်းလှအား လှည့်ကြည့်ပြီး "တပည့်ရင်းခေါက်ခေါက်ကြီးကို ဖယ်ထားပြီး၊ ကျွန်တော်မျိုးမကို ခိုင်းရသလား" ဟု ငေါ့၏။

"ဒေါင်းမော်လျှင် ခေါင်းပေါ်ကြွစေတော့၊ ပေါင်းဖော်ရကြည်ညို။ နူထွတ်လို့ သူလက်တိုစေ၊ ယူဖက်ကိုမငြင်း။ ငွေရှိလို့ ဒင်္ဂါးကြွယ်လျှင် မင်းလားကွယ် ဆွဲလိမ့်အတင်း"

"ခေါင်းပေါ်မကြွပါဘူး။ ခေါင်းပေါ် ခွသာပါ"

"မူရင်းက မကြီးအေး အမိန့်ရှိသလိုပါပဲ။ နမလေး နားမရှင်းအောင်လို့ ကြွတာပါ။ မျိုးရိုးသန့်မသန့် ပညာတတ်မတတ် စာရိတ္တကောင်း မကောင်း စစ်ဆေးမနေတော့ဘူး။ နူဝဲရွဲပြီး လက်တွေခြေတွေ တိုနေစေဦး။ ဒင်္ဂါးရှိရင် ယူကြတော့သာပဲတဲ့။ နမလေးတို့ မိန်းမသားတွေ သတိထားဖို့ ရေးဖွဲ့သာပါ"

"အို တစ်လကို ဒေါင်းဒင်္ဂါးငါးပြား ဇာတ်အုပ်မင်းက ချီးမြှင့်နေမှဖြင့် မိဒေါင်းတို့ ထပ်မလိုချင်ပေါင်။ဒင်္ဂါးမက်ပြီး ကိုယ်မကောင်းသူကို ယူရမယ်လို့"

မယ်ဒေါင်းလှသည် ကြည်နူးစွာနားဆင်နေရာက ချက်ကျလက်ကျ ချေပ၏။ငလှိုင်း ဝမ်းသာပြုံး ပြုံးခိုက် "ဆက်ပါဦး" ဆိုသဖြင့် ဆက်ရပြန်၏။

"ငွေရှိလို့ ဒင်္ဂါးကြွယ်လျှင် မင်းလားကွယ် ဆွဲလိမ့်အတင်း.... တဲ့"

"ကျုပ်တို့ငယ်ငယ်တုန်းက ဒိုင်ခွက်တွေကို စို့နဲ့ဖြတ်ပြီး သုံးသာပါကွယ်။

အခုမှ စက်ရုံတော်ကထုတ်လို့ ဒင်္ဂါးဒင်္ဂါးနဲ့ တစ်ဒင်္ဂါးတည်း ဒင်္ဂါးနေကြသာပါ"

"ကိုလှိုင်း ဆက်ပါဦးနော်"

"အဲသလို အပေါယံဒင်္ဂါးနောက်ကို သိက္ခာမငဲ့ဘဲ ကောက်ကောက်ပါအောင် လိုက်ကြသလို အနှစ်သာရကင်းမဲ့သဲ့ အပေါယံကြောနောက်လိုက်ကြပုံကိုလည်း 'ပိုးပုဆိုးနဲ့ မြော်မြင်ယူသယ်၊ ခေါ်ချင်သူထင်လင်း။ ဘုရားဒကာ ကြွပါမင်းရယ်လို့ ခဝပ်စင်းရှိသေ။ ဘယ်လောက်ပင် ပညာဖုံးသော်လည်း 'နင်ဘာတုန်း' မေးတဲ့ ခေတ်ပေတဲ့ဗျ"

"ဟုတ်ပါ့တော်၊ မောင်မောင့်ဆရာကဖြင့် လက်ဝါးပေါ်တင်ပြသလို ရေးတတ်ပါပေ့"

"တော်ပါ" မယ်ဒေါင်းလှက ရယ်မြူးသံဖြင့် "ယောမင်းကြီးရဲ့ကျမ်းကို မြင်းထိန်းချီးမွမ်းသလို မလုပ်ပါနဲ့"ဟု မယ်အေးအား သရော်သည်။

"မသိလို့ပါတော်၊ မပြောတော့ပါဘူး။ ဆက်ပါဦးမောင်"

"ပညာအဆီအနှစ် တိမ်မြုပ်ပြီး ပညာရှိမှန်းမသိ ဘာမှန်းမသိ ဖြစ်အောင်ကို ဒင်္ဂါးနဲ့ ပကာသနဖုံးကုန်ပြီလို့ ဆိုပြီးသဲ့နောက်မှာ သမီးတွေ ဇနီးတွေလွှတ်ပြီး မြူမနေနဲ့။ ငွေစရှိရင် ပြီးသယ်ဆိုသဲ့အကြောင်းကို ဆက်လက်ကုံးသီလိုက်သာက သည်လိုတဲ့"

"ကြားပါရစေရှင်"

"သမီးနှင့်ပြီးမသေ့ ဇနီးဆွေ မမြူရပါဘု၊ ငြူစ ငွေမျက်နှာ လိုက်သဲ့ ခေတ်ပါ။ ငွေစကားနှင့် တင်စားလာလျှင် မင့်ပညာ ဘာပြုလိမ့်လေး.... တဲ့။ နမရေ အဲသာကြောင့် ငွေစရှင်သဲ့ ကုန်သည်ပွဲစားတွေရောက်လာပြီး ငွေနဲ့ မြူမှဖြင့် မောင်မောင့်ကို ပစ်မသွားပါနဲ့လို့"

ပြောပြောဆိုဆို လှိုင်းထရပ်သည်။ တင်ပါးတွင် ကပ်ကျံနေသော ဖုန်တွေ၊ သစ်ရွက်တွေကို ပုတ်ခါသည်။ မယ်အေးကား မထသေး။ "ပြောလိုက်လေ၊ မိဒေါင်း သည်အစားထဲက မဟုတ်ပါဘူးလို့" သင်ပေးသည်။

"မိဒေါင်းလှ သည်လိုမဟုတ်ပါဘူး ကိုလှိုင်းရယ်၊ ယုံပါနော်"

"လတောင် အတော်မြင့်ပြီပဲ။ သုတ်သုတ်လှမ်းကြစို့"

သူတို့သည် ဇာတ်ကြီးကပြမည့်ဘက်သို့ ဦးတည်ထွက်ခွာလာစဉ် ဒိုးပတ်သံနှင့် တေးချင်းသံကို သဲ့သဲ့ကြားရ၏။

"ခုခေတ်တွင် ခုကာလ ဒေါင်းရှိမှလူလိမ္မာ။ ဒေါင်းမပါ လူပျိုပေါက်တို့ ကဲမရောက်ပါ။ ဒေါင်းအကဲနဲ့ စနည်းနာ မလိမ္မာလို့ မိုက်စေဦးတော့"

လူ၏အသိအလိမ္မာ၊ ဂုဏ်သိက္ခာ၊ ပညာများအား ဒေါင်းဒင်္ဂါး၏ ကြီးစိုးမှု သည်းထန်လာပုံကို သူ့ဆရာနည်းတူ သိသူမြင်သူ ခံစားရသူများ ရှိနေပါတကားဟု ငလှိုင်း စဉ်းစားရင်း နန်းမြို့ဘက်သို့ မျှော်ကြည့်မိ၏။ ရွှေတောင်၊ ငွေတောင်၊ ပတ္တမြားတောင်ကြီးတွေပေါက်လျက် နေ့နှင့်မခြား ထိန်ညီးနေသော ရောင်ထွေဆန်းမြို့တော်ပါတကား။

★

## ၁၄

"ဒဏ္ဍာရီပါမှ လွမ်းတာမို့၊ တန်ပါပြီကာလဆန်းတာကြောင့် ရာမခန်း ကွယ်သည့်နယ်"

ကိုဖေသည် ထိုင်ရာမထ တိုးရွှေ့လာသော လှိုင်းအား တစ်ချက်ငဲ့ကြည့်ပြီးနောက် စာရေးခုံကို ကျောပေးလိုက်ကာ ဆေးလိပ်ကောက်ညှိ၏။

"ငစိန်တို့၊ ငသောကတို့၊ အိမ်ရှင်မကို ပြောထားကြဟေ့။ ညှော်သည် လာလိမ့်မယ်လို့ ကြားကြရဲ့လား"

"ဟုတ်ကဲ့ ကြားပါသယ်ခင်ဗျာ့"

ငသောကသည် မန်ကျည်းတုံးကြီး တစ်တုံးကိုပင် ပန်းကြီးစွာ ပုဆိန်ဖြင့် ပေါက်နေရာက ငစိန်ကို မျှော်ကြည့်သည်။ မီးဖိုဘက်တွင် ငစိန်မရှိ။ ရေခပ်ထွက်နေဟန်ရှိသဖြင့် မီးဖိုဘက်သို့ ပြေးသွားသည်။

"မျက်နှာချို လာသွေးပုံထောက်တော့ ငါ့တပည့် မယားယူချင်ပြီထင်သဟေ့"

ငလှိုင်း ရှက်ရယ်ရယ်ပြေား၊ ရဲရဲ မရယ်ဝံ့။

"ဟုတ်ပါသယ်ဆရာ။ ကျွန်တော့်မိဘများက ဆင်ပေါင်ဝဲဘက်မှာ နေသာ ဝေးသဲ့အတွက်၊ သရက်ကန်က ဘနဲ့အမေကြီးတို့၊ ဘကြီးဘထွေး တို့ပဲ လာကြပါသယ်ဆရာ။ အခု တောင်မြို့မှာ တည်းနေကြပါပြီ"

"အေးပေါ့ကွာ။ သီးချိန်တန်သီး ပွင့်ချိန်တန် ပွင့်ရမှာပေါ့။ ဆရာ လိုက်မှာပေါ့။ ဇာတ်အုပ်လည်း အားလပ်ရင် ခေါ်ခဲ့မယ်။ အေး နေဦး၊ မောင်မောင်ဘတောင် အားလပ်ကောင်း အားလပ်လိမ့်မဟော့။ ခဏကြာလို့ ရောက်လာမှ မေးရဦး"

ငလှိုင်းမှာ သူ့ဆရာတစ်ယောက်တည်း ပါလာလျှင်ပင် ပြည့်စုံပြီဟု ယုံကြည်၏။ ယခု ဆရာ့ထက် မျက်နှာကြီးသူတွေ ပါဦးမည်ဆိုသောအခါ အလွန်ဝမ်းသာနေ၏။ ခုနက ငစိန်တို့အား လှမ်းပြောသံသည် မောင်မောင် ဘပင် ဖြစ်ဖွယ်ရှိသည်အတွေးဖြင့် သင်ဖြူးခင်းသည်။ ထွေးခံကို ရေ ဆေးသည်။ ကျပ်ခိုးစွဲသည်အထိ ရင့်ညှောင်းနေသည့် ပင့်ကူမျှင်များကို ခြစ်ယက် ဖယ်ရှားနေသည်။

"ကြွပါခင်ဗျာ၊ ကြွပါ။ ဆရာရှိပါသယ်"

ငသောက၏ တစ်စုံတစ်ယောက်အား ကြိုဆိုသံကြောင့် ဆရာ တပည့် စကားပြတ်သွားကြသည်။ ကိုဖေလည်း တင်ပျဉ်ခွေကို သေသေ သပ်သပ်ဖြစ်အောင် ပြုပြင်လိုက်ရာက လည်ပင်းရှည်ကြည့်သည်။

"အခုပဲ မင်းသားအကြောင်း ပြောနေသာနဲ့အတော်ပဲ"

ခေါင်းပေါင်းစကို ဝှက်ထောင်ထားသော လူပုံ ချောချော သွယ်သွယ် လျလျ လူတစ်ယောက်သည် နောက်လိုက်နှစ်ယောက်ကို ဖိနပ်ချွတ်တွင် ထားခဲ့ပြီး သင်ဖြူးပေါ်တွင်ဝင်ထိုင်ရင်း "ခိုင်းစရာရှိမှလာသယ် ထင်တော် မမူပါနဲ့ ဆရာ" ဟု စကားစသည်။ သူ ဖိနပ်ချွတ်ဘက်သို့ မျက်နှာမူလျှင် ထိုင်နေသော တပည့်နှစ်ယောက်အနက် တစ်ယောက်က ယွန်းဇန်းတစ်ချပ်

လှမ်းပေး၏။

"လက်ဖက်စို၊ လက်ဖက်ခြောက်၊ ပဲလှော်ကြော်၊ ထန်းလျက်။ ပြီးတော့ ဆရာကြိုက်မှ ကြိုက်ပါ့မလား မသိဘူး၊ ရေမွှေး"

"ဟုတ်သယ် မကြိုက်ဘူး၊ နည်းနည်းကလေး ဆိုရင်ပါ့"

ကိုဖေသည် အားရပါးရ ရယ်မောလိုက်ပြီး "မင်းသားထံ အခါခါ လူလွှတ်ပေမယ့် မတွေ့ပါကလား။ အခုမှ ကြွလာပေတော့သယ်" ဟု မေးသည်။

မောင်မောင်ဘသည် အသံကိုနှိမ့်၏။ အိမ်ရှေ့သို့ကြည့်၏။

"ဘဝရှင်မင်းတရားကြီးက မိစ္ဆာဒိဋ္ဌိ အင်္ဂလိပ်တွေနဲ့ မီးမသေ ရေမနောက် သဘောထားတော်မူတော့ များစွာခက်သဗျာ့။ လက်နက်စက်ရုံ တော်က သေနတ်ကောင်းတွေ ခိုးလို့ရမလားလို့ ကြံစည်နေသာ"

"ရာဇဝတ်အိုးကြီးပါကလား မင်းသားရယ်"

ပက်လက်လန်မည်သို့ အထိတ်တလန့် ဖြစ်သွားငြား၊ ကိုဖေ သိလိုသည်။ ဤမင်းသားတွင် မြင်ကွန်းမြင်းခုံတိုင် ညီနောင်နှယ် အကြံဆိုးမရှိ။ ထီးနန်း စိုးစံရေးထက် သဘင်သည်များနှင့် ရင်းနှီးစွာ မွေ့လျော်နေရလျှင် ကျေနပ်သူ ဖြစ်၏။ ထိုသို့ စည်သောင်းညွင်းဖြင့် ပျော်ပိုက်နေသူက မည်သည့်အတွက် သေနတ်ကောင်းတွေ ခိုးယူချင်ရသနည်း။

"ဘယ်လိုအကြောင်း ဘယ်လိုအကျိုးဆိုသာ သိပါရစေ မင်းသားရယ်။ ကျုပ်တို့ ကိုယ်တော်ကြီးများ ကူညီနိုင်မလား"

"မက္ကရာကိုယ်တော်ကြီးရဲ့ အမအစ ရွှေငွေရကောင်းရမယ်။ သေနတ် မရဘူးဆရာ။ စာရင်းအင်း အတိမ်းမခံဘူး"

"ဘောက်မဲ့ကြောင့် အလိုရှိရသာတုန်း။ ကျုပ်လည်း စည်သာရှာစား စလေဆရာလို အခါပေးပြီး ဦးသာအိုးရဲ့ အသတ်ခံရအောင်"

ထိုအခါတွင် မောင်မောင်ဘ၏ ရွှင်နေသောမျက်နှာမှာ ညှိုးနွမ်းရ၏။

"အခါပေးလို့ စလေဦးပုည သေသာဟုတ်ပေါင်ဗျာ။ ဦးသာအိုးရဲ့ မယား တွေနဲ့ ပလူးမိလို့ မယားမာန် ခုတ်ခံရသာပါ။ အင်း ဆရာစလေ ဆရာစလေ အဖြစ်ဆိုးလှချည်ရဲ့" ဟု ဆက်လက်ညည်းတွားသည်။

"အကျွန် ရယ်မောစရာပြောမှပဲ မင်းသား စိတ်ဆင်းရဲစရာ ဖြစ်မင့်ကိုး။ သေနတ်ကိစ္စ ဆက်ပါဦး"

"ယက္ခပူရ မြောက်ဖျားစွန်း ကုလားတန်မြစ်ဖျားမှာ အကျွန်ရို့ ချင်း လူမျိုးတွေ နေကြသယ်ဆရာ။ အလွန်သတ္တိကောင်းပြီး အင်္ဂလိပ်ကုလားဖြူ မိစ္ဆာဒိဋ္ဌိတွေကို အလွန်မုန်းကြသယ်"

"သရက်၊ တောင်တွင်း၊ ငဖဲဘက်မှာလည်း နေသမဟုတ်လား"

"ဟုတ်သယ်။ သို့သော် မျိုးနွယ်ချင်း ကွဲကြထင်ပ့ါ။ အဲသာနဲ့ စကား ဆက်ရဦး"

"ပြောပါ ဆက်ပါဦး။ လက်ဖက်ရည် သုံးဆောင်ပါဦး။ ညှော်သည်ရဲ့ လက်ဖက်ခြောက်နဲ့ပဲ ညှော်သည်ကို ညှော်ခံရတော့မှာပဲ"

မောင်မောင်ဘသည် ရောနှောရယ်မောပြီးမှ သူ့စကားကို ဆက်၏။

"လွန်ခဲ့သဲ့ နှစ်ပေါင်း၅၀ကျော်က ဘကြီးတော်ဘုရား ရွှေလက်ထက် တော်မှာ၊ စစ်သူကြီးမင်း သတိုးမင်းကြီး မဟာဗန္ဓုလ ကျဆုံးအပြီးမှာ ရခိုင် ပြည်နယ်နဲ့ မြိတ်၊ ထားဝယ်ကို မိစ္ဆာဒိဋ္ဌိတွေလက်ထဲ ပေးလိုက်ရသမှုတ်လား"

"ဟုတ်ပါသယ်။ အဲသာ အခု"

"အဲသာလောက် ကြာမြင့်နေခဲ့ပေမယ့်၊ အကျွန်ရို့ ကုလားတန်မြစ်ဖျားက ချင်းတွေဟာ ကုလားဖြူအင်္ဂလိပ်ကို ခုခံနေတုန်း တိုက်ခိုက်နေတုန်းပဲ ဆရာရေ့"

"ဟာ" ဆိုကာ သူ့ပေါင်ကိုသူ ဆရာဖေ ပုတ်သည်။

"တကယ့် မျိုးချစ်အာဇာနည်တွေပါကလား"

"ကုလားဖြူယုတ်တွေဟာ 'တက်မ' ရွာမှာ နေထိုင်သဲ့ ချင်းလူမျိုးတွေကို ကျွန်ပြုဖို့အတွက် မျောက်တောင်ဆိုသဲ့မြို့ကို တည်ထောင် တပ်စွဲကြချိန်မှာ

တက်မကျေးရွာမှာ 'တောင်မင်း' နှစ်ယောက်ရှိသယ်။ 'တောင်မင်းဆိန္ဓာ'တဲ့ 'တက်တူစိုအနွယ်' က နောက်တစ်ဦး 'တောင်မင်းဆပင်၊ နင်မလောက် အနွယ်' တဲ့။

အသံအုပ်ပြောရန်မလိုတော့သဖြင့် မောင်ခမောင်ဘသည် ကျယ်ကျယ် လောင်လောင် ဖြစ်လာ၏။ ထိုအခါ ကိုယေသည် လှိုင်းဘက်လှည့်ပြောသည်။

"ကြားလား၊ ငါရို့လူမျိုးဟာ အမျိုးအနွယ်ကို အလွန်တန်ဖိုးထား သာကွ"

"ဟုတ်ပါသယ်ဆရာ။ သားသမီးဝတ်ငါးပါးမှာ 'စောင့်လေမျိုးနွယ်' လို့ နောက်ဆုံးကပိတ်ပြီး သတ်မှတ်ပေးထားသာ"

"ဆက်ပါဦးမင်းသား၊ ကြားပါရစေ"

"ဟိုဟာလေးပေး သည်ဟာလေးပေး သိမ်းသွင်းပြီး ကျွန်လုပ်ဖို့ လာသာကို ချင်းတွေက သိသာပေါ့။ နည်းနည်းလေး တုံ့ပြန်အရောဝင်သာနဲ့ တကတည်း အခွန်ကောက်တော့သာကလား။ ကိုယ့်သခင် ကိုယ့်အရှင်နဲ့ နေသာတောင်၊ တစ်နှစ်မှတစ်ခါ ကတိုးချိပ်၊ ပျားရည်၊ အဲသာလောက်ပဲ လက်ဆောင်ဆက်ရသာ။ အခုလို အိမ်တိုင်းစေ့ လာတောင်းတော့ ထိုးခုတ် တိုက်ခိုက် လွှတ်သာပေါ့"

"ပွဲကောင်းပေါ့ မင်းသားရာ"

"ပထမမှာ ကုလားဖြူကုလားနက်အလောင်း ထပ်ထပ်ကြိမ်းပေမယ့် အကျွန်ရို့ အမျိုးသားတွေမှာ အမဲလိုက်သဲ့ တူမီးသေနတ်ပဲ ရှိသာကလား ဆရာရဲ့။ တစ်ရွာလုံး မီးရှို့ခံရသယ်။ သာပေမယ့် ဘာမထိသဲ့ ဇာနည်ဘွား ချင်းတွေဟာ အယုတ်တမာတွေရဲ့ အုပ်စိုးမှုကလွတ်သဲ့ မြစ်ညာကို ဆန် တက်ပြီး ရွာတည်နေကြသာကလား။ ရွာနာမည်က မီးဝတဲ့"

"အကျွန့်အဖေလည်း ကုလားပိုင်သဲ့နယ်ထဲ မနေချင်လို့ အခုရောက်သဲ့ နေရာကို ရွှေ့လာသာဆရာ။ ချင်းရယ်၊ မြန်မာရယ် နာမည်သာကွဲပေမယ့်

စာမရှိစိတ်ဓာတ်ချင်း တူလိုက်ပါဘိတော့သယ်"

"သာနဲ့ တပယင်းနားက သရက်ကန်က ဆိုဟဲ့"

"အဲသာက အဖေ့ဇာတိလေဆရာရဲ့။ အဖိုးအဖွား၊ ဘကြီးဘထွေးတွေ ခုထက်ထိ နေကြပါသယ် ဆရာ"

ဆရာတပည့် အမေးအဖြေ လုပ်နေကြသဖြင့် မောင်မောင်ဘ လက်ဖက်စား၏။ လက်ဖက်ရည်သောက်၏။ အသံစဲမှ ပြော၏။

"ခွေးတွေ လိုက်လာလိမ့်မယ် သိသဲ့အတွက် ခံတပ်ပါဆောက်ထား သတဲ့။ ဟုတ်ပါသယ် လိုက်လာကြတော့၊ သူ့လက်အောက် မခံချင်လို့ နေရာရွှေ့ယာသူတွေကပဲ ဆီးတိုက်သာပေါ့။ သည်ပွဲမှာတော့ ကုလားလည်း နာ၊ အကျွန်ရို့ ချင်းတွေလည်း မသက်သာဘူးပေါ့။ အဲသာနဲ့ ကုလားတန် မြစ်ညာကို တစ်စု၊ မီးချောင်းညာကို တစ်စု နှစ်စုခွဲပြီး တက်လာကြသတဲ့"

"တွေ့လား တပည့်၊ လက်နက် အလွန်အရေးကြီးသယ်။ မင်းကြီး မဟာဗန္ဓုလ ကျဆုံးရသာလည်း လက်နက်မတူလို့။ ပဲခူးနယ်ကို လက်လွှတ် ရသာလည်း လက်နက်မတူလို့ပဲ"

"ဟုတ်သယ်ဆရာ၊ စစ်ကိုင်းဘက်မှာ စက်ရုံတည်မယ့်ပစ္စည်းတွေကို အခုထက်ထိ ဘာမှမလုပ်ကြသေးပါကလား"

ထိုအခါ ကိုဖေ သက်ပြင်းချ၏။

"သင်းရို့ထက်သာတဲ့ လက်နက်တွေ လုပ်နိုင်အောင် စီစဉ်ပြန်တော့ လည်း ရန်ကုန်မြစ်ဝက ဆီးပြီး နှောင့်ယှက်သယ် ဆရာဖေရဲ့။ သို့သော် မပူပါနဲ့။ မင်းတရားကြီး ကြံစည်နေပါသယ်"

"သမ္မာဒိဋ္ဌိကို သမန္တာစက္ခုဝါဒေသနဲ့ နှင်လို့ရပေမယ့်၊ မိစ္ဆာဒိဋ္ဌိကို အဲသာနဲ့ ဆီးဆို့လို့မရဘူး။ သေနတ်ကောင်း၊ အမြောက်ကောင်းနဲ့ ပစ်သတ်မှ ရသာ။ ကဲပါလေ.... ဆက်ပါဦး မင်းသား"

ကိုဖေသည် လက်ရှိ လက်နက်စက်ရုံတော်များကို အားမရတိုင်း

မြည်တမ်းရာက၊ မောင်မောင်ဘ၏ စကားလမ်းကြောင်းကို သတိရသဖြင့် စကားဖြတ်၏။

"ကုလားတန်မြစ်ညာကို ဆန်လာသဲ့ အကျွန်ရို့ အမျိုးသားတွေ ဘယ်ရောက်သွားသတုန်းဆိုတော့ 'လောင်းကဒူး'နယ်တဲ့။ တောင်မင်း 'မင်းဒွိ' အုပ်စိုးသယ်။ သူက 'ရခါ' အနွယ်ဆိုကိုး"

"အေးအေးချမ်းချမ်းနဲ့ သူ့ဓလေ့၊ သူ့သဘာဝအတိုင်း နေထိုင်ကြသဲ့ ကျုပ်တို့ပြည်သား ချင်းလူမျိုးတွေလည်း မသမာကောင်တွေရောက်လာမှ အိုးပျက်အိမ်ပျက် ပြေးကြလွှားကြရတော့သာကလား။ အင်း အင်း"

ကိုဖေ ညည်းသည့်နည်းတူ သူ့တပည့်ကလည်း ထင်မြင်ချက်ပေး၏။

"သည်မိစ္ဆာဒိဋ္ဌိတွေကို ကုလားဖြူလို့ ခေါ်မယ့်အစား 'ကုလားနူ'လို့ ခေါ်မှ မှန်မယ်ထင်သယ်ဆရာ"

ကိုဖေသည် ပလုတ်ပလောင်းဖြစ်စ ကွမ်းတံတွေးတွေ ပါးစောင်မှ စီးကျလာသည်အထိ မျက်နှာမော့ပြီး ရယ်မော၏။

"ပြောပါဦး၊ ဘောက်မဲ့ကြောင့် သလိုခေါ်ချင်ရသယ်ဆိုတာ"

"သင်းရို့ မျက်နှာ၊လည်ပင်း၊လက်မောင်းတွေမှာ အဖတ်အဖတ်တွေနဲ့ ဆရာရဲ့။ အသားကလည်း သွေးဆုတ်နေသဲ့ သေခါနီးလူမမာလိုဆိုတော့ ဖြူသယ်မခေါ်နိုင်ဘူး။ အနူနဲ့ချည်း တူတူနေလို့ခင်ဗျာ"

"ဆရာတပည့်ကတော့ လိုက်ပါ့ဗျား" ဆိုကာ မောင်မောင်ဘသည် ဖင်ဆောင့်ပြီး ရယ်မောလေ၏။ ရယ်၍အားရမှ ဆွေမျိုးသားချင်းတို့၏ အယုတ်တမာမောင်းနှင်ရေး စစ်ပွဲကိုဆက်၏။

"တောင်မင်း မင်းဒွိဆီကို မီးဝကတက်လာသဲ့ တောင်မင်းဆန္ဒာတို့က ပြောပြထားတော့ မင်းဒွိ သိပြီးပြီ။ 'တန်းဆိတ်' ရွာမှာ ပူးပေါင်းပြီး ခံတပ် တည်ထားကြသယ်။ ဒါ့အပြင် တန်းဆိတ်ရွာရဲ့ မြစ်ညာမှာရှိတဲ့ 'မောင်နမ' ရွာကိုလည်း သတင်းပေးထားသဲ့အတွက်၊ တောင်မင်း 'မိုက်ဟူ' နဲ့

'ဆိုက်ထင်' တို့ ညီအစ်ကိုက လက်နက်ရိကွာ၊ လူသူ စုဆောင်းပြီး အသင့်ပြင်ထားကြပြီ။

"သူတို့နဲ့ မျိုးနွယ်တူသလား မင်းသား"

"မျိုးနွယ်ကွဲသယ်ဆရာရဲ့။ တောင်မင်းမိုက်ဟူနဲ့ ဆိုက်ထင်တို့က 'လင်ဟိုစို' အနွယ်တွေ။ သို့သော် အနွယ်ကွဲပေမယ့် ရန်သူမိစ္ဆာစားပြကို မှန်းတီးရာမှာ သဘောမကွဲပြားဘူးဆရာရေ့၊ တစ်ထပ်တည်းပဲ"

"ဒါပေါ့ဒါပေါ့"ဆိုကာ ကိုဖေ ခေါင်းညိတ်နေသည်။ ငစိန်နှင့် ငသောကတို့လည်း ဗာဟီရအိမ်မှုကိစ္စများ ပြီးစီးသဖြင့် တံခါးဝတွင် လာရောက်ထိုင်ကာ နားထောင်နေကြသည်။

"အဲ ဆရာ့တပည့်ကျော် ပြောသလိုပြောရရင် ကုလားနူအင်္ဂလိပ်တွေက လောင်းကဒူးနယ်အထိ လိုက်လာပြန်ရော။ တောင်မင်း မင်းဒွိကို လက်ဆောင်တွေပေးပြီး 'ပါးလျက်နားလျက်' လုပ်သတဲ့"

ကိုဖေသည် ကိုယ့်ပေါင်ကို ကိုယ်ပုတ်ပြီး ရယ်မော၏။ "သည်စကားဟာ အဖိုးတန်သယ်မင်းသားရာ" ဟု ဆို၏။ ထိုအခါ ငလှိုင်းသည် သဘောမပေါက်သော မျက်နှာဖြင့် သူ့ဆရာကို မော့ကြည့်၏။

"ညံ့ပါ့တပည့်ရာ။ ပယက်နယက် (ပါးလျက်နားလျက်) လုပ်သာခွေးဟ။ သခင်ကို ချစ်ခင်သဲ့သဘောနဲ့ အမြီးလည်းနန့်ပြ၊ ခုန်ပြီး ပါးကို လျှာနဲ့ယက်သယ်။ ခုန်ခုန်ပြီး နားကို လျှာနဲ့ယက်သယ်။ အဲသာကြောင့် လာပြီး အရောဝင်သူကို ပါးယက်နားယက်လုပ်သယ် ခေါ်သာဟဲ့"

ငလှိုင်းသည် ဆရာသခင် ကျေးဇူးရှင်အား လက်အုပ်ချီ၏။

"ရခါအနွယ် တောင်မင်း မင်းဒွိကို ကုလားနူတွေ ပါးလျက်နားလျက် လုပ်ပေမယ့်၊ မင်းဒွိက လက်မခံဘူး။ လက်မခံပေမယ့် အင်္ဂလိပ်ကုလားနူတွေ လက်မလျှော့ဘူး။ စောင်တွေ၊ အထည်တွေ လက်မခံရင် မှန်ပြောင်း။ မှန်ပြောင်းကို လက်မခံပြန်တော့ သေနတ်စသည်ဖြင့်ပေါ့လေ။ အဲသာလောက်

အရှက်မရှိ"

"သည်ခွေးတွေမှာ အရှက်ဆိုသာ မရှိပါဘူးမင်းသားရာ"

"အရှက်မရှိ ပါးလျက်နားလျက် လုပ်ဖန်များသဲ့အခါ တောင်မင်းမင်းဒွိလည်း အသင့်ပြင်ထားသဲ့လက်နက်တွေနဲ့ ပစ်ခတ်သတ်ဖြတ် လွှတ်တော့သာပေါ့။ ဖြစ်လိုက်သဲ့တိုက်ပွဲဟာ သုံးရက်သုံးည ဆက်တိုက်ပဲ။ နားတစွင့်စွင့်နဲ့နေသဲ့ မိုက်ဟူနဲ့ ဆိုက်ထင်တို့လည်း စုန်ဆင်းလာပြီး နှစ်ဖက်ညှပ်တိုက်သယ်။သေလိုက်သဲ့ ကုလားဖြူကုလားနက်ဆိုသာ မြင်မကောင်းပဲ။ သင်းရို့ ခွေးသေသေသဲ့အတွက် အနီးအနားမှာရှိသဲ့ ရွာတွေကို မီးရှို့၊ ကလေးတွေ၊ မိန်းမတွေကိုသတ်ပြီး လက်စားချေသယ်"

"တယ်.... ယုတ်မာသာပဲ"ဟု လှိုင်း ရေရွတ်သည်။

"ဟဲ့ ကုလားနူ မိစ္ဆာဒိဋ္ဌိတွေဆိုမှဖြင့် ယုတ်မာမှုနဲ့ တွဲနေသာပေါ့"

တောင်မင်း မင်းဒွိနဲ့ တန်းဆိတ် ရွာသူရွာသားတွေဟာ မိစ္ဆာဒိဋ္ဌိကုလားနူတိုက်ပွဲမှာ ကျဆုံးသွားရှာကြပေမယ့်၊ ကုလားနူဟာ မိုက်ဟူနဲ့ ဆိုက်ထင်တို့ကို အခဲမကျေဘူး။ ထပ်ပြီး ရိက္ခာလက်နက် လူအင်အား ဖြည့်တင်းပြီး ကုလားတန်မြစ်ကို ဆန်တက်လာကြပါလေရော။ 'ငဒတ်သောင်' ရွာက 'တုန်ကလန်'တောင်မင်းက "ဘာဖြစ်လာကြတာတုန်း"မေးတာပေါ့။ သည်လိုသည်လိုပဲလို့ အကျိုးအကြောင်း သိသိချင်း၊ 'ကျီးလေ' ရွာက 'ဒလက်မေ' ရွာအထိ မြစ်ရိုးတစ်လျှောက်မှာရှိသဲ့ ရွာတွေကို လူလွှတ်ပြီး တပ်လှည့်ရသာပေါ့ဆရာရယ်"

"ကောင်းပေါ့ ကောင်းပေါ့။ ကုလားနူကို တိုက်ခိုက်သတ်ဖြတ်တဲ့ သတင်း မှန်သရွေ့ကို သာဓုခေါ်ပါသယ်မင်းသား"

"မီးချောင်းတစ်လျှောက်မှာရှိသဲ့ ချင်းရွာတွေကိုလည်း 'ရရာလက်နက်ဆွဲပြီး အိမ်ရှိလူကုန် စောင့်ကြဟေ့။ မျိုးမတူ ဇာတ်ခြားသဲ့ မျောက်လိုလို ခွေးလိုလို ရန်သူတွေ လာနေကြပြီ' လို့ တပ်လှန့်ထားသယ်။ မိုက်ဟူနဲ့

ဆိုက်ထင်က 'ဒေတ်သောင်နဲ့ မောင်နှမ' တောင်မှာ လူခွဲပြီး ခံတပ်တည်ထားကြသကိုး။ ကုလားဖြူတွေကလည်း ချင်းလူမျိုးတွေမှာ လက်နက်အင်အား၊ လူအင်အား နည်းပါးမှန်းသိလေတော့ ဆက်ပြီး လိုက်လာကြသတဲ့ ဆရာရေ့"

"ကျွန်တော်တို့မှာ လက်နက်ညံ့မှန်းသိလို့ သာလောက်အတင့်ရဲသာ ဆရာရဲ့"

"သာပေါ့မောင်ရာ။ငါတို့မှာ လက်နက်ကောင်းဖို့ လိုသယ်။လက်နက်ကောင်းဖို့ လိုသယ်"

ဆရာတပည့် အတိုင်အဖောက်ညီညီ ပြောနေကြစဉ်တွင် မောင်မောင်ဘသည် လက်ဖက်တစ်ရိုးမြုံ့၏။ လက်ဖက်ရည်သောက်ချိန်ရ၏။

"မောင်နှမတောင် ခံတပ်နဲ့ ကဒေတ်သောင် ခံတပ်မှာ နေ့ညမပြတ်တိုက်ခိုက်နေသဲ့ သတင်းကို ကြားသဲ့ တောင်မင်းတွေက စစ်ကူလာကြပေမယ့် ခံတပ်တွေ ကျနှင့်နေပြီ"

"စစ်ကူလာတဲ့ ကောင်မင်းတွေက"

"ဩော် 'မီးချောင်းတောင်မင်း' နဲ့ 'ကူဝ' ဒေသတစ်ဝိုက်မှာရှိသဲ့ 'တောင်မင်းလဟောက်၊ တောင်မင်းဘောင်ဝိုက်၊ တောင်မင်းလိုက်ငဲ၊ တောင်မင်းဖေ့တန်း' တို့ပေါ့။ သာပေမယ့် ရွာတွေအများကြီး စုပေါင်းပါမှ အကျွန်ရို့မှာ လူသုံးရာလောက်ပဲ ရှိသယ်"

"တောင်ယာနဲ့နီးရာမှာ နေကြသာကိုး"

"ကုလားနူကတော့ နိုင်မှန်းသိလို့ ဆက်ပြီးလိုက်လာပြန်ရော။ ကူဝမှာဖြစ်သဲ့တိုက်ပွဲက အလျှင်ဖြစ်ခဲ့သဲ့ တိုက်ပွဲတွေထက် ပြင်းထန်သယ်။ ခုနစ်ရက်လုံးလုံး နေ့ညမစဲဘူး။ တောင်မင်းတွေ အကုန်နီးပါး ကျဆုံးကုန်သယ်။ အကျွန်ရို့မှာ စစ်ကူမရှိဘူး။ ရန်သူမှာ စစ်ကူရှိသဲ့အတွက် တောတောင်ထူထပ်ရာကို ရှောင်တိမ်းကြရသာပေါ့"

## ပုဂံစာအုပ်တိုက်

"ခွေးဟာ အစွယ် အားကိုးသလို၊ ကုလားနှူလည်း လက်နက်အားကိုးပေါ့"

"အဲသာကြောင့် ကုလားနှူဟာ ဒလက်မေရွာမှာ ရုံးစိုက်သယ်။ ဆေးခင်းခွန်၊ လူခွန်၊ မြေခွန်၊ ယာခွန်တွေ လိုက်တောင်းသယ်။ ကိုယ့်ဘုရင်နဲ့နေသာတောင် သလိုအခွန်မျိုး မပေးရဘဲ၊ တားပြတွေကို အခွန်ပေးရမယ်ဆိုတော့ မပေးဘူးပေါ့"

"ဟုတ်သယ်လေ၊ တောင်မင်းများသာလျှင် ဘုရင်မင်းမြတ်ထံလက်ဆောင်တော် ဆက်သရပြီး ကျန်လူတွေက ဘာမှမပေးရသာကပဲ"

"မပေးဘူးဆိုပြီး တားနဲ့ထခုတ်၊ လှံနဲ့ထထိုး၊ လေးနဲ့လိုက်ပစ် လုပ်ကြသာဟာ 'တောင်မင်းဆိုက်ရုပ်' ကြောင့် ဖြစ်သယ်ဆိုပြီး၊ တောင်မင်းဆိုက်ရုပ်ကို 'ဦးရှိန်တောင်' ရွာကို လာဖမ်း၊ အခွန်မပေးသူတွေကိုဖမ်း လုပ်သဲ့အတွက်ဦးရှိန်တောင်ရွာကိုရောက်နေသဲ့ ကုလားနှူတွေကို ဝင်တိုက်ကြသာ၊ ရာဇဝတ်အုပ် တစ်ယောက်နဲ့ နောက်လိုက်ငါးယောက် သေသွားသတဲ့ဆရာရေ့"

"ကောင်းပါ့ဗျာ၊ သာဓု သာဓု သာဓု"

ကိုဖေသည် ဒူးကိုပုတ်ကာပုတ်ကာဖြင့် ကောင်းချီးပေးသည်။

ပလက်ဝရှိ ကုလားဖြူအရေးပိုင်သည် မိမိတို့၏ပင်လယ်တားပြ အပြုအမူကို ပြန်လည်သုံးသပ်ခြင်း မပြုပေ။ သူ့လူ ၆ယောက် သေသည့်အတွက်ဒေါသအမျက်ထွက်ကာ ဦးရှိန်တောင်ရွာကို တိုက်ခိုက်ဖျက်ဆီးရန် အင်အားသုံးရာရှိသည့်တပ်ကို စေလွှတ်သည်။ ကုလားဖြူ ကုလားနက်များသည်ကုလားတန်မြစ်တစ်လျှောက်ရှိ ကျေးရွာများကို မီးရှို့လူသတ်လျက်ဆန်တက်လာခဲ့ရာ ဦးရှိန်တောင်ရွာတွင် တိုက်ပွဲကြီး ဖြစ်ပွားတော့သည်။

တောင်မင်းဆိုက်ရုပ်သည် လက်နက်အားကိုး ကုလားဖြူ တားပြများကိုအပိုင်အနိုင်သတ်ရန်အတွက် ကြိုတင်ပြင်ဆင်ပြီးဖြစ်၏။ ထိုနေရာမှာ 'ဆလိန်မင်' တောင်ဖြစ်သည်။ ထိုနေရာတွင် ရိက္ခာအပြည့်အစုံ ကြိုတင်

စုဆောင်းထားသည်။ သို့ကြောင့်၊ ဦးရှိန်တောင်ရွာ ပြာကျသွားချိန်၌ ကြိုတင် စီစဉ်ထားသည့်နေရာသို့ ရွှေ့လာခဲ့ကြ၏။

ကုလားဖြူသည် မုဆိုးဘဝမှ သားကောင်ဘဝသို့ ချက်ချင်းပြောင်း၏။

အကြောင်းမူ သူသည် တောင်မင်းဆိုက်ရုပ်၏ ကြိုတင်ခန့်မှန်းချက် အတိုင်း လိုက်လံလုပ်ကိုင်သောကြောင့်ပေတည်း။

ရန်သူကုလားဖြူသည် ဓား၊ လှံနှင့် တူမီး၊ သေနတ်၊ လေးမြားသာ ရှိသော ချင်းလူမျိုးများကို အထင်သေး၏။ ထက်ကြပ်မကွာ လိုက်လံ တိုက်ခိုက်လျှင် နိုင်နင်းမည်ထင်၏။ ထင်သဖြင့် တရစပ်လိုက်လာရာ၊ ကြိုတင်ပြင်ဆင်ထားသည့် ကျောက်မောင်းများကို ရွာအဝင်တွင် တွေ့ကြရ လေ၏။

ပလန်အနွယ် ချင်းသူရဲကောင်းများသည် ထောင်ချောက်ထဲသို့ ကုလားများဝင်လာစေရန် မထိတထိ လေးဖြင့်ပစ်သည်။ တူမီးသေနတ်ဖြင့် ပစ်သည်။ ယခင်တိုက်ပွဲများနည်းတူ အနိုင်ရမည်အထင်ဖြင့် ကုလားဖြူ၊ ကုလားနက်များ ဆင်ခြေလျှော တောင်ကြားလမ်းအတိုင်း ပစ်ခတ်လျက် တက်လာသည်။ လမ်းလုံးပြည့်ကျောက်တုံးကြီး အဟုန်ပြင်းစွာ လိမ့်ဆင်း လာ၏။ ဘေးသို့ကပ်၍မရ၊ ခုန်ရှောင်၍မရ၊ ဖြောင်းဖြောင်းဖျစ်ဖျစ် မြည်သံ များဖြင့် တောင်ကြားတစ်လျှောက် အလောင်းပြာ အလောင်းမှုန့်များ လွှမ်းသွားတော့၏။

နောက်ထပ် ကုလားနက်၊ ကုလားဖြူများ ပြေးတက်လာကြပြန်၏။ ပထမကျောက်တုံးနှင့်ရွယ်တူ ကျောက်တုံးကြီး လိမ့်ဆင်းလာပြန်၏။

ကုလားဖြူများသည် ကျောက်မောင်းဆင်ထားသည့် နေရာကို ဦးတည်ပြီး အဆက်မပြတ်ပစ်ခတ်လျက် ပြေးတက်လာကြပြန်၏။ အခြား နေရာမှ ကျောက်တုံးများ တရစပ်ပြေးဆင်းလာပြန်၏။ ထိုအချိန်တွင် ကျောက်မောင်းများဘက်သို့ အာရုံစိုက်နေသည့် ကုလားဖြူ၊ ကုလားနက်

များမှာ ပလန်သူရဲကောင်းများ၏ လျှပ်တစ်ပြက် ဝင်ရောက်တိုက်ခိုက်ခြင်း ခံရပြန်ရာ၊ ပတ်တုတ်၍မရတော့ပေ။ ကုလားဖြူ ကုလားနက်များ ဖရိုဖရဲ ထွက်ပြေးလေ၏။

ထွက်ပြေးသူဖြစ်စေကာမူ၊ ရန်သူသည် ရန်သူသာဖြစ်ရကား အသင့် စောင့်နေသည့် ပလန်သူရဲကောင်းများက အလွတ်မပေးပါ။ သို့အတွက် ပလက်ဝမှ ထွက်ခွာသွားစဉ်က သုံးရာရှိသော ကုလားဖြူ ကုလားနက် တပ်မှာ ပလက်ဝသို့ ပြန်ရောက်ချိန်၌ တစ်ရာပင် မပြည့်တော့ချေ။

ပလက်ဝအရေးပိုင် လွန်စွာဒေါသထွက်သည်။ "သည်ချင်းတွေကို ကျွန်ုပ်ကိုယ်တိုင် သင်ခန်းစာပေးတော်မူမည်" ဆိုကာ ကိုယ်တိုင်ဦးစီးလျက် ဆလိန်မင်တောင်ရွာသို့ ချီတက်လာခဲ့၏။ ကုလားဖြူ ကုလားနက်များမှာ အရေးပိုင်၏အမိန့်ကို မလွန်ဆန်နိုင်၍ လိုက်ပါလာရငြား သွေးပျက်နေကြပြီ။

သို့အတွက် တိုက်ပွဲဖြစ်သည်နှင့် တစ်ပြိုင်နက်တည်း ပြေးပေါက်ရှာကြပြီ။တက်သွားသူတိုင်း မှုန့်မှုန့်ညက်ညက်ကျေသွားသောအခါ ပရမ်းပတာ ထွက်ပြေးကြတော့သည်။ ပလက်ဝအရေးပိုင်သည် ထွက်ပြေးသူများကို လိုက်လံပစ်ခတ် ထိန်းသိမ်းနေစဉ်။ ပလန်သူရဲကောင်းတို့၏ သေနတ် ကျည် သင့်သည်။ မည်သို့မျှ တာစူ၍ မရ။ ကုလားဖြူ ကုလားနက်တပ်များမှာ အရှက်တကွဲ အကျိုးနည်းဖြစ်လျက် ထွက်ပြေးခဲ့ကြရလေ၏။

"အလွန်ရဲရင့်သဲ့ ချင်းသူရဲကောင်းတွေကို ကျုပ် ရှိခိုးပါသယ် မင်းသား"

ကိုဖေသည် ဆောင့်ကြောင့်ထိုင် လက်အုပ်ချီလျက် ရတနာပုမ် ရွှေမြို့တော်၏ အနောက်တောင်အရပ်၊ ချင်းသူရဲကောင်းများ တံခွန်လွင့်ရာ ပလက်ဝဒေသသို့ ရည်စူးကာ ဦးသုံးကြိမ်ချ၏။

"ကုလားဖြူတွေဟာ အရှက်တကွဲ အကျိုးနည်းဖြစ်ပြီး ထွက်ပြေးရုံသာ

မကဘူး ဆရာရဲ့။ နောင်လည်း မတိုက်ရဲတော့ဘူး။ သို့ကလို ရန်သူကြောက်သွားအောင် ချင်းလူမျိုးတွေ နေရာပြောင်းပြီး တစ်ပွဲပြီးတစ်ပွဲ၊ တစ်နှယ်ပြီးတစ်နှယ် တိုက်ခိုက်ခဲ့ကြရသာ ဘယ်လောက်တောင် ကြာသယ် မှတ်တုန်း"

"အမိန့်ရှိပါမင်းသား"

မောင်မောင်ဘသည် လက်ဝါးတစ်ဖက်နှင့် လက်ညှိုးတစ်ချောင်းကို ထောင်ပြ၏။

"ခြောက်နှစ်ကြာသယ်ဆရာ၊ ခြောက်နှစ်။ သူရို့ပိုင် နယ်နိမိတ်အဖြစ် ကုလားတန်မြစ် ရှက်ကျင်သောင်အထိ အလံစိုက်ပြီး နယ်နိမိတ် သတ်မှတ်ထားခဲ့ရသဗျား"

"အခု လက်နက်စက်ရုံတော်က သေနတ်ကောင်းတွေကို မင်းသား လိုချင်သာက ဘောက်မဲ့ကြောင့်တုန်း"

"သြော်၊ ဆရာဖေ့နှယ် ကုလားနူကို သည်လိုအထင်မသေးနဲ့လေ။ သေနတ်နဲ့တိုက်လို့ မရတဲ့အတွက် အလံစိုက်ပြီး နယ်ခြားသတ်မှတ်ပေမယ့် ချင်းတွေကို သူတို့ အခဲမကျေဘူးလေ"

"အင်း ဟုတ်ပြီ။ သူတော်ကောင်းယောင်ဆောင်သူတွေကို လွှတ်မယ်။ အရက်၊အဝတ်အထည်တွေ ရောက်အောင်လုပ်ပြီး၊သူတို့ကို အထင်ကြီးအောင် လုပ်မယ်"

"မှန်သာပေါ့ဗျာ။ တောင်မင်းဆိုက်ရုပ် သက်ရှိထင်ရှား ရှိနေသမျှ ကာလပတ်လုံး၊ သူ့သားအုပ်စိုးနေသမျှ ကာလပတ်လုံး အမြီးကုပ်ပြီး ကြောင်သူတော်လုပ်နေခဲ့သဲ့ ကုလားနူဟာ မြေးတော် 'တောင်မင်းဘယော'ရဲ့ လက်ထက်လည်းရောက်ရော၊ လာပြီး တိုက်တော့တာပါပဲဗျား"

"ဟဲ့ကောင်တွေ၊ ကြားရဲ့မဟုတ်လား"

ကိုဖေသည် သူ့တပည့်များအား လှည့်ပြော၏။ "သည်မိစ္ဆာဒိဋ္ဌိ

ကုလားယုတ်မျက်နှာဖြူကို ဘယ်နံရောကာလမှာမှ မယုံကြည်နဲ့။ သူ တစ်ပါးကို ဖျက်ဆီးဖို့၊စားပြတိုက်ဖို့ဆိုသဲ့ အကြံယုတ်စိတ်ယုတ် အမြဲတမ်း ရှိနေသယ်လို့ တစ်ထစ်ချ မှတ်ထားကြရမယ်ဟေ့" သတိပေးရာက၊ မောင်မောင်ဘဘက်သို့ ပြန်လှည့်၏။

"တောင်မင်းဘဟေ စစ်ရှုံးရောလား မင်းသား"

"စစ်မရှုံးပါဘူးဆရာ။ ခြောက်လတိတိ ဂုဏ်သိက္ခာရှိရှိ တိုက်ခိုက် နိုင်ပါသယ်ဆရာရဲ့။ နီးစပ်ရာနေရာတွေမှာရှိသဲ့ တောင်မင်းတွေကလည်း လက်နက်၊ လူသူ၊ ရိက္ခာ ထောက်ပံ့ပြီး ကူညီကြသကိုး။ ကုလားဖြူ၊ ကုလားနက် သန်းချီ နေရာအနှံ့ဖြစ်သလို၊ အကျွန်ရို့ ချင်းတွေလည်း ကျဆုံး သာပါပဲ။ အဲ ဂုဏ်သရေမရှိ၊ သိက္ခာမရှိသာက ကုလားနူပါ"

"ကုလားနူဆိုနေမှ ဘယ်မှာ ဂုဏ်သိက္ခာရှိပါမတုန်း။ ကောက်ကျစ် မယ်၊ ယုတ်မာမယ်၊ အောက်တန်းကျမယ်"

မောင်မောင်ဘ "ဟဲ" ခနဲ ရယ်သည်။ "ဆရာပြောလိုက်မှဖြင့် ကုလားဖြူ အင်္ဂလိပ်မှာ ရစရာမရှိတော့ပါကလား"ဟု ဆိုသည်။

"နို့ သည်အင်္ဂလိပ်မှာ ကောင်းကွက်ကော ရှိသေးလို့လား မင်းသားရ"

"ခြောက်လကျော်လာသဲ့အချိန်မှာ ကုလားနူက ငြိမ်းချမ်းရေး ဆွေး နွေးပါရစေဆိုပြီး ကမ်းလှမ်းသယ်ဆရာရဲ့။ ရန်သူရဲ့ သူလျှိုတွေကလည်း သူတော်ကောင်းယောင်ဆောင်ပြီး အနည်းအကျဉ်း ချဉ်းကပ်ခွင့်ရနေပြီ ဖြစ်သဲ့အတွက်၊ တောင်မင်းဘဟေ နားယောင်မိသယ်လေ"

"အင်္ဂလိပ် ဘယ်ပုံယုတ်မာသယ်ဆိုသာလေး"

"ဂုဏ်သရေရှိသဲ့၊ သိက္ခာရှိသဲ့ တောင်မင်းတွေဟာ၊ ရန်သူအင်္ဂလိပ် ကုလားနူကိုလည်း ကိုယ့်လိုပဲ သိက္ခာရှိလိမ့်မယ်ထင်ပြီး ငြိမ်းချမ်းရေး ဆွေးနွေးဖို့အတွက် ပလက်ဝကို အသွားမှာ ဖမ်းဆီးချုပ်နှောင်တော့သာပေါ့"

"ကဲ၊ ငါမပြောလား။ အင်္ဂလိပ်ဟာ ဘယ်တော့မှ ရိုးသားဖြောင့်မတ်မှု

မရှိဘူး။ သင်းရို့မှာ ဖြောင့်မတ်ဖြူစင်ခြင်းဆိုသာ နည်းနည်းမှမရှိဘူးဆိုသာ တစ်သက်လုံး မှတ်ထားကြ"

ကိုဖေက တပည့်များအား လှည့်ပြောပြီးမှ "အဲသည်တော့" ဟု မောင်မောင်ဘ စကားဆက်နိုင်ရန် လမ်းခင်းပေးပြန်၏။

"သူတော်ကောင်း အယောင်ဆောင်တွေက ချင်းလူမျိုးတွေရဲ့ အကျိုးကို လိုလားသယောင်နဲ့ ပလက်ဝအရေးပိုင်ကို မေတ္တာရပ်ခံချင်ယောင်ဆောင်တာ ပေါ့ဗျာ။ လိမ်ပြီးရင်း လိမ်ရင်းပေါ့။ ကုလားနူကလည်း 'တောင်မင်းဘဟော'ကို ချန်ပြီး ကျန်တောင်မင်းတွေကို ပြန်လွှတ်လိုက်သယ်"

"ဟင်း ဝဏ္ဏဉာဏ်နဲ့ သွေးကွဲအောင်လုပ်သာပါ"

"တောင်မင်းဘဟောကိုတော့ စစ်တွေကို ပို့ထားသယ်။ ကျန်ခဲ့သဲ့ တောင်မင်းဘဟောရဲ့ နောက်လိုက်နောက်ပါတွေက အင်္ဂလိပ်ကို ဆက်ပြီး တိုက်သယ်။ တောင်မင်းဘဟောကို ကယ်ဆယ်ဖို့ အဆက်မပြတ် ကြိုးစား ကြသယ်"

"သာပေါ့။ သလိုပဲ လုပ်ရမှာပေါ့"

"အင်္ဂလိပ်ဟာ သူတို့လွှတ်ပေးလိုက်သဲ့ တခြားတောင်မင်းတွေကို ချဉ်းကပ်သိမ်းသွင်းသယ်၊ မရဘူး။ အခွန်ကောက်သယ်၊ တိုက်လွှတ်သယ်။ တောင်မင်းဘဟောကို လွှတ်ပေးပါ တစ်သံတည်း ထွက်ကြသယ်။ အဲသာနဲ့ သုံးနှစ်အကြာမှာ ကုလားနူဟာ တောင်မင်းဘဟောကို လွှတ်ပေးဖို့အတွက် ညှိခံပွဲတစ်ခု လုပ်သယ်။ ဂုဏ်ပြုသဲ့ အသက်ရှည်ဆေး ကျန်းမာဆေးကို ခွက်မြှောက်ပြီး သောက်ကြသယ်။ တောင်မင်းဘဟောခမျာ သူ့ရဲမက်တွေ၊ ရောင်းရင်းတွေထံ မပြန်နိုင်ရှာပါဘူး"

"ဟင်၊ ဘာပြုလို့တုန်း"

ကိုဖေ တအံ့တဩဖြစ်ရ၏။ စိတ်ဝင်စားစွာ နားထောင်နေသူများမှာ လည်း မျက်လုံးအပြူးသားဖြင့် စိုက်ကြည့်နေကြ၏။

ပုဂံစာအုပ်တိုက်

"အင်္ဂလိပ်တိုက်သဲ့ သက်ရှည်ကျန်းမာ ဂုဏ်ပြုဆေးဟာ ဆေးမှ မဟုတ်သာကပဲ။ သူ့အတွက် သီးခြားထည့်ထားသဲ့ အဆိပ်တွေလေ"

"ဟယ်" ခနဲ ကြီးမားကျယ်လောင်သော အသံကြီးထလာ၏။ ပွဲတင်သံများ အိမ်ကလေးတွင်း၌ လွင့်ဝေ့နေပြီးမှ တိတ်ဆိတ်နေလေ၏။ ထိုတိတ်ဆိတ်မှုထဲမှ ဦးစွာထွက်လာသည့်အသံမှာ ကိုဖေ၏ တောက်ခေါက်သံ ဖြစ်၏။

"ခွေး.... ခွေး။ ခွေးအောက် တစ်ယူဇနာလောက်နိမ့်ပြီး အောက်တန်းကျသဲ့၊ ယုတ်မာမိုက်ရိုင်းမှု ကမ်းကုန်သဲ့ ကုလားဖြူအင်္ဂလိပ်"

ကိုဖေ ထပ်မံပြီး တောက်ခေါက်ပြန်သည်။

"အဲသာကြောင့် အကျွန်ုပ်ရို့ ပလက်ဝ ချင်းတွေက အင်္ဂလိပ်ကို အစိမ်းစားချင်ကြသယ်။ သို့သော် လက်နက်ချင်း မယှဉ်သာအောင် ကွာသဲ့အတွက်၊ တောင်တွင်းကြီးနားက ချင်းရွာအုပ်ဆီကို ရောက်လာကြသယ်။ ချင်းရွာအုပ်က အကျွန်ုပ့်ဆီ ချဉ်းကပ်သာပါပဲဆရာ"

အိမ်ကလေးထဲတွင် ထပ်မံတိတ်ဆိတ်ပြန်၏။ ကိုဖေသည် အကြံကောင်းပေးနိုင်ရန် ကြိုးစား၏။ မောင်မောင်ဘသည် ကိုဖေအား ငေးကြည့်နေ၏။ အတန်ကြာမှ ထွက်ပေါ်လာသော ကိုဖေ့အသံမှာ အကြံဉာဏ် မဟုတ်။ သက်ပြင်းချသံသာ ဖြစ်သည်။

"ခက်တော့သာပဲ။ မင်းတရားကြီးက အင်္ဂလိပ်ကို သဘောတော်ကောင်းလွန်း ဖြောင့်မတ်ဖြူစင်လွန်းနေသယ်။ အင်္ဂလိပ်အကျိုးကို ထိပါးမယ်ဆိုရင် လုံ့တိုတစ်ချောင်းတောင် သနားတော်မူမှာ မဟုတ်ဘူး"

"အဲသာကြောင့် ခိုးဖို့ကြံနေသယ် ပြောသာပေါ့ ဆရာရယ်"

မောင်မောင်ဘသည် ရယ်ရွှန်းဖတ်ရွှန်းလုပ်ပြီး အဝတ်အစားများ ပြုပြင်ရင်း ထရပ်ရာက "ကဲကဲ သွားဦးမှ" ပြောပြောဆိုဆိုထသည်။ ကိုဖေလည်း ရောနှောထရပ်ပြီး အိမ်ရှေ့သို့လိုက်ပို့ရငြား လှျာမသွက်။ ငလှိုင်း

မှာလည်း သူ့ကိစ္စကို မင်းသားအားပြောရန် သတိမပေးမိ။ သေနတ်မှိုင်းမိနေသဖြင့် ငေးမောကျန်နေခဲ့သည်။

သို့တစေ သူသည် လုံးလုံးလျားလျားကြီးကား မေ့လျော့မနေပါ။ သူ့ဆရာ ပြန်ဝင်လာချိန်ကျမှ သတိရ၏။

"ဆရာ ကျွန်တော့်ကိစ္စကလေး ပြောဖြစ်သေးလား"

"ပြောလိုက်ပါသယ်ကွယ်။ ကိုယ့်တပည့်အရေးကို ဘယ်မေ့ပါ့မတုန်း"

ထိုအဖြေကို ကြားရသဖြင့် ငလှိုင်းမှာ ရင်ကို သပ်၏။ ရင်ထဲမှ အလုံးကြီး ကျသွားသောကြောင့် ဖြစ်ချေသည်။

★

## ၁၅

"ဇာတိပုည ဂုဏ်မာနဖြင့် သံပကြုံးရိုက်တွန်၊ မိုးစွန်ထောင်လွှား မျိုးလေးပါးတို့ တက်ပွားမာန်တံခွန်ကို"

"သျှိုး"

"လွန့်ထက်လွန်သည်၊ သည်းဝှန်စက်မုန်တိုင်း၊ ခြေတော်ရင်းအောက် မြူနှယ်ပျောက်အောင် လှုပ်ချောက်ဖြတ်ခြွေပိုင်းသား"

"သျှိုး"

"တုမဲ့နှိုင်းသည်၊ စံခိုင်းဖက်မပြင်"

"ဝေ"

"ဥက္ကာဘိဇာတ် ဥက္ကာနတ်သည် ဥက္ကဋ္ဌသာကီစင်တည်း"

"သျှိုး"

ရတုရွတ်ဆိုသူ အသက်ရှူရှိုက်၊ ပုဒ်ဖြတ်ပုဒ်ရပ်သို့ ရောက်ခိုက်တွင် သောသောရုတ်ရုတ် အုတ်အုတ်ကျွက်ကျွက်သံများ မဏ္ဍပ်ထဲ၌ ညံ၏။

မဏ္ဍပ်ထဲမှာသာ မဟုတ်။ ဆင်သေရွာတစ်ရွာလုံး လူသံဖုံးနေ၏။

ကာလသားများ ဟန်ရေးတပြပြ၊ ခေါင်းပေါင်းတလူလူဖြင့် ထွက်လာကြပြီး၊ ကာလသမီးတွေ မထွက်နိုင်ကြသေး။ လှသည်ထက် လှစေရန်၊ တစ်နှစ်မှ တစ်ခါနှစ်ခါသာ ကြုံရသော အလှုပြပွဲကြီးတွင် ကမ်းကုန်အောင် အလှပြရန်အတွက် သနပ်ခါးလိမ်း၍ စိတ်တိုင်းကျ မဖြစ်။ ပန်းစက္ကူဖြင့် နှုတ်ခမ်းဆိုး၍ နေရာတကျ မဖြစ်။ မည်မျှပင်၊ အပျိုခေါင်း လျှောက်အော်သော်ငြား ထွက်မလာကြသေး။

ထိုသို့ ထွက်မလာသူများကို ထွက်လာချင်အောင် သျှိုးလိုက်ရတု မှုတ်အဖွဲ့က အသံပေးကာ ခေါ်ထုတ်နေကြခြင်းဖြစ်၏။

"မဟာဝင်သည်၊ ရာဇင်မျိုးသမ္ဘိန်"

"ဝေ"

"အနန္တလုံး စံမနှုန်းသည် ရွှေဘုန်းမြတ် အာဟိန်နှင့်"

"သျှိုး"

"တထိန်ထိန်သည် အစိန္တေယျာပိုင်း။ သယမ္ဘူဟုန် ဂုဏ်ထက်ဂုဏ်သည်၊ ကိုးစုံနန္တဂိုဏ်းဟု"

"သျှိုး"

မဏ္ဍပ်ထဲသို့ အပျိုချောတစ်ယောက် ဝင်လာသည့်အတွက် ကြားဖောက်ရန် သတိလစ်သွားကြ၏။ ထိုသူများကို ငွေနှစ်မစောင့်ဆိုင်းဘဲ တစ်ချက်အသက်ရှူပြီး ရွတ်၏။ သျှိုးသမားများမှာ ချလိုက်တော့မှသာ အပြေးအဖျန်း သျှိုးနိုင်ကြတော့၏။

သျှိုးအဖွဲ့သားများ အာရုံပြားအောင်လုပ်သူမှာ မိပန်းယဉ်ဖြစ်၏။ ထန်းရွက်များဖြင့် ချိုးဖွဲ့ပြင်ဆင်ထားသည့် ကွမ်းတောင်သည် သူ့အလှနှင့် ပြိုင်လျက် ပါလာ၏။

အလှူပွဲကား ကိုမိုးကောင်းနှင့် မမင်းဘော်တို့၏ သား ရှင်ပြုမင်္ဂလာ

အလှူပွဲတော်ပေတည်း။ သာမဏေလျာ မောင်ရှင်လောင်းများကား သားလတ် သေိုင်းနှင့် သားငယ် ကျေိုင်းတို့ပင်တည်း။

သားကြီးလှိုင်း မယားယူသည့်ပွဲသို့ အမေအဖေ မသွားနိုင်ခြား၊ ဘထွေးဘုန်းကြီးနှင့် အဖိုးအဖွားများလာသည်။ ယခု ရှင်ပြုပွဲသို့လည်း လှိုင်းလင်မယားရော သရက်ကန်မှ မိဘများသာမက၊ အုန်းပင်စုမှ လူများပါ စုံညီရောက်လာကြသည်။

အုန်းပင်စုမှ လာသူများအတွက် အထိတ်တလန့် ဇာတ်လမ်းတစ်ခု ပါလာဟန်ရှိသည်။ သို့ရာတွင် ပွဲစရက်သို့ ရောက်နေပြီဖြစ်သဖြင့် မေးမြန်းပြောချိန် မရသေး။ ပါလာသည့် ငါးခြောက်တွေ ပြုတ်ကြ၊ ထောင်းကြ။ ငါးစိုတွေ ကြော်ကြ၊ လှော်ကြဖြင့် အလှူကိစ္စအောက်တွင် နစ်မွန်းသွားကြ၏။

မယ်ဒေါင်းလှနှင့် အိမ်နီးချင်းမိန်းကလေးများသည် မဏ္ဍပ်တွင်းလာ ညှော့သည်များအတွက် လက်ဖက်၊ ကွမ်းဆေးများ ပြင်ဆင်ပေးနေ၏။ သံယာ စင်ပေါ်တွင်ကား ဦးရဲတင်း၊ ဦးထိန်းနှင့် ကိုမိုးနှောင်း။ ချေိုပ်၊ လှိုင်းတို့ စကားတပြောပြောဖြင့် ပရိသတ်ကိုကြည့်နေကြ၏။

ပရိသတ်သည် နေပြည်တော်သူ မယ်ဒေါင်းလှကို လည်တရှည်ရှည် ကြည့်သည့်နည်းတူ၊ သံယာစင်ပေါ်တွင် ဘိုးအေများနှင့် ဘထွေးရှေ့၌ ကျုံ့ကျုံ့ကလေးထိုင်လျက် ရယ်မောနေသော လှိုင်းကိုလည်း တမော့်မော့ ကြည့်ကြသည်။ ယာထဲကိုင်းထဲတွင် လုပ်ကိုင်နေရသူများနှင့် အသားအရေ ကအစ ကွဲပြားနေသည်ကိုပင် ထူးဆန်းနေသည် ထင်နေကြ၏။

ရတုမင်းသားကလည်းလှိုင်းကို အလေးထားသည်။ ဇာတ်တော်ကြီး စာရေးဆရာ၊ လေသာဆောင်အမှုထမ်း ဆရာဖေ၏ တပည့် စာရေးဆရာငယ်ဟု ကြားထားကြ၏။ သို့ကြောင့် ထိုကဲ့သို့သော ပုဂ္ဂိုလ်၏ ဝမ်းထဲမှ ကြိတ်ပြီး အရယ်မောမခံရစေရန် 'အသဒိသ' ရတုကို ဦးတင်ရွတ်နေခြင်း ဖြစ်၏။

"ထွန်းစိန် ပရိသတ်များလာပြီဟ။ ဥတိန္နရတုလေး ဘာလေး"

သျှိုးအဖွဲ့သားများက ကျောကို လက်သီးဖြင့်ထိုးပြီး တိုက်တွန်းကြ၏။

"ဖေယျုတု ပျော်ဖွယ်မညီး အောင်စည်တီးသည် ပြည်ကြီး ကောသမ္ဗီ"

"ဝေ"

"မင်းကျင့်ဆယ်ပါး မြတ်တရားကို မမှားစံပျော်ညီ၍"

"သျှိုး"

"ကေသနီသည် ဒေဝီရှစ်သောင်းရှင်။ တောင်ညာမိဖုရား လကျာ ထားသည်၊ မြောက်သားလှညက်စင်နှင့်"

"သျှိုး"

"ဥတုတွင် ဟေမန္တ၊ ဆောင်းခါ၌ကြို နေစာလှုံသည်၊ ရွှေဘုံဥကင် သဍ္ဍ၊ ရွှေပေါင်းခသည်၊ များလှမတ်မိုလ်ပုံ၊ ညီလာညွှတ်ပျောင်း၊ ပျိုတော် ပေါင်းနှင့်၊ ပျော်ကြောင်းစံကြတုံသော်"

"သျှိုး"

"အာကာဘုံက လေဟုန်ဖြန့်စီးကာ၊ ဆင်ပြောင်ကြီးအား ဆောင်နိုင် ငြားသည်၊ငှက်ကျားထီးလှိုင်ကာလျှင်၊ပျံ၍လာသည်၊ဝေဟာကောင်းကင်ထဲ။ ထိုရောအခါ နန်းတောင်ညာသည် ကမ္ဘလာမြဝတ်လဲကို"

"သျှိုး"

ရှင်လောင်းလှည့်ပွဲလာများသည် အလှူရှင်များနှင့် ရွာသူရွာသားများ ကြိုတင်မျှော်မှန်းထားသည်ထက် များပြားနေ၏။

ညောင်ရွက်တွင် လက်ဖက်ထည့်ကာ 'တဲစပ်'ထိုးပြီး ရွာနီးချင်းများ သို့ ဖိတ်ကြားထားသည်မှာ နက်ဖြန်နေ့လယ် ဘုန်းကြီးဆွမ်းဘုဉ်းပေးပြီးချိန် ဖြစ်၏။ တရားနာချိန်တွင်သာ ဆယ်ပင်မဏ္ဍပ် ပြည့်လိမ့်ထင်ငြား၊ ယခု ပြည့်နေပြီ။

အလှူရှင်များ ဝမ်းသာပါသည်။ သို့သော် လက်ဖက်၊ ကွမ်းဆေး မလောက်တော့ပြီ။ အားနာစရာ ကောင်းလှသည်။

"နက်ဖြန်အတွက် ထားသာတွေ ချကျွေးရကောင်းမလား။ မဖြစ်သေးပါဘူး။ နက်ဖြန်ကျရင် ဧည့်သည်တွေ ပါးစပ်ဟောင်းလောင်း ဖြစ်နေပါ့မယ်"

ကိုမိုးကောင်း၊ မမင်းဘော်နှင့် နှစ်ဖက်မိခင်၊ ထွေးတော်များ ဖြစ်သော ဒေါ်ပန်းအိ၊ ဒေါ်အေးလှနှင့် မယ်ရွှက်၊ မိလှ၊ မိသော့တို့ ကြဲရာမရ တိုင်ပင်နေကြစဉ် ငချွဲ ရေးကြီးသုတ်ပျာရောက်လာ၏။

"အိုးစည်ဝိုင်း မလာသေးဘူး။ ဝေါထမ်းတွေလည်း ပြင်လို့ဆင်လို့ မပြီးသေးဘူး နောင်ကြီးကောင်း။ သည်တော့ ရှင်လောင်းလှည့်ဖို့ လိုဦးမယ်"

ကိုမိုးကောင်းသည် ငချွဲအား မော့ကြည့်ရုံသာ ကြည့်နိုင်၏။

"မောင်မောင်လှိုင်းဇနီးလည်း လက်ဖက်၊ ကွမ်းဆေး မလောက်ငလို့ မျက်ရည်ဝဲနေပြီ"

"ဟုတ်ပါ့ကော၊ ငါ့ချွေးမတစ်ယောက်တည်း"

မမင်းဘော်သည် ကိုယ့်ရင်ဘတ် ကိုယ်ပုတ်လျက် ထပြေးသည်။

"သည်တော့ မဖိတ်ဘဲလာသဲ့ ပရိသတ်ပေမယ့်၊ ဧည့်ခံရမယ့်ဝတ္တရားရှိနေသယ်။ ချသာ ဧည့်ခံလိုက်။ နက်ဖြန်အတွက် အကျွန် အခုချက်ချင်း မြင်ကွန်းကို မြင်းနဲ့ပြေးလိုက်မယ်။ မကောင်းဖူးလား"

"အချိန်မီ ပြန်ရောက်ပါ့မလားကွာ"

"လင်းအားကြီးမှာ ပြန်ရောက်စေရမယ်။ ဝယ်ခဲ့ရမယ့် ပစ္စည်းက လက်ဖက်စို တစ်ဆယ်၊ လက်ဖက်ခြောက် တစ်ပိဿာ။ ဘာကျန်သေးသတုန်း"

ထိုအချိန်တွင် ဒေါ်ရွှက်နှင့် ဒေါ်ပန်းအိတို့သည် အပြိုင်အဆိုင် အိတ်များကို နှိုက်ပြီ။

"အဖော်ခေါ်သွားဦးဟေ့။ တစ်ယောက်တည်း မသွားနဲ့"

ကိုမိုးကောင်းသည် အိမ်ပေါ်မှ စီးပြီးမြင်းရသည့် မဏ္ဍပ်တွင်းသို့

လည်ပင်းရှည်ကြည့်၏။ မဏ္ဍပ်တွင်း၌ အကအခုန် မရှိပါဘဲလျက် ကြိတ်ကြိတ်တိုးနေသည်။ သို့သော် နားဆင်စရာမူ ရှိနေပေ၏။

ငထွန်းစိန်၏ အသံသည် အုတ်အုတ်ကျက်ကျက် အသံများကြားတွင် မြုပ်ချည်ပေါ်ချည်ဖြင့် ပြေးလွှားနေ၏။

"အရဏ်ပေါ်သည် ထိုခဏ၊ငှက်ကြီးအစာစားပြီး စွာသည်။ ဟင်းလျာကြွင်းမံသကို၊ ယူမည်ပဲ့ဟု ကြွခဲ့လာ။ စိစိညံ့ညံ့ ညောင်ဗိမာန်မှာ ညက်စံတောင်နန်းလျာကို"

"သျှိုး"

"မကြားဖူးသည် ထွေထူးကြားသောခါ၊ ရသေ့မုနိ ကြောက်ဘိစိတ်နှင့် လန့်ထိတ်ယောင်ယမ်းကာနှင့်"

သည်အဖြတ်တွင် သျှိုးသံ မပေါ်လာ။ တက်ကြွမြူးထူးသောသံချပ်သည် ဒိုးပတ်သံနှင့်အတူ ထွက်မြူး၏။

"ဟေလေပါလေ ဟာလေသိ၊ ဣတိပိသော ဥလ္လောကံ၊ ဓဇဂ္ဂနှင့်ကရောဏ္ဍော။ ရာဇတောဝါ နင်မကြောက်လား။ အာဏာပါဏာနုဿတိ နင်မသိလား။ သမန္တာ ကရဏီယာ ယေကေစိနှင့် ယထိန္ဒကို့ သမ္ဗုဒ္ဓေ။ ဒူရေ ဒူရေအောင်းဟဲ့ရှောင်ကွင်း။ တမ်းဆဗုဒ္ဓေ ရတနာပဏိတော၊ ဓောန ယော ယော"

"ကတမ်းကယမ်း ဆိုမြည်တမ်းနှင့်၊ ယောင်ယမ်း လန့်ကာအော်၊ ထိုရော်ခဏ ဒေဝီလှသည် ရက္ခညောင်နန်းပေါ်က"

မဏ္ဍပ်ထဲတွင် ကြိတ်ခဲနေသည့် ဧည့်သည်များသည် မဏ္ဍပ်ပြင်သို့ အန်ထွက်လာကြ၏။ ရှင်လောင်းများ စီးနင်းလိုက်ပါရမည့် ဝေါနှစ်ခုကို ဝေါတော်သားများ အဝတ်အစား ဆင်ယင်ထားသူများ ထမ်းလာကြသည့်အတွက်ဖြစ်၏။

များသောအားဖြင့် ရှင်လောင်းကို ပခုံးပေါ်ထမ်းကြ၏။ ရည်တတ်သူများမူ မြင်းကို အသုံးပြုကြ၏။ ယခုသော် ထူးထူးခြားခြား ဝေါဖြင့်

လှည့်မည်။ သို့အတွက် ပရိတ်သတ်ကြီး အန်ထွက်လာခြင်းဖြစ်၏။

သို့ဖြစ်သည့်တိုင် ရတု၌ နားစိုက်ထောင်နေသူများ အများအပြား ရှိနေသေးသည့်အတွက် ငထွန်းစိန် နားခွင့်မရ။

"ရသေ့မြတ်စွာ ထိတ်လန့်ကာနှင့် စိတ်မှာမရဲ တရှဲရှဲသည်၊ ရှောင်လွှဲ တရှောင်ရှောင်။ ကယ်ပါဘုရား အသံများနှင့် မြင်းများ သိခေါင်ဝေက"

"သျှိုး"

"လှဆင်းရောင်သည် ညာတောင်မိဖုရား။ သားနှင့် ကြော်ကြော် ညောင်နန်းပေါ်မှာ တောပျော်မြင်တည့်ငြားမှ"

"သျှိုး"

"ရှင်ဘုရား၏ တရားနိဗ္ဗာန်ရှင်။ ဆင်းရဲကြီးလှ ကျွန်တော်မကို ကယ်ချပါစေချင်ဟု"

လာပြန်ပြီ ဟီဟီဟာဟာ အသံများ ရောနေသည့် သံချပ်။

"ဟဲ့ တကာမ ကေသနီ။ သီသီဝေဝေ ညောင်ပင်ဖျားက လေ့ကား ဆက်လို့ ဝါးလက်ထောင်။ ခုတ်ရအောင် ဓားကရှားပ့ါ။ သည်အလား မကြံနိုင်၊ ငါ့ကိုကိုင်၍ ငါ့ကိုဖက်၊ ငါ့ကုလားတက်က ထွာတစ်ညို၊ မတိုမရှည် အမယ် မင်းရဲ့။ ညောင်ပင်ရင်းသို့ ဆင်းကာခို၊ ငါရသေ့ပျို ကိုယ်တစ်ချက်နှင့်၊ ရွှေနန်းကြီးသူ ဖြူပြာဝင်းရယ်၊ ဆင်းဝံ့ရင်ဆင်း"

သံချပ်အဆုံးတွင် ရယ်မောသံများ ညံသွားသဖြင့် ရတုမင်းသားမှာ ခေတ္တအောင့်နေပြီးမှ 'ရသေ့မြတ်စွာ'ကို ဆက်နိုင်၏။

"ရသေ့မြတ်စွာ ညောင်နန်းလျာက အသာလျှောက်ကြား ညောင်ပင် ဖျားကချငြား ဆောင်ပြလျှင်၊ ပျော်စံမြန်းသည် သခ်မ်းကျောင်းသို့ဝင်၍ မြတ် သူစင်သည်၊ ရှင်တာပသာ။ ဆားနှင့်ချဉ်သီး ချိပ်နှင့်မီးသည် အနီးချဉ်း၍ ခသော်"

"သျှိုး"

"သဘာဝက လောကဓမ္မတာ။ တရားကိုဖိ၊ နည်းမလျော်သည်၊ မြတ်သောအကျင့်ခွာ၍၊ မြတ်သားတော်သည် ခေါ်မည်ဘယ်နာမ၊ ဥတုသုံးဖြာ ဖွားမြင်လာသည်၊ မင်းလျာဥတေနပဟု"

"ကမ္ဗောဇ္ဇခန်းဘာဝနာ တောင်ကိုရှား၊ ကသိဏ်းဆယ်ပါး မြောက်ကိုခွာ၊ မသိလာနှင့် ခပ်ဝေးဝေး။ ရှောင်လေပြေးတော့ နသတိဆယ်ထွေ၊ လှမ်းလှမ်းကနေ။ သားရေနွယ်နှင့် စိပ်ပုတီး၊ မြေကြီးမှာ တစ်ဝါဆို၊ သပိတ်ညိုနှင့် ယပ်တောင်ဖေး တော်ရာသို့ပြေး။ ခြံတိုင်းနွေးသည့် သစ်လျှော်တော၊ မြေမှာပုံလို့ ငါမသုံးတယ် သွားဟဲ့လုံးလုံး"

သံချပ်ကို ပါးစပ်ဖြင့်ဆို၍ အားမရသဖြင့် ရေသေ့ပျက်ဟန်မူရာလုပ်ကာ တိုင်ကြရာ၊ သံချပ်မဆုံးမီပင် ဝေါခနဲဝါးခနဲ ရယ်မောကြသည်။ သံချပ်အဆုံးတွင်ကား၊ ငဝဲ၏ ဆော်ဩသံ၊ ကာလသားခေါင်း တောက်တဲ့၏ အော်သံများမှာ ရယ်သံကို မတိုးနိုင်။ ရယ်သံစဲမှ ပေါ်လာတော့သည်။

"မကြီးပုတို့ အပျိုချော အပျိုလှတွေ ထွက်ကြဟေ့"

"ရှင်လောင်းလှည့်တော့မည် ဖြစ်ပါသောကြောင့် ဒိုးပတ်၊ အိုးစည်ဆရာတို့ မဏ္ဍပ်ရှေ့ကို ထွက်ကြပါဗျို့"

အပျိုခေါင်းမပုကလည်း "မမောင်ခင် ပြန်ရောက်အောင် မြန်မြန်ထွက်ကြပါတော်ရို့"ဟု တစာစာဖြင့် အော်သည်။

ရှေ့ဆုံးတွင် ရှင်များဖအေက သပိတ်လွယ်၊ ယပ်ထမ်းသည်။ ရှင်များမအေက သင်္ကန်းတစ်ထည်ကို ယွန်းဗန်းဖြင့်ထည့်ပြီး ရွက်သည်။ ရှင်များဘိုး၊ ရှင်များဘွားတို့လည်း ခေါင်းအုံး၊ သင်ဖြူး၊ သင်္ကန်းများ ရွက်ကြ၊ ထမ်းကြသည်။သည့်နောက်တွင် အိုးစည်ဝိုင်း။ထို့နောက် ဝေါယာဉ်နှစ်စီးနှင့် မောင်ရှင်လောင်းများ။

မောင်ရှင်လောင်းတို့ဘေးတွင် ရွှေထီးဆောင်းလျက် ခြံရံလိုက်ပါလာသူများမှာ လူရည်တတ်များဖြစ်ကြ၏။ လူရည်တတ်ဖြစ်ပါလျက် ထီးမိုးပေး

ခြင်းမှာ မောင်ရှင်လောင်းနှင့် မခွာလို၍ဖြစ်သည်။ မောင်ရှင်လောင်းနှင့် မခွာလိုခြင်းမှာ သူတို့ဆင်ပြင်ပေးထားသည့် မောင်ရှင်လောင်းတို့ကိုယ်ပေါ်မှ လက်ဝတ်ရတနာများ ကျပျောက်မည်စိုးသဖြင့် ဖြစ်ပေ၏။

ဝေါယာဉ်နှစ်စီးနောက်မှာသော်၊ ကွမ်းတောင်ကိုင်နှင့် ရွာအလှများ၊ ဒိုးပတ်ဝိုင်း၊ နေခြည်တွင် ရွှေရည်ဝင်းလျက် ဖုန်တန်းကြီး၊ လူတန်းကြီး တရွေ့ရွေ့ စီးမျောလာသည်။ ရှင်လောင်းလှည့်ပြီဖြစ်ပါလျက် ငထွန်းစိန့်တာဝန် မကုန်သေး။

"ငထွန်းစိန်ရေ ကျေးစေကလေး လုပ်ပါဟ"

သို့အတွက် သူသည် ကျေးစေတစ်ပုဒ်ကို အဖျားသပ်မှ ကောက်ကာ ငင်ကာဟစ်၏။

"မကြီးရှင် ပိုက်ကာမွေးရတယ်။ ရွှေကျေးတဲ့မြသဇင်။ မောင်စံရာ ဝိဟာခန်းကို မြန်းပါရော့ရှင်။ အာကာမှာ လေဟုန်စီးပါလို့၊ မောင်ကြီးတဲ့ စံရာခွင်၊ ဝင်လေရော့ရွှေကျေး။ ထက်လမ်းဝေဟာပြင်ကလေ၊ ကျေးရွှေစင် မာဒယငယ်၊ လွမ်းရတာ မကြာလှစေနှင့်၊ မြန်းကြွပါလေး"

ဒိုးပတ်သံ ညံတက်လာစဉ် မောင်ရှင်လောင်းသေိုင်းသည် နောက်သို့ လှည့်ကြည့်၏။ ကာလသားတိုင်း၏ မျက်လုံးများက ကွမ်းတောင်ကိုင် မိပန်းယဉ်ထံ ရစ်ဝဲနေငြား၊ သူ့မျက်လုံးက ပန်းယဉ်ထံ မသွား။ ပန်းယဉ်၏ နောက်ရှိ ပန်းဖလားပိုက်လျက် ပါလာသည့် ပန်းထောင်ကိုင် ကျော့ခင်ထံသို့ ဝင့်ခနဲရောက်သည်။ လည်မမတ်နိုင်တည့်သေးဘဲ စိုက်ကြည့်နေသည်။

ဆွမ်းထွက်လောင်းတိုင်း ဆုံနေကျမျက်လုံးကို ကျော့ခင်သိပါသည်။ သျှိုးရတုမင်းသား၏ အဆွဲအငင် အရှိုက်အဟဲကြောင့် ရင်ထဲကပြုံချင်သည်။ မျက်လုံးတစ်ချက်အပင့်တွင် မျက်လုံးချင်းဆုံသည်။ ခွဲခွာရန်ဝန်လေးသော မျက်လုံးများကြောင့် မျက်ရည်ဝဲချင်၏။

ထိုသို့ ကျော့ခင်ရင်ထဲ မကောင်းဝေဒနာ ပျိုးဆဲဝယ်၊ ငထွန်းစိန်က

ကျေးစေရတုကို စတင်ပါလေတော့သည်။

"ဖန်နန်းစံပျော် မိမိန့်တော်နှင့် တိုက်ကျော်သူဝ ဝိဟာရသို့ ပြန်ရတော့မည်လေ"

"ဝေ"

"နန်းသူကသိုဏ်း ယဉ်ပုံပိုင်းငယ်၊ ကြံတိုင်း အောင်ပါစေဟု။ ပန်းသပြေနှင့် ညောင်ရေသွန်းလောင်းကာ အောင်ပါစေကြောင်း ဆုယူတောင်းလို့"

"သျှိုး"

"နွဲ့နှောင်းစံရစ်ပါတော့ ဦးဆံလျှော့၍ ညွတ်ပျော့ရိုသေစွာ။ ပူဇော်ပြီးမှ ကျေးသူဝသည် ချိုကြွတောင်ပံခါ၍"

"ဝေ"

"ပြန်ခဲ့ရှာသည် ဝေဟာကောင်းကင်လယ်။ နာဖွယ်ချိုအေး တောသံပေး၍ တောကျေးပမာနယ်သို့။ တိမ်စွယ်ဆို့သည် မှိုင်းညို့ရှာဟန်ပြင်"

"သျှိုး"

ဤစာ ဤစကားများကို လူကြီးများသာမက အမယ်အိုများနှင့် မိန်းမပျိုများပါ နားလည်ကြသည်။ ဆိုင်းပွဲနှင့် ရုပ်သေးပွဲ၊ ရှင်ပြုဘိသိက်ပွဲ၊ ကွက်စိပ်ပွဲတို့တွင် ဤကဲ့သို့သော ကာရန်နဘောတွေကို ကြားနာရသဖြင့် နားရည်ဝနေကြပြီ။ ရတု ရွတ်သူကလည်း၊ အသံအတက်အကျ အရှူအရှိုက် နေရာတကျဖြစ်အောင် ဆိုသောအခါ၊ စိတ်ဝင်တစား ငိုင်ငေးလျက် လိုက်ပါလာကြ၏။

"ရှစ်ခွင်မျှော်ရှု ကျေးရှေ့ဉမှာ လွမ်းမှုဖျာပါဆင်ခဲ့။ ပျော်မြူးရွှင်သည် မြည်တင်တွန်ကျူးကာ"

"ဝေ"

"တမာကြက်တော သံစုံနှောသည် ဥဩ၊ သာလိကာနှင့် ချိုသံသာသည် ဘာသာခေါ်ကြသေး။ တောင်ပံယှက်တင် အိပ်တန်းဝင်သည်၊ လွန်းကြင်ငှက်

ဖော်ဝေးသို့"

"သျှိုး"

လေပြည်တသွေးသွေး၀ယ်၊ ရွာဦးကျောင်းစေတီသည် ကုန်းမြင့်မော်မှ ဆည်းလည်းသံ တန်တောင်ပေးလျက် သာစုသံကြွေးနှင့်၏။ ရွာဦးကျောင်း ကျောင်းလက်ရန်းတွင် ပဥ္စင်း၊ သာမဏေ၊ ကျောင်းသားများ ယှက်တင် ပြည့်နေ၏။

လေငြိမ်လျှင် ဖုန်တန်းကြီးထိုးမိုးလိုက်၊ လေသွေးလျှင် ဖုန်တန်းကြီး လွင့်လူသွားကာ၊ ရွှေထီးတ၀င်း၀င်း ရွာသူတို့၏ အလှတလင်းလင်းဖြင့် ကျောင်းပရိ၀ုဏ်ဘက်သို့ ချဉ်းကပ်လာကြ၏။

"ပူဟန်ဆွေးသည်၊ လွမ်းရေးရှိလေအောင်၊ မြောက်တောင်ဘယ်မှန်း ရော်ဆရမ်းသည်၊ နတ်လမ်းဝေဟာဘောင်က၊ ကျေးရွှေတောင်သည်၊ ရည် ဆောင်မျှော်လိုက်လျှင်"

"ဝေ"

"တံခွန်၊ ကုက္ကား၊ မုလေးပွားကို ဝိုး၀ါးလိုလိုထင်၏။ မျှော်လျှင် ကြည့်၍ပြန်လှည့်သွားလေသော်၊ရွှေကျောင်းတော်မှာ ကျော်ကာကျော်ကာဝဲ၊ စိမ်းလဲ့ညိုမြ ကျေးသူ၀သည် ပျံကျတောင်ပံခွဲ၍"

"သျှိုး"

ဝေါထမ်းသမားများသည် ဝေါကို ညင်သာစွာချပြီး ကျောကို ဆန့် ကြ၏။ မောင်ရှင်လောင်းနှစ်ယောက်သည် ရွှေထီးအောက်မှ ညင်သာစွာ ဆင်းကြငြား၊ မောင်ရှင်လောင်းအကြီး ငသိုင်းသည် ခြေတစ်ဖက်ကို မရပ်နိုင်။ ကျော့ခင်ကို ငိုင်ကြည့်နေ၏။ ကျော့ခင်လည်း ကွမ်းတောင်ကိုင် သွားပြီ ဖြစ်ပါလျက် မရွေ့မိ။

"ကိုရှင်လောင်း ဆင်းလေ" ဟု ထီးမိုးသူက သတိပေးမှ ငသိုင်း ခြေရပ်နိုင်သည်။ ခြေအရပ်တွင် ပုဆိုးစနှင့် စိန်တောင်နှင့်ငြိကာ ယိုင်လဲသည်။

ကျော့ခင်ရင်ထဲ၌ ထိတ်ခနဲဖြစ်သည်။ လူချင်းဝေးပါလျက် လှမ်းဆွဲသည်။

"တယ်ခက်ပါကလား သည်မိန်းကလေး"

အပျိုခေါင်းမကြီးပု အပြေးဝင်ဖမ်းရင်း ညည်းတွားသည်။ သည်အဖြစ်ကို ကျော့ခင်နှင့် ငသိုင်း၊ မကြီးပုတို့သာသိသည်။ ဖြစ်ချိန်ပျက်ချိန်မှာ လက်ဖျစ်တစ်တွက်သာ ကြာမြင့်သည့်အတွက်ဖြစ်သည်။ ဒိုးပတ်ဝိုင်းလည်း မသိလိုက်။ မသိသောကြောင့် ချိတ်ငင် စောင်းမြှောင်း သံချပ်မထိုးမိ။ ငထွန်းစိန်၏ ရတုသံအောက်တွင်သာ ငြိမ်နေကြ၏။

"ဒုရင်စိန်ဖျား မှန်ကင်းကြားက ကျေးသားလျှောက်ဝန်ချီသည် ပလီညာဏ်နှင့် ချောင်းလို့လေ။ ပင့်စေချင်သည် ထိပ်တင်စေလိုက်ကြောင်း တည့်လေး"

"သျှိုး"

ဒိုးပတ်တစ်ကြော့တီးပြီး အချတွင်၊ ငထွန်းစိန် အသံတင်ပြီးဟစ်၏။

"ခြူးပန်းနွယ် ဒုရင်စွန်းငယ်က ကွန်းထောက်လို့ ကျေးရွှေစင်။ မြတ်နောင်တော်ဆိုစကားကို ကြားသိတို့ချင်။ ကျောင်းရွှေဘုံ စိန်ပျံကြားငယ်က ထောက်နားလို့အသာဝင် မထင်သာလေသေး"

"ဟုတ်ပေဗျို့"

"နောင့်ထိပ်တင်မှာစကားကို၊ ချစ်တဲ့သူ မောင်မောင့်မှာ စကားကို နာခံဖို့အရေး"

ဒိုးပတ်သံ ညံ့ဟိန်းသည်တွင် အိုးစည်ဝိုင်းကလည်း အားကျမခံ ထတီးသည်။ တစ်ကျောင်းလုံးကို နှဲသံ၊ ကြေးသံ၊ ဗုံသံများ လွှမ်းသွားလေတော့သည်။

ကျောင်းပေါ်ရောက် ရှင်လောင်းလှည့်အဖွဲ့သည် ဆရာတော်ဘုရားထံတော်၌ လှူဖွယ်များ ဆက်ကပ်လှူဒါန်း၊ ငါးပါးသီလ ခံယူပြီးနောက် ရုပ်စုံဇာတ်ကွက်များ ရံဝန်းသည့် ကျောင်းပတ်စကြံလမ်းကို ပတ်ကြသည်။

## ပုဂံစာအုပ်တိုက်

ကျောင်းဦးအရှေ့ဘက် လေ့ကားထိပ်အရောက်၌ ကန်တော့ပွဲကို ချီမြှောက်ရွတ်ဆိုသည်။

"ကျောင်းဆောင့်နတ်မင်းဗျား၊ နတ်မင်းဆောင့်ရှောက်တဲ့ ကျောင်းသား မောင်သိုင်းနဲ့ မောင်ကျိုင်းတို့ သာသနာ့ဘောင်သို့ဝင်တော့မည်ဖြစ်တဲ့ အတွက် ရှေးနည်းတူ ဆက်လက်စောင့်ရှောက်တော်မူပါဗျား"

ကျောင်းစောင့်နတ် တင်မြှောက်ချိန်တွင် အိုးခည်ဝိုင်းသည် စကြံ လမ်းသို့တက်လာကာ လက်ကုန်တီးတော့သည်။ သာမန်အချိန်တွင် အရိပ် မြင်ရုံဖြင့် ဝေးရာပြေးမိအောင် ကြောက်ရသော ဆရာများကိုမေ့ပြီ။ ဆရာတော် များကလည်း ပျော်ကြပါစေဟု ခွင့်လွှတ်ထားရုံမက အတီးသမားများ အတွက် စားစရာများပါ စွန့်ကြဲလိုက်၏။

"ဆင်းကြဟ ဆင်းကြဟ၊ နေနည်းနေပြီ"

ငဝဲကုန်းအော်သည်။

သည်ကာလတွင် အလှူ့ရှင်က တစ်စုံတစ်ရာ ပြောမည်မဟုတ်။ အစစအရာရာ အဆင်ပြေစေရန် အလှူ့ဒါယကာ၊ ဒါယိကာမတို့ စိတ်မထင့် စေရန် ငဝဲကဲ့သို့သော ခြေသည်းကြီး၊ လက်သည်းကြီးများက ကြိုးပမ်းကြရ သည်။

"ဘုံပျံတင့်ရွှန်း ဒုရင်စွန်းက သံညွန့်ချိုသံသာ။ မြီးတံသွယ်ပျော့ ကျေးညိုကြော့သည်၊ အသော့ဝင်တည့်လာ၍ လျှောက်ပန်ထွာသည်၊ တအေးအေး"

"သျှိုး"

ဝေဒနာကို ဆွပေးခဲ့သော ငထွန်းစိန်သည် နောက်ထပ်ကျေးစေရတု တစ်ပုဒ်ကို သီဆိုပြန်ပြီ။ ယခုအခါတွင်ကား၊ အဖျှိုးခေါင်းသည် ကျော့ခင် ဘေးမှ ကပ်ပါ လာပြီ။ သို့သော် အခြားသူများ မရိပ်မိစေရန် ဖာထေး၏။

"ထဘီတုတ်ပြီး လဲမယ်နော်။ ခလုတ်ကန်သင်းလည်း ကြည့်ကြဟဲ့"

အများကို ရည်ရွယ်အော်ဟစ်ရာက "ကျော့ခင် မငေးနဲ့ဟဲ့။ ပန်းထောင်လွတ်မကျကောင်းဘူး"ဟု ကွက်ပြီး သတိပေးသည်။

နေချိုပြီ။

နေချိုသည့်အလျှောက်၊ ညောင်ညိုရိပ်တွင် မှောင်ရီသမ်းသည်။ ကြောက်မက်ဖွယ်ရာ မည်သည့်ရုပ်တုမျှ မရှိပါဘဲလျက် ရှာတော့်ရင်နတ်ဟု သိခါမျှဖြင့် မိန်းမပျိုများ ညောင်ရိပ်လွတ်ရာတွင် ရပ်နေကြ၏။

"ရှာတော့်ရင်ဗျား၊ ကျေးတော်မျိုး၊ ကျွန်တော်မျိုးတို့အား မပါ၊ စပါ။ စောင့်ရှောက်တော်မူပါ။ သားတော်များဖြစ်သဲ့ သောကြာသားနဲ့ တနင်္လာသားတို့ သာသနာ့ဘောင်သို့ ဝင်ရောက်မည်ဖြစ်သဖြင့်၊ ကောင်းချီးနမော် သာရခေါ်တော်မူပါ။ အလှူပွဲကြီး ထမြောက်အောင် စောင့်ရှောက်တော်မူပါဗျား"

မိန်းမများ ပျပ်ဝပ်ရိုကျိုး ရှိခိုးကြ၏။ ယောကျ်ားအချို့ လက်အုပ်ချီကြသဖြင့် မောင်ရင်လောင်းကျိုင်း လက်ဝါးနှစ်ဖက်ပူးသည်တွင် မောင်လှိုင်း အလျင်အမြန် ဆွဲဖမ်း၏။

"သာမဏေဆိုသာ ဘုရားသားတော် ညီလေးရဲ့။ ဘုန်းကြီးနဲ့ ဘုရားက လွဲရင် ဘယ်သူ့ကိုမှ မရှိခိုးရဘူး"

"ယောင်လို့ယောင်လို့" ရှက်ပြုံးဖြင့် ပြန်ပြောအပြီး၌ သူ့အစ်ကိုကြီးအား ရွှန်းရွှန်းစားစား ကြည့်၏။ အနေဝေးသော်ငြား "အဲသာ သားအစ်ကို အကြီးပေါ့။ ကိုကြီးသိုင်း အထက်ကလေ" ဟု အမေပြောကတည်းက ချစ်ခဲ့ ခင်ခဲ့ ရင်းနှီးခဲ့သည်။

ယခု သူ့အစ်ကိုကြီးက ရှာတော့်ရင်နတ်ထက် ကြီးမြတ်သူဟု ထုတ်ဖော်ပြောလိုက်ပြန်သည်တွင် ကျိုင်း လွန်စွာပီတိဖြစ်၏။ "ငါဟာ နတ်ထက်တောင် မြတ်ပါကလား" အတွေးဖြင့် ခေါင်းကို ထောင်ထား၏။ မျက်နှာကို ပင့်ထား၏။

"ယဉ်ပုံကြော့ကြော့ မြီးတံကော့နှင့် သွယ်ပျော့ကျေးတမန်"

"ဝေ"

"နောင်တော်မိန့်ကြား ဆိုစကားကို မောင်နား ယခု ခံလော့။တပြောင်းပြန်သည် ဖြစ်ဟန်တော‌ဘူမာ။သံသရာဝဋ် ဝဲကြက်ခွပ်မှ ကင်းလွတ်အကြောင်းရှာ၍ နေတုန်းပါကို မကြာပင့်ခေါ်ချေ၊ ကာမဂုဏ်တွင်း ဖွဲ့ကာ သွင်းသည်၊ နောင် မင်း မလိုက်ပြီဘူး။ ဟော့ကောင်တွေ သျှိုးလိုက်သဲ့ အကောင်တွေ ဘယ်ရောက်ကုန်သတုန်း"

သျှိုးဆိုချိန်တန်၍ ဆိုသံထွက်မလာတော့မှ၊ သူ့တစ်ယောက်တည်း ညောင်ပင်အနီး၌ ကျန်ခဲ့ကြောင်း ငထွန်းစိန်သိသည်။ သို့အတွက် ရှက်ဆဲဆဲလျက် မှောင်ရိအောက်ရှိ ဖုန်လုံးထဲသို့ ပြေးလိုက်သွားလေ၏။

ယခုအခါ၌ ရွာအပျိုချောတို့ ခြေလှမ်းသွက်ပြီ။

မှောင်ပြီမို့ ထဘီကို စွန်တောင်ဆွဲနိုင်ပြီ။ ခြေသလုံးပေါ်သော်ငြား မြင်နိုင်သူမရှိပြီမို့ သွက်သွက်လှမ်းကြသည်။ ကာလသားများလည်း ဒိုးပတ်ကိုလွယ်၊ အိုးစည်ကိုထမ်းလျက် ကမန်းကတန်း အမီလိုက်ရသဖြင့် မတီးနိုင်ပြီ။

★

# ၁၆

ဆင်သေတစ်ရွာလုံး မီးနိုးတိတ်သည်။

အလှူပွဲမဝင်မီကတည်းက တစ်အိမ်လျှင် လှည်းတစ်စီးထွက်ကာ ထင်းနှင့် သစ်၊ ဝါး ခုတ်ကြသည်။ ထင်းမှာ ချက်ပြုတ်ရန်အတွက်ဖြစ်၍ ဝါးမှာ ထရံယက်ရန်၊ သစ်မှာ မဏ္ဍပ်တိုင်ထူရန်ဖြစ်သည်။

ထိုထင်း၊ ထိုသစ်၊ ထိုဝါးများ ရောက်ချိန်မှစပြီး ရွာလုံးကျွတ် မီးနိုး တိတ်တော့သည်။ လင်းလျှင်လင်းချင်း ကိုင်းထဲယာထဲသို့ အပြေးအဖျန်း သွားကြည့်သည်။ ထို့နောက် ပြန်လာကာ အလှူ ဝေယျာဝစ္စတွင် နေကုန်ကြ တော့သည်။

မဏ္ဍပ်ထဲမှဆိုင်းက ကန်တော့ခန်းကို စတင်တီးပြီ။ အိုးသူကြီးများ မှာ ချက်၍ကောင်းတုန်း၊ ပြုတ်၍ကောင်းတုန်း။ မည်သူ့ကိုင်းထဲတွင် ငြုပ်သီး ရှိသည်။ မည်သူ့ကိုင်းထဲ၌ ဖရုံသီးရှိသည် ရူးချေပါ နိုင်း၍ ကောင်းတုန်း။

ဆိုင်း၏ကျောဘက် ဝါးလုံးတန်းကြီးတွင် အရုပ်ဦးခေါင်းတွေ ချိတ်ဆွဲထား၏။ ရသေ့၊ ပြဟ္မာ၊ နတ်သိကြား၊ ရှင်ဘုရင်၊ ဝန်ကြီး၊ နတ်၊ ဇော်၊ ကိန္နရာ၊ ဘီလူး၊ မျောက် စသည်။

ပရိသတ်မှာ ဆိုင်းသံကို နားမထောင်ဘဲ၊ သည်အရုပ်တွေကိုသာ တိုးဝှေ့ကြည့်သူကများ၏။ ရှာခေါင်းငပေါက်၊ ဆယ်အိမ်ခေါင်း ကျောက်ဖြုန်းတို့မှာ ကလေးတွေကိုငေါက်ရ၊ လူကြီးတွေကို ထိန်းရနှင့် ဖတ်ဖတ်ဆာနေ၏။ သည်အထဲတွင် ရပ်ဝေးမှအသိအကျွမ်းတွေ ကိုယ့်ကို ခေါင်းတပ်ပြီး ရောက်လာလျှင်လည်း ပြေး၍ ညှော်ခံလိုက်ရပြန်သေး၏။

ကိုမိုးကောင်းတို့ နှစ်ဘက်မိဘ ဆွေမျိုးများသည် ပွဲခင်းကို စီးပြီး မြင်နိုင်သည့် အိမ်ပေါ် အပေါက်ဝ၌ ဝိုင်းဖွဲ့ထိုင်နေကြပြီ။ ကိုမိုးကောင်းမှာ သုံးလေးရက်စောပြီး ကြွခဲ့ပါ မှာပါလျက်က ယခုထက်တိုင် မရောက်လာသေးသည့် မြင်းစီးကြီးအား လည်တဆန့်ဆန့်မျှော်နေသည်။

'.... နာဖျားမကျန်း ဖြစ်နေရော့သလား။ တိုင်းရေးပြည်မှုပဲ ရှုပ်ထွေးရော့သလား.....'

· မြင်းစီးကြီးအတွက် ပူသော အပူတွင် ငချွဲတို့အတွက် ကြောင့်ကြရပြန်သည်။

'ငချွဲနဲ့ ကြောင်သိုတို့ ချောချောမောမောမှ မြင်ကွန်းကို ရောက်ပါ့မလား.....'

ကြောင်သိုမှာ မြင်းယူသွားရမည် အတင်းစေသောကြောင့် ငချွဲနောက်မှ မြင်းစီးလျက် လိုက်သွားရငြား၊ ကိုယ့်ခြေကို ကိုယ့်အားကိုးပြီး ပြေးရေး၌သာ အားသန်သူ။ ထိုသို့ အေးအေးလူလူ ရှိနေစဉ်တွင်၊ မောင်ရှင်လောင်း အငယ်သည် မဏ္ဍပ်တွင်း ပြေးဆော့လိုက်၊ အစ်ကိုကြီး ငလှိုင်းထံ ပြန်ပြေးလာပြီး ခေါင်းဖြင့်ဝှေ့လိုက် လုပ်နေသည်။

မမင်းဘော်မှာ ထိုသားကို တဟဲ့ဟဲ့အော်ရင်းက သားလတ်ကို

အကဲခတ်သည်။ သားလတ်သေိုင်းသည် ပရိသတ်ထဲသို့ မျှော်ငေးနေသည်။ ထိုသို့ ရှိရာက မမင်းဘော်သည် တစ်စုံတစ်ရာ သတိရဟန်ဖြင့် ခါးမတ်ပြီး မိခင်ကို လက်တို့၏။

"အေးအေးဆေးဆေးမှ အမေတို့ ပြောမယ်လို့။ ရောက်စတုန်းက ပြောသာလေ"

ဒေါ်ပန်းအိသည် ဘုန်းကြီးဦးပြားဘက်သို့ ခေါင်းလှည့်ကာ ပျပ်ဝပ်နေရာက ငဲ့စောင်းကြည့်ရင်း ခါးဆန့်၏။

"မင်္ဂလာအခါကြီးမှာ ပြောတောင်မပြောချင်ပါဘူး သမီးရယ်"

"မင်္ဂလာဆောင် မဟုတ်သကော၊ ပြောလိုက်ပါဘိအမေ"

မယ်သော့က ခြေရင်းဘက် မကျတကျနေရာတွင် ရင်ဖြင့် ဝပ်နေရာက ပြော၏။

"အမေရို့ ဒီကိုလာခါနီး သုံးရက်အလိုမှာ ကနောင်ဘက်က ဆွေမျိုးတွေ ရွာကိုပြေးလာကြသပေါ့"

မမင်းဘော်မှာ "ဟင်"ခနဲ ထိတ်လန့်သွားလျက် ဒေါ်ပန်းအိ၏ စကားအဆက်ကို မျက်လုံးအဝိုင်းသားဖြင့် ငံ့စား၏။

"ပြေးလာတယ်ဆိုတာ၊ စကားအဖြစ်ပြောတာ မဟုတ်သကော။ ခါးဝတ်ခါးစားသာသာနဲ့ လက်လွတ်ပြေးလာကြရသပေါ့"

ဒေါ်အေးလှ၏ ဖြည့်လောင်းစကား။

"ကျောက်ကြီးကျသာလား၊ ကာလဝမ်းလား၊ ဓားပြလားအမေ"

"ပလိပ်တဲ့"

"တော်"ဆိုကာ၊ မည်သို့မျှ နားမလည် သဘောမပေါက်သော အကြည့်ဖြင့် မမင်းဘော် ကြည့်နေရှာ၏။

"ဒကာမကြီး၊ ကျယ်ကျယ်ပြောပါ၊ ပလိပ်ဟုတ်စ"

ဘုန်းကြီးဦးပဏ္ဍိတနှင့် ငလှိုင်း၊ ဦးထိန်း၊ ငမိုးနှောင်း၊ ဦးရဲတင်း၊

ချေပ်တို့၏ စကားဝိုင်း ပျက်သွားပြီ။

"မှန်လှပါဘုရား၊ တပည့်တော်မတို့ ဘိုးစဉ်ဘောင်ဆက် ဘွား လက်ထက်ကလည်း မကြားဖူးတဲ့ ရောဂါပါဘုရား"

"ညြညြ၊ ပလိပ်ဆိုသာ ရောဂါကိုး"

"တင်ပါ့ဘုရား၊ ကုလားဖြူ၊ ကုလားမည်းတွေရဲ့ တိုင်းပြည်မှာ ဖြစ်နေခဲ့တာ ကြာပြီပါ့ဘုရား။ မော်လမြိုင်နဲ့ ပုသိမ်၊ ရန်ကုန်မှာလည်း ဆောင်းကာလရောက်တိုင်း ဖြစ်နေတာ မကြာသေးသကောဘုရား"

"အင်းအင်း၊ ကုလားနဲ့ အတူပါလာသဲ့ ကုလားဆံတောက်၊ ဟီရိ ဩတ္တပ္ပတရားကင်းမှု၊ ပိတ်ချော၊ ချိုချဉ်။ အခု ပလိပ်ရောဂါ။ ဆက်ပါဦး ဘယ်လိုဆိုတာ"

"ကာလဝမ်းနဲ့ ကျောက်ကြီးထက် ကြောက်စရာကောင်းသဘုရာ့"

မိသော့ကမူ "နေ့မြင်ညပျောက်ဆိုပဲ အစ်မရဲ့"ဟု မမင်းဘော်အား ပြောပြ၏။

"လည်ပင်း၊ ချိုင်းကြား။ ပြီးတော့ မရှိသေ့စကား"

ဒေါ်ပန်းအိသည် ဘုန်းကြီးနှင့် ယောကျ်ားများကို ဦးတင်ပြီးမှ စကားဆက်၏။

"မရှိသေ့စကား၊ ကန်တော့ဘုရား ကန်တော့။ မောင်ဖွားများ မောင် များကိုလည်း ကန်တော့ပါရဲ့။ ပေါင်ခြံတွေမှာ အကြိတ်ထွက်သကော"

"ကိန္နရာနာ 'ပေါင်မို့စမ' မဟုတ်ဖူးလား"

"မဟုတ်ပါဘုရား။ အပူကြီးပြီး လူးလိမ့်နေရာက တစ်ရက်နှစ်ရက် အတွင်း သေတာပါပဲဘုရား။ ကုလားဆေးဆရာတွေက ပလိပ်လို့ခေါ် ပေမယ့်၊ ကနောင်မှာဖြင့် 'ကုလားကပ်နာ' ခေါ်သပ့်"

ဘုန်းကြီးသည် ပြုံးကာ ခေါင်းညိတ်သဖြင့် "ကုလားနဲ့အတူ ပါလာသဲ့ ကပ်ရောဂါမို့ သလိုခေါ်သာ သင့်မြတ်ပါသယ်" ဆိုအပြီး၌ ဤသို့

မှတ်ချက်ချ၏။

"နိပါတ်တော် မဟာဝင် စသာတွေမှာပါသဲ့ 'ယဉ်းအနာ' ဆိုသာ မျိုးများ ဖြစ်နေမလားပဲ"

"မသိပါဘူးဘုရား၊ နေ့မြင်ညပျောက်ပါပဲ"

"အေး ဟိုသင်း။ ရှင်ဘုရင့်နန်းတော်နားမှာလာပြီး သူရင်းငှားခေါင်း လုပ်နေရာက၊ မနက်စောစောထပြီး သူရင်းငှားတွေကို ဆော်ဩသဲ့အသံကို ဘုရင်ကြားသဲ့အခါ သာဟာ သူကြွယ်ရဲ့အသံ ဖြစ်ရမယ်လို့ ဘုရင်က အသံကို ဖမ်းပြောခံရသာလေ။ ဟဲ့ ဟဲ့ မောင်မောင်လှိုင်း နင်မသိဖူးလား"

"လူက ဆင်းရဲသားဖြစ်နေပေမယ့် သူဌေးအသံ ရှိနေသူလားဘုရား"

"အေးပေါ့။ သူ့နာမည် ပါးစပ်ဖျားတွင်ပါ"

"ကုမ္ဘဃောသက လားဘုရား"

"ကုမ္ဘ မပါပါဘူးကွယ်။ ဃောသကပါ"

ဦးပဏ္ဍိတသည် သူအလိုရှိသော အမည်ကိုရငြား စကားမဆက်သေး။ စကားဆက်ကို စဉ်းစားနေသေးသဖြင့် "ဘထွေး ဆက်ပါဦး" ဟု ကိုမိုးကောင်း ဝင်လျှောက်၏။

"အဲသည် ဃောသက ဆင်းရဲချင်ယောင် ဆောင်နေရသာက မိဘတွေ ရောဂါအဖြစ်မှာ ထွက်ပြေးရလို့ မဟုတ်လား မောင်မောင်လှိုင်းရဲ့"

"တိုက်နံ့ရံကိုဖောက်ပြီး ပြေးရသယ်ဆိုပါသဘုရား"

"အေး အဲသည်ရောဂါပေါ့။ တံခါးပေါက်ကို အရောက်သွားနေရင် လမ်းမှာရှိသဲ့ ဝေဒနာရှင်တွေဆီက ရောဂါကူးစက်မှာစိုးလို့၊ နီးရာနံ့ရံကို ဖောက်ပြေးရသာ။ စာထဲမှာတော့ ယဉ်းအနာတဲ့။ ကုလားကပ်နာလည်း သာမျိုးဖြစ်မယ်ထင်သယ်နော"

"ထင်ရသပေါ့ဘုရား"

ဒေါ်ပန်းအိသည် ဖြေကြားရင်းက သူ့အစ်မကို လှည့်ကြည့်၏။

## ပုဂံစာအုပ်တိုက်

ဒေါ်အေးလှက "ကိုစိန်ရောင်တို့ဖြစ်ပုံ လျှောက်လိုက်ပါဦး"ဟု ပြောသောကြောင့် ဖြစ်သည်။

"တပည့်တော်တို့မောင် နှစ်ဝမ်းကွဲ ဦးစိန်ရောင်တဲ့ဘုရား။ ကနောင်မှာ သပြေဒီပါ လေ့သူကြီးပါဘုရား။ ဒီကုလားကပ်နာ ဝင်လိုက်တဲ့အတွက် သားအမိသားအဖအားလုံး ကုန်ခမန်းပါပဲဘုရား။ နှစ်ယောက်ပဲကျန်သကော"

"ကြောက်စရာပါကလား၊ အင်း...."

"ကိုစိန်ရောင်ရဲ့ အသုဘကို လိုက်ပို့ရာက အပြန် အိမ်အရောက်မှာ သားအကြီးနဲ့ သားအလတ် နေမကောင်းဘူးဆိုပြီး အိပ်ရာထဲဝင်သွားတယ် ဘုရား။ အသံမကြားလို့ သမီးကြီးက ဝင်ကြည့်တဲ့အခါ အသက်မရှိတော့ဘူး ဘုရား"

"မကောင်းမိစ္ဆာ ပါပကောင်တွေနဲ့ ကပ်ပြီး ပါလာသာကလား။ ကုလားရှိနေသရွေ့ ကပ်ဆိုး၊ ဘေးဆိုး၊ ရောဂါဆိုး အထူးအဆန်းတွေ တစ်ခုပြီး တစ်ခု ပေါ်လာဦးမှာ"

ဦးပဏ္ဍိတ၏ ခန့်မှန်းချက်ဖြစ်၏။

"မှန်ပါဘုရား။ မအေခမျာ ရူးမတတ်ပါပဲဘုရား။ သို့ပေသည့် အလောင်းနှာကို ပေးမကပ်ရဘူးဘုရား။သားကြီး၊သားလတ် နှစ်လောင်းပြိုင် သင်္ဂြိုဟ်ပြီးလို့၊ အိမ်ပြန်ရောက်ပြီး ဘယ်လောက်မှမကြာဘူး သမီးကြီး။ သူ့ကိစ္စအတွက် စိစဉ်နေကြတုန်းရှိသေး။ သားအငယ်"

"ကြောက်စရာကြီးပဲနော။ ကြား မကြားဖူးပါကလား"

ဒေါ်ရွက် အထိတ်တလန့် ရေရွတ်သည်။

"သမီးအငယ်ဆုံးလည်း မအေပါ သေမှာစိုးတဲ့အတွက် အသုဘကို အရပ်အပ်ပြီး တပည့်တော်မတို့ဆီ ပြေးလာတာပါပဲဘုရား"

ထိုသို့လျှောက်ပြီးမှ "ထွက်လာခဲ့ရပေမယ့် စိတ်တထင့်ထင့်ပါ မရွက် ရယ်" ဟု လှည့်ပြောနေသည်။

ပုဂံစာအုပ်တိုက်

မဏ္ဍပ်ထဲမှ ယောတိုက်သံကြောင့် စကားပြတ်သွားကြ၏။ ကာလသားများသည် 'ငါးခန်းခုတင်ကြီး' တစ်လုံးကို ထမ်းလာကြခြင်းဖြစ်၏။ တိုင် ၁၂ တိုင်၊ တစ်ဖက်ခြောက်တိုင်၊ တိုင်ငုတ်ခြောက်ခု ပါသောကြောင့် ငါးခန်းခုတင် ခေါ်ခြင်းဖြစ်ပေ၏။

ပရိသတ်က မဏ္ဍပ်လျှံနေသည်။ နတ်ကတော် ထွက်မည့်ဆဲဆဲတွင် ပွဲကို ထိန်း၍ မရတော့။ ရန်ဖြစ်၍မဟုတ်၊ အကကို မြင်ရစေရန် တိုးဝှေ့သောကြောင့် ဖြစ်သည်။ သို့အတွက် သံဃာစင်ပေါ်တွင် အကခိုင်း၏။ မကလို။ သံဃာထိုင်မည့်နေရာကောင်း နေရာမြတ်ဖြစ်၏။

စင်စစ်အားဖြင့် ကမည့်သူများက ဆိုင်းဘေးတွင်နေပြီး၊ ခုတင်ပေါ် တက်ကလျှင်ဖြစ်သည့်အတွက် နှစ်ခန်းခုတင်ဆိုလျှင် ပြီးပြေသည်။ သို့သော် ကာလသားများ နီးရာလွယ်ရာ ဆွဲလာသည့်အတွက် မချိမဆံ့ ခုတင်ကြီး ရောက်လာခြင်းဖြစ်၏။

ပရိသတ်ငြိမ်မှ ဒေါ်ရွက်အသံ ထွက်လာ၏။

"အိမ်နီးနားချင်းတွေ ရှိသားပဲအေ၊ ပူပန်မနေပါနဲ့"

"မအေကြီးက ရူးသလိုလိုဖြစ်နေတာ မရွက်ရဲ့။ အဲဒါကြောင့် စိတ်မချတာပါ"

ထိုအခါတွင် ဘုန်းကြီး၏မေးမြန်းသံ ပေါ်လာပြန်၏။

"သို့ကလိုဖြစ်သာ သည်တစ်အိမ်တည်းလား ဒကာမကြီး"

"တစ်မြို့လုံးဘုရာ့။ တစ်မိသားစုလုံး ပြုတ်ပြုတ်ပြုန်းတဲ့ အိမ်လည်း ရှိတယ်ဘုရား။ တစ်မြို့လုံးမှာ ဖြစ်စသာ ယာယီတွေ၊ ထမ်းစင်တွေနဲ့ ချနိုင်ပေမယ့် နောက်ပိုင်းမှာဖြင့် ဖျာနဲ့ပတ်ပြီး ထမ်းရသကော"

"အင်းအင်း။ သာလောက်ကို ဆိုးသာကိုး"

ဖျာလိပ်နဲ့ပတ်ပြီး သုသာန်ပို့တာတောင် မပို့နိုင်တဲ့ အခြေဆိုက်လာတဲ့ အခါမှာ၊ အရက်သမား၊ ဘိန်းစား၊ စဏ္ဍာလလက်ထဲ အပ်ရတော့တာပါပဲ

ဘုရား။ တွင်းမတူးဘဲ လွှင့်ပစ်ပစ် မပစ်ပစ်၊ တစ်တွင်းတည်းမှာ နှစ်လောင်း၊ သုံးလောင်း မြှုပ်မြှုပ် မမြှုပ်မြှုပ်၊ ပြန်ပြီး မကြည့်နိုင်တော့သကော"

"အင်း ခွေးတအူအူ ကျီးတပြုံပြုံ နေမယ်ထင်ပါရဲ့"

ကပ်ဆိုးကြီးများကို ကြုံခဲ့ဖူးဟန်ရှိသော ဦးထိန်း၏ အမှန်းအဆ။

"တူမလေးပြောတဲ့ အလိုအရတော့ မောင်ကြီးထိန်းရယ်၊ တစ်မြို့လုံး ခြောက်ကပ်တိတ်ဆိတ်နေတုန်းမှာ ခွေးအူသံကြားရရင် သရဲတွေ၊ သဘက်တွေ ဝင်လာပြီထင်ပြီး နေစရာမရှိဘူးတဲ့"

"အင်း ကုလား ကုလား။ ကုလားဖြူရောက်လေရာ ဘေးဆိုး ဒဏ်ဆိုး ကပ်ဆိုးတွေပါမှာပဲ"

ဘုန်းတော်ကြီး၏ ညည်းတွားသံ။

"ခွေးအူသံကြားလို့ ခြောက်နေတုန်းမှာ တသောသော တရုန်းရုန်းနဲ့ ကျိုးကန်းတွေလန့်ပြီး အော်ကြပြန်ရော။ ထေးရင်တော်ပါသေးရဲ့။ နီးများ နီးရင် သားအမိနှစ်ယောက် လိပ်ပြာလွင့်မတတ်ကြောက်ပြီး၊ တစ်ယောက်ကို တစ်ယောက် ဖက်ထားရသတဲ့"

ဦးထိန်းက ဒေါ်ပန်းအိစကားအဆုံးတွင် "ဆေးဆရာတွေက မကုသ နိုင်ကြဖူးလား မပန်းအိ" ဟု ဖြတ်မေး၏။

"ဆေးဆရာနဲ့ကုသလို့ ပျောက်ကင်းချမ်းသာသူ တစ်ယောက်တလေ ရှိပါရဲ့။ သို့သော်လည်း ဆရာကြွအလာကို မစောင့်တော့ပါဘူး။ သေတာပါပဲ"

"ဖြတ်မေးရဦးမယ် ဒကာမကြီး"

"မှန်ပါဘုရား၊ မေးပါဘုရား"

"ခုနတုန်းက ဒကာမကြီးရဲ့ စကားထဲမှာ 'ဘိန်းစား' ဆိုသာ ပါမှတ်ပါသယ်"

"မှန်ပါ၊ ပါသွားပါတယ်ဘုရား"

"အဲသာ ဘာကိုခေါ်တာတုန်း ဒကာမကြီး။ ဘုန်းကြီးမသိလို့"

"တပည့်တော်မလည်း မသိကြောင်းပါဘုရား"

"ကောင်းရော" ဆိုကာ ဘုန်းကြီး ရယ်မောသဖြင့် ကျန်လူများလည်း ရောနှောရယ်မောကြ၏။ ရယ်မောသံဆိတ်မှ ဒေါ်ပန်းအိအသံ ပြန်ပေါ်လာ၏။

"တပည့်တော်မကို သူများပြောလို့ သိရသလောက် လျှောက်ပါမယ်ဘုရား"

"လုံးလုံး မသိတာနဲ့စာရင် တော်သေးသာပေါ့၊ ပြောပါ"

"အဲဒါဟာ ဘိန်းစားပဲလို့ ယောက်မက လက်ညှိုးထိုးပြလို့ ပိန်ပိန်ချုံးချုံး၊ ဖြူဖပ်ဖြူရော် လူတစ်ယောက်ကို မြင်ဖူးပါသယ်ဘုရား။ ဒါနဲ့ပဲ တပည့်တော်မက 'အစ်မရယ်၊ မမာသယ်ကြီးပါကလား' လို့ ပြန်ပြောတဲ့အတွက် 'အေး ဟုတ်တယ်။ အချိန်ကျရင် ဘိန်းမရှူရ မနေနိုင်ဘူး။ ရှူပြီး ပြန်ရင်လည်း ငိုက်နေတာပဲ။ ဘာမှမလုပ်ဘူး။ ဘာမှမလုပ်တဲ့အတွက် စီးပွားဥစ္စာပျက်တယ်' လို့ ပြောပါတယ်ဘုရား"

"သေရည်ထက် ဆိုးပါကလား"

ဝင်ထောက်သူမှာ မိုးနှောင်းဖြစ်သည်။

"ယောက်မက ဆက်ပြောပါသေးတယ်ဘုရား။ 'စီးပွားဥစ္စာလည်း ပျက်၊ လူလည်း အသွေးအသား ခန်းခြောက်ပေမယ့်၊ မကောင်းမှုကို မစွန့်ပယ်နိုင်ဘူး။ အချိန်တန်ရင် ဘိန်းမရှူရ မနေနိုင်ဖြစ်လာသဲ့အခါ လုယက်တိုက်ခိုက်နိုင်တဲ့ ခွန်အားဗလ မရှိသူပီပီ အိမ်နောက်ဖေးမှာ လှမ်းထားတဲ့ ထဘီတွေဘာတွေ ကန်တော့ပါဘုရား၊ အဲဒါတွေကို အိမ်ရှင် သတိအလစ်မှာ ခိုးသယ်' တဲ့ ဘုရား"

" ခိုးတယ်၊ အင်း.... အရှင်မပေးသော ပစ္စည်းကို ယူတာဟာ ခိုးခြင်းပဲပေါ့။ နို့နေပါဦး၊ သည့်ပြင် အဝတ်ကိုမခိုးဘဲ ထဘီကိုမှ ဘာကြောင့် ခိုးရသတုန်း"

"တခြားပစ္စည်းက အိမ်ရှေ့မှာ လှမ်းထားတာမို့၊ ဝင်ခိုးရင် လူမြင်သူမြင် ဖြစ်မှာပါဘုရား။ နောက်ဖေးမှာ လှမ်းထားတာကို ခိုးတော့ ရုတ်တရက် မြင်သူ မရှိဘူးထင်ပါ့ဘုရား"

ထိုအခါတွင် ဘုန်းတော်ကြီး မြည်တမ်း၏။

"ဩော် ဘိန်းစား ဘိန်းစား၊ အဖြစ်ဆိုးလှပါကလား။ ခိုးရာမှာတောင် ထဘီကိုသာ ခိုးရဲရှာပါကလား။ အင်း.... အင်္ဂလိပ် အင်္ဂလိပ်၊ စေတီပုထိုးတွေကို ဖောက်ထွင်းလုယက်ရသာ အားမရလို့ အေးချမ်းသာယာသဲ့ ငါတို့ပြည်ထဲကို ပလိပ်ရောဂါရယ်၊ ဘိန်းစားရယ်၊ သူခိုးရယ်ကိုပါ ခေါ်လာပါပေါ့လား"

စကားဝိုင်း တိတ်အသွားတွင် ဆိုင်းသံက လွှမ်း၏။

"သောက်တော်ဘူးရယ်နဲ့ အိုမကွာအိုမကွာ၊ မင်းကျော်စွာလို့ မကျော်လား၊ ဝေးရပ်ကရှား"

"ဦးဇင်း ဦးဇင်း၊ သည်အင်္ဂလိပ်က ဘိန်းရောင်းသယ်ဆို။ အစ်ကိုပြောသဘုရာ့"

ငမိုးနှောင်းကထမေးခြင်းဖြစ်၏။

"အေး၊ ငါလဲ ကြားဖူးသလိုလိုပါပဲ"

"ဟဲ့၊ အလှူ့ဒါယကာ ငမိုးကောင်း"

နတ်ကတော်အကတွင် စိတ်ရောက်နေသော ကိုမိုးကောင်း လှည့်ကြည့်ပြီး ကြုံ့ကြုံ့ထိုင်သည်။

"ဘဒ္ဒေး၊ ဘာမေးသတုန်းဘုရား"

"မင်းက ကုလားပိုင်နက်နဲ့ နီးသဲ့အတွက် သိမလားလို့မေးရသာ။ အင်္ဂလိပ်က ဘိန်းရောင်းသဆိုဟဲ့"

"မှန်ပါ။ ရောင်းသမှ ဆိုင်ဖွင့်ပြီး ရောင်းသာပါဘုရား"

"အဲသာ ဘာသဘောတုန်းလကွ"

"တပည့်တော်တို့ မြန်မာလူမျိုးတွေဟာ ရဲရင့်သဲ့လူမျိုး၊ မြင့်မြတ်သဲ့လူမျိုးပီပီ ရခိုင် ရခိုင့်အလျောက်၊ ချင်း ချင်းအလျောက်၊ ကရင်၊ မွန်၊ မြန်မာလည်း ကရင်၊ မွန်၊ မြန်မာအလျောက်၊ ရရာလက်နက်ဆွဲပြီး သင်းတို့ကို အသေအလဲ ခုခံသ ဘုရား၊ တိုက်သဘုရား။ အဲသာကြောင့် တပည့်တော်တို့တစ်မျိုးလုံး လူညွန့်တုံးပြီး ဘိန်းစားဖြစ်ကုန်အောင်လို့ ဘိန်းဆိုင်တွေဖွင့်သာဘုရား"

"ငါ့တူပြောမှပဲ လင်းသကွာ"

ဘုန်းကြီး ခေါင်းတညိတ်ညိတ်လုပ်နေစဉ် ဦးရဲတင်းအသံပေါ်လာ၏။

"ဘိန်းဆိုင်အပြင် အရက်ဆိုင်ဆိုသဟာ ရှိသေးသကော"

"ဟုတ်သားကပဲ။ ငါတို့တစ်တွေဟာ ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံသဲ့လူမျိုး။ သူရာတစ်စက် ငါးပါးပျက်ဆိုသဲ့စကားနဲ့ မူးယစ်တွေခေ ကုသိုလ်ကောင်းမှုမှ မေ့လျော့စေသဲ့ သေရည်။ ကြည့်စမ်း ခေါ်သာကိုက သေစေတတ်သောအရည်၊ သေစေတတ်သော အရက်မို့၊ သေရည်သေရက် ခေါ်ပြီး ဝေးစွာရှောင်သဲ့ဟာကို ဆိုင်ဖွင့်ရောင်းသာဟာဖြင့် ဘာသာနဲ့သာသနာကိုပါ စော်ကားသာပဲ"

"ဟုတ်သာပေါ့ဘုရား။ တပည့်တော်တို့ မြန်မာမင်းက သေရည်သေရက် ရောင်းချရန်မဆိုထားဘိ။ သောက်စားခြင်းကိုတောင် တားမြစ်သာဘုရား"

ဦးထိန်းကလည်း ဝင်ရောက်ဖြည့်စွက်ခြင်းဖြစ်၏။ ထိုအခါ ကိုမိုးကောင်းက "အဖေ့နယ် ကုသိုလ်ကောင်းမှုကို မေ့လျော့မှ ကျုပ်တို့ဘာသာသာသနာကွယ်ပြီး သင်းရို့မိစ္ဆာဒိဋ္ဌိတွေ တွင်ကျယ်နိုင်မှာပေါ့" ဟု ပြောသည်။

"သာသနာကွယ်မှဖြင့် လူမျိုးပါကွယ်ပြီပါ့"

"သာပေါ့ဘထွေးရာ။ မူးရူးပြီး အချင်းချင်းဆဲဆိုရိုက်ပုတ်၊သတ်ဖြတ်၊ တစ်မိသားနဲ့ တစ်မိသား ရန်မီးပွားနေရသာနဲ့ပဲ သင်းတို့ကို မတွန်းလှန်

နိုင်တော့ဘူး။ အင်္ဂလိပ်ဟာ တပည့်တော်တို့ လူမျိုးကို ခွေးလုံးလုံးဖြစ်အောင် လုပ်နေသာ ဘုရား"

"အမဲသားဆိုင်တွေ ဖွင့်တာရော"

သည်စကားကို ထုတ်ဖော်သူမှာလည်း ဦးရဲတင်းပင်ဖြစ်၏။

"ဘယ်လို အမဲသားဆိုင်တုန်း ဒကာကြီး"

"တပည့်တော်ရို့ မြန်မာဘုရင်မင်းမြတ်များက ကျွဲသား၊ နွားသား မရောင်းချရ။ အိုလို့သေတာ၊ ရောဂါဘယနဲ့ သေတာလည်း မြေမြှုပ်ပစ်ရ သကောဘုရား"

"မှန်သယ် ဒကာကြီး"

"သို့ပေမယ့် တပည့်တော်ရို့ ကုလားပိုင်နက်ထဲမှာဖြင့် ကျွဲ၊ နွားတွေ သတ်ပြီး၊ သွေးရဲသံရဲနဲ့ အသားတုံးကြီးတွေကို ချိတ်ဆွဲပြီး ရောင်းချခွင့် ပေးထားသဘုရာ့"

"ယဉ်ကျေးမြင့်မြတ်သဲ့ ကျွန်တော်တို့ မြန်မာတွေကို စော်ကားသာ၊ မြန်မာဘုရင်မင်းမြတ်ကို စော်ကားသာပါပဲဦးရာ"

ထိုအခါ ဒေါ်ရွက်က ထင်မြင်ချက်ပေးပြန်သည်။

"သွေးရဲရဲ သံရဲရဲ အသားတုံးကြီးတွေကို နေ့တိုင်းမြင်ရဖန်များတော့ အကြင်နာ အသနား လျော့ပါးလာမှာပေါ့။ ဘီလူးစိတ်၊ သရဲစိတ် ဝင်လာ တော့မှာပေါ့"

"ကဲကဲ.... မနက်လည်း စောစောထကြရမှာ။ တစ်မေးလောက် မေး ကြဦး"

ဘုန်းတော်ကြီးက အသင့်ချထားသော ခေါင်းအုံးဘက်သို့ ရွေ့သွား ရင်း နိဂုံးချုပ်ပေးပြီးမှ စကားဆက်ထားသေး၏။

"အင်္ဂလိပ်မကောင်းကြောင်း ပြောနေရင် ဆုံးမှာမဟုတ်ဘူး"

"သင်းမှာ ကောင်းသာတစ်ကွက်၊ ကောင်းသာတစ်ချက်မှ မရှိသာ

ကပဲ ဘဒွေးရ။ သင်း မကောင်းကြောင်းပြောလို့ ဘယ်မှာဆုံးပါမတုန်း”

ဦးထိန်း၊ ဒေါ်ရွက်၊ ဦးရဲတင်း၊ ဒေါ်ပန်းအိတို့လည်း နောက်ဘက်သို့ ရွှေ့သွားကြပြီ။ မမင်းဘော်သည် တုံးလုံးပက်လက် အိပ်ပျော်နေသည့် မောင်ရှင်လောင်း နှစ်ယောက်ကို ယပ်ခတ်ပေးနေရာက ကိုမိုးကောင်းအား လှမ်းပြော၏။

“ရွှေမြို့တော်သားကြီး ဘယ်ရောက်သွားပါလိမ့်မောင်ကြီး”

“ကျုပ်လည်း အမှတ်မဲ့ပဲ နှမသယ်။ အိပ်ရာပဲ ဝင်သွားကြပြီလား။ ဇာတ်စင်ကုတင်ပေါ်ပဲ ရောက်သွားကြပြီလား”

“တစ်ရေးရရ အိပ်လိုက်ပါဦး”

“ငွဲကို စောင့်ဦးမယ် နှမသယ်။ မယ်မင်းလည်း လှဲပါဦးလား”

“အကျွန် မညောင်းညာသေးပါဘူး။ မောင်ကြီးသာ အညောင်း အညာဆန့်ပါ။ အကျွန် နှိပ်ပေးမှာပေါ့”

ယပ်လည်းခတ်ပေးသည်။ ပခုံးကိုကိုင်၍လည်း တွန်းလှဲသည်။ ကိုမိုးကောင်း ပက်လက်လန်အသွားတွင် ကျုံ့ကျုံ့ယုံ့ယုံ့ ကပ်ထိုင်ကာ ခြေဖျားများကို ဆုပ်ပေးသည်။ ကိုမိုးကောင်းမှာ ထိုခါတွင်မှသာ မိမိများစွာ ညောင်းညာနေပါတကားဟု သတိထားမိသည်။ ခြေဖျား ခြေဖဝါးကို နှိပ်နယ်ပေးသောလက် ခြေသလုံးသို့ ရောက်လာချိန်ဝယ်၊ မအိပ်ချင်သော မျက်လုံးသည် ငိုက်မျဉ်း၏။ ပေါင်ပြင်ကြောကို ဆုပ်နယ်ပေးချိန်တွင်ကား၊ မျက်တောင်များ လေးလံပိဆင်းလာလေ၏။

⁂

## ၁၇

လေပြည်ကလေး ငြိမ်သွားလျှင် ချက်ချင်း အိုက်စပ်လာ၏။

မယ်မင်းဘော်သည် သားနှစ်ယောက်ကို လှမ်းယပ်ခတ်လိုက်၊ လင်ကို ယပ်ခတ်လိုက်လုပ်ရင်း ပွဲခင်းထဲသို့လည်းကြည့်၏။ ကုတင်ပေါ်တွင် ကချေသည်ယောက်ျားနှင့် ကချေသည်မိန်းမတို့ အလဲအလှယ်ကလိုက်၊ လက်စွဲများက ရယ်ရွှင်ဖွယ် အပြောအဆို၊ အပြုအမူများဖြင့် အာရုံ ပြောင်းပေးလိုက်၊ ပရိသတ်က သောသောညံအောင် ရယ်လိုက်ရှိနေကြား၊ မမင်းဘော် အာရုံမရောက်။ သမီးနှစ်ယောက်ထံမှာသာ အာရုံစွဲမြဲ၏။

မိရိုး၊ မိအိုးတို့သည် သနပ်ခါးတဖုန်ဖုန် ပန်းတဝေဝေဖြင့် ကုတင်ဘက်သို့ မျက်နှာမူထားစေကာမူ အိမ်ပေါ်သို့ ဝင့်ခနဲဝင့်ခနဲ မျက်လုံးကစား၏။ ကစားလိုသောကြောင့် ကစားလေသလော၊ မအေ့အလစ်အဟာကို ကြည့်ခြင်းလောဟု မမင်းဘော် တပ်အပ်မသိ။ မသိသည့်အတွက် ကြည့်နေခြင်းဖြစ်သည်။

မျက်စိနှစ်လုံး ပွင့်ကတည်းက 'ရှင်လောင်းလှည့်ရမယ့် တာဝန်ကြီး ရှိပါကလား' ဟူသောအသိဖြင့် ထရ၏။ မည်သည့်အရာကို လုပ်နေရပါ သည်ဟု လက်ညှိုးထိုးပြစရာ မရှိငြား၊ မမင်းဘော်မှာ မနားရ။ ကျောဆန့် လိုက်ရသော် မည်မျှကောင်းမည်နည်း တောင့်တ၏။ သို့လျှင် တောင့်တပါ လျက်က မလှဲခြင်းမှာ သမီးတွေနှင့် လူတစ်အုပ်ကျော်တွင် ကာလသား ပေါက်စ ငါးယောက်နှင့် မိန်းမရွယ် မိန်းမကြီး ငါးယောက် ရောရာတစ်စု ရှိနေသောကြောင့် ဖြစ်၏။

ကာလသားသည် ကာလသားပီပီ မျက်နှာပိုးမသေ။ မျက်နှာက စပ်ဖြီးဖြီး။ ကြိတ်ပြီးရယ်သည်။ ဝါးခနဲရယ်သည်။ မိအိုး၊ မိရိုးတို့ဘက်သို့ မျက်လုံးတွေ အရောက်များသည်။ သည်အရာမှာ ဓမ္မတာဖြစ်ချေသည်။

သို့သော် သူငယ်ငါးယောက်အနက် ငါးယောက်လုံးကို မကြိုက်။ သုံးယောက်မှာ သည်ဆင်သေရွာ၌ မမင်းဘော်တို့ထက် စောစီးစွာ အခြေချ နေထိုင်သူများဖြစ်သည်။ မိဘဆွေမျိုး အသိုင်းအဝိုင်းကြီးမားသည်။ ကြီးမား သော်လည်း မမင်းဘော် မနှစ်မြို့။

တဘက်နီကို အစချလျက် ပေါင်းထားသူမှာ ကိုပွေး၊ မပဲသီးတို့၏ သား ငနွဲ့ဖြစ်သည်။ မိရိုင်းဖရိုင်း၏ သားဖြစ်ငြား ငနွဲ့ မရိုင်း။ သို့သော် မိရိုင်းဖရိုင်းမှ ပေါက်ဖွားသောသားကို မမင်းဘော် မည်သို့လျှင် နှစ်သက်နိုင်ပါ မည်နည်း။

ငနွဲ့၏ညာဘက်ဘေးမှ ခေါင်းတုံးပြောင်ကို လက်ဝါးတပွတ်ပွတ် လုပ်နေသူမှာ ကိုသံပြာ၊ မရွှေဥတို့သား ငကြွယ်ဝဖြစ်သည်။ မိဘရော သား သမီးပါ အနေအထိုင်၊ အပြောအဆို ယဉ်ကျေးကြငြား၊ ကိုသံပြာမှာ ယုတ်မာ သည်။ မိန်းမနှင့် ပတ်သက်လာလျှင် လင်ရှိလင်မဲ့ ဖောက်ပြန်ပျက်စီးသူ အဖြစ် မိန်းမတိုင်းသိသည်။

ထိုငကြွယ်ဝ၏ကျောဘက်မှ သျှောင်ထုံးကို တဘက်ဖြင့် ပတ်ပေါင်း

ပေါင်းထားသည့် ငစိုးမှာ မမင်းဘော်တို့နှင့် ယာတစ်ခင်းကျော်ရှိ ကိုကျန်၊ မဗေဒါ၏သားဖြစ်သည်။ အပြောအဆို၊ အဆက်အဆံ မရှိင်းပျပြား မျိုး မသန့်ချေ။ ကိုကျန်၏အမေ ဒေါ်ဆိတ်သည် လင်ငယ်နေသော အကျင့်ရှိ၍ မဗေဒါ၏ အစ်မနှစ်ယောက်ဖြစ်သော မပန်းနှင့် မလန်းလည်း မျောက်မ ထား ဝါသနာပါ၏။

နှစ်ယောက်ကျန်သေးသည်။

ငစိုး၏ဘယ်ဘက်ဘေးရှိ အသားနီစပ်နှင့် ငသာအောင်မှာ မြေထဲ နှင့် မနီးမဝေး ရွာတစ်ရွာမှ ပြောင်းလာသည်မှာ နှစ်ခါလည်မျှသာ ရှိသေး သည်။ ကိုတော၊ မကြွက်တို့က ကြိုးကြိုးကုပ်ကုတ် ယာလုပ်ကြပြား၊ ငသာအောင်မှ လက်ကြောတင်းအောင် အလုပ်လုပ်သူ မဟုတ်။

ငသာအောင်၏ ဘယ်ဘက်ဘေးမှ သျှောင်ထုံးကို အုပ်ပေါင်း ပေါင်း ထားသည့် သူငယ်မှာ၊ မြောက်ဘက် တိုင်ဝက်ပျော့ပျော့ဝေးသည့် ကုန်းတန်း ရွာမှ ဖြစ်သည်။ သစ်၊ ဝါး၊ ထင်းခုတ် အသက်မွေးသည်ဟုသာ မမင်းဘော် သိသေး၏။ မိဘအမည်၊ မျိုးရိုးဇာတိကို မသိ။ မသိသော်ငြား သူငယ်၏ မျက်လုံးများမှာ လူကောက်လူယုတ်များမှာသာ အရှိများ၏။ အမည်မှာ ငမောင်။

သမီးတို့သ ည် အလုပ်လုပ်မည်။ ဝတ်မည်။ စားမည်။ ပန်းတွေ့လျှင် ခူးဆွတ်ပြီး ပန်မည်။ ရနံ့မွှေးသော ပန်းကို နမ်းမည်။ သည်မျှသာသိသည်။ သိမျှသာ သိသော်ငြား၊ မသိသော ကိစ္စအာရုံဘက်တွင် ကျက်စားစပြုပြီ။ သို့အတွက် မမင်းဘော် မျက်တောင်မခတ်ဘဲ ကြည့်နေခြင်းဖြစ်၏။

မမင်းဘော်သည် သမီးများထံ မျက်နှာလှည့်ထားရင်းက သားများနှင့် လင့်ကို တစ်လှည့်စီ ယပ်ခတ်ပေး၏။ သူ့ကိုယ်သူလည်း တစ်ချက်တလေ ခတ်၏။ သို့ရှိရာက လင့်ထံမှ မပီမသ မြည်တမ်းသံပေါ်လာသဖြင့် ဖျပ်ခနဲ ကြည့်မိ၏။ အဆီပျံနေသော မျက်နှာကြီး။ သို့အတွက် ပခုံးပေါ်တွင်

တင်ထားသည့် တဘက်ကိုဖြုတ်သည်။

ရဟန်းသံဃာတော်များရှေ့တွင်ထိုင်လျှင် တဘက်ကို ပခုံးတွင် တင်မြဲဖြစ်သောကြောင့်၊ မမင်းဘော်၏ပခုံးတွင် တဘက်ရှိနေခြင်းဖြစ်၏။ စောစောက ဘုန်းကြီးဦးပြားရှေ့တွင်ထိုင်ပြီး စကားစမြည် ပြောခဲ့ကြသဖြင့် မမင်းဘော်မှာသာ မဟုတ်။ သူ့ယောက္ခမ၊ သူ့အဖေ၊ သူ့ညီမ၊ သူ့ဒွေးလေး၊ သူ့ချွေးမ၊ သူ့လင်ညီအစ်မတို့မှာလည်း တဘက်ကိုယ်စီပါသည်။ ဝတ်ဖြည့် ရာတွင် တဘက်ပေါ်တွင် ဦးချသည်။ ပြီးသော်လည်း ပခုံးပေါ်တွင် တင်မြဲ တင်ထားကြသည်။

ယခု အသင့်ရှိသော သည်တဘက်ဖြင့် ကိုမိုးကောင်း၏ အခွဲထူသော မျက်နှာကြီးကို သုတ်ပေးသည်။ ချက်ချင်း သမီးတို့ထံ မျက်လုံး ရောက်သွား သောအခါ၊ လင့်ဘက်တွင် ရှိစဉ်က ဖြစ်ပေါ်သော အကြင်နာ မျက်လုံး၊ အမြတ်တနိုး မျက်လုံးများ ကွယ်ပျောက်ခက်ထန်၏။

မမင်းဘော် ချက်ချင်းထရပ်၏။

မျက်နှာခက်ထန်သော်လည်း ခြေထောက်က မခက်ထန်။ ကြမ်း တစ်ပြေးတည်းတွင် ရတနာသုံးပါးဝင် သံဃာတော်တစ်ပါး ကိုန်းစက်နေသည်။ ကြမ်းတစ်ပြေးတည်း မဟုတ်ငြား၊ ဆင့်တစ်ပြေးတည်း ရှိသောနေရာ၌ လင် အိပ်နေသည်။ သို့အတွက် မမင်းဘော်သည် ခြေဖဝါးကို ကြမ်းပေါ်သို့ အသာချပြီးမှ တစ်ကိုယ်လုံးရွေ့၏။ ဝါးကို စိတ်ဖြာပြီး ကွပ်ထားသော ဝါးကြမ်းခင်းသည် ကျွိကျွိအိအိမြည်၏။

စိတ်က အလျင်လိုသည်။ သို့သော် လှေကားပေါ်သို့ မရောက်မချင်း မမင်းဘော် ဖြည်းညင်းစွာလျှောက်၏။ ခြေဖျားချပြီးမှ ခြေဖဝါးတစ်ခုလုံး ချသည်။ လှေကားထစ်များ၏ အပေါ်ဆုံးအထစ်ကို နင်းမိပြီးချိန်တွင် မမင်းဘော်သည် ပွဲခင်းထဲသို့ ရောက်လာ၏။ လေးဖက်ထောက်မတတ် ခါးကုန်းလျက်၊ ထဘီကို အသားနှင့်ကပ်အောင် သိမ်းကာ၊ ပရိသတ်ထဲသို့

ဝင်၏။ "ကန်တော့ရှင် ကန်တော့။ သမီးတွေဆီ သွားချင်လို့ပါ" ဟု ဆိုသေး၏။

မမင်းဘော်သည် သည်အလှူမဏ္ဍပ်နှင့် ပွဲ၏ ဒါယိကာမဖြစ်ခြား မထောင်လွှားပါ။ သူဖြတ်သန်းရသော လူများထဲတွင် မိရွယ်ဖရွယ် ရှိသေရမည့် အရွယ်များ၊ လေးစားရမည့် မောင်ရွယ်ဖားရွယ်များ ပါခဲ့သော် ဂုဏဝုဒ္ဓိ ဂုဏ်ပျက်မည်စိုးသောကြောင့် ခါးကုန်းခြင်းဖြင့် အရိုအသေပြု၏။ ထဘီနားဖြင့် သူတစ်ပါးအား မရိုက်မိစေရန် ထဘီကိုသိမ်း၏။

ဖင်တစ်နေရာစာ မရမိကပင် မမင်းဘော်သည် သမီးနှစ်ယောက်၏ မျက်နှာများကို ကြည့်လိုက်ပြီးသားဖြစ်သည်။ ရွှင်ချိုသော မျက်နှာများသည် မအေဝင်လာသည်နှင့် မျက်နှာပိုးသတ်လိုက်ကြပြီးဖြစ်သည်။

"ငါတို့သခင်မင်းသားက မြင်းမိုရ်တောင်ကြီးကိုတောင် သစ်တုံး မှတ်ပြီး ခုန်သတဲ့ မွန်းကျော်ရွဲ့ရ"

"မယားကို ချစ်သကိုး မွန်းသော်တာရဲ့"

"သို့ပေမယ့် ဇာဇာတုန်းကတော့ ဝါးလုံးတစ်လုံးကို ခုန်လိုက်သာ ခလုတ်တိုက်လဲပါရောလား"

"ဝါးလုံးဟုတ်မယ် မထင်ပါဘူးမောင်ရာ။ ချဉ်ပေါင်ရွက်ဟင်းထဲ ပါလာသဲ့ မျှစ်ပါလူရ"

ချဉ်ပေါင်ရွက်နှင့် မျှစ် ရောသောဟင်းကို ကျွေးရာတွင် မျှစ်ဖတ်ကြီး ကြီးမားပုံကို ကြံဖန်ပြီး ရအောင်ပြက်ခြင်းဖြစ်ရာ၊ ရယ်မောသံများ ရတ်တရက် မစဲချေ။ ဖိုသူကြီးကို လှမ်းကြည့်သူကြည့်၊ အလှူဒါယိကာမကို ဝိုင်းကြည့်သူ ကြည့် ကြည့်ကြ၏။ ပတ်မသံ၊ လင်းကွင်းသံနှောလျက် အကြိမ်ကြိမ် ပတ်တုတ်မှ မင်းသား၏အသံ ပေါ်လာခွင့်ရ၏။

"ငယ်ကျွန်ကြီးများဗျား"

"အမှုတော်ကို မလစ်လပ်ကြောင်းပါဘုရား"

ပုဂံစာအုပ်တိုက်

"အေး၊ မောင်တို့ ကျုပ်တို့ တက္ကသိုလ်လာဆရာထံ နိသျရည်းနဲ့ နည်းနာခံဖို့ ဘုံပွဲရှေ့နန်းကထွက်ခွာလာကြ၊ သုံးနှစ်ပြည့်ခဲ့ပြီမဟုတ်လား ကွယ်တို့"

ထိုအခါတွင်မှ မမယ်မသည် သမီးများအား "ဆီးချုပ်ဝမ်းချုပ်ဖြစ်နေပါဦးမယ် သမီးတို့ရယ်၊ အညောင်းပြေ အညာပြေ ထွက်ကြဦးစို့" အပြောဖြင့် ခေါ်ထုတ်ခဲ့၏။

သားအမိသုံးယောက်သား မမင်းဘော်ဝင်လာစဉ်က နည်းအတိုင်း ကုန်းကွပြီး ထွက်လာကြသည်။အိမ်နောက်ဖေးရှိ ထရံကာထားသည့်နေရာသို့ သမီးနှစ်ယောက် ဝင်သွားသည်ကို မမင်းဘော်သည် သစ်တုံး ဖင်ခုထိုင်ပြီး ကြည့်နေသည်။

"အမေ ဝင်ဦးမလား"

ညီအစ်မနှစ်ယောက်သည် ပွဲခင်းဘက်သို့ ခြေလှမ်းပြင်ပြီးမှ မအေ့ဘက်ပြန်လှည့်လာ၏။

"မဝင်တော့ဘူး အေရို့၊ လာကြပါဦး ထိုင်ကြပါဦး"

ပဝါတစ်ကမ်း ယပ်တစ်လှမ်းအကွာမှ မောပြီလား နှမသယ်ရယ်၊ မမောပါဘူး မောင်ကြီးပျို့သက်လှယ် အပြောကလေးတွင် ရင်ဖိုယစ်မူးရန်အားသန်နေရာက ထင့်ခနဲ ဖြစ်သွားကြသည်။ မအေ့ရှေ့ရှိ ထန်းဘလတ်အပြတ်များပေါ်တွင် မကြည်မသာ ထိုင်ကြသည်။

"သမီးရို့ကို အမေပြောထားသမှတ်လား။ ခွေးလေးခုန်ပေမယ့် ဖုန်ကမထရဘူးလို့"

"သမီးတို့ ပွဲပဲကြည့်နေပါသယ် အမေရာ"

မိအိုးသည် သူ့ပင်ကိုအတိုင်း အေးဆေးစွာဖြေသည်။

"ညည်းတို့အနားမှာ ကာလသားတွေရှိတာ မသိဖူးလား"

"သိပါသယ်အမေ"

"သိလို့ လှည့်ကြည့်သာပေါ့လေ၊ မိုင်းတာမ" ပြောပြောဆိုဆို

ပေါင်တွင်းကြောကို ဆွဲလိမ်သည်။

"ကြောက်ပါပြီအမေရဲ့"

"မအော်နဲ့၊ ပြတ်သွားမယ်"

မမင်းဘော်၏ လက်သည် ထွက်မလာသေး။ ဆွဲလိမ်ထားဆဲ ရှိသေးသည်။

"ညည်းအဖေ အိပ်နေသာ နိုးသွားမယ်"

မအေက အသံကိုအုပ်ပြီး ပြောသည်နှင့် လိုက်လျောညီထွေ မိအိုးလည်း ရှုံ့မဲ့လျက်က မအေကြားရုံသာ တုံ့ပြန်သည်။

"မအော်တော့ပါဘူး အမေရဲ့၊ နာလှပါပြီ"

ထိုအခါတွင်မှ အဆွဲအလိမ်ရပ်၏။

"မိန်းမတို့လ္လန္တြေဟာ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားထက် အဖိုးတန်တယ်လို့ အမေ ပကြာခဏ ပြောတယ်မဟုတ်လား"

"ဟုတ်ကဲ့၊ ပြောပါသယ် အမေရဲ့"

"ပြောထားပါလျက်နဲ့ ဘောက်မဲ့ကြောင့် လှည့်ကြည့်သတုန်း"

"ဆေးလိပ်တိုနဲ့ ကျောကို ပစ်သာကိုးလို့"

"ဒါလိုပစ်တော့၊ညည်းတို့ဘေးက မိန်းမတွေက ဘာမှမပြောဖူးလား"

မိအိုး မဖြေပေ။ စဉ်းစားနေခြင်းလော၊ ယောက်တ်နေခြင်းလော။သို့သော် မိရိုး ဝင်ဖြေသဖြင့် အခက်အခဲပြေလည်၏။

"ပြောပါသယ်အမေရာ။ ပွဲကို ကောင်းကောင်းကြည့်ကြကွယ်တို့။ မိန်းကလေးတွေရဲ့ ဘဒွေးတွေ၊ မောင်တွေသိသွားရင် ခက်မယ်လို့ ဖွားပုက ပြောပါသယ်"

"သူငယ်တွေက ဘာပြန်ပြောသတုန်း"

"ရယ်နေကြသာပါ။ ဘာပြန်ပြောရမှာတုန်း"

စကားအဆုံးတွင် ကျောပေါ်သို့ လက်ဝါးကြီး ဖြန်းခနဲ ဖြန်းခနဲ

ကျလာ၏။ မိရိုး ကျောကော့ပြီး ထရပ်၏။

"လာခဲ့ ပြန်ထိုင်"

"ကြောက်ပါပြီ အမေရဲ့။ နာလိုက်သာအမေရာ"

ပြောလည်းပြော၏။ ထိုင်လည်းထိုင်၏။

"ညည်းကို ဘာပြုလို့ အမေရိုက်သတုန်း"

"စကားပြောသာ မှားသွားလို့ပါအမေရဲ့"

"အေး မှတ်ထား။ ဖအေ၊ မအေ၊ ဘိုးဘွားမိဘ၊ ဘကြီးဘထွေးသာ မဟုတ်ဘူး။ ကိုယ့်ထက် တစ်နေ့တစ်ရက်၊ တစ်မနက်ကြီးသူကအစ ရိုရိုသေသေပြောရသယ်၊ နောက်ပြောရဦးမလား"

"မပြောရတော့ပါဘူး အမေရ"

မပြောရတော့ပါဟု မိရိုးကတိပေးငြား ကင်းမလက်မည်းသဏ္ဍာန် လက်မကြီးသည် ပေါင်ကြားထဲသို့ဝင်လာပြီး ပေါင်တွင်းကြောကို ဆွဲလိမ်လေ၏။ အော်လျှင် ပိုပြီးနာမည်စိုးသဖြင့် မိရိုး ရှုံ့မဲ့တွန့်လိမ်ပြီးခံ၏။

"သေပါပြီအမေရဲ့။ အမယ်လေး ကြောက်လှပါပြီ အမေရဲ့"

ညည်းတွားသံကလေးသည် အမေ့ရင်ကို ပုတ်ခတ်၏။ အမေ့ရင်ထဲ နင့်ခနဲ ခံစားရသည်။ ဩော် ငါဆွဲလိမ်တဲ့နေရာကလည်း နေမပူ လေ မသလပ်ရတဲ့ ပေါင်တွင်းသား နုနုကလေးပါကလား။ ငါ့သမီးကလေး နာရှာမှာပဲ အတွေးသည် လက်ကိုရုပ်သိမ်း၏။

သို့သော် သနားသည်ကို၊ ရင်ထဲမကောင်းသည်ကို ထုတ်ဖော်၍ မဖြစ်။ ထုတ်ဖော်လျှင် ကမ်းတက်ချိမ့်မည်။ သို့ကြောင့် အသံကို မာပစ်ရ၏။

"မှတ်ထားမလားဟင်"

"မှတ်ထားပါမယ် အမေရဲ့"

"မသေမချင်းမှတ်။ နောက်တစ်ခါဆိုရင် သေပြီမှတ်"

ထိုသို့ဆိုပြီးမှ နောက်သို့ဆုတ်ထိုင်ရင်း မမင်းဘော်သည် စိတ်ကို

လျှော့ချသည်။ သမီးနှစ်ယောက်လုံးကို ခြုံကြည့်သည်။

"သမီးတို့ကို အမေ မရိုက်ချင်ပါဘူး သမီးတို့ရယ်။ မှက်၊ ခြင်၊ ယင် မသမ်းရအောင် ဖဝါးလက်နှစ်လုံးပဲ ရှိသေးတဲ့အရွယ်၊ ပခုံးဆိုလည်း လက်နှစ်သစ်ပဲ ရှိသေးတဲ့အရွယ်ကစပြီး မွေးလာရသဲ့ သမီးတို့ကို ရိုက်ရတာဟာ ကိုယ့်ကိုယ်ကို ရိုက်ရသလို နာပါတယ် အေရို့."

အကြီးမ မိအိုးသည် မျက်ရည်များကို ပါးအို့ပေါ်သို့ တသွင်သွင် လိမ့်သွန်ချနေငြား၊ အငယ်မ မိရိုးကား မျက်ရည်ကို လက်ဖဝါးဖြင့် ပွတ်ပစ်နေသည်။

"ငါ့သမီးကလေး ချောင်းများဆိုးမလားဟဲ့ စိုးရိမ်စိတ်နဲ့ အအေးစာကို ရှောင်ရ။ ငါ့သမီးလေး ဗိုက်များနာမလားဟဲ့နဲ့ အပူစာကိုရှောင်ရ။ စားချင်တာ မစားရဘဲ ကြီးပြင်းအောင် စောင့်ရှောက်ရတဲ့ သမီးတွေကို မရိုက်ချင်ဘဲ ရိုက်ရ၊ မငေါက်ချင်ဘဲ ငေါက်ရတာဟာ လိမ္မာစေချင်လို့ပါ သမီးရို့ရယ်"

"သမီး သမီး အမေမကြိုက်တာ မလုပ်ပါဘူး အမေ"

"သမီးလည်း မလုပ်ပါဘူး အမေ"

"မိန်းမဆိုတာ စည်းစိမ်ဥစ္စာ ချမ်းသာချင်လည်း ချမ်းသာမယ်။ ဆင်းရဲချင်လည်း ဆင်းရဲမယ်။ ရုပ်ရည်လည်း လှချင်လှမယ်။ အကျည်းတန်ချင်လည်း တန်မယ်သမီးရို့။ သို့သော် ဣန္ဒြေမရှိရင် အဖိုးမတန်ဘူး။ လူအထင်သေးခံရတယ်။ ဒါကြောင့် ဣန္ဒြေရှိကြစမ်းပါ"

"ဟုတ်ကဲ့ပါ အမေ"

"မိန်းမဆိုတာ ဣန္ဒြေရှင်ဖြစ်သဲ့အတွက်၊ပြုံးစရာတွေ့ရင် စိတ်ထဲကပဲ ပြုံးရသတဲ့။ ရယ်စရာတွေ့တာတောင် ပြုံးရုံပဲပြုံးပြီး၊ အူလှိုက်သည်းလှိုက် ခွက်ထိုးခွက်လန် ရယ်စရာတွေ့တာတောင်မှ သွားပေါ်ရုံပဲ ပြုံးရသတဲ့"

"လက်စွဲတွေပြက်သာ သမီး မရယ်ပါဘူး အမေ"

အငယ်မ မိရိုး၏ ဝန်ခံချက်ဖြစ်သည်။

"အေးပါအေ။ သမီးရို့အရွယ်က အပျံသင်စ ငှက်ကလေးတွေလိုပဲ။ ကြောင်ကိုလည်း မသိ၊ ခွေးကိုလည်း မကြောက်၊ ငှက်ခတ်သမားကိုလည်း နားမလည်လေတော့၊ ကြောင့်ပါးစပ်ထဲ၊ ခွေးပါးစပ်ထဲ ပါသွားမှာ စိုးလွန်းလို့ပါကွယ်"

"အမေ မောင်လတ်သိုင်း နောက်ဖေးသွားသာလားမသိဘူး။ တင်းကုပ်ဘက်ကို ဆင်းပြေးလိုက် ပြန်တက်သွားလိုက်လုပ်သာ"

မိအိုးက အိမ်နောက်ဖေးလှေကားထိပ်မှ ပျောက်ကွယ်သွားသော ခြေထောက်တစ်ချောင်းကို လှမ်းကြည့်ရင်းတိုင်၏။

"အေးအေး။ ပြီးတော့၊ ဘယ်သူပဲဖြစ်ဖြစ် ပါးစပ်ကပြုံးတိုင်း စိတ်ထဲက ချိုသာပြုံးရွှင်နေသာ မဟုတ်သကော။ ပါးစပ်က ချိုပေမယ့် စိတ်ခါးသူ အများကြီးရှိသကော။ 'တိုကောက်၊ ချိုကောက် ထိုနှစ်ယောက် နောက်ဆုံးကလူ သတိမူ' တဲ့။ ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ သတိနဲ့ ပေါင်းသင်းဆက်ဆံကြ။ ကဲ.... အိမ်ပေါ်မှာ လူရှင်းပြီ။ စောင်းပြီးကြည့်ကြည့်၊ မှောက်ပြီး ကြည့်ကြည့် ရပြီ။ တက်ကြစို့"

မမင်းဘော်သည် သစ်ပင်မတက်ရ၊ ရေတွင်းငုံ့မကြည့်ရ ပညတ်ချက်ပေါင်း မြောက်မြားစွာဖြင့် စောင့်ရှောက်ထားရသည့် မောင်ရှင်လောင်း သေိုင်းကို သတိရသဖြင့် သမီးနှစ်ယောက်ကို ရှေ့မှတင်လျက် အိမ်ပေါ်သို့ နောက်ဖေးလှေကားမှ တက်လာသည်။

ပွဲခင်းတွင် ငြိမ်သက်နေ၏။ ကြေးနောင်တို့သံ တစ်ချက်တလေ၊ ပတ်လုံးတို့သံ တစ်သံတလေမှအပ ပရိသတ်အသံကို မကြားရ။ မင်းသားနှင့် မင်းသမီးတို့၏ အငိုအပြော ကွန်ချက်တွင် မိနေကြ၏။

အိမ်ပေါ်တွင်လည်း တိတ်ဆိတ်ငြိမ်သက်နေ၏။ မတိတ်ဆိတ် မငြိမ်သက်သူမှာ သေိုင်းနှင့် ကျိုင်း။

ကျိုင်းသည် သေိုင်း၏ ခြေဖဝါးကို နှိပ်ပေးနေရာ၊ သေိုင်းမှာ

စန့်စန့်ကြီး အနိုပ်ခံနေ၏။

"မောင့်အစ်ကို ဘဇာဖြစ်လို့ နှိပ်ပေးသတုန်း သားငယ်"

"ဝမ်းသွားတာ သုံးခါရှိပြီအမေ"

"ဝမ်းသွားတာ ခြေထောက်ကို နှိပ်ပေးလို့ရမလား သားရယ်။ အမောင်လုပ်လိုက်မှဖြင့် မတော်မတည့်"

"လူတို့ရဲ့ရုပ် တည်ငြိမ်ခြင်း၊ ဖောက်ပြန်ခြင်းကို လောက ပြပြင်ပေးသာ အမေရဲ့။ သားအခု နှိပ်ပေးနေသာ ပထဝီကြော"

မမင်းဘော်သည် သားငယ်အား ချေပခြင်းမပြုတော့ဘဲ မီးဖိုဘက်သို့ သွားသည်။အချက်အပြုတ်သမားများ မီးပျိုးထားသည့်ဘက်သို့ ဆင်းသည်။ အတန်ကြာလျှင် မီးအုံးထားသဖြင့် ကြက်သွန်ဖြူ လေးငါးဥယူပြီး ပြန်ရောက်လာသည်။

"လေလှည့်သွားအောင် စားလိုက်စမ်း သားမောင်"

ငသိုင်း လူးလဲထပြီး၊ မအေ အခွံသင်ပေးသမျှကို တစ်လုံးပြီးတစ်လုံး စားရာ ငကျိုင်းက နှာခေါင်းရှုံ့ပြီး ပြော၏။

"သည်ရာသီမှာ သက်သာကို ချုပ်စာနဲ့ မအုပ်ကောင်းဘူး။မန်ကျည်းမှည့်ကို ထန်းလျက်အသစ်နဲ့ ဆားမီးဖုတ်နဲ့ တိုက်ရသယ်အမေ"

မမင်းဘော် ရယ်မောသည်။

"အသူပြောသံကြားလို့ သဟာတွေ မဟုတ်မဟတ် ပြောသတုန်းဟဲ့"

"ကလေးဆိုပြီး ရယ်သွမ်းသွေးသပေါ့လေ၊ မပြောတော့ဘူး"

ပြောပြောဆိုဆို အစ်မများ ပွဲကြည့်နေသည့် တံခါးဘက်သို့ ငကျိုင်း ရွှေ့သွားသဖြင့် မမင်းဘော်မှာ ရယ်မောလျက် ကျန်ခဲ့သည်။

"ပြန်အိပ်လိုက်ဦး လူလေး။ စောပါသေးတယ်"

မမင်းဘော် ပြောဆဲတွင် 'တုံ'ခနဲ အသံကြီးတစ်သံ ကြားရ၏။ သို့ အတွက် အချက်အပြုတ်သမားများကို မမင်းဘော် လှမ်းကြည့်လိုက်စဉ်၊

ရှာဦးကျောင်းမှ တုံးခေါက်သံများ ထွက်ပေါ်လာသည်။

အရှေ့အရပ်သို့ မမင်းဘော်မျှော်ကြည့်သည်။ ပိန်းပိတ်အောင် မှောင်နေဆဲသာ ရှိသေး၏။ သို့သော် စာပြန်သံများကို ကြားရပြီ။ သို့ဆိုလျှင် မကြာမီ အရုဏ်လာတော့မည်ဟု မမင်းဘော် သိလိုက်၏။ ထိုအခါတွင်မှ ငချွဲကို သတိရသည်။ သတိရချိန်နှင့် တစ်ပြိုင်နက်တည်း မျက်လုံးအစုံက အလယ်ခေါင်တိုင်ခြေရင်းသို့ ရောက်သည်။

တောင်ဇင်ဖက်ဖြင့် ထုပ်ထားသော အထုပ်များ။ အင်ဖက်ဖြင့် ထုပ်ထားသော အထုပ်တစ်ထုပ်။ တောင်ဇင်ဖက်ဖြင့် ထုပ်ထားသော အထုပ်များကို သင်အူလျှော်များဖြင့် ရစ်ထားသည်။ လက်ဖက်စိုထုပ်ဟူ၍ ကိုင်မကြည့်ဘဲ သိသည်။

'....ကိုငချွဲ ဘယ်အချိန်များ ပြန်ရောက်လာပါလိမ့်။ ကေန္တ သမီးတွေဆီ ငါဆင်းသွားခိုက်မှာ ရောက်လာတာဖြစ်ရမယ်။ အိပ်ကြပါစေဆိုပြီး မနှိုးဘဲ ထားသွားတာဖြစ်ရမယ်....'

ပွဲသိမ်းဆိုင်းသံ ပေါ်လာသည်။

သိုးနေအောင် အိပ်နေသူများ ထထိုင်ကြသည်။ ကိုမိုးကောင်းသည် ထထိုင်ပြီးမှ ပြန်လှဲသည်။ သို့ရာတွင် ချက်ချင်းပြန်ထိုင်ရာက "နှမသယ်တို့ သားအမိတစ်တွေ တစ်ရေးမှ မအိပ်ကြရသေးဘူးထင်ပ။ ဘယ်အချိန်ရှိပြီတုန်း" မေးသည်။

"အရုဏ်တက်တော့မယ် မောင်ကြီးရှင့်"

"ကျုပ် နိုးပြီပဲကွယ်။ တစ်ရေး မှေးလိုက်ပါဘိ"

'ထိုးစည်' ထိုးသံ လွင့်ဝေ့လာသည်။ ရှာဦးကျောင်းတွင် ဘုရားဝတ်တက်ရန် အချက်ပေးခြင်းဖြစ်သည်။ ဝတ်တက်ပြီးချိန်နှင့် အရုဏ်တက်ချိန်သည် အံကိုက်ကျလေ့ရှိသည်။

"အရုဏ်ဆွမ်းပို့ဖို့ ရှိသေးသကော။ အကျွန်အိပ်လို့ မဖြစ်သပါ

မောင်ကြီး"

"ကျုပ် နိုးနေပြီပဲကွယ်။ ဟိုမှာ ဖိုသူကြီးတွေ ဟင်းနွှေးနေကြပါပြီ။ အခု မမေးရင် တစ်နေ့လုံး လုံခန်း မရှိတော့ဘူးနော"

မမင်းဘော်မှာ အိပ်ချင်စိတ်မရှိ။ သားမောင်ရှင်လောင်း အကြီး ကိုလည်း စိတ်မချချေ။

"သားလတ် ဝမ်းမကောင်းဘူး မောင်ကြီး"

"ဟင် ဟုတ်လား" မေးသံနှင့်အတူ ကိုမိုးကောင်း ဇွေ့ခနဲထသည်။ ငသိုင်းဘေးသို့ ရောက်သွားသည်။ ထိုအချိန်မှာပင် ငသိုင်း ငေါက်ခနဲထပြီး အိမ်ပေါ်မှဆင်းပြေးရာ အိမ်ပေါ်သို့တက်လာသူများနှင့် တိုးမိတိုက်မိသည်။

ဘုန်းတော်ကြီးမှအစ ဦးရဲတင်း၊ ဒေါ်ပန်းအိ၊ ဦးထိန်း၊ ဒေါ်ရွက် တို့လည်း ချောင်းခြောက်သံကလေး တဟက်ဟက်ဖြင့် နိုးလာကြရာက "ဟို မောင်ရှင်လောင်းအကြီး ဘာဖြစ်သာတုန်း" ဦးပဏ္ဍိတ လှမ်းမေးသည်။

"ဝမ်းသွားတာ လေးခါရှိပြီဘုရား"

မမင်းဘော် စိုးရိမ်သံဖြင့်လျှောက်ထား၏။

"စောစောက ပြောရောပေါ့သမီးရယ်။ အဖေ့မှာ ဆေးပါသားဟာကို"

ဦးထိန်းသည် ဟိုနှိုက်သည်နှိုက် နှိုက်၏။ ပွတ်သပ်အရောင်တင်ထားသည့် ထန်းစေ့မှုတ်ဘူးတစ်ဘူးကို ထုတ်လာပြီး၊ ဆေးတောင့်တစ်တောင့်ကို ဖဲ့သည်။ လက်ဝါးပေါ်တင်ထားပြီး လှေကားထိပ်သို့ မျှော်ကြည့်နေစဉ် ငသိုင်း ပြန်တက်လာသဖြင့် လှမ်းခေါ်သည်။

"လူလေး ရော့၊ ဝါးမစားနဲ့။ လျှာပေါ်တင်ထားပြီး မြို့နေ။ နောက် ထပ်တစ်ကြိမ်ဟာ အတော်ကြီးကြာမှ သွားလိမ့်မယ်။ ပြီးရင် ဝမ်းပိတ်သွား လိမ့်မယ်"

ငလှိုင်းလင်မယားသည် ပွဲမပြီးခင်ကတည်းက ဖိုသူကြီးများထံ ရောက်သွားကာ အရဏ်ဆွမ်းအတွက် စီစဉ်နှင့်သည်။ အရုဏ်ဆွမ်းဟူ၍

မမင်းဘော် သတိရချိန်ဝယ်၊ အရက်ဆွမ်းပို့ရန် အသင့်ဖြစ်နေပြီ။

မဏ္ဍပ်ထဲမှ ပွဲကြည့်ပရိသတ်များ ထပြန်သွားလျှင် တိတ်ဆိတ်ခြောက်ကပ်လျက် ကျန်ခဲ့သည်။ ငဝဲ၏မယားနှင့် ကလေးများသာ အမှိုက်သရိုက် လှဲကျင်းရှင်း ဖျာများ နေရာတကျဖြစ်အောင် ခင်းကျင်းရှင်းကျန်ခဲ့သည်။

သို့ရာတွင် အလှူမဏ္ဍပ်တွင်း၌ ရှင်းလင်းတိတ်ဆိတ်ချိန်မှာ များစွာမကြာညောင်းလိုက်ပါ။ ရှင်လောင်းများ ဘိသိက်သွန်းပွဲအတွက် ပြင်ဆင်ခင်းကျင်းသူများနှင့် မကြာမီ ရှုပ်ယှက်ခတ်လာပြန်သည်။

ဆိုင်းသမားများမှာလည်း အိပ်သူများ အိပ်နေဆဲရှိနေစေကာမူ ပတ်စာအသစ်ထိုးကာ၊ ပတ်စာအသစ် ကပ်သူကပ်၊ အသံပြသူပြနေခြင်းဖြင့် ပြန်လည် စည်ဝေလာပြန်တော့သည်။ ရှင်လောင်းပြင်သူများကလည်း ကြိုတင် တာဝန်ယူထားသည့်အတိုင်း တစ်ယောက်စီ လာရောက်ခေါ်ငင်သွားကြပြီ။

ဤသို့ဖြင့် နေထွက်တစ်ပြူမှာပင် မဏ္ဍပ်တွင်း၌ ဆိုင်းသံ၊ ဗုံသံ၊ တေးသံများ စည်ကားလာပြန်သည်။ မမင်းဘော်သည် တစ်ညလုံး မအိပ်ခဲ့ချေ။ အရက်တက်တွင်လည်း မမေ့ခဲ့ချေ။ ယခု ရှင်လောင်းများနှင့် ဘိသိက်ဆရာ၏ရှေ့တွင် ငြိမ်သက်စွာထိုင်နေရတော့မှ ငိုက်မျဉ်းလာတော့သည်။

"နှမသယ် ထမင်းခွံ့လိုက်လေ"ဟု ညာဘက်ဆောင်းရှိ ကိုမိုးကောင်းက သတိပေးသောကြောင့် မောင်ရှင်လောင်းတွေကို ထမင်းခွံ့ရငြား၊အကြား ဝါး၊ အမြင်ဝေသီနေချေပြီ။

ဘိသိက်ပွဲသို့ လာသူများသည် ရှင်ပြုတရားတော် တစ်ဆက်တည်း နာရန် လာသူများဖြစ်သည်။ ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ လက်ချည်းဗလာ လာသူမရှိ။ ဆေးရွက်ကြီး အရွက်ကြီးကြီး၊ အသွေးလှလှ၊ အကွက်လည်လည်ကို မပဲ့မကြေအောင် ဝါးခြမ်းဘောင် လေးဖက်ညှပ်လျက် ယူလာ

ကြသည်။

ကြက်သွန်သမားကလည်း အလှူသို့ လာခါနီးမှ ကပျာကယာ ကောက်ယက်သော ခြင်းကျဲကျဲထဲတွင် လှပေ့ချောပေ့ဆိုသည့် ကြက်သွန်ဥတွေ ထည့်လာသည်။ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ၊ ငရုတ်သီး၊ လူးဆပ်၊ ဆန် တတ်နိုင်သူများကလည်း ရှိသည့်ပစ္စည်းကို တတ်နိုင်သမျှ သယ်ပိုးလာကြရာ သည်ပစ္စည်းတွေကို သံဃာစင်ရှေ့ရှိ တောင်းကြီးတောင်းငယ်များတွင် ထည့်သည်။ ခုံကြီးခုံငယ်များတွင် ပုံသည်။

သံဃာစင်ပေါ်တွင် စပ်သမားများက ဇာတ်ကြီးဆယ်ဖွဲ့လာ ဒါနခန်းများကို ရေးခြယ်ထားကြသည်။ လင်းနို့တောင်များ၊ နဖူးစည်းများကို ငွေကွပ်ထားသည်။ သံဃာစင်ဒုပိတ်ကို တောကားတောင်ကား ခြယ်သထားသည်။

ကြွရောက်လာမည့် သံဃာတော်တစ်ပါးစီ၏ရှေ့တွင် ကန်တော့ပွဲများ ခွဲဝင်တောင်းအသစ်များ ချထားပြီးပြီ။ ကန်တော့ပွဲထဲ၌ ထုံးစံအတိုင်း အုန်းငှက်ပျောပါသည်။ ကွမ်း၊ ဆေး၊ လက်ဖက်ပါသည်။ ကွမ်းသီးကိုမူ ဝါးသီတံထိပ်တွင်စိုက်လျက် ဖြန့်စိုက်ထားသည်။

ကိုမိုးကောင်းသည်လည်းကောင်း၊ မမင်းဘော်သည်လည်းကောင်း၊ ရပ်ဝေးရပ်နီးမှကြွလာသည့် ပရိသတ်များကို လှည့်မကြည့်အားပါ။ ဘိသိက်ဆရာ ရွတ်ဆိုသမျှကို နားထောင်ငိုက်မျဉ်းနေရသဖြင့်၊ မည်သူက မည်သည့် ပစ္စည်း ယူလာသည်ကိုလည်း မသိပါ။ ရောက်လာသမျှ ပစ္စည်းများကို ပဲ ပဲချင်း၊ ဆန် ဆန်ချင်း ရောနှောထည့်သိုရန် ကြိုဆိုလက်ခံနေသူမှာ ငချွဲ၊ ငဝဲတို့သာဖြစ်သည်။

သူတို့ညီအစ်ကိုသည် လက်ခံတောင်းထဲမှ ငရုတ်၊ ဆေး၊ ဆန်၊ ပဲ စသည်များကို သံဃာစင်ပေါ်ရှိ ခွဲတောင်းများထဲသို့ မျှထည့်သည်။ ထမင်းမစားရသေးသူကို ထမင်းရုံသို့ ပို့ပေးသည်။ ဖိုသူကြီးများထံ ပြေးရပြန်သည်။

သံဃာစင်ရှေ့သို့ ပြန်ပြေးလာကြရပြန်သည်။

မမင်းဘော်သည် မျက်လုံးများကို အားတင်းဖွင့်ထားလျက်က ကိုမိုးကောင်း၏ ပခုံးပေါ်သို့ ငိုက်ကျလာလေ၏။ ကိုမိုးကောင်းသည် အသာအယာ ထိန်းထားသည်။ "အမေ၊ နေမကောင်းဖူးလား အဖေ" ဟု ငသိုင်းလှမ်းမေးသည်ကိုပင် ပါးစပ်ဖြင့် မဖြေဘဲ လက်ကာပြသည်။ မမင်းဘော်အိပ်မောကျသွားတော့မှ မိုအုံးတစ်ခုပေါ်တွင် မှေးတင်ထားပြီး သားများအနီးသို့ ကပ်ပြောသည်။

"အမောင်တို့အမေ နေကောင်းပါသယ်။ မနေ့တုန်းက တစ်နေ့လုံးပင်ပန်း၊ ညတုန်းက တစ်ညလုံး မအိပ်တော့ အခုအိပ်ပျော်သွားသာပါ။ မဖျားမနာပါဘူး"

မမင်းဘော်မှာ ဘိသိက်ပွဲပြီးသည်ကို မသိလိုက်။ သားတွေ သာမဏေဖြစ်သွားပြီ။ အိပ်ကောင်းဆဲ။ သံဃာတော်များကို ဆွမ်းကပ်ပြီ။ မနိုးသေး။ စည်တော်သံကြားတော့မှ ခေါင်းထောင်သည်။

ဘိသိက်သွန်းချိန်က သူ့ဘေးတွင်ရှိနေခဲ့သည့် မိဘများ၊ ယောက္ခမများမရှိပြီ။ ရှေ့နားသို့ ရောက်သွားကြပြီ။ သူ့ဘေးတွင် ကြင်နာစွာ ပြုံးနေ သူမှာ သူ့မောင်ကြီး ကိုမိုးကောင်း။

"အဲသာလောက်မှ မအိပ်ရရင် ဘယ်ဖြစ်မတုန်း နမသယ်ရယ်"

သံဃာစင်ပေါ်သို့ သံဃာတော်များ ကြွလာနေပြီ။ ငလှိုင်းသည် သံဃာစင်ပေါ်သို့တက်မည့် ကိုယ်တော်မြတ်များ၏ ခြေထောက်ကို ပုဆိုးကောင်းတစ်ထည်ဖြင့် သုတ်ပေးနေသည်။ထိုသို့ သန့်ရှင်းသုတ်သင်ပေးမှသာ၊ တင်ပျဉ်ခွေထိုင်ရာ၌ သင်္ကန်းကို ခြေဖနောင့်မှ ဖုန်များ၊ ရွံ့များ မပေဘဲ ရှိမည်။

ယပ်များကို ထမ်းလာသည့် သံဃာတော်များသည် မိမိရှေ့ရှိ ကန်တော့ပွဲတွင် ယပ်ကို မီထောင်ထားကာ၊ယပ်နောက်တွင် အေးချမ်းလွတ်လပ်စွာ ထိုင်နေကြသည်။ သူတို့၏ မျက်နှာတော်များကို မည်သူမျှ မြင်ခွင့်မရ။

"ဘယ်ဘက်အစွန်ဆုံးမှာ နမသယ်ရဲ့သားတွေပါဗျား"

"အကျွန် မျက်နှာသစ်ချေဦးမနော်။ ပြီးရင် သားတွေကို အနားကပ်ပြီး ကြည့်ချေဦးမယ် မောင်ကြီး"

"မကြာပေစေနဲ့နော်၊ တရားနာတော့မှာ"

ကိုမိုးကောင်း၏ စကားဆုံးရုံသာရှိသေး၏။ ရွာဦးကျောင်းဘက်မှ စည်ရိုက်သံပေါ်လာ၏။

စည်သံသည် ယခုကဲ့သို့သော သာရေးတွင်သာမဟုတ်၊ နာရေးတွင်လည်း ရွာတွင်းရွာပလူများ ကြားသိစေရန် အချက်ပေးသည်။ ကွမ်းတစ်ယာညက်မျှ ကြာမြင့်တိုင်း ပာစ်ကြိမ်ထုမည်။ သုံးကြိမ်ထုပြီးနောက် တရားနာလိမ့်မည်။

မမင်းဘော်သည် မျက်နှာကို တဘက်ဖြင့်သုတ်ရင်း သံဃာစင်အစပ်သို့ ပြုံးပြုံးကြီးကပ်လာသည်။ ခေါင်းတုံးပြောင်ပြောင်တွင် နနွင်းသုတ်ထားသဖြင့် 'ချာရစ်' နေရာ၌ ဝင်းထိန်နေသည့် ရှင်သစ်နှစ်ပါး။

"ကိုရင်လေး ငိုက်နေပြီလား"

မျောက်ရှုံးအောင် ဆော့သည့်ဘဝမှ ငြိမ်သက်စွာ ထိုင်နေရသည့်ဘဝသို့ တစ်ခဏချင်း ပြောင်းလာရသဖြင့် ကိုရင်ကောလ္လာည ငိုက်မျဉ်းသည်။ သင်္ကန်းအသ ်ကြီးတွေကို ဝတ်ရ ရုံရသဖြင့် အိုက်သည်။

"အမေ၊ အိုက်သဗျာ"

"ဒကာမကြီးလို့ ခေါ်ရသကော"

ဖင်ထိုင်လျက် ရွေ့ကပ်လာသည့် ကိုရင်ငယ်အား မမင်းဘော် ကြည့်မဝပေ။ တဘက်ဖြင့် ချွေးသုတ်ပေးသည်။ ယပ်ခတ်ပေးသည်။

"ကိုရင်ကြီး၊ ညီလေးကို ဂရုစိုက်ပါနော်"

"ဟုတ်ကဲ့ပါအမေ။ အင်း ဒကာမကြီး"

အမေခေါ်ခြင်းကို နှစ်သက်သော်လည်း ဒကာမကြီး ခေါ်သံကို

မမင်းဘော် ပီတိဖြစ်၏။ ဝမ်းသာ၏။ သားယောက်ျားလေးကို မွေးရသည်မှာ သည်တစ်ချက်ဖြင့်ပင် မွေးရကျိုးနပ်လေပြီ။ သကာန်းရုံထားပြီး မျက်လွှာချထားပုံမှာ ကျက်သရေရှိလှပါဘိ။

"အမေ၊ တရားနာတော့မယ်တဲ့။ အဖေ အခေါ်ခိုင်းပါသယ်ရှင့်"

ချွေးမမိဒေါင်းလှ လာခေါ်သဖြင့် မမင်းဘော်သည် တဘက်ဖြန့်လျက် သုံးကြိမ်ဦးချပြီးမှ မိဒေါင်းလှနောက်သို့ ကြည်နူးစွာ လိုက်ပါလာလေ၏။

သံဃာစင်ပေါ်တွင် သံဃာတော်များသည် ယပ်ကွယ်လျက် အသင့်ရှိနေကြပြီ။ ပရိသတ်ကလည်း သီလယူရန် လည်တဆန့်ဆန့် ဖြစ်နေကြပြီ။ သို့ရာတွင် ဆိုင်းဆရာသည် လက်သံပြောင်ပြောင်ဖြင့် ရောင်ခြည်တော်ဖွဲ့ကို မြိုင်ဆိုင်စွာတီးနေ၏။ တေးချင်းဆုံးသည်အထိ စောင့်ဆိုင်းငြား၊ ထပ်ကြော့နေသည်။

"ဆိုင်းသမားတွေလည်း ပျော်ကြထင်ပါ့အဖေရာ။ ပျော်ဖို့ပါးဖို့ တစ်မတ်၊ ငါးမူး 'ပတ်ပိတ်' သွားပေးလိုက်မယ်နော်"

ငလှိုင်းသည် ဖအေ့ကျောနားသို့ ပါးစပ်ကပ်ပြီး ပြောသည်။

"တစ်မတ်၊ ငါးမူး နည်းပါသယ်သားရာ။ တစ်ကျပ်ပေးပါဘိ"

ကိုမိုးကောင်း လှည့်ပြောနေခိုက်၌ ဆိုင်းသံစဲ၏။ ဆိုင်းဝိုင်းအနီးတွင် ငချဲကို လှမ်းမြင်ကြရ၏။ သူပင် ပတ်ပိတ်ခြင်းဖြစ်မည်။

သို့သော် မင်းပေါက်ဘေးမှ .စည်းသမားပင် စည်းကိုမချရသေး။ ထမင်း၊ ဟင်းချက်ပြုတ်သည့်ဘက်မှ လူများ မဏ္ဍပ်ထဲသို့ဝင်လာကာ ကခုန်ကြသည်။ ယောက်မထမ်းသူထမ်း၊ ကြေးအိုးအဖုံးကို ခေါင်းဆောင်းသူဆောင်း၊ ကြက်သွန်အခွံသင်သည့် ဓားတွေကို တချွင်ချွင် ခတ်သူခတ်။ ဒယ်ဖုံးသည့် စကောကို အတောင်ခတ်လျက် ကခုန်နေသူမှာ ကာလသားခေါင်းတောက်တဲ့ဖြစ်သည်။

"အလှူ့ရှင်လင်မယား ကျန်းမာပါစေ"

ပုဂံစာအုပ်တိုက်

"အလှူ့ဒကာ၊ အလှူ့အမတို့မိဘများ ကျန်းမာချမ်းသာကြပါစေ"

"မေတ္တာရွှေမိုး တိုးကြပါစေ"

တရားမနာရအောင် နှောင့်ယှက်သည်ဟု စိတ်ကွက်သူမရှိ။ ပရိသတ်သည် 'ဖိုကြီးထ' သူများကိုကြည့်ကာ တဝါးဝါး ရယ်မောကြ၏။

"သေခါနီးမှ လူလယ်ကောင်မှာကသာ တော် မရှက်ဖူးလား"

ကာလသမီးခေါင်း မကြီးပုက လက်ညှိုးထိုးပြီး သရော်၏။ သရော်ရင်းက သူပါ ပျော်ရွှင်လာသဖြင့် ရောနှောကခုန်လေ၏။

"အောင်စည်အောင်မောင်းတီး အောင်ပွဲကြီးဆင်လေပြီ။ တို့ရွှေပြည်"

"ကဲကဲ.... ပျော်သာလည်းပျော်ကြ။ ပရိသတ်ကိုလည်း အားနာကြပါဦး" ထိုအသံနှင့်အတူ ငချွဲရောက်လာသည်။ အများမြင်သာအောင် ခေါင်းဒေါင်းတစ်ပြားကို ထောင်ပြပြီးမှ တောက်တဲ့လက်ထဲသို့ထည့်သည်။

တောက်တဲ့သည် ခေါင်းဒေါင်းကို ခေါင်းပေါ်တွင် ထောင်ကိုင်ပြီး တေးချင်းဆိုကာ ကခုန်ပြန်သည်။

"ခုခေတ်တွင် ခုကာလ ခေါင်းရှိမှ လူလိမ္မာ။ ခေါင်းမပါ လူဖျင်းသောက်တို့ ကဲမရောက်ပါ။ ခေါင်းအကဲနဲ့ စနည်းနာ မလိမ္မာလို့ မိုက်ဆေဦးတော့။ မုတ်ဆိတ်ဖွားနဲ့ ကုလားမရှောင် ဦးစွန်းဖုတ်နဲ့ တရုတ်မရှောင်။ ခေါင်းပြန်ခွပ် ရွာကျွတ်လာခဲ့မောင်"

"ကဲ တော်တော့ တော်တော့"

ငချွဲသည် တေးဆုံးလျှင် ဆုံးချင်း တောက်တဲ့ကို ကျောပြင်မှ တွန်းလျက် မဏ္ဍပ်အပြင်သို့ ခေါ်ထုတ်သွားလေ၏။

★

## ၁၈

ရှင်ဖြစ်တရားနာပြီးနောက် နောက်ချန်ကျန်ခဲ့သော သာမဏေနှစ်ပါးပင် ကျောင်းသို့ ပြန်ကြွသွားကြလေပြီ။

အိမ်ရှေ့သို့မျက်နှာမူထားသော တံခါးနှစ်ပေါက်အနက် ခေါင်းရင်းတံခါးအနီးတွင် ဘထွေးဘုန်းကြီးနှင့် လူကြီးမိဘများ ထိုင်နေကြသည့်အတွက် ကိုမိုးကောင်းသည် လှေကားနှင့်နီးသော အပေါက်တွင် လာထိုင်သည်။ မဏ္ဍပ်ဖျက်နေသူများကို ရွှင်လန်းစွာကြည့်သည်။

သားယောက်ျားတွေ မွေးလာကတည်းက 'ရှင်ပြုပေးရဦးမှာပါကလား၊ သာသနာ့ဘောင် သွတ်သွင်းပေးရဦးမှာပါကလား' ဟူသည့် ဝန်ကြီးကို ထမ်းထားခဲ့ရ၏။ ယနေ့ ထိုဝန်ထုပ်ဝန်ပိုးကြီး ဦးခေါင်းပေါ်မှ ကျသွားပြီ။ ထို့ကြောင့် "အောင်ပြီ.... အောင်ပြီ" ဟူသည့် ကြွေးကြော်သံကြီးညံစာ၏။

အလှူပွဲမတိုင်မီက လျာထားသမျှ လုံးပမ်းသမျှ ရွာလူကြီးများနှင့်

တိုင်ပင်ညှိနှိုင်းခဲ့သမျှကို ပြန်တွေးလျှင်လည်း ကြည်နူးရသည်။ ချွေးတလုံးလုံးနှင့် မမောနိုင်မပန်းနိုင် ဆောင်ရွက်ခဲ့သမျှ မှဋ္ဌစေတနာကို မြင်ယောင်ပြန်သောအခါ ပြုံးမျှားပင်ပြုံးရသည်။

သို့သော် အားကိုးရ၊ ယုံကြည်ရရာတွင် ငချွဲ၊ ငဝဲ ညီနောင်နှင့် ထပ်တူရှိရသည့် မြင်းစီးကြီးဦးရွှဲ ရောက်မလာသည့်အတွက်မူ စိတ်ထင့်ရသည်။ အလှူနေ့တွင် မမိဦးတော့၊ရှင်ဖြစ်တရားနာချိန်တွင် ရောက်တန်ရာ၏။ မျှော်သည်။ ရောက်မလာ။

'နေထိုင်များ မကောင်းရော့သလား။မင်းမှုမင်းရေး ပေါ်ရော့သလား'

"အလှူစရိတ်တွေ တွက်နေသလားမောင်ကြီး"

လက်တစ်လှမ်းကွာသို့ မမင်းဘော် လာထိုင်ပြီးမေးသည်။တဘက်ကို ပခုံးတင်ထားသဖြင့် ကြမ်းနှင့် ရင်နှင့် ကပ်အောင် ဝပ်မနေ။

"မတွက်ပါဘူး နှမသယ်ရယ်"

"ပါးစပ်က တွတ်တွတ်တွတ်တွတ် ဆိုနေလို့ မေးရသကော။ နိဗ္ဗာနသုခ ပစ္စယော ဟောတုပေါ့ မောင်ကြီးရယ်"

"သည်စိတ်ထားဟာ အမှန်ဆုံး အမွန်မြတ်ဆုံးပေါ့ နှမသယ်။ နတ်ဖြစ်ချင်လို့ လှူသာမဟုတ်ဘူး။ ဗြဟ္မာဖြစ်ချင်လို့ လှူသာမဟုတ်ဘူး။ ဒုက္ခခပ်သိမ်း ငြိမ်းချုပ်ရာ နိဗ္ဗာန်ရွှေပြည်မြတ်ကို ရချင်ရောက်ချင်လို့ ဟုတ်ပြီလား"

"ဟုတ်သပေါ့ မောင်ကြီးရှင့်။ အနို့ ပါးစပ်လှုပ်နေသဟာက"

"မြင်းစီးကြီးပါ နှမသယ်"

"အို ဟုတ်သားပဲ့။ အကျွန် မေ့နေသကော"

ရင်ကို လက်ဝါးဖြင့် အသာအယာဖိရင်း မမင်းဘော် ညည်းသည်။ "ဟုတ်ပါရဲ့ မောင်ကြီးရယ်။ လက်ဖက်ထုပ်ကို 'တည်းစပ်' နဲ့ ထိုးထားတာပြုတ်မှာစိုးလို့၊ ဝါချည်ဖြူနဲ့တောင် ထပ်ပြီး ရစ်ပေးလိုက်သေးသပေါ့" ဟုဆက်ပြောသည်။

"နေပဲမကောင်းသလား။ မင်းရေးကိစ္စပဲ ပေါ်နေသလား။ စိတ်ထဲက တွေးနေသာကို ကြည့်စမ်း၊ ပါးစပ်က ထွက်သွားသာ ကျုပ်မသိဘူး"

ပေါင်ကိုပုတ်လျက် ကိုမိုးကောင်း ရယ်မောနေစဉ်၊ မြင်းတစ်စီး ပြေးဝင်လာသည်။

"ဦးကြီးရွှံ လာသယ်ဟော့"

မိရိုး၊မိအိုးတို့၏ အသံများ ပြိုင်တူပေါ်လာ၏။သို့ရာတွင် သူတို့သည် ငယ်စဉ်ကကဲ့သို့ ပြေးမသွားကြတော့။ ယက်ကန်းစင်နှင့် ယစ်ခုံမှ ညင်သာစွာ ထကြသည်။မြင်းနားသို့ သူတို့အဖေက "မျှော်လိုက်ရသာ မြင်းစီးကြီးရာ။ နေနိုင်ရဲ့ပလေ" အမောတကောသံဖြင့် သူတို့အလျင် ရောက်နှင့်ပြီ။

"အပြစ်တင်မယ်ဆိုတာ သိသားပဲဗျာ" ပြန်ပြောချိန်တွင် မိရိုးသည် မြင်းကိုဆွဲလျက် မြင်းဇောင်းတွင်းသွင်း၏။ မိအိုးမူ မြင်းစီးကြီး လှမ်းပေးသည့် အိုးသစ်ဖက်စိမ်းဖုံးနှင့် ဝါးကျည်တောက်ကိုလှမ်းယူပြီး အိမ်ပေါ်သို့ တက်သွား၏။

"သမီးကို ပေးလိုက်သာက ဘာဇာတွေတုန်းဗျ"

"သကာရည်တစ်အိုးနဲ့ ပျားရည်တစ်ကျည်တောက်။ ဘုန်းကြီးလှူဖို့နဲ့ ကိုရင်တွေကိုကပ်ဖို့"

"ကိုင်း အိမ်ပေါ်ကိုကြွပါခင်ဗျား"

မြင်းစီးကြီးသည် သိုင်းထားသော ပုဆိုးစဖြေပြီး မျက်နှာသုတ်ရင်း မော့ကြည့်ရာက "ဘုန်းကြီးလည်းရှိ၊ လူကြီးမိဘတွေလည်း ရှိသယ်။ သည်အောက်မှာပဲ ကောင်းပါသဗျာ" ဆိုကာ ကန့်လန့်ကာများ စုပုံထားသည့် ကွပ်ပျစ်ပေါ် ဝင်ထိုင်သည်။

"ကိုင်း ဘာဇာကြောင့် အခုမှ ရောက်လာရသတုန်း။ အကျွန့်မှာဖြင့် မနေ့တုန်းက မရောက်ရင်၊ ကနေ့မနက် ရှင်ဖြစ်တရားနာချိန်အမီ ရောက်မှာပဲ တမျှော်မျှော်နဲ့"

"အကျွန်သိသယ် သွေးသောက်မင်း။ ငါ့ရောင်းရင်းရော မျှော်နေမှာပဲလို့ စိတ်ထဲတထင့်ထင့်နဲ့ လည်ချောင်းထဲ ထမင်းနင်သလိုပါပဲဗျာ"

မိအိုး၊ မိရိုးတို့သည် လက်ဖက်ရည်နှင့် လက်ဖက်၊ ချင်းသုပ်၊ ကရေကရာ၊ ပေါက်ပေါက်ဆုပ်များ သယ်ချလာပြီး တည်ခင်း၏။

"ဦးကြီးရွှဲ သုံးဆောင်ပါရှင့်"

"ငါ့သမီးတွေ ကျွေးသာ စားရမယ်ဟေ့"

ချင်းသုပ်ကို လက်ငါးချောင်းဖြင့် ဆုပ်ယူကာ ထမင်းလွေးသည်သို့ လွေး၏။ ညီအစ်မနှစ်ယောက် ပါးစပ်ကို လက်ဝါးအုပ်လျက် နောက်ဆုတ်သွားကြ၏။

"အမိန့်ရှိပါဦး၊ အချိန်နှောင်းရသဲ့ အကြောင်းကို"

ကိုမိုးကောင်းသည် ဆီစက်စက်ကျနေသောလက်များ သုတ်သင်ရန် ပုဆိုးစုတ်တစ်ထည်ကို အလိုက်တသိ လှမ်းပေးငြား၊ မြင်းစီးကြီးမယူ။ သစ်ရွက်ခြောက်တစ်ရွက်နှင့် သုတ်သည်။

"အမေ နေမကောင်းဘူး၊ သွေးသောက်ကြီး"

"သို့ကလိုမှန်းမသိလို့ အပြစ်တင်မိသာပါ မြင်းစီးကြီးရာ။ အနို့ ခုရောင်းရင်းထွက်လာချိန်မှာ"

"ချော်လဲသာပါ၊ ဖျားသာနာသာ မဟုတ်ပါဘူး။ ချော်လဲပြီးတော့ ရသဲ့အနာရင်းပြီး ဖျားသာပါ။ အနာသက်သာတော့ အဖျားလည်း ကျသွားပါပြီ။ သို့သော် အမေလောက် အရေးကြီးသဲ့ ကိစ္စတစ်ခုလည်း ပေါ်လာသဗျ"

"အကျွန်ထင်သားပဲ။ မင်းရေးမင်းရာကိစ္စ ပေါ်နေပြီလို့"

"မင်းမှုရေးရာထက် အရေးကြီးသဲ့ တိုင်းရေးပြည်ရေးဗျ။ ကုလားဖြူသူခိုးတွေကို ဖမ်းနေရလို့"

ကိုမိုးကောင်းမှာ သားကောင်၏အနံ့ကိုရသော ကျားကြီးနယ်၊ ချက်ချင်းလှုပ်ရှားလာတော့သည်။

## ပုဂံစာအုပ်တိုက်

"ကုလားဖြူသူခိုး ဟုတ်စ ရောင်းရင်းရှဲ့"

"ဟုတ်သယ် သွေးသောက်မင်း။ ပတိမ်းငဖဲရဲ့ အရှေ့တောင်မှာ ရေနံထွက်သဲ့နေရာရှိသဗျ"

"ဆိပ်သာကွန်းထောက် ဖြစ်မထင်သဗျာ့"

"ဆိပ်သာကွန်းထောက်က ဝက်မစွတ်တို့၊ ဖောင်းလင်းတို့နဲ့ နီးသဲ့အပြင် ဧရာဝတီမြစ်ရဲ့ အရှေ့ဘက်ကမ်းမှာရှိသယ် သွေးသောက်မင်း။ ရေနံသူကြွယ် တွင်းရိုးတွေရဲ့ ရေနံတွင်းတွေရှိသယ်။ ဘုရင်မင်းမြတ်ကို ရေနံသသမေခ ဆက်သကြရသယ်။ အကျွန်ပြောသာက ရေနံမ"

"မှတ်ထားရဦး၊ ရေနံမ"

ကိုမိုးကောင်းသည် ရေနံထွက်သော အမိမြေ၏ နေရာသစ်အမည်ကို ခေါင်းတဆတ်ဆတ်ဖြင့် ရေရွတ်နေ၏။

"ကျောက်ကြို့ကျောက်ကြားက စိမ့်ထွက်နေသာကို လက်ယက်တွင်းထဲက ရေကို မှုတ်နဲ့ခပ်ယူသလို ယူနေကြသာပေါ့ဗျာ။ တချို့လည်း သောင်ပြင်မှာ လက်ယက်တွင်းယက်သလို တစ်တောင်တွင်း နှစ်တောင်တွင်းတွေ တူးပြီး ခပ်ယူသုံးစွဲကြ။ တချို့လည်း ရောင်းစားကြသယ်"

"တယ်လည်း အထွက်ကောင်းပါကလား"

"အဲသာကိုဗျာ၊ ကုလားက ကျော်ကျော်ကျူးကျူး ကြည့်စမ်းပါဦး။ အောက်ကျောင်းကြာကန်နဲ့လည်း အဝေးကြီးပါကလား။ အဲသည်ကိုဗျာ သားရေပုံးတွေ၊ ကျွဲလှည်းတွေ၊ သေနတ်တွေနဲ့ လာခိုးသဗျာ"

ကိုမိုးကောင်းသည် မြင်ရနိုင်စွမ်း မရှိသည့်အရပ်သို့ လှမ်းမျှော်ကြည့်ကာ 'ခွေး' ဟု အော်၏။ 'သူခိုး' ဟူ၍လည်း ရေရွတ်၏။

"သည်အကြို့ကြားမှာရေနံထွက်သာ သင်းရို့ ပသို့လုပ် သိသတုန်းဗျ"

"ခိုးဝှက်၊ လုယက်၊ တိုက်ခိုက်မှုနဲ့ အသက်မွေးပြီး ကြီးပွားချမ်းသာလာသဲ့ ကုလားဖြူပဲ သွေးသောက်မင်းရာ"

ထိုသို့ပြောရင်းက ကိုရွှဲသည် ကိုမိုးကောင်း၏ဒူးကို လက်ဝါးဖြင့်ပုတ်၏။ "သူခိုးဟာ ခိုးစားရသဲ့ အရသာကို သိနေသဲ့အတွက် ဘယ်မှာ ခိုးစရာရှိသတုန်း အနံ့ခံနေသာကလား။ ဓားပြလည်း တိုက်စရာ လုစရာ အကွက်အကွင်းကိုပဲ စုံစမ်းနေသာဗျ" ဟု ဆက်လက်ပြော၏။

"ဟုတ်သယ်။ အဲသာ ဟုတ်သယ်"

"အကျွန်ုပ်ရို့ရဲ့ ဘုရင်မင်းမြတ်များ အမိန့်တော်ပြန်တမ်း ထုတ်ပြန်တော်မူသဲ့အခါမှာ ရွှေတွင်း၊ ငွေတွင်း၊ ပတ္တမြားတွင်းများအရှင်၊ လက်နက် စကြာသခင် ဆင်ဖြူများရှင် မင်းတရားကြီးလို့ ပါသာပါသယ်။ တိုင်းပြည်တော်ထဲက ပတ္တမြားတွင်း၊ ရွှေတွင်းတွေ ဘယ်မှာရှိသယ် သိသလား ရောင်းရင်း"

"ဟုတ်သဗျာ၊ အကျွန်ုပ်ဖြင့် မသိရိုးအမှန်ပဲ"

"အဲ အင်္ဂလိပ်ကုလားဖြူက သိသဗျား"

"ကိုင်းကိုင်း လက်ဖက်ရည်များ သောက်တော်မူပါဦး။ ညဦးကြီးသန်းခေါင်မှာ ရောင်းရင်းညီ၊ မြင်ကွန်းကို မြင်းနဲ့ပြေးပြီးဝယ်ခဲ့ရသဲ့လက်ဖက်လည်း သုံးဆောင်တော်မူပါဦး"

ကြားဖြတ်ပြီး လက်ဖက်ရည် ငှဲ့ပေး၏။ လက်ဖက်အစ်ကို တိုးရွှေ့ပေး၏။ ကိုရွှဲသည် လက်ဖက်တစ်ရိုး နှိုက်ယူမြို့၏။

"သူခိုးကိုးဗျာ့။ ခိုးစရာကိုပဲ စုံစမ်းနေတော့ သိသပ။ အဲသည်တော့ သူ့အဖေရဲ့အိမ်ကို လာသာကျနေသာပဲဗျာ။ ကျွဲလှည်းတွေနဲ့။ သားရေအိတ်တွေ၊ ကျည်တောက်တွေ၊ သားရိုးကိုင် တောင်းတွေပလုံးတွေနဲ့ သစ်သားစည်တွေ အပြိုင့်သား"

"သင်းရို့ ခိုးနေသာ ကြာပြီလား ရောင်းရင်း"

"သလိုဗျာ့။ အကျွန် မင်းလှခံတပ်ကို သွားသာဗျာ့။ တောထဲမှာ လှည်းလမ်းရာအသစ်တွေ့တာနဲ့ မုဆိုးတွေ၊ ဝါးခုတ်သဲ့လူတွေကို မေးရသယ်။ ဘယ်သွားသဲ့လမ်းတုန်း။ သူတို့ မပြောနိုင်ကြဘူးဗျာ့"

ပုဂံစာအုပ်တိုက်

"သာပေါ့ဗျာ။ တစ်ခေါက်တစ်ကျင်း သစ်ဝါးတိုက်သဲ့ လှည်းလမ်းဟာ တစ်ရက်နှစ်ရက်နေပြီး ပျောက်သွားသာပဲ"

ကိုရွှဲ ခေါင်းညိတ်ပြကာ "ဟုတ်ပါသယ်။အဲသာကြောင့် စုံစမ်းသာပါ။ အကျွန့်နယ်ထဲမှာ မဟုတ်ပေမယ့် နယ်ချင်းစပ်နေသကိုး" ဆိုပြီးမှ စကားဆက်၏။

"လှည်းလမ်းရာက အသစ်။ လှည်းလမ်းကြောင်းကို ကြည့်သဲ့အခါ ဘီးရာက အနက်ကြီးတွေ။ မဟုတ်ကာမှလွဲရော။ နောင်ကြီးကောင်းတို့ သုတ်သင်လိုက်သဲ့ သစ်သူခိုးမျိုးများ ဖြစ်မလား တွေးရသာပေါ့။ ကုလားဖြူဟာ အကျွန်တို့ရဲ့ ကျွန်းသစ်ကိုလည်း အသေအလဲ ကြိုက်သမှုတ်လား"

"ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ့"

"အဲသာနဲ့ အကျွန် လှည်းလမ်းအတိုင်း လိုက်သွားရင်းက 'ခေါက်တုံ့' ရွာကိုဝင်သွားသဗျာ့"

ခေါက်တုံ့ရွာသည် သစ်တောအစပ်ရှိ ကျေးရွာဖြစ်သည်။ လှည်းဘီး၊ လှည်းအိမ်များ ပြုလုပ်ရောင်းချသူများ မှီတင်းနေထိုင်၏။ အချို့လည်း မုဆိုး၊ အချို့သော် ပျားရှာ၊ သစ်သီးကောက်၊ အင်တွဲထိုးပြီး အသက်မွေးကြ၏။

မြင်းစီးကြီးသည် ရွာအုပ်၏အိမ်သို့ မဝင်ပေ။ သူ့မိတ်ဆွေ မုဆိုးများကို လိုက်လံရှာဖွေရာ တစ်ယောက်မျှမတွေ့။ သို့ကြောင့် ပြန်ထွက်အလာတွင် ရွာအုပ် 'ရွာအုပ် ငတောင်ပျံ'က လမ်းမှရပ်ပြီး ကြိုဆိုသည်။

"မြင်းစီးကြီး အကျွန့်အိမ်ကို ဝင်တော်မူပါဦး"

"အချိန်မရလှဘူး ရွာအုပ်မင်း"

"ခဏတစ်ဖြုတ် ဝင်တော်မူပါဦး။ အကျွန် အစီရင်ခံစရာရှိလို့ပါ"

ကိုရွှဲသည် သတင်းတစ်စုံတစ်ရာရလိုရငြား မျှော်လင့်ချက်ဖြင့် ရွာအုပ်ငတောင်ပျံ၏အိမ်သို့ဝင်လိုက်သည်။ရွာအုပ်က အသားကင်များ၊ငှက်ပျောသီးများဖြင့် ဧည့်ခံငြား၊ကိုရွှဲမှာ လှည်းလမ်းသစ်တွင်သာ ဇောကပ်နေ၏။

ပုဂံစာအုပ်တိုက်

"မြင်းစီးကြီး လာခဲ့သဲ့လမ်းမှာ လှည်းလမ်းသစ်တစ်ကြောင်း မတွေ့ခဲ့ဖူးလား"

"အဲသည်လမ်း အရင်က မရှိခဲ့ပါဘူး"

"ဟုတ်ကဲ့ မရှိခဲ့ပါဘူး၊ မြင်းစီးကြီး။ ပြီးခဲ့သဲ့ တစ်လလောက်ကမှ ပေါ်လာသဲ့အတွက် အကျွန်စုံစမ်းရာမှာ မုဆိုးတွေလည်း မသိကြပါဘူး။ အဘယ်မှာ သင်းရို့သိမတုန်း။လှည်းလမ်းကို ညအချိန်ကျမှ သုံးတာကလား"

ထိုအခါတွင်ကား မြင်းစီးကြီးမှာ မျှော်လင့်ချက်လမ်းစကို တွေ့ရပြီဖြစ်သဖြင့်၊ ငှက်ပျောသီးတွေ တစ်လုံးပြီးတစ်လုံး ခြွေဖွဲ့စား၏။

"အကျွန်လည်းမသိ၊ မုဆိုးတွေလည်းမသိ။ သွားပြီး စောင့်ဆိုင်းလည်း လှည်းတစ်စီးတလေမှ မလာသဲ့အတွက် မသိရဘူး မြင်းစီးကြီး။ သို့ပေသည့် တစ်နေ့သားမှာ မုဆိုး 'ငအုပ်' မနက်အစောကြီးရောက်လာပြီး မသင်္ကာစရာ လှည်းတွေ ဖြတ်သန်းသွားသံ ကြားခဲ့ရသာ သတင်းပေးသယ်ဗျား"

"ငအုပ် ဟုတ်စဗျ"

"ဟုတ်ပါသယ် မြင်းစီးကြီးဗျား"

"ပြောပါဦး ပြောပါဦး။ ငအုပ် ဘာတွေမြင်ခဲ့၊ ကြားခဲ့ရသယ်ဆိုသာ"

"တောဝက်ပစ်ရအောင်လို့ သစ်ပင်ပေါ်မှာ ညအိပ်စောင့်နေတုန်းမှာ လှည်းသံတွေ ကြားရသာတဲ့။ ကျယ်ကျယ်လောင်လောင် မဟုတ်ဘူး။ အသံမထွက်အောင် လှည်းစာထိုးထားသဲ့အတွက် လှည်းဘီးနဲ့ မြေမာနဲ့ ပွတ်သံမျိုး၊ လှည်းဘီးနဲ့ ကျောက်ခဲကြိတ်သံမျိုး ကြားရသာတဲ့ မြင်းစီးကြီးရဲ့"

"ဘဇာလှည်းတွေဆိုသာ သိရအောင် သွားမကြည့်ဖူးလား"

ရွာအုပ်သည် ပါးစောင်မှ ကွမ်းတံတွေးတွေ စီးကျအောင် ပြုံးသဖြင့် ကိုရွှဲမှာ သူ့အမှားကို သူသတိရ၏။

လင့်စောင့်သောမုဆိုးသည် မည်သို့လျှင် ညကြီးသန်းခေါင်ကျော်တွင် ကျားကိုက်၊ ဝက်ပက်ခံရန်အတွက် သစ်ပင်အောက်သို့ ဆင်းပါမည်နည်း။

ပုဂံစာအုပ်တိုက်

သို့အတွက် စကားကိုပြင်ပြီး မေးရ၏။

"ရှာအုပ် သွားမစောင့်ဖူးလား"

"စောင့်သယ် မြင်းစီးကြီး။ မလာဘူး။ မတွေ့ဘူး"

သို့ကြောင့် ကိုရွှဲသည် ခရီးဆက်ရန် ထသည့်အခိုက် "မြင်းစီးကြီး ဆိတ်စာဆိုင်းပါဦး" ပြောရာက ရှာအုပ်ငတောင်ပျံသည် ဖျပ်ခနဲ မြင်လိုက်ရသည့် လူရိပ်တစ်ခုကို လှမ်းခေါ်၏။

"ဟေ့အကောင် ငအုပ်၊ ဝင်ခဲ့ပါဦးလကွ"

အရက်လုံချွ နံ့ငယ်ပိုင်းတစ်ထည် စည်းထားသော လူတစ်ယောက်သည် သုတ်သုတ်ဝင်လာသည်။

"အကောင်ပလောင် မရသဲ့အဆုံး ရရာပဲ ဖမ်းခဲ့ရသဗျို့"

မုဆိုးသည် စပါးကြီးမြွေကို ပခုံးပေါ်မှ ပစ်ချထားခဲ့ပြီး မြင်းစီးကြီးနှင့် ရှာအုပ်ရှေ့တွင် ဒူးတုပ်ထိုင်၏။

"ယမန်တစ်ညက နင်ကြားလိုက်ရသဲ့ လှည်းတွေ ထပ်တွေ့သေးလား။ ကြားကော ကြားသေးလား"

"အကျွန် နောက်ထပ် မရောက်ဘူး ရှာအုပ်မင်း"

"လှည်းလမ်းမှာ ထူးဆန်းသာ မတွေ့မိဖူးလား"

မုဆိုးခေါင်းယမ်းပြရာက "အနံ့တော့ရသယ် ရှာအုပ်မင်း။ သစ်ရွက်၊ သစ်ခက်၊ သစ်သီးအနံ့မဟုတ်ဘူး။ သားကောင်တွေရဲ့ ရွှံ့နံ့၊ ဖုန်နံ့နဲ့ မတူသဲ့ အနံ့တစ်ခုကို လှည်းလမ်းကြောင်းမှာရသယ်"ဟု စဉ်းစားစရာကိုပေး၏။

မြင်းစီးကြီးနှင့် မုဆိုးသည် ရှာအုပ်၏အိမ်မှ ရှေ့ဆင့်နောက်ဆင့် ထွက်ခွာလာကြသည်။ ကိုရွှဲမှာ စဉ်းစားစရာ တွေးတောစရာများကို ပိုက်ထွေးလျက် လှည်းလမ်းကြောင်းအတိုင်း ဆန်တက်ခဲ့သည်။

'ကျွန်းသစ်ရဲ့ အနံ့ကို မုဆိုး သိတန်ရာရဲ့။ သူပြောသဲ့ အနံ့ဟာ ဘာတုန်း....'

ပုဂံစာအုပ်တိုက်

လှည်းလမ်းသည် လမ်းဖြောင့်သော်လည်း၊ ခရီးတိုသော်လည်း ကွင်းကို ဖြတ်ရန်ရှိလျှင် မဖြတ်ပေ။ တောနက်ရာသို့သာ ကုန်းတွေ၊ ကျင်းတွေ၊ ချိုင့်တွေ၊ တောင်တွေ၊ လျှိုရိုးတွေကို ဖြတ်သွားသည်။ အချို့နေရာတွင် နွံ့ဗွက်ရှိသေးသည်။ မုဆိုးအုပ် ပြောသည့်အနံ့ကို ကိုရွှဲ ရပြီ။ သို့သော် နွံ့ပုပ်နံ့နှင့် ရောနေသောကြောင့် ကိုရွှဲ မခွဲခြားနိုင်။

နွံ့ထဲမှ ဆီကွက်တစ်ကွက်။

သို့သော် သေးငယ်သည်။ အနံ့မရှိ။

ကိုရွှဲ အကြံရခက်နေဆဲဝယ်၊ကုလားဆေးလိပ်တိုကို လှည်းလမ်းဘေး သစ်ရွက်ခြောက်များကြား၌ တွေ့သည်။ မျက်လုံးအရောင် တောက်ပြောင်လာသည်။ သွေးဆူပွက်လာသည်။

'မျောက်ဖြူ အင်္ဂလိပ်တွေ သူခိုးကျင့် သူခိုးကြံ ဘာလာလုပ်သတုန်း။ ကောင်းသောလာခြင်း မဟုတ်....'

လှည်းလမ်းသည် ရေနံတောင်နှင့် နီးကပ်လာ၏။ ရေနံအိုင်ရှိသည့် နေရာတွင် လှည်းလမ်းဆုံးသည်။ ထိုအခါတွင်မှ ကိုရွှဲသည် သူ့ပေါင်ကို လက်ဝါးဖြင့် နာနာပုတ်မိတော့သည်။

'လက်စသတ်တော့ မုဆိုးပြောသဲ့အနံ့၊ ဗွက်ထဲမှာ ငါ ရှူသဲ့အနံ့ဟာ ရေနံနံ့ပါကလား....'

ဤသို့ဖြင့် ကိုရွှဲသည် ရွာတွင် တိတ်တဆိတ် စုံစမ်းရပြန်သည်။ ရွာအုပ်ရွာခေါင်းများသည် ရေနံခပ်သူမရှိသဖြင့် ရွာမှာပင် မီးထွန်းရန်၊ အိမ်လှည်း ထွန်သုတ်ရန်အတွက် ကိုယ့်ဖာသာကိုယ် ထွက်ခပ်ရမတတ် ဖြစ်နေကြောင်း ညည်း၏။ စင်စစ်အားဖြင့် ရေနံခပ်သူများသည် ဖောက်သည် ကောင်းကို စောင့်ဆိုင်းရင်း တွင်းများ၊ အိုးများဖြင့် သိုလှောင်ထားခြင်းသာ ဖြစ်သည်။

မြင်းစီးကြီး ကိုတွေ့သော လှည်းလမ်းကြောင်းအသစ်သည် မည်သည့်

ရွာနှင့်မျှ အဆက်အသွယ်မရှိ။ တောင်မှမြောက်သို့သာ တောထူရာ ရွေးပြီး ဖြတ်သန်းသွားသော လမ်းဖြစ်သည်။ ကုလားဆေးလိပ်တိုကို အခြားတွင် မတွေ့။ သည်လမ်းတွင်သာ တွေ့ရသဖြင့် နယ်ခြားတောင်ဘက်နှင့် ဆက်စပ် လိမ့်မည်ဟု ခန့်မှန်းသည်။ လှည်းလမ်းသည် ရေနံအိုင်မှ ရှေ့သို့ မဆက် သည့်အတွက် ရေနံသယ်ခြင်းသာ ဖြစ်ရမည်ဟု ထပ်မံ ခန့်မှန်းရသည်။

သို့ရာတွင် ရက်ကိုမသိ။ သည်လမ်းကို နေ့စဉ်ညဆက် အသုံးချနေ ဟန်မရှိ။ မည်သည့်ရက်တွင် ရေနံခိုးသောလှည်းတွေ လာတတ်သနည်း။ ခေါက်တုံ့ရွာ ရွာအုပ်က မပြောလိုက်။ မိမိလည်း မမေးခဲ့မိ။

သို့ရာတွင် ကိုရွှဲသည် တွေးတောကြည့်၏။

တောနက်ကြီးထဲကချည်း ဖြတ်သန်းရရင် လသာရက်ဖြစ်ဖို့ များသယ်။ လသာရက်များတွင် မည်သည့်ရက်များနှင့် နီးစပ်သနည်း။

လပြည့်နေ့သည် အနီးကပ်ဆုံးဖြစ်သည်။

မြင်းစီးကြီးနှင့် သူ့လူများသည် လပြည့်ရန် သုံးရက်အလိုမှ စတင်ပြီး လျှို့ဝှက်စောင့်ဆိုင်းခဲ့ကြသည်။ အင်္ဂလိပ်တို့၏ သူခိုးလှည်းများသည် လပြည့်နေ့အထိ ရောက်မလာခဲ့ကြချေ။

ရောက်မလာငြား၊ ကိုရွှဲ အားမလျှော့ပါ။

ဆက်လက်စောင့်ဆိုင်းရာ နေဝင်စမှာပင် သူခိုးလှည်းတွေ အစီး တစ်ရာခန့် ဖြတ်သန်းသွားကြသည်။ လှည်းရှေ့တွင် အမျိုးသားသစ္စာဖောက် မြန်မာယုတ်များက သေနတ်တကားကားဖြင့် သွားကြသည်။ လှည်းနောက် လှည်းဘေးများတွင် ကုလားဖြူတွေ ပါသည်။ သို့သော် ငါးယောက် တည်းသာ။

မြင်းစီးကြီးမှာ လူငါးကျိပ်မျှသာ ပါလာသည်။

သို့အတွက် နေရာကောင်းကို ရွေးရသည်။ အင်ကြင်းတော အလယ် တွင် နေရာကောင်းကို တွေ့သည်။ အဆင်းလည်းအဆင်း ဗွက်ကြီးလည်း

ရှိသောနေရာ။ သည်နေရာတွင် လှည်းဘီးရာ တစ်ဖက်တည်းသာကွက်ပြီး ကျင်းများတူးထားကြသည်။

လာသောလှည်းများသည် ဖွက်အဆင်းတွင် မှောက်မည်။ ဖွက်အတက်တွင်လည်း တစ်စီးပြီးတစ်စီး တိမ်းမှောက်ရမည်။ သတိဖြင့် စစ်ဆေးလျှင် မမြင်စေရန်အတွက် ကျင်းတွေကို ဒဟပ်ခြောက်တွေဖြင့် ဖုံးထားသည်။

သန်းခေါင်ကျော်ပြီးနောက်၊ ပြည်ဝင်အိုး တစ်လုံးချက်ခန့်အကြာတွင် သစ်ပင်ထိပ်များမှ လင်ကောင်ပိုးငှက် မြည်သံကို ကြားရ၏။

အိပ်နေသူများ ထကြပြီ။ ဒူးလေး၊ လင်းလေး၊ ဓား၊ လှံ၊ သေနတ်များ အသင့်ပြင်ကြ၏။ သစ်ပင်ပေါ်မှ လူဆင်းလာပြီး အစီရင်ခံ၏။

"မီးတုတ်တစ်ချောင်းတည်းနဲ့ လာနေရာက၊ မီးတုတ် ငါးချောင်း ဖြစ်သွားပြီ။ တစ်ချောင်းနဲ့တစ်ချောင်း ဝါးနှစ်ရိုက် သုံးလေးရိုက်ကွာသယ် အရှင်"

"ပြန်တက်ပြီး ကြည့်နေဟေ့။ ထူးခြားရင် သတိပေး"

ကင်းသမား ပြန်တက်သွားလျှင် တောကြီးမှာ ပြန်လည်တိတ်ဆိတ်သွားလေ၏။ နေ့တွင် နေပြောက်မထိုးသော တောကြီးမှာ ညတွင်လည်း လပြောက်မထိုးချေ။ သို့ရာတွင် တစ်ပြောက်တလေ၊ တစ်ကွက်တလေ ထိုးသောနေရာမှ အလင်းရောင်က တစ်တောလုံးကို အလင်းဖြန့်သည်။

လှည်းဝင်ရိုးက မမြည်ပါ။ လှည်းစည်းကိုက ကျွိကျွိကျိတ်ကျိတ် မြည်သည်။လမ်းဘေးဝဲယာမှ ညှပ်လျက်ပါလာသော မီးစည်းနှစ်ခုကိုမြင်ရပြီ။ ရှေ့ဆုံးမှလှည်းသည် ကုန်းအဆင်းတွင် တစ်ဖက်စောင်းပြီး တိမ်းမှောက်သွားလေတော့၏။ လှည်းသမားကား ချုံပေါ်သို့လွင့်သွားသဖြင့် ဒဏ်ရာ ရဟန်မတူ။ ရေနံနံ့ကို ဖျပျမျှသာရခဲ့ရာက ရုတ်ချည်း ရေနံနံ့လှိုင်သွားလေ၏။

လှည်းသမားများသည် သူ့ကိုယ်ထက် နွားနှစ်ကောင်ကို အရေး

ထားသည်။ ချုပေါ်မှ ခုန်ဆင်းကာ တုံးလုံးပက်လက် နွားနှစ်ကောင်ကို ထမ်းပိုး ထဲမှ ရေးကြီးသုတ်ပျာဖြုတ်သည်။ သို့စဉ်တွင် ကုလားဖြူစကားဖြင့် ဆဲရေးသံနှင့်အတူ ကုလားဖြူတစ်ယောက် ပြေးလာသည်။

"မောင်မင်း၊ ဘာပြုလို့ လှည်းကို ကောင်းကောင်းမမောင်းသတုန်း။ ယခု များစွာ ဆုံးရှုံးနစ်နာသွားပြီ"

"ကောင်းကောင်း မောင်းတာပဲလေ။ အသွားတုန်းက ချိုင့်မရှိလို့ မရှောင်ဘဲ ဖြည်းဖြည်းဆင်းတယ်။ ချိုင့်ထဲ ဘီးတစ်ဖက်ကျသွားတယ်။ ကောင်းကောင်းမောင်းလျက်နဲ့ဖြစ်တာ"

"မောင်မင်း လျော်ကြေးပေးပါ"

"ဘာပြုလို့ပေးရမှာတုန်း။ လမ်းမကောင်းလို့ မှောက်တာပဲ"

ကုလားဖြူသည် ကုလားစကားဖြင့် ဆဲပြန်ကာ လှည်းသမားကို လက်သီးဖြင့်ထိုးသည်။ လှည်းသမားသည် လက်မောင်းဖြင့်ကာကွယ်ရင်း နောက်ဆုတ်သည်။စတုတ္ထအကြိမ်ထိုးသောအခါ ခုန်ပြီး ကုလား၏မျက်နှာကို ခြေဖျားဖြင့်ခတ်သည်။ ကုလား ယက်ကန်ယက်ကန်ဖြင့် နောက်သို့ ဆုတ်သွားရာ ပြေးလာသော မြန်မာတစ်ယောက်က ဖေးထားလိုက်ပြီး မေး၏။

"ဘာဖြစ်သတုန်းသခင်"

မှောင်ထဲမှ ငြိမ်သက်လျက်ကြည့်နေသူများသည် သခင်ခေါ်သော မြန်မာယုတ်အား လေးဖြင့်ပစ်လိုစိတ် ပေါ်လာသည်။ သို့တစေ၊ မြင်းစီးကြီး ထံမှ လှုပ်ရှားမှုမပြသဖြင့် ငြိမ်မြဲငြိမ်နေကြရ၏။

နောက်ရောက်လာသော မြန်မာ ဖျန်ဖြေသဖြင့် ကုလားဖြူ အဆဲရပ်၏။ အခြားလှည်းသမားများပြေးလာကာ လှည်းကို ဝိုင်းထူကြ၏။ ကျန်သေးသော ရေနံကျည်၊ ရေနံအိတ်များကို တင်ပေးကြသည်။ လှည်းသမားလည်း နွား တပ်ကာ ဆက်လက်မောင်းသွားပြီး၊ ခပ်လှမ်းလှမ်းသို့ရောက်မှ ရပ်စောင့် နေသည်။

## ပုဂံစာအုပ်တိုက်

ဒုတိယလှည်းမှာ သစ်သားစည်တင်ထားသည်။ ချိုင့်ကို ဖို့လိုက်သဖြင့် မမှောက်။ ဗွက်ထဲမှ ဝိုင်းဝန်း တွန်းတင်လိုက်ပြီး၊ ဝါးတစ်ရိုက်ခန့် မောင်းမိသည်တွင် ဝုန်းဒိုင်းသံပေးလျက် မှောက်သွားတော့သည်။

ကုလားဖြူတွေ အပြေးအလွှား ချဉ်းကပ်သွားစဉ် တတိယလှည်း ဗွက်ထဲမှတက်လာသည်။ တိမ်းမှောက်နေသော လှည်းကိုကွင်းကာ မောင်းသွားရာ၊ မကြာမီပင် တိမ်းမှောက်ပြန်တော့သည်။

"မဖြစ်ဘူး။ လမ်းကို စစ်ဆေးကြစမ်း"

ကုလားဖြူတစ်ယောက် အော်ပြောနေဆဲဝယ်၊ စတုတ္ထလှည်း တက်လာသည်။ နွားတွေကို ငေါက်ငမ်း မောင်းနှင်သွားသည်။ တတိယလှည်းကို ကျော်တက်သွားသည်။ အုန်းခနဲ အသံကြီးနှင့်အတူ မှောက်ပြန်တော့သည်။

"မောင်မင်းကို လှည်းခမပေးနိုင်ဘူး။ လမ်းကိုစစ်ဆေးပါ ကျွန်ုပ်ပြောသည်ကို မနာခံဘဲ မောင်းခြင်းကြောင့်ဖြစ်သယ်"

လှည်းဝင်ရိုး မကျိုးစေကာမူ၊ လှည်းနာသွားပြီ။ နွားလည်း မည်သို့ဖြစ်စေ နာကျင်သည်သာဖြစ်၏။ သို့ပါလျက်နှင့် ငွေကြေးစကားကို ပြောလာသောအခါ စတုတ္ထလှည်းသမား မကျေနပ်။

"နွားဘာဖြစ်သတုန်း၊ လှည်းဘာဖြစ်သတုန်း မမေးဘဲ ငွေကြေးစကား တော်တော်ပြောပါကလား။ အလကားကောင်တွေ"

စတုတ္ထလှည်းသမားက နွားကိုဆွဲဖြုတ်ရင်း ပြောသည်။

"အကောင်ဆိုတာ တိရစ္ဆာန်ပဲ။ မောင်မင်း သည်လိုမပြောပါနှင့်။ ကျွန်ုပ်တို့ အင်္ဂလိပ်များက အကောင်မဟုတ်၊ သခင်ဖြစ်သည်။ မောင်မင်းတို့သာလျှင် ကျွန်လူမျိုးဖြစ်သဲ့အတွက် အကောင်"

ပဉ္စမလှည်း၊ ဆဋ္ဌမလှည်း၊ သတ္တမလှည်းများလည်း ဗွက်မှတက်ပြီး မောင်းနှင်လာရာ၊ ကုလားဖြူများက လမ်းဖယ်မပေး။ သို့ကြောင့် တစ်ဆို့နေသည်။ ထိုအချိန်တွင် စတုတ္ထလှည်းသမား နှင်တံကိုင်ပြီး ကုလားဖြူထံ

ပြေးလာသည်။

တိုင်းရေးပြည်မှု ၊ အမျိုးသားရေးကိစ္စများကို နားမလည် စိတ်မဝင်စားသောကြောင့်၊ ကုလားဖြူ၏ အမှုကိစ္စကို အခကြေးငွေရလျှင် ပြီးစတမ်း သဘောဖြင့် ဆောင်ရွက်ပေးမိငြား “မောင်မင်းတို့သာလျှင် ကျွန်လူမျိုး”ဟု အမျိုးနှင့်ချီ၍ စော်ကားခြင်းကိုကား နားလည်သည်။ နာရမှန်းသိသည်။

သို့ကြောင့် ဆဲရေးတိုင်းထွာလျက် “နင်တို့သာ ခွေးမျိုး၊ မျောက်မျိုး” ဆိုပြီး နင်တံဖြင့် ပြေးရိုက်သည်။ ကုလားဖြူသည် ပြောင်းတိုသေနတ်ကို လျင်မြန်စွာဆွဲထုတ်ပြီး ရင်ဘတ်ကိုချိန်သည်။

“ရှေ့မတိုးပါနဲ့ လူကလေး”

“ဘာလူကလေးတုန်း၊ နင်သာ ခွေးကလေး၊ သူခိုး”

“သူခိုး ဟုတ်လား။ ကျွန်ုပ် ဘယ်မှာ ခိုးလို့လဲ”

“သည်ရေနံတွေကို နင်ခိုးလာတာ”

“အိုးနိုးနိုး။ ဆယ်ပိသာကို တစ်မူးနဲ့ ကျွန်ုပ်ဝယ်လာတာ။ မခိုးပါဘူး”

“ခိုးလာတာမဟုတ်ရင် မြစ်ကြောင်းက ဘာပြုလို့ မသယ်သတုန်း။ တောထဲက ဖြတ်သန်းခွင့် တောကဲတောအုပ်ရဲ့အမိန့် ဘယ်မတုန်း”

ထိုအခါတွင်ကား ကုလားဖြူ သည်းမခံနိုင်ပြီ။ ပြောင်းတိုသေနတ် ထိပ်မှ မီးပွင့်သွားသည်။ ဖောင်းခနဲ ကျယ်လောင်သည့် ပေါက်ကွဲသံနှင့်အတူ စတုတ္ထလုည်းသမား ရင်ဘတ်ကိုဖိသည်။ အံကိုကြိတ်သည်။ နင်တံကို မြှောက်ပြီး ကုလားဖြူထံ ပြေးဝင်သည်။ ကုလားဖြူ တိမ်းရှောင်ပေးသည့် နေရာတွင် မှောက်ခုံလဲကျသွားလေ၏။

ပဥ္စမလှည်းသမားနှင့် ဆဋ္ဌမ၊ သတ္တမလှည်းသမားတို့သည် အချီ အချ ပြောသံကို ရှင်းလင်းစွာကြားသည်။ ဗွက်စပ်မှ လှည်းများမှု မသဲမကွဲ ကြားသည်။ သို့ရာတွင် တောကြီးမျက်မည်းထဲ၌ ခက်ခဲပင်ပန်းစွာ သွားရ သူချင်းကို သည်နယ် ရက်စက်မည် မမျှော်လင့်။

ပုဂံစာအုပ်တိုက်

ရုတ်တရက် ကြက်သေ သေသွားပြီးမှ "ဟော့၊ ငါရို့လူကို ကုလား သတ်သကော" ဟု ပဋ္ဌမလှည်းသမား အော်သည်။

"ဘာလုပ်နေကြသတုန်း၊ ချကြပါတော့လား"

ဗွက်စပ်မှ အော်သံပေါ်လာသည်။

ဗွက်၏ ဟိုဘက်ထိပ်မှ လူများ ညာသံပေးလျက် ပြေးဆင်းလာကြသည်။ လှည်းသမားဖြစ်ငြား၊ လှည်းပျက်လျှင် ပြင်ဆင်ရန် ဓားပါသည်။ တောကောင် ပစ်ရန် လင်းလေးပါသူ ပါချေသည်။

"ရပ်ရပ်၊ အားလုံး လက်မြှောက်"

မျက်နှာအကန်ခံရသော ကုလားဖြူအော်သည်။

"ငါရို့လူကို ကုလားသတ်တယ်၊ ချကြ သတ်ကြ"

မီးရောင်အောက်သို့ ဝင်လာသူအချို့ သေနတ်မှန်သည်။ မမှန်သူ များနှင့် မှောင်ခိုဝင်လာသူများက ဝိုင်းဝန်းထိုးခုတ်ကြသည်။

မြင်းစီးကြီးကိုရွှဲသည် သူ၏ မျက်မြင်ကိုယ်တွေ့ဇာတ်လမ်းကို ခဏ ဖြတ်ကာ၊ လက်ဖက်ရည်ကြမ်းတစ်ခွက်ကို ကမန်းကတန်းသောက်သည်။

"ကုလားဟာ ပင်လယ်ရပ်ခြားကလာပြီး ဓားပြတိုက်နေပေမယ့် သတ္တိမရှိပါကလား" ဟုပြောကာ ဆေးလိပ်မီးညှိပြီး ဖွာသည်။

"လူအုပ်ထဲကို သေနတ်နဲ့ပစ်ပြီး ထွက်ပြေးသာ့ကလား"

"လွတ်သွားကြသေးသလား"

"အင်း၊ လွတ်တော့ မလွတ်ဘူးပေါ့ဗျာ။ လှည်းသမားတွေအတွက် သေနတ်မသုံးဘဲ ဒူးလေး၊ လင်းလေးသုံးပြီး ကူညီလိုက်ရသာပေါ့"

ကိုရွှဲ၏စကားကို ကိုမိုးကောင်း နားလည်ပါသည်။ မှောင်ထဲသို့ ပြေးဝင်လွတ်ထွက်သွားသော ကုလားဖြူများကို ပုန်းအောင်း စောင့်ဆိုင်း နေသည့် ကိုရွှဲ၏လူများက သုတ်သင်ပစ်သည်ဟူ၍။

"သူခိုးမျောက်ဖြူ တစ်ကောင်မှ လွတ်သွားလို့မဖြစ်ဘူး ရောင်းရင်း"

"လင်းပါဦးဗျာ၊ ဘာကြောင့်ဆိုသာကို"

"အာ.... ရောင်းရင်းနယ်၊ လှည်းသမားတွေက ကျောက်တိုင်ရဲ့ တောင်ဘက်က လူတွေချည်းပဲ။ ကုလားဖြူတစ်ကောင် အသက်ရှင်ကျန်ရင်၊ အဲသည်လူတွေ အနှိပ်စက်ခံရတော့မယ်"

"ဟုတ်ပေသားပဲ။ နို့ နေပါဦး၊ ရောင်းရင်းက အမှုထမ်းပဲဟာကို။ သင်းရို့ရဲ့ မသမာမှုကို ဘုရင်မင်းမြတ် သိတော်မူဖို့ တစ်ယောက်တလေ အရှင်ဖမ်းဖို့ မသင့်ပေဖူးလား"

ကိုရွှဲ ခေါင်းခါသည်။ "မသင့်ဘူး" ဖြေသည်။

"အကျွန်က ကုလားဖြူတစ်ကောင် ဖမ်းသွားပြီး 'ဟောသာ ရေနံ သူခိုးပါ' လို့ သွားဆက်သမယ်။ လွှတ်တော်က စစ်ဆေးပြီး ဒဏ်ငွေရိုက်မယ်။ ပြီးသွားမယ်ထင်သလား ရောင်းရင်း"

"အမိန့်မရဘဲဝင်ခိုးသာကို ဒဏ်ငွေရိုက်သာ ဘာကြောင့်မပြီးရမှာတုန်း"

"နန်းကျဘုရင် ပုဂံမင်းလက်ထက်က သဘော်ာကပ္ပတိန်တွေကို ရန်ကုန်မြို့ဝန်က ဒဏ်ငွေရိုက်သဲ့ကိစ္စ သွေးသောက်မင်း မေ့သွားပြီကိုး"

ထိုခဏဝယ် တင်းမာနေသည့် ကိုမိုးကောင်းမျက်နှာမှာ သုန်မှုန်၏။ အံကို ကြိတ်မိသည်အထိ သစ်လွင်၏။ တောက်ခေါက်ရာက "ဟုတ်ပဲ့ဗျာ၊ အလွန်ခွေးပါးဝသဲ့အကောင်တွေ" ဟု ရေရွတ်သည်။

"မြန်မာ့ပိုင်နက်ထဲ မျက်စိလည် လမ်းမှားသွားမိသဲ့အတွက် အဖော်တွေ အသတ်ခံရပါသယ်။ သူ့ကိုနှိပ်စက်ပြီး မတရားဒဏ်ရိုက်ပါသယ်။ ပလီစီ ချောက်ချက် မဟုတ်ကဟုတ်ကတွေ သင်းရို့ဖအေဆီ သွားတိုင်မယ်။ သည်တော့ သေကုန်တာပဲကောင်းသယ် ရောင်းရင်းရေ့"

"သနားပါသယ် ဘကြီးရာ"

ကိုရွှဲနှင့် ကိုမိုးကောင်း လန့်ဖျပ်သွားအောင် ကျောနားကကပ်ပြီး ပြောလာသူမှာ မိအိုးဖြစ်သည်။ ကိုရွှဲ လှည့်ကြည့်သည်။

**ပုဂံစာအုပ်တိုက်**

"သမီးကြီးပါကလား။ သမီးတစ်သက်လုံး မှတ်ထား။ ကုလားဖြူ အင်္ဂလိပ်ကို ဘယ်တော့မှ မသနားနဲ့။ သိက္ခာမရှိဘူး။ အရှက်မရှိဘူး။ သစ္စာမရှိဘူး။ ကျေးဇူး မသိတတ်ဘူး။ သင်းရို့ကို ယုံမိလို့၊ သနားမိလို့၊ ရှင်မဖြူကျွန်းကိစ္စ ပေါ်ပေါက်ရသာ။ အဲသာကို အကြောင်းပြုပြီး စစ်ဖြစ်ခဲ့ရသာ"

"ကိုင်းကိုင်း ဆက်ပါဦး။ လှည်းသမားတွေ ဘယ်လို ဖြစ်သွားကြတုန်း"

ကိုမိုးကောင်းက ဒူးကိုပုတ်ပြီး မေးသည်။

"အကျွန်ရို့လည်း ချုံထဲမှာမြုံနေသာပေါ့။ လှည်းသမားတွေလည်း အလောင်းတွေမြှုပ်နံ့ပစ်၊ ဒဏ်ရာရသူတွေ တွဲခေါ်ပြီး တောင်အရပ်ကို ပြန်ကြသယ်။ ကုလားဖြူသူခိုး အလောင်းတွေကို သူတို့မီးရှို့ပစ်ကြရာမှာ သုံးလောင်းပဲရှိသယ်။ နှစ်ကောင် ပျောက်နေသာပေါ့"

"သူတို့ လိုက်မရှာကြဖူးလား"

"ရှာတော့ရှာသယ်။ အေးအေးလူလူ မရှာနိုင်ဘူးရောင်းရင်း။ မိုးမလင်းခင် နယ်ခြားကျောက်တိုင်ရဲ့ ဟိုဘက်ကိုရောက်အောင် ပြန်ကြရမှာကိုး။ အဲသာနဲ့ သူတို့ထွက်သွားတော့မှ အကျွန်တို့လူတွေ တောနင်းပြီး ရှာကြရသယ်"

"တွေ့ကော တွေ့ရဲ့လား"

"မိုးစင်စင်လင်းမှ တွေ့ပါသယ်ဗျာ။ အကျွန်တို့ သုတ်သင်ဖို့တောင် မလိုတော့ပါဘူး။ တစ်ကောင်ကို စပါးအုံးမြွေက မျိုနေသဗျာ့။ တစ်ဝက်ရောက်နေပြီ။တစ်ကောင်ကို ကျားကိုက်သာ တစ်ခြမ်းပဲကျန်သာနဲ့။သည်တိုင်းထားပစ်ခဲ့ရသယ်"

စကားဆုံးဟန်ရှိမှ ငဝဲ အသံပေါ်လာ၏။

"အမေ နေမကောင်းဘူးဆို အစ်ကိုကြီး"

ကိုရွှဲ လှည့်ကြည့်ရင်း "အေးကွ" ဖြေရာက "မစိုးရိမ်ရပါဘူးကွာ၊

အနာရှိန်နဲ့ဖျားသာ။ အခုတော့ သက်သာပါပြီ” ဆက်ပြောသည်။

ညီအစ်ကိုတစ်တွေ စကားကောင်းနေစဉ် မိအိုးက ဖအေ့နားကပ်လာပြီး တီးတိုးပြောလေသည်။

“အောက်က အမေကြီးတို့၊ ဘတို့က ကိုရင်နှစ်ပါးကို သူတို့ရွာ ပင့်သွားချင်သယ်ပြောလို့ အမေဒိုနေသယ်အဖေ”

ကိုမိုးကောင်းရယ်မောရာက “နောင်ကြီးရွှဲ မပြန်နဲ့ဦးနော်” ဟု ပြောသည်။ ထိုမှတစ်ဖန် ငဝဲနှင့် ငချွဲကိုလည်း “မင်းတို့နောင်တော်ကို အိမ်ပေါ် ပင့်ခဲ့ဦးဟေ့” မှာကြားပြီးမှ အိမ်ပေါ်သို့တက်လာသည်။

အိမ်ပေါ်တွင်ကား စကားလမ်းကြောင်းပြောင်းကာ ဘုန်းကြီးဦးပြား နှင့် ငလှိုင်းတို့ အချီအချ စကားကောင်းနေကြ၏။

“ကိုပုညက ဗေဒင်ပညာ ကျွမ်းကျင်သူပဲကွယ့်။ မင်းပြောသလို ဗေဒင်ကို လှောင်သဲ့စာ ရေးမထင်ပါဘူး”

“ဘဘုန်းနှယ် တပည့်တော်က ကျက်ကိုထားသာဘုရား့။ ‘ဉာဏ် မာယာသွားယေနှင့် ရှားနိုင်မျှ မောင်လိုလူ’ အစချီတဲ့ ‘ဒုံးချင်း’ များ ရယ်ရ သာ လိမ့်နေသာပဲ”

“ရရင် ဆိုပြစမ်းပါကွယ်။ ငါ မကြားဖူးလို့ပါ”

ငလှိုင်းသည် ထွေးတော်မိသော့နှင့် ဖွားအေများကို လှည့်ကြည့်ပြီး “ကြမ်းသာပါရင် နားနဲ့မနာ ဖဝါးနဲ့ နာတော်မူကြပါ။ ဆရာကြီး စလေ ဦးပုညရဲ့စာ ဖြစ်ပါသယ်။ ကျွန်တော့်စာ မဟုတ်ပါဘူး” ဆိုကာ လှည့်ပြီး လက်အုပ်ချီသည်။

“သာဓုတော် သာဓု။ ငါ့မြေးကြီး ဘုန်းကြီးပါစေ၊ အသက်ရှည် ပါစေ”

ဒေါ်ရွက်က ဆုပေးသည်။

“ဉာဏ်မာယာသွားယေနှင့် ရှားနိုင်မျှ မောင့်လိုလူ။ ငွေစလွယ်ကုံး

ငယ်နှင့် သုံးဆင့်ဝတ်ဖြူ နန်းညာသူ ပြာဖြူထွား ပုဏ္ဏားတော်များငယ်နှင့် စုလျားတော်မှန်လနော်ကွယ့်။ ဩော် သီတာရေစင်လောင်းတယ်၊ သည်မယ် ကြင်နာကောင်းတယ်၊ ကြင်မေတ္တာသွေစောင်းလို့ ရွှေသောင်း လုံ့မှန်ကူငယ်၊ ကြဲယူတော် ဘယ်နဲ့နှင့် လွဲစေဖန်”

“ဆန်တောင်းသဲ့ ပုဏ္ဏားတွေကို သရော်ထင်ပါ့ကွာ”

“ဗြို့ဟဓိကျမ်းနှင့် တိုင်တမ်းထူ၊ ဂြိုဟ်နိမိတ်ယူ ဟောစို့တနဲ့။ မြင် လျှင်သိငဲ့၊ ရုပ်နိကာယ် ဘယ်သူဘယ့်နှယ် ဟောတိုင်းမလွဲ။ ဝမ်းမယောင်ဘဲ ဖျဉ်းမစွဲ၊ သူ့လင်ရှိဆဲ ဗိုက်ပူချေ၊ ပဋိသန္ဓေတည်ပြီ ဟောတော့”

ဆရာတော်က ပါးစပ်ကို သက်နံးဖုံးပြီး ဖုယ်မောသည့်နည်းတူ လူများထံမှလည်း ရယ်မောသံများ ခပ်အုပ်အုပ် ထွက်ပေါ်လာ၏။

“နေ့လောညလော ဖွားမည့်ရက်ကို ဆရာတွက်ပါ့ သူကမေးလျှင် မွေးသည့်နေ့ကို ဖွားမည်ဆို။ မပိုမမို တိုတိုပြောမယ် မိန်းကလေးလော ယောက်ျားလော၊စုတ်စောစက တစ်ခန်းလာလျှင် အင်္ဂဝိဇ္ဇာ ဂြိုဟ်နေထူကြည့်။ ဖွားဦးဖွားစ ကလေးငယ်ကို ရှေ့နောက်ပတ်လည် ကုန်အောင်ရှု။တစ်စုံတစ်ခု ကိုယ်မှာကပ်လို့ ခဲ့အိတ်သေနတ် ထိုးတံပါလျှင် ယောက်ျားဓာတာ တကယ် ဟုတ်စွ”

“ခဲအိတ်သေနတ် ပါပေလို့ပေါ့ကွာ။ မပါရင် ရိုင်းမှာဟ”

ဘဘုန်းကြီး၏ မှတ်ချက်ဖြစ်သည်။

“ငြောင့်မှန်းခလုတ် တပ်တာခင်းလို့ စစ်တလင်းနှင့် အလားတူ၊ မိန်းမ ဟူ၍ ကောန်မှတ်တော့”

“ယဉ်အောင် ရေးတတ်ပါပေ့ဗျား”

ငလှိုင်းမှ တစ်စုံတစ်ရာ ထင်မြင်ချက်မပေးဘဲ ဆက်ရွတ်၏။

“သူရဇ္ဇဓာတ်နဝင်းပုံ၊ တန်ခူးကုန်လျှင် ကဆုန်ဆန်းချည့်”

“တန်ခူးကုန်ရင် ကဆုန်ဆန်းမယ်တဲ့ဟ မှတ်ထားကြ” အော်ကာ

ဦးရဲတင်း အော်ဟစ်ရယ်မောသဖြင့် ဒေါ်ပန်းအိက လှမ်းပြောရ၏။

"ပုဏ္ဏားတွေကို သရော်တာပါဆိုမှပဲ"

"နာရီစက်ခန်းဗိဇနာ၊ နံနက်အခါ တိမ်မလွှမ်းလျှင် နေဝန်းပေါ်စ မှန်မယွင်းဘူး။ ကြယ်ရောင်လင်း၍ နေမင်းဝင်၊ ညဥ့်အချိန်ပင် ဟုတ်ကဲ့မှုချ"

ဦးရဲတင်းပင် ထပြီး တဟားဟားရယ်ပြန်သည်။

"မှန်လိုက်တဲ့ဗေဒင်။ နေဝင်ရင် ညရောက်မတဲ့"

ဦးပဏ္ဍိတလည်း တပြုံးပြုံးဖြစ်နေရာ "ဒုံးချင်းဆိုသာ သလိုပဲ ဒကာကြီးရဲ့။ အပြောင်အပြက် အလှောင်အထေ့တွေနဲ့ မြူးအောင်စပ်ထားသာ" ဆို၏။

"ဒုံးချင်း.... တပည့်တော်တို့အရပ်ဖြင့် ရှိပေါင်"

"ပထမတော့ ဘုန်းကြီးပျံမှာ တိုက်ဖယ်ဒုံးကို သယ်လာရင်းနဲ့ ဆိုဖို့ ကခုန်ဖို့ စပ်သဲ့အတွက် ဒုံးချင်းပဲဒကာကြီးရဲ့။ နောက်တော့ ဘုရားပွဲတော်တွေမှာ အရပ်တွေနဲ့ လှည့်လည်ကခုန်ရင်းလည်း သည်အသွားနဲ့ပဲ စပ်ဆိုသဲ့အတွက် ဒုံးချင်းခေါ်သာပဲ"

စကားပြတ်သွားသဖြင့် ငလှိုင်း ဆက်ရွတ်၏။

"ဆောင်းလေးလ ညကိုအေးလို့ နွေလေးလနေ့ကိုပူ၊ ငါလို ဘယ်သူမှန်နိုင်ရိုးလား။ ပဲခိုးဆားခဲ ငန်စမြဲ၊ ချေးတောက်မုတ်ခဲ ခါးလိမ့်မည်။ သံပုရာရည် အချဉ်ကြီးငဲ့၊ ချင်း၊ ငရုတ်သီး စပ်ပူလောင်၊ ကမ္ဘာကုန်အောင် မှတ်လို့ထားစမ်း"

"တော်ပါတော့ လူလေးရာ၊ ကြာရင် အူတက်ရချည်ရဲ့"

ဦးရဲတင်းသည် တဟားဟားရယ်ရင်း တောင်းပန်၏။ ဦးထိန်းမှာသော် တပြုံးပြုံးဖြင့် ခေါင်းသာ အတွင်ညိတ်နေ၏။

"ဘယ်အရပ်က ဒုံးလို့မပါပေမယ့် ပုဏ္ဏားရပ်နဲ့ လှည့်လည်လာသဲ့ အခါ ဆိုဖို့အတွက် ဆရာကြီးရေးစပ်ပေးသယ် ဖြစ်မယ်ထင်ပါသယ်။

ဒုံးချင်းတို့ရဲ့ သဘောသဘာဝကိုက အပြောင်အရွှင်ကိုး ဘရဲ့"

"မောင့်ဆရာကြီးက စလွယ်တင်ပြီး အရပ်ထဲလည် ဆန်ကလေးတစ်ဆုပ် တစ်ခဲနဲ့ ဗေဒင်ဟောသာ မျက်မှန်းကျိုးသာလည်း ပါဟန်တူပါရဲ့။ ကဲကဲ.... စောစောက စကားကို ကိုရင်တွေအဖေ ရောက်လာသခိုက် ဆက်ကြပါဦး"

ဒေါ်ရွှက်က တပြုံးပြုံးဖြင့် ထင်မြင်ချက်ပေးရာက ကိုမိုးကောင်းအား လှည့်ကြည့်ရင်း မပြတ်သေးသော စကားစကို ဖော်ပေး၏။ ဖော်ပေးသော်လည်း ဒေါ်ပန်းအိနှင့် မိသော့ကလည်းကောင်း၊ မမင်းဘော်ကလည်းကောင်း အသံထွက်မလာချေ။ သို့အတွက် ငလှိုင်းကပင် စတင်ရလေ၏။

"အုန်းပင်စုက အဖိုးအဖွားများက ကိုရင်နှစ်ပါးကို တစ်လကိုးသီတင်း ရွာကိုခေါ်သွားပါရစေတဲ့။ သူတို့မပျော်ရင် ချက်ချင်း ပြန်ပို့ပါမယ် တဲ့။ အဲသာ အမေက သဘောမတူဘူးဗျား"

ကိုမိုးကောင်းသည် တိုင်အကွယ်တွင် ဝပ်နေသော ဇနီးသည်ကို ကြင်နာစွာ လှမ်းကြည့်၏။ မျက်ရည်စများ မခြောက်သွေ့သေး။ ခေါင်းငုံ့ထားပါလျက်က ကိုမိုးကောင်းမြင်၏။ ထို့ကြောင့် သက်ပြင်းချ၏။ ယောက္ခမများကို လှမ်းကြည့်၏။

"အမေရို့မှာ ဒါ ကျုပ်တို့မြေး၊ ကျုပ်သမီးကမွေးတဲ့ သာမဏေတွေ၊ ဘယ်လောက်ကြည်ညိုဖို့ ကောင်းတုန်းဆိုပြီး ရွာမှာပြချင်လို့။ ကနောင်က အမျိုးတွေကို ပြချင်လို့ပါကွယ်"

ဒေါ်ပန်းအိက သူ့ဆန္ဒကို ရှင်းပြ၏။

"ကိုယ့်သမီးကမွေးတဲ့ ကိုယ့်မြေးတောင် ခဏတစ်ဖြုတ် ခေါ်မသွားရဘူး။ မိမင်းဘော်တို့ ဖြစ်နေလိုက်တာ။ ညည်းချစ်သလို ငါလည်း ချစ်တာပဲအေ့။ သားအချစ် မြေးအနှစ်တဲ့။ သိရဲ့လား"

မမင်းဘော် ခါးမတ်ပြီး မျက်ရည်သုတ်သည်။

## ပုဂံစာအုပ်တိုက်

"အမေ့မြေးအကြီးအကြောင်းကို အမေ မသိဘူး၊ သမီး သိလို့ မထည့်တာ"

"ဘာသိတုန်း၊ ဘာသိတာတုန်း"

"အေးအေးဆေးဆေး ပြောကြပါလေ" ဟု ဦးထိန်းက လေအေးဖြင့် ဖျန်ဖြေ၏။

"အမေ့မြေးက မယားလိုချင်နေပြီ။ အုန်းပင်စုသူနဲ့ သွားရင် သူ့ မျက်နှာကို သမီးမြင်ရတော့မှာ မဟုတ်ဘူး"

ဒေါ်ပန်းအိ တွေဝေသွားစဉ် ငိုသံပါကြီးဖြင့် မမင်းဘော် ပြန်ပြောသည်။

"ကနောင်က အမျိုးတွေဆီကို ခေါ်အသွားမှာ ပသိရောဂါ"

"ပလိပ်ရောဂါပါ သမီးရယ်"

ဦးရဲတင်းက ကြင်နာစွာ ထောက်ပေးသည်။

"အဲသည် ပလိပ်ရောဂါဖြစ်ရင် ပသို့လုပ်မတုန်း။ ချက်ချင်း အကြိတ်တွေထွက်၊ အဖျားကြီးပြီး နေ့ချင်းညချင်း သေတယ်လို့ အမေရို့ပဲ ပြောသကော"

ဒေါ်ပန်းအိမှာ ရှေ့ဆက်ပြီး အပြောရခက်နေသဖြင့် အစ်မဖြစ်သူအား အကူအညီ တောင်းသည့်အနေဖြင့် လှည့်ကြည့်၏။ ဒေါ်အေးလုလည်း အပြောရခက်နေဟန်ရှိသဖြင့် ဦးရဲတင်း ဝင်ပြောရ၏။

"ကနောင်ကို ခေါ်မသွားဘူး သမီး။ သားကြီး မောင်မောင်လှိုင်း လင်မယားရော၊ကိုရင်နှစ်ပါးပါ ခေါ်သွားမယ်။ ၁၅ ရက်ကြာရင် သင်္ဘောဆိပ် ရောက်အောင် လိုက်ပို့ပြီး သင်္ဘောပေါ်ကို အားလုံးတင်ပေးလိုက်မယ်၊ ဟုတ်စ"

ထိုအခါ ငလှိုင်းက ရယ်ကာမောကာ ပြော၏။

"စိတ်ချပါ အမေရာ။ သားပါ ပြန်လိုက်လာမှာပါ။ သို့သော် ငကျိုင်းကို ပြန်လွှတ်လိုက်ပြီး သားကတော့ ငသိုင်းကိုခေါ်ပြီး ဆက်သွားမယ်နော် အမေ"

သို့ကြောင့် မိဒေါင်းလုက လှမ်းဆိတ်၏။

ပုဂံစာအုပ်တိုက်

"အမေ စိတ်ဆင်းရဲအောင် မပြောပါနဲ့ မောင်မောင်ရယ်"

ထို့နောက် ယောက္ခမ၏ ဒူးနှစ်လုံးကို ဆုပ်ပြီး ကတိပေး၏။

"မောင်လေးတွေနဲ့အတူ သမီးပါ အမေ့ဆီကို ပြန်လာပါ့မယ် အမေ၊ စိတ်ချပါ"

☆

၁၉

"ကပ်ဦးကမ္ဘာ လက်မွန်စွာဖြင့် ကြာနင့်ဘုရား ထင်ရှား ရောင်မွှန်း ဇမ္ဗူကျွန်းဝယ်၊ တည်ထွန်းဗောဓိ သိရိပလ္လင် မာရ်နှင်အောင်ရာ မရှိမာနှင့် စည်လာမဝေး ညီတစ်ပြေးတည့်။ မန္တလေးဘုမ္မိ ပြည်သိရိဝယ်၊ ရာဇဒွိမျိုး ဆင့်တိုးမပြတ် ဘုန်း မနွတ်မှု၊ ဥက္ကဋ္ဌတည၊ ပွားထုမြင်ညဏ် ရည်ဆုသန်၍၊ ကျမ်းဂန်မြင့်မြတ် ပိဋကတ်ကို ကဲထွတ်ချီးမြှင့် တိုးထပ် ဆင့်၏။ ရှင်ပင့်သာသနာ ရှည်ကြာငါးထောင် တိုင်အောင် တင့်ရွှန်း ထွန်းကြီးထွန်းစိမ့်။ ကျွန်းလုံးဇမ္ဗူ ထိန့်ဆူကြေငြာ လင်းအာဏာနှင့် ဘိမမ္ဗာတန်ခိုး တရားမိုးသည်၊ ရိုက်ကြိုး ရွာတော့သည်ဘုရား"

"× × × × နောက် သာသနာတော်သက္ကရာဇ် အနှစ်နှစ်ရာငါးဆယ့် ခြောက်နှစ်ရောက်သောအခါ သီဟိုဠ်ကျွန်း၌ သဒ္ဓါတိဿမင်းကြီး၊ သားတော်

ဝဋ္ဋဂါမဏိမင်းကြီးကိုအမှီပြု၍ သျှင်မဟိန္ဒထေရ်အမှူးရှိသော ငါးရာကုန်သော ရဟန္တာအရှင်မြတ်တို့ ပိဋကတ်သုံးပုံကို ပေထက်အက္ခရာ ရေးသား၍ စတုတ္ထ သင်္ဂါယနာ တင်တော်မူကုန်သည်။

"ငါအရှင်ဧကရာဇ် မင်းမြတ်သည်လည်း ရှေးမင်းတို့ သင်္ဂါယနာ တင်တော်မူကုန်သည့်နည်း၊ သာသနာတော်ကို အလွန်အကြူး ချီးမြှောက် ထိုက်သော မင်းဖြစ်သည့်အတိုင်း၊ သာသနာပြုဆရာတော် သုဓမ္မာဆရာတော် တံဆိပ်တော် ရ မရ ဆရာတော်၊ သံဃာတော်တို့နှင့် ညှိနှိုင်းတိုင်ပင်တော် မူပြီးလျှင် သာသနာတော် နှစ်ထောင့်လေးရာ တစ်ဆယ့်ငါးနှစ်၊ ကောဇာ သက္ကရာဇ် 'တစ်ထောင့်နှစ်ရာ သုံးဆယ့်သုံး' ခု၊ သီတင်းကျွတ်လအတွင်း ရဟန်းပညာရှိ၊ ပုဏ္ဏားပညာရှိ၊ လူပညာရှိ၊ မှူးတော်မတ်တော်တို့ အခါတော် ရွေးချယ်စေပြီးလျှင်၊

"ကောင်းမြတ်သော မင်္ဂလာအခါတော်၌ အမြောက်သံကြားစေ၍ အရှင်နှစ်ပါး၊ မင်းမိဖုရား၊ မင်းညီမင်းသား၊ မှူးတော်မတ်တော်တို့ အစုံအညီ မြေနန်းတော်ရှေ့ အခမ်းအနား ကြီးကျယ်စွာနှင့် 'ပဉ္စမသင်္ဂါယနာတင်' မင်္ဂလာသဘင် ဆင်ယင်တော်မူသည်။ ထီးရုံနန်းရုံ စော်ဘွား၊ မြို့စား၊ အဝေး မြို့ဝန်၊ စစ်ကဲ၊ တိုင်းနေပြည်သူ ရှင်လူသတ္တဝါ အပေါင်းတို့ကိုလည်း အမိန့် တော်မြတ်အရ လွှတ်တော်က စေနှံ့အောင် မှာထားဆင့်ဆိုစေပြီးလျှင် သာဓု အနုမောဒနာ ခေါ်စေရမည်အကြောင်းနှင့် ကုသိုလ်တော်ပွား အမျှပေးဝေ တော်မူသည်။"

ရတနာပုမ်မြို့တည်နန်းတည် နာမဝိသေသနတွင် ဤသို့လျှင် 'ပဉ္စမ သင်္ဂါယနာတင်' နာမဝိသေသန ထပ်ဆင့်ခံယူရရှိတော်မူသော ဘဝရှင် မင်း တရားကြီးသည် သက်တော် ၆၅ နှစ်သို့အဝင်၊ ၁၂၄၀ ပြည့်နှစ်၊ ဝါခေါင်လ တွင် နာမကျန်းဖြစ်တော်မူသည်။ ငလှိုင်းမှာ သူ့ဆရာ၏ အကဲကိုကြည့်ပြီး နေထိုင်သူဖြစ်ရာ ငသောကာ၊ ငစိန်တို့အား မျက်ခြည်မပြတ် ထိန်းသိမ်းနေရ

လေ၏။ အကြောင်းသော် သူ့ဆရာ ဆရာဖေ မှိုင်တွေ ငေးမောနေသည်မှာ ထိုအချိန်မှ စတင်ခဲ့သောကြောင့်တည်း။

တူရိယာများကိုလည်း မတီးမခေါက်၊ စာလည်းမရေး၊ စာလည်း မဖတ် ငေးမောနေတတ်သည်။ သနပ်ဖက်ဆေးလိပ်ကို မီးရှိပါလျက်နှင့် မီးထပ်ညှိသည်။ မီးမညှိဘဲလည်း ခဲနေတတ်သည်။

တော်သလင်း၏ လလယ်ရက်တစ်ရက်တွင် မိုးပြေးကလေး ရွာချ နိုက်၍ လူတစ်ယောက် အိမ်ထဲသို့ ပြေးဝင်လာသည်။ ဆရာဖေ့နားနားသို့ ကပ်ကာ တစ်စုံတစ်ရာပြောသည်။ သုတ်ခနဲ ပြန်ထွက်သွားသည်။

ငလှိုင်း မော့ကြည့်သောအခါ ထိုသူ၏ ကျောပြင်ဂုံသာ မြင်ရတော့သည်။ ဆရာဖေသည် တဘက်တစ်ထည် ကောက်ယူခေါင်းပတ်ကာ ထီးကို ဆွဲယူပြီး ဆင်းသွားသည်။ငါ ဘယ်သွားမလို့၊ဘယ်အချိန်ပြန်ရောက်မယ် တစ်စုံတစ်ရာ မှာကြားမထားခဲ့ချေ။

မကြာမီ ဆရာ့ဇနီး ထွက်လာသည်။

"မောင်လှိုင်း၊ မောင့်ဆရာကော"

"အခုပဲ ဆင်းသွားသယ် မမ"

"ဘယ်တဲ့တုန်း။ ဘယ်အချိန် ပြန်ရောက်မတဲ့တုန်း"

ငလှိုင်း မျက်နှာငယ်ကလေးဖြင့်သာ ပြန်ကြည့်နေမိသည်။ သူ ထ လိုက်သွားသင့်၏။ မေးမြန်းသင့်၏။ သို့ရာတွင် ကူးယူဆဲစာတွင် အာရုံကြီး နေမိ၏။

"သွားချင်လည်း ထမင်းစားပြီးမှ သွားရောပေါ့၊ အခုတော့"

ဆရာ့ဇနီး ဗျစ်တီးဗျစ်တောက်ပြောရင်း အခန်းတွင်း ပြန်ဝင်သွားသည်။ ငလှိုင်းမှာ ဟိုနားသည်နားမို့သာ ရုတ်တရက် ထသွားသည်အထင်ဖြင့် ငသောက၊ ငစိန်တို့ပါ ခေါ်လျက် အနီးအနားရှိ ဆရာဖေသွားတတ်သော အိမ်များသို့ လိုက်လံရှာဖွေသည်။ ဆရာဖေကား နောက်တစ်နေ့ မိုးစင်စင်လင်းသည်အထိ

ပြန်မရောက်လာ။

တပည့်တွေ ဗျာများရပြီ။ ဓာတ်အုပ်အိမ်သို့ ငသောက။ ရွှေတိုက်ဝန်မင်းအိမ်သို့ ငစိန်။ မင်းသားကြီးအိမ်သို့ ငလှိုင်း။

ကျေးကျွန်၊ ခြွေရံသင်းပင်းများ ထဲဝင်ပြင်ထွက် ရှုပ်ယှက်ခတ်နေမြဲ အိမ်တော်မှာ ကျီးနှင့် ဖုတ်ဖုတ်ဖြစ်နေ၏။ စားစွဲ၊ လုံကိုင်များလည်း မြင်ရသဖြင့် မဝင်ရဲ။

'ကိုယ်တော်ကြီး ရာဇဝတ်သင့်ပြန်ပြီလား....'

ပဥ္စသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီးသည် မြင်ကွန်းမြင်းခုံတိုင် ယုတ်မာမှုနှင့် ပထိမ်းမင်းသားညီနောင် ပုန်ကန်မှု ပြီးငြိမ်းကတည်းက သားတော်များ၏ အနေအထိုင်ကို ကန့်သတ်တော်မူခဲ့၏။ အဆောင်တော်မြဲများသာ အလှည့်ကျ ထွက်ဝင်ခစားရသည်။

ဤသို့ရှိစဉ် အလုံမြို့ဝန် အမြင့်ငါးမြို့ဝန် မင်းကြီး မဟာသမိန်ဘရမ်းကြောင့် 'သတိုးသုဓမ္မမဟာရာဇာ' မက္ခရာမင်းသားကြီး ရာဇဝတ်သင့်တော့၏။

အကြောင်းမှာ ဤသို့ဖြစ်၏။

မင်းကြီးမဟာသမိန်ဘရမ်း၏ သားမက်တော် မြို့အုပ်မောင်ကြီးသည် အမိန့်တော်ကိုမသိသောကြောင့် အိမ်တော်သို့ဝင်ကာ လက်ဆောင်ပဏ္ဏာများဆက်သ၏။ မင်းသားကြီးမှာ ခြောက်သွေ့တိတ်ဆိတ်စွာ စံနေရရာက ထွက်ဝင်ခစားသူ ပေါ်လာသည့်အတွက် ဆုတော်လာဘ်တော်များ သနားလိုက်သည်။

ဘုရင့်သားတော်ကြီးတစ်ပါးက ဆုလာဘ်ပေးသဖြင့် မြို့အုပ် ဝမ်းသာသည်။ ယောက္ခမအိမ်အရောက်တွင် ကြွားဝါတော့သည်။ မင်းကြီးမဟာသမိန်ဘရမ်း ဝမ်းမသာနိုင်။ မျက်လုံးမျက်ဆန်ပြူးလျက် သမက်ကို ဆူပူကြိမ်းမောင်းအပြီး၌ ရွှေနန်းတော်သို့ ပြေးရသည်။

အမိန့်တော်ကို ဖီဆန်မှုဖြင့် သမက်ဖြစ်သူ ရာဇဝတ်သင့်ခါမှသင့်စေ။

ပုဂံစာအုပ်တိုက်

မိမိ အပါမခံနိုင်သောကြောင့် မိမိသမက်အား ထည်မျိုး အုပ်မျိုးတွေ ပေးသနားတော်မူလိုက်ကြောင်း တင်လျှောက်နေရတော့သည်။

ကြီးလေးသောအပြစ်ဖြစ်ငြား မြို့ဝန်၏မျက်နှာကြောင့် မောင်ကြီး အကွပ်မခံရ။ သို့သော် အရာမှနုတ်ကာ မိုးကောင်းသို့ အကျဉ်းဖြင့်ပို့၏။ မက္ခရာမင်းသားကြီးမှ ကျေးဇူးသစ္စာတော်ကို စောင့်သိကာ အမှုတော်ထမ်းခဲ့မှုများ ထူးခြားကြီးမားစွာရှိခဲ့သဖြင့် အရာမကျ။ သို့သော် အငြိုငြင်ခံရသည်။

ယခုလည်း ဤကဲ့သို့ပင် ဖြစ်သလော။ အခြားနည်းဖြင့် ရာဇဝတ်သင့်သလော။ လှိုင်း မယောင်မလည်ဖြင့် လှည့်ပြန်ရကောင်းနိုး၊ ရှေ့တိုးရကောင်းနိုး ဖြစ်နေစဉ်၊အပါးသို့ မြက်ထုံးကြီးရွက်လျက် လူတစ်ယောက် ရောက်လာ၏။ နာမည်ကို လှိုင်းမသိငြား၊ မျက်နှာကိုသိသည်။ အိမ်တော်မှ လူ။

"ကိုရင်၊ အထဲမဝင်နဲ့။ ကျုပ်တို့သခင် မင်းသားကြီး မရှိတော့ဘူး။ မနေ့တုန်းက ရွှေနန်းရှင်အမိန့်တော်နဲ့ ဖြတိုက်တော်ကိုဆင့်လို့ အသွားမှာ အဖမ်းခံရသယ်"

"ဗျာ၊ ကျုပ်တို့အရှင် မင်းသားကြီးမှာ"

တစ်ပါးတည်းမဟုတ်ဘူးကိုရင်။ သားတော်၊ သမီးတော်၊ တူတော်၊ မြေးတော်တွေ အများကြီးပဲ အဖမ်းခံရသာ"

"ဟင်" ဆိုကာ လှိုင်းပြန်မေးရန် ပါးစပ်ဟစဉ်မှာပင် မြက်ထမ်းသမား ထွက်ခွာသွားလေတော့၏။

ထိုအခါတွင်မှ လှိုင်း သဘောပေါက်လေတော့၏။

ယမန်နေ့က လာသွားသူသည် သတင်းဆိုးကို သတင်းပေးသွားသူ ဖြစ်ရမည်။ သို့အတွက် မင်းသားကြီး၏ ပတ်သက်ရာ ပတ်သက်ကြောင်းများကိုပါ မိးခိုးကြွက်လျှောက် ဖမ်းခဲ့သော် အဖမ်းမခံရရန်အတွက် ဆရာဖေ ကသုတ်ကရက် ရှောင်တိမ်းသွားခြင်း ဖြစ်ရပေမည်။

မင်းတရားကြီး ကျန်းမာတော်မမူ။

ပုဂံစာအုပ်တိုက်

သားတော်၊ သမီးတော်၊ တူတော်၊ မြေးတော်တွေကို ဖမ်းသည်။

ငလှိုင်းသည် အတွေးချာချာလည်ရင်း ပြန်လာသည်။ တိုင်းရေးပြည်ရေး မည်သို့ဖြစ်မည်နည်း။ တိုင်းပြည် မငြိမ်သက်လျှင် အနုပညာသမားမိမိတို့ဆရာတပည့်တစ်တွေ မည်သို့ နေကြစားကြမည်နည်း။

ဆရာဇနီးသည် ထဲဝင်ပြင်ထွက်လုပ်ရင်း တပည့်တွေကို မျှော်နေသည်။ ငလှိုင်းလည်း ကြားသိခဲ့ရသမျှ ပြန်ပြောင်းပြောပြပြီးနောက် နှစ်သိမ့်စကားဆိုရ၏။

"လုံခြုံသဲ့နေရာမှာ ဆရာရှိပါလိမ့်မယ် မမ၊ မပူပါနဲ့။ ကျွန်တော်လည်း အိမ်မပြန်ဘဲ စောင့်ရှောက်ပါ့မယ်"

သို့စဉ်တွင် ငသောကနှင့် ငစိန်တို့ ရှေ့ဆင့်နောက်ဆင့် ရောက်လာကြသည်။ ဇာတ်အုပ်အိမ်သို့သွားသော ငသောကသည် ရေရေရာရာတစ်ခုမျှ မပြောနိုင်။ သို့သော် ရွှေတိုက်ဝန်မင်းအိမ်မှ ပြန်လာသော ငစိန်ကမူ ရေရာစွာ ပြောနိုင်၏။

"သားတော်၊ သမီးတော်၊ တူတော်၊ မြေးတော်တွေကို ဖမ်းပြီး ရာဇဝတ်သားများလို ချက်ချင်း ခြေကျဉ်းစွဲရိုက်သတဲ့ မမရေ့။ သို့ပေသည့် ညောင်ရမ်း ကိုယ်တော်ကြီးနဲ့ ညောင်အုပ်ကိုယ်တော်ကြီး မပါဘူးတဲ့"

"မြို့တိုက်တော်ရောက်မှ ထွက်ပြေးဖို့ မလွယ်ပါဘူးကွာ"

ငသောက က ထင်မြင်ချက်ပေး၏။

"ထွက်ပြေးသာ မဟုတ်ဘူး။ မြို့တိုက်တော်ကို မသွားဘဲ အင်္ဂလိပ်ကိုယ်စားလှယ်ရုံးကို ထွက်ပြေးသွားကြသာ။ အဲသာကြောင့် ကုလားဖြူရုံးနားမှာ ရဲမက်တော်တွေ ရောက်နေသတဲ့။ ဝင်ပြီး စီးနင်းမလား ဘာလားပဲ"

"သာဖြင့် ကြိုတင်ပြီး သည်လိုလုပ်လိမ့်မယ်၊ ဖမ်းလိမ့်မယ်ဆိုသာ သိလို့ အမိန့်တော်ကို မနာခံကြသာပေါ့"

ငလှိုင်း၏ အမေးကို ငစိန် ခေါင်းညိတ်ပြပြီးမှ သူကြားခဲ့သမျှ

ဆက်ပြော၏။

"တမြန်နေ့က ဆင်ဖြူမရှင် သခင်မကြီးနဲ့ ဝန်ကြီးတွေ တောင်ပန်းခုံ အုတ်တိုက်မှာ တိုင်ပင်ကြသယ်တဲ့"

ထိုမိဖုရားအား 'ဆင်ဖြူမရှင်'ဟု ခေါ်ခြင်းမှာ ဤသို့ဖြစ်၏။

ထိုမိဖုရားသည် ရတနာပူရ စတုတ္ထမြို့တည်နန်းတည် ဘကြီးတော် မင်းတရားကြီး၏ မိဖုရားခေါင်ကြီးတွင်ဖြစ်သော သမီးတော်စစ်ဖြစ်၍ ရွှေနန်းတော်၊ နန်းမဆောင်တော်ထက် မနောဟရထီးဖြူ အုပ်မိုးလျက် ဖွားမြင်ခြင်း။

သစ်နက်ရေခံခြင်း။

ကြာချပ် တစ်ထောင်ရှိသော ရွှေသား ပတ္တမြား သုံးရစ်စီ မနော လင်ပန်းဖြင့် ချင်းတံသန့်စင်ခြင်း။

မင်းခမ်းစုံကျင်းပလျက် မဟာဥကင်သပွင့်တော်မူခြင်း။

စသည်ဖြင့် ဇမ္ဗူဒိပ်ခွင် မြေပြင်အနှံ့ ထူးမြတ်သော ရာဇိန္ဒြရာဇာ နဘာဝတို့ကို ထွန်းတောက်ပစေလျက် ဖွားမြင်သော၊ မြတ်သော နေနတ် နွယ်မြစ် သာကီယစစ်ဖြစ်၍ တစ်ကြောင်း။

မိန်းမမြတ်တို့၏ လက္ခဏာ ၆၄ ပါးတို့နှင့် မချွတ်မယွင်း ပြည့်စုံ လျက် သူမတူတန် ကဲလွန်ထူးမြတ်သော ဂုဏ်ထူးဝိသေသ ရှိသည် တစ်ကြောင်း။

ကပ်ဦးမဟာသမ္မတမင်းမှ ဆင်းသက်ခဲ့သော ဥက္ကာမုက္ခသကျ သာကီဝင်မင်းတို့ထက် သဝေမပြား မျိုးနွယ်စဉ်ဆက် မပျက်ယွင်းစေရ စောင့်ရှောက်မြဲ ရာဇုတန္တိ ပဝေဏီထုံးတမ်းနှင့် အကြောင်းညီစေလျက် မြတ်သော ပြည်ထောင်ဖက်မင်း မိဖုရားကြီးအဖြစ်ကို ဆောက်နှင်းတော်မူ၍ ရှိသည့်အတိုင်း 'ဒွာရကတိုင်း ထားဝယ်မြို့'က ဆက်သသည့် သီရိမဟာ သုဘဒ္ဒာ ရတနာဆင်ဖြူတော်မကို ၁၂၃၉ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်

၆ ရက်နေ့၌ သနားတော်မြတ်ခံရသည်။

သို့အတွက် 'သီရိပဝရတိလောကမဟာရတနာဒေဝီ' မိဖုရားကြီးအား ဆင်ဖြူမရှင်ဟု ခေါ်ကြခြင်းဖြစ်၏။

"တောင်ပန်းခုံအုတ်တိုက်မှာ ဆင်ဖြူမရှင် သခင်မကြီးနဲ့ ဘယ်သူတွေတုန်း"

"ရေနံချောင်းဝန်ကြီး ဦးရွှေစို၊ ခန်းပတ်ဝန်ကြီး ဦးရွှေမောင်၊ ယင်းတော်မြို့စား ဝန်ထောက်တော်မင်း ဦးပေဇော်။ မြို့သစ်ဝန်ထောက် ဦးအောင်ကိုနဲ့ ဦးဖိုးလှိုင်၊ ဦးကောင်းတို့ ပါသယ်တဲ့"

"မင်းဥစ္စာက စုံအောင်ပြောကွာ"

ငလှိုင်း စိတ်မရှည်စွာ ပြောမိသည်။

"တိုင်ပင်ကြသဲ့ အကြောင်းရင်းကတော့ ဘဝရှင်မင်းတရားကြီး မတော်တဆ တိမ်းပါးရင် ဘယ်သူ့ကို နန်းတင်မတုန်းဆိုသာပဲ"

"အဲသည်တော့"

နားထောင်နေသူများမှာ အလွန်စိတ်ဝင်စားကြ၏။ သူတို့အနီးသို့ ဆရာကတော် ရောက်လာသည်ကို မသိကြ။

"ကင်းဝန်ထောက်ဦးကောင်းက အနောက်နိုင်ငံတွေမှာ အုပ်ချုပ်ပုံ အုပ်ချုပ်နည်း ပြောင်းလွဲနေပုံ၊ မြန်မာပြည်ကို အင်္ဂလိပ်က ရန်လိုနေပုံ၊ လက်နက်အင်အားချင်းမတူလို့ အနောက်ပိုင်းကို စာချုပ်စာတမ်းနဲ့ လက်လွှတ်လိုက်ရပုံတွေ ရှင်းပြပြီးတော့မှ စိတ်ထက်သဲ့ မင်းသား တစ်ပါးပါးကို တင်မြှောက်ရင် အဆင်ပြေဖို့ မလွယ်သဲ့အတွက် မင်းတရားကြီးလည်း သဒ္ဓါတော်မူ၊ ရတနာသုံးပါးလည်း ကိုင်းရှိုင်းသဲ့ မင်းသားတစ်ပါးပါးကို တင်မြှောက်ရရင် ကောင်းမယ်သဲ့"

"ယောအတွင်းဝန်မင်းက ဘာပြောသတုန်း၊ အဲသာကို"

"သူက သဘောကျပုံရှိသတဲ့။ မြို့သစ်ဝန်ထောက်ကသာ ပညာ

ကြီးသူ၊ အသက်ကြီးသူ၊ အမျိုးကြီးမြတ်သူကိုသာ မင်းလျာထားဖို့ ကောင်းကြောင်း ပြောဆိုကိုး"

"ကျုန် ဝန်ကြီးတွေကကော"

"မြုံနေကြသတဲ့။ အဲသာနဲ့ လောင်းရှည်မိဖုရားရဲ့ သားတော် သီပေါ မင်းသားကို နန်းလျာအိမ်ရှေ့ဥပရာဇာထားဖို့ သဘောတူကြသတဲ့"

"ဟင်" ခနဲ ပြိုင်တူအော်မိကြသည်။

သူတို့မျှော်လင့်သည်မှာ မက္ခရာမင်းသားကြီးနှင့် ညောင်ရမ်း ညောင်အုပ်မင်းသားတို့သာ ဖြစ်သောကြောင့် အံ့သြကြခြင်းဖြစ်၏။

"သီပေါကိုယ်တော်လေးက ပထမပြန်စာမေးပွဲ အောင်သာပဲ ရှိသာ ပါဟယ်။ ငါတို့ မက္ခရာကိုယ်တော်ကြီးကမှ လက်ရုံးရည်ရော နှလုံးရည်ပါ"

ငလှိုင်း မော့ကြည့်ပြီး ချေပ၏။

"ဆရာမှတ်ရဲ့ကျောင်းမှာ သူလည်း တက်နေသာပဲမဟုတ်လား မမရဲ့။ လောကီရော လောကုတ္တရာပါ စွယ်စုံရသဲ့အပြင် မင်းတရားကြီးထံတော်ပါးမှာ နေ့စဉ်ထွက်ဝင်ခစားခွင့်ရပြီး မင်းတရားကြီး သဒ္ဓါတော်မှုသာပဲမမ"

"အင်း ဟုတ်ပါပြီ။ ကျုန်သဲ့ မင်းသားတွေက သူတို့ကိုကျော်ပြီး သီပေါကိုယ်တော်လေးကို ဥပရာဇာနင်းသာ ကျေနပ်မလား။ ငြိမ်ခံကြမလား"

"သည်အချက်ကို ဆင်ဖြူမရှင် သခင်မကြီးနဲ့ ဝန်ကြီးဝန်ထောက်တွေ မတွေးမိဘဲရှိမလား ရောင်းရင်းတို့ရ။ သာကြောင့် အခုလိုဖမ်းသာပေါ့"

"သည်ပြင် မင်းသား၊မင်းမြေး၊မင်းသမီးတွေ အဖမ်းခံရပြီး ညောင်ရမ်း ကိုယ်တော်ကြီးနဲ့ ညောင်အုပ်ကိုယ်တော်တို့ ဘာပြုလို့ အဖမ်းမခံရသတုန်း"

"အဲသာပြောမလို့ စကားချီသာဟော့"

ငစိန်သည် စကားမဆက်သေးဘဲ သူတို့၏ ဆရာကတော်ကို မော့ကြည့်၏။

"ဘာမော့ကြည့်နေသာတုန်း၊ ပြောပါလားဟဲ့"

"အဲသလို လောင်းရှည်မိဖုရားရဲ့ သားတော်ကို အိမ်ရှေ့နင်းရင်၊ ကျုန်

မင်းသားတွေ ထကြွမှာစိုးသဲ့အတွက် ကြိုတင်ဖမ်းထားမှ ဖြစ်မယ်ဆိုသဲ့ အဆုံးအဖြတ်ဟာ ပေါက်ကြားသွားသဗျား"

"လက်သုံးတော်ကိုင်တွေ မှူးမှူးရှူးရှူးနဲ့ လျှောက်ပြောသာဖြစ်ရမယ်"

"နိုးရာစားကိုကြောက်လို့ ငြိမ်နေခဲ့သဲ့ ဝန်ထောက်တွေက မပေါက် ကြားဘူးလည်း မပြောနိုင်ပါဘူးဟယ်။ သည်တော့ ဘယ်လိုပေါက်ကြား သတုန်း"

"သည် လျှို့ဝှက်အစည်းအဝေးက အစီအမံကို 'သရစိန်း' မိဖုရား သိတော်မူသဲ့အတွက် သူ့သားတော်နှစ်ပါးကို ကြိုတင်သတိပေးသာပေါ့။ သည်တော့ သံတော်ဆင့်တွေလည်းလာပြီး ခြတိုက်တော်ကို လာရမယ် ဆင့် သွားရော။ တစ်ခါတည်း အင်္ဂလိပ် သံကိုယ်စားလှယ်ရုံးကို တန်းပြေးတော့ သာပေါ့"

ဟင်းချသံကြီး ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

"အဲသာတွေ ဆရာသိချင်မှ သိဦးမယ်မမ။ ကျွန်တော်လိုက်ရှာပြီး ပြောချေမယ်"

ပြောပြောဆိုဆို ငလှိုင်းထသည်။

"သတိဝီရိယနဲ့သွားဟဲ့" ဆရာကတော် သတိပေးလျှင် ငသောက က "ဆရာ့နေရာ မင်းသိလို့လား" ဟုမေး၏။

"ရှိနိုင်သဲ့နေရာတွေ သွားရှာမှာပေါ့ကွာ။ သည်ဘက်ကမ်းမှာ မတွေ့သဲ့ အဆုံး ဟိုဘက်ကမ်းကို ကူးမှာပေါ့"

ဟိုဘက်ကမ်းမှာ ဆရာဖေ၏ဇာတိ အင်းဝမြို့ကို ဆိုလိုခြင်းဖြစ်၏။ သို့သော် ငလှိုင်းသည် သူ့ဆရာအား မတွေ့ပါ။ တော်သလင်းလပြည့်ကျော် ၉ ရက်နေ့တွင် သားတော်သီပေါမင်းသားအား အိမ်ရှေ့ဥပရာဇာဆောင်နန်း ကြောင်း အမိန့်တော်ထွက်လာတော့မှသာ ဆရာဖေကို တွေ့ကြရတော့၏။

မည်သည့်အရပ်သို့ သွားနေသနည်း၊ မည်သူကမျှ မမေးကြပါ။

ပုဂံစာအုပ်တိုက်

ဆရာဖေ၏ မျက်နှာကား ပြောင်းလွဲခြင်းမရှိ။ မသာမယာ မကြည်မလင်သာ ရှိ၏။

"ဆရာ ပဲတော်ပြုတ်ကလေး"

ငလှိုင်းက ဒူးတုပ်လျက် စားတော်ပဲပြုတ် ပန်းကန်ကိုင်လျက် ဆရာ့အပါးသို့ ချဉ်းကပ်လာသည်။ ငစိန်က သူ့နောက်မှ လက်ဖက်ရည်ဇန်းကို ကိုင်ကာ ပါလာ၏။ နှစ်ယောက်လုံး၏ မျက်စိများသည် ဆရာ့ စာရေးခုံပေါ်ရှိ ပုရပိုက်ပေါ်သို့ ပြိုင်တူရောက်သွား၏။

"မြန်မာတွေ စည်းကမ်းဖောက်"

ဘေးထပ်ရေးမည်လော၊ ဒွေးချိုးစပ်မည်လော၊ ညည်းချင်းပင် ဖွဲ့မည်လော၊ သို့ရာတွင် ခြောက်လုံးသောစာဖြင့် စရုံသာ စရသေး၏။

ဆရာဖေသည် တပည့်နှစ်ယောက်ဘက်သို့ လှည့်ထိုင်၏။

"ရွှေအိမ်နန်းနှင့် ကြငှန်းလည်းခံ မတ်ပေါင်းရံလျက် ပျော်စံရိပ်ငြိမ် စည်းစိမ်မကျွာ မင်းချမ်းသာကား၊ သမုဒ္ဒရာ ရေမျက်နှာထက် ခဏတက်သည့် ရေပွက်ပမာ တစ်သက်လျာတည်းတဲ့၊ ဟုတ်လားတပည့်"

"ဟုတ်ပါသယ် ဆရာ။ ပလုံခနဲ ရေပွက်ကလေး ထပွက်ချိန်လောက်ပဲ ကြာသဲ့ နန်းသက်၊ စည်းစိမ်သက်ကလေးအတွက် ထီးစည်းကမ်း၊ နန်းစည်းကမ်းတွေ ချိုးဖောက်ရင် မှားတတ်သယ်လို့ အနန္တသူရိယ ပညာရှိကြီးက နောင်လာနောက်သားတွေ မမှားဖို့ ဆုံးမခဲ့သာပါ"

သုန်မှုန်နေသော ဆရာဖေ့မျက်နှာ လက်ခနဲပြုံးသည်။

"အမတ်ကြီး ရည်ရွယ်သဲ့အထဲမှာ နင်ပြောသာတွေ မပါပါဘူးကွာ" ဆိုပြီးမှ "ခွေးမသား ကောင်အိုကလေး"ဟု ရေရွတ်၏။

"နင် ငါ့ဝမ်းထဲမှာရှိသာတွေ သိနေဟန်တူသယ်"

ဆရာရယ်မောသောအခါ တပည့်များလည်း သွားဖော်ရဲကြပြီ။ သို့ရာတွင် ဆရာဖေ၏အပြုံးသည် ပြန်လည်ပျောက်ကွယ်၏။ မြောက်အရပ်ရှိ

ရွှေနန်းတော်ဆီသို့ ငေးငေးကြီးကြည့်လျက် ညည်း၏။

"သည်မိဖုရားကြီး ခေါ်ထက်လာသာ ခက်သယ်။ တစ်ကြိမ်မှာလည်း မင်းတရားကြီးနဲ့ နတ်ရွာစံသွားတော်မူရှာသဲ့ မိဖုရားခေါင်ကြီးတို့ဟာ လွန်ခဲ့သဲ့ သုံးနှစ်လောက်တုန်းက အတူယှဉ်တွဲ စံနေတော်မူကြတုန်းမှာ ဖြူန်းဆို ဆင်ဖြူမရှင်မိဖုရား အမည်တွင်မယ့် အလယ်နန်းမိဖုရားက ဝင်ထိုင်သယ်။ စိတ်မြန်လက်မြန် ဘုရင်သာဆို အသတ်ခံရမှာပေါ့ကွယ်။ ထီးထုံးစံ၊ နန်းထုံးစံမှာ သာမျိုးမရှိဘူးကွယ့်"

"ဘာလုပ်သဲ့ပွဲတုန်းဆရာ။ အတွင်းတော်မှာလား"

"မြတောင်မြို့စား ထိပ်စုဖုရားလတ် အပါအဝင် သားတော်၊ သမီးတော် တူတော်၊ မြေးတော်များ ဆံထုံးထုံး နားထွင်းဒက်ဆင် မင်္ဂလာပွဲသဘင် ဆင်ယင်ကျင်းပသဲ့ အခမ်းအနားမှာပေါ့"

"စည်းကမ်းဖောက်သာဟာ သည်ကတည်းက စခဲ့သာပေါ့ဆရာ ခင်ဗျား"

"စည်းမဲ့ကမ်းမဲ့ ဝင်ထိုင်သာမြင်သဲ့ မိဖုရားခေါင်ကြီးက တစ်ချက် လှည့်ကြည့်ပြီး၊ မျက်နှာညိုတော်မူတော့ ဘယ်လိုလျှောက်သယ် ထင်သတုန်း"

."ဟုတ်ကဲ့ဆရာ အမိန့်ရှိပါဦးခင်ဗျား"

ငသောက ရှေ့တိုးလာပြီး မေးသဖြင့်၊ငစိန်က တံတောင်ဖြင့် ဆီးတွက်၏။

"ခွင့်လွှတ်တော်မူပါ နန်းမတော်မဖုရား။ ဘုရားကျွန်မရဲ့ သမီးတော် ပါဝင်သဲ့ မင်္ဂလာပွဲလည်းဖြစ်၊ နန်းမတော်ခေါင် ဘုရားကြီးကလွဲရင် ညီမတော် သာလျှင် အကြီးဆုံး၊ အမြတ်ဆုံးဖြစ်သဲ့အပြင် ရွှေလင်ပန်းနဲ့ အချင်းသန့်စင် ခဲ့သူ ဖြစ်သဲ့အတွက် အခုလိုထိုင်သာ ငြိုငြင်တော်မမူပါနဲ့ဘုရား"

"စကားလည်း တတ်တော်မူပါပေသယ်ခင်ဗျား" ဟု ငစိန် မှတ်ချက် ချသဖြင့် "စည်းကမ်းမဲ့သာကိုများ ချီးမွမ်းနေရသလား" ဟု ငသောက က ငေါက်သည်။

ပုဂံစာအုပ်တိုက်

"သည်လိုစည်းကမ်းမဲ့သဲ့ ပရမ်းပတာ မိဖုရားဟာ သမုဒ္ဒရာရေ မျက်နှာထက် ခဏတက်သည့် ရေပွက်ပမာ မင်းစည်းစိမ်ကလေးကိုမက်ပြီး အခုလည်း ထင်ရာစိုင်းသာပါပဲကွာ အင်း"

"သူ့ကို သီပေါမင်းသားက မိဖုရားမြှောက်မှာမို့လားဆရာ"

ငသောက၏အမေး။

ထိုအမေးကို သူတို့ဆရာ မည်သို့ဖြေမည်နည်းဟု လျှိုင်းရော ငစိန်ပါ စိတ်အားထက်သန်စွာ နားစွင့်ကြ၏။

"ဟဲ့ သူ့မှာ သမီးတော် သုံးပါးရှိသာကပဲဟဲ့။ မြတောင်မြို့စား ထိပ်စု မြတ်ဖုရားလတ်က သီပေါကိုယ်တော်ကလေးနဲ့ မေတ္တာကူးလူးနေကြသဲ့ ဥစ္စာကို"

"ဪ ဪ၊ သူ့သမီးတော် မိဖုရားကြီးဖြစ်ဖို့အရေးမို့ ထီးဓလေ့ နန်းဓလေ့တွေကိုပစ်ပယ်ပြီး ထင်ရာစိုင်းသာကိုး"

"ခက်သယ် တပည့်တို့ရယ်"

ဆရာဖေသည် ညည်းတွားရင်းက ကျုံးဘက်သို့ မျှော်ကြည့်၏။ လူအများသည် သုတ်သုတ်ပျာပျာ ဖြတ်သန်းသွားလာနေကြ၏။

"ခေါင်ကမှ မိုးမလုံရင် တံစက်မြိတ်က လုံပါဦးမလား။ စည်းနဲ့ ကမ်းနဲ့ ဓလေ့ထုံးတမ်းနဲ့အညီ ကျင့်ကြံလိုက်နာရမယ့်သူတွေက စည်းကမ်းမရှိမှဖြင့် ဝန်ကြီး၊ ဝန်ထောက်၊ အတွင်းဝန်၊ မြို့ဝန်၊ အဝေးဝန်တွေ စည်းကမ်းရှိပါဦးမလား"

"မြန်မာတွေဟာ စည်းကမ်းဖောက်ထီးနန်းပျောက်ဖြစ်မှာ စိုးရသလား ဆရာခင်ဗျာ"

"မဦးမချွတ် မပြောနဲ့လဟဲ့"

ဆရာဖေသည် ထိုသို့လည်း နဘောထပ်ခွင့်မပေးပေ။ သို့သော် သူ စိတ်မချမ်းသာ။ သို့လျှင် မချမ်းသာပါလျက် ဇာတ်အုပ်က ခေါ်သောအခါတွင်

ဓာတ်အဖွဲ့နှင့် လိုက်ပါအမှုထမ်းရသည်။

သို့တစေ ဆရာဖေ ကြာရှည်စိတ်မညစ်လိုက်ရ။ အဖမ်းခံရသော မင်းသား၊ မင်းသမီး၊ မင်းမြေးနှင့် တူတော်၊ တူမတော်တွေ ကြေးတိုက်တွင် ချုပ်နှောင်ထားရာမှ လွတ်မြောက်လာသောကြောင့် ဖြစ်သည်။

သို့လျှင် လွတ်မြောက်လာရခြင်းမှာလည်း ဘဝရှင်မင်းတရားကြီး၏ ရောဂါဝေဒနာ သက်သာလာသဖြင့်ဖြစ်၏။

မင်းတရားကြီး သတိတော်ကောင်းမွန်လာပြီ ကြားလျှင်ကြားချင်း မိဖုရားအချို့သည် မှန်နန်းဆောင်အတွင်းသို့ တားဆီးထားပါလျက်က အဟင်းဝင်ကြသည်။ မတရားပိတ်ပင်မှုကို မင်းတရားကြီး သိမည်စိုး၍ လျှော့ပေးသည့်အနေဖြင့် ဝင်ခွင့်ပြုလိုက်ရ၏။ဝင်ခွင့်ပြုလိုက်လျှင် ပြုလိုက်ချင်း အမိန့်တုဖြင့် အဖမ်းခံရသူများအကြောင်းကို လျှောက်ထားကြရာ 'ချက်ချင်း လွှတ်စေ' အမိန့်ပေးတော်မူသည်။

မှန်နန်းဆောင်အတွင်းသို့ ဓားမကြောက်၊ လှံမကြောက် ဝင်ရောက် လျှောက်ထားသော မိဖုရားများမှာ မြောက်ရွှေရေးဆောင်မိဖုရားနှင့် လင်ပန်း မိဖုရား၊ သက်ပန်းမိဖုရား၊ ခုနစ်ရွာစား မိဖုရားတို့ဖြစ်ကြသည်။

ခြေကျင်းစွဲရိုက်လျက် ကြေးတိုက်တွင် ဆင်းရဲငြိုငြင်စွာ နေကြရသော မင်းမျိုးအကျဉ်းသားများ လွတ်လာကြသည်။ မင်းတရားကြီးထံ အခစား ဝင်လာကြသည်။ သို့ရာတွင် မက္ကရာမင်းသားကြီးသာ ရှေ့တော်သို့ ဝင်ခွင့် ရ၏။ အကြောင်းပြချက်မှာ မင်းတရားကြီး လွန်စွာနွမ်းနယ်နေသောကြောင့် ဟူ၏။

ရတနာပုံမြို့တည်နန်းတည် ပဌမသင်္ဂါယနာတင် ဘဝရှင်မင်းတရား ကြီးသည် "ဘယ်သူ့အမိန့်တုန်း၊ ဘယ်သူလုပ်တာတုန်း" မေးမြန်း စစ်ဆေး မနေတော့ပါ။ သားတော်၊ မြေးတော်၊ တူတော်၊ သမီးဘော်များ အသက် ချမ်းသာရာရရေးကို မကျန်းမာလျက်က စဉ်းစားရသည်။ ကြံဆရသည်။

ပုဂံစာအုပ်တိုက်

ရသည့်အကြံမှာ သားတော်ကြီးများအား ဘုရင်ခံခန့်ကာ ရွှေမြို့တော်နှင့် ဝေးရာသို့ လွှတ်ခြင်းဖြစ်၏။

သို့ဖြင့် သားတော်သုံးဆယ်မင်းသားသည် ချင်းတွင်းမြစ်စဉ် ဘုရင်ခံအဖြစ်သွားရောက်အုပ်ချုပ်လျက် သင့်ရာမြို့တွင်နေထိုင်၏။

သားတော်မက္ကရာမင်းသားမှာ တောင်တွင်းကြီးကြောင်းတစ်လျှောက်၏ ဘုရင်ခံအဖြစ် သွားရောက်အုပ်ချုပ်စေ။

သားတော်ကြီး ညောင်ရမ်းမင်းသားကား အောက်မြစ်စဉ်ကြောင်း နယ်ပယ်ဒေသများကို ဘုရင်ခံအဖြစ် သွားရောက်အုပ်ချုပ်စေ။

ကျန်သားတော်၊ သမီးတော်၊ တူတော်၊ မြေးတော်များသည် ဘုရင်ခံသုံးဦးအနက် နှစ်သက်ရာတွင် ခိုဝင်ထမ်းရွက်ကြစေ။ ဆိုင်ရာဝန်တို့က စရိတ်ငွေတော်အပြင် ထည့်မျိုးအုပ်မျိုးစုံစွာ ထုတ်ပေးကြစေ။

'တစ်ခါဖြင့် လွတ်ပြီကျွတ်ပြီ။ ဆင်ဖြူမရှင်နှင့် ဝေးတော့မည်' ဟု ဝမ်းသာအားရဖြင့် မှန်နန်းဆောင်မှ ထွက်လာကြသည်။ မယ်တော်၊ နမတော်များ၊ ဆွေတော်မျိုးတော်များနှင့် မေးမြန်းပြောဆိုနေကြစဉ်၊ စား၊ လုံ့ဖွေးဖွေးဖြင့် လူများရောက်ရှိလာကြကာ ဝိုင်းဝန်းဖမ်းဆီးကြပြန်သည်။

ရေမြွေသေဌနင်း ပြည့်ရှင်မင်းခမျာ မသိရှာ။ မည်သို့လုပ်ဦးမည်နည်း။

ပြည့်ရှင်မင်း မျက်နှာမလွှဲမိမှာပင် ပြည့်ရှင်မင်းက လက်ဖြင့် ရေးလိုက်သည်ကို အတင့်ရဲစွာ ခြေဖြင့်ဖျက်နေကြခြင်းသည် အာဏာရရေးအတွက် သားရဲမင်းရဲ စီးနေခြင်းပင် မဟုတ်ပေသလော။

သို့ဖြစ်လျှင် အချုပ်တန်းဆရာဖေ၏ 'မြန်မာတွေ စည်းကမ်းဖောက်' သည် နဘောထပ်စကားလုံးများဖြင့် ရှေ့သို့ဆက်ရန် အစပျိုး နိမိတ်ဆောင်ခြင်း ပေလောဟု တွေးတောစရာကြီး ဖြစ်နေပေတော့သည်။

★

ပုဂံစာအုပ်တိုက်

၂၀

ဆင်သေရွာ၏ ရွာဦးကျောင်းတွင် စာအံသံများ ငြိမ်သွားပြီ။ သို့ရာတွင် ကျောင်းပတ်စကြံနှင့် တလဖုတ်များတွင်ကား ကိုရင်နှင့် သူတော်၊ ကျောင်းသားများ တာဝန်ကိုယ်စီဖြင့် ရှုပ်ယှက်ခတ်နေကြ၏။

သောက်ရေခပ်ချိန် တာဝန်ကျသူများသည် သားရေပုံးကြီးကို ဝါးလုံးလျှိုဖြင့် ထမ်းသူကထမ်းကြ၏။ တစ်ကိုယ်တော် ဆိုင်းထမ်းဖြင့် ထမ်းသူကထမ်း၏။ သုံးရေ၊ ခြေဆေးရေ၊ ကုဋီရေများ တာဝန်ကျသူများကလည်း တာဝန်အမြန်ပြီးပြေရေးအတွက် အပြေးအလွှား ထမ်းနေကြသည်။

ကျောင်းသို့ရောက်စ ကလေးငယ်များမှ ကလမက်ရွက်ကြီးတွေ သရက်ရွက်၊ ပိန်းနဲရွက်တွေကို လက်ဖြင့် လိုက်လံကောက်နေကြသည်။ အချို့ကလေးကား လက်ဖြင့်မကောက်။ တုတ်ဖြင့် လိုက်လံထိုးယူနေကြသည်။ စောင်းလျားရွက်၊ မန်ကျည်းရွက်ကဲ့သို့သော အရွက်သေးများကိုမူ သင်ပုန်းကြီးကုန် အရွယ်များက တံမြက်စည်းဖြင့် လိုက်လံလှည်းကျင်း

သိမ်းဆည်းနေကြသည်။

ကျောင်းအိပ်ကျောင်းစား ကျောင်းသားများမှာလည်း ချွေးတလုံးလုံးဖြင့် ထမင်းခြောက်ကို ပြန်ချက်နေကြသည်။ ထမင်းအိုးဘေားရှိ ဟင်းလေး အိုးမှာ အငွေ့တထောင်းထောင်းဖြင့် ဆူလာသည့်အတွက် အဖုံးဖွင့်လိုက်ရသည်။ ဟင်းနံ့ ရသောကြောင့် ပြေးလာသည့် ကျောင်းသားများကို ဦးသူတော် တစ်ပါးက တုတ်တစ်ချောင်းဖြင့် ဟန့်တားနေရသည်။

ထိုကဲ့သို့ ပြေးလွှားဆောင်ရွက်နေသူများနှင့်မတူ တစ်မူခြားနားစွာ ဆော့ကစားနေသော ကျောင်းသားများလည်း ရှိသေး၏။ သူတို့ကား ငကျိုင်းနှင့် ငပုတ်၊ အုန်းခိုင်၊ ငကွန်းသာရွှန်း၊ လေပွေတို့ ဖြစ်ကြ၏။

အခြားသော ကစားဖော်ကစားဖက်များတွင် နံငယ်ပိုင်းကိုယ်စီ ရှိကြ ပါလျက်၊ လေပွေတွင် မရှိ။ အောက်ပိုင်းတစ်ပိုင်းလုံး အပြောင်သားဖြစ်၏။ သူ့ကျောပေါ်တွင် ခွစီးထားသူမှာ သာရွှန်း၊ ငကွန်း၏ကျောပေါ်တွင် အုန်း ခိုင်၊ ငပုတ်၏ကျောပေါ်တွင်ကား ငကျိုင်း။

လေပွေတွင် ခါးစည်းမရှိခြင်းမှာ ကစားဖော်များထံ ရောက်နေသည့် အတွက် ဖြစ်သည်။ နံငယ်ပိုင်းကို လုံးကျစ်ပြီး 'ကျပ်ထုပ်' လုပ်ထားကြသဖြင့် ဖြစ်၏။

သာရွှန်းသည် ကျပ်ထုပ်ကို အုန်းခိုင်ထံ ပစ်ပေး၏။ အုန်းခိုင်က ငကျိုင်းထံပေး၏။ ငကျိုင်းထံအရောက်တွင် တစ်ပတ်ပြည့်သွားပြီ နေရာ ရွှေ့ကာ ပစ်ပေးကြသည်။ ငကျိုင်းက သာရွှန်းထံ ပစ်အပေး၌ အပြည့်အဝ မရောက်သဖြင့် သာရွှန်း ကျွမ်းပျံကျသည်။

"တဲ့နယ်တဲ့နယ်" ပါးစပ်ဆိုင်းတီးကာ ကရင်း၊ လေပွေသည် ဒူးပေါ် လက်ထောက်လျက် ခါးကိုင်းထားသော သာရွှန်းကျောပေါ်သို့ ခုန်တက်၏။ သာရွှန်း ဝမ်းလျားထိုးပစ်လဲကာ ရင်ဘတ်နှင့်မြေကြီး အွတ်ခနဲမြည်အောင် ဆောင့်မိ၏။

ပုဂံစာအုပ်တိုက်

"ဟဲ့မြင်း ဟဲ့မြင်း"

လေပွေသည် မိမိသူငယ်ချင်း မည်မျှနာသည် မနာသည်ကို မမေး။ ဝမ်းလျားထိုးလဲနေသူ၏ ကျောပေါ်ခွစီးပြီး ခုန်ဆွခုန်ဆွလုပ်၏။ အောက်က လူ အွတ်အွတ်အွတ်အွတ် မြည်နေပါလျက်က ဆံပင်ကိုဆွဲ၏။

"ဟဲ့မြင်း သည်မြင်းဟာ ပါးချပ်ခွံ့ရဦးမယ်"

သာရှန်း၏ ပါးစောင်ထဲသို့ လက်ညှိုးထိုးပြီး ပါးစပ်ကိုဆွဲဖြဲ၏။ အောက်ကလူ ဆတ်ခနဲပက်လက်လှန်ပစ်သည်။ လေပွေ၏ခေါင်းနှင့် မြေကြီးနှင့် ဒုန်းခနဲရိုက်၏။ နာရမှန်းမသိ၊ ခေါင်းကိုပွတ်ရင်း "မြင်းကန်သဟ" အော်ပြီး ထလာ၏။

"ဆွမ်းအိုးပို့သဲ့ကျောင်းသားတွေ ဘာလုပ်နေကြသတုန်း"

ကိုရင်ကြီးတစ်ပါးအုတ်လှေကားထိပ်မှလှမ်းအော်သည်။လေပွေသည် သာရှန်းကျောပေါ်မှ ဖုတ်ခနဲ ခုန်ချသည်။ ဥသျှစ်ပင်အောက်သို့ ပြေးသည်။ သပိတ်ကို လက်ဝါးပေါ်တင်၊ သပိတ်ခြေကို လက်မောင်းတွင် စွပ်လျက် ကျောင်းပရိဝုဏ်အပြင်သို့ ရောက်အောင် အသော့နှင်သည်။

ကျောင်းပရိဝုဏ် အဝနှင့် ဝါးတစ်ရိုက်အကွာသို့ အရောက်တွင် ငှက်ပျောရုံများတစ်ဖက်မှ ဆရာတော်ဘုရားကြီး ဘွားခနဲထွက်ပေါ်လာသည်။

"ဟဲ့ မောင်ကျောင်းသား၊ ပုဆိုးမပါပါကလား"

ထိုအခါတွင်မှ လေပွေသည် သူ့ကိုယ်ကို ငုံ့ကြည့်မိ၏။

"တပည့်တော်ပုဆိုး၊ ဟို.... အဲ.... ငကျိုင်း ယူထားလို့ဘုရား"

ငကျိုင်းတို့ငါးယောက်လည်း သပိတ်ထမ်း၊ ဆွမ်းဟင်းဗျပ် ရွက်လျက် ပါလာကြရာ၊ ပြေးရှောင်ချိန် မရလိုက်ကြ။

"ဟဲ့ ဝင်္ငလိုက်တတ်သယ်။ ပုဆိုးအဝတ်ကို မကျီစယ်ကောင်းဘူး။ ပေးလိုက်"

"သူ့ပုဆိုးကို ကျပ်ထုပ်လုပ်ပြီး ကစားသာဘုရား။ သူ့လက်ထဲမှာ"

ဆရာတော်မှာ လေပွေကိုကြည့်ပြီး မပြုံးဘဲမနေနိုင်။

"တယ်ပေါ့လျော့သကိုး မောင်ကျောင်းသားရဲ့။ သံဃာ့ အသုံး အဆောင် သပိတ်ကို သည်လို မသယ်ဆောင်ရဘူး။ ရိုရိုသေသေ ပခုံးပေါ်မှာ ထမ်းရသကွယ့်။ ကဲ သွား သွား"

ဆရာတော်ဘုရားကြီးသည် ကျောင်းသားများအား စာမသင်။ ထို့ကြောင့် ရိုက်နှက်ဆုံးမဖူးခြင်းမရှိ။ သို့ရာတွင် မိမိတို့ဆရာ၏ ဆရာ ဖြစ်သဖြင့် ကျောင်းသား၊ ကိုရင်၊ သူတော်တွေ အလွန်ကြောက်၏။

သို့အတွက် လေပွေသည် သပိတ်ကို ထမ်းရန် ကြိုးစား၏။ သပိတ် သည် အဖုံးမပါဘဲ ထမ်းရန် လွယ်ကူသည်နှင့်အမျှ အဖုံးနှင့်ထမ်းရန် မလွယ် ကူချေ။ ကြေးသပိတ်ဖုံးသည် တဒေါင်ဒေါင်မြည်လျက် မြေပေါ်လိမ့်၏။

"သပိတ် ငါ့ပေးထားပြီး၊ ပုဆိုးဝတ်ပါဦး"

ငကျိုင်းသည် ဆွမ်းဟင်းဗျပ်ကို ရွက်ထားလျက်က ပြော၏။

သူတို့ဆွမ်းအိုးများသည် သပိတ်နှင့် ဆွမ်းဟင်းဗန်းတွဲလျက် ကျ၏။ ရှာလယ်ပိုင်းတစ်တွဲနှင့် အရှေ့ပိုင်း၊အနောက်ပိုင်း တစ်တွဲစီဖြစ်၏။ ငကျိုင်းမှာ လေပွေနှင့် တစ်တွဲတည်းဖြစ်သည့်အတွက် သပိတ်ထမ်းပုံ သင်ပေးရန် ငကျိုင်း ကြိုးစားငြား၊ လေပွေ ခေါင်းယမ်း၏။

"သပိတ်ဖုံး ဘယ်လိုကိုင်ရမတုန်း ပြစမ်း"

"ဟောဟိုချုံစပ်မှာ ဟင်းရွက်ခူးသဲ့ မိန်းမတွေ ထင်သဟ"

မှသားမပါအောင် လှည့်လိုက်မှ သပိတ်သည် ငကျိုင်းလက်ထဲသို့ ရောက်လာပြီး၊ နံငယ်ပိုင်း အလုံးအကျစ်ကို လေပွေ ဖြေဝတ်တော့သည်။

'ဆွမ်းအိုး' ဟူသည် ထမင်းအိုးနှင့် ဟင်းအိုးကို အိုးလိုက် လာရောက် လှူဒါန်းရာမှ စတင်ခြင်းဖြစ်၏။ ထိုထမင်းအိုးထဲမှ ထမင်းနှင့် ဟင်းအိုးထဲမှ ဟင်းကို ခူးခပ်ထည့်ပေးလိုက်ရန် လာရောက်ပို့သော သပိတ်နှင့် ဗျပ်ကိုလည်း အလွယ်တကူပင် ဆွမ်းအိုးခေါ်တော့သည်။

## ပုဂံစာအုပ်တိုက်

ကျောင်းတွင် သာမဏေတွေ များပြားသော ဝါတွင်းကာလ၌ သာမဏေတစ်ပါး ဆွမ်းတစ်အိုး ဖြစ်သည်။ ယခုကဲ့သို့သော ဝါပတွင်ကား ကျောင်းဒါယကာ၏ အမွေခံများက ဆွမ်းတစ်အိုး၊ ပဋ္ဌင်းဒါယကာများက ဆွမ်းလေးအိုး။ စုစုပေါင်း ငါးအိုးသာရှိရာ ဆင်သေရွာမှ သုံးအိုးဖြစ်သည်။

ဆွမ်းအိုးကို ကျောင်းသားတိုင်း ပို့လိုယူလိုကြ၏။ ညနေတွင် ဆွမ်းအိုး ဖြစ်သော သပိတ်နှင့် ဗျပ်ကို လာရောက်ပေးပို့ပြီး အရုဏ်တက်ချိန်တွင် လာယူသော ဆွမ်းအိုး အပို့အယူ ကျောင်းသားများကို ဆွမ်းအိုး ဒါယကာ များက မုန့်ပဲသားရေစာ ပေးလေ့ရှိသောကြောင့်ဖြစ်သည်။

"သပိတ်နှုတ်ခမ်းကို ဟောသည်မှာကြည့်၊ လက်မ၊ လက်ခလယ်၊ လက်သူကြွယ်၊ လက်သန်းနဲ့ ကိုင်သကွာ။ အဖုံးကို လက်ညှိုးနဲ့ ထိန်းထားရ သကွာ"

ဆွမ်းဟင်းဗန်းကို လက်လွှတ်ရှက်လျက် ကျိုင်းက သပိတ်ကို အဖုံးဖုံးလျက် ထမ်းပုံထမ်းနည်းပြသ၏။ လေပွေ ထမ်းကြည့်၏။ ဖြစ်ကား ဖြစ်၏။ "လက်ညှိုးနာသယ်" ဆိုပြီး ရင်ခွင်ဝယ် ပြောင်းပွေ့သည်။

ဆင်သေရွာ၏ အနောက်အရပ်ရှိ ယာများသည် ဝတ်လွှာစိမ်းမှ အဝါရောင်သို့ ပြောင်းလွဲဆင်ယင်စပြုချိန်တွင်၊ ရွာ၏မြောက်အရပ်ရှိ ကိုင်း များသည် ဝတ်သစ်စားသစ်များဖြင့် ကြွားလူနေကြ၏။ ဗျိုင်းတစ်အုပ်သည် မြားခေါင်းသဏ္ဌာန် အုပ်ဖွဲ့လျက် ယာများပေါ်မှ ဖြတ်ပျံလာကြ၏။

စာလက်မကလေးများသည် နဘူးချုံများထက်၌ ထဲဝင်ပြင်ထွက် လုပ်နေကြသည်။ လေပွေသည် သပိတ်ကို လမ်းဘေးမြက်ဖုတ်ပေါ်ချရန် ခါးကိုင်းသည်။

"ဟော့ဟော့ မချနဲ့။ ငါ့ပေး။ တစ်ယောက်ယောက်မြင်သွားပြီး ဘုန်းကြီး လျှောက်ရင် အရိုက်ခံနေရလိမ့်မယ်"

သပိတ်သည် သပိတ်လုပ်သော အိုးသမားတို့ထံတွင် ရှိနေချိန်မှာမူ

သာမန်အိုးခွက်ဖြစ်၏။ဘုန်းကြီးကျောင်းသို့ ရောက်ရှိလာပြီး၊ရဟန်းသာမဏေတို့ သုံးစွဲချိန်တွင် မြင့်မြတ်သောအရာဖြစ်သွားပြီ။ ပရိက္ခရာရှစ်ပါးဝင် ပစ္စည်းအမြင့်အမြတ်ဖြစ်သွားပြီ။ သို့အတွက် အနိမ့်အကျနေရာ၌ မထားအပ်။

သည်သဘောကို ကျောင်းသား၊ သူတော်တွေ၊ သာမဏေတွေ စွဲမြဲစွာလိုက်နာရသည်။ လိုက်နာစေရန် ကြပ်မတ်သည်။ သို့အတွက် ငကျိုင်းကဆွမ်းဟင်းဗန်းတစ်ဖက်ဖြင့် လှမ်းတောင်းခြင်းဖြစ်သည်။

လေပွေ သပိတ်ပေးပြီးလျှင် ချုံဘက်သို့ပြေးသည်။

"ငှက်သိုက်တွေ့ရင် ငှက်ဥယူခဲ့မယ်ဟေ့"

"မြွေစိမ်းမြီးခြောက်ကိုက်ရင် ဆေးမမီဘူးနော်"

လေပွေ၏ ခြေလှမ်းများ တုံ့သွားပြီးမှ "သည်အချိန် မရှိပါဘူးကွ" လှည့်ပြောပြီး ဆက်သွားသည်။

"ဗွတ်ဖင်နီဥခွံတွေ့ရင် ခါးပိုက်ထဲထည့်ခဲ့ဟေ့၊ သူငယ်နာကောင်းသတဲ့"

"မင်းတို့အိမ်မှာ ကလေးရှိလို့လား"

"အိမ်နီးနားချင်းတွေရဲ့ ကလေးတွေကို ကုရသာပေါ့ဟ"

ငကျိုင်းသည် သပိတ်ကိုပွေ့၊ဟင်းဗန်းရွက်လျက် ရွာဘက်သို့ တရွေ့ရွေ့လာသည်။ လေပွေ အပြေးလိုက်လာလျှင် တစ်ခဏချင်း မီစေရန် ဖြည်းဖြည်းလျှောက်လာခဲ့သည်။

ရှားစောင်းပြာသာဒ် တောနာနတ်များ ထူထပ်စွာပေါက်နေသည့် ရှေ့က ကုန်းတန်းတွင် မိန်းမတစ်ယောက်ကို လှမ်းမြင်ရသည်။ မကြာမီပင် အမြင်ကွဲလာပြီ။ ကျော့ခင်ဖြစ်သည်။

"မောင်လေးရေ၊ သာလေးယူသွားပြီး အိမ်ဝင်ပေးလိုက်စမ်းပါကွယ်"

ကျော့ခင်ပေးသောအရာမှာ 'နွားလျှာကြီး' ရွက်နှင့် သညို (သစ်ညို) ရွက်များ ရောစည်းထားသော ဟင်းရွက်စည်းဖြစ်၏။

"ဟာဗျာ ကျွန်တော်က"

"လမ်းကြုံပါသယ်ကွယ်။ မောင်လေးက လိမ္မာရဲ့သားနဲ့"

အပြုံးကလေး၊ ရယ်မောသံကလေး စွက်ဖက်လာသောအခါ ကျိုင်း မငြင်းပယ်နိုင်ဘဲ သပိတ်ပေါ်တွင် တင်လာခဲ့ရလေ၏။ နောက်သို့ ကျိုင်း လှည့်ကြည့်သောအခါ လေပွေ အူယားဖားယား ပြေးလိုက်လာသည်ကို မြင်ရ၏။

ရှာထိပ်ဇရပ်ပေါ်မှ သာယာသော ပလွေသံ လွင့်ဝဲနေ၏။ ဇရပ်နှင့် မလှမ်းမကမ်းရှိ ရေတွင်းတွင် ရေခပ်သူများ စည်ကားနေသည်။ ပျားအုံ တစ်အုံမှ ပျားများအလား၊ သူဝင်ငါထွက်ဖြစ်သည်။

"ညီလေးရေ၊ ဘယ်က ဟင်းရွက်စည်းကြီး ယူလာရသာတုန်း"

ပလွေထိပ်ကိုပုဆိုးဖြင့်သုတ်ပြီး တံတွေးတခါခါလုပ်ရင်း ဆီးကြိုမေးသူမှာ ငသိုင်းဖြစ်သည်။ ကျိုင်း ရယ်မောပြီးမှ "သိချင်ရင် ထန်းလျက် ပေး" ဟု ဆို၏။

"ထန်းလျက်မပါဘူးကွာ။ ပဲလှော်ပဲပါသယ်"

ခါးပိုက်ထောင့်မှ ပဲကြီးလှော်တစ်ဆုပ် ထွက်လာသည်။ ကျိုင်းလည်း သူလာခဲ့သည့်ဘက်သို့ ပြန်ငဲ့ကြည့်ရင်းဖြေ၏။

"ဒေါ်ဘန်းကြီးယာနားက တန်ဆောင်း၊ ပြာသာဒ်ပင်တွေနားမှာ မကြီးကျော့ခင်က ပေးလိုက်သာဗျ"

"ဟေ" ဆိုသံနှင့်အတူ၊ ဇရပ်ပေါ်မှ ငသိုင်း လျှောဆင်းသည်။ပုဆိုးစကို လည်ပင်းပေါ်သို့ တင်သည်။ နားရွက်ကြားတွင် ညှပ်ထားသည့် 'နွယ် ဆူးပန်း' ကို လက်ဖြင့်စမ်းသပ်ကြည့်သည်။ ထို့နောက် ညီငယ် ညွှန်ပြရာ အရပ်သို့ သုတ်ခြေတင်ခဲ့၏။

ငသိုင်း၏အာရုံတွင် ရှားစောင်းပြာသာဒ်များသည် မြသားဖြင့် တည်ဆောက်ထားသည့် နတ်ဘုံနတ်နန်းဟု မြင်၏။ လက်ပံပင်ပေါ်တွင် အိပ်တန်းတက်ရန် အသားမကျတိုင်း အော်မြည်နေသည့် ဆက်ရက်တစ်အုပ်၏

အသံကိုမူ သူ့ပလွေသံထက် သာယာသည်ထင်၏။

သူသည် ဒရောသောပါးလာစဉ်က လာခဲ့စေကာမူ ယခု သတိဝင်လာသည်။ ဆိတ်ကွယ်ရာတွင် ကျော့ခင်နှင့်တွေ့သည်ဟု အခြားသူတွေ မြင်သွားလျှင်၊ ထင်သွားလျှင် မိန်းမသားမှာ ဂုဏ်သတင်း ညှိုးနိုင်၏။ သို့ကြောင့် လမ်းဘေး ချုံတန်းများသို့ ချဉ်းကပ်၏။ ငှက်ဥ နှိုက်သယောင်ယောင် ဟင်းရွက်ခူးသယောင်ယောင် အများထင်စေရန် ဖြစ်၏။

မည်သို့ပင် ဟန်ဆောင်ဖြစ်စေကာမူ၊ ငသိုင်း၏ခြေထောက်များက ရှားစောင်းပြာသာဒ်နှင့် တောနာနတ်ကုန်းသို့ ငသိုင်းကို လျင်မြန်စွာ ဆွဲခေါ်လာ၏။ တစ်ချုံကွယ် တစ်ချုံလျှိုးဖြင့် ကုန်းဝဲာန်းပေါ်သို့ ရောက်လာသည်။ ထင်းတစ်စည်းကို နွယ်ပင်များဖြင့် ချည်နှောင်နေသည့်ကျော့ခင်။

တွေ့လိုသူကိုတွေ့လိုက်ရသဖြင့် ငသိုင်း ဝမ်းသာငြား၊ ရင်တဒိတ်ဒိတ် ခုန်ပြီ။

'ဟာ အရေးထဲမှာ၊ သည်ရင်က ဘောက်မဲ့ခုန်ရသာတုန်း....'

ငသိုင်း မာန်တင်း၏။ ရင်ခုန်သံကား မရပ်စဲ။

"ကိုရင် ရောက်လာသာနဲ့ အတော်ပဲ"

သာမဏေဝတ်စဉ်က ကိုရင်ဟုခေါ်ခဲ့သော အခေါ်အဝေါ်သည် ရှင်လူထွက်ရာသို့ပါ ပါလာ၏။

သည်နေရာသို့ ငသိုင်း ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသည်မှာ ငကျိုင်းလက်ထောက်ချလိုက်၍သာ ဖြစ်ရမည်ဟု ကျော့ခင် အတပ်သိ၏။ ရှင်လောင်းလှည့်စဉ်ကတည်းက မျက်လုံးများသည် တောင်တောင်အီအီ အသုံမြည်ခဲ့ကြ၏။ ကျော့ခင် မသိဘဲ ရှိပါမည်လား။ သိသည်။ သိသည့်အတွက် သူလည်း ဒူးမခိုင်ချင်။ သို့သော် ဟန်ကိုယ့်ဖို့ဟု အမေ သွန်သင်ထားသည် မဟုတ်သလော။

"လူကို မမြင်ဖူးသာ ကျနေသာပဲ။ လာပါ ပင့်ပေးစမ်းပါ"

ဟန်လုပ် မာန်ထုတ်ရငြား၊ အသံက ခပ်တုန်တုန်။

"ပင့်မနေပါနဲ့ ကျော့ခင်ရာ။ ငါပဲ ထမ်းပို့ပါမယ်"

"ဘာပြောသယ်၊ ဘာစကားတုန်း"

ကျော့ခင်၏စကားတွင် ရန်ထောင်သံမပါ။ ပြောစကားကို နားမရှင်း ဟန်သာရှိ၏။ သို့သော် ငသိုင်း နှုတ်ဆွံ့ချင်ချင်။ သို့ကြောင့် အားတင်းပြီး ပြောရ၏။

"ရည်းစားစကား ပြောသာပေါ့ဟာ ကဲ"

ကျော့ခင်တစ်ကိုယ်လုံး ထူပူသွားရာက သတိဆောင်ရသည်။ မရဲတရဲ မော့ကြည့်သည်။ ပုဆိုးစအောက်မှ သလင်းရောင်ထနေသည့် ရင်ဘတ် ရင်အုပ်။ ထွားကျိုင်းတုတ်ခိုင်သည့် ပခုံးလက်ရုံး။

ဘာပြောသယ်၊ ဘာစကားတုန်းဟု ဟန့်လိုက်ရငြား၊ ကျော့ခင်စိတ်တွင် ငသိုင်းကို ချိတ်တိတ်တိတ် ငြိတိတိရှိသည်။ တော့တော့ဆိုင်ဆိုင် ယခုကဲ့သို့ ပြောလာသောအခါ ရင်တုန်ပန်းတုန်ကြားက အဖေ့စကားကို ကြားရ၏။

စင်စစ် အဖေသည် သမီးအား တည့်တည့်မပြော။ ဇနီးနှင့် စပ်မိစပ်ရာ ပြောကြရင်းက ပါသွားသောစကား။

"ပုထိုး ဂူကျောင်းပဲတည်တည်၊ စေတီပဲတည်တည်ပေါ့ဟာ။ မြေသား ခိုင်မခိုင် ပထမကြည့်ရသဟ။ 'ဩ့မြေ' ဆိုရင် မတည်ရဘူးဟ။ မြေခံကောင်းသဲ့ မြေမှာ 'မြေမ' ကမ္ဘာမြေပေါ်မှာမှ အုတ်မြစ်ခိုင်ခိုင်ချပြီး တည်ရသာကလား။ သည်လို အသေအချာ မစစ်ဆေးဘဲ ပြီးကပစ်တည်ရင်၊ စေတီကြီး ပြီးသွားမှ စောင်းနေပြီဆိုပါတော့၊ ဘယ့်နှယ်လုပ်မတုန်း။ တောင်းပလုံး၊ သစ်ငုတ် ဆိုရင်လည်း ဆွဲတည့်ရရဲ့"

အဖေသည် ဤကဲ့သို့ ပုထိုးဂူဘုရား တည်ထားခြင်းကို အိမ်ထောင် ပြုခြင်း၊ ဆေးမင်ကြောင်ထိုးခြင်းနှင့် နှိုင်းယှဉ်ခဲ့၏။

"အေး၊ အိမ်ထောင်ပြုသာလည်း စစ်စစ်ဆေးဆေး နှိုင်းနှိုင်းချိန်ချိန်

လုပ်ရသာမျိုးပဲ။ အိမ်ထောင်ပြုပြီးမှ အနူကွက်ကြီးရှိနေသာသိရင် ပက်လက်လန်ပြီ။ အိမ်ထောင်ပြုပြီးမှ ထန်းရည်သမား၊ ဖဲသမား၊ ကြက်သမားမှန်းသိရင် ကွာပစ်မလား။ စေတီကြီး ဖြိုပစ်ရအခက်၊ ဆက်ထားရအခက် ဖြစ်သလို၊ မကွာရင်လည်း စိတ်ဆင်းရဲ။ ကွာပြန်လည်း မျက်နှာများသူ အပြောခံရမယ်"

သည်ဆုံးမမှုများ၊ သွန်သင်မှုများကို နားရည်ဝခဲ့သော ကျော့ခင်သည် ချက်ချင်း ခေါင်းမညိတ်ဝံ့။

"နှမချင်း၊ အစ်မချင်း၊ မအေချင်း စာနာပါကိုရင်ရယ်"

"မြေခွဲမျိုးရစေရဲ့ ကျော့ခင်။ နှစ်နှစ်ကာကာ မေတ္တာရှိလို့ပြောသာပါ"

"တော်ရို့က အင်းမစမ်းဘူး၊ ဂါထာမစမ်းဘူး ဘယ်သူသိပ့်မတုန်း"

လက်မကို လက်သီးဆုပ်တွင်းသွင်းကာ ဂါထာရွတ်ပြီး ရည်းစားစကား ပြောခြင်းဖြင့် ဂါထာစမ်းမှု၊ နဖူးတွင် 'မှန်ကူ' ပြီး ရည်းစားစကားပြောကာ အင်းအစွမ်း စမ်းသပ်မှုများကိုလည်း ကျော့ခင်ကြားဖူးသည်။ သို့ကြောင့် ထိုနှယ်ပြောသောအခါ ငသိုင်းက လက်ဝါးဖြန့်ပြ၏။ လျှာတွင်၊ နဖူးတွင် အင်းနှံမထားကြောင်း ပါးစပ်ဟပြ၊ ခေါင်းငုံ့ပြ၏။

"ဘာမှ မစမ်းဘူး။ ရင်ထဲ အသည်းထဲကလာသဲ့ မေတ္တာစစ်ပါ ကျော့ခင်ရာ"

"အိမ်ထောင်ပြုသာဟာ ကလေးကစားသာ မဟုတ်ဘူး။ တော် ယောကျာ်းပီသသဲ့သက်သေ၊ ခံနိုင်ရည်ရှိသဲ့သက်သေ တော့်မှာ ဘာမှမရှိဘူး"

ထင်းခွေရာတွင် အသုံးပြုသည့် ဓားမတိုကို ထောင်မပြကတည်းက ငသိုင်းအားတက်ခဲ့သည်။ အလေးအနက် ပြောလာသည့်အခါ ဝမ်းသာသည်။

"ဘာသက်သေ ရှိရမှာတုန်း ကျော့ခင်"

"တော့်ရင်ဘတ်၊ တော့်ပေါင်ဟာ မိန်းမနဲ့ ဘာထူးသတုန်း"

ငသိုင်းသည် သူ့ကိုယ်ကို ငုံ့ကြည့်၏။

"မင်ကြောင်မဟုတ်လား။ မင်ကြောင်ထိုးရင် ကြိုက်မယ်ပေါ့"

"သလို ချည်ပြီးတုတ်ပြီးမပြောနဲ့ ကိုရင်။ ကိုရင့်အကျင့်စာရိတ္တ စိတ်နေသဘောထားကို ကျုပ် ဘာမှ မသိရသေးဘဲနဲ့"

မည်သို့ဖြစ်စေ သေိုင်းဝမ်းသာသည်။ ကျော့ခင်ထံမှ မေတ္တာရှိပါသည်ဟူသည့် အဖြေကိုရဘိသို့ ကျေနပ်သည်။

"အို ဘာပဲဖြစ်ဖြစ် မကြာခင် မင်ကြောင်နဲ့မြင်ရစေ့မယ်။ ပေးပေး၊ ငါထမ်းခဲ့မယ်"

"လူမြင်လို့ မတင့်တယ်ဘူး ကိုရင်၊ ပင့်ရုံပဲ ပင့်ပေးပါ"

သေိုင်းသည် ထင်းစည်းနှင့် ပုဆိုးစနှင့်မငြိစေရန် သေချာစွာ ဂရုစိုက်ပြီးမှ ထင်းစည်းကို ပျော့ရှင်စွာ ပင့်ပေးလိုက်လေ၏။ သေိုင်းမှာ သူ့ကိုယ်အောက်ပိုင်းကို ခါးတောင်းကျိုက်ကြည့်ကာ သုံးသပ်စိစစ်ရင်း ကျန်ရစ်ခဲ့၏။

'ဟုတ်သယ်၊ ငါ့မှာ မင်ကြောင်မရှိသေးပါကလား။ အဖေဆိုရင် ခြေကျင်းဝတ်က ခါးအထိ၊ ဘယ်လောက် ကျက်သရေ ရှိသတုန်း။ ဘယ်လောက် ယောကျ်ားပီသသတုန်း။ ရင်ဘတ်မလဲ ထိုးထားလိုက်သာ၊ ရဲရဲနီသဲ့ အရုပ်ချင်း စပ်နေသာကလား....'

သို့သော် သေိုင်းပျော်နေပြီ။ ပလွေသံတကြော်ကြော်ဖြင့် မြောက်တံခါးသို့ လာခဲ့သည်။

ရွာထဲတွင် အလင်းရောင်ပျောက်ပြီဖြစ်ငြား မမှောင်သေး။ ရွာတံခါးအနီးရှိ ရေတွင်းတွင်လည်း လူမစဲသေး။ သေိုင်း၏ အစ်မနှစ်ယောက်သည် ပလွေတမော့မော့ မှုတ်သွားသော သူတို့မောင်အား မျက်စောင်းခဲလျက် ကျန်ခဲ့ကြသည်။

ရေခပ်ရန်တာဝန်ကို သေိုင်းပျက်ကွက်သောကြောင့် နှမများ ရေ ထွက်ခပ်ရသည်ကို သေိုင်း သတိမထားအားပါ။ မြောက်တံခါးသို့သာ အသော့နှင်ခဲ့သည်။ တံခါးအနီးတွင် ဘသာဒွေးရှိသည်။ သူက မင်ကြောင်လည်း

ထိုးသည်။ ပယောဂနည်းလမ်းဖြင့်လည်း ဆေးဝါးကုသသည်။

ဘသာဌွေးသည် သေိုင်းကို လှမ်းကြည့်ရုံသာ ကြည့်၏။ လူနာအတွက် ဆရာပင့်ရန် လာသူ၏ အနေအထား မဟုတ်သဖြင့် နွားစာ အစဉ်းမပျက်။

"အဘ၊ ဘသာဌွေး"

"ငါ သည်မှာ ဆိုသကွေ့"

ရှိသကွလည်း မဟုတ်။ ရှိသဟေ့လည်း မဟုတ်ပြား၊ သေိုင်းနားလည်သည်။ သွားတဖြဲဖြဲနှင့် ချဉ်းကပ်လာသည်။

"အဘ၊ အကျွန် မင်ကြောင်ထိုးချင်လို့ အဘ"

ဘသာဌွေးသည် ဓားကို 'နန်းတိုင်' မှ မရုပ်ဘဲ ချထားလိုက်သည်။

"အဘ အကျွန် စဉ်းပေးပါရစေ"

"ပြီးပါပြီ မောင်ရာ၊ စဉ်းမနေပါနဲ့တော့။ သာထက် အလောသုံးဆယ် မင်ကြောင်ထိုးချင်ရအောင် မောင့်ကို ဘယ်အပျိုက ခိုင်းလိုက်လို့တုန်း"

သေိုင်း၏ မျက်နှာတစ်ပြင်လုံး ထူပိန်း၏။ မည်သို့ဖြေရမည်မသိ၊ မျက်နှာကို မည်သို့ထားရမည်မသိ။

ဘသာဌွေးက တဟဲဟဲ ရယ်မော၏။

"ဧကန္တ အပျိုက ခိုင်းလိုက်သာ ဖြစ်ရမယ်"

သေိုင်း ရှက်ရယ် ရယ်၏။ ရယ်မောပုံ ပုံကျပန်းကျ ရှိမရှိ သူမသိ။ ရယ်နေ၏။

"ပြီး ပြီးရောထိုးရင် နာရုံသက်သက်ပဲ ဆိသဲ့အတွက် 'နာနီနာနက်' ခေါ်သကွယ့်။ အချိန်ကောင်း အခါကောင်းမှာ ပန်းပေါင်း ဂမုံးပေါင်းနဲ့ နက္ခတ်သင့်အခါရွေးပြီးထိုးရင်၊ ကာယသိဒ္ဓိပြီးသကွယ့်"

ဓားဖြင့်ခုတ်၍ မပြ၊ လှံဖြင့်ထိုး၍ မစူး၊ တုတ်ဖြင့်ရိုက်၍ မပေါက်သည်ကို ကာယသိဒ္ဓိပြီးသည်ဟု ရှင်းမပြဘဲ နားလည်ထားကြသဖြင့်

ဘသာဋ္ဌေးက တစ်စုတစ်ဝေးတည်း ရောချပြောခြင်းဖြစ်၏။

ထိုအခါဝယ်၊ အသားနာရခြင်းအတူတူတွင် အရုပ်လည်းထင်၊ သိဒ္ဓိပါ ပြီးလျှင် ပို၍ မကောင်းပေဖူးလားဟု ငသိုင်း ဘွက်ဆ၏။

"သာဖြင့် ဘယ်လိုထိုးရမတုန်းဘ"

"အခု မင်းပါဆိုရင် မင်ကြောင်ထိုးချင်သူ ကိုးယောက်ဆိသွားပြီကွယ့်။ သိဒ္ဓိပြီးဆေးပါ တစ်လက်စတည်း တိုးသချင်ရင် 'အခါ' ကျအောင် စောင့်။ အရုပ်ထင်ရင် ပြီးစတမ်းထိုးချင်သပါ့ဆို နက်ဖြန်မနက် စောစောလာခဲ့။ ဆန်တစ်ပြည်လည်း ဆာလာခဲ့"

ငသိုင်း တွက်သည်။

'အခု တပို့တွဲ။ ရှေ့လ တပေါင်း။ နောက် တန်ခူး။ ကြား တစ်လသာ လိုပါကလား....'

သို့ကြောင့် ထရန် ကုန်းသည်တွင် "အသို့တုန်းမောင်။ အဖြေ ပေးဦးလေ။ မောင်လာမယ်ဆိုရင် ငါ့မှာ အလုပ်ဆိသဲ့ ယာထဲမသွားဘဲ စောင့်နေရမှာဗျ" ဟု ဘသာဋ္ဌေးဆို၏။

"ကန်တော့အဘ ကန်တော့" ရယ်သံဖြင့်ပြောကာ၊ ငသိုင်း ပြန်ထိုင်၏။

"အခါတွင်းကျမှပဲ အကျွန်ထိုးတော့မယ်ဘ"

"အေး၊ သလိုဆိုရင် 'မင်ခံပုဆိုး' တစ်ထည်အသင့်လုပ်ထား။ မင်ကြောင်ထိုးအပြီးမှာ ဝတ်ဖို့ကွယ့်။ ပရိတ်ချည်၊ ပရိတ်သဲ စုဆောင်းဖို့နဲ့၊ မင်ကြောင်ရဲ့ ဆောက်ဖို့ကို အခါနီးမှပြောမယ်၊ ဟုတ်ပလား"

ငသိုင်းသည် ဘသာဋ္ဌေးအား လက်အုပ်ချီပြီးထခဲ့၏။

လမ်းပေါ်သို့ ရောက်ချိန်ဝယ် သူ့ကိုယ်သူ များစွာကျေနပ်၏။ 'ငါ တယ်ဟုတ်ပါကလား' ထင်၏။ မင်ကြောင်ကို လူမမြင် မြင်အောင် ပေါင် တဖော်ဖော်လုပ်သည့် ကာလသားကြီးများကို မြင်ယောင်၏။ 'ခြင်းခတ် တတ်အောင် အခုကတည်းက လုပ်ထားမှ' ဟု တွေးလာ၏။

## ပုဂံစာအုပ်တိုက်

အိမ်ရှေ့ ကျပြင် (ကြမ်းပြင်) တွင် ရေနံမီးခွက်မှိုင်း တလူလူဖြင့် သူ့မိသားစု ထမင်းစားနှင့်ပြီ။ အမေသည် လှေကားထိပ်သို့ လှမ်းမကြည့်ဘဲနှင့် သူ့သား တက်လာကြောင်းသိသည်။

"ခြေလက်မျက်နှာ တစ်ပါတည်း ဆေးခဲ့ပါဘိ"

အဖေနှင့် စကားပြောချင်ဇော အားကြီးနေမှန်း အမေ့အသံကိုကြားမှ ငသိုင်းသတိထားမိသည်။ လှေကားရင်းတွင် ခင်းထားသည့် ကျောက်ပြားဘေးရှိ ခြေဆေးအိုးတွင် ခြေဆေးသည်။ နောက်ဖေးလှေကားမှတက်ကာ လက်ဆေး၊ မျက်နှာသစ်ပြန်သည်။

ထမင်းပွဲမှ အဖေနောက်ဆုတ်ပြီး လက်သုတ်နေပြီ။ ငကျိုင်းသည် ရေတစ်မှုတ်ပြေးခပ်ခဲ့ကာ၊ ဒူးတုပ်ပြီး ကမ်းနေ၏။ လက်တစ်ဖက် ထမင်းပေ ဟင်းပေကြီးဖြင့် ရေခပ်ယူလာသည့် သားငယ်အားကြည့်ကာ ဖအေရော မအေပါ အကြည်လုံး ဆိုက်နေကြ၏။

"နောက်ကျ ချွေးကျွေး ဒေါင်းလန်းဆေးပဲ ကိုရင်ရေ့"

မိရိုးသည် မအေ့ပန်းကန်၊ ဖအေ့ပန်းကန်နှင့် သူ့ပန်းကန်ကိုယူကာ ထမင်းပွဲမှ ထရင်း၊ ငသိုင်းအားလှောင်၏။ ထမင်းပွဲတွင် ငကျိုင်းနှင့် မိအိုးသာ ကျန်တော့သည်။

"နင်စားပြီးနေမှဟာ၊ ချွေးကျွေးဖို့လိုသေးလား"

မိရိုး နှုတ်ခမ်းစူ၏။ ခြေဆောင့်၏။

"ဟဲ့ တစ်လက်စတည်းဝင်၊ နင့်ကို စောင့်မနေနိုင်ဘူး"

"နေပါဦး အမေရာ။ သား ကိုယ့်ဘာသာကိုယ် သိမ်းပါမယ်။ အခု အဖေ့ကို မေးစရာရှိလို့"

ငသိုင်းသည် ပြောပြောဆိုဆို ဖအေ့ရှေ့တွင်ဝင်ထိုင်ရာ "ဖအေ့ရှေ့မှာ ထိုင်သာ ကောင်းကောင်းထိုင်" ဟု မအေမာန်မှ ပြင်ပြီး ကျုံ့ကျုံ့ထိုင်၏။ ဦးမိုးကောင်းသည် သွားကြားထိုးရာက သား၏အသံကို နားစွင့်၏။

ဒေါ်မင်းဘော်မှာလည်း 'မိန်းမတောင်းပေးပါ'ပြောချေမည်လော အကဲဖမ်း၏။

"အဖေ မင်ခံပုဆိုးဆိုသာ ဘာတုန်းခင်ဗျ"

ဦးမိုးကောင်းပြုံးရင်း ဒေါ်မင်းဘော်အား လှမ်းကြည့်၏။

"မင်ကြောင်ထိုးအပြီးမှာ ဝတ်ဖို့အတွက် ကြိုတင်ရက်လုပ်ထားသဲ့ ပုဆိုးကွယ့်။ အဲသည်ပုဆိုးကို မအေရက်ရင် ၅၂၈ ပုဆိုး။ အစ်မ၊ နှမ၊ မိကြီး၊ မိထွေး ရက်ရင် ၅၂၈ ပုဆိုး ခေါ်သကွ။ အေး.... တခြားလူ ရက်သာကျတော့ ၁၅၀၀ ပုဆိုးတဲ့"

"သားက မင်ကြောင်ထိုးတော့မယ်ပေါ့"

အမေ မေးသဖြင့် သိုင်း ဝင့်ကြွားစွာ ခေါင်းညိတ်၏။ ထမင်းပွဲတွင် သမီးနှစ်ယောက် ရှိမရှိ သေချာအောင် ဒေါ်မင်းဘော်ကြည့်၏။ သေချာခါမှ "မိန်းမလိုချင်ပြီထင်ပါ့"ဟု ထပ်ဆင့်လျှင် တဟီးဟီးဖြင့် အုံ့ပုန်းရယ် ရယ်၏။

"လူလေး၊ ဘယ်သူ့ကို မင်ခံပုဆိုး အရက်ခိုင်းမယ် စိတ်ကူးသတုန်း"

"အဖေပြောသဲ့ တခြားလူဆိုသာ အသူတုန်းအဖေ"

"ရည်းစားကွာ ရည်းစား"

ရည်းစားရက်လုပ်သော ပုဆိုးကိုဝတ်လျက် မင်ကြောင်ရုံထဲမှ ထွက်လာရသော အရသာသည် အလွန်ကောင်းလိမ့်မည်ဟု စိတ်မှန်းဖြင့် သိုင်း တွေး၏။ သို့ရာတွင် ကျော့ခင်သည် ရည်းစားမဟုတ်သေး။ ကျော့ခင်သည် မင်ခံပုဆိုး ရက်လုပ်ပေးသည်အထိ ဝံ့စားပါမည်လော။

"အဖေ၊ အကျွန်လည်း မင်ကြောင်ထိုးချင်သယ်"

ထမင်းပွဲတွင် တစ်ယောက်တည်း ကျန်ခဲ့ရာက ကျိုင်းသည် ပေါင်ကို လှန်ပြော၏။

"နာကနာသနဲ့ကွယ်၊ လူလေးက ငယ်သေးသကော"

မအေ တားဆီးငြား၊ ဖအေကမူ "သတ္တိရှိရင် ထိုးပေါ့ကွယ်" ဟု ပြောသည်။ ထို့နောက် သိုင်းအား ဆက်ပြော၏။

## ပုဂံစာအုပ်တိုက်

"၅၂၈ မင်ခံပုဆိုးမှာ ထွေးတော်၊ ထွေးလေး၊ မိကြီး၊ မိထွေး၊ နှမ၊ အစ်မ ရက်ပေးသဲ့ ပုဆိုးထက်၊ မအေရက်သဲ့ ပုဆိုးက အမြတ်ဆုံးကွယ့်။ လူလေး ဘယ်ပုဆိုးရွေးမတုန်း"

"မအေပေါ့ အဖေရာ"

ဦးမိုးကောင်း ရယ်မောသည်။ ဒေါ်မင်းဘော်လည်း ပြုံးသည်။ သူတို့သားသည် မယားယူလိုသည်မှာ သေချာပြား၊ ရည်းစားသနာ ပီပီမည်မည် မရှိသေးပါတကား။

★

# ၂၁

မဟူရာငှက်နက်ကြော၏ သာမောဖွယ်တွန်ကျူးသံသည် ပူလောင်သော နွေကို သဲဖြူခင်း ရာဇမတ်ကာပေး၏။ ဖွားဖက်ပင်များသည် ရွှေအဆင်း ရှိသည့် ပန်းဆိုင်းများကို လေရူးတွင် ဝှေ့ကစား၏။

လေရူးအငြိမ်တွင် လေပွေများသည် ရွာလေးဖက်လေးတန်မှ ထလာ တတ်သည်။ ဖွားဖက်ရွှေတို့ကိုမြင်လျှင် သင်္ကြန်နီးပြီဟု သိကြပြား၊ ဆင်သေ ရွာသားတို့မှာ သင်္ကြန်ကို မကြိုအားသေး။ ကိုင်းထဲတွင် ဆေးငုတ်တွေ ကျန်သေးသည်။ ရေတ်၊ ပဲ၊ ပြောင်းဖူး မည်သည့်အရာမျှ ကုန်စင်အောင် မသိမ်းရသေး။

အိမ်ရှေ့တွင် ဝါးလုံးခင်းကာ ဝါးလုံးပေါ်တွင် ဆေးရွက်လှမ်းသူများ မှာ အများတကာထက် ပင်ပန်းသည်။ မခြောက်သွေ့မည်ကို စိုးရိမ်ရသည့် နည်းတူ၊ လေနောက်သို့ ပါမည်ကိုလည်း ကြောက်ရ၏။ ထိုမှတစ်ဖန် မိုးကိုလည်း စိုးရိမ်ရပြန်သည်။

မိုးသည် သကြံန်လက်ဆေးမိုးအဖြစ် သကြံန်၏ ရှေ့မှာဖြစ်စေ၊ နောက်မှာဖြစ်စေ ရွာတတ်သေး၏။ငရုတ်နှင့် ပဲသမား၊ ပြောင်းသမားမှာ မိုးကို အိမ်မှာသာ စိုးရိမ်ရငြား၊ ဆေးသမားမှာ ကိုင်းထဲသို့ပါ လှမ်းပြီး ပူပန်ရ၏။

ဆေးသမားမှာ ဆေးရွက်တွေ တစ်စတစ်စချိုးပြီးနောက်၊ လက်စသိမ်း ချိုးပြီးသည့်တိုင်အောင် ဆေးပင်က ကျန်ခဲ့သေးသည်။ သည်ဆေးပင် တွေကို ခုတ်စင်းပြာစင် ထုထောင်းလိုက်လျှင် အကောင်းတကာ့ အကောင်း ဆုံး ဆေးရိုးဖြစ်သည်။ သို့သော် မိုးမိလျှင် အရောင်မလှ၊ အနံ့မကောင်း သဖြင့်၊ ပင်လုံးပင်ငုတ်သည်ပင် မိုးကြောက်၏။

မိရိုးသည် ယက်ဖောက်ယောက်ရင်းက တောင်အရပ်သို့ လည် တဆန့်ဆန့်ကြည့်နေသည်။ လေပွေသည် တောင်ဘက်မှ လာလေ့ရှိသဖြင့် ဖြစ်သည်။ ဒေါ်မင်းဘော်နှင့် မိအိုးလည်း ယက်ကန်းသာ ခတ်နေရသည်။ မျက်လုံးက မကြာခဏ လေပွေကိုကြည့်ရ၏။

"သမီးရေ၊ စနေထောင့်က ညို့တို့တို့ဟာ မိုးလားဟဲ့"

ဒေါ်မင်းဘော်သည် လွန်းထဲသို့ ယက်ဖောက်ထည့်ရင်းက မျှော် ကြည့်သည်။ ကြည့်သော်ငြား မှုန်သီစမျက်လုံးကို အားမကိုးရဲသဖြင့် သမီး အား အကူအညီတောင်းရခြင်း ဖြစ်ပေသည်။

"မည်းတော့နေသာပဲ အမေ။ အောက်ခြေပါမပါ မသေချာသေးဘူး"

"အေးအေး၊ အရေးတဲ့ဆိုရင် ဆေးရွက်တွေကို အမေသိမ်းမယ်။ ပြောင်းဖူးတွေကို သမီးတို့ သိမ်းဟေ့"

အရိုးထုထားသော ဆေးရွက်များသည် နစ်ပြန့်သာရှိ၏။ ပြောင်းဖူး များကား အိမ်ရှေ့မှာရော၊ လမ်းမှာပါ သူတို့ချည်းဖြစ်သည်။

"သမီးလေးက လမ်းဘက်လည်း ကြည့်ဦးဟဲ့။ ခွေးတွေ မယောင် မလည် ရောက်လာလား လာတတ်ရဲ့"

ခွေးကျင်ငယ်နှင့် မိုးကိုပါကြောက်သော ပြောင်းဖူးမှာ 'ဖက်' ပြောင်း

ဖြစ်ပေ၏။ သည်ဖက်ကို အလိုရှိသောကြောင့် အပင်ပန်းခံကာ ကျေးစောင့်ခဲ့ခြင်းဖြစ်၏။ ကျေးနှင့်စာ၊ ဆက်ရက်၊ ကျီးတို့သည် ပြောင်းဖူးစေ့အနုကလေးများကို နှစ်သက်သောကြောင့် ပြောင်းဖူးအခွံကို ဖျက်ဆီးလေ့ရှိကြ၏။ သူတို့ဖျက်ဆီးပြီးသော ပြောင်းဖူးကို ဆေးလိပ်ဖက်လုပ်၍ မရတော့ပေ။

ဒေါ်မင်းဘော်သည် ပြောပြောဆိုဆို လွန်းတစ်ချောင်းကို စဥ့်အင်တုံကလေးထဲမှ ကောက်ယူကာ ခြေနင်းအုန်းမှုတ်ခွက်ကို နင်းလိုက်၏။ ကျွိခနဲ အသံမြည်ကာ နှပ်ပွင့်သည်။ လွန်းသည် အတိုင်ချည် ထက်အောက်နှစ်တန်းကြားမှ ပြေးသွားကာ လက်ယာစွန်သို့ ရောက်သွား၏။ ထိုဖောက်ချည်သည် အသားမဖြစ်သေး။ ယင်းသွားတပ်ဆင်ထားသည့် လက်ခတ်ဖြင့် နှစ်ချက်သုံးချက် ရိုက်ခတ်ပေးတော့မှ အထည်သား ဖြစ်သွားလေ၏။

လက်ခတ်ဖြင့် ဖောက်ချည်ကို ရိုက်ခတ်၍ပေးတိုင်း သာယာသော အသံသည် လက်ခတ်၏ ဝဲစွန်ယာစွန်မှ လွင်စည်ထွက်ပျံ၏။ သည်အသံသာ ကလေး ထွက်ပျံလာရန်အတွက် လက်ခတ်ဖျားများတွင် ကြေးခြူလုံးကလေးတွေ သံလွင်တွေ တပ်ဆင်ထားခြင်းဖြစ်၏။

"အမေရေ၊ ထမင်းဆာလာသဗျို့"

ငသိုင်း၏ အသံဖြစ်သည်။

အသံကြားလျှင်ကြားချင်း မဲ့သူမှာ မိအိုးဖြစ်သည်။ "လာပါပြီတော၊ ဒရောသောပါးနဲ့" ဟု ရေရွတ်သည်။

"အမေ၊ မပြီးသေးဖူးလား၊ နီးလာပြီနော"

ပြောပြောဆိုဆို အိမ်အောက်သို့ ဝင်လာသည့်အတွက် ဒေါ်မင်းဘော်သည် ကောက်ယူဆဲလွန်းကို ပြန်ချသည်။ ခြေသိမ်းကာ ယက်ကန်းစင်မှ လည်ပြန်လှည့်ကြည့်သည်။

"မီပါသယ် လူလေးရယ်၊ မပူပါနဲ့"

"ဘာချက်တုန်းအမေ၊ ဆာပြီဗျ"

မအေကို ရက်ကန်းစင်ပေါ်မှ ပွေ့ယူပြီး အောက်သို့ချပေးရန် ကြိုးစားသဖြင့် "ဟဲ့ဟဲ့ သေိုင်း၊ မရှုးစမ်းနဲ့ လွတ်ကျမယ်" လက်ကားယားဖြစ်လျက် အော်၏။

"ဘာချက်တုန်းဆိုသာ ပြောလည်းမပြောဘူး"

"ပဲရွက်စပ်စပ်ကလေး ဆီလည်ရေတစ်ခွက်၊ ငရုတ်သီးချက်၊ ပြောင်းဖူးဟင်းချို ချက်သကော"

သေိုင်း သွားရည်တွေ ယိုဆင်းလာ၏။

"ကိုရင့် သွားရည်တွေ သည်မှာ စိုကုန်ပြီ"

မိရိုးက ရက်ဖောက်ယောက်ရာမှ မော့ကြည့်ရင်း အော်၏။

"ဂါထာမန္တန်တွေ ရွတ်ထားသဲ့ ပါးစပ်က သွားရည်တွေဟာ အန္တရာယ်တောင်ကင်းပါသေးသယ် ငါ့နမရာ"

သည်စကား သည်တွင် ရပ်သင့်ပါလျက် သေိုင်း မရပ်။

"ခွေးရူးပါးစပ်က ထွက်သာဆိုရင်တော့ ခွေးရူးကိုက်သာနဲ့ အတူတူပဲ။ ငါက ခွေးရူးမှ မဟုတ်သာ"

ပြောပြောဆိုဆို မအေအား ခေါင်းနှင့်ခွေ့ပြန်သဖြင့် ဒေါ်မင်းဘော်သည် ခေါင်းကို ဒေါင်ခနဲမြည်အောင် ခေါက်လိုက်ရတော့သည်။ နမများမှာ ခွေးရူးအကြောင်း ပြောကတည်းက တခွိခွိဖြစ်နေကြရာ၊ မအေက ခေါက်သောအခါ အသံထွက်အောင် ရယ်မောကြလေ၏။

ကိုယ့်မိသားစုထဲတွင် လွတ်လပ်စွာ ရယ်မောသည်ဖြစ်ငြား မိရိုးက ချက်ချင်း ဣန္ဒြေဆည်၏။

"သားတို့၊ မှင်ကြောင်ရုံကော ဆောက်နေပြီလား။ အမေ့မှင်ခံပုဆိုးက ပြီးပါသယ်ကွယ်။ အမေ့သား မပူနဲ့"

ဒေါ်မင်းဘော်သည် အိမ်ပေါ်သို့ တက်လာရာက ပြောသည်။ သူ့သားကပ်လိုက်လာသဖြင့် "အမြင်မတော်ရင်လည်း ပြောင်းဖူးတွေကို အထက်

အောက် လှန်လှောလိုက်ပါတော့လားကွယ်။ တယ် နေနိုင်သကိုး" ဆိုသဖြင့် သေိုင်း နောက်ပြန်လှည့်၏။

သေိုင်းသည် ပြောင်းဖူးတွေကို ခြေဖြင့်မွှေသည်။ လက်ဖြင့် ပွေ့ကာ ပွေ့ကာ အထက်အောက်လှန်သည်။ ဟောဟဲလိုက်အောင် မောတော့မှ အိမ်ဘက်သို့ လှည့်လာရင်း ဆေးရွက်တွေကို ကောက်ကြည့်၏။ မည်သည့် အသားမျှ မတက်။ နမ်းကြည့်၏။ မည်သည့်အနံ့မျှ မရ။

လက်ဆေးပြီး နောက်ဖေးလှေကားမှတက်လာသောအခါ အမေသည် ထမင်းထုပ်တစ်ထုပ်ကို ထုပ်ထားပြီးပြီ။ ထမင်းထုပ်ပေါ်တွင် ထမင်း တစ်ပန်းကန် တင်ထားသည်။ ထမင်းကို ငရုတ်သီးဟင်း ဆမ်းထားသဖြင့် နီရဲနေ၏။

"ပုတ်လောက်ရှိသဲ့ သည်ဝမ်းခေါင်းကို သည်ထမင်းတစ်ပန်းကန်နဲ့ အာမနဲ့လျှာမနဲ့ မစားပါရစေနဲ့ အမေရာ"

"အဆာပြေရုံပေါ့။ အမောင် ဝအောင် စားနေရင် မောင့်အဖေခမျာ အူလိမ်ပြီး မျှော်နေရှာမှာပေါ့"

ဒေါ်မင်းဘော်သည် ဟင်းချိုအိုးကို မီးထိုးရာက လှည့်မကြည့်ဘဲ ပြော၏။ ဟင်းချိုအိုးမှာ အငွေ့တထောင်းထောင်းထလျက် ငါးပိနှစ်များ ကျော့ပိုးကာကြွတက်လာသဖြင့် ဒေါ်မင်းဘော်သည် ပါးစပ်ဖြင့်လည်း မှုတ်၏။ ပြောင်းဖူးနနကိုလည်း ပါးပါးလှီးထည့်၏။ ဟင်းချိုအိုး အဝေရပ်သွားလျှင် ကြိုးတပ်မြေအိုးငယ်တစ်လုံးထဲသို့ မွှေနှောက်ထည့်သည်။

"ဟင်းချိုမအေးခင် ကိုင်းထဲရောက်အောင် သုတ်သုတ်သွားကွယ့်။ အမောင်တို့ မင်ကြောင်ရုံကို ဝင်မနေနဲ့"

"လုပ်သဲ့လူတွေက လုပ်နေတုန်းမှာ၊ အကျွန်က အဖေ့ဆီ ထမင်း သွားပို့ရမှာ အားနာစရာကြီး အမေရာ"

"လူကလေး၊အဖေ့ဆီကို လူကလေးမှ ထမင်းမပို့ရင် အသူပို့မှာတုန်း။

အမေ သွားပို့ရင်၊ ပြောင်းဖူးတွေ သိမ်းထားခဲ့ရမှာပေါ့"

"အကျွန့်နမတွေ ရှိပါသယ်အမေရာ"

"စိတ်မချရဘူးကွယ်။ ပြောင်းဖူးက မိုးမိရင် ဖက်တွေပျက်ကုန်မှာ စိုးရသကော။ ဆေးကလည်း မိုးမိရင် ပစ်ရတော့မှာပ။ ကဲ ထထ၊ ထမင်း စားပြီးစမှာ အပျင်းမဆန့်ရဘူး။ သုတ်သုတ်သွား။ မောင့်အဖေ ဆာရှာ ရော့မယ်"

ဒေါ်မင်းဘော်သည် တွန့်လိမ်နေသည့် သား၏ခေါင်းပေါ်သို့ ထမင်း ထုပ်တင်ပေးကာ လက်ထဲသို့ ဟင်းချိုအိုးကိုထည့်သည်။

ငသိုင်း ဖင့်နွှဲမနေနိုင်ပါ။ ထမင်းထုပ်ကိုထမ်း ဟင်းချိုအိုးဆွဲလျက် မပြေးရုံတစ်မည် ထွက်လာခဲ့ရသည်။ ရွာထိပ် မင်ကြောင်ရုံတွင် ခွေး၊ နွား လူသူများ မချဉ်းကပ်နိုင်စေရန် ဆူးခက်များ ထူထပ်စွာ ရံတားထားသည်။ တိုင်များထူပြီး၍ ရာဇမတ် တစ်ဝက်သာ ကာရံရသေး၏။ လုပ်ကိုင်နေသူများ မရှိတော့သဖြင့် ငသိုင်း မျက်နှာမပူရတော့ပါ။

ကိုင်းတစ်ခွင်တစ်ပြင်လုံးမှာ မားမားမတ်မတ် စိမ်းစိမ်းစိုစို အပင်များ မရှိတော့ပါ။ ပဲသိမ်းသူများ၊ ဆေးရွက်ခူးသူ၊ ဆေးပင်တူးသူများသာ လှုပ်လှုပ် ရွရွဖြင့် ပူပြင်းသော တန်ခူးနွေကို အန်တုနေကြ၏။ မြစ်ရေသည် ချိန်ခါမဲ့ တက်လာတတ်သည့်နည်းတူ၊ သကြိန်လက်ဆေးမိုးကိုလည်း ကြောက်ရ၏။ သို့ကြောင့် နေကို အန်တု လုပ်ကိုင်နေကြခြင်းဖြစ်၏။

ပဲလှည်းများသည် ဖုန်တထောင်းထောင်းဖြင့် ရွေ့လျားနေကြ၏။

"ငသိုင်းရေ၊ မင်ကြောင်ရုံကို ရောက်သေးလားဟေ့"

ရိုးထိပ်သို့ တက်လာသော ပဲပင်လှည်းတစ်စီးပေါ်မှ ငကျား၏မေးသံ ဖြစ်၏။

"စောစောကမှ ငါပြန်လာသာကွ။ မင်းတို့ကွာ သိပ်နေနိုင်သာပဲ"

"နက်ဖြန် သန်ဘက်ဆို အားပါပြီကွာ။ တစ်နေ့လုံး လာလုပ်ပါ့မယ်"

သို့စဉ်တွင် ညာဘက်လှည်းလမ်းအတိုင်း မောင်းလာသော လှည်းများပေါ်မှ အော်ဟစ်မေးမြန်းသံ ပေါ်လာသည်။ မေးသူမှာ သောခိုင် ဖြစ်သည်။

"ဟေ့အကောင်တွေ၊ ခုနစ်နေ့သမီးတွေဆီက ချည်ခင်တွေ စုပြီးကြပြီလား"

"ရှစ်နေ့သမီးပါကွာ။ ခုနစ်နေ့သမီး မဟုတ်ပါဘူး"

သောခိုင်သည် အော်ဟစ်ရယ်မောပြီး "ဟုတ်သယ် ဟုတ်သယ်၊ ရှစ်နေ့သမီးတွေဆီက ချည်ခင်တွေ စုပြီးပြီလား"မေး၏။

"သင်္ကြန်အတက်နေ့ မနက်စောစောမှာယူမယ် ပြောထားသကွ။ မင်းကဏှာ တနင်္ဂနွေသမီး၊ ဗုဒ္ဓဟူးသမီး၊ စနေသမီး မင်းနှမတွေဆီက ဖျင်တွေရလို့လား"

"တစ်ရက် နှစ်ရက်အတွင်း ပြီးမယ် မပူနဲ့"

သောခိုင်က ကောင်းရာကောင်းကြောင်း ဖြေပါလျက် ကျော ဖောက်ပြန်ပုံမှာ "အေးနော်၊ အပျိုစင်တွေရက်သဲ့ဖျင်ကိုသာ ယူမှာဗျား" ဟူ၏။ သောခိုင်သည် လှည်းဦးသို့လျှောချကာ ခုန်ဆင်း၏။ ဆဲလည်းဆဲ၊ မြေကြီးခဲဖြင့်လည်း ပစ်၏။ ကျောကား အော်ဟစ်ရယ်မောကာ လှည်းကို မောင်းပြေးလေ၏။

ဦးမိုးကောင်းသည် နေပူပြင်းကြီးထဲ၌ မရှိချေ။ တူးပြီးသမျှ ဆေးပင်များကို ဆီးပင်အောက်သို့ ရွှေ့ပြောင်းစုပုံကာ အေးအေးလူလူ ရိုက်ထုနေ၏။

"အဖေ၊ ထမင်းရောက်ပြီဗျို့၊ စားကြရအောင်"

"စောပါသေးသယ် သားရ၊ ဖြည်းဖြည်းပေါ့"

ဦးမိုးကောင်း လှည့်မကြည့်ဘဲ ဖြေသည်။

"ဟင်းချိုအေးစက်မသွားခင် ထမင်းစားကြလို့ အမေမှာလိုက်သဗျာ"

ထိုခဏတွင် ဦးမိုးကောင်း ချာခနဲလှည့်ကြည့်၏။ ထရပ်၏။ ကျင်းကျသည့်ဘက်တွင် တူးထားသည့် ရေတွင်းသို့သွားကာ မျက်နှာသစ်သည်။ လက်ဆေးသည်။ ဦးမိုးကောင်းသည် ဖင့်နွဲ့နေခြင်းမရှိ၊ အလျင်အမြန် လက်

ဆေး၏။ မျက်နှာသစ်၏။ သို့ပါလျက်နှင့် သူ မအောင့်နိုင်။ စားနှင့်ပြီ။ သို့ရာတွင် သူ့အဖေအတွက် ထမင်းပုံပေါ်တွင် ဟင်းမျိုးစုံ ခပ်တင်ထားခြင်းဖြင့် 'ဦး' ချ၏။

"သာလောက်ဆာလောင်ရင် အိမ်က စားခဲ့ပါတော့ကွယ်"

"အဖေ ဆာနေမှာစိုးလို့ အမြန်ပြေးလာရသာ အဖေရ"

ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ဦးမိုးကောင်း ကျေနပ်၏။ နှစ်ခြိုက်စွာပြုံးရင်း ထမင်းစတင်စား၏။

ငသိုင်းသည် ထမင်းလေးငါးဆယ်လုတ် အပြေးအလွှား ခွံ့ပြီးနောက်တွင် သူ့အဖေအား ခြေဆုံးခေါင်းဆုံးကြည့်၏။ နံငယ်ပိုင်းကို ပေါင်ရင်းအထိ လုံးသွင်းထားကာ တင်ပျဉ်ခွေထိုင်လျက် ထမင်းလုတ်ကြီးတွေ ခွံ့လိုက်၊ ဟင်းချိုသောက်လိုက် စားနေသောအဖေ။

လက်ဆစ်များတွင် 'စခွက်နှိုက်' ဆေးခက်များ။ လက်ကောက်ဝတ်တွင် ပင့်ကူများ။ လက်ဖျံနှင့် လက်မောင်းတွင် ပိုးဟပ်များ၊ အိမ်မြှောင်များ။ ပခုံးနှစ်ဖက်တွင် ဂဝံရုပ်များ။ ခြေမျက်စိမှ ခါးအထိ ကြောင်၊ ပင့်ကူ၊ အိမ်မြှောင်၊ ကိန္နရာ၊ ဘီလူးရုပ်များဖြင့် စိမ်းဖန့်နေသော အဖေ။

"အမယ် အဖေ့ကို ဘာပြုလို့ သာလောက်ကြည့်နေရသာတုန်း သားရ"

ဟင်းချိုအိုးဘက်သို့ သား၏လက် ရောက်မလာသဖြင့် မော့ကြည့်ရာက ဦးမိုးကောင်း မေးသည်။ တဟားဟား ရယ်မောသည်။

"အဖေ့ထိုးကွင်းတွေ ထိုးတုန်းက နာသလားအဖေ"

"နာတော့ နာသာပေါ့သားရာ။ သို့ပေသည့် 'ငါယောက်ျားပဲ' ဆိုသဲ့ အသိနဲ့ မာန်တင်းလိုက်တော့ မနာတော့ဘူး။ ငါးကျပ်သားမက လေးတဲ့ ၁၂ ခွ စုတ်ကြီးနဲ့ ပေါက်သာကလား"

ငါးကျပ်သားမက လေးသော ၁၂ ခွ စုတ်ကြီး။

သည်စကားကြောင့် ငသိုင်း ကျောချမ်း၏။ သို့ရာတွင် ကျော့ခင်၏

လုပယဉ်ကျေးသော မျက်နှာကလေးက ထမင်းခွက်နှုတ်ခမ်းတွင် ကန့်ကလျ ရပ်လာသောအခါ သေိုင်း ဟင်းချလိုက်၏။

"မျက်စိနဲ့ ရုတ်တရက် မမြင်နိုင်သဲ့ ကမျဉ်းနိကိုက်သာတောင် လူ့ အသားကတော့ နာသာပဲလူကလေး။ ပွက်ဆိတ် (ပုရွက်ဆိတ်)၊ ခြင်ကိုက် လည်း နာသာပဲကွ။ ကြေးဝါစုတ်ကြီးနဲ့ ထိုးကွင်းထိုးလို့နာသာ ဘာဆန်း သတုန်း"

ဦးမိုးကောင်းသည် ထမင်းအိုးထဲမှ ထမင်းများကို အခဲလိုက် ဖဲ့ယူ လိုက်ရာက ပလုတ်ပလောင်း ဆက်ပြော၏။

"သို့သော်လည်း ယောကျ်ားဆိုသာ မနာဘူးကွ။ ခြေထောက်ကို ဆူးစူးတိုင်းသာ နာနေရရင် ဘယ်မှာခရီးတွင်မှာတုန်း။ သာကြောင့် ယောကျ်ားဆိုသာ မနာရဘူး။ ထိုးကွင်း ထိုးရာမှာလည်း သည်စိတ် မွေးရသယ်"

"သည်စိတ်မမွေးရင် မဖြစ်တော့ဘူး အဖေရေ့၊ မွေးရမှာပဲ"

"အေး၊ အရုပ်ထင်ရင် ပြီးစတမ်း မထိုးပါနဲ့ကွယ်။ အဖေ့သားဟာ အဖေ့သားပီသကြောင်း ပြပါ။ မင်ကြောင်ရုံထဲကို ညာဘက်က မဝင်ပါနဲ့။ ဘယ်ဘက်ကဝင်ပါ လူကလေး။ ထွက်လာသဲ့အခါမှာလည်း လူမကူပါရစေနဲ့။ လက်ခမောင်းခတ်ရာမှာလည်း 'အထီးခတ်' ခတ်သဲ့ ယောကျ်ားကောင်း ဖြစ်ပါစေ"

အဖေ အလေးအနက် ပြောသောကြောင့် သေိုင်း ကြားဖြတ်မေးရန် မေ့၏။ အဖေ့စကားလုံးများသည် သေိုင်းအား ခြောက်လှန့်၏။ ခြောက်လှန့် သောကြောင့် ကြောက်သော်ငြား၊ သေိုင်း နောက်မဆုတ်သာပြီ။

သကြိန်အခါတော်သည် လျင်မြန်စွာ ပြေးလွှားလာသည်။

ဘသာငွေးသည် အမြင့်အမြတ်နေရာအဖြစ် ရွာဦးကျောင်းသို့အသွား အရှေ့တံခါးအနီးတွင် မင်ကြောင်ရုံဆောက်လုပ်ရန် နေရာကို ရွေးချယ်

ခဲ့သည်။ မင်ကြောင်ရုံတွင် အသုံးပြုမည့်သစ်များကို ပေါက်ရှား၊ ထိန်သီး၊ ကြို့ဇီး စသည်တို့ဖြင့် အသုံးပြု၏။ ပေ၊ ထန်း၊ အုန်း၊ ကြံတို့မှာ အနှစ်မရှိသဖြင့် တိုင်အဖြစ် အရာမဝင်။ ဆေးစင်နှင့် မင်ခံပုဆိုးလွှားရန် တန်းတိုင်များ ထူပြီးပြီ။ သစ်မင်း၊ ဝါးမင်းများ စိုက်ပြီးပြီ။ မင်ကြောင်ထိုးမည့် ကာလသားများ ပင်ပန်းခက်ခဲစွာ လှည်းဖြင့်တိုက်လာသော မြစ်သဲများသည် အပုံကြီး ဟီးနေ၏။

သည်သဲများကို ဘသာဒွေးတစ်ယောက်တည်း အပင်ပန်းခံပြီး မင်ကြောင်ရုံထဲသို့ သယ်ပို့၏။ လက်ထောက်တပည့်များနှင့် အခြားကာလသားများအား တာဝန်မပေးခြင်းမှာ ထိုသူတို့၏စိတ်ကို စိတ်မချ၍ဖြစ်သည်။

မင်ကြောင်ရုံထဲ၌ ခင်းသောသဲသည် ပရိတ်သဲဖြစ်ရမည်။ သို့အတွက် မင်ကြောင်ဆရာသည် စိတ်မပျံ့လွင့်အောင် ထိန်းသိမ်းထားပြီး ပရိတ်တော်များ ရွတ်ရင်း သဲကို သယ်သည်။ ထိုသဲများကို ရေဖျန်းပေးစဉ်တွင်လည်း ပရိတ်အရွတ်မပျက်ပေ။

အခြားသူများသာဆိုလျှင် စိတ်က ရောက်လိုရာ ရောက်နေမည်။ စိတ်မငြိမ်သက်သဖြင့် ပရိတ်တော်လည်း ကပေါက်တိကပေါက်ချာ ဖြစ်မည်။ ထိုအခါ မင်ကြောင်ရုံအတွက် ထက်မြက်သော အကာအကွယ် နည်းပါးမည်။ ထိုသဲများပေါ်တွင် ထိုးနှံသည့် အင်းများ၊ အရုပ်များလည်း အစွမ်း လျော့ပါးမည်။ ထိုအတွေး ထိုအယူဖြင့် ဘသာဒွေး ဆောင်ရွက်နေသည် ဖြစ်၏။

တစ်ယောက်တည်း လုပ်ရသဖြင့် ဘသာဒွေး ပင်ပန်း၏။

ပင်ပန်းသော်လည်း သူ အားတက်သည်။

အကြောင်းမူ သူ့အား အထင်ကြီးသော မျက်လုံးများဖြင့် ကာလသားတစ်ကျိပ်ကျော်က ဝိုင်းအုံကြည့်နေကြသောကြောင့်ပေတည်း။

သကြ်န်ကျပြီ။

အလှူဒါနပြုကြ၏။ သီတင်းသီလ ဆောက်တည်ကြ၏။ ဖုန်

သောသော ရွာလယ်လမ်းမှာ ဖုန်သိပ်လျက် အေးမြနေသည်။ သို့သော် မင်ကြောင်ရုံဝင်မည့်ကာလသားတို့မှာ အပျော်အပါးတွင် အာရုံမပြင်းထန်နိုင်။ အတက်နေ့ အခါတော်ကိုသာ စိတ်စော ဇောသန်နေကြသည်။

မင်ကြောင်ရုံသည် အကြွတ်နေ့အထိ အမိုးအကာ မရှိသေး။ ရာဇမတ်သာ ကာထားသည်။ သို့ဖြစ်ငြား ခဲတစ်ပစ်အကွာတွင် ပေပင်ကြီးအောက်၌ လာရောက်ဆောက်လုပ်သော တဲတစ်လုံးကား နေ့ချင်းပြင့် ပြီးစီး အကောင်အထည်ပေါ်သွားပြီ။

ငသိုင်းသည် မင်ကြောင်ရုံကို ၂နှစ်တစ်ကြိမ်၊၃နှစ်တစ်ကြိမ် မြင်ဖူး၏။ မြင်ဖူးသော်ငြား အသားနာမည်စိုး၍ ဝေးဝေးကကွင်းခဲ့သည့်အတွက် လက်တို လက်တောင်း ဆောင်ရွက်ပေးသော မင်သကျွန် (မင်သေ့ကျွန်) သော်မျှ မလုပ်ဖူးသောအခါ 'သည်တဲက ဘာတဲပါလိမ့်' ဟုသာ တွေးမိသည်။

သည်တဲကား အရေးပါသောတဲ။ သာမန် အရေးပါသည်မဟုတ်။ များစွာအရေးပါသော တဲဖြစ်ကြောင်းကို အတက်နေ့ နံနက်တွင်မှ သိရလေတော့၏။

★

နေမင်းတစ်ထောင်

တတိယတွဲ ပြီး၏။



# နေမင်းတက်တောင်

[တတိယတွဲ]

ဆင်ဖြူကျွန်းအောင်သိန်း